www.burmeseclassic.com

http://www.facebook.com/Secret San Kyar
www.burmeseclassic.com

www.burmeseclassic.com

20 NOV 2014

ဖြည့်စွက်ရန်အချက်အလက်များ

ပြည်တောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

BURMESE CLASSIC

Kyaw Kyaw Swe 1965@ gmail.com

မဂ္ဂရင်းစတိုးဂ်

တိုက်(၉)ခုဝ၁-ဝိတောက်လမ်းယုဇနပဟာဇာမဂ်လာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့

ဝုန်း-ဝဇ္ဇဂုဒ္ဒ ၂၀၀၇၆၀၊ ဝဇ္ဇာဝဂု ၂၁၅၀း ဝဇ္ဇာဝဒ္ဓ ၂၃၀၊ ဝဇ္ဇာဝဒ္ဓ၆၆၀ ၂

http:// www.facebook.com/Secret San Kyal

DEAR MARRY FASHION HOUSE.

အမှတ်(၅၆)၊ ဒေါင်မင်္ဂလာလမ်း ကျောက်ဖြူဘုရားမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ထို (၃) ပါးချမ်းသာသုခရစေချင်ရင်

မိုးမြင့်မိုး (မန္တလေး) သီလ၏အကျိုး ၉

သုချမ်းသာရစေကြရန်

အောင်ကောင်း (အမရပူရ) အကျိုးထူးပေးသည့် ဂါထာ ၁၃

ဇွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏

အောင်ဆန်းလင်း (ဘီအေ) ကရာဝိပင်၏ ဆေးဖက်ဝင်ပုံဝဖ

ထိုက်သူစံ

အောင်ဖုန်းမြင့် (ကချင်မြေ) အစွမ်းထက်သော မိုးကြိုး...၁၉

အတွားကိုယ်တွေ့

ယုလေး (ဥပဒေ) ရောဝတီမှ လှုနိမလေး ၂၅

ဝိဇ္ဇာလမ်းဆိုးသည်မှာ

ဦးခင်ဝင်း အဘကဝိ၏ ထူးခြားသော...၂၈

ကိုယ်ရေးကြံရွယ်

ဦးကိုကိုအေး (ကြိုးပင်ကောက်)မြန်မာထုံးမန်း အံ့မခန်း ၄၃

ပဟုသုတရစေဖို့

ဆရာဝင်း (သာကီနွယ်) ဝရဖိန်လက်နက်... ၄၈

ဝဋ်

ဘိုဘို (ရွှေကံကူ) အဖန်ငါးရာ ငါးကမ္ဘာ ၅၆

ဆိုက်ကားဆရာကိုယ်တွေ့

ကာတိလမိုင်းယောဟန် နတ်ဝိဇ္ဇာလမ်းညွှန်သော... ၆၉

သူတို့လို မနေကြပါနဲ့

တိုတိုး ရွှေသာဝ ၇၄

လာလမ်းကိုမျှော်

အင်ကြင်းပြွန် (ယုဇန) ပရလောကသူ ၇၇

အမဲတ်တရတိုတ်ပွဲကြိုးများ (၁၀)

သောင်းဝေဦး ဝမ်ခသစ် ခေါ်ကော်မူးရာ ၈၃

ဒို့ဘာသာ ဒို့သာသနာ

ခင်ခင်လှ (အင်းစိန်) ထီးခိုင်နယ်မှ လက်ဝဲသုန္ဒရာဝဝ၃

တရားမဝေမှေးကြနဲ့

ကျော်မြင့်မြတ် ဖိုက်ပိုးရေးဘွဲ့ရ ပညာရှင်...၁၂၁

မြန်မာ့တိုင်းရင်းဆေးဝါးဓမ်းတောင်းများ

အောင်ဖုန်းမြင့် (ကချင်မြေ) ချောင်းဆိုးသွေးပါပျောက်...၁၂၇

(၇) ရတ်သားသမီးများအတွက်

ဗေဒသုတေသီ ဆရာမိုး ဘာကိုရွေးင်လို့... ၁၃၂

ကိုယ်စီအင်္ဂါပုံ

ကျော်ဝဏ္ဏကျော် အားလုံးမျော်စေချင်ပါသည် ၁၃၅

ပြည်ပသုတ

မြင့်ဦး (ဘာသာပြန်) ရုပ်မြင်သံကြားတီထွင်သူ ၁၃၉

ဒဏ္ဍာရီလား/ တကယ့်အဖြစ်လား

မာန် (EQ) သူယောင်မယ် ၁၄၅

လှည်းဝင်ရိုးသံတည်ညံ (၁)

ကိုရင်သုည မဟာဂုဏ်ပစ်တောင်... ၁၅၇

လှည်းဝင်ရိုးသံတည်ညံ (၂)

အရှင်ဥတ္တရသာရ (ညောင်ဦး) မူကြအတူ ဗွယ်တော်... ၁၆၆

အားလုံးတောင်းဖို့

အခြေခံကောင်း ၁၇၅

တနင်္ဂနွေသမီးများအတွက်

နတ်မျက်စိဆရာအောင်ဖိုး အဖေနှင့်တူသော သမီးများ ၁၇၉

www.burmeseclassic.com



ယဉ်ကျေးတဲ့လူဆိုတာ
တကယ့်ယဉ်ကျေးမှုအစစ်ဆိုတာမျိုး
စိတ်ဓာတ်နဲ့ပဲ ပတ်သက်တယ်။
မည်သည့်ဝတ်စားဆင်ယင်မှုနဲ့နေနေ
မည်သည့်အဆင့်အတန်းနဲ့ပဲနေနေ
စိတ်တကယ်ယဉ်ကျေးနေတဲ့သူဟာ
တကယ့်ယဉ်ကျေးနေတဲ့
လူတစ်ယောက်ဖြစ်တယ်။

ဒေါက်တာအောင်နန္ဒမာလာဘိဝံသ (ပါချုပ်ဆရာတော်ဘုရားကြီး)

www.burmeseclassic.com

မာတိကာ

ဘုရားမကြိုက်တဲ့ လူမိုက်များ

ကျော်အေးရွှေ — သေရည်ခိုတာ — ၁၈၄

ဆရာဝင်း (သာကီနွယ်) — အောက်လမ်းခရာများ ... ၂၄၀

တောထဲ၊ မတောင်ထဲ

မောင်ဝံးဝံန် — အသက်လုပွဲ — ၁၈၉

ညီလေးငယ် (လယ်တော်) — အော်ရီဂျင်နယ် — ၂၄၇

တကယ်ရှိတာပါ

စိမ့်စိမ့်အေး — ရုက္ခဗိုး — ၁၉၇

နတ်မျက်စိဆရာအောင်ဗိုး — ရွေးဆရာကြီးများ ... ၂၅၁

အခန်းဆက်ဝတ္ထုရှည်

အောင်မိုးကောင်း — ပျော်မျော်နေမောင်သေခဲ — ၂၁၁

မင်းရဲကျော် — တရွေ့သရဲမွေးနည်း — ၂၅၉

မဲလိုးထို့အမှတ်တရ

ဗုဒ္ဓဝုက်တော်စာပန်းခင်း

ကြည်နွေ့ရှည် (ခရမ်း) — တာဝန်ကျေတယ် ... ၂၁၉

ဝေယံဘုန်းခိုင်အောင် — မိန္ဒာဂုဏ်များ ပျံစေသတည်း ၂၆၈

ခရီးသွားအထူးဆောင်းပါး

ဗုဒ္ဓဝုက်ရည်စာပန်းသီ

ကြည်ကြည်ကျော် — မအူပင်၊ ကျိုက်ထီးရိုး ... ၂၂၅

မနောဖြူ (ဝလွန်) — အရိမေတ္တေယျဘုရား ... ၂၇၆

Dear Marry

Online Shopping Myanmar

No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt

http://www.facebook.com/Dear Marry Myanmar

Contact-09 5136230/ 09 5036602/ 09 5172150

www.burmeseclassic.com

မှားရင်တော့ပြင်ဒဲ့
မှားမှန်းတော့ သိနေပါပြီ။
မိုက်မှန်းတော့ သိနေပါပြီ။ ပြင်လို့မရတဲ့သားကူး။
ဒီအတိုင်းပဲ နေကြတော့မလား။
ပြင်ရမှာ။ ကိုယ်မိုက်မှန်းသိရင်ပြင်ရမှာ။
ကိုယ်မှားမှန်းသိရင်ပြင်ရမှာ။
မိုက်တဲ့လမ်းမှတစ်ပါး အခြားမရှိဟူ၍
မိုက်တဲ့လမ်းကိုမှ ရွေးချယ်သွားနေရင်တော့
သေချာပေါက် ဒယ်အိုးပဲ။

ဆရာတော် ဦးသုမင်္ဂလ (ဒယ်အိုး)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းကြီးက ဒကာကြီး နားလည်သဘောပေါက်အောင် ပြောပြရတော့မှာပေါ့"

"မှန်ပါဘုရား။ ဓိန္နကြားတော်မူပါဘုရား"

"ကောင်းပြီ ဒကာကြီး . . . ။ ကောင်းပြီ"

ထို့နောက်တွင်တော့ ကျွန်ုပ်သည် ဘုန်းတော်ကြီး ဦးသီရိန္ဒာ ဓိန္နကြားသည်များကို နာယူမှတ်သား၍နေမိပါတော့သတည်း။

× × ×

(၂)

မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီးက "သီလ" ရဲ့ တန်ခိုးအာနိသင်နဲ့ ပတ်သက်ပြီး ဓိန္နမှာဟောကြားခဲ့တာကတော့ -

"ရဟန်းတို့ သုံးပါးသောချမ်းသာသုခကို အလိုရှိတောင့်တသူတို့မှာ "သီလ" ကို လုံခြုံစွာ စောင့်ထိန်းရမယ်။

ကျွန်ုပ် မျှော်လင့်မထားသည့် မေးခွန်းဖြစ်သဖြင့် ကျွန်ုပ်အံ့အားသင့်၍ သွားခြင်းပင်။

"ငါးပါးသီလ လုံခြုံရဲ့လားလို့ မေးတာ ဒကာကြီးရဲ့"

"တင်ပါ့ဘုရား။ တပည့်တော် မှန်ရာကို လျှောက်ထားရမယ်ဆိုရင် ကံငါးပါးထဲမှာ တစ်ပါးကိုတော့ မကြာမကြာ ဆိုသလို ချိုးဖောက်နေမိပါတယ် ဘုရား။ အဓိဂံက "သူရာမေရိယ" ဆိုတဲ့ ကံပါဘုရား။ တပည့်တော်က အနှယညာသမား ဆိုတော့ ဒါကို ရှောင်လွဲလို့ မရတာလဲပါပါတယ် ဘုရား"

"အင်း . . . ဟုတ်ပြီ ဒကာကြီး။ ဟုတ်ပြီ။ စောစောလေးက ဒကာကြီး မေးတဲ့ အမေးစကားကို ပြေရမယ်ဆိုရင် ဒကာကြီး အောင်မြင်သင့်သလောက် မအောင်မြင်တာ၊ နာမည်ဂုဏ်သတင်း ကျော်ကြားသင့်သလောက် မကျော်ကြားတာဟာ အဲဒီ သူရာမေရယ ဆိုတဲ့ ကံကို ချိုးဖောက်နေလို့ပဲကွယ့်"

"ဘုရား"

(၁)

"တပည့်တော် လုံလဝီရိယ လည်း ရှိပါတယ်ဘုရား။ ပြီးတော့ အလုပ်အပေါ်မှာလည်း ကြိုးစားပမ်းစားရှိခဲ့ပါတယ် ဘုရား။ ဒါပေမဲ့ အကျိုးပေးအနေနဲ့က တပည့်တော်ကြိုးစားသလောက် အဆိုက် သလောက် ပြန်မရရှိခဲ့တာဘုရား။ နာမည်ဂုဏ်သတင်းလည်း ထွက်သင့်သလောက် မထွက်ဘူးဖြစ်နေတယ် ဘုရား"

တစ်နေ့တွင် ကျွန်ုပ်သည် ရန်ကင်းတောင်ခြေ "ရေငုံ" ပရိယတ္တိကျောင်းတိုက်ကြီးတွင် သီတင်းသုံးလျက်ရှိတော်မူသည့် ဘုန်းတော်ကြီး ဦးသီရိန္ဒာထံသို့ ရောက်ရှိကာ အထက်ပါအတိုင်း လျှောက်ထားမိလိုက်လေသည်။ ထိုအခါသက်တော် (၉၀) ရှိပြီဖြစ်သည့် ဘုန်းတော်ကြီးဦးသီရိန္ဒာက ကျွန်ုပ်အား တစ်ချက်လှမ်း၍ ကြည့်တော်မူကာ -

"ဒါနဲ့ ဒကာကြီး ကံငါးပါးကိုကော လုံခြုံရဲ့လား။ စောင့်ထိန်းနိုင်ရဲ့လား ဒကာကြီး"

"ဘုရား"

www.burmeseclassic.com

ထို့ကြောင့် သီလကို ပြည့်စုံစောင့်ထိန်းကြရမည်ဖြစ်၏။

× × ×

(၃)

"အဲဒီတော့ ဒကာကြီးဟာ ကံငါးပါးထဲက တစ်ခုကို အပြည့်လိုလို ချိုးဖောက်ကျူးလွန်နေသူဖြစ်နေတော့ တာပေါ့"

"မှန်ပါ့ဘုရား"

"စောစောက ဘုန်းကြီးပြောခဲ့သလိုပဲ ဒကာကြီးက သီလမလုံခြုံသူဖြစ်သွားပြီး "သုံးပါးသော ချမ်းသာသုခ" ကို မရရှိ မခံစားနိုင်တော့ဘူးပေါ့"

"တင်ပါ့ဘုရား"

"နာမည်ဂုဏ်သတင်း မထွက်တော့ဘူး။ စည်းစိမ်ဥစ္စာတွေ မပြစ်တွန်းတော့ဘူးပေါ့"

"မှန်ပါ့ဘုရား"

"အင်း···အခုချိန် သေလွန်ရင်လည်း အပါယ်လေးဘုံကို ရောက်သွားမှာပဲ ဒကာကြီး"

ဒုက္ခကြီးပေါ့

၅။ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ရမည်။

ထိုသီလငါးပါးထဲမှာ တစ်ခုခုကို ချိုးဖောက်ကျူးလွန်မိပါလျှင် ထိုသူမှာ ငါးပါးသီလ မလုံခြုံသောသူဖြစ်၍သွား၏။ "သီလမရှိသောသူ" ဟူ၍ မှတ်ယူရမည် ဖြစ်ပေ၏။

ထိုအခါ သီလမရှိသောသူသည် "သုံးပါးသော ချမ်းသာသုခ" တို့ကို မရရှိနိုင်တော့ပေ။

ထိုသုံးပါးသော ချမ်းသာသုခဟူသည်မှာ -

၁။ နာမည်ဂုဏ်သတင်းကျော်ကြားကာ ဦးမှန်းခံရခြင်း။

၂။ စည်းစိမ်ဥစ္စာများ ပေါကြွယ်ဝစေခြင်း။

၃။ သေလွန်သော် ကောင်းရာသုဂတိဘုံ (နတ်ပြည်) သို့ ရောက်ရှိခြင်း။ တို့ဖြစ်ကြ၏။

ထိုအကျိုးသုံးပါးတို့ကို ရရှိခံစားလိုသူများသည် "သီလ" စောင့်သောသူဖြစ်ရပေမည်။ ဤနေရာတွင် စောင့်ထိန်းရမည့်သီလမှာ "ငါးပါးသီလ" ပင် ဖြစ်ပေသည်။

ငါးပါးသီလဟူသည်မှာ -

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရမည်။

၂။ သူဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရမည်။

၃။ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရမည်။

၄။ မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည်။

www.burmeseclassic.com

"မှန်လှပါဘုရား"

"သူရာမေရိယက်ကို ခိုးဖောက်နေခဲ့တာကြောင့် ဒကာကြီးက ကြိုးစားသလောက် အကျိုးမခံစားခဲ့ရတာပဲ ဒကာကြီး"

"တပည့်တော် သဘောပေါက်နားလည်ပါပြီ ဘုရား။ တပည့်တော် မသောခင်လေးမှာ ချမ်းသာချင်သေးတယ် ဘုရား။ နာမည်ကျော်ချင်သေးတယ် ဘုရား။ အဲဒါကြောင့် တပည့်တော် အခုက စပြီး သီလစောင့်ထိန်းသူတစ်ဦးအဖြစ် နေထိုင်ကျင့်ကြံပါတော့မယ် ဘုရား။ အရက်သေစာကိုလည်း မွှေသောက်စား တော့ပါဘူး ဘုရား"

"သာဓု ဒကာကြီး...သာဓု သာဓု..."

ထို့နောက်တွင်တော့ ကျွန်ုပ်သည် ဘုန်းတော်ကြီး ဦးသီရိမွန်အား ဦးချကန်တော့ပြီးလျှင် "ရေငုံ" ပရိယတ္တိကျောင်းတိုက်ကြီးအတွင်းမှ စိတ်လက်ပေါ့ပါးလန်းရွှင်စွာဖြင့် ထွက်ခွာလာခဲ့ပါတော့သတည်း။

မျိုးမြင့်မိုး (မန္တလေး)

*** ဘဝတစ်ပါးသို့ ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာ မျိုးမြင့်မိုး (မန္တလေး) သို့ အမှတ်တရဖော်ပြပါသည်။**

www.burmeseclassic.com

www.burmeseclassic.com

သုခချမ်းသာစေကြောင်း

ဒေါက်ကြီးပေးသည့် ဂါထာ

ဒေါက်ငကောင်း(ဒေါ်မဂ္ဂဝတီ)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်ုပ်သည် ရန်ကုန်ရွှေဘို့ တောင်ကြီးသို့ ရောက်ရှိလေတိုင်း သယ်နှင်းကျွန်းငြိန်းနယ်အတွင်းတွင် တည်ရှိသည့် ကျိုက္ကဆံစေတီတော်မြတ်ကြီးသို့ ရောက်ရှိမြဲ ဖူးမျှော်မြဲပင်ဖြစ်၏။ ကျွန်ုပ် ရန်ကုန်တွင် နေထိုင်ခဲ့စဉ်ကလည်း ကျိုက္ကဆံဘုရားသို့ မကြာမကြာဆိုသလို ရောက်ရှိဖူးမျှော်ဖြစ်ခဲ့သည်။ အခိုင်ဂါန်များ ဝင်ရောက်ဖြစ်ခဲ့လေသည်။ ယခုတစ်ခေါက် ရန်ကုန်သို့ ရောက်ရှိစဉ်မှာလည်း ကျွန်ုပ်သည် ကျိုက္ကဆံစေတီမြတ်ကြီးဆီသို့ ရောက်ရှိခဲ့ပါသည်။

ကျွန်ုပ်ရောက်ရှိသည့်နေ့က ဝိုးရွာနေသဖြင့်ဘုရားတွင် လူသူရှင်းလင်းလျက်ရှိ၏။ ကျွန်ုပ်က ကျွန်ုပ်ကန်တော့နေကျ "ဆယ်ပြား" တန်ဆောင်းသို့ ဝင်ရောက်ကာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အားပူဇော်ကန်တော့ဖြစ်ခဲ့၏။ ပူဇော်ပြီးစွာ၏ ပရိတ်တော်များကို ရွတ်ဆိုရှိ ပူတော်ဖြစ်ခဲ့လေသည်။

တစ်နာရီခန့် ကြာမြင့်သည်အထိ ကျွန်ုပ်ရွတ်ဖတ်ကန်တော့ပြီးနောက် ကျွန်ုပ်သည် ဝိုးရွာဆေပင်ဖြစ်သည်ကြောင့် တန်ဆောင်းအတွင်းမှာပင် ဆက်လက်၍ ထိုင်နေဖြစ်ခဲ့လေသည်။ ထိုစဉ် ကျွန်ုပ်ရှိရာသို့ ဝတ်ပြုစင်ကြယ် ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ရောက်ရှိ၍ လာကာ -

"တစ်ယောက်တည်းလား ကွယ့်"

"ဟုတ်ကဲ့ အတိုး"

"ဘယ်အရပ်ဒေသက လာခဲ့တာလဲ"

"မန္တလေးကပါ။ ငွေနှစ်ခဲ့တဲ့ လေးငါးနှစ်လောက်ကတော့ ရန်ကုန်မှာ နေကြပါတယ် အတိုး"

"ဩော်..."

ထိုအတိုးမှာ အသက် (၇၀) ကျော်ကျော်လောက်ရှိမည်ဟု ခန့်မှန်းရကာ အသားအရေပြင်ကြည်ကြည်လင်လင်ရှိပ်အဆင်း ဝင်းဝင်းပပ ရှိလေ၏။ သူ၏ လည်ပင်းတွင် အလွန်ကြီးမားလှသည့် ပုတီးကြီးတစ်ကုံးကို ဆွဲ၍ထား၏။ ထို ပုဂ္ဂိုလ်ကြီးက ကျွန်ုပ်အား စူးစူးစိုက်စိုက်လေး တစ်ချက်ကြည့်လိုက်ရာမှ -

"အင်း...ကြံကြိုက်တုန်း ကျုပ်က မောင်ရင့်အတွက် အကျိုးရှိမယ့် ဂါထာတစ်ပုဒ်ပေးလိုက်ဦးမယ်။ မောင်ရင်က ဂါထာရွတ်တာ ဝါသနာပါတယ် မဟုတ်လားကွယ့်"

"ခင်ဗျာ...အတိုး"

ကျွန်ုပ်၏ အကြောင်းကို သိနေသလိုဖြစ်နေသောကြောင့် ကျွန်ုပ် အံ့အား သင့်၍သွားခြင်းပင်။ ထိုပုဂ္ဂိုလ်ကြီးက အနည်းငယ်ပြုံးလိုက်ရင်း -

"ဘာတွေများ စဉ်းစားနေတာလဲ ကွယ့် မောင်ရင်ရဲ့ ဘယ်အရာမဆို သိချင်ရင်သိအောင်လုပ်လို့ ရပါတယ်ကွယ့်"

"ဟုတ်ကဲ့ခင်ဗျ"

"အခု မောင်ရင့်ကို ကျုပ်ပေးမယ့် ဂါထာဟာ အတော်ကို အစွမ်းထက်မြက်တယ်ကွယ့်။ နေ့စဉ်မှန်မှန် အခေါက်ရေများများ ရွတ်ဖတ်သွားမယ်ဆိုရင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံများခြင်း၊ ချမ်းသာစွာနေရခြင်း၊ ကျန်း

www.burmeseclassic.com

မာရေးနှင့် ပြည့်စုံခြင်း ပညာဉာဏ်ထက်မြက်ခြင်း စတဲ့ အကျိုးတရားတွေကို ရရှိစေတယ်ကွယ်။ မောင်ရင် ဒီဂါထာတော်ကိုသာ ထုံနေအောင် ရွတ်ဖတ်သွားပေတော့ကွယ်"

"ဟုတ်ကဲ့ပါ အ

"က ။ ။ လိုက်ရေးပေတော့ မောင်ရင်"

ထို့နောက် ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကြီးပေးသော ဂါထာတော်အား အချိန်အားရရှိလေတိုင်း ရွတ်ဖတ်၍လာခဲ့သည်တွင် ကျွန်ုပ်အတွက်ကောင်းသော ကံတရားများ ဆင့်ကဲ ဆင့်ကဲ ဖြစ်ထွန်း၍ လာခဲ့ရပါတော့သတည်း။

စာဖတ်ပရိသတ်များ အကျိုးရှိစေခြင်းအလို့ငှာ ထိုဂါထာတော်အား ရေးသားဖော်ပြပေးလိုက်ရပေသည်။

× × ×

(၂)

၁။ ယော ဘိက္ခဝေ ဓုရွေ ပသန္နော၊
အရွေတော ပသန္နော၊
အရွေဓေါ ပန ပသန္နာနံ၊ အရွေါ
ဝိပါကော ဟောတိ။

၂။ ယော ဘိက္ခဝေ ဓမ္မေ ပသန္နော၊
အရွေတော ပသန္နော
အရွေ ဓေါပန ပသန္နာနံ၊ အရွေါ
ဝိပါကော ဟောတိ။

၃။ ယော ဘိက္ခဝေ သံဃေ ပသန္နော၊
အရွေကော ပသန္နော၊
အရွေဓေါ ပန ပသန္နာနံ၊ အရွေါ
ဝိပါကော ဟောတိ။

အောင်ကောင်း (အမရပူရ)

www.burmeseclassic.com

နွယ်ပြာကိုသစ်ပင် ဆောက်ဝင်ဏီ

ကောင်ပင်၏ ဇာတ်ပတ်ဝင်ပုံ

ဒေါ်ခင်ဆန်းလင်း(ဘီဒေါ)

www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် မေလဆန်းပိုင်းမှာ ဖြစ်သည်။ ပူအိုက်သဖြင့် ပန်ကာလေခံရင်း ခေါင်ခေါင်မြည် ကျွန်မာရေးကောင်းမွန်လှပါသည်ဆိုသော ကျွန်တော်သည် တုတ်ကွေးမိ၍ ဖျားလေသည်။ အစဦးတွင် တုတ်ကွေးမှန်းမသိ။ ငယ်စဉ်က ငှက်ဖျားမိပုံး၍ ငှက်ဖျားရောဂါပြန်ထသည်ဟု အထင်ရှိပြီး ကိုယ့်ရောဂါ ကိုယ်တိုင်ကုသည်။

အဖျားက မကျဘဲ ပိုဆိုးလာသဖြင့် သားဆရာဝန်အား လှမ်းပြောင်းကုသခွင့်ပြုလိုက်ရလေသည်။ အဖျားမြင့်ဆေး ပိုးသတ်ဆေး (အနောက်တိုင်းဆေး) များကို ကျွေးပြီး (၃) ရက်ခန့်အကြာတွင် အဖျားကျသွားသော်လည်း ပြန်ဖျားမည် စိုးရိမ်၍ အကင်းသေအောင် ဆေးများကို ဆက်လက်စားနေရပြန်လေသည်။ ဖျားနာရက် တာရှည်သွား၍ လူလည်း မြောနေအောင် ခံစားလိုက်ရသည်။

အဖျားပြတ်သွားသော်လည်း ခေါင်းကိုက်တာ ကျွန်ရစ်နေသည်။ ခွေးထွက်နေလျှင် ခံသာပြီး ခွေးတိတ်နေစဉ်မှာ ခေါင်းကိုက်နေသည်။ သို့သော် သားဆရာဝန်ကို အသိမပေးရဲပေ။ သူသိသွားလျှင် ခေါင်းကိုက်တာ ပျောက်ကင်းအောင် စားဆေးများ ထပ်ပေးနေလျှင် ခက်ခဲနေဦးမည်။

ထိုအချိန်မှာပင် အုတ်ကန်အနီးမှ တောထဲနေသော အပင်များကို ရေမချိုးမီမှာ ရှင်းပေးရန် ဇနီးက ခိုင်းနေသည်။ ရှည်မျောမျော ရှင်သန်နေသော ကောရဲပင်ပေါက်ကိုလည်း ခေါင်နိမ့်ခုတ်ပစ်ခိုင်းသည်။ ခေါင်နိမ့်ခုတ်လိုက်ရသော ကောရဲပင်၏ ရွက်နုများကိုယူပြီး ဇနီးအား အရည်သောက်ဟင်းချက်ခိုင်းလိုက်ပါသည်။

ထို့နောက် နံနက်ထမင်းနှင့် အတူစားလိုက်ရာ တစ်ကြိမ်တည်းနှင့် ခံစားနေရသော ခေါင်းကိုက်ဝေဒနာသည် ယူပစ်လိုက်သလို ပျောက်ကင်းသွားပါသည်။ (အရသာက အခါးဓာတ်များလှသည်) ကောရဲပင်သည် ဘာကြောင့် ခေါင်းမူးမူး ခေါင်းကိုက်ကိုက် ပျောက်ကင်းစေနိုင်၏ အရက်မူးလွန်နေသူကိုလည်း ချက်ချင်းအမူးသက်သာစေနိုင်သည်။ ကောရဲရွက်သာမက ကောရဲမြစ်ကို ကျောက်ပျဉ်တွင် ရေနှင့်သွေးပြီး တိုက်ကျွေးလျှင်လည်း ရ၏။

www.burmeseclassic.com

* စီးထပ်ဒဝ်ခြင်း။ ထိန်ခြင်းမြစ်ထွင် ကောရစ်ရွက်ကို ပြုတ်၍ သုပ်စား။ ကြော်ချက်စားပါ။
* သွေးတိုး၊ နှထုံးရောဂါကြောင့် မူးဝေတတ်ခြင်းအမျိုးမျိုးကို ကောရစ်ပွင့်ကို ဟင်းချိုချက်စားခြင်းဖြင့် သက်သာစေနိုင်၏။
* နှထုံးတုန်၊ ရင်ခုန်မူးဝေခြင်းများကို ကောရစ်မြစ်ကို ရေခြင့်သွေး၍ သကြားနှင့် ဆားအနည်းငယ်စီ ဆွတ်ပြီး ထက်ဖက်စားခွန်းနှင့် နံနက်ည တစ်ကြိမ်စီသောက်သုံးက ပျောက်ကင်းစေ၏။
* ဝမ်းကြေး ရင်ကြောတင်းနေထွင် ကောရစ်မြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ ထိမ်ခြင်းဖြင့် သက်သာစေနိုင်သည်။ ကောရစ်ပင်သည် အထူးဆေး ဖက်ဝင်ပြီး တန်ဖိုးရှိသဖြင့် ၀၀ တို့ နေအိမ်တွင် စိုက်ပျိုးထားရှိသင့်ပါသည်။

(ကတိသစ္စာ၊ တည်သော်ခါ ဝယ်၊ ညြာလေးနက်၊ ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။)

အောင်ဆန်းထင်း (ဘီ-အေ)

ဆရာမကြီး

ဒေါ်သိန်းယဉ်

တားတံဆိပ်

ငှက်ပျောဆေး

အမှတ်-၁၉/၂၁၊ကျောင်းလမ်း၊မဟာဗောဓိညွှန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးဦးစီးမှုမှတ်ပုံတင်အမှတ် - 0610Y008484

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မိုးကြိုးသွားအမျိုးမျိုး

သဘာဝအရ ပုဆိန်နှင့်တူသော ကျောက် (သို့) သတ္တုပစ္စည်းများကို မိုးကြိုးသွားဟု ခေါ်ဆိုကြလေ၏။ မိုးကြိုးသွားများကို အမျိုးမျိုးသော တန်ဖိုးသတ္တိ စွမ်းအားပါဝါထက်မြက်သော ပစ္စည်းအဖြစ် လူအများက ယုံကြည်ထားကြလေ၏။ သို့ဖြစ်သောကြောင့် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေစုဆောင်း အသုံးပြုလာခဲ့ကြသည်မှာ ရာဇဝင်ကတည်းက ဖြစ်လေသည်။

မိုးကြိုးသွားများသည် ထက်မိုးကောင်းကင်မှ မိုးကြိုးပစ်ခွင်းလိုက်ရာ ဝရဇိန်လက်နက်အဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသော်လည်း အချို့ပုဂ္ဂိုလ်များက သဘာဝအပြုတော်ပစ္စည်း တစ်မျိုးသာဖြစ်သည်ဟု ယုံကြည်ထားကြ၏။ ရှေးအဒါက သိကြားမင်း၏ လက်နက်အဖြစ်လည်း ယုံကြည်ခဲ့ကြ၏။ မိုးကြိုးသွားများတွင် အလုံးပုံ၊ အပြားပုံ၊ အချွန်ပုံ၊ အိုင်းပုံ၊ အသွားပုံစသည်ဖြင့် ပုံစံအမျိုးမျိုး ရှိတတ်သော်လည်း ပုဆိန်အသွားနှင့်တူသော ဘြိုက်အပြားပုံနှင့် ရှည်ရှည်မျောမျော ပြားပြားချွန်ချွန်ဖြင့် လက်ညှိုးပုံစံနှင့်တူ၍ အသွားပါသော မိုးကြိုးသွားများသော အများဆုံးဖြစ်သည်။

မိုးကြိုးသွားများ၌ ကပ္ပိရအငွေ့အသက်ရှိသော မိုးကြိုးသွားများကို ဆေးဝါးအဆောင်လက်ဖွဲ့များအဖြစ် အသုံးပြုကြပြီး အသက်ရှိသော မိုးကြိုးသွားအရှင်များကိုမူ လောကီပညာရပ်များနှင့် ဝိဇ္ဇာမဟိဒ္ဓိအတတ်များတွင် အသုံးပြုကြ၏။ ရှားပါးပစ္စည်းလည်း ဖြစ်ပါသည်။

မိုးကြိုးသွားအမျိုးပေါင်း ပြောက်များစွာရှိရာ၌ ဗဟုသုတအလို အချို့ကို တင်ပြရလျှင် -

၁။ ရွှေမိုးကြိုးသွား ။ ။ ရွှေရောင်အဆင်းရှိပြီး အညိုတက်ခြင်းကင်းစင်၍ အပြာရွှေရောင်တောက်နေတတ်သည်။

၂။ ငွေမိုးကြိုးသွား ။ ။ ငွေရောင်ထနေပြီး သတ္တုစစ်နှင့်တူသော်လည်း လေးလေးလံလံရှိနေတတ်သည်။

၃။ သံမိုးကြိုးသွား ။ ။ သံမဏိနှင့်တူသည်။ အရောင်မွဲနေလျှင် ရေစိမ်အဝတ်နှင့် ပွတ်တိုက်ပေးလိုက်ပါက ပြောင်လက်လာတတ်သည်။

၄။ ကြေမိုးကြိုးသွား ။ ။ အပါရောင်သမ်းနေတတ်ပြီး ကြေးနီ ကြေးဝါရောင်နှင့် နီးစပ်သည်။ ကြေးချွတ်ဆေးနှင့်တိုက်လိုက်လျှင် အရောင်တက်လာပါလိမ့်မည်။ ယင်းပစ္စည်းများသည် လွန်စွာတွေ့ရခဲတတ်ပါသည်။

၅။ ကျောက်မိုးကြိုးသွား ။ ။ အရောင်မျိုးစုံ၊ ပုံစံမျိုးစုံရှိတတ်ပြီး နေရာဒေသတိုင်း၌ ပေါပေါများများ တွေ့ရှိရတတ်သည်။ လူတိုင်းက လွယ်လွယ်ကူကူ တွေ့မြင်ဖူးသည်ဟူသော မိုးကြိုးသွားများသည် အသက်မဲ့ ကျောက်မိုးကြိုးသွားများသာ ဖြစ်လေသည်။

မိုးကြိုးသွားနှင့် ဆေးစွမ်းသတ္တိ

မိုးကြိုးသွားများကို အစွမ်းထက်သော ကပ္ပိရပစ္စည်းများအဖြစ် အသုံးပြုကတ်ကြသလို ဆေးစွမ်းအာနိသင်ထက်မြက်သော ဆေးကောင်းဝါးကောင်းအဖြစ်လည်း တွင်ကျယ်စွာ အသုံးပြုခဲ့

www.burmeseclassic.com

www.burmeseclassic.com

လေ့။ ကျန်းမာရေးညံ့ဖျင်း၍ နာတာရှည်ချူချာနေတတ်သော ကလေးငယ်များကို မိုးကြိုးသွားဆွဲထားပေခြင်းဖြင့် ပကတိပြန်လည် ကျန်းမာလာစေနိုင်၏။ နတ်အောက်လမ်း ပယောဂအစွဲရှိသူများကို မိုးကြိုးသွားဆောင်ပေးထားလျှင် နာနာဘာဝ ဝိနာဘာဝ အနောင့်အယှက်များကို ကင်းဝေးကင်းပစေနိုင်၏။ မီးဖွားရခက်ခဲသော မိခင်လောင်းများကို ဆံပင်ကြားထဲ မိုးကြိုးသွားကို ချည်နှောင်ထားပေးလျှင် မီးဖွားရသည့်ကိစ္စ လွယ်ကူစေနိုင်၏။ မီးဖွားပြီးလျှင် မိုးကြိုးသွားကို ချက်ချင်းဖြုတ်သိမ်းပေးရမည်။ သွေးလွန်ခြင်းကို ဖြစ်စေတတ်သည်ဟု ဆိုသည်။

နတ်စိမ်း စုန်းကဝေ အပ အနောင့်အယှက်ခံရလျှင် ပယောဂ အများအကပ်ခံရလျှင် အကပ်ခံရသူကို မိုးကြိုးသွားဖြင့် စတီ ပုဆိန်ပေါက်ပေးသည့် ဟန်မျိုး ပြုလုပ်ကုသပေးခြင်းဖြင့် မကောင်းသော အမှောင့်ပယောဂများ ထွက်ပြေးသွင့်စင်တိမ်းရှောင်သွားကြလိမ့်မည်။ အဖုအကိုင်ထွက်လျှင်၊ ခန္ဓာကိုယ်အတွင်း အလုံးအခဲပေါ်လျှင်၊ အချုပ်အကွပ် ပြုခံရလျှင်၊ ဗူးသွင်းဘောသွင်းခံရလျှင်၊ တစ်ပါးသူများ၏ ပြုစားခံရခြင်းကြောင့် ဒဏ်ရာမပေါ်ဘဲ အတွင်းဒဏ် အပြင်ဒဏ် ဖြစ်၍ နာကျင်နေလျှင် မိုးကြိုးသွားဖြင့် နာနေသော အလုံးအကျိတ်များပေါ်စားနှင့်ခွဲသကဲ့သို့ ကြက်ခြေခတ်ပေးလိုက်လျှင် ပျောက်ကင်းနိုင်သည်။

မသူတော်များ၏ နတ်ဘိုက်၊ အင်းဘိုက်၊ အစိမ်းဘိုက်၊ အောက်လမ်းတိုက် အစရှိသော အဘိုက်အခိုက်မျိုးစုံတို့ဖြင့် ပြုစားဖမ်းစား အနောင်အဖွဲ့ခံရသဖြင့် တမိုင်မိုင် တတွေတွေ ပြုးလိုက်ရယ်လိုက်ဖြစ်နေသူများကို မိုးကြိုးသွားရေစိမ်ထားသော ဓာတ်ရေမန်းကို တိုက်ပေးပက်ဖျန်းပေးလျှင် ပျောက်ကင်းချမ်းသာရစေနိုင်သည်။ ပျောက်ခဲသော အနာစိမ်း အနာပဆုပ်၊ အနာလုံး အနာခဲ၊ ရောင်ရမ်းနာများကို မိုးကြိုးသွားနှင့် စတီသဘော ခွဲစိတ်ပေးလိုက်လျှင် ပျောက်ကင်းသွားနိုင်သည်။

ပျောက်ခဲလှသော နာတာရှည်

www.burmeseclassic.com

အနာစက် အနာဆွေး အနာပျက်များကို ပိုးကြိုးသွား သွေးယူ၍ လိမ်းပေးခိုင်းပေးမန်းပေးလိုက်ရုံဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ မျက်စိထဲ တိမ်သလာခွဲကပ်ခံနေရာ ၌ ပိုးကြိုးသွားဖြင့် အပြင်ဘေးဘက်သို့ အနှစ်ရာယ်ကင်းဂါထာရွတ်ဆိုပူတော်၍ အကြိမ်ကြိမ်သပ်ချေးခြင်းဖြင့် ပကတိပြန်ကောင်းလာနိုင်ပါသည်။

ဗိုက်နာဗိုက်အောင့် လေအောင့် လေနာ ဦးနာဘင်နာ ဝမ်းတွင်းအနာအမိုးမိုနှင့် အတွင်းကျိတ်ခတ်ရာများဖြစ်လျှင် ပိုးကြိုးသွားရေစိမ်ထားပြီး ဘုရားသောက်တော်ရေရောနောက်၍ သောက်စေခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ ပိုးကြိုးပစ်၍ ပိုးကြိုးစက်ကွင်းမိခံရပြီး မူးမိုက်ဒဏ်သင့်နေသူများကို ပိုးကြိုးသွေး၍ ရေမျော်တိုက်ပေးပါက ဒဏ်ပယ်ပျောက်ကင်းစေနိုင်သည်။

မည်သည့်ရောဂါမျိုးကိုဖြစ်စေ ပိုးကြိုးသွားအရင်နှင့် တို့ပေးထိပေး၍ ကုသပေးခြင်းဖြင့် သဘာဝသွေးသားဓာတ်လေးပါး သွားလာလည်ပတ်မှုများကို လမ်းကြောင်းမှန်စေ၍ ရောဂါဝေဒနာအပေါင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ ခပင်းသော ရောဂါဘယများကို ပိုးကြိုးသွားအရှင်ဖြင့် ကုသပျောက်ကင်းနိုင်သည်ဟု လောကီပညာရှင်တို့က ယုံကြည်ထားကြလေသည်။

ပိုးကြိုးသွား၏ စွမ်းအားသတ္တိ

အလွန်တွေ့ရခဲသော ပိုးကြိုးသွားအရှင်များသည် လွန်စွာ စွမ်းအားထက်မြက်သည်ဖြစ်၍ ရှားပါးလှပြီး တန်ဖိုးကြီးသော ဂန္ဓိရပစ္စည်းတစ်ပါးဖြစ်လေ၏။ ပစ္စည်းမှန်လျှင် ပေါက်ဈေးမရှိဘဲ ကြိုက်ဈေးခေါ်၍ ရောင်းဝယ်နိုင်သည်ဟု၏။ ဝယ်မည့်သူများသာရှိပြီး တိုက်တိုက်ဆိုင်ဆိုင် ရောင်းပေးမည့်သူ မရှိသလောက်ရှား၏။ ဂန္ဓိရပစ္စည်းဈေးကွက်များတွင် ပစ္စည်းအမှန်အကန် နည်းပြီး အတုများကသာ ဈေးကွက်စိုးမိုးထားသည်ကို တွေ့ရသည်။

ပိုးကြိုးသွားအရှင် အစစ်အမှန်များသည် အပ်ချည်ကြိုးဖြင့် ရစ်ပတ်ထား၍ အားကောင်းသော မီးဖိထဲထည့်ပြီး မီးတိုက်ရိုက်လျှင် အပ်ချည်ကြိုး မီးမကူးနိုင်ဘဲ မီးမလောင်နိုင်သည်ကို တွေ့ရလိမ့်မည်။ ထို့ပြင် ယမ်းမှုန့်ယမ်းပြား လောင်မီးပစ္စည်းများပေါ်တွင်ထား၍ မီးတင်ရှို့လျှင်လည်း မီးမစွဲနိုင်ဟုဆိုသည်။ မီးကွင်းစေနိုင်သော ဓာတ်ပစ္စည်းတစ်မျိုးဖြစ်ပါသည်။

ပိုးကြိုးသွားအရှင်ကို လျှပ်စစ်ပစ္စည်းများပေါ်တွင် တင်ထားလျှင် (သို့) ထိထားလျှင် ပိုးကြိုးသွားအရှင်၏ ဂုဏ်သတ္တိကြောင့် လျှပ်စစ်ဓာတ် မီးမကူးနိုင်ဘဲ ရပ်တန့်သွားစေနိုင်သည်။ ဓာတ်ပုံရိုက်လျှင် မီးမပွင့်နိုင်ဘဲ အနေလိမ့်မည်။ တီဗွီ၊ ရေဒီယိုနှင့် လျှပ်စစ်ဓာတ်ဖြင့် အသုံးပြုရသော ပစ္စည်းများကို ပိုးကြိုးသွားအရှင်နှင့် ထိထားလျှင် (သို့) ညှို့ထားလျှင် မီးဖွင့်မရဖြစ်တတ်သည်။ အကယ်၍ ဖွင့်ထားသုံးထားပါက အလိုအလျောက် ပိတ်သွားရပ်သွားတတ်ပါသည်။

သစ်ပင်ကြီး သစ်ပင်ငယ်များကို ပိုးကြိုးသွားအရှင်ဖြင့် အခွံဖဲ့ပေးလျှင် (သို့) ပင်စည်အသားထဲ ရိုက်သွင်းပေးလျှင် အပင်ကြီးအပင်ငယ်များကို သေစေနိုင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပိုးကြိုးသွားအရှင်နှင့် ပေါက်ပေး လျှင် လျှပ်စစ်ပစ္စည်းများကို ဓာတ်သေ ဖျက်စီးစေနိုင်သည်။ လာနေသော အိမ်မီး ဓာတ်လိုင်းဖီးများကို ဓာတ်လိုင်းရပ်စေပြီး မီးငြိမ်းစေနိုင်ပါသည်။

အချို့သော စွမ်းအားထက် သည့် ပိုးကြိုးသွားများသည် ညတက်တွင် ကိုယ်ပျောက်စေနိုင်သော အစွမ်းသတ္တိရှိ သည်ဟု ဆိုသည်။ သို့ဖြစ်သောကြောင့် ပိုးကြိုးသွားအရှင်ကို ပိုင်ဆိုင်ထား ဆောင် ထားနိုင်သူများ၌ မမြင်မတွေ့နိုင်သော အတိုက်အခိုက် ပြိုဟ်စီးပြိုဟ်နှင်းများနှင့် ရန်သူလက်သီးပုန်းများ၏ ရန်အန္တရာယ် များမှ လွတ်မြောက်ကင်းပနိုင်သည်။ မကောင်းသော အတားအဆီးအမျိုးမျိုးကို ကျော်လွှားနိုင်ပြီး သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့မှ လွဲရှောင်နိုင်သည်။

ပိုးကြိုးသွားအရှင်များ၏ အထူး စွမ်းအားသတ္တိသည် ရန်သူများ၏ လှုပ်ရှား ကြံစည်မှုမှန်သမျှမှ အချိန်မီ လွတ်မြောက် နိုင်ပြီး အသက်စည်းစိမ် ချမ်းသာရနိုင် သည်။ ထို့ပြင် ရန်သူများကို တိုက်ခိုက် ရာ၌လည်း ချေမှုန်းအကြံအောင်စေနိုင် သည်ဟု ဆိုသည်။ ခံစစ်ကြောင်းအတွက် လုံခြုံစိတ်ချရပြီး ထိုးစစ်တိုက်စစ်များ အတွက်လည်း အားကိုးရသော အဆောင် ဖြစ်သည်။

စစ်သည်များက ဆောင်ထား ကြလျှင် ရန်သူဘေးရန်အပေါင်းတို့မှ ရှောင်လွှဲနိုင်ပြီး ပိုးကြိုးသွားအရှင်၏ ကိန်းဝပ်နေသော သိဒ္ဓိစွမ်းအားများကြောင့် တုတ်၊ ဓား၊ လုံ၊ လက်နက်ခဲယမ်း မီးကျောက်တို့မှ လွဲစေနိုင်သည်။ မုဆိုး များက ဆောင်ထားလျှင် တောရိုင်း တိရစ္ဆာန်အမျိုးမျိုးတို့၏ အန္တရာယ်ရန်စွယ် များမှ ကင်းဝေးစေနိုင်ပါသည်။

ကျွန်းမာရေးမကောင်းသူများ က အသားနှင့်ထိအောင် ဆွဲပြားလုပ်၍ ဆောင်ထားလျှင် ကိုယ်တွင်းကိုယ်ပရိ ဏာဝါဘယအမျိုးမျိုးတို့နှင့် နာတာရှည် ဝေဒနာများကို သက်သာပျောက်ကင်းစေ နိုင်သော ဆေးစွမ်းသတ္တိရှိသည်။ အစွမ်း သတ္တိထူးများ ကိန်းဝပ်နေသဖြင့် အစိမ်း သရဲ၊ တစ္ဆေ၊ အဖျက်အမောင်း၊ အနောင် အယှက်များကို ပစေနိုင်ပါသည်။

ကံထူးကြသူများ

ပိုးကြိုးသွားအရှင်များသည် သိဒ္ဓိ တန်ခိုးကိန်းဝပ်နေပြီး အစွမ်းသတ္တိအမျိုး မျိုးတို့နှင့် ပြီးပြည့်စုံ၍ အလွန်အဖိုးထိုက် ရှားပါးရခဲလှသော ပစ္စည်းမျိုးဖြစ်သော ကြောင့် ကံထိုက်သူများကသာ ကံကြ ရရှိပိုင်ဆိုင်နိုင်သော ကဏ္ဍရအထူးပစ္စည်း မျိုးဖြစ်သည်။ ကံနှင့်ဆိုင်သော ကံပိုင် ပစ္စည်းဖြစ်သဖြင့် ကံမထိုက်သူ ကံနှင့် ဝေးသူများက နည်းလမ်းအမျိုးမျိုးနှင့် ရယူပိုင်ဆိုင်ထားလျှင်လည်း ဆောင်ထား စဉ် ရေလိုဆီလို အပေါက်ရပြီး အလို အလျောက် ပျောက်ကွယ်သွားတတ်ပါ သည်။

အချို့သော ကဏ္ဍရပညာရှင်များ၏ အယူအဆအရ သိဒ္ဓိစွမ်းအားကိန်းဝပ်နေ သော ပိုးကြိုးသွားအရှင်များသည် ဘုန်းကံ ရှိပြီး ရတိုက်ဆောင်ထိုက်သော ပုဂ္ဂိုလ် များထံသို့ မရာမဖွေကြရဘဲ သူ့နည်းသူ့ ဟန်နှင့် လက်ဝယ်ရောက်ရှိလာတတ်

www.burmeseclassic.com

သည်ဟု ဆိုသည်။

သို့ဖြစ်၍ လွန်စွာအစွမ်းထက်သော မိုးကြိုးပေါများရာဒေသများတွင် မိုးကြိုးဆိုင်ရာ အလွန်ပေါများကြသဖြင့် တိုင်းပြည်၊ ဒေသ အနှံ့အပြားတွင် မိုးကြိုးသွားရာဖြစ်စဉ်ဆောင်းနေကြသည့် မိုးကြိုးသွားမှုဆိုးများကို ကြိမ်ဖန်များစွာ တွေ့ရတတ်ပါသည်။

မည်သူမဆို ခုနှစ်ရက်သား သမီးများတို့သည် အကြောင်းအမျိုးမျိုးကြောင့် ကံထူးကံသာ ကံထိုက်ကြ၍ မိုးကြိုးသွားအစစ်ကို ရရှိပိုင်ဆိုင်ခွင့် ကြုံလာကြမည်ဆိုပါက မိမိတစ်ဦးတည်း အကျိုးထက် အများအကျိုးအတွက် ကောင်းကျိုးရေရှူ ဦးတည်သော အရာကိစ္စများ၌သာ အကျိုးဆောင်သင့်ပါသည်။ မည်သို့ဆိုစေကာမူ အကြောင်သူသည် မိုးကြိုးသွားအရှင်ကို ပိုင်ဆိုင်နိုင်ပါက ကောင်းသော အကျိုးအမြိုးမြိုးကို ရရှိနိုင်ပြီး လောကီအကျိုးများကိုလည်း ဖြစ်တွန်းစေနိုင်သူ ဖြစ်လာပါလိမ့်မည်။ စွေးကွက်ထဲတွေ့ရသော မိုးကြိုးသွားအားလုံးနည်းပါးသည် စတီးအဖြစ်နှင့်သာ အသုံးပြုနိုင်သည့် ကျောက်မိုးကြိုးသွားများသာ ဖြစ်ပါကြောင်း တင်ပြရပါသည်။

ပန်းထိုး စမ်းထိုး လမ်းထိုး
သာယာချမ်းမြေ့ကြပါစေး
အောင်ဘုန်းမြင့် (ကချင်မြေ)

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗေဒင်ဟယ်ရာန် - မဟာနန္ဒမိုးဗေဒ ထက္ကဝါဆရာတော်

ဗေဒင်ဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကဗျောင်္ခဲ – ကာလီစုံရိန် (မြန်မာပြည်)

- ပျက်ကြွ ဟတ်ဖိုက်တက်သင် အထူးအောင်မွန်ပေးသည်။
- သဘဏ္ဍာဘင်လမ်းညွှန် အကိုင်ပင်ဖိသည်။
- ဇနပဒ နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂) အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ လှိုင် - ၀၁-၅၄၀၂၂၊ ၀၉-၃၁၀၂၂၂၁၆

www.burmeseclassic.com

www.burmeseclassic.com

ဘာသာကိုယ်ပွား

ရောဝတီမှ လူနီပင်လယ်

ယုဇလ(နှစ်ပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တိုင်း ရွတ်ဖတ်မှတ်မော်လေ့ရှိသည့် "**ပဏဝီဇယ မဏ္ဍာန်တော်ကြီး**" တွင် -

"**ဒဿကောဋိ ဓကဇာဒ၊ ထထနဝကောဋိယော**"

ရေနေဆယ် ကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ ကုန်းနေကိုးကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်းဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

ထိုမှ ရေနေဆယ်ကုဋေသော သတ္တဝါနှင့် ပတ်သက်၍ ထူးဆန်းအံ့သြဖွယ်ရာ လူတို့အမျိုးအမည်တိကျစွာ မဖော်နိုင်သော ရေနေသတ္တဝါများ ဤကမ္ဘာကြီးရှိ သတ္တလောကတွင် အများအပြားရှိနေပါသည်။ ထူးဆန်းအံ့သြဖွယ်ရာ ရေနေသတ္တဝါတစ်မျိုး [ထိုအချိန်က ရှေးခေတ်လူများအပြော (ရေသူမ)] အကြောင်းကို ပြောပြပါမည်။

လွန်လေပြီးသော နှစ်ပေါင်း ၃၁၀ ခန့်က (အတွားဖြစ်သူ ငယ်စဉ် ဘဝ) ကိုယ်တိုင်သိမြင်ကြုံတွေ့ခဲ့ရသော အကြောင်းအရာလေးပါ။ အလွန်ထူးဆန်းလှသဖြင့် ပြောမယုံ ကြားဖူးမှသာ ဆိုတာလို ကိုယ်တိုင်တွေ့ဖူး ကြားဖူးသူတိုင်း ယုံကြပါလိမ့်မည်။

ကျွန်မတို့ အတွားသည် ငယ်စဉ်ကတည်းက မိဘလက်ငုတ်လက်ရင်း ဖြစ်သော ယောဖက် (ပြောင်းဖူးဖက်) ကုန်သည်တစ်ဦးအဖြစ် ရောင်းဝယ်လုပ်ကိုင်ခဲ့ပါသည်။ ပခုက္ကူမှ မြင်းခြံ မြစ်ချေလက်ပံခြေပေါ် ပုဂံ၊ ညောင်ဦးနှင့် ထိုနယ်များတစ်ဝိုက်သည် အတွားရောင်းဝယ်ရာ ဒေသများဖြစ်သည်။

တစ်နေ့ ပုဂံ၊ ညောင်ဦးနယ်အတွင်း အလုပ်မဝေးသော နေရာမှ ရွာလေးတစ်ရွာဖြစ်သည့် ဧရာတီမြစ်ကမ်းနားမှ "တိုးလုံး" ဆိုသည့် တံငါရွာကလေးသို့ ယောဖက်များ ရောင်းချရောက်ရှိတည်းခိုနေစဉ် တစ်နေ့သော ညနေစောင်းခွ ရွာသားတံငါယောက်ျား များသည် မြစ်လယ်၌ ချထားသော ဝမ်းပူပိုက် ခေါ် (ငါးဖမ်းပိုက်ကြီး) ကို မြစ်ကမ်းပေါ်သို့ လူအင်အားနှင့် တဖြည်းဖြည်းချင်း ဆွဲတင်နေသည်။ ဝမ်းပူပိုက်တစ်ခါဆွဲတင်လျှင် လူလေးငါးခြောက်ယောက်ထက်မနည်း ကမ်းသို့ရောက်အောင် ဖြည်းဖြည်းချင်းတစ်နာရီကြာမှ ဆွဲတင်ကြရသည်။

ထိုသို့ တဖြည်းဖြည်းချင်းဆွဲတင်နေရာ ငါးများနှင့်အတူ ထူးဆန်းသော အသံဖြင့် ကျယ်လောင်စွာ အော်ဟစ်၍ ပါလာသည်မှာ လွန်စွာထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် ဆံပင်ဖားလျားနှင့် လူမိန်းမငယ်တစ်ယောက်သည် အသက်ရှူလျက် အော်ဟစ်ကာ ပါလာခြင်းဖြစ်သည်။

လူမိန်းမဆိုသော်လည်း လူစကားလုံးဝမပြောပါ။ ဆံပင်နီနီရဲရဲသည် ခါးလည်လောက်ထိရှည်ကာ ဆံပင်၊ မျက်လုံး၊ မျက်တောင်၊ မျက်ခုံးမှစ၍ တစ်ကိုယ်လုံး ခေါင်းမှခြေဖျားထိ ပန်းသီးရောင်ကဲ့သို့ နီနီရဲရဲမျက် မျက်တောင်မခတ်သလောက်ပင် မျက်လုံးက ကြောင်နေသည် (မလျော်သေ စကားပြောရလျှင်) မိမွေးတိုင်း ဖမွေးတိုင်း တကယ့်အလှပ

www.burmeseclassic.com

ရောက်ပြီး မိန်းမယ်လေးအတိုင်းပင်ဖြစ်သည်ဟု အဘွားပြောပြသည်။

ရွာသားတဝါသည်များသည် ရောဝတီမြစ်ကမ်းပါးမှာပင် သူတို့အခေါ် ထိုရေသူမလေးကို ငါးဖမ်းပိုက်များ လှမ်းထားသည့် တိုင်တစ်တိုင်တွင် ကြိုးချည်ထားရာ တစ်ညလုံးစူးရှကျယ်လောင်သောအသံဖြင့် အော်ဟစ်နေရာ တစ်ရွာလုံး အိပ်မရသဖြင့် (အဘွားအပါအဝင်) နားပိတ်ထားကြရသည်ဟူ၏။

နံနက်အရုဏ်တက်သည်ထိ မရပ်မနားအော်ဟစ် နေရာ နားမခံနိုင်သည့်အဆုံး ရွာသူရွာသားများအားလုံး ကမ်းနားသို့ ဆင်း၍ ကြည့်လိုက်ချိန်မှာတော့ အံ့သြဖွယ်ရာအဖြစ်ကို တွေ့ကြရသည်ဆို၏။

တခြားမဟုတ်ပါ။ တစ်ရွာလုံး လှမ်းထားသော ငါးဖမ်းပိုက်များအားလုံး (ဝမ်းပူပိုက်များကစ၍) ဝီးလောင်ကျွမ်းလျက်ရှိသည်ကို တွေ့လိုက်ကြရသည်ဆို၏။

ရွာသူ၊ ရွာသားများလည်း ထိတ်လန့်၊ ကြောက်ရွံ့ကာ ထိုထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် ရေသူမလေး (လူနီမလေး) (ပုံပြင်ထဲကလို လူတစ်ပိုင်း ငါးတစ်ပိုင်း မဟုတ်ပါ) အား ရောဝတီမြစ်ပြင်ကျယ်ကြီးထဲသို့ ပြန်၍လွှတ်လိုက်ကြရသည်။ လူနီမလေးသည် ရေအောက်သို့ စုံစုံမြုပ်ဝင်ပျောက်ကွယ်သွားရာ ရွာသားများ နေမြင့်သည်ထိ စောင့်ကြည့်သော်လည်း ပေါ်၍ မလာတော့ဟု အဘွားပြောပြသည်။

ကျွန်မတို့ ငယ်ငယ်က အမေ့ကို ခဏခဏ ပြောခိုင်းရသည့်အဘွား၏ မျက်မြင်ကိုယ်တွေ့အဖြစ်အပျက်လေးဖြစ်ပါသည်။

ပုဂံညောင်ဦးအနီးမှ တိုးလုံးရွာကလေးသို့ရောက်လျှင် အသက် ဂဝ၊ ၉၀ အရွယ် အဘိုးအဘွားများကို မေးကြည့်လျှင် ကြားဖူးနားထိုင်ရသူများ သိနိုင်ပါသည်။ သို့မဟုတ် နှစ်ပေါင်းများစွာ ကြာမြင့်လှ၍ ရောဝတီမြစ်ရေတိုက်စားကာ ထိုတိုးလုံးရွာကလေးလည်း ရှိချင်မှရှိပေလိမ့်မည်။ ကမ်းပါးပြိုသည့်အထဲတွင် ပါသွားဖို့က များပါသည်။

ရှင်တော်မြတ်တုရားဟောကြားတော်မူခဲ့သည့် ရေနေဆယ်ကုဋေထဲတွင် ပါဝင်သည့် အမျိုးအမည်မသိနိုင်သော ခွဲခြားမှု မပြုနိုင်သော ရွာသားများအခေါ် ရေသူမလေးဟူသည့် ထိုထူးဆန်းသတ္တဝါလူနီမလေးသည် ရောဝတီမြစ်ပြင်ကျယ်ကြီးထဲသို့ အောက်အရပ်ပင်လယ်ဘက်မှ ဆန်တက်လာခြင်းပဲဖြစ်လိမ့်မည်ဟု အဘွားပြောပြခဲ့ကြောင်း အမေမှတစ်ဆင့် ပြောပြ၍ စာဖတ်ပရိသတ်များ သိရှိဖတ်ရှုနိုင်စေရန် တင်ပြရပါသည်။

ယုထေး (ဥပဒေ)

မှတ်ချက်။ ။ အဘွား၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်ပါသည်။

www.burmeseclassic.com

အဘာကဝိဇ္ဇာ ထူးခြားသော လက္ခဏာများနှင့် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်များ

ဦးခင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

ဧင်ပွန်းကြီးဆယ်ပါးကိုဦးထိပ်ထားလျှက်



ဘယ်　　ညာ

အာဘကဝိ

၏

ထူးခြားသောလက္ခဏာများ

နှင့်

တွေ့ကြုံခဲ့ရသောဖြစ်ရပ်မှန်များ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နာမည်က ဦးခင်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဝါယာလက်၊ ပေါက်ကွန်း ရပ်ကွက်မှာ နေထိုင်ပါတယ်။ အဘတို့ အိမ် ဝိဇ္ဇာသမ်းကို ၂၀၀၈ ခုနှစ်မှာ စတင် လိုက်စားပါတယ်။ ယခင်တုန်းက လုံးဝ ဝါသနာမပါ။ ကုန်ကုန်ပြောရလျှင် ယုံ လည်း မယုံပါ။ လက်လည်း လက်မခံပါ။ နောက်တော့ ကိုယ်တွေ့ကြုံလာပါတယ်။ ယုံလည်းယုံ၊ လက်လည်းလက်ခံ၊ တော် တော်ထူးတာပဲ။ မယုံလို့မရတော့ပါ။ အထက်လမ်းဆိုတာ တကယ်ရှိပါသလား လို့ ယုံကြည်ကိုးကွယ် ဆည်းကပ်ကျင့် ကြံတော့ ဒါဘာပဲ မယုံမရှိနဲ့ ကိုယ်တွေး ကိုယ်တွေကြုံကြိုက်တော့မှ ယုံတာပဲလို့ ဆိုရမယ်။ ဘယ်လိုကြုံတွေ့ခဲ့သလဲ သိချင်ကြမယ်။ မေးချင်ကြမယ်၊ ဆက် လက် ရေးသားဖော်ပြလိုပါတယ်။ ကိုယ် တွေ့နော်။

လက်တွေ့တတ်လမ်းက တော့ ယခု နေပြည်တော် ပျဉ်းမနားမြို့က စတာပါ။ ၂၀၀၈ ခုနှစ် ၃ လပိုင်းထဲမှာ ပျဉ်းမနားမြို့က အလွန်ပူတယ်။ အလွန် ပူတော့ အဘသွားဖုံးတွေ ရောင်တယ်။ အစာမစားနိုင်ပါ။ အိမ်ထဲ ညောင်လို့ အပြင်က ဝါးကွပ်ပျစ်ထွက်ပြီး ညော် ရောင်တော့ အဘထရူးဆေးကို ရှူနေပါ တယ်။ ယခုလက်ရှိ ဗိုလ်ချုပ်လမ်းမကြီး ဘေးမှာပါ။ ထိုင်ပြီး ညောင်ရောင်နေတုန်း ယောကီဝတ်နဲ့နှင့် ဆံထုံးလည်း တော်တော် ကြီးတယ်။ ခေါင်းပေါ်တည့်တည့်မှာ ထုံး ပြီး ယောကီတဘက်စနှင့် ပတ်ထားတယ်။ လက်ထဲမှာ ငွေဖလားကြီးတစ်လုံးကို ပိုက်လက် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် အလှူ ခံနေပါတယ်။ သိပ်မကြာပါဘူး။ ကျွန်တော့် ရှေ့ လှမ်းလှမ်းရောက်လာပါတယ်။

ဒင်းယောကီ အမျိုးသမီးကို တွေ့လိုက်တော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိတော့ပါ။ ကြက် သီးတွေလည်း တဖြန်းဖြန်းထ၊ လက်ရှိ ဝတ်နေသည့် အင်္ကျီ ပုခုံးတို့ကိုလည်း ဝတ်ချင်စိတ် လုံးဝမရှိတော့ပါ။ ငါ ဘယ်လို ဖြစ်သွားတာလဲ။ စိတ်အာရုံထဲမှာ တစ်မျိုး ပြောင်းသွားတယ်။ ငါ့စိတ်တွေ ပြောင်း ကုန်ပြီ။ ဘယ်လိုလုပ်ရပါ့မလဲ၊ စဉ်းစားနေ မိလိုက်တယ်။ တစ်ခုခုတော့ ဖြစ်လိမ့် မယ်ထင်တယ်။ သိပ်မကြာလိုက်ပါ။ ယောကီအမျိုးသမီး ကျွန်တော့်ရှေ့နားကို ရောက်လာတော့တာပဲ။ ကျွန်တော်က ဆရာလေး ခဏလောက် ထိုင်ပါဦး။ ပြောစရာရှိလို့။ ဆရာလေးကိုတွေ့ပြီး ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်ကုန်တာ လဲ မသိတော့ဘူး။ ကြက်သီးတွေလည်း ထ၊ အဝတ်အစားတွေလည်း ဝတ်ချင် စိတ် မရှိ၊ ကျွန်တော် နားမလည်နိုင်တော့ ဘူး။ ကူညီပါဦးလို့ ပြောလိုက်တယ်။

ယောကီအမျိုးသမီးက···

"အသက် ဘယ်လောက်ရှိပြီ လဲ"

ကျွန်တော်က···

"၆၂ နှစ်လို့"

ပြန်ဖြေလိုက်ပါတယ်။

"ဒါဆို ၉ ခု ဖွားပေါ့"

"ဟုတ်ပါတယ်"

"ကျွန်မက ၆၃ ခုနှစ်၊ ဂ ခု

www.burmeseclassic.com

www.burmeseclassic.com

ဖွားပါ"

ပြန်ပြောတယ်။

"ယောဂီတော်နှင့် ပဗ္ဗွားကို သွား ပါ။ တောင်ကလပ်ဘေးမှာ ကြေးသွန်း ဘုရားကြီးရှိတယ်။ သွားမှာလား။ စားဖို့ လည်း မပူနဲ့။ အိပ်ဖို့လည်း ပူနဲ့။ ၄လ ပိုင်း သင်္ကြန်ပိတ်ရက်မှာ သွားပါ။ သွား မှာလား၇ို့"

မေးပြန်တယ်။ ကျွန်တော်က

"သွားပါ့မယ်" လို့ ကတိပေး လိုက်ပါတယ်။

"ဆက်ဆက်သွားဖြစ်အောင် သွားပါ"

ယောဂီအမျိုးသမီးရဲ့ ငွေဖလား ကြီးကိုကြည့်တော့ ထောင်တန်တွေ အပြည့် တွေ့ရတယ်။ ဒါနဲ့ ကျွန်တော် လည်း အိတ်ထဲရှိက်လိုက်တော့ ၂၀၀ ကျပ်တန်ပါလာတယ်။ ကန်တော့ခဲ့ပြီး လှူလိုက်တယ်။ ပျဉ်းမနားကပြန်လျှင် စက်တော်ရာကို သွားဖူးမယ်လို့ ပြော တယ်။ ယောဂီအမျိုးသမီး ကွပ်ပျစ်က ထလည်းထ နှုတ်ကလည်း...

"ကျွန်မ ဂ ခု ဖွားနော်။ ယောဂီ တတ်တာ ၂ နှစ်ရှိပြီနော်"

သူယောဂီအင်္ကျီလေးကို ကိုင် ပြီး ပြောသွားတယ်။

ကျွန်တော်လည်း အသည်းပြီး သွားတော့ ကိုယ့်အခန်းထဲပြန်ပြီး ခုတင် ပေါ်မှာ တစ်ရေးအိပ်လိုက်ပါတယ်။ အိပ် နေရင်းနဲ့ နားထဲမှာ ၆၂ ဆိုသည့်အသံ ကို ကြားလိုက်တော့ လန့်ပြီးနိုးသွားတယ်။ အပြင်ထွက်ပြီး အခြားလူတွေကို မေး ကြည့်တော့ နှစ်လုံးဂဏန်း ၆၂ ထွက် သွားတယ်။ ဟာ...ငါ့ကို ၆၂ လာပေး သွားတာပဲ။ ငါမှ မထိုးတာဘဲ။ ထိုးသည့် ဝါသနာလည်း မပါ။ ထိုးလည်း မထိုးမိ ဘူးပေါ့။ သူ ပြန်ခါနီးမှာ ဂ ခုဖွား ဒါ ဝတ်တာ ၂ နှစ်ရှိပြီနော် ပြောသွားတယ်။ ညနေပိုင်း ဂ၂ ထွက်မလား မသိဘူး။ ထိုးလေ့ထိုးထ မရှိတော့ မထိုးဖြစ်ပါ။ ညနေ နှစ်လုံးဂဏန်းထွက်တော့ သူများ ကို မေးကြည့်တာ ဂ၂ ထွက်သွားတယ်။ ကြည့်စမ်း။ နှစ်လုံးဂဏန်းကို မနက်ရော ညပါ လာပေးသွားတာ။ ငါ မရထိုက်လို့ ဘဲ စိတ်ကို ဖြေလိုက်ပါတယ်။ ၎င်းကုန် နေ့ကို မှတ်မလို့ ပြက္ခဒိန်လုံးပြီး ၂၀၀၈ ခုနှစ်၊ ၃ လပိုင်း ၃ လရက်၊ တနင်္လာ နေ့ ဖြစ်နေပြန်တယ်။ ငှဲမွေးနေ့ တနင်္လာ နေ့မှာ လာပေးတာလားလို့ တွေးမိတယ်။ မဖြစ်တူး။ ၄လပိုင်းရောက်လျှင် ပဗ္ဗွားကို သွားနှုတ်ဖြစ်မယ်။ တော်တော်ထူးတယ်။ ဒါနဲ့ ယောဂီဝတ်စုံ တစ်စုံ ဈေးက ဝယ်ပြီး ချုပ်လိုက်တယ်။ ငါ ပဗ္ဗွားမှာ သင်္ကြန်ပြီး ထိ နေမှာဆိုတော့ တစ်စုံတည်းနှင့်မရ ဘူး။ ထည်ဝတ်ထည်လဲဆိုတော့ ၂ စုံ ပါမှ ဖြစ်မယ်ဆိုပြီး နောက်တစ်စုံ ထပ် ချုပ်ပြန်တယ်။ ၂ စုံဖြစ်သွားတယ်။ ပဗ္ဗွား ဆိုတာကလည်း ကြားသာကြားဖူးတယ်။ တစ်ခေါက်မှ မရောက်ဘူးတော့ သိသည့် သူကို မေးမြန်းရပြန်တယ်။ သိသည့်သူ က ဒီကနေ ကျောက်ပန်းတောင်းဘူတာ ကိုစီး။ ကျောက်ပန်းတောင်းမှ ပဗ္ဗွား တောင်ကလပ်ကားနှင့် တက်။ ပဗ္ဗွား ရောက်ကောပေါ့လို့ ပြောပါတယ်။

ဒါနဲ့ ၄ လပိုင်းရောက်တော့ သင်္ကြန်မတိုင်ခင် ကြိုသွား ရထား သိပ်

www.burmeseclassic.com

ကြပ်တယ်။ ပိတ်ရက်မှာ အားလုံးပြန်ကြ သွားကြနဲ့။ မီးရထားကြပ်တယ်လို့ ဆိုပြန် တယ်။ ဒါကြောင့်မို့ သက်ဦးမတိုင်ခင် ၂ ရက်အလို မီးရထားလက်မှတ် ကြိုဝယ် ကျောက်ပန်းတောင်းမြို့ကို ခရီး စထွက်ပါတယ်။ ပျဉ်းမနားမြို့မှ နံနက် ၇ နာရီထိုက်ပါသည်။ နေလိုက်သည့်ရထား ဘူတာတိုင်း ရပ်၊ လမ်းမှာ ဘရိတ်လေပိုက် ကျပ်လို့ ရပ်။ ကြာလိုက်တာ မပြောနဲ့ တော့။ နောက်ဆုံး ကျောက်ပန်းတောင်း မြို့ကို ညနေ ၅း၃၀ အချိန်မှာရောက် တယ်။ ပုပ္ပားကို တက်မည့်ကားဂိတ်ကို စုံစမ်းပြီးသွားတယ်။ ဘယ်ကားမှ ဒီအချိန် မှာ မတက်တော့ဘူး။ အဆင်းမှာ လူမရ လို့တဲ့။ ဒါနဲ့ ကျောက်ပန်းတောင်းဘူတာ ကို ပြန်၊ ဟုအခင်းဖားပြီး ညစာဝယ်စား၊ ကော်ဖီသောက်၊ တစ်ညအိပ်လိုက်ပါ တယ်။ မနက်မိုးလင်းတော့ ရေဝယ်ပြီး မျက်နှာသစ်၊ ထမင်းကြော်စား၊ ကော်ဖီ သောက်၊ ပုပ္ပားကားဂိတ်သွား။ လူပြည့် တော့ ကားထွက်ပါတယ်။ ကျောက်ပန်း တောင်းနှင့် ပုပ္ပားကို ၁၀၀၀ ကျပ် ပေးရ

www.burmeseclassic.com

www.burmeseclassic.com

"စုံစမ်းရေးဌာန ဘုန်းကြီးတစ်ပါး ထိုင်နေတယ်။ စုံစမ်းရေးဌာနရှိတယ်။ ဘုန်းကြီးဆီမှာ တိုင်ရတယ်"

"အဘအိတ်တွေ ကြည့်ထားပေးပါဦး။ မျောက်တွေ ဆွဲသွားဦးမယ်"

စုံစမ်းရေးနေရာကို သွားပြီး မှတ်ပုံတင် ပြရပါတယ်။ လိပ်စာပေးမှ မှတ်ပုံတင်ယူထားလိုက်ပါတယ်။ ပြန်တော့မှ ပြန်ပေးမယ်။ ဘုန်းဘုန်းက အလှူဒွေကတော့ ပြန်တော့မှ စေတနာရှိသလောက် လှူရပါတယ်။ ကြေးသွန်းဘုရားကြီး တန်ဆောင်းပြန်လာပြီး အိတ်တွေယူ၊ အဝမှာချထားပြီး ဘာကျတ်ခါးကို ဖွင့်၊ သစ်ကိုင်းခြောက်ကြီးကြီးရာပြီး ကောက်ကာ အထဲမှာဝင်နေသည့် မျောက် ၁၀ ကောင်လောက် ရှိမယ်။ အကုန်ထွက်သွား ခြောက်လှန့်ရပါတယ်။ မျောက်တွေ အကုန်ထွက်သွားမှ အဝမှာ ချထားသည့် အိတ်ယူပြီး ထောင့်တစ်ထောင့်မှာ ချ၍ တံမြက်စည်းတစ်ချောင်းနှင့် မျောက်တွေ ဖွထားသည့် အမှိုက်များကို သန့်ရှင်းရေး လုပ်ရပါတယ်။ နောက်မှ ထောင့်တိုင်းနေ

ပါတယ်။ ၄၅ မိနစ် မောင်းရပါတယ်။ လမ်းက အကွေ့အကောက်တွေ ဘေးဝဲယာက တောတွေ၊ တောင်တွေနဲ့ဆို တော့ အလွန်ကြည်နူးဖို့ကောင်းပါတယ်။ စိတ်ကိုအလွန်သန့်ရှင်းသွားပါတယ်။ 'သိပ်မကြာပါ။ ပဖွားတောင်ကလပ် အောက်ခြေ ကားဂိတ်ကို ရောက်ပါတယ်။ ကားပေါ်က ဆင်းပြီး ဘယ်သွားရမှန်းမသိ၊ ပြန်မာစကားပုံရှိတယ်။ ပါးစပ်ပါလျှင် ရွာရောက်တယ် စကားပုံအရ စပြီး စုံစမ်းရပါတယ်။ လမ်းဘေးခ်ေးရွာက ဈေးသည်မကလေးတစ်ယောက်ကို ကြေးသွန်းဘုရားကြီးကို ဘယ်လိုသွားရမလဲ။ အဘကို ညွှန်ပြပါလို့ မေးလိုက်ပါတယ်။

"အဘာ ဒီလမ်းအတိုင်းသွား။ ရေကျွံလျှင် ညာဘက်ကိုကွေ့၊ ကွန်ကရစ် လှေကားတွေ့မယ်။ တက်သွား။ ဆုံးလျှင် ဘုရားတန်ဆောင်း တွေ့လိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ' သမီးရယ်" ပြောပြီး သူမညွှန်ပြသည့်လမ်းအတိုင်းလျှောက်ရင်း ကွန်ကရစ်လှေကားဆုံးတော့ တန်ဆောင်းကြီးကို တွေ့ရပါတယ်။ တန်ဆောင်းလှေကားအတိုင်း တက်ပြီး ကြေးသွန်းဘုရားကြီး ဖူးမြော်ရပါတယ်။ ဘာကျတ်ခါး စီထားပါတယ်။ အထဲကို လှမ်းကြည့်လိုက်တော့ မျောက်တွေ ဖွထားတာ ပွနေတာပဲ။ အဲဒီလို ရပ်ကြည့်နေတုန်း အောက်ရပ်က တူမောင်တစ်ယောက် ထွက်လာပြီး စစ်ဆေးတော့တာပဲ။ ဘယ်ကလာလဲ၊ ဘာလာလုပ်တာလဲ၊ ဒီမှာ တည်းမှာလား။ မေးခွန်းတွေ မေးတော့တာပဲ။ အဘက ပျဉ်းမနားကလာတာပါ။ သင်္ကြန်တွင်း အဓိဋ္ဌာန်ဝင်မလို့။ ဒီမှာတည်းမယ်လို့ ပြန်ဖြေလိုက်ပါတယ်။

"အဘာ ဒီအတိုင်းမရဘူး။ အိပ်မယ်ဆိုရင် ဧည့်စာရင်းတိုင်ရတယ်။ အလှူဒွေထည့်ရတယ်။ မှတ်ပုံတင်ပါလား"

"ပါတယ်" လို့ပြန်ဖြေလိုက်ပါတယ်။ ဘယ်မှာတိုင်ရမလဲလို့ မေးတော့

"အဘာတက်လာသည့် လမ်းဘေးက ဓာတ်စက်ဖွင့်နေသည့်နေရာ တွေ့လား"

"အေး . . . တွေ့တယ်"

www.burmeseclassic.com

ရာမှာ အိပ်ရာခင်း၊ တုံးလုံးလဲပြီး ခဏ အနားယူပါတယ်။ အနားယူနေတုန်း စဉ်းစားတယ်။ ယောဂီမပြောဝိုက်တာ အိပ်ဖို့လည်း မပူနဲ့၊ စားဖို့လည်းမပူနဲ့။ သွားဖြစ်အောင်သွားပါ ပြောသည့်အတိုင်း သွားပြီးပြီ။ ရောက်ပြီ၊ အိပ်ဖို့နေရာလည်း ရပြီ၊ စားဖို့တော့ ကျန်သေးတယ်။ နောက် ဖြစ်လာလိမ့်မယ်ထင်တယ်။

ရောက်သည့်နေ့ နံနက်စာ၊ နေ့လယ်စာ၊ ညစာများကို တောင်ကလပ် အောက်ခြေရှိ ဆိုင်တစ်ဆိုင်မှာ ဝယ်ယူစားသောက်လိုက်ပါတယ်။ အဘကို လာမေးသည့် တူမောင်ကို ရေ ဘယ်မှာ ချိုးရမလဲဆိုတော့ ရေချိုးသည့်နေရာကို ညွှန်ပြပါတယ်။ ညဘက် စားသောက်ပြီး ပြန်တက်ကာ ၎င်းရဲ့ တူမောင်နှင့် ထိုင်စကားပြောရင်း အဘ ပျဉ်းမနား နဲ့သာတိုင်း၊ အလင်းတိုင်း၊ ဝိတုန်းလက်ဖက်ခြောက် ဝယ်လာခဲ့ပါသည်။ တူမောင်နှင့် ဇနီးတို့ စကားပြောရင်း ဝိတုန်းလက်ဖက်ခြောက် သောက်ကြည့်ပါ။ ပျဉ်းမနားမှာ နာမည်အကြီးဆုံး လက်ဖက်ခြောက်ဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုနေပါသည်။ ပြောရင်းနဲ့ ည ၁၀း ၃၀ ရောက်တော့ "အဘ အိပ်ကြရ အောင်" လို့ပြောတယ်။ ငင်းတူမောင်က- "အဘတစ်ယောက်တည်း အိပ်ရဲလား" လို့မေးတယ်။ အဘက... "အိပ်ရဲတယ်။ အဘက ဘာမှ မကြောက်ဘူး" လို့ ပြန်ပြောလိုက်တယ်။ အဘလည်း သူတို့နှင့်စကားဖြတ်ပြီး တစ်ယောက်တည်း ကြေးသွန်းဘုရားကြီးပေါ် တက်သွားတယ်။ ည ၁၁ နာရီလောက်က အဘ အရပ်ဝတ်ကိုလဲပြီး ယောဂီဝတ်စုံကို ပထမဦးဆုံး စတင် ဝတ်ပြီး ကြေးသွန်းဘုရားကြီးရှေ့မှာ အလင်းတိုင်၊ နံ့သာတိုင် ထွန်းပြီး ဘုရားဝတ်ပြု အမျှဝေ၊ ပုတီးစိပ် နောက်ပြီး တရားစထိုင်ပါတယ်။ အာနာပါန ထွက်သက်ဝင်သက်မှတ်ပြီး တရားထိုင်နေစဉ် တော်တော်လေး စိတ်ငြိမ်ပြီး သမာဓိတည်နေတုန်းမှာ နောက်တည့်တည့်က ဘာကျာတံခါးကို ဖွင့်သံကြားရတာ။ အိသီယိုဂီးယားမှာ အစောင်နေသည့်သဏ္ဌာန် အတိုင်း အရိုးပဒေသာနဲ့ လူ(ယောကျ်ား)

www.burmeseclassic.com

"ဟာ . . . အဘရယ်။ မေးမှု မေးရက်တယ်။ ဒီနေရာလောက် ဥစ္စာ စောင့်သိုက်တွေ ပေါတာ မရှိဘူး"တဲ့။ "အဘ ဘာများဖြစ်လို့လဲ" ပြန်ပြီး မေးခွန်းထုတ်တယ်။ ဒါနဲ့ အဘက ညတုန်းက အဖြစ်အပျက်တွေ ပြောလိုက်ပါတယ်။ တူမောင်က ရယ်နေတယ်။ "အဘ မသိလို့။ သိအောင် ကျွန်တော်ပြောပြပါ့မယ်။ ပထမက သိုက်ရဲ့အစောင့်။ အဘရဲ့ သမာဓိ ဘယ်လောက်ရှိလဲဆိုတာကို သိရအောင်လို့ အစောင့်ကို လွှတ်ပြီး စမ်းလိုက်တာ။ အဘ သမာဓိမရှိလျှင် တစ်ခါတည်း အော်ပြီး ထထွက်ပြေးကော။ တစ်ခါတလေ ဥသျှစ်သီးနဲ့ ပေါက်တယ်။ ထိပ်ကွဲ၊ ခေါင်းကွဲနဲ့ တစ်ခါတည်း ထွက်ပြေးကော။ မပြေးသည့်လူကတော့ သတိလစ်ပြီး လဲသွားတယ်။ ခြေထောက် နှစ်ချောင်းကိုင်ပြီး ဘုရားတန်ဆောင်းအပြင်ဘက်ကို ဆွဲထုတ်ပစ်လိုက်တယ်။ တော်ရုံတန်ရဲ့ သမာဓိမရှိဘဲနဲ့ တစ်ယောက်တည်း အိပ်မနေနဲ့။ ညကျ လာပြီး စမ်းသပ်တော့တာပဲ။ ကျွန်တော်က ဒီမှာ နေ

ဝင်လာ၌ ရေတည့်တည့်ကလာပြီး အဘ စိတ်ထဲက ပိုက်ဆံကို အတင်းဝင်နှိုက်ယူပါတယ်။ ဒီကောင် ပိုက်ဆံမရှိလို့ ဝယ်မစားရဘူးထင်တယ်။ နှိုက်ကွာ နှိုက်ကွာ ဆိုပြီး ဘယ်ဘက်ပခုံးကို ရှေ့ပို့စောင်းပြီး တိုးပေးလိုက်တယ်။ နှိုက်ပြီးနောက် ပျောက်သွားတယ်။ သိပ်မကြာဘူး ဓိနစ် ၃၀ လောက်ကြာတော့မှ တကယ် မိန်းကလေးပေါ်လာပြန်တယ်။ အသက် ၂၅-၃၀ ကြား၊ ရုပ်ရည်က ပြောရက်စရာမရှိလောက်အောင် ချောတယ်။ အသားလည်း စိမ်းလက်ဝင်းပနေတာပဲ။ ငုံးလို ချောတာလုတာ တစ်ခါမှ မမြင်ဘူးပါ။ ဆံပင်ကလည်း နက်မှောင်ပြီး တင်ပါးထိရောက်၊ တွဲလဲဖြန့်ထားတယ်။ နန်းဝတ်နန်းစားနဲ့ ငှက်ပျောညွှန့်(အနု)ရောင်ဝမ်းဆက်နဲ့ ဘာစကားမှ မပြောဘူး အတင်းအကျပ် အဘအေား(ဘယ်တက်)ကို ဝင်ထိုင်တယ်။ အဘက "အဘကို မနောင့်ယှက်နဲ့ ကိုယ့် ဘာသာထိုင်နေနော်" အဲဒီလိုပြောလိုက်တော့ ခေါင်းလေးညိတ်တယ်။ အေးအေး ဆေးဆေးပဲ ခွာပြီး ထိုင်နေတယ်။ အဘ လည်း ဆက်ပြီး တရားထိုင်မြဲထိုင်နေပါတယ်။ တော်တော်လေး ကြာတော့ ဘုရားကို ဝတ်ပြု အဘကိုလည်း ရှိခိုးဝတ်ပြုပြီး ပျောက်သွားတယ်။ အဘလည်း ၁ နာရီလောက် တရားထိုင်ပြီး စိတ်ဘဝင်ချပြီး တရားထိုင်ခြင်းကို ရပ်နားလိုက်တယ်။

နောက်တစ်နေ့ နံနက် ၆ နာရီမှာ အိပ်ရာမှထ ဘုရားဝတ်ပြု ပုတီးစိပ်၊ အမျှဝေပြီး ယောကီတက်နှင့် တောင်ကလပ်အောက်ခြေရှိ လက်ဖက်ရည်ဆိုင်သွားကာ လက်ဖက်ရည်နှင့် ထမင်းကြော် စားပါသည်။ တောင်အောက်က တူမောင်တို့ မနိုးသေးပါ။ အဘ စားသောက်ပြီး ပြန်တက်လာတော့ သူတို့ဝနိုးမောင်နှံ နိုးပြီး ရေနွေးကြမ်းထိုင်သောက်နေပါသည်။ အဘက . . .

"တူမောင်ရေ အဘ တစ်ခု မေးချင်တယ်"

"မေးပါ အဘ"

"ဒီနေရာမှာ ဥစ္စာစောင့်တွေ ရှိပါလား"လို့ မေးလိုက်တယ်။

www.burmeseclassic.com

လို့ အကုန်သိတယ်။ အလွန်ကြမ်းတယ်။ ပထမဦးဆုံး အစောင့်နဲ့လွတ်ပြီး နောက်ဆုံးမှ သိုက်နန်းရှင်လာတာ အဘရဲ့" ပြောပါတယ်။ သိုက်နန်းရှင်နာမည်က နန်းခမ်းလှတဲ့။ အဘကို နာမည်တောင် တူမောင်က ပြောပြပါတယ်။ ဒါကြောင့် ညက စကားဝိုင်းသိမ်းခါနီး...

"ကျွန်တော်က အဘကို တစ်ယောက်တည်း အိပ်ရဲလားလို့ မေးတယ် မဟုတ်လား"

"အေး...မေးတယ်လေ"

"အဘက အိပ်ရဲတယ်။ ဘာမှ မကြောက်ဘူးလို့ ပြောတယ်လေ။ ကျွန်တော်က ဒီမှာနေတော့ ဒီအကြောင်းတွေ သိလို့ အဘ တစ်ခုခုဖြစ်သွားမှာစိုးလို့ ညက မအိပ်ခင်မှာ မေးတာပါ။ သာမန် လူသာဆိုလျှင် ကြောက်ပြီး အော်ဟစ် ထွက်ပြေးမှာပဲ။ အဘကို အရင်စမ်းခိုင်းလိုက်တာ။ နောက်မှ သူလာတာ"

"ကျွန်တော်လည်း အိုက်လို့ ပြတင်းပေါက်ဖွင့်ပြီး အိပ်တယ်။ ဇနီးကတော့ မနက်စာစားရန်အတွက် ပဲပြုတ် နေတယ်။ ငှင်းအချိန်မှာ ခွေးနက်ကြီး ၃ ကောင် ဝိုးပေါ်ခေါင်းထောင်ပြီး အသံ နက်ကြီးနဲ့ အူနေတယ်။ ကျွန်တော် လည်း ကြောက်ပြီး တံခါးပိတ်၊ ပိန်းမရေ ရေ့ တံခါးကို ပိတ်။ ဘာဖြစ်လို့ပိတ်ရမှာလဲ အခန်းထဲမှာ မီးခိုးတွေ လောင်ပြီး မွှန်းကုန်မယ်။ မင်းမသိပါဘူး။ ပိတ်ဆိုရင် ပိတ်လိုက်။ ဇနီးလည်း တံခါးထပိတ်ပါတယ်။ အဘအပေါ်မှာဖြစ်နေတဲ့ အချိန်နှင့် တစ်ချိန်တည်းပဲ"

အဘကို ပြန်ပြောပြသည်။ ယခု ရေးသားဖော်ပြချက်ကတော့ တကယ် ဖြစ်ရပ်မှန် လက်တွေ့ကြုံခဲ့ရသည့် သက်ဆိုင် အကြိုမတိုင်ခင် တစ်ရက်အလိုကပါ။ ၂၀၀၈ ခုနှစ် ၄ လပိုင်းထဲမှာ ကြုံခဲ့ရသည့် အတွေ့အကြုံတစ်ခုပါ။ နောက် နှစ်တွေ အဘမရောက်တော့ပါ။ ၂၀၁၂ ခုနှစ် ၄ လပိုင်း သက်ဆိုင်သွားပါတယ်။ ကြေးသွန်းဘုရားပဲ တည်းပါတယ်။ ငှင်း တူမောင်ကို စုံစမ်းကြည့်တော့ မင်္ဂလာ တောင်ညွန့်ပြိုနယ်မှာ ရောက်နေတယ်။ တက္ကစီမောင်းစားနေတယ်လို့ သိရတယ်။ ယခု စာဖတ်ရလျှင် အဘနှင့်ပြန်ဆက် သွယ်ပါ။

သက်ဆိုင်အကြိုနေ့ ၂၀၀၈ ခုနှစ်၊ ၄ လပိုင်း၊ နံနက် ၉း၁၀ လောက်မှာ ကပရကားဒီးလုံးဝုန်းပြီး ခေါင်းပိုင်းအပေါ်မှာ ဘုရားထီးတော်တွေ ကြိုးတွေနှင့် ဆိုင်းပြီး ဆန်၊ ဆီ၊ ဆား၊ အသီးအရွက်တွေ ရိက္ခာအပြည့်အစုံနှင့် လူ ၅၀ ခန့် ရောက်ရှိလာပါသည်။ ဘယ်ကလဲလို့ မေးကြည့်တော့ မြောက်ဥက္ကလာပက အဘသိန္ဓိအောင်အဖွဲ့ တောင်ကလပ်ပေါ်က အဘဘိုးမင်းခေါင် တည်ထားတဲ့ ဘုရားနှင့် အရန်စေတီများအတွက် ထီး အဟောင်းကို စွန့်ပြီး အသစ်ထီးတော်များ ပြင်တင်ရန်အတွက်ဖြစ်ပါတယ်။ ယောကျ်ားက အပေါ် ကြေးသွန်းဘုရား ကြီးရဲ့ ပတ်ပတ်လည်မှာ တည်းပါတယ်။ အမျိုးသမီးများက အောက်တန်ဆောင်းဇရပ်မှာ တည်းပါတယ်။ ထီးတော်တင်ပွဲမှာ ရသေ့လေးပါးပါဝင်ရမှာ ဖြစ်ပါတယ်။ အဘသိန္ဓိအောင်က တပည့် လေးယောက်ပြည့်အောင် ကြိုတင်၍

www.burmeseclassic.com

ရသေ့တစ်ခုံ ယောဂီရောင်(ခေါက်ချ) များ လေးခုချုပ်လာပါတယ်။ ရသေ့ ၄ ပါး အတွက် ဝတ်ဆင်၍ ထီးတော်တင်ရန် တွက် ဖြစ်ပါတယ်။ ပဗ္ဗားကို လာခါနီးမှာ ရသေ့ဝ၊ ၂၌ လေးဦးထဲက တစ် ယောက် ဖျားနေ၍ မလိုက်ပါနိုင်ပါ။ ရောက်သည်ညက ထီးတော်မှာ လိုအပ် ချက်များကို ကျွန်တော်လည်း ဝိုင်းဝန်း ပြင်ဆင်ပေးပါတယ်။ ၎င်းညမှာ အဘ သိဒ္ဓိအောင်က ကျွန်တော့်ကို "ဆရာကြီး နံနက်ကျလျှင် ရသေ့ဝတ်ပြီး ထီးတော် တင်ရမယ်။ ဝတ်မလား"လို့ မေးပါတယ်။ ကျွန်တော်ကလည်း ဝတ်နိုင်ပါတယ်။ "ရသေ့ဝတ်နှင့် ထီးတော်တင်ချင်နေတာ နဲ့ အတော်ပဲ"လို့ ပြန်ပြောလိုက်ပါတယ်။ နောက်တစ်နေ့နံနက်မှာ ရသေ့ဝတ်နှင့် အရန်ထီးတော်များကို ရသေ့လေးပါး တစ်ပါးလျှင် အရန်ထီးတစ်ခုစီ ပင့်ဆောင် ပြီး ကလပ်ပေါ် တက်ရောက်ထီးတော် များ အသစ်တပ်ဆင်ပူဇော်ရပါတယ်။ ကျွန်တော်လည်း စိတ်မှာ အလွန်ပျော်ရွှင် ပြီး အလွန်ကြည်နူးရပါတယ်။ ဘယ်တုန်း ကမှ ရသေ့ဝတ်နှင့် ဘုရားထီးတော်တင်ရ မယ်လို့ စိတ်ကူးမရှိခဲ့ပါဘူး။ ၂၀၀၈ ခုနှစ် သင်္ကြန်ရက်အတွင်းမှာ တိုက်တိုက်ဆိုင် ဆိုင် အဘတည်ထားကိုးကွယ်ခဲ့သည့် ဘုရားကို ထီးတော်တင်ပူဇော်ရတာ အတိတ်ကပါလာသည့် ပါရမီပဒဋ္ဌာန်ဆက် ပဲလို့ တွေးမိတယ်။ နောက်ဘော့ အဘ ဘိုးမင်းခေါင်က ကျွန်တော့်ကို ငါ တည် သည့် ဘုရားကို ရသေ့ဝတ်နှင့် ထီးသွား တင်ခိုင်းမှန်း သိပါသည်။ အဘနှင့်ပဋ္ဌာန်း ဆက်ဖြစ်ကြောင်း နားလည်သဘော ပေါက်သွားပါတော့သည်။

အဘလည်း ထီးတော်တင်အဖွဲ့ ရောက်လာတော့ သူတို့ချက်ပြုတ် စား သောက်တော့ အပြင်ထွက်ပြီး သွားဝယ် မစားရတော့ ပဗ္ဗားမှ မပြန်မချင်း သူတို့ ဆီမှာ နံနက်စာ၊ နေ့လယ်စာ၊ ညစာ သုံးနပ်စလုံးကို စားသောက်ရပါသည်။ စားသောက်ရေးအတွက် အဆင်ပြေသွား ပါသည်။ ဂါထာရွတ်၊ ပုတီးစိတ်၊ တရား ထိုင်ပေါ့။ သင်္ကြန်တွင်း ရက်အားလုံးကို တရားအလုပ် ဇောက်ချလုပ်နိုင်ခဲ့ပါသည်။ နောက်တော့ စဉ်းစားမိတယ်။ ယောဂီ အမျိုးသမီးပြောသည့်အတိုင်း စားဖို့လည်း မပူနဲ့၊ အိပ်ဖို့လည်း မပူနဲ့တဲ့။ ပြောသည့် အတိုင်း ဖြစ်သွားခဲ့ပါတယ်။ အလွန်အံ့ဩဖို့ကောင်းတယ်။ အဘကို လာပြောသည့် ယောဂီအမျိုးသမီးကို ပဗ္ဗားမှာရှာကြည့် တယ်။ မတွေ့ပါ။ လူလား ဘယ်လိုပဲရှိရှိလဲ မျိုးလဲ ဝေခွဲလို့ မရနိုင်ပါ။ ထူးတော့ ထူး ဆန်းတယ်။ လူလောကကြီးဟာ ကိုယ် လက်လှမ်းမမီနိုင်သည့် လျှို့ဝှက်ချက် တွေ၊ ထူးဆန်းမှုတွေ၊ အံ့ဩစရာကောင်း သည့်အချက်အပြုံတွေနှင့် တည်ဆောက် ထားပါသလားလို့ ယူဆရပါတော့တယ်။

နောက်ပိုင်းကိုလည်း ထူးဆန်း မှုတွေ ကိုယ်တွေ့ကြုံခဲ့တာတွေ ဖြစ်နေ တာတွေ တစ်လက်စတည်း တင်ပြရေး သား ဖော်ပြပေးပါမယ်။ ဖြစ်နိုင်လား၊ မဖြစ် နိုင်လား။ မဖြစ်တာကို လုပ်ယူလို့ ရသလား။ ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားပြီးမှ ဆုံးဖြတ် လက်ခံယုံကြပါ။

၂၀၀၈ ခုနှစ် ၄ လပိုင်း သင်္ကြန် ပြီး ၂ ရက်(နှစ်ဆန်း)နေ့က အဘကို

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပြီး ပုပ္ပားမှ ကျောက်ပန်းတောင်းကို ကားစီး၊ ကျောက်ပန်းတောင်းမှ ပျဉ်းမနားမြို့ကို ရထားစီးပြီး ပြန်လာခဲ့ပါတယ်။ ပုပ္ပားက ပြန်လာပြီး အဘရဲ့ ဓာတ်ပါလာတော့ တနလ်ာနေ့တိုင်း (ကျွန်တော်မွေးနေ့) ဘုရားကိုးဆူ ဘုရားသွား၊ အဘအောင်မင်းခေါင်တည်ထားခဲ့သည့် ငြိမ်းချမ်းရေးစေတီကို သွား တရားထိုင်၊ ပုတီးစိပ်၊ အမျှဝေပေါ့။ တနလ်ာနေ့တိုင်း ယောဂီဝတ်နဲ့ အမြဲတမ်း ဝတ်ပြုခဲ့ပါတယ်။ မသွားရလျှင် စိတ်ထဲမှာ တစ်ခုခု လိုနေသလို ခံစားရပါတယ်။ ဒီလို ၃ လ၊ ၄ လ လောက် ပျဉ်းမနားမှာ နေထိုင်ပါသည်။ နောက်တော့ အလုပ်ကိစ္စ ပေါ်လာတယ်။ ရန်ကုန်၊ မင်္ဂလာဒုံ ကိုယ့်အိမ်ကိုယ် ပြန်သွားတယ်။ ပျဉ်းမနားမြို့က အမှတ်တရ ဝက်မလွတ်(သီးမွေးအုပ်စု)ငှက်ပျောဆို့နှစ်ဆို့ အသိအိမ်က သွားတောင်းယူသွားပါတယ်။ သွားလည်ရင်း ဧည့်ခံတော့ တော်တော်စားကောင်းတယ်။ မွေးလည်း မွေးတယ်။ ကျွန်တော် ပြန်လာလျှင် တစ်ဆို့လောက်ပေးတဲ့

www.burmeseclassic.com

အနောက်ဘက်ထွက်ပြီး အဖူးထွက်လာ
တယ်။ အခိုင်က အနောက်ဘက် ထွက်
တယ်။ အဖူးလွတ်တော့ အသီးကြီးအောင်
အဖူးကို ခုတ်ပစ်လိုက်တယ်။ ငါးနှစ်လုံး
နှင့် ခွထောက်လုပ်ပေးလိုက်တယ်။
ခေါင်းသေးသည့်အပင်က အရောင်ကိုက်
ကိုင်းပြီး ပင်စည်ကြီးလာပါတယ်။ တစ်လ
လောက် စောင့်ကြည့်ပါတယ်။ စစ်ကိုင်
တော့ သေးလို့ သီးတော့ နောက်ကျမှာ
စို့။ အဲကို သိထားတော့ ဂရုစိုက်ပါတယ်။
နောက်တော့ ပင်စည်က အပင်ကြီးကို
မှီနေပြီပြီ။ ဘာဖြစ်လို့ မသီး မဖူးသေးသလဲ
တွေးလာပြီး ခေါင်းထဲမှာလည်းမမှတ်
ထားဘူး။ ပေါ့ပေါ့တန်တန်ပဲ အောက်မေ့
နေတာ။ နောက်တစ်ရက်ရက်ပေါ့။ ရက်
တော့ မမှတ်မိတော့ပါ။ ဘာဖြစ်လို့ မဖူး
သေးတာလဲပေါ့။ ပင်စည်ကို ကြည့်လိုက်
တော့ ပင်စည်ဖောင်းကြီး အပေါ်ခွကွဲ
နေတာ တွေ့ရတယ်။ နောက်ရက်တွေ
စောင့်ကြည့်နေတာ အလယ်ပင်စည်ဟာ
ကြီးကြီးလာပြီး အိန္ဒိယပြွေကားထဲက
မှုတ်တဲ့ နဲဝိုး အလယ်ကဖောင်းပြီး

ကိုယ်အိမ်ပြန်ရောက်ပြီး ၂လ
လောက် မေ့မေ့မျောက်မျောက်ပေါ့။
ကိုယ့်မိသားစု ပြန်တွေ့တော့ ပျဉ်းမနား
က အကျွန်ုပ်ကို သတိမရတော့ပါ။ နောက်
တော့ သက်ဆိုင်ရာက သတိပေးပြီး
အိပ်မက်တွေ အမျိုးမျိုးပေး သတိပြန်ရ
အောင်လို့ပေါ့။ ငါးကျင့်၊ မစိပ်၊ အမျှ
မဝေလို့ ငါ့ကို အိပ်မက်တွေ လာပေး
တာပဲ ပြန်လုပ်မှ တော်မယ်၊ ကောင်း
မယ်။ ပြန်မလုပ်မချင်း အိပ်မက်လာပေး
နေမှာပဲ။ ဒါကြောင့်မို့ အဘနှင့် နေတူ
နာမ်တူ ဖြစ်သည့်တုရား ကျိုက္ကလော့
ဘုရား (အဘဘတ်နန်း)မှာ တနလာ
နေ့တိုင်း ယောဂီဝတ်နှင့် ဂါထာရွတ် ၊
ပတီးစိပ်၊ အမျှဝေပေါ့။ တပ်နေကုန် ည
နေကျမှ အိပ်ကိုပြန်တယ်။ ယခင်လုပ်
နေကျ ပြုလုပ်တော့မှ အိပ်မက်လည်း
ပျောက်သွားတယ်။ သည်လိုနဲ့နေရင်း
၂၀၀၉ ခုနှစ်ရောက်လာတယ်။ ၂၀၀၉
ခုနှစ် ၇ လပိုင်းကျတော့ အကြီးဆုံး
ဥက္ကျောဆို့က အနောက်ဘက်ကို ကိုင်း
ပြီး အဖူးထွက်လာတယ်။ အခိုင်က

ဗိတ်ဆွေကလည်း ပြန်တော့ လာယူပါ။
ပေးပါမယ်လို့ ပြောပါတယ်။ ကျွန်တော်
ပြန်ခါနီးတော့ သွားတောင်းတယ်။ တစ်ဆို
လောက်ပေးပါ။ အဘဗိတ်ဆွေက တစ်
ဆို့လျှင် သန်းတယ်။ နှစ်ဆို့ယူသွား
ဆိုပြီး နှစ်ဆို့ တူးပြီး ပေးလိုက်တယ်။
သဘောကောင်းတယ်နော်။ အဘ ကိုယ့်
အိမ်ရောက်တော့ အိမ်နောက်ဖေးမှာ
ဥက္ကျောနှစ်ဆို့ကို ယှဉ်စိုက်ထားလိုက်
ပါတယ်။ ခက်တာက ပြန်မာတွေ အယူ
အဆက ဥက္ကျောအိမ်ရှေ့မစိုက်ကောင်း
လို့ ဆိုပြန်တယ်။ နောက်ပြီး ဥက္ကျော
ခိုင် အိမ်ဘက်ကိုထွက်လျှင် ခုတ်ပစ်တဲ့။
ခိုက်တတ်တယ်။ အဲဒါကြောင့်လည်း
ဥက္ကျောဆို့ကို နောက်ဖေးဘက်မှာ စိုက်
ဖြစ်ပါတယ်။ နောက်အတော်ကြာတော့
နှစ်ဆို့စလုံး ရှင်တယ်။ ဝိုးကျတော့ အပင်
အရမ်းသန်လာတယ်။ ယူလာတုန်းက
တစ်ဆို့က လုံးပတ် ၆ လက်မလောက်၊
တစ်ဆို့က ၄ လက်မလောက်။ ဥက်
ခေါင်းကိုပြောတာ။ ဘာရယ် ညာရယ်
မဟုတ်ပါဘူး။ ရှမ်းပြီး စိုက်ခဲ့တာပါ။

www.burmeseclassic.com

အရင်းနှင့်အဖျားက သေးနေတယ်။ ငှဲ့ ဆုံး အလွှာလည်း ခွာပြီးရော ကိုယ်တော် ကို ရေကြည့်တော့ ဧဖီး ဧနဝင်းကိုက်

ငှက်ပျောပင် ဘယ်လိုဖြစ်တာလဲ။ စဉ်းစား ငှက်ပျောခိုင်က အညာက နဂါးလိုတွန့် အရင်ထွက်သည့် ငှက်ပျောခိုင်ရေကြည့်

လို့မရဖြစ်နေတယ်။ တစ်ခုခုတော့ဖြစ် လိမ်နေပြီး အဖီးတွေကလည်း ပူးကပ်နေ တော့လည်း ဧ ဖီး ဧနဝင်းကိုက်။ နှစ်

လိမ့်မယ်။ ထင်ကြေးစော့်ကြည့်နေတယ်။ တာ အပေါ်က အဖူးက အနီရောင်း ခိုင်စလုံး ဧနဝင်းကိုက် ဖြစ်နေတယ်။ အတာ

နောက်တော့ အပေါ်ပိုင်းက အရွက် ကြည့်ထိုက်တော့ နဂါးတစ်ကောင် တနင်္လာသားဆိုတော့ အရွေ့အရပ်ကို

အလယ်၊ ခေါင်းက အဖူးအနီကလေး အမောက်ထောင်ပြီး ရပ်နေသည့်အတိုင်းပဲ။ အပင်က ကိုင်းပြီး အလယ်က ငှက်ပျော

တစ်လက်မလောက် ထွက်လာတာကို သတင်းက ချက်ချင်းပဲ ပြန်သွားတယ်။ ခိုင်က နဂါးလို ကိုယ်လုံးလိမ်ပြီး ပင်စည်

နံနက်အိပ်ရာထ နောက်ဖေးကို အပေါ် အိမ်နီးချင်းများ။ ရပ်ကွက်ထဲမှ လူများ ထဲမှ မတ်တတ်ထွက်ပြီး သီးနေခြင်း ဖြစ်

သွားရင်း လှမ်းမြင်ရပါသည်။ အဲဒီတော့ လာရောက်ကြည့်တော့တာ လူကို မမြတ် တယ်။ ဘယ်သူကြည့်ကြည့် ပြရအောင်

မှပဲ ပင်စည်ထဲမှာ ငှက်ပျောခိုင်ဖြစ်ရမယ် ဘူး။ ရှင်းပြရဲ့ နဂါးငှက်ပျောခိုင်ကြီး ဒီအတိုင်းပဲ အပင်မှာထားတယ်။ ငှက်ပျော

ဝိတ်မိလိုက်တယ်။ သေချာအောင် ဒု ထွက်လို့ နာမည်ကို ကြီးသွားတာပဲ။ သီးတွေဟာ ဒုလလောက်ကြာတော့ ရင့်

ရက်စောင့်ကြည့်တယ်။ အဖူးအပေါ်ကို ဒု ၎င်းသတင်းကို သူငယ်ချင်းတစ်ယောက် ပြီး အပင်မှာ အလုံးတွေ အက်ကွဲလာ

လက်မလောက် ရှည်ထွက်လာတယ်။ ကြားသွားတော့ လာကြည့်တယ်။ ခင်များ တယ်။ ကြည့်ကောင်းကောင်းနဲ့ မခုတ်ဘဲ

မကြာခင် အဖူးရှည်လာပြီး ကွေးပြီး သီး စာစောင်ထည့်ပျာ။ ကွန်တော် အဆက် ထားတယ်။ နောက်တော့ ညဘက် ဧ

မှာပဲဆိုပြီး စောင့်နေတယ်။ အဖူးက ဆက် အသွယ် ရှာပေးမယ်။ ငှက်ပျောခိုင်ထွက် နာရီလောက် ခြောင်းဆိုတဲ့ အသံကြား

မထွက်တော့ဘူး။ ပွင့်လိုက် ကွာလိုက် ပြီး နှစ်ပတ်သားမှာ နယူးကျွန်းတော်ပုံ လိုက်တယ်။ ဘာသံလဲပေါ့။ နောက်ဖေး

နဲ့ အထဲမှာ အသီးသီးပြီးလို့ အဖူးမထွက် သတင်းထောက်နဲ့ ဆက်သွယ်ရမိပြီး ကို ဓာတ်မီးထိုးပြီး သွားဆင်းကြည့်တော့

တာဖြစ်မှာပဲ။ အဲဒီပူဆေးချက် မှန့်.မမှန် ဖုန်းဆက်အကြောင်းကြား။ ဓာတ်ပုံလာ ငှက်ပျောခိုင်ကြီး ကျိုးပြီး ပင်စည်ဘေး

ခွဲကြည့်မယ်။ ဓားနဲ့အပြင်ဆုံးအရွက်ကို ရိုက်၊ နယူးကျွန်းယ် အတွဲ-၄၊ အမှတ်- မှာ တုံးလုံးကြီး လဲနေတာတွေ့ရတယ်။

ဖြတ်လိုက်စိတ်လိုက် အလွှာကို အောက် ၃၇၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ငှက်ပျောခိုင်ကို မယူလာပြီး ရေဆေး။

ခြေနားကဖြတ်လိုက်ပေါ့။ ငှက်ပျောပင် တနင်္ဂနွေနေ့ စာစောင်ဖွက်နည်းစာဖွက်နည် တစ်လုံးမှ မကျိုးဘူး။ ဘာဒဏ်ရာမှလဲ

အော်ပရေးရှင်းလုပ်လိုက်တော့ နောက် မှာ ထုတ်ဖော်ပြသလိုက်ရပါတယ်။ အဒီး မထိဘူး။ ပွန်းလည်း မပွန်းဘူး။ အိမ်ရှ

www.burmeseclassic.com

ရွှေလဆက်ရန်

အဘကဝိ

ဦးခင်ငြိမ်း

ယူပြီး ဘုရားစင်ဘေးမှာ မြားတန်း သစ်သားမှာ ကြိုးချည်ပြီး ငှက်ပျောခိုင် ဆွဲထားတယ်။ နောက် ဒီလိုငှက်ပျောခိုင် မျိုး ဘယ်တော့မှ ထပ်သီးမှာမဟုတ် တော့ဘူး။ အမှတ်တရအဖြစ် လေးဖက် လေးလံ ဓာတ်ပုံရိုက်ယူထားတယ်။ ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်ပါတယ်။ မှည့်တော့လည်း အဆန်း။ ငှက်ပျော တို့မည်သည်မှာ အရင်ထွက်သည့် အသီး သည် အရင်မှည့်သည့်ထုံးစံ။ အဘ အခိုင်က ဒီလိုမဟုတ်ဘူး။ အဖျားမီးက စမှည့်တယ်။ အိမ်က ဘုရားမှာ ကပ် တယ်။ ကျိုက္ကလော့ အဘာတော်ခန်းမှာ အဘာဘိုးဘိုးအောင်၊ အဘမင်းခေါင်တို့ကို ကပ်။ လမ်းထဲက ကလေးတွေကို မှည့် ရင်း ဝေရင်း။ အိမ်နီးပါးနီးကိုယ်လည်း ဝေတယ်။ သူငယ်ချင်းမိတ်ဆွေတို့ကို လည်း ပေးတယ်။ ငှက်ပျောပင်က ထူး ထို ထွက်လာစအဆို့များ အသီတွေက တောင်းပြီး သူတို့အိမ်မှာ စိုက်ကြတယ်။ ၃ ဆို အဘပေးလိုက်တယ်။ တစ်ပင်မှ မရှင်ဘူး။ အကုန်သေကုန်တယ်။ အဘ ခြံထဲမှာရှင်တယ်။ မျိုးဆက်မပြတ်သေး ပါ။ အဖီးလည်း ၉ ဖီးမသီးတော့ဘူး။ အလုံးလည်း သိပ်မချောတော့ပါ။ တစ်ခါ အခိုင်ကျမှ ၅၆။ ၄ ဖီးပဲ သီးပါတော့ တယ်။

ဒီလိုငှက်ပျောခိုင်နဂါးပုံသီး တာ နဂါးသိုက်ဆက်ပြတာဖြစ်မယ်။ ငါ ဒီတရားတွေကျွင်မှ၊ အမှုဝေမှ ပေါ်လာ တာတွေ အလွန်ထူးဆန်းတယ်။ ဘယ်လို မှ လုပ်ယူလို့မရသည့် အရာတွေပဲ။ စာဖတ်သူတွေလေ့လာပါ။ ဝေဖန်ပါ။ ပြီးမှ လက်ခံပါ အဘပြောလိုပါတယ်။

www.burmeseclassic.com



ဗုဒ္ဓမဏ္ဍိမန်း အရှိမခန်း

ဦးကိုကိုဒေး(ဩဇ်ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com



ရှေးရှေးဆရာတို့၏ ဂါထာမန္တန်မန္တရားပညာတို့သည် အစွမ်းထက်၏။ စာရေးသူသည် ကောင်းနိုးရာရာ ဂါထာများကို ဗဟုသုတအလို့ငှာ ဝါသနာအရေအတွေအကြုံအရ ရေးသားတင်ပြနေခြင်းဖြစ်ပါသည်။ ကိုယ်ခံပညာရပ်နှင့် ပတ်သက်၍ ဆက်နွယ်နေသော ဂါထာများအကြောင်းကို ရေးသားတင်ပြလိုပါသည်။ စာဖတ်သူများကိုလည်း အကျိုးရှိစေချင်ပါသည်။ မြန်မာ့အတတ်ပညာများဖြစ်သော မြန်မာ့လက်ဝှေ့ပွဲများတွင် တစ်ပွဲပုံပညာများ။ သွေးတိတ်ပန်းပညာများ။ အခုန်အပုံအတွက် မျောက်မင်းဂါထာများကို ရွတ်ဖတ်၍လည်းကောင်း အဆောင်အဖြစ်လည်းကောင်း လက်ဖွဲ့ဂါထာမန္တန်များကို ဆောင်ထားလေ့ရှိပါသည်။

အရက်မန်းဂါထာ၊ ကြိုးတုပ်၊ ကြိုးဖြေဂါထာ၊ ခွေခေါက်ကျိုးပျက်စေတတ်သော ထုံးမန်းဂါထာများရှိကြပါသည်။ ဤဂါထာကိုသည် အစွမ်းထက်ကြပါသည်။ မြန်မာတို့၏ ဂါထာသရုပ်ဖြစ်သော သမ္မုခ္ခေဂါထာတော်မြတ်သည် ပြောမဆုံး ရေးမဆုံးနိုင်သော အတွေ့အကြုံ အဖြစ်အပျက်များကို တစ်ကိုယ်စီကိုယ်တွေ့တွေ့ အများကြီးရှိကြပါသည်။ အစွမ်းထက်ပါ၏။ မြန်မာ့သိုင်းပညာနှင့် ပတ်သက်၍ ခွန်အို ခွန်သာဆေးများ။ ရှမ်းကြီးပညာရပ်ဆေးများ။ တစ်ကိုယ်လုံးမည်းနေအောင် ထိုးထားသော စုတ်ဆေးထိုးသော ဆရာများကို တွေ့ကြုံခဲ့ပါသည်။ ယုံကြည်၍ အသက်အန္တရာယ်ကာကွယ်ရန် ဆေးထိုးထားခြင်း ဖြစ်ပါသည်။

စာရေးသူသည် မြန်မာရိုးရာသိုင်းပညာကို ငယ်စဉ်က ကျောင်းသားဘဝနှစ်ရှည်လများ သိုင်းကစားခဲ့ဖူးပါသည်။ စာရေးသူ၏ ဆရာသည် ဆေးရံလမ်းမှ ဦးဘုန်းမြင့်ဖြစ်ပါသည်။ (ယခု ကွယ်လွန်) စာရေးသူနှင့် သိုင်းကစားဖက်ပန်းတင်လမ်းမှ ဦးသန်းလွင်၊ ကုန်းမြင့်ကျေးရွာမှ နကွဲဆရာ ဦးဝင်းမြင့် (ယခုမွေလိုက်စား) တို့ဖြစ်ပါသည်။

ကျွန်တော့်ဆရာ၏ ဆရာမှာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ ဦးထွန်းဇာ၊ ဦးအောင်မြိုင်တို့ဖြစ်ပါသည်။ မန်တိုတိုက်ကွက်များ။ ဓားရေး (၁၀၀)၊ ဓားနှစ်လက်၊ တုတ်တို တုတ်ရှည်၊ နှစ်ချောင်းဆက်တုတ်၊ ဝိုင်းထွက်ပညာ၊ အချုပ်၊ အဖြေများနှစ်ပေါင်းများစွာ သင်ကြားခဲ့ပူးပါသည်။ မြန်မာ့ရိုးရာ သိုင်းပညာပြန့်ပွားရေးအတွက် ကျေးလက်တောရွာများ။ ကျောင်းများတွင်၊ သိုင်းပညာပြန့်ပွားရေးအတွက် သင်တန်းဖွင့်သင်ကြားပေးခဲ့ပူးပါသည်။ စာရေးသူတို့ သိုင်းအဖွဲ့နှာမည်မှာ သီဟရာဇာသိုင်းအဖွဲ့ပင်ဖြစ်ပါသည်။ ကျောင်းသားဘဝက သိုင်းပညာဖြင့် မျော်မွေ့ခဲ့သူဖြစ်ပါသည်။

ကျွန်တော်တို့ အချင်းချင်း ခင်မင်ရင်းနှီးကြပါသည်။ ၁၉၈၈ အရေးအခင်းကာလအတွင်း ကျွန်တော်ဝိုင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

ဦးသန်းလွင်၊ ဦးဝေပုံ (ဘုန်းကြီး) အရှေ့ဘက်တိုက်ကျောင်းပါဠိတတ္တသိုလ်တိုက်ကြပ်ဆရာတော် (ဦးဥတ္တရ) ၏ စာသင်တယ်ပြစ်၏။ ကျွန်တော်တို့ (၃) ဦးသည် ခင်မင်ကြပါသည်။ ဦးဝေပုံဆွမ်းကွမ်းအတွက် နေ့စဉ်ရပ်ဆွမ်းကို လှူပါသည်။

တစ်နေ့ ဦးသန်းလွင်သည် ကျွန်ုပ်ထံသို့ ရောက်လာသည်။ ဦးဝေပုံဆီသွားကြရအောင်လာခေါ်သည်။ ခေတ်ကာလမကောင်း အုပ်ချုပ်ရေးကင်းမဲ့နေချိန်ဖြစ်၍ သွားသင့် မသွားသင့် ကျွန်တော်က စဉ်းစားနေ၏။ လာပါ။ သွားကြရအောင် ဆိုကာ ဦးဝေပုံထံသို့ သွားလေတော့သည်။ ကျောင်းရောက်သောအခါ ငှက်ကြီးတောင်စားတစ်ချောင်းကို သွေးနေတာကို မြင်ရ၏။

"ဒကာကြီး . . . ဒီစားဘယ်လောက်ပြတ်သလဲ" ဆို၍ ခြေသလုံးမွေးလက်မောင်းမွေးများကို ရိတ်ပြပါသည်။ ငွမ်းကို စားသွားပေါ်တင်၍ လေမှုတ်ပြပါသည်။ မြည်နေ၏။ သွေးပြီစားကို စားအိမ်ထဲ ထည့်လိုက် ချက်လိုက်လုပ်နေ၏။



"ဒီစားကို ဘာလို့ သွေးနေသလဲဟင်းလား" ဦးသန်းလွင်ကို မေးလိုက်ပါသည်။

ဦးသန်းလွင်က မပြေ။

ဦးဝေပုံက "သိုင်းသမားကို ခုတ်ချင်လို့" တဲ့။

"သိုင်းက ဒီလောက်စွမ်းသလား။ ဒီစားက ဒီလောက်ဖြတ်သလား" ဆရာတော်က ပြောနေသည်။

ကျွန်ုပ်တို့နှင့် ရန်သူမဟုတ်။ ဘုန်းကြီးဘာဖြစ်တာလဲ။ ဘာကြည့်မရတာလဲ။ မတွေးတတ်အောင်ဖြစ်နေချိန်တွင် ဦးသန်းလွင်က ကောက်ကာင်းကာ ထပြောလိုက်ပါသည်။ "တပည့်တော် သိုင်းသမားပဲ။ အရှင်ဘုရား . . . ဒီလောက် သိုင်းသမားကို စမ်းချင်နေရင် တပည့်တော်ခုတ်။ တပည့်တော်ရှောင်မယ်"

"ဒီလိုခုတ်ချင်တယ်" ဆို၍ မိုးခုတ်လိုက်ပါသည်။

ဦးသန်းလွင်က ရှေ့တစ်လှမ်း တက်နည်းဖြင့် ရှောင်လိုက်၏။

"ဟောဒီလို ထိုးချင်တယ်" စားဖြင့် ထိုးလိုက်၏။

ဦးသန်းလွင်က ရပ်တည်လျက် အနေအထားဖြင့် ခါးကို နွဲ့ပေးလိုက်၏။ လွတ်သွား၏။

"ဟောဒီလို" ဆို၍ စလွယ်ခုတ်လိုက်၏။ သုံးကြိမ်မြည်သောအခါ "အရှင်ဘုရား သတိထားတော့" ဆိုကာ စားကိုလှ၍ လက်ကိုချုပ်ကာ လည်ပင်းစားတင်ထားတော့၏။ ဦးဝေပုံလှုပ်မရတော့ချေ။

ဦးသန်းလွင်သည် စားကိုယူကာ လွတ်ပေးလိုက်တော့သည်။ "ဘယ်ဆိုးလို့လဲ။ သိုင်းက အစွမ်းထက်တာပဲ။ ကိုယ်တော့်လုံသားပဲ" ဆို၍ ကျောင်းပေါ်တွင် ပြန်ထိုင်နေကြတော့သည်။ ဦးပဉ္စင်းလည်း ကျေနပ်သွား၏။ ကျောင်းပေါ်

www.burmeseclassic.com

ရောက်သောအခါ မြန်မာထုံးမန်း အကြောင်း ပြောပြ၏။ တုတ်ရိုက်၊ ဓားထိုး အချင်းချင်းတိုက်ခိုက်၊ မနာကျင်၊ သွေးမထွက်၊ ဓားခွေ၊ ဓားကျိုး ထုံးမန်း အစွမ်းဝ ့ကို ဆရာတော်နှင့် ကျွန်ုပ် တို့အား ပြောပြနေ၏။

ဆရာတော်သည် ဆက်ရွတ်နေ၏။ ပြီးသောအခါ ဝိုင်းဖွဲ့ပြန်ထိုင်ကြပါသည်။ "အရှင်ဘုရား တပည့်တော်ကို တစ်လုံးစွန့်ပါ" ဦးသန်းလွင်သည် ရင်နှေးနှင့် သောက်ချလိုက်ပါသည်။

လက်ရေမှုန်ဖြင့် ရေးသားထား သော ထုံးမန်းဂါထာကို ဦးသန်းလွင် မီးရှို့ဖျက်ဆီးပစ်လိုက်ပါသည်။ စကားဆက် ပြောနေကြ၏။ ထုံးမန်းသည် တစ်ပွဲပြန် ဖြစ်ကြောင်း။ မန်းပြီးသား ထုံးမန်းကို သံဘူးဖြင့် မသိမ်းရကြောင်း။ ထုံးမန်း သောက်ပြီး၍ ကိစ္စမပြီးမချင်း ကျင်ငယ် မစွန့်ရကြောင်း စိတ်ဝင်စားဖွယ်ပြောပြ နေ၏။

အစွမ်းသတ္တိက တုတ်၊ ဓား ပြီးကြောင်း။ မနာကြောင်း အံ့သြဖွယ် အစွမ်းသတ္တိရှိကြောင်း ပြောနေစဉ် -

ဦးသန်းလွင်မှ "အရှင်ဘုရား မှီခိုလိုက်တဲ့ ထုံးလုံးလေး လည်ချောင်း မှာ တစ်ခို့နေပြီလား" ဟုမေးလိုက်ပါ သည်။ "ဟုတ်တယ်"

ဦးသန်းလွင်သည် ငှက်ကြီး တောင်စာဖြင့် ဘုန်းကြီးလက်ကို ဆွဲကာ စားဖြင့် တစ်ချက်ပြီးတစ်ချက် ခုတ်လေ တော့သည်။

"ဒီလိုနဲ့ ဘယ်ရမလဲ" ဆိုကာ လက်ကိုချုပ်ကာ ဘယ်ပြန်၊ ညာပြန်ချုပ် ကာ စားဖြင့်မွန်းလေတော့သည်။ ဘုန်းကြီး သည် ကြောက်ကြောက်ဖြင့် ပြေးလေ တော့သည်။ နောက်မှ စားဖြင့် ခန္ဓာကို ဆက်ကာဆက်ကာ ခုတ်လေတော့သည်။

"အရှင်ဘုရား ထုံးမန်းမှီထား တာ ဘာမှမဖြစ်ပါဘူး" ဆို၍ ရပ်လိုက် တော့သည်။

"တယ်ကြောက်ဖို့ ကောင်းတဲ့ လူပဲ"

"အရှင်ဘုရား လက်ပြန်ကြည့် ပါဦး။ ဓားခုတ်ရာ အစင်းကြောင်းလေး

"အရှင်ဘုရား ဘုရားမှာ သီလခံယူပါ"

"ဘုန်းကြီးပဲ ၉ ပါးသီလလုံပါ တယ်"

"အရှင်ဘုရား (၅) ပါးသီလခံ ယူပေးပါ" (၅) ပါးသီလခံယူပြီးသောအခါ "အရှင်ဘုရား မုဆိုးဒူးထောက်ထိုင်ပါ။ ထုံးလုံးကို ဘယ်လက်မှာ ဆုပ်ပြီး တပည့် တော်ရေးထားတဲ့ ဂါထာကို (၉) ခေါက် ရွတ်လိုက်ပါ"

www.burmeseclassic.com

များကို တွေ့ရပါသည်။ ကျွန်ုပ်လည်း ထုံးမန်းအကြောင်းကို နှမူးတွေး ခူးတွေ့ ယခုမှ ကြုံရသည်။ ထိုဂါထာကို ဘုန်းကြီးမှ အလျှုခံ၏။ ဦးသန်းလွင်မှ လျှို့လိုက်ပါသည်။

ကမ္ဘီရပညာလိုက်စားသူများ၏ ကိုယ်တွေ့အတွေ့အကြုံကို ရေးသားတင်ပြလိုက်ရပါသည်။ မြန်မာ့ပညာသည် အံ့မခန်းသော ပညာဖြစ်ပါသည်။

လျှို့ဝှက်ဆန်းကြယ်စာဖတ် ပရိသတ်အတွက် အကျိုးရှိစေချင်ပါ သည်။ ဤထုံးမန်းပညာကို မိမိအသက် အတွက် ကာကွယ်ရန် လိုအပ်သောအခါ မိမိတိုင်းပြည်လူမျိုးအတွက် အသုံးချစေ ချင်ပါသည်။ ရှေးမြန်မာတို့၏ မန္တန်ပညာ ရပ်များဖြစ်ပါသည်။ လျှို့ဝှက်ဆန်းကြယ် စာဖတ်ပရိသတ်များ ပညာကို ဆင့်ပွား ယူလိုသော ပြည်သူ့အပေါင်းတို့ကို ရေးသားတင်ပြပါသည်။ ဤအစွမ်းထက် ဂါထာမှာ အောက်တွင် ရေးသားဖော်ပြ အပ်ပါသည်။

ဦး ထုပယ် ထံပတ် ဓံဒဏ် သွားတား

ဦး ကျောက်ထီ သံခဲ ကျောက်ဓဲ

ဦး ထုံ ဆြာ ထုံ ခံ ဆြာခံ ခွေဆြာခွေ ထိပ်ဆရာထိပ်

ဦးကိုကိုအေး (ကြိုမှင်ကောက်)

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မှုလပထမ"

ကွန်ပျူတာမှာ

အပ်နှံမှု စိတ်ချရမယ်။ ဓနဥစ္စာချက်သာ ဆက်လိုက်ပါ။

သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ ဟောစာတမ်းများ၊ ကြိုတင် ဇာတာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ ဘဝတစ်သက်လုံး ကံကောင်းခြင်းရလာဒ်များ ရရှိစေပါသည်။

ဒေါက်တာတင်ဇိုးဝါဇိုလ် (နာမကျရ တန်ခိုးပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးရာတွင် ဆင်တူရိုးများများနှင့် မကြာခဏများများဆင်းဆင်းပါရှိပါသောကြောင့်ပါ)

၀၁-၂၂၈ ၆၆၅ ၊ ၀၉-၇၃၁ ၅၅ ၇၃၁

၀၉-၇၃၁ ၇၅ ၇၃၁ ၊ ၀၉-၅၁ ၇၄၂၂၆

web site : www.baydathukhuma.com

အမှတ်-၄၆၊အခန်း-၆၊ နံသာလမ်းအလုံမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

ဝေဇယန္တာနှင့် ဆိုင်ကြွားစက်

ဆရာဝင်း(သာကီနွယ်)

www.burmeseclassic.com

www.burmeseclassic.com

ဝရိုန်လက်နက် သိကြားစက် ဆိုပြီး စက်ကြီး (၁၃) ပါးမှာ ပါရှိပါတယ်။ မိုးကြိုးပစ်တာကို သိကြားမင်းကြီးက ပစ်တယ်လို့ ရှေးခေတ်က ယုံကြည်ခဲ့ကြပါတယ်။ သိပ္ပံပညာထွန်းကားလာတော့မှ မိုးတိမ်တွေကြောင့်ဖြစ်ရတယ်ဆိုတာ နားလည်ခဲ့ကြပါတယ်။ ယနေ့ကာလ မိုးလေဝသသတင်းကြေညာတဲ့အခါ မိုးထစ်ချုန်းမည့် အခြေအနေအပြင် မိုးကြိုးမုန်တိုင်းဖြစ်ပေါ်မည့် သတင်းကိုပါ ကြေညာလာတာ တွေ့ရပါတယ်။ အမေရိကန်နိုင်ငံမှာတော့ မိုးကြိုးမုန်တိုင်းကျတယ်ဆိုတဲ့ သတင်းကြားရတာ သုံးလေးနှစ်ရှိပါပြီ။ ကျွန်တော် မိုးကြိုးမုန်တိုင်းနဲ့တော့ မကြုံရသေးပါဘူး။ မိုးကြိုးမုန်တိုင်းဆိုကတည်းက တော်တော်ကြောက်လန့်မိပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က မိုးကြိုးက တစ်ခါတလေမှ ပစ်တာ။ မိုးကြိုးပစ်လို့ လူသေတယ်ဆိုတာ အလွန်ရှားပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က မိုးလေဝသဆောင်းပါးတစ်ပုဒ်မှာ မြန်မာနိုင်ငံမှာ တစ်နှစ်အတွင်း မိုးကြိုးပစ်ခံရလို့ သေဆုံးတဲ့ လူ (၇၀) လောက်ရှိတယ်လို့ ဖတ်လိုက်ရတော့ ကျွန်တော် တော်တော်လေးလန့်ပြီး အံ့အားလည်း သင့်မိပါတယ်။ လွန်ခဲ့တဲ့ တစ်ပါတ်လောက်ကလည်း ပြည်ခရိုင်သဲကုန်းမြို့နယ်မှာ တစ်ရက်တည်း ကျေးရွာနှစ်ရွာမှာ လူ (၄) ယောက်မိုးကြိုးပစ်ခံရလို့ သေဆုံးသွားတယ်လို့ ကြေးမုံသတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။

ယနေ့ ကာလမှာ မိုးကြိုးရဲ့ အန္တရာယ်ဟာ ပိုပြီးများလာတဲ့အတွက် မိုးလေဝသဗဒ္ဓာနက မိုးကြိုးအန္တရာယ်က ဘယ်လိုကာကွယ်ရမည်ဆိုတာပါ ထည့်သွင်းကြေညာလာတာ တွေ့ရပါတယ်။

လွန်ခဲ့တဲ့ တစ်ပါတ်လောက်က ရောဝတီတိုင်း မော်လမြိုင်ကျွန်းပြိုက ကျွန်တော့်မိတ်ဆွေ ကိုကျော်မောင်မောင်က ကျွန်တော့်ဆီ ဖုန်းဆက်ပြီး သူတွေ့ကြုံရတဲ့ မိုးကြိုးပစ်ပုံပစ်နည်းအချို့ကို ပြောပြပါတယ်။

၁၉၇၀ ခုနှစ်လောက်က မော်လမြိုင်ကျွန်းပြိုနယ်၊ နွားရေကျော် ကျောင်းသစ်စုကျေးရွာမှာ သားအမိနှစ်ယောက်ရှိတယ်။ သားဖြစ်တဲ့သူက ဆန်ပိုစားလုပ်ငန်းလုပ်တယ်။ ဟာလာစက်နဲ့ ဆန်ကြိတ်တဲ့လုပ်ငန်းကို ဆိုလိုတာပါ။ စီးပွားရေးလည်း ချောင်လည်ပါတယ်။ အဲဒါ အမေဖြစ်သူကို အမွေတောင်းတယ်။ အမေကလည်း အသက် (၈၀) လောက် ရှိနေပြီ။ လယ်နဲ့ကွဲတွေကို အတင်းအစမ္မ အမွေတောင်းတယ်။ အမေဖြစ်သူက "ငါ့သားရယ် သားသမီးက မင်းတစ်ယောက်တည်းရှိတာပဲ။ အမေသေလျှင် မင်းပဲရမှာပေါ့" လို့ပြောတော့ သားက မကျေမနပ်ဖြစ်ပြီး အမေအိုကြီးကို တွန်းလဲလိုက်တယ်။ မအေကြီးက သားစိတ်ချမ်းသာပါစေတော့ဆိုပြီး အိမ်ကြီးပေါ်ကဆင်းပြီး စပါးကျီထဲမှာ ပြောင်းနေတယ်။

နောက် (၂) ရက်လောက်နေတော့ သားဖြစ်သူ အိမ်ပေါ်တက်ပြီး အိပ်နေစဉ်မှာ ရေမိုင် (၅) မိုင်ကျော်လောက်ဝေးတဲ့ နွားရေကျော်နဲ့ ကညင်ကန်ရွာနှစ်ရွာကြားမှာ မိုးကြိုးလုံးအနီရောင်

www.burmeseclassic.com

အလုံးကြီးတစ်လုံးက နွားရေကျော်ရွာထဲက အိမ်ဝင်းတစ်ခုထဲကိုဝင်တယ်။ အုန်းပင်နှစ်ပင်ကို ဖြတ်သွားတယ်။ အုန်းပင်နှစ်ပင်လည်း သေသွားတယ်။ တစ်ဖက်ကမ်းက နွားရေကျော်တစ်လုပ်စုကွင်းကို ဖြတ်တယ်။ နောက်နွားရေကျော်ကျောင်းသစ်စုကျေးရွာကိုရောက်တယ်။ အဲဒီမှာ မအေကို တွန်းလဲတဲ့ ဦး ----- အိမ်ကို ရောက်တယ်။ အိမ်အောက်မီးဖိုထဲကို ဝင်တယ်။ အိမ်အောက်တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ ရှာတယ်။ နောက် အိမ်ပေါ်တက်သွားတယ်။ အိမ်ပေါ်မှာ မိခင်ကို တွန်းလွဲတဲ့လူ ဦး ----- ကို တွေ့တော့ မိုးကြိုးပစ်တဲ့ အသံကြီးဖြစ်ပေါ်ပြီး ဦး ----- လည်းမိုးကြိုးပစ်ခံရတဲ့သူလို တစ်ကိုယ်လုံးမည်းပြီး သေဆုံးသွားတယ်။ ပတ်ဝန်းကျင်ကျေးရွာတွေကပါ မိုးကြိုးပစ်သံကို ကြားလိုက်ကြရတယ်။

နောက်ဖြစ်စဉ်တစ်ခုက မော်လမြိုင်ကျွန်းမြို့နယ်ထဲက ရွာတစ်ရွာမှာပဲ လူတစ်စု အမဲသားဟင်းချက်စားကြရာ တစ်ဦးက အမဲသားဟင်းထဲကို သစ်ကြပ်ခေါက်တို့ ကရင်းရွက်တို့မရှိတဲ့အတွက် အိမ်က နံသာပြုဆုရားလေးကို ဓားနဲ့ခွဲပြီး အမဲသားဟင်းထဲထည့်ပြီး ချက်တယ်။ ကျွန်တဲ့လူတွေက အဲဒီအမဲသားဟင်းကို မစားရဲကြဘူး။ သူတစ်ဦးပဲ စားတယ်။ အဲဒီညမှာ သူတို့တတွေ တန်းစီပြီး အိပ်နေကြတယ်။ မိုးကြိုးအနီလုံးကြီးရောက်လာတယ်။ အနီလုံးကြီးက တစ်ယောက်ချင်းစီ ဝမ်းဗိုက်ပေါ်တက်တယ်။ အမဲသားဟင်းစားတဲ့လူရဲ့ ဝမ်းဗိုက်ပေါ်ရောက်တော့ မိုးကြိုးပစ်တဲ့အသံကြီးကြားရပြီး လူလည်း မီးလောင်တဲ့ပုံမျိုးနဲ့ သေဆုံးသွားရတယ်။

တတိယသတင်းတစ်ပုဒ်က တော့ မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ဝကျေးရွာမှာ လယ်စာရင်းကူးနေတဲ့တဲမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနေတယ်။ ခင်ပွန်းသည် ခရီးသွားနေတော့ စာရင်းဒိုင်အိမ်က လူနှစ်ဦးကို ညမှာအဖော် အဖြစ်ခေါ်အိပ်တယ်။ အဲဒီညမှာ မိုးမရွာလေမတိုက်ဘဲ မိုးကြိုးလုံးနီနီလုံးကြီး ဝင်လာတယ်။ အဲဒီအနီလုံးကြီးဟာ အိမ်အဝင်ဝရောက်မှ ပြန်လှည့်ထွက်သွားတယ်။ တော်တော်လေးလုမ်းတဲ့ ကုက္ကို ပင်ကြီးဆီရောက်တော့ မိုးကြိုးပစ်သံကြီးကြားလိုက်ရတယ်။ ကုက္ကိုပင်ကြီးလည်း သေသွားတယ်။

ကို ကျော်မောင်မောင်က ကျွန်တော့်ကို အဲဒါမိုးကြိုးပစ်တာလား။ ဘာလဲလို့ မေးပါတယ်။ သူက အဲဒီလို အဆန်းတကြယ်ဖြစ်တဲ့ ကိစ္စလေးတွေ ကျွန်တော်ဆီ မကြာခဏမေးနေကြပါ။ ကျွန်တော်လည်း ကျွန်တော့်ပုဂ္ဂိုလ်ကို မေးကြည့်ပါဦးမည်လို့ ပြောလိုက်ရပါတယ်။ နောက်တစ်ရက်ကြတော့ ကိုကျော်မောင်မောင်က ဖုန်းဆက်ပြီး သူမေးထားတဲ့ကိစ္စ မေးလာပါတယ်။ ကျွန်တော်လည်း အလုပ်မအားသေးတဲ့အတွက် မမေးရသေးကြောင်း ပြောလိုက်ပါတယ်။

ဒါနဲ့ ညနေပိုင်းမှာ ကျွန်တော့်ကို ဗေဒင်ကူညီဟောပေးနေတဲ့ တန်ခိုးရှင်ကြီးကို ဒီမိုးကြိုးလုံးကိစ္စ မေးကြည့်ကော့ သူလည်း မသိတဲ့အကြောင်း ပြောပါတယ်။ နောက်တစ်ရက်ကြတော့ ကျွန်တော်ဗေဒင်ကူဟောပေးနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

မိုးကြိုးမိုး

၂။ သဘာဝမိုးတိမ်တောင်တွေကြောင့် ဖြစ်ပေါ်သည့် လျှပ်စစ်ဓာတ်တွေ စုပေါင်းပြီး လျှပ်စီးလက်ဖြစ်ပေါ်သည့် မိုးကြိုးမိုး။

၃။ အာကာသကြီးထဲက တန်ခိုးကြီးနတ်ကြီးများက ဖန်ဆင်းသည့်မိုးကြိုးမိုး။ သူတော်စင်များကို နှိပ်စက်ညှင်းပန်းသည့်သူများကိုပစ်တဲ့မိုးကြိုးမိုး။

၄။ ပရလောကမှ မကောင်းဆိုးဝါးများကို အာကာသထဲက အစိမ်းရောင်နတ်ကြီးက ဖန်ဆင်းပစ်ခတ်သည့် မိုးကြိုးမိုး။ ဗုဒ္ဓရုပ်ပွားတော်များကို မဖွယ်မရာပြုတဲ့ နတ်မိစ္ဆာများကိုပစ်တဲ့ မိုးကြိုးမိုးများဖြစ်တယ်။

အတိတ်ကံကြောင့် မိုးကြိုးပစ်ခံရသူတွေလည်းရှိတယ်။ အတိတ်ဘဝက လူအများကို ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်ခဲ့သူများ၊ သာသနာပြုဂိုဏ်းဂိုလ်များကို ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်ခဲ့သူများ၊ ရဟန်းသံဃာများကို စိတ်ဆင်းရဲအောင် အမျိုးမျိုးခက်ခဲပေးခဲ့သူများကိုလည်း မိုးကြိုးစစ်

တန်ခိုးရှင်ကြီး အသစ်ပြောင်သွားပါတယ်။ နောက်ကြွလာတဲ့ တန်ခိုးရှင်ကြီးက "ဥာဏ်သား" လို့ခေါ်ပါတယ်။ သူကို မေးကြည့်တော့ တန်ခိုးရှင်ကြီးက ယခုဖြစ်စဉ်တွင် အနိုရောင်နတ်ကြီးတစ်ပါးရဲ့ ထိမ်းချုပ်မှုအောက်တွင်ရှိကြောင်း၊ ထို နတ်ကြီးက မိုးကြိုးပစ်သကဲ့သို့ဖြစ်စေပြီး သေဆုံးရခြင်းဖြစ်ကြောင်း၊ မိုးကြိုးပစ်ရာတွင် သေဆုံးရခြင်းဖြစ်ကြောင်း -

၅။ ယခုအနိုရောင်နတ်ကြီးဖန်ဆင်းသည့်

www.burmeseclassic.com

တတ်တယ်။

မိုးကြိုးပစ်ခံရ၍ သေဆုံးသူများသည်။ မည်သို့မျှကောင်းရာသုဂတိသို့မရောက်နိုင်၊ ငရဲဘုံအမျိုးမျိုးသို့သာ ကျရောက်ရတယ်။ မိုးကြိုးပစ်ခံရ၍ သေဆုံးသူများကို မြေမြှုပ်ရာမှာ ဦးခေါင်းကို အနောက်အရပ်ထားပြီး မြှုပ်ရမည်။ ဤသို့မမြှုပ်လျှင် သခ်ျိုင်းစောင့်နတ်က ခဲကွေးတတ်တယ်။ မိုးကြိုးပစ်ခံရ၍ သေဆုံးသူ၏ အလောင်းကို ကိုင်တွယ်ရသူများ အနေနဲ့ လက်ကို နန္တင်းမှုန့်နဲ့ ဆေးကြောရမည်။ အခြားခန္ဓာကိုယ်အစိတ်အပိုင်းများ အလောင်းနဲ့ ထိမိလျှင် နန္တင်းမှုန့်နဲ့ ဆေးကြောရမည်။ မိုးကြိုးပစ်၍ သေဆုံးသူ၏ စောင်း၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်း အဝတ်အစားအားလုံးကို မြေမြှုပ်ပစ်ရမည်။ သေဆုံးသူ၏ ဝန်းသားသမီးများက ကွယ်လွန်သူအပေါ်ထားရမည့် သဘောထားမှာ မိမိတို့အိမ်က အကုသိလ်ကြီးသူ ထွက်ခွာသွားပြီလို့ သဘောထားပါဟု မိန့်ကြားပါတယ်။

၇-၆-၂၀၁၄ ရက်နေ့ မနက်

တွင် ကျွန်ုပ်သည် မိုးကြိုးပစ်ရာတွင် အနီရောင်အလုံးကြီးဖန်ဆင်းပစ်ခတ်သော အနီရောင်နတ်ကြီးကို ပင့်လိုက်ပါတယ်။ အရုပ် (၇) ပေခန့်ရှိ အနီရောင်နတ်ကြီး တစ်ပါးကြွရောက်လာပါတယ်။

ကျွန်ုပ် ။ ။ နတ်ကြီးက မိုးကြိုးကို ဖန်ဆင်းပစ်ခတ်နိုင်တယ်လို့ သိရပါတယ်။ ဟုတ်ပါသလား။

အနီရောင်နတ်ကြီး ။ ။ ဟုတ်ပါတယ်။ မိုးတိမ်တွေ မရှိသော်လည်း အနီရောင်အလုံးကြီးကို ဖန်ဆင်းပြီး မိုးကြိုးပစ်ဆဲသို့ ပစ်ခတ်နိုင်ပါတယ်။

ကျွန်ုပ် ။ ။ အနီရောင်အလုံးကြီးကို နတ်ကြီးရှိတဲ့နေရာက ဖန်ဆင်းပြီး လွှတ်တာပါလား။

အနီရောင်နတ်ကြီး ။ ။ ဟုတ်ပါတယ်။ ကျွန်ုပ်ရှိတဲ့နေရာက ဖန်ဆင်းပြီး လွှတ်တာပါ။ တစ်ခါတစ်ရံပစ်ရမည့်သူကို လေးငါးမိုင်အကွာက ဖန်ဆင်းပြီးလွှတ်ရတာလည်းရှိပါတယ်။

ကျွန်ုပ် ။ ။ ပစ်ရမည့်သူကိုရှာရင်း လမ်းမှာ သစ်ပင်နဲ့ထိတွေ့မိလျှင် အဲဒီသစ်ပင်သေတယ်ဆိုတာ ဟုတ်ပါသလား။

အနီရောင်နတ်ကြီး ။ ။ ဟုတ်ပါတယ်။ သေစေနိုင်ပါတယ်။ အနီရောင်အလုံးကြီးက ပစ်ရမည့်သူကို ရှာဖွေပြီး ပစ်ပါတယ်။

ကျွန်ုပ် ။ ။ အသင်နတ်ကြီးက ပစ်ရမည့်သူကို တိတိကျကျတယ်မှာရှိတယ်ဆိုတာ မသိနိုင်ဘူးလား။

အနီရောင်နတ်ကြီး ။ ။ မသိပါဘူး။ တန်ခိုးကြီးနတ်ကြီးတစ်ပါးက စေခိုင်းတဲ့နေရာကိုမှန်ပြီး လွှတ်ရပါတယ်။ ကျွန်ုပ်ကို အုပ်ချုပ်ကွပ်ကဲတဲ့ အစိမ်းရောင်နတ်ကြီးတစ်ပါးရှိပါသေးတယ်။ အဲဒီနတ်ကြီးညွှန်ကြားတဲ့ နေရာပတ်ဝန်းကျင်ကို ကျွန်ုပ်ရဲ့ အနီရောင်အလုံးကို ပစ်ရပါတယ်။ အနီရောင်အလုံးက သူဘာသာ ပစ်ရမည့်သူကို ရှာဖွေပြီး ပစ်တာပါ။

ကျွန်ုပ် ။ ။ လွန်ခဲ့တဲ့ ၄ နှစ်ခန့်က ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အတွင်းက ရွာတစ်ရွာမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးရှိတဲ့ အိမ်၊ ယောကျ်ားဖြစ်သူက ခရီးလွန်နေ၌ အိမ်နီးချင်းကို အဖော်အနေနဲ့ခေါ်ပြီး အိပ်တဲ့အခါ အဲဒီညမှာ

www.burmeseclassic.com

www.burmeseclassic.com

မိုးကြိုးပစ်တတ်တဲ့ အနီရောင်အလုံးကြီးက အဲဒီအရိုးသမီးအိမ်ရောက်လာတယ်။ အနီရောင်အလုံးကြီးက အိမ်အဝင်ပေါက်ရောက်တော့ အိမ်ထဲမဝင်ဘဲ ပြန်လှည့်ထွက်သွားပြီး မလှမ်းမကမ်းမှာရှိတဲ့ ကုက္ကို ပင်ကြီးကို မိုးကြိုးပစ်သွားတယ်။ အဲဒါ ဘယ်လိုကြောင့်ဖြစ်တာပါလဲ။ အဲဒီအိမ်မှာပစ်ရမည့်သူမရှိလို့ ပြန်လှည့်သွားတာပါလား။

အနီရောင်နတ်ကြီး ။ ။ အဲဒါကျွန်ုပ် ဆောင်ရွက်တာပါ။ အိမ်ထဲမှာ ပစ်ရမည့်သူရှိပါတယ်။ ကိုယ်ဝန်ဆောင်အရိုးသမီးကို ပစ်ရမှာပါ။ ဗိုက်ထဲက ကလေးကြောင့် မပစ်ဘဲ ပြန်လှည့်ထွက်လာတာပါ။ ကလေးက မိုးကြိုးအပစ်ခံရမည့်သူ မဟုတ်ဘူး။ ကလေးကံကြောင့် နောက်ပြန်ဆုတ်လာတာပါ။ ကုက္ကိုပင်ကြီးကို မိုးကြိုးပစ်သင့်သို့ ပစ်လိုက်တာပါ။

ကျွန်ုပ် ။ ။ နတ်ကြီးအနေနဲ့ ဘယ်လို ပုဂ္ဂိုလ်တွေကို မိုးကြိုးပစ်ပါသလဲ။

အနီရောင်နတ်ကြီး ။ ။ မိခင်ကို ကိုယ်ထိလက်ရောက်ကျူးလွန်သူကို မိုးကြိုးပစ်ပါတယ်။

အများပြည်သူသောက်သုံးရန် ရေကန်ကို အများပြည်သူပျက်စီးစေရန် ရည်ရွယ်၍ အဆိပ်ခတ်သူများကို ပစ်ပါတယ်။

အိမ်ခေါင်မိုးတွင် လင်းတန်းလျှင် အဲဒီအိမ်ကို မိုးကြိုးပစ်ဖျက်ဆီးပါတယ်။

ဘုရားစေတီခေါင်းလောင်းပုံ အထက်ပိုင်းတွင် အောက်လမ်းဆရာစီရင်ပြုလုပ်ထားတဲ့ အောက်လမ်းပစ္စည်းများ ဘုရားဌာပနာထဲတွင် ထည့်သွင်းထားလျှင် ဘုရားကို မိုးကြိုးပစ်ပါတယ်။

အနီရောင်နတ်ကြီးပြန်ကြွသွားတဲ့အခါ ကျွန်တော်အာကာသထဲက သူတော်စင်များကို နှိပ်စက်ညှဉ်းပန်းတဲ့ သူများအား မိုးကြိုးလက်နက်နဲ့ ပစ်ခတ်တဲ့ နတ်ကြီးများကိုပင့်လိုက်ပါတယ်။ နတ်ကြီးသုံးပါးကြွရောက်လာတာ တွေ့ရပါတယ်။

ကျွန်ုပ် ။ ။ ယခုကြွရောက်လာတဲ့ နတ်ကြီးသုံးပါးက သူတော်စင်တွေကို နှိပ်စက်ညှဉ်းပန်းတဲ့သူများအား မိုးကြိုးလက်နက်နဲ့ တိုက်ခိုက်တဲ့ နတ်ကြီးများပါလား။

နတ်ကြီးသုံးပါး ။ ။ ဟုတ်ပါတယ်။

ကျွန်ုပ် ။ ။ မည်ကဲ့သို့သော သူတော်စင်တွေကို ခဲ့ဖူးပါသလဲ။

နတ်ကြီးသုံးပါး ။ ။ ဗုဒ္ဓဘာသာဆိုင်ရာ တရားစွမ်းများကို ဟောပြောညွှန်ပြနေတဲ့ ပုဂ္ဂိုလ်များ။ ဗုဒ္ဓရဲ့ ဝိပဿနာတရားတွေကို သင်ကြားပြသနေတဲ့ ရဟန်းသံဃာများ။ တရားပြပုဂ္ဂိုလ်များကို ညှဉ်းပန်းနှိပ်စက်သူများကို မိုးကြိုးလက်နက်နဲ့ ပစ်ခတ်ပါတယ်။ မိုးတိမ်များမရှိတဲ့ ဖန်ခေါင်းပစ်ခတ်နိုင်ပါတယ်။ မိုးကြိုးပစ်သံကြားရပြီး မိုးကြိုးပစ်ခံရသင့်သို့ ခန္ဓာကိုယ်မီးလောင်ကျွမ်းတဲ့ပုံစံနဲ့ သေဆုံးကြပါတယ်။

ကျွန်ုပ် ။ ။ ကျွန်တဲ့သို့ အရေးယူရတဲ့ သူက များပါသလား။

နတ်ကြီးသုံးပါး ။ ။ အရေးယူရတာ နည်းပါတယ်။ သုံးနှစ်လောက်မှ တစ်ခါပဲ အရေးယူရတာရှိပါတယ်။ ကျွန်ုပ်တို့က ဗုဒ္ဓဘာသာနိုင်ငံက သူတော်စင်တွေကို

www.burmeseclassic.com

စောင့်ကြည့်နေပါတယ်။

တရားခွေဟောပြောပြသနေတဲ့ ရဟန်းသံဃာများ၊ တရားပြုပုဂ္ဂိုလ်များကို လူများစုက ဝိုင်းဝန်းမိုစက် ညှဉ်းပန်းနေလျှင် မိုးကြိုးက လူအများကို ပစ်လို့မရပါဘူး။ ဤကဲ့သို့သော ပုဂ္ဂိုလ်များကို ပရလောကသား အပျိုးပျိုရဲ့ နောင့်ယှက်ခြိမ်းခြောက်မှုကို အိပ်မက်လိုလို၊ အာရုံမှာ တကယ်ပြင်ရသလိုခံစားရပြီး စိတ်တွေတုန်လှုပ်ချောက်ချားကာ ကွယ်လွန်စေပါတယ်။

ကျွန်တော် နတ်ကြီးသုံးပါးပြန်ကြွလွှားတဲ့အခါ ဘုရားရှင်ဟူးတော်တွေကို မဖွယ်မရာပြုတဲ့ မိစ္ဆာနတ်တွေကို မိုးကြိုးလက်နက်နဲ့ ပစ်ခတ်နိမ်နင်းတဲ့ အစိမ်းရောင်နတ်ကြီးကို ပင့်လိုက်ပါတယ်။ အစိမ်းရောင်နတ်ကြီးတစ်ပါး ကြွရောက်လာပါတယ်။

ကျွန်ုပ် ။ ။ နတ်ကြီးက ဗုဒ္ဓရုပ်ဟူးတော်တွေကို မဖွယ်မရာပြုလုပ်တဲ့ မိစ္ဆာနတ်များကို မိုးကြိုးလက်နက်နဲ့ ပစ်ခတ်သတ်ဖြတ်တဲ့ နတ်ကြီးပါလား။

အစိမ်းရောင်နတ်ကြီး ။ ။ ဟုတ်ပါတယ်။ အာကာသထဲမှာ သီတင်းသုံးပါတယ်။

ကျွန်ုပ် ။ ။ ဘုရားရုပ်ဟူးတော်တွေကို မိစ္ဆာနတ်တွေက မဖွယ်မရာပြုလုပ်တယ်ဆိုတာ တကယ်ပဲလား။ ဘယ်လို မဖွယ်မရာပြုလုပ်ကြတာလဲ။

အစိမ်းရောင်နတ်ကြီး ။ ။ နတ်တွေက ဗုဒ္ဓဘာသာမဟုတ်တဲ့ နတ်တွေပါ။ ဗုဒ္ဓရုပ်ဟူးတော်တွေကို မရိုမသေမဖွယ်မရာမိုးခုံအောင် လုပ်ပါတယ်။ ဘုရားမွှက်လုံးတော်ကို ဖြိုကြည့်တာပဲ။ နှာခေါင်းတော်ကို ဝိတ်တယ်။ ဦးခေါင်းပေါ်တက်ထိုင်တယ်။ ဘုရားပခုံးပေါ် ခြေတစ်ဖက်တင်ပြီး မတ်တတ်ရပ်ပါတယ်။ မိစ္ဆာနတ်အပျိုးသမီးတွေက ဘုရားတင်ပျဉ်ခွေပေါ်တက်ပြီး ထိုင်တယ်။ မိုးခုံပါပဲ။ ဒါ့အပြင် ဘုရားစေတီ၊ ထီးတော်ပေါ်တက်ပြီး နတ်မိစ္ဆာအကြင်လင်မယားအတူဖက်ပြီး အဝေးကို ကြည့်ရတဲ့ ရွှေမျှော်ခင်းကို အရောသခံကြည့်ရှုတာလဲ ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ မိုးကြိုးလက်နက်ကို ဖန်ဆင်းပြီး အဝေးကနေ ပစ်ခတ်ပါတယ်။ မိုးကြိုးပစ်သံ အဂိုင်းပဲ ကြားရပါတယ်။ အဲဒီနတ်တွေလည်း မိုးကြိုးထိမှန်ပြီး သေဆုံးကုန်ပါတယ်။ နတ်မိစ္ဆာ သုံးဆယ်၊ လေးဆယ်လောက်အထိ သေဆုံးပါတယ်။

အစိမ်းရောင်နတ်ကြီးလည်း ကျွန်ုပ်မေးမြန်းရန် မရှိတော့တဲ့အတွက် ပြန်ကြွသွားပါပြီ။

ကျွန်တော်တို့ တစ်တွေက မိုးကြိုးပစ်တယ်ဆိုတာ လျှပ်စစ်စာတွေ စုပေါင်းမြှင့်မားပြီး လျှပ်စစ်ဓာတ်အားတွေများလာတဲ့အခါ ဖြစ်ပေါ်တဲ့ လျှပ်စစ်မိုးကြိုးလို့ နားလည်ခဲ့ကြပါတယ်။ တကယ်တော့ မိုးကြိုးပစ်ခြင်းရဲ့ နောက်ကွယ်မှာ အဓိပ္ပာယ်မျိုးစုံ၊ အကြောင်းချင်းရာမျိုးစုံ ရှိနေပါတယ်။ ရဟန်း သံဃာ၊ မိဘ၊ တရားဟော၊ တရားပြပုဂ္ဂိုလ်များကို မပြစ်မှားမိကြဖို့ သတိပေးတင်ပြလိုက်ပါတယ်။

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ။

ဆရာဝင်း (သာကီနွယ်)

www.burmeseclassic.com

ပြုံးပန်းတစ်ရာတပေမှ ဖြန့်ချိနေပါသည်။

ဆရာဝင်း (သာကီနွယ်)

ကမ္ဘာရဆိုင်ရာ

စာပေပန်းများ

အမှတ်စဉ် (၁)

တာအုပ်ဟုကြားရုံ - ငနီပြတိပြတိဝင်း၊ တိုက် (၃၁၃)၊ အခန်း (၉)၊
ရုံနေအောင်လမ်းသွယ် (၃)၊ ရန်ကင်းမြို့နယ်။ ဖုန်း - ၀၁ - ၅၅၉၆၃၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပျိုဒိုးလုပ် ဒိုးကပ္ပာ

ဘိုဘို(ရွှေဂံကျ)

www.burmeseclassic.com

www.burmeseclassic.com

"ငယ်ငယ်တုန်းက မင်းတို့ ဘကြီးဟာ လူချောပေါ့ကွယ်။ ကြိုက်သူတွေလည်း ဝိုင်းဝိုင်းလည်ပြီး အတော်ပွေခဲ့တာပေါ့။ အမေနဲ့က အကြီးဆုံးနဲ့ အငယ်ဆုံးဆိုတော့ ၁၀ နှစ်ကျော်တောင် ကွာတာလေ။ အမေရွာထဲသွားရင် မင်းဘကြီးမျက်နှာနဲ့ သူကြိုက်တဲ့ အပျိုတွေက အမေ့ကို ရေချိုးပေးကြ၊ သနပ်ခါးလိမ်းပေးကြ၊ မုန့်ပေးကြ၊ ပန်းပေးကြနဲ့ပေါ့"

"ဟုတ်ရဲ့လား အမေရာ။ အခုဖြင့် ဘကြီးက ကတုံးကြီးနဲ့ မျက်ခမ်းကလည်း စပ်သေး"

"သြော်...ဒါကတော့ အသက်ကြီးသွားတာရယ်။ ရောဂါတွေ ဖြစ်နေတာကြောင့်ရယ်မို့ပါ"

"အဲဒီလိုဆို ဘကြီးက ပွေတယ်ဆိုတာ ဘယ်လိုတုန်း။ ကျွန်တော့်ကို ပြောပြပါဦး"

"ပွေတယ်ဆိုတာ မျက်နှာများ ငါ့ သမ္မာမရိတာကို ပြောတာကွဲ့"

"သမ္မာမရိတာ မျက်နှာများတယ် ဆိုတာ ဘာကိုပြောတာလဲ"

"အဲဒါတွေကို မင်းနားလည်မှာ မဟုတ်ဘူး။ "အဲဒီတော့ မင်းဘကြီးရဲ့ ဇာတ်လမ်းတစ်ပုဒ်ကိုပဲ ပြောပြမယ်"

ကျွန်တော်တို့ မြို့သာယာတွင် နွေရာသီအခါများတွင် ညအခါများ၌ အိမ်ရှေ့မြေကွက်လပ်များတွင် ခုတင်တန်းလျားများခင်း၍လည်းကောင်း၊ စင်ထိုး၍လည်းကောင်း ညဉ့်ဦးပိုင်းတွင် လဲလျောင်း၍ လေညှင်းခံလေ့ရှိပါသည်။ အချို့ကာလသားများက မနက်မိုးလင်းသည်အထိ ကွင်းပြင်မှာပင် အိပ်ကြပြီး ကလေးငယ်များနှင့် မိန်းမသားများကသာ ညဉ့်နက်လျှင် အိမ်ထဲသို့ ဝင်အိပ်ကြခြင်း ရှိပါသည်။

ယခုလည်း ကျွန်တော်တို့သားအမိ လရောင်အောက်၌ လေညှင်းခံနေရင်း စကားပြောနေကြခြင်းဖြစ်ပါသည်။ ထိုခေတ်အနေအထားအရ ကျွန်တော်သည် ၆ နှစ်ခန့်ရှိပြီဖြစ်သော်လည်း သူငယ်တန်းသို့ စတင်တက်ရောက်ခါစ မျှသာရှိပါသေးသည်။ အမေသည် ညစဉ် ပုံပြင်များ ပြောခဲ့ရာမှ ပြောစရာပုံပြင်များ ကုန်ပြီဖြစ်သောကြောင့် ရွာမှလူများအကြောင်း ပြောပြနေခြင်းဖြစ်ပါသည်။

အမေပြောပြသော ဘကြီးဦးကံတင်၏ ဇာတ်လမ်းမှာ -

ကျွန်တော်တို့ အရှေ့မြို့သာယာရွာ၏ ပြောက်ဖျားတွင် မဖွားဆိုသော မိန်းကလေးရှိသည်။ ထိုမိန်းကလေးသည် လူကြီးမိဘကို ရိုသေပြီး လိမ္မာရေးခြားရှိပါသည်။ အရုက်၊ အကြောက် ကြီးမားပြီး ဣန္ဒြေသိက္ခာရှိလှပါသည်။ ငယ်စဉ်အရွယ်မှာပင် ဖခင်ကွယ်လွန်သွားခဲ့၍ မိခင်နှင့်သာ နေထိုင်ကြီးပြင်းရကျပြီး ဖိုင်း၊ ချည်း၊ ရက်ကန်း လုပ်ငန်းများ၊ ပဲနှံ၊ ပေါင်းသင်၊ ဝါကောက်စသော လုပ်ငန်းတို့ဖြင့် လုပ်ကိုင်စားသောက်ကြရရာ ဆင်းရဲနွမ်းပါးလှပါသည်။ သို့သော် မဖွားသည် ထူးထူးခြားခြား ဖြူဖြူပုပုကလေးဖြင့် အလွန်လှသော မိန်းကလေးဖြစ်ပါသည်။

ထို့ကြောင့် မြို့သာယာအရှေ့ရွာတွင် မဖွားကို ကြိုက်သောကာလသားတို့ အများအပြားပင်ရှိပါသည်။ သို့သော်

www.burmeseclassic.com

ကြိုးပြင်းခဲ့ရသူလေးဖြစ်၍ မဖွားက စာနာစိတ်နှင့် တောလုပ်ငန်းမသွားရသော နေ့များဆိုလျှင် မကောင်းလေးကို အိမ်မှာခေါ်ထားပြီး ကျွေးမွေးပြုစုပေးလေ့ရှိပါသည်။

ဒေါ်လှမြိုင်သည် လည်း မကောင်းလေး၏ အဖေ အုန်း (ဦးကြီး) ပေါ်ကို ခင်မင်လေးစားရင်းရှိပြီးဖြစ်၍ မဖွားမှ မကောင်းလေးကို ခေါ်ယူထားရှိသော ကိစ္စတွင် ပြဿနာမရှိပါချေ။ ကိုကံတင်တို့အိမ်သို့ မကောင်းလေး အကြောင်းပြု၍ မဖွားသည်ရောက်ရှိလာရသကဲ့သို့ ကိုကံတင်သည်လည်း နမလေး မကောင်းအကြောင်းပြု၍ မဖွားတို့အိမ်သို့ မကြာမကြာ ရောက်ဖြစ်နေခဲ့ပါသည်။

တကယ်တော့ မဖွားသည်လည်း ပုထုဇဉ်သာမန် မိန်းကလေးတစ်ဦးမျှဖြစ်ရာ အရွယ်ရောက်လာသည်နှင့် လောကသဘာဝမွေတာ သဘောအရ ဆန့်ကျင်ဘက် ယောကျ်ားသားများနှင့် ပတ်သက်သောရင်ခုန်လှုပ်ရှားမှုတို့ ပြင်ပေါ်

သယ်ရပ်လျက် နေချင်စဖွယ်ကလေးဖြစ်နေပါသည်။ ခြံစည်ရိုးကိုလည်း ထန်းပလက် (ထန်းလက်) တို့ဖြင့် သပ်ရပ်စွာကာရံထား၍ ရွာက်လှန်၊ ငွန်ရုံ၊ စံပယ်ရံတို့လည်း စိုက်ပျိုးထားပြန်ရာ မဖွားတို့ အိမ်ကလေးကို အလေးက မြင်ရသည်မှာပင် သာယာလှပ၍ နေပါ၏။

ထိုအခါ မဖွား၏ ဂုဏ်သတင်းမှာ မြို့သာယာအတွင်း၌ ပျံ့သင်းလျက်ရှိ၍ မဖွားကို ချွေးမတော်လိုသူတို့လည်း များပြားလှပါသည်။ သို့သော် ဆိုခဲ့သည့်အတိုင်း ဒေါ်လှမြိုင်ကို ကြောက်ရွံ့ကြ၍ သာရှင် မိတများကလည်း စကားမစပဲတဲ့ ရှိနေပါသည်။

ထိုအထဲတွင်မှ ကိုကံတင်သည် ကံထူးသူဟုဆိုရပေမည်။ မဖွားသည်လည်း ကိုကံတင်၏ နမကလေး မကောင်းလေးကို အလွန်ချစ်၏။ မကောင်းလေးသည် ဖွေးဖွေးတုတ်တုတ်နှင့် ချစ်စရာကောင်းလှပြီး ၃ လသမီး အရွယ်မှာပင် မိခင်ကွယ်လွန်ခဲ့ရပြီး မိတဆိုးလေး အဖြစ် အဖေနှင့်အစ်ကိုများအကြား

မဖွား၏ မိခင် ဒေါ်လှ
လှုံကြွယ်ကြမ်းရိုသောကြော
ကာလသားမျှ အနာ
ဒေါ်လှမြိုင်သည် ငယ်ငယ်ရွယ်ရွယ်
မုဆိုးမလေးဖြစ်ခဲ့ရသောကြောင့် ကျွဲသို့
နွားကြမ်း လှုံကြွမ်းမရိုရှိလည်း မဖြစ်
ပေ။ မွေးထားသည်က သမီးလေးဖြစ်နေ
ပြန်ရာ မျက်နှာထားတင်းတင်းနှင့် အနေ
ကညိုနိုင်မှ တော်ကာကျပေမည်ကို။

မဖွားသည် ရုပ်ကလေးကလှ
ပြီး လိမ္မာရေးခြားရိုရှံသာ မဟုတ်ပါ။ ပရိတ်
လျှင်လည်း ရေဆုံးမှ၊ ပေါင်းသင်လျှင်
လည်း ရေဆုံးမှ ငန်းပြတ်ပြီး ပြန်လိုက်
စရာမလိုအောင် သေသပ်လှပါ၏။ ဝိုင်းဝင်
ရာတွင်လည်း ချည်ချောပြီး ရက်ကန်း
ရက်ရာတွင်လည်း ဖျင်ချောနှင့် အသစ်
ဆန်းများ ရက်လုပ်နိုင်၏။ အိမ်မှုကိစ္စများ
ကိုလည်း နိုင်နင်းလုပ်ပြီးပြီး အသန့်အပြန့်
ကြိုက်၏။

ထို့ကြောင့် မဖွားတို့အိမ်ကလေး
မှာ ၃ ပင် ၂ ခန်း ဝါးထရံကာ ထန်ရွက်
မိုးကလေးပင်ဖြစ်သော်လည်း သန့်ရှင်း

www.burmeseclassic.com

နေခဲ့သည်သာ။ သို့သော်လည်း မိမိတို့ သားအမိ၏ အနေတည်တံ့မှုကြောင့် မည်သူမှ မစလာခဲ့ကြခြင်းဖြစ်သည့်အပြင် မည်သည့်သူစိမ်း ယောကျ်ားလေးများနှင့်မှ ခင်ခင်မင်မင်အရောတဝင် နေထိုင်ခဲ့ဖူး ခြင်းမရှိသော အဖြူထည်သက်သက် အရိုင်းပန်းကလေးမှသာဖြစ်ရာ ကိုကံတင်၏ ချောမောသော ရုပ်ရည်၊ ဖော်ရွေသော အပြုံး၊ ချိုသာသော စကားသံတို့အပေါ်၌ သာယာတိမ်ညွှတ်မိလာကာ တိတ်တခိုး သံယောဇဉ်တို့ ပြိတ္ထုယ်၍ လာနေမိပါ၏။

ကိုကံတင်သည် မဖွားထက် ၅ နှစ်မျှ အသက်ကြီးသည့်အပြင် ရည်းစား များသူဖြစ်ရာ မိန်းကလေးတို့၏ သဘော သဘာဝကို သိရှိပြီးသားဖြစ်ပါ၏။ ထို့အပြင် မဖွားသည် အရိုင်းပန်းကလေးမှသာရှိနေ သေးရာ မူယာ၊ မာယာတို့ မတတ်သေး အတွင်းသဘောကို အလွယ်တကူ သိမြင် သွားပါ၏။

ကိုကံတင်သည် မဖွားမှာ ငယ် သည်။ လှသည်။ အစစ အရာရာ လိမ္မာ ရေးခြားရှိသည်။ လုပ်ငန်းတော်သည် ထို့ကြောင့် အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရန် အသင့်တော်ဆုံး မိန်းကလေး ဟု လက်ခံထားရှိပါ၏။ သို့သော် ကိုကံ တင်သည် မဖွားကို အတည်တကျ



www.burmeseclassic.com

www.burmeseclassic.com

ကိုကံတင်၏ ပျက်သွားသော အမူအရာ
ကိုပင် ဝမ်းသာလွန်း၍ အံ့အားသင့်သွား
သည်ဟု ထင်မှတ်ပြီး "ကိုလေးက မဖွား
ကို သတ္တိမရှိဘူး ထင်နေတာလား။ မယုံ
လို့လား။ မဖွား စောင့်နေမယ်နော်။ အစ်ကို
လေးသာ လာဖြစ်အောင်လာခဲ့"

"အေး···အေးပါ။ ငါ···ငါ
လာဖြစ်အောင် လာခဲ့ပါ့မယ်ဟာ"

ကိုကံတင်သည် အထစ်ထစ်
အငေါ့ငေါ့ဖြင့် ကတိပေးလိုက်ရသော်
လည်း အတော်စိတ်ညစ်သွားသည်။ မိမိက
ပေါ့ပေါ့တန်ဖိုးထင်မှတ်၍ လက်တည့်
စမ်းလိုက်ခြင်းမျှသာဖြစ်သော်လည်း
တစ်ဖက်သားကမူ တကယ်ထင်မှတ်၍
အလေးအနက်ထားကာ ဆုံးဖြတ်ချက်ပင်
ချပြီးနေပေပြီ။ ဤကိစ္စ မည်သို့ဖြေရှင်းရ
ပါမည်နည်း။ မတွေးတတ်အောင်ရှိကာ
စိတ်မောကိုယ်မောဖြစ်နေမိသည်။

တစ်နေ့တာ အချိန်တို့မှာ
လျှောပြန်တိုတောင်းစွာ ကုန်လွန်သွားပါ၏။
ဤသို့ဖြင့် မောင်ရီပို့စ အချိန်သို့ရောက်
ရှိလာပေပြီ။ မဖွားသည် နေ့ခင်း ခေါင်မ

တစ်နေ့တွင် မဖွားသည် အထုပ်
အပိုးများပြင်၍ ကိုကံတင်နှင့် ထွက်ပြေး
ရန် ဆုံးဖြတ်လိုက်ပါသည်။ ယခင်နေများ
ကလည်း မိမိအား လွှဲကြီးဝဲရာနှင့် လာ
ရောက်တောင်းရမ်းရန် ကိုကံတင်ကို
အကြိမ်ကြိမ် ပူဆာမိသော်လည်း ကိုကံ
တင်သည် အကြောင်းအမျိုးမျိုးပြကာ
အချိန်ဆွဲနေခဲ့ရာ ထိုသို့လာရောက်တောင်း
ရမ်းရန် ကိုကံတင်မှာ အခက်အခဲများရှိ
နေလိမ့်မည်ဟု တွေးမိပြီး မိမိကို တကယ်
မချစ်လို့ဟူ၍ နည်းနည်းကလေးမှ မစဉ်း
စားမိ။ အရိုးခံမလေးဖြစ်ရာ ကိုကံတင်
အား အကြွင်းမဲ့ယုံကြည်ထားရှိပြီးဖြစ်ပါ၏။
ကိုကံတင်မှလည်း မဖွားကို တကယ်ချစ်
ပါသည်။ အတူနေချင်လှပါသည်ဟု
အကြိမ်ကြိမ်ပြောကြားခဲ့သည်ကို။

ထို့ကြောင့် ယနေ့ည ရွာမြောက်
ဘက်တောစပ်ရေတွင်းနားမှ စောင့်မည်။
ကိုကံတင်လာခဲ့ပါ။ ကိုကံတင်နှင့် ခိုးရာ
လိုက်တော့မည်ဟု ကိုကံတင်ကို ပြော
ကြားရာ ကိုကံတင် အကြီးအကျယ်
တုန်လှုပ်ထိတ်လန့်သွားခဲ့သည်။ မဖွားသည်

လက်ထပ်ထိမ်းမြားပေါင်းသင်းလောက်
အောင်တော့ စိတ်တွင် မဖြစ်ပေါ်မိပါ။
အပျော်သဘောမျှသာ ရည်ရွယ်မိပါ၏။
ကိုကံတင်တွင် လက်ထပ်ရန် အသင့်
တော်ဆုံး တောင်သူကြီး (ယာမြေများစွာ
ပိုင်ဆိုင်သူ) တစ်ယောက်၏ ဥစ္စာပေါ
ရုပ်ချောသမီးတစ်ဦးနှင့် ရည်ငံနေပြီးဖြစ်
သောကြောင့် ထိုအမျိုးသမီးနှင့်သာ
လက်ထပ်ရန် ရည်ရွယ်ထားပြီးဖြစ်ပါသည်။

အရိုင်းပန်းကလေး တစ်ပွင့်မျှ
သာဖြစ်သော မဖွားမှာမူ မြင်ပါတွေ့ပါများ
သောအခါတွင် ကိုကံတင်အပေါ်၌ တိမ်း
ညွတ်၍ လာမိပါ၏။ ထိုအခါ ကိုကံတင်
သည် အလွယ်တကူပင် ဆွတ်ချူလိုက်ပါ
၏။ သို့သော်လည်း ကိုကံတင်သည် မဖွား
အပေါ်တွင် သစ္စာစောင့်သိခဲ့ပါ၏။ မဖွား
အား တဝကို ထိခိုက်နစ်နာစေသည့်အထိ
တော့ မပြုမူခဲ့ပါ။ မဖွားကတော့ အရိုးခံ
ဖြစ်၍ ကိုကံတင်၏ သဘောထားအမှန်ကို
မစောကြာမီဘဲ မိမိနှင့်ထပ်တူထပ်မျှဖြစ်
မည်ဟု ယုံကြည်ကာ မေ့ဖျောက်မရ
အောင် စွဲလမ်းနေမိပါတော့သည်။

www.burmeseclassic.com

ထစ်ချိန်တွင် အထုပ်ယူ၍ ရွာစည်းရိုး တစ်နေရာတွင် ဖွက်ထားပြီးခဲ့ပြီ။

"အမေ…သမီး အေးသင်တို့ အိမ် ပါကြိတ်သွားလိုက်ဦးမယ်နော်"

"အေး…အေး ဓ နာရီထက် တော့ မကျော်စေနဲ့ပေါ့အေ"

"ဟုတ်ကဲ့ပါ အမေ"

အိမ်အပြင်သို့ရောက်သော် မဖွား သည် အမေအား ဦးချကန်တော့ပြီး "သမီး မိုက်ကို ခွင့်လွှတ်ပါ" ဟု စိတ်ထဲမှ တောင်းပန်မိ၏။ သမီးလိမ္မာဟု ယုံကြည်ထား၍ အေးလုပြောင်မှာမှု မည်သို့မျှ သံသယမဝင်ဘဲ အိမ်တွင်ကျန်ရစ်ရှာပါ၏။

ထိုနေ့ညနေတွင် ကိုကံတင်မာမှ စိတ်ညစ်၍ ကပ်ပွတ်သန်းအောင်၏ ထန်းတဲသို့ရောက်ရှိကာ တစ်ယောက်တည်း ထန်းရည်သုံးပြွန်သောက်ပစ်လိုက်၍ အမူးလွန်ကာ အရှုပ်ကြိန်ပြတ် ခေါင်းပင်မထူနိုင်တော့၍ ကပ်ပွတ်သန်းအောင်မှ နွားလှည်းဖြင့် ငှဲးအိမ်သို့ ပို့ဆောင်ပေးလိုက်ရပါ၏။

မဖွား ရွာအပြင်သို့ရောက်ချိန်၌ အလင်းရောင် အနည်းငယ်ကျန်ရှိနေပါသေး၏။ ရွာစည်းရိုးဘက်သို့ ကိုကံတင် အလာကိုသာ စောင့်မျှော်၍နေရှာပါသည်။ အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလာနေပါ၏။ နဂိုက ကိုကံတင်သည် မိမိထက် အရင်ရောက်နေလိမ့်မည်။ သို့မဟုတ် ညဉ့်မနှောင်မီ ရောက်လာလိမ့်မည်ဟု ထင်မှတ်ထားခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ညအချိန်တွင် တောထဲ မနေဖူးပါ။ အားငယ်စိတ်တို့နှင့်အတူ ကြောက်စိတ်တို့ ပြွမ်ပေါ်လာမိပါသည်။ လဆန်း ၅ ရက် လခြမ်းကွေးလေး၏ အလင်းရောင်ကလေးရှိနေ၍ တော်ပါသေး၏။ လရောင်မှုန်အောက်တွင် သစ်ပင်နှင့် ခြုံပုတ်တို့သည် လူပ်ရှားလာသယောင်ထင်ရ၏။ ရွာထဲမှ လူသံ သူသံ ခွေးဟောင်သံတို့က အားရှိစေပါ၏။ ရွာထဲသို့ ပြန်ပြေးရကောင်းမလား။ အို မဖြစ်သေးပါဘူး။ အစ်ကိုလေးရောက်လာရင် လွဲသွားမှာ စိုးရတယ်။ လာလုပ်ပြီးလေဟု အားတင်းကာ ဆက်စောင့်နေမိသည်။

မဖွားသည် ရောင့်နှတ်ခမ်းကို မိုပြီး ပတ်ဝန်းကျင်ကို မလွတ်တမ်းလှည့် ပတ်ကြည့်လိုက် ရွာစည်းရိုးဘက်ကြည့်လိုက်ဖြင့် ကြောက်စိတ်တို့ ကြီးစိုးခဲ့လာပါတော့သည်။ လခြမ်းကွေးကွေးကလေးလည်း အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ တဖြည်းဖြည်း နိမ့်လျောကျနေပြီဖြစ်ပါ၏။ ကြောက်စိတ်တို့ဖြင့် ရင်တို့တဒိန်းဒိန်းခုန်ကာ တောရွေးများ ပြန်လျောက်ရှိ၏။

မကြာမီ ဂါတ်တန်းကင်းတဲမှ သံချောင်းခေါက်သံ ၉ ချက်ထွက်ပေါ်လာပါသည်။ အခုလောက်ဆို အမေသိလောက်ပြီ၊ သမီးပျောက်၍ အိမ်းတောက်အောင် ရှာဖွေပေတော့မည်၊ မှန်ပါသည်။ မိမိတို့ရပ်ဆီမှ ခွေးဟောင်သံတို့ ထွက်ပေါ်လာပါသည်။ တကယ်တော့ ဤရောတွင်းကလေးမှာ ရွာနှင့်တစ်ဖာလုံးသာမျှသာ ကွာဝေးရာ ညအခါ၌ ရွာထဲမှ အသံပလံများကို အတိုင်းသားကြားနေရပါသည်။

ယခုဆိုလျှင် ရွာထဲမှာ မိမိ ပျော်ဆုံးသည့်သတင်း ပျံ့သွားလောက်ပေပြီ။ ထိုသတင်းကို အစ်ကိုလေးကြားလျှင် မိမိထံ အပြေးရောက်လာပေတော့မည်။

www.burmeseclassic.com

သို့သော် ရောက်မလာခဲ့ပါ။ လလည်း ဝင်သွားပြီနောက် တစ်လေးကလုံး မှောင်မဲသွားပါတော့၏။ မိမိအား ရွာထဲ၌လုည်ပတ်ရှာနေကြပြီး တစ်ရွာလုံး ခွေးများဆူလျက်ရှိပါသည်။ နောက်ဆုံးတွင်တော့ ခွေးသံလူသံများ တိတ်ဆိတ်ငြိမ် က်သွားပါသည်။ အမေသည် မိမိအတွက် စိတ်ပူ၍ မည်မျှ ငိုကြွေးနေပါမည်လဲ။ မိမိရွာသို့ ပြန်ရမည်လော၊ အစ်ကိုလေးလာဦးမည်လော။

မိမိရွာထဲသို့ မပြန်ရဲတော့ပါ။ ရေတွင်းကို ကျောမိုပြီး ကုပ်ကုပ်ကလေး ထိုင်နေမိပါ၏။ ကြောက်စိတ်နှင့် ရှက်စိတ်တို့ ရောထွေးလျက် တသိမ့်သိမ့်ငိုကြွေးနေမိပါတော့သည်။ အချိန်သည် ကုန်ခဲလှပါ၏။ ညတာသည် ရှည်လွန်းလှပါ၏။ နောက်နေ့မနက် ရွာပြန်သွားလျှင်လည်း မိမိသည် အရှက်ကြီးရှက်ရပေတော့မည်။ ထိုသို့ဖြင့် နာရီသံချောင်းသံတို့ကိုပင် အားပြု၍နေရရှာပါ၏။ ၁၅ မိနစ်လျှင် တစ်မောင်းဟုသတ်မှတ်ပြီး သုံချောင်း တစ်ချက်ခေါက်လေ့ရှိ၍ နာရီသံချောင်း ခေါက်သော ရဲသားသည် မအိပ်ပါ။ ထိုလူကိုပင် မိမိအနားမှာ ရှိနေသရောင် စိတ်အားတင်း၍နေခဲ့ရာ နောက်ပိုင်းတွင် ကြောက်စိတ်တို့ လျော့ပါးလာလျက် နေရဲ၍ လာခဲ့ပါသည်။

ထိုသို့ဖြင့် မနက်မိုးလင်းခဲ့ရသည်။ ထိုစဉ် ရွာထဲမှ ဦးစံပြည့်ကြီး စောစောစီးစီးရေထမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရ၍ ထိတ်လန့်သွားမိသည်။ မိမိဘာလုပ်ရမည်နည်း။ အမေကိုလည်း မျက်နှာမပြရဲတော့ပါ။ ရွာထဲက လူတွေကိုလည်း မျက်နှာမပြရဲတော့ပါ။ မိမိအား လိမ်ညာ၍ သစ္စာကတိပျက်ယွင်းခဲ့သော အစ်ကိုလေးကိုလည်း မတွေ့ဆုံလိုတော့



www.burmeseclassic.com

ပါ။ စိတ်နာရွဲ ရွာမုန်းတီးလုပါ၏။ အကောင်းဆုံးကတော့ လူ့လောကမှ ထွက်ခွာသွားခြင်းသာ ဖြစ်ပါမည်ဟု ဆုံးဖြတ်ပြီး ရေတွင်းထဲသို့ ခုန်ချလိုက်ပါတော့သည်။ ထိုနေရာအရောက်တွင် အမေသည် ခေတ္တရပ်နားလိုက်ရာ...

"အမေရော...မွှားက တကယ် သနားစရာကောင်းလိုက်တာ။ ဘကြီးကတော့ တော်တော်ဆိုးတယ်မျှနော်"

"ဟုတ်တာပေါ့ကွာ။ ဦးစံပြည့်ကြီးရောက်သွားတော့ ရေတွင်းနားမှာ မွှားရဲ့ အဝတ်ထုပ်လေးနှင့် ဖိနပ်ကိုတွေ့ရတာနှင့် ရေတွင်းထဲ ငုံကြည့်လိုက်တော့ ရေတွေလှုပ်နေတုန်းပဲတဲ့။ သူလည်း ဒါ မွှားဆိုတာ အတတ်သိလိုက်ပြီလေ။ ဒါကြောင့် ရွာထဲပြန်ပြေးပြီး လူတွေခေါ်လာပြီး ရေတွင်းထဲကနေ စောင်ပုခက်နှင့် မွှားကို ဆွဲတင်ကြရတယ်။ မွှားက အသက်မရှိတော့ဘူး။ အဲဒါကြောင့် အဲဒီရေတွင်းဟာ မွှားတွင်းဆိုပြီး အခုထိ နာမည်တွင် နေခဲ့တာပေါ့"

"အဲဒါဆို ဘကြီးကြောင့် မွှား သေရတာဆိုတော့ ဘကြီးမှာ ငရဲကြီးမှာ ပေါ့"

"မင်းဘကြီးလည်း ငရဲကြီး မယ်။ လက်တွေ့ဘဝမှာတော့ မွှားဟာ ကိုယ့်ကိုကိုယ် သတ်သေတဲ့အတွက် အဖန်ငါးရာ ငါးကမ္ဘာ ခံရတော့တာပဲ"

"ဟင့်...အဲဒါကို အမေက ဘယ်လိုသိလဲမျှ"

"အဖန်ငါးရာဆိုတာ ကိုယ့်ကို ကိုယ်သတ်သေတဲ့လူက နောက်ဘဝ လည်း လူပြန်ဖြစ်ရတယ်။ အရင်ဘဝက အရွယ်ရောက်ရင် အရင်ဘဝကလိုပဲ ပြန်ပြီးသေရတယ်။ အလွန်ကြောက်စရာကောင်းတာပေါ့ကွာ။ မင်းဘကြီးကမှ တစ်ခါပဲ ငရဲခံပြီးလွတ်မယ်။ မွှားကတော့ ငါးကမ္ဘာတိုင် အဲဒီလိုပဲ ခံရမှာ"

"အဲဒါကို ထပ်ပြီးရှင်းအောင် ပြောပြပါဦး အမေရာ"

"ဒီလိုကွဲ...မွှားဟာ မကြာခင်မှာပဲ ဘကြီးရိန်ရဲ့ သားလာဖြစ်တယ်။ မင်းဘကြီးကို စွဲလမ်းတဲ့စိတ်ကြောင့် ဒီဘဝမှာ ယောကျ်ားလေးဖြစ်ချင်ပြီး တို့အိမ်အနီး လာဝင်စားတာ။ ငယ်ငယ်တုန်းကဆို မပွားဝင်စားတဲ့ မောင်ပိုင်လေးဟာ မင်းဘကြီးမြင်တာနှင့် ဝိုတော့တာပဲ။ နည်းနည်းလေးကြီးလာတော့ မင်းဘကြီးတွေ့ရင် ခဲနှင့်ထုတယ်။ တုတ်နှင့်ရိုက်တယ်။ ၇ နှစ်၊ ၈ နှစ်ကျော်လောက်မှ အတိတ်ဘဝကို တဖြည်းဖြည်းမေ့သွားပြီး မင်းဘကြီးကို ဘာမှမလုပ်တော့တာ။ ငယ်ငယ်တုန်းကဆို သူ့ရဲ့အရင်ဘဝက အမေခေါ်လို့မြင်ကိုပဲ အမေခေါ်ပြီး အဲဒီမှာနေတာက များတယ်"

"ဒါဆို အဲဒီမောင်ပိုင်က နောက်တော့ ဘာဖြစ်သွားသလဲဟင်"

"အေးပေါ့ကွာ...။ သူမိတ်တွေလည်း အရွယ်လေးရောက်လာတော့ ရေတွင်းပေါ်မတက်ဖို့ အမြဲသတိပေးခဲ့တာပေါ့။ ဒါနှင့် မောင်ပိုင်လည်း အသက် ၂၀ ကျော်လာတော့ အရင်ဘဝက အရွယ်ကို ကျော်ခဲ့ပြီမို့ သူမိတ်တွေလည်း နည်းနည်းတော့ စိတ်အေးသွားတာပေါ့ကွာ။ အဲဒီအချိန်မှာ တောင်ဘက်ပိုင်းက ဦးတင်လှိုင်တို့က ကားထောင်လိုက်တယ်၊ အိမ်

www.burmeseclassic.com

နီးချင်းဆိုတော့ အဲဒီကားကို အပျော်စပယ်ယာလိုက်နေခဲ့ရာက တစ်နေ့မှာ တံတားဦးကို ကားနှင့်ပါသွားပြီး ကားနားချိန် မြစ်ကို ရေသွားချိုးတာ ရေနစ်ပြီး ဆုံးသွားခဲ့ရတယ်"

"ဒါဆို အတော်ကို ကြောက်စရာကောင်းတာပဲ။ နောက်ပြီးတော့ လူ့ဘဝ၊ ထပ်ရောက်သေးလား"

"ရောက်သေးတာပေါ့။ အတော်ကို ထူးဆန်းတယ်။ မောင်ဝိုင်သေပြီးတာနဲ့ မကြာခင်မှာပဲ ထပ်ဝင်စားပြန်တယ်။ ဒီဘဝ အမေတော်မည့်သူကို အိပ်မက်ပေးတော့တာပဲ။ သူတို့လည်း မမွေးခင်ကတည်းက မောင်ဝိုင်ဝင်စားမှန်းသိနေတော့ ဒီကလေးအတွက် ရတက်မအေးကြရဘူးပေါ့။ တကယ်ပါပဲ။ အဲဒီကလေးမွေးလာပြီး လူမှန်းသိတတ်တဲ့ အချိန်ကစပြီး ဘကြီးဂျိန်တို့ အိမ်ပို့ခိုင်းတော့တာပဲ။ အဲဒီမှာပဲ တစ်နေကုန်နေတော့တာ ညမှပဲ အခုဘဝ အဖေ အမေတွေဆီ ပြန်အိပ်တယ်"

"လူဝင်စားတွေက တကယ်ဆန်းတာပဲနော်"

"အခု အဲဒီကလေးက မင်းတို့ အရွယ်လောက်ရှိနေလို့ ငယ်ငယ်တုန်းကလို အမြဲမနေတော့ပေမဲ့ တစ်နေ့တစ်ခေါက်တော့ လာနေတုန်းပဲကွ"

ထိုညက အမေပြောသောစကားလမ်းမှာ ထိုမျှနှင့် ပြီးဆုံးသွားခဲ့ပါသည်။ ထိုနောက် အချိန်တို့လည်း ရွေ့လျားပြောင်းလဲကုန်ဆုံး၍လာခဲ့ရာ ကျွန်တော်သည်ပင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့သို့ တဖြည်းဖြည်း ရောက်ရှိ၍ လာခဲ့ပါသည်။

မောင်ဝိုင် ဝင်စားသူမှာလည်း တခြားသူမဟုတ်ပါ။ ကျွန်တော်နှင့် တစ်တန်းတည်း သူငယ်ချင်း ထွန်းလှအောင် ဖြစ်နေပါ၏။ ဤနေရာတွင် စိတ်နေစိတ်ထားမှ ကဲတရားအဖြစ် ပြောင်းလဲပုံကိုလည်း တွေ့မြင်နိုင်ပေသည်။ မဖွားဘဝသည် ဆင်းရဲပါ၏။ သို့သော် စိတ်ထားကောင်းမွန်သောကြောင့် မောင်ဝိုင်ဘဝတွင် တောင်သူကြီးအိမ်တွင် လူလာဖြစ်ရ၍ ပြည့်ပြည့်စုံစုံနေထိုင်ရသော်လည်း အတိတ်ဘဝအကုသိုလ် အကျိုးဆက်ကြောင့် ရေနစ်၍ သေဆုံးရပါ၏။ မောင်ဝိုင် ဘဝတွင်လည်း စိတ်ထားကောင်းမွန်ခဲ့သောကြောင့် ယခု ထွန်းလှအောင် ဘဝတွင် မြို့ကြီးသာယာ၌ သူဌေးတန်းဝင် မိသားစုတွင် လူဖြစ်လာရပါ၏။

ထို့ကြောင့် ကုသိုလ်၊ အကုသိုလ်တို့သည် ချက်ချင်းလက်ငင်း အကျိုးပေးတတ်သည်ဖြစ်၍ မှတ်သားလိုက်နာဖွယ်၊ သင်ခန်းစာယူဖွယ်ပင်ဖြစ်ပါ၏။

ကျွန်တော်သည် ထွန်းလှအောင်၏ အတိတ်ဘဝဇာတ်ကြောင်းများကို သိရှိထားပြီးဖြစ်၍ ထွန်းလှအောင် အသက် ၂၀ အရွယ်ရောက်လာမည်ကို ကြိုတင်စိုးရွံ့၍ နေမိပါသည်။ ထိုအကြောင်းများကို ၎င်း၏ မိဘများကော သိရှိကြမည်လား၊ ထွန်းလှအောင်ကိုယ်တိုင်ကော သိရှိထားပြီလား မပြောတတ်ပါ။ ကျွန်တော်သာလျှင် ထွန်းလှအောင်အတွက် နံဘေးမှ ရင်လေးနေမိပါသည်။

ကျွန်တော်သည် ၁၀ တန်း

www.burmeseclassic.com

စာမေးပွဲကို ၂ ကြိမ်ရုံးပြီးချိန်၌ အသက် ၁၉ နှစ်အရွယ်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထွန်းလှအောင်မှာမူ ၁၀ တန်း စာမေးပွဲ ပထမနှစ် ကျရုံးခဲ့ပြီး ဒုတိယနှစ်တွင် အောင်မြင်သွားခဲ့၍ မန္တလေးတက္ကသိုလ်တွင် တက်ရောက်နေပြီဖြစ်ပါ၏။

ထိုနှစ်ထဲမှာပင် ကျွန်တော်တို့ မိသားစုလည်း မြို့သာယာကို စွန့်ခွာ၍ စဉ့်ကိုင်မြို့သို့ အပြီးတိုင် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ကျွန်တော်သည် မိသားစုနှင့်အတူ စဉ့်ကိုင်သို့ လိုက်ပါလာခဲ့သော်လည်း ကျွန်တော်သည် စဉ့်ကိုင်တွင် နေသည်ဟူ၍ မရှိပါ။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အစရှိသော အနုပညာလောကနယ်ပယ်တွင် လှုပ်ရှားရန်၊ ကန်ရင်း ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများတွင် နေထိုင်ခဲ့ပါသည်။ ထို့နောက် ဝင်ဆန့်ရန် ခက်ခဲလှသော အနုပညာနယ်ပယ်ကို စွန့်ခွာခဲ့ပြန်ပြီး ကြီးပွားချမ်းသာနိုင်မည့် လမ်းစကို ၎င်းဖွင့်ရာ ဖားကန့်၊ ခန္ဓီး၊ မိုင်းရူး၊ ကောလင်း၊ မိုးကုတ်၊ သပိတ်ကျင်းစသော ဒေသတစ်ခွင်သို့ ခြေဆန့်ကာ နေရာအနှံ့သို့ သွားရောက်ခဲ့ပါ၏။

ထိုသို့ဖြင့် အနှစ် ၂၀ ဟူသော အချိန်တို့ လွှင့်ပြန်စွာ ကုန်ဆုံးသွားခဲ့ပြန်ပါသည်။ ထိုအချိန်ကာလများတွင် ကျွန်တော်သည် ထွန်းလှအောင်ကို မေ့လျော့၍ နေခဲ့မိပါသည်။ ထိုအနှစ် ၂၀ ဟူသော အချိန်တို့ ကုန်ဆုံးပြီးသောအခါမှ စဉ့်ကိုင်မြို့ မိသားစုထံ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

ကျွန်တော် စဉ့်ကိုင်မြို့သို့ ပြန်လည်ရောက်ရှိပြီး နောက်တွင်လည်း ကျွန်တော်သည် မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားကြီးစားပြန်ပါ၏။ ကျွန်တော်သည် ထန်းလျက်ကုန်သည်၊ ဆန်ကုန်သည်၊ နို့ဆီကုန်သည်အဖြစ်သို့လည်းကောင်း၊ သစ်၊ ဝါးကုန်သည်အဖြစ်လည်းကောင်း လောကဓံလှိုင်းပုတ်ရာ နောက်သို့ တကောက်ကောက်မျောပါခဲ့ရပြန်ပါ၏။ ထို့ကြောင့် ထွန်းလှအောင်ကို အမှတ်မရနိုင်ဘဲ ရှိခဲ့ပါသည်။

ထို့နောက် ကျွန်တော်သည် သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာသို့ ရောက်ရှိကာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆရာအဖြစ်သို့ ခံယူပြန်ပါ၏။ ကျွန်တော် အုန်းတကူးတွင် ကျောင်းဆရာလုပ်သက် ၃ နှစ်ရှိသော အချိန်တွင် ကျွန်တော်တို့ နေအိမ်တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူခဲ့ရာ တန်ခိုးတော်ကြီးမားလာသည်နှင့်အမျှ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စတာဝန်တို့လည်း များပြားလာသဖြင့် ကျွန်တော့် အမေနှင့် အစ်မများက ကျွန်တော့်ကို ပြန်လည်ခေါ်ယူခဲ့ကြပါ၍ ကျွန်တော်လည်း စဉ့်ကိုင်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရပြန်ပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ကံတော်ဆရာ၏ အလိုကျ ကျွန်တော့်ဘဝတွင် ဘယ်လိုမှ ထင်ဖော်မထားသော နိဗ္ဗိဒံကျော် (ကမ္ဘာ့နိဗ္ဗိဒံအချို့မှပင်ပင့်ဆောင်ပူဇော်လျက်ရှိနေပြီဖြစ်သော) ရွှေကံကူတရားဒါယကာအဖြစ် သာသနာပြုလမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ရပြန်ပါ၏။ ကံအကြောင်းတရားတို့သည်

www.burmeseclassic.com

www.burmeseclassic.com

ဆန်းကြယ်လွန်းလေ၏။

ကျွန်တော်၏ ဖခင်ကြီး အဖေဝင်းသည် ၁၉၉၁ ခုနှစ်ကတည်းက ကွန်လွန်အနိစ္စရောက်ခဲ့ပြီဖြစ်ပြီး မိခင်ကြီး အမေကောင်းသည်လည်း ၂၀၀၄ ခုနှစ်တွင် ကွန်လွန်အနိစ္စရောက်ခဲ့ရပြန်ပါ၏။ ထို့ကြောင့် အိမ်ထောင်မပြုခဲ့ကြသော ကျွန်တော်တို့ မောင်နမ ၃ ဦးမှ လွှဲ၍ ကျွန်တော်တို့ မောင်နမ ၃ ဦးမှ လွှဲ၍ ဘာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပါ၏။

ဗုဒ္ဓ၏ အေးမြသော အရိပ်အောက်တွင် ကျွန်တော့်ဘဝသည် သာယာအေးချမ်းခြင်းအတိုင်းပင်။ ၂၀၁၄ ခုနှစ်နှစ်ဦးပိုင်းတွင် ကျွန်တော်သည် နှစ်ပေါင်းများစွာ ခွဲခွာခဲ့သောမွေးရပ်မြေ မြို့သာယာသို့ တစ်ခေါက်ရောက်ရှိလာခဲ့ပါသည်။

နှစ်ပေါင်း ၃၀ ကြာမြင့်ခဲ့သော ဤယနေ့အချိန်၌ မြို့သာယာသည် ကျွန်တော်တို့ နေထိုင်ခဲ့စဉ်ကနှင့် လုံးဝမသက်ဆိုင်တော့အောင် ပြောင်းလဲခဲ့နေပြီဖြစ်ပါ၏။ တစ်ချိန်က မြေလမ်းကြမ်းနေရာတွင် ကတ္တရာလမ်းမကျယ်ကြီးဖြစ်နေပြီး တစ်ချိန်က ထိုလမ်းထက်တွင် ၃ တန်လောရီကား တစ်နေ့နှစ်စင်းသာ သွားလာခဲ့သောနေရာတွင် နောက်ဆုံးပေါ်ကားများ အပါအဝင် ကားကြီးကားငယ် အသွယ်သွယ်တို့ အဆက်မပြတ်သွားလာလျက်ရှိနေပေပြီ။ တစ်ချိန်က အလှူနှင့် ဘုရားပွဲတွင်သာ လျှပ်စစ်မီးကို မြင်ဖူးနိုင်ကြရာ ယခုတစ်ရွာလုံး လျှပ်စစ်မီးတို့ ထိန်ထိန်ညီးလျက်ရှိသည်ကို တွေ့မြင်ရပါ၏။

သို့သော် မြို့သာယာတွင် ကျေးလက်၏ နွေးထွေးသော ဓလေ့စရိုက်တို့ ပျောက်ကွယ်သွားခဲ့ပေလော။ ကျွန်တော်သည် ရွာနှင့် နှစ်ပေါင်းများစွာ ကင်းကွာသွားခဲ့ပေလော။ ရွာမှ လူများသည် ကျွန်တော့်အပေါ် စိမ်းနေသလို ခံစားရပါ၏။ ကျွန်တော့် ယောက်ဖဝမ်းကွဲ ကိုကိုဝင်းမောင်နှင့် မမတင်တို့သာလျှင် နွေးထွေးလှိုက်လဲစွာဖြင့် -

"ဦးလွင်ရာ . . . မင်းနယ် နေနိုင်လိုက်တာ။ မင်းကတော့ ရွာက ထွက်သွားပြီးကတည်းက အခုမှ ရောက်လာတော့တာပဲ" ဟု ဝမ်းသာဝမ်းနည်း မျက်ရည်လည်လျက် ပြောပါ၏။

"အခု တို့ရွာနားမှာ စက်မှုဥယျာဉ်ဖြစ်တော် စီမံကိန်းကြီး စနေပြီကွ။ ဒါကြောင့် ရန်ကုန်ကားတွေတောင် ရွာကထွက်နေပြီ။ မိုးစပ်တောင်တမံကြီး ဆောက်လိုက်လို့ ရွာမြောက်ဘက်မှာ လယ်ကွင်းတွေဖြစ်ကုန်ပြီကွ။ တို့ကမင်းကို မျှော်နေကြတာ။ ဘာဆုံစ်တို့ အစ်မမြင့်တို့လည်း မရှိတော့ဘူး။ လူကြီးတွေ တော်တော်များများနဲ့ ဟိုတုန်းက လူကြီးတွေ မရှိကြတော့ဘူး" မြို့သာယာသည် ဟိုတုန်းကနှင့် ဘာမှမဆိုင်တော့အောင်ပြောင်းလဲသွားပြီဖြစ်သော်လည်း ကိုကိုဝင်းမောင်၏ ကမ္ဘာသစ်လက်ဖက်ရည်ဆိုင်ကလေးမှာမူ ထူခြားတိုးတက်ကောင်းမွန်ပြောင်းလဲလာခြင်းမရှိ၍ စိတ်မကောင်းဖြစ်ရပါသည်။ ကိုကိုဝင်းမောင်နှင့် မမတင်တို့သည်ပင် သက်ကြီးရွယ်အိုဝိုင်းသို့ ရောက်ရှိ၍ နေပေပြီ။

ကျွန်တော်၏ အတွေးကို မမတင်မှ ရိပ်မိသွားဟန်တူပါသည်

www.burmeseclassic.com

"မင်းတူတွေ ပညာသင်ပေးရ
ပြီးတော့ အိမ်ထောင်ပြုကုန်ကြပြန်တော့
စီးပွားခွဲပေးရတာနှင့် ငါတို့မှာတော့ ခုရင်း
ခုရင်းပါပဲကွာ။ ဒါက တော်လေးသမီးအကြီး
မှန်သက်ပေါ့ သူက တို့နှင့်လာနေတယ်"
ဟုပြောပါသည်။ ထိုနောက် ထွေရာလေးပါး
စကားများ အပြန်အလှန် ပြောမကုန်နိုင်
အောင် ရှိနေကြပါသည်။ ထိုစဉ် ကျွန်တော်
ထွန်းလှအောင်ကို ရုတ်တရက် သတိရ
လာမိ၍ မေးမြန်းကြည့်မိရာ -

"ထွန်းလှအောင်အကြောင်း
ကတော့ တော်တော်ကို ရင်နာစရာ
ကောင်းပါတယ်ကွာ။ တက္ကသိုလ် ခုတိယ
နှစ်မှာ မန္တလေးမှာပဲ ဂေါဝိန်ဆိပ်မှာ
သူငယ်ချင်းတွေနှင့် ရေချိုးရာက ရေနစ်
သေသွားခဲ့တယ်"

"ဒါဆို ဒီတစ်ခါ လူဝင်စားပြန်
ဖြစ်သေးလား"

"ဖြစ်ပြီလားကွာ။ တခြားမှ
မဟုတ်ဘဲ တို့အမျိုးထဲ လာဖြစ်တာကွ။
ငါကိုလည်း သူအသက် ၂၀ ပြည့်မှာကို
တွေ့ချင်ပြီး ဂရစိုက်စောင့်ကြည့်နေခဲ့ကြရာ
က ၁၈ နှစ်သမီးမှာပဲ မြို့သာယာ
တမံတောဘောင်ပေါ် လမ်းလျှောက်နေရင်း
ချော်လဲပြီး တမံထဲကျသွားတာ၊ ဘေးက
အဖော်တွေပါတာကိုပဲ ဘယ်လို၊ ကယ်
လို့မရဘဲ ရေနစ်ပြီး သေသွားတယ်။
လွန်ခဲ့တဲ့ ၃ နှစ်လောက်ကပေါ့ကွာ။
အခုလည်း အနောက်မြို့သာယာမှာ
ထပ်ပြီး ဝင်စားနေပြန်ပြီတဲ့"

"ဩော်...တစ်တစ်မှာ တစ်ခါ
ပြုမိတဲ့ အကုသိုလ်ကံဟာ အတော်ကို
ကြောက်စရာ ကောင်းလိုက်တာနော်"

"အေးပေါ့ကွာ။ ဒါကြောင့်လည်း
အဖန်ဖန်ရာ ငါးကမ္ဘာလို့ ဆိုတာပေါ့ကွာ"

ကိုကိုဝင်းမောင်သည် စိတ်
မကောင်းခြင်းကြီးစွာဖြင့် ရေရွတ်လိုက်ပါ
၏။

(လူသားအားလုံးတို့တွင် အဖန်
ဂါရာ၊ ငါးကမ္ဘာ ဝဋ်ကြွေးတို့ ကင်းဝေး
ကြပါစေ)

ဘိုဘို (ရွှေကံကူ)

www.burmeseclassic.com

နတ်ဝင်ရွာ ဘဝးဘွဲ့ရောဂါဝေဒနာ

ကာဝိလမိုင်းယောဟန်(အမှတ်)

www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးလင်းသောအခါ ဇနီးဖြစ်သူ (နော်ဖောစတီးနား)၊ သမီးဖြစ်သူ (နော်ရိ(စ်)ဇာကျော့စလင်း) တို့အား အိပ်မက်အကြောင်းပြောပြရာ ဇနီးဖြစ်သူ နော်ဖောစတီးနားမှ -

"အဲဒီရယ်...ညက ငါတို့အိမ်မှာ အမြေးနုံသာတွေရတယ်။ ဒေးမူလည်း အမြေးနုံသာတွေကြောင့် ဘဘုရားသခင်ကောင်းချီးမင်္ဂလာရအောင် ဆုတောင်းလိုက်တယ်"

ကျွန်ုပ်ဇနီးနော်ဖောစတီးနား သည် ကရင်ပြည်နယ် ဖာပွန်မြို့ ဘုရင်ကြီးကျောင်း၌ မိတဲ့ဘဝဖြင့် ကြီးပြင်းလာရသူဖြစ်၍ RCN ရိမင်ကသလစ်ဘာသာကိုးကွယ်သူဖြစ်၍ ခရစ်ယာန်ဘုရားကို တမ်းတမှုတော်ခြင်းဖြစ်သည်။ ဇနီးသည် နော်ဖောစတီးနားစကားကြောင့် သမီးဖြစ်သူ (နော်ရိ(စ်)ဇာကျော့စလင်း) မှ -

"မိုးမိုးရယ်...ပါးပါးပြောတဲ့ ဆရာတော်က ရဟန္တာ (ဘဒန္တဝိသုတ) ကို ပြောတာ။ မိုးမိုးရဲ့ ဘုရားကို ပြောတာမဟုတ်ဘူး"

မြန်မာနိုင်ငံတော်တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် လမ်းညွှန်ပြသသော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ္တလင်းမြို့ ခေမာသီဝံကျောင်းတိုက်ကြီး၏ ပဓာနနာယက (ဘဒန္တဝိသုတ) ဆင်ခြင်ဉာဏ်နယပါဠိပြန်မာပြန်အဖွဲ့ ဦးသာနသော ယေးမာတ္တပါဠိက မဟာထေရ်မြတ်အား ကျွန်ုပ်တစ်ခါမှ မမှုးတွေ့ရပဲ ရင်းနှီးနေသည်ကား။

ကျွန်ုပ်နတ္တလင်းမြို့အား ဗေဒင်လက္ခဏာဟောပြောသောအခါ ရောက်ရှိရာ နတ္တလင်းမြို့အိမ်များတွင် ဆရာတော် (ဘဒန္တဝိသုတ) မထေရ်မြတ်ဖွဲ့ပေးသော ဇာတာများတွေ့ရှိ၍ ရင်းနှီးခြင်းပင်ဖြစ်ပေသည်။

ဆရာတော်ဖွဲ့ပေးသော ဇာတာများတွင် -

(၁) သိကွ (၂) ကပွ (၃) ဆန္ဒ (၄) ဗျာကရဏ (၅) နိဝုတ္တဝေါဟာရ (၆) ဇောတိဿနက္ခတ္တဟူသော ဝေဒင် (၆) ကျမ်းနှင့် ရေးအလွန်ကျသော (ဂဏိတ) (ဖလိတ)(သံဟိတ) အပိုင်းများကို ရှင်းလင်းပြတ်သားစွာ တွေ့ရှိရ၍ ကျွန်ုပ် ဆရာတော် (ဘဒန္တဝိသုတ) မထေရ်မြတ်အား ဖူးလို၍ နတ္တလင်းမြို့ခေမာသီဝံကျောင်းတိုက်သို့သွားရာ ဆရာတော်ပုံလွန်တော်မူသဖြင့် ဆရာတော်ခန္ဓာဝန်ချသော ဓာတ်တော်များ ဖူးတွေ့ရသည်။ ကျွန်ုပ် ဆရာတော် (ဘဒန္တဝိသုတ) ၏ ပုံတော်ကို ကျွန်ုပ်နေသော ရာသေကြိန်လမ်း အေးမြရွှေပြည်မြို့သစ်၌ အမှတ် ၁ ရပ်ကွက်၊ ဒီးကုန်းမြို့ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီးရှိ အိမ်၌ ကိုးကွယ်၍ ညစဉ် ညတိုင်း ရေချမ်းဆီမီးပန်းတို့ ပူဇော်၍ ရှိခိုးကိုးကွယ်ထားရာ တစ်ညဉ့် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းသော နတ်သားတစ်ပါးမှ ကျွန်ုပ်အား နံနက် မိုးလင်းလျှင် ဒီးကုန်းမြို့နှင့် နတ္တလင်းမြို့ အကြားရှိ ရန်ကုန်ပြည်လမ်း ကတ္တရာလမ်းကို ကုန်းကြောင်းလျှောက်သွားလျှင် အင်မတန် အစွမ်းထက်တန်ဖိုးရှိသော ဆရာတော် (ဘဒန္တဝိသုတ) ၏ ဂါထာတော်ရမည်။ သွားယူပါဟု အိပ်မက်မြင်မက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဝင်နားနေစဉ် နတ္ထလင်းမြို့မှ လုံးပတ်သုံးထွာဝိုင်း အရည်ဆယ်တောင်ခန့်ရှိသော ကြာသောင်းဝိုင်းလုံးများကို ဆိုက်ကားအပြည့် တင်လာသော ဆိုက်ကားဆရာသည် ရန်ကုန် (မြည်) ကားလမ်းပေါ်ဌ ဥဒဟို မောင်းနှင်နေသော ယာဉ်ကြီး ယာဉ်ငယ်၊ အနေးယာဉ်၊ အမြန်ယာဉ်၊ ထွေလာကို ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားတွေကြား ချွေးတလုံးလုံးနှင့် ကိုးရိုးကားယား ခံ့ခ်ိုက်ကားကိုနင်း၍ ကျွန်ုပ်အနားရပ်ပြီး -

"ဆရာ ဆိုက်ကားပေါ်တက်ပါ"

ကျွန်ုပ် ဆိုက်ကားကို ကြည့်လိုက်အခါ ကြာသောင်းဝါးပြည့်မောက်နေပြီး စီးစရာ နေရာမရှိ၍ -

"မတက်ပါဘူးကွာ"

ကျွန်ုပ်၏ ပြောစကားကို ဆိုက်ကားဆရာသည် စိတ်ဆိုးသော အမူအရာဖြင့် ကျွန်ုပ်ဒေး -

"ဆရာ ကျွန်တော်က စီးစေချင်လို့ ပြောတာပါ။ ကျွန်တော် သနပ်ကွင်းရွာထဲ ဝါးထရံရက်ဖို့ သွားပို့မှာ။ လမ်းကြုံတယ်။ ဆရာလည်း သနပ်တွင်း

သမီးငယ် နော်ရှိ(စ်)ကျော့စလင်းသည် ကရင်ပြည်နယ် ဖာပွန်မြို့အရှေ့ဘက် သံလွင်ကမ်းနဘေး ဖွေးလုတောင်ပေါ်မှာ အနေကြာ၍ ယခုလို ဗမာပြည်ရောက်ချိန် ဗုဒ္ဓဘာသာရင်းနှီးအောင် ကျွန်ုပ်၏ သင်ပြမှုကြောင့် ၄ ဘာသာနှင့် ရင်းနှီးသဖြင့် ပြောခြင်းဖြစ်သော်လည်း မူလခရစ်ယာန်ဘာသာဝင်ဖြစ်၍ သူ၏ အမေကို ဆရာကြီးလုပ်၍ ပြောနေသဖြင့် ကျွန်ုပ်မှ -

"ဖိုးမူ...နင့်အမိုးကို ပြောပြ

လိုက်။ ရဟန္တာဆိုတာ ဖူးရခဲတယ်။ ငါညက အိပ်မက်အတိုင်း ရန်ကုန်ပြည်လမ်းကတ္တရာလမ်းကို လမ်းလျှောက်သွားမယ်"

ကျွန်ုပ် ပြောပြောဆိုဆို ထွက်လာရာ ဒီးကုန်းမြို့နှင့် နတ္ထလင်းမြို့ကြား (၅) မိုင်ခန့်ဝေးသော ရွာသာကုန်းရွာရောက်ချိန် ကျွန်ုပ်လျှောက်ခဲ့သော လမ်းကရှု (၄) မိုင်လျှောက်လျှင် နတ္ထလင်းမြို့ရောက်တော့မည်ဖြစ်၍ ခေတ္တကားလမ်းဘေးရှိ ခရီးသည် နားနေဆောင်တွင်



www.burmeseclassic.com

ဗေဒင်လက္ခဏာသွားဟောမှာပဲ"

ကျွန်ုပ်ဆိုက်ကားဆရာကို ကြည့်လိုက်သောအခါ အသက် (၂၉) နှစ်အရွယ်ရှိပြီး တစ်ခါဖူးမျှ မမြင်ဘူး နတ္တလင်းမြို့နှင့် သနပ်ကွင်းရွာသည် (၅) မိုင်ဝေးသဖြင့် ကျွန်ုပ်မှ -

"နေပါစေကွာ။ မင်းဆိုက်ကား ကလည်း ဝါးအပြည့်မောက်တင်ထားပြီး မင်းသွားမယ့် သနပ်ကွင်းရွာက နတ္တလင်းကဆို (၅) မိုင်ဝေးတယ်။ လမ်းကလည်း မကောင်းဘူး"

ကျွန်ုပ်၏ ပြောစကားကို ဆိုက်ကားဆရာ ကျေနပ်ပုံမရဘဲ -

"တက်ပါဆရာရယ်။ ဒီလမ်းကို ကျွန်တော်သွားနေကြပါ"

ကျွန်ုပ်ဆိုက်ကားဆရာကို ပြောမရ၍ ဆိုက်ကားပေါ်ရှိ ကြေးဝါးလုံးပေါ်တက်ထိုင်လိုက်သောအခါ ကောက်ရိုးအပြည့်ဝင်ထားသော နွားလှည်းပေါ်စီးရသလိုဖြစ်ပြီး ရန်ကုန်ပြည်လမ်းပေါ် အနေးယာဉ်၊ အမြန်ယာဉ်၊ ယာဉ်ကြီး ယာဉ်ငယ်တို့တွင် ဆိုင်ကယ်များသည် ကိုးရိုးကားယား ကြေးဝါးဝါးတင်သော ဆိုက်ကားကို ပွတ်ကာသီကာ မောင်းနေသဖြင့် ကျွန်ုပ်စိတ်ထဲမှ -

"ငါစီးလာတဲ့ ဒီကိုရိုးကားယား ကြေးဝါးဝါးတင် ဆိုက်ကားနဲ့ တိုးမိလျှင် ခုကွ" ဟုတွေးပြီး ကြောက်လာသဖြင့် နှုတ်မှ သမ္မာဒေဂါထာရွတ်လာခဲ့သည်။

ဆိုက်ကားဆရာမှ ရန်ကုန်ပြည်လမ်းမှ အရှေ့ဘက် ဂေါက်ကွင်းသို့ ဆိုက်ကားကွေ့ဝင်စဉ် -

"ဆရာ...ဆရာ့ကို ကျွန်တော် ခေမာသီဝံကျောင်းက ဆရာတော်ကြီး (ဘဒ္ဒန္တဝိသုတ) ဂါထာပေးချင်လို့ ဆိုက်ကားမီးခိုင်းတာ"

ဆိုက်ကားဆရာနှုတ်မှ ဆရာတော် (ဘဒ္ဒန္တဝိသုတ) ဂါထာပြောသဖြင့် ကျွန်ုပ်မှ -

"ဟာ...အေး။ ပြောပါကွာ။ ငါလိုချင်လို့"

"ဆရာ...ကျွန်တော်က နတ္တလင်းမြို့ ဘောလုံးကွင်းရပ်ကွက်မှာ နေပါတယ်။ ဒီဆိုက်ကားနင်းသည့်အပြင် အခြားအလုပ်လည်း လုပ်ပါတယ်။ ခေမာသီဝံကျောင်းဆရာတော် (ဘဒ္ဒန္တဝိသုတ) ပျံတော်မမူခင် ကျွန်တော်အမြဲသွားနိုပ်ပေးရတယ်။

အဲဒီတုန်းက ကျွန်တော်အရမ်း ဆင်းရဲတယ်။ အလုပ်လုပ်လို့လည်း ဘာမှ လုပ်မကောင်းဘူး။ အဲဒီအချိန်မှာ ခေမာသီဝံကျောင်းဆရာတော် ((ဘဒ္ဒန္တဝိသုတ) မထေရ်မြတ်က ဂါထာတစ်ပုဒ်သင်ပေးလိုက်တယ်။

အဲဒီ ဂါထာရွတ်ရင်း အလုပ်လုပ်တာ ယခုဆို ဘောလုံးကွင်းရပ်ကွက်ထဲ အိမ်နဲ့ခြံ ဝယ်နိုင်တယ်။ တီဗွီ၊ ဆိုင်ကယ်လည်း ဝယ်နိုင်တယ်။ ဇနီးနဲ့ ကလေးတွေလည်း ရွှေနဲ့ငွေနဲ့ ဆရာ။

ကျွန်တော့်အလုပ်က ဆိုက်ကားနဲ့အနိုပ်သည်လုပ်ငန်းပဲ လုပ်တတ်တော့ ဒီအလုပ်ပဲ လုပ်ပါတယ်"

ကျွန်ုပ်လည်း ဆိုက်ကားဆရာ ပြောသော ဂါထာကို အသင့်ပါလာသော ဘောပင်၊ စာအုပ်ကို ထုတ်၍ ကူးလိုက်

www.burmeseclassic.com

သည်။

ယခုအခါ ဆရာတော် (ဘဒ္ဒန္တ ဝိသုတ) မထေရ်မြတ်၏ ဓာတ်တော်များသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ နတ္တလင်းမြို့ ခေမာသီဝံကျောင်းတိုက်ကြီးထဲ၌ စေတီတည်ထား၍ ပူဇော်နိုင်ပါသည်။

ဆရာတော် (ဘဒ္ဒန္တဝိသုတ) မထေရ်မြတ်၏ ဂါထာတော် -

ဥ၊
ထိဝ်မှာဘုရား
ထည်မှာ သိကြား
ကိုယ်မှာ ဂဠုန်
ရူးမှာ ခြင်္သေ့
ခြေမှာ နဂါး
အဆောင်ထားသည်။ ဘုရား မေတ္တာဟော်ကို အမြဲဆည်းကပ် ကိုးကွယ်ပါ၏။

ဥ၊
ကောဏ္ဍညံဝံ
ဂေါတမ
အရိမေတ္တယျ
သက်တော်ဝင် ဇော်ဝင် ရာနှင်ဝင် မာတာပိသရော အာစရိယ ဗေဓိရှစ်တန် ဉာဏ်တော်ဆယ်ပါး အရည်တော်ကား ရွှေဆောင်းအလား။ ဦးခေါင်းတော်က မြင်းမိုရ်တော်ဝင်၊ သွားတော် ဝရဇိန်၊ လည်တော်ကား သံချောင်း။ မဏိတော်လာ ဗောဓိ ညောင်ဖြစ်သည်။ ဘုရားတော်ဝင် ပညာတော်နှင့် ထိုးကျိမဝင် ချေကျိမမြဲ ပစ်မမှန်။

ဥ၊ အရဟံ အဓိဆရာခံ၊ နယ်ဘေးမရှိ (ဘေးယဲ့နမရှိ)

နေ့စဉ်ရွတ်ပြီး အလုပ်ကိစ္စပြုလုပ်ပါက ရန်အပေါင်းနိုင်ခြင်း၊ လာဘ်လာဘပေါခြင်း၊ လူချစ်လူခင်ပေါခြင်း ဖြစ်စေသည်။

ကဝိလဝိုင်းယောဟန်

www.burmeseclassic.com

ယူကိုလိုးဇရာကြားပိုဒ်

ဂျိုးသာဝ

ကိုးကိုး

www.burmeseclassic.com

www.burmeseclassic.com

"သူတို့လယ်က ဒီနှစ်စပါးမထွက်တူဆိုပဲ" "တို့အိမ်ထောင်ရေးကတော့ မြေအောင်နေရတာပဲအေ" "ငါ့သားနဲ့ လင်ကိုတော့ အလုပ်မှန်အောင် အံလိုလိုက်ထားရတာပဲ" စသည် စသည်တွေပြောပြီး တရေးတမောအိပ်ကြရာ ဟောက်သူဟောက်မောက်သူက မောက်နှင့် ဖါတွေအစုံနွားကျောင်းရင်းပြင်သော နွားကျောင်းသားကို ညနေအိမ်ပြန်ကာနီးတွင် ဥပုသ်သည် မိန်းမကြီးက "ဟဲ့ အမောင်နွားကျောင်းသား···အမေကြီးတို့ သီလစောင့်ခဲ့ကြသည်၊ အမျှနော်···အမျှ···အမျှ၊ သာဓုခေါ်ပေတော့" ဟုဆိုလျှင် နွားကျောင်းသားက စောစောက စကားပြောကြပုံ၊ စားသောက်ကြပုံ၊ အိပ်ကြပုံ မြင်တိုင်း ယခုမှ အမျှလာဝေနေ၏။ သာဓုမခေါ် သရော်သော စိတ်ဖြင့် "ရှူးရှူး" ဟု ဆိုလိုက်၏။ ထိုအခါ ဥပုသ်သည် အခေါ်ကြီးသည် သည်စွာအမျက်ထွက်၏။ အမျှဝေသည်ကို ရှိသေစွာ သာဓုမခေါ် "ရှူးရှူး" ဟု ဆိုသည်ကို ကျောင်းဆိုင်ဘုန်းကြီးထံ ငါသွားလျှောက်ဆဲလိုပြီး မြတ်ကို ထား၍ အခြားအားထားရာ ကိုးကွယ်ဝိုတွယ် လဲလျောင်းရာမရှိ ဟူ၍ မှတ်ရမည်။ တိရစ္ဆာန်ကထာ ဗာဟီရစကား၊ သမီးသားနှင့် ကျွဲနွားလယ်ယာ ပိုးမြေး မျိုးဆွေအကြောင်းစသည်တို့ကို ပြောကြား၍ မနေနှင့်၊ ထိုသို့မဟုတ်လျှင် "ရှူး" သာဓုများ အခေါ်ခံရမည်" ဟု မိန့်တော်မူ၏။ ထိုအခါ ဥပုသ်သည်များက "ရှူးသာဓု" အကြောင်းကို ခွင့်တောင်းလျှောက်ကြားသောကြောင့် ဆရာတော်က မိန့်တော်မူသည်မှာ -

"အထက်ဦးကျွန်ုပ် "ကလေး" ဟူသော ရွာ၌ ဒါယကာ ဒါယိကာမများတို့သည် မိမိတို့ ကိုးကွယ်သော ကျောင်းသို့သွား၍ ဥပုသ်သီလခံယူဆောက်တည်ကြပြီးလျှင် ပါဌာသော ထမင်းအုပ်များကို ဖွင့်၍ "ငါ့ဟင်းလေး စားကြည့်ပါဦး။ ငါ့သားလေး ရှာလာတဲ့ငါးကို ချက်လာတာ" "ငါ့လင်က အလုပ်ကောင်းတယ်။ ဒါကြောင့် ငွေရလို့ သီလယူခွင့်ခဲ့တာ" "အဲ နှင့်သမီးလေး အပျိုဖြစ်ပြီနော်" "ဟို လင်မယားကတော့ ကွဲကြတယ်ဆိုပဲ" သင်္ဂဇာဆရာတော်ဘုရားကြီး သည် ထီးနန်းကနက် ဖြန့်ကျက်ရာ ရတနာပုံမန္တလေးနေပြည်တော်ကြွလာစုံဆင်းခဲ့ရာ သတင်းသုံးလျက်နေစဉ် အလုံးစုံသော ပရိသတ်များကို ဆရာတော်ဆုံးမတော်မူ၏။ ဘစ်နေ့သင်္ဘ သီတင်းနေ့ ကြွကြိုက်သဖြင့် ဆိုက်ရောက်လာသူ လူအများ မိန်းမ၊ ယောကျ်ားတို့သည် သင်္ဂဇာဆရာတော်ထံ သီလခံ၍ အပြန်တွင် နည်းပေးဆုံးမတော်မူသည်မှာ -

"ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ ကောင်းသော ယောနိသောမနသိကာရနှင့် သီလဆောက်တည်ကြပြီးသော် အဖော်မခင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် ဆိတ်ငြိမ်လောက်သော အရပ်သို့ သွား၍ သုံးပါးသော လက္ခဏာရေးကိုဖြစ်စေ၊ အာနာပါနဿတိကို ဖြစ်စေ၊ ဘုရားဂုဏ်တော်တရားဂုဏ်တော် သံဃာဂုဏ်တော် ဖြစ်စေ၊ နလုံးသွင်း၍ ပုတီးများကို စိပ်ကြကုန်ရာသည်။ ဒါယကာတို့ ခပ်သိမ်းသော သတ္တဝါတို့သည် သီလအကျင့်

www.burmeseclassic.com

ကျောင်းထိုင်ဘုန်းကြီးကို သွားလျှောက်
တော့ ဘုန်းကြီးက နွားကျောင်းသားကို
ခေါ်၍ "ရှူးရှူး" ဆိုတာ မှန်ပါသလားဟု
မေးရာ "မှန်ပါဘုရား။ သီလများကို
ဆောက်တည်လျက် တည်ကြည်ကောင်း
မွန်စွာမနေ။ ကွန်ခြေမရ။ ပစ္စည်းဥစ္စာ၊
လယ်ယာ၊ မိုးမြေ မျိုးဆွေအကြောင်း
ဟင်းကောင်းစား။ ကားယားအိပ်ပျော်၊
ဟောက်သည်ကိုပင် မြင်ကြားသိရ၍
ဤဥပုသ်သီလ မစင်ကြယ်ဘူးအထင်နှင့်
"ရှူးရှူး" ဟုဆိုမိပါသည်" ဟုဆိုလျှင်
ဘုန်းတော်ကြီးကလည်း "သို့တည်းဟုတ်
လျှင် ဤဥပုသ်သီလသည် မစင်ကြယ်
ဘူး "ရှူးရှူး" ဟု ထပ်၍ဆိုသတဲ့
ဒါယကာတို့ရဲ့။ ယခုဒါယကာတို့လည်း
ရှစ်ပါးသီလကို ညစ်ညူး၍ "ရှူး" သာစု
အခေါ်မခံရအောင် ဂရုစိုက်ကြရမည်" ဟု
မိန့်ဟော်မူ၍ များစွာသော ပရိသတ်များ
တဒုံးဒုံးရယ်မောကြကုန်သတည်း။

ရှူးသာဓု။

တိုးတိုး၊

Dear Marry

Online Shopping Myanmar

No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt

http://www.facebook.com/Dear Marry Myanmar

Contact-09 5136230/ 09 5036602/ 09 5172150

www.burmeseclassic.com

www.burmeseclassic.com

ပရဒေဝကာသူ

အင်းတြိုင်းပြု(ယုဇနာ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ ငယ်စဉ်က ကျွန်မ
၏ ဖခင်ဖြစ်သူတာဝန်ကျရာ ဧရာဝတီတိုင်း
အတွင်းရှိ မြို့တစ်မြို့တွင် နေထိုင်စဉ်က
ဖြစ်ပါသည်။ ကျွန်မတို့ ထိုမြို့သို့ စရောက်
ရှိစဉ်အခါက ကျွန်မတို့ မိသားစုအတွက်
ရရှိသော ဝန်ထမ်းအိမ်သည် မအားလပ်
သေးသဖြင့် ကျွန်မ၏ ဖခင်တာဝန်ထမ်း
ဆောင်ရာ ရုံး၏ အပေါ်ထပ်တွင်ရှိ အခန်း
ကျယ်တစ်ခန်းတွင် ကျွန်မတို့အား ခေတ္တ
နေထိုင်ခွင့်ပေးထားပါသည်။ ထိုရုံးအပေါ်
ထပ်ရှိ အခန်းတွင် ကျွန်မတို့ နေထိုင်စဉ်
က အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။

စရောက်သည့်နေ့က ခရီးပမ်း
လာကြတာ တစ်ကြောင်း၊ အခန်းအား
နေထိုင်ရန်အတွက် သန့်ရှင်းရေးလုပ်ကြ
ပစ္စည်းများ အထားအသို နေသားတကျ
ဖြစ်အောင် စီစဉ်ကြရသည်တစ်ကြောင်း
အကြောင်းအမျိုးမျိုးကြောင့် အားလုံးပင်ပန်း
ကြ၍ ညရောက်သော် ကျွန်မတို့ အိပ်ရာ
ဧာစောဝင်ကြပါသည်။ မိသားစုအားလုံး
ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားကြ
ကာ မနက်မိုးလင်းမှသာ တစ်ရေနှိုးကြ
ပါသည်။

မနက်မိုးလင်းသော် အဖေတို့
ရုံးမှ ဝန်ထမ်းများက "ကုကြီးတို့ ညက
ကောင်းကောင်းအိပ်လို့ရကြလား" ဟု
မေးကြပါသည်။ အဖေက "အိပ်လို့ရပါ
တယ်။ ဘာလို့ မေးကြတာလဲ" ဟု ပြန်
မေးရာ "အိပ်ရာအပြောင်းအလဲ၊ နေရာ
ဒေသအပြောင်းအလဲမို့ အိပ်မော်ရဲလား
မေးကြည့်တာပါ" ဟု ပြန်ဖြေကြပါသည်။
ကျွန်မတို့ကလည်း ရိုးရိုးသားသားပဲ မေး
ကြသည်ဟုပဲ ထင်ကြပါသည်။

သူတို့ ဘာကြောင့်မေးကြသည်
ကို ထိုနေ့သည် (ဒုတိယသည်) ရောက်မှ သိ
ရတော့သည်။ ညဦးပိုင်း ကျွန်မတို့ မိသားစု
ထမင်းစားသောက်ပြီးကြ၍ စကားဝိုင်းဖွဲ့
ပြောနေကြစဉ် ရုံးအောက်ထပ်တွင်
လက်ကောက်သံများ တချွင်ချွင်မြည်နေ
သလို အသံများကြားရပါသည်။ လေကား
မှ လူတက်လာသလိုလို ခြေသံများနှင့်
အတူ လက်ကောက်သံတချွင်ချွင်များ
လည်းကြားကြရပါသည်။ ကျွန်မတို့
သားအဖိတွေ သရဲခြောက်ခံနေကြပြီဆိုတာ
သိလိုက်ရ၍ အားလုံးကြောက်လန့်နေကြ
စဉ် အဖေက "သမီးတို့ ဝင်အိပ်ကြတော့၊
ဘာမှ မကြောက်ကြနဲ့၊ အဖေရှိတယ်"
ဟုပြောပါသည်။ ကျွန်မတို့လည်း ကြောက်
လန့်စွာနှင့် ခြင်ထောင်ချ၍ အိပ်ရာဝင်ကြ
ပါသည်။ အမေကလည်း အိပ်ရာထဲမှာ
ဘုရားစာများ ရွတ်ဖတ်နေပါသည်။ ကျွန်မ
တို့ ညီအစ်မတွေကတော့ ခြေထောက်
ကိုတောင် မဆန့်ရဲကြ၍ ကွေးနေအောင်
အိပ်ကြပါသည်။ မကြာမီမှာ အသံများ
တိတ်ဆိတ်သွား၍ အဖေလည်း သူ့အိပ်ရာ
ပေါ်ဝင်အိပ်လိုက်ပါသည်။ ၁၀ မိနစ်ခန့်
အကြာတွင် အဖေ၏ ဟောက်သံပင်
ကြားရလေသည်။ အလုပ်နေရာပြောင်း
ခါစမို့ ပင်ပန်းသည့်ထင် အဖေလည်း
ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားပုံရ
ပါသည်။ ကျွန်မလည်း အိပ်မပျော်သေး၍
ညီမလေးဘက်လှည့်ကြည့်လိုက်တော့
သူလည်း အိပ်မပျော်သေးပါ။ ကြောက်လန့်
စွာ မျက်လုံးလေး ကလယ်ကလယ်နှင့်
ကျွန်မကို ပြန်ကြည့်နေပါသည်။ အမေနှင့်
မမကြီးကတော့ အိပ်မောတောင်သွားနေ

www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ ခဏအကြာမှာ မုန်ညင်းဆီအနံ့များ ထောင်းခနဲနံလာပါတော့သည်။ မုန်ညင်းဆီအနံ့နှင့်အတူ ခြင်ထောင်ကြီးကို ဆွဲဖြုတ်ချလိုက်သကဲ့သို့ ခြင်ထောင်ကြီးပြတ်ကျသွားပြီး အမေနှင့်မမကြီးပါ နီးလာပါသည်။

ကျွန်မတို့ ကုတင်ခြေရင်းဖက်မှာ မြင်လိုက်ရသည်ကတော့ ကုလားမတစ်ယောက် ဆာရီဝတ်ထားသကဲ့သို့ ဆာရီကြီးမှာ လွှင့်နေပါသည်။ ခေါင်းများ၊ ခြေများ၊ လက်များ မပါပါ။ ဆာရီကြီးပဲ တလွှင့်လွှင့်နှင့် မြင်နေရပါသည်။ ကျွန်မတို့အားလုံး လန့်ဖျပ်ကုန်ကြ၍ အသံကုန် အော်ဟစ်လိုက်ကြစဉ် အဖေလည်း နီးလာပါတော့သည်။ အဖေကချက်ခြင်း ဘုရားစဉ်မှ ပရိတ်ရေပုလင်းကိုယူကာ ပရိတ်ရေနှင့် ပက်ဖျန်းလိုက်မှ မျက်စေ့အောက်တွင်ပင် ဆာရီကြီးမှာ ပျောက်သွားပါသည်။ အဖေက ဘုရားစင်မှာ ဆီမီးသုံးတိုင်ပူဇော်ကာ ရေတစ်ဖန်ခွက်ရေချပြီး ပဋ္ဌာန်းဒေသနာတော်ကြီးအား ရွတ်ဖတ်ပါသည်။ အဖေပဋ္ဌာန်းရွတ်ဖတ်နေစဉ်မှာ အောက်ထပ်မှ လက်ကောက်သံများ တချွင်ချွင်ကြားရပြီး ခဏအကြာမှာ ဘာသံမျှ မကြားရတော့ဘဲ လုံးဝတိတ်ဆိတ်သွားပါတော့သည်။ အဖေပဋ္ဌာန်းရွတ်အပြီး ထိုပဋ္ဌာန်းရေနှင့် ကျွန်မတို့နေသော အပေါ်ထပ်၊ လှေကားနှင့် အောက်ထပ်ရုံးခန်းမကျွန်အောင် ပက်ဖျန်းပေးပါ့။ အမျှအတန်းဝေပေးပါသည်။

နောက်တစ်နေ့မနက်ရုံးချိန်သို့ ရောက်သော် အဖေမှလွဲ၍ ကျွန်မတို့သားအမိတတွေ ညကအိပ်ရေးပျက်ထားကြသဖြင့် အိပ်ရာမှ မနိုးကြသေးပါ။

အောက်ထပ်မှာလည်း ဝန်ထမ်းများရောက်လာပြီဖြစ်သဖြင့် စိတ်ချလက်ချနှင့် အိပ်လိုက်ကြပါသည်။ အောက်ထပ်မှ ဆူညံသံများကြား၍ ကျွန်မတို့ နိုးလာကြကာ အောက်ထပ်ကို ဆင်းကြည့်ကြတော့ ရုံးမှ ဝန်ထမ်းအစ်မကြီးသည် ဆံပင်များ ဖရိုဖရဲနှင့် ပြေကျနေကာ မျက်လုံးကြီးပြူးပြီး အဖေ့ကို လက်ညှိုးထိုး၍ -

"နင်တို့ကို မကျေနပ်လို့ ညက ငါ့လာတာ။ နင်တို့က ငါ့ကို နှင်ထုတ်စာယ်" ဟု ပြောနေပါသည်။ အသံမှာလည်း အိမ်ဖွယ်အမျိုးသမီးတစ်ယောက်၏ အသံနှင့်ပြစ်ပါသည်။ ဝန်ထမ်းအစ်မကြီးအား ညက သရဲမ ဝင်ပူးပြီး ပြောနေဟန်တူပါသည်။ အဖေကလည်း -

"ငါတို့ကရုံးက အထက်အမိန့်နဲ့ ဒီမှာနေတာ။ ငါတို့ကို မကျေနပ်ရအောင် ငါတို့ ဘာအပြစ်မှ လုပ်မထားဘူး" ဟု ပြန်လည်ပြောပါသည်။ ထိုသရဲမက -

"နင်တို့ အပြစ်ကို နင်တို့ မသိဘူးလား။ ငါ့ပိုင်နက်ထဲကို နင်တို့လာနေပြီး ငါမကြိုက်တဲ့ အသားတွေလည်း

www.burmeseclassic.com

မယ်။ နင်ပြန်တော့။ နင် ငါတို့ကို ထပ်ပြီး မနောင့်ယှက်နဲ့တော့။ နင်ဝင်ပူးတဲ့ ခန္ဓာဘာမှမဖြစ်စေနဲ့"

အဖေက ပြောအပြီး ဝန်ထမ်း အစ်မကြီး၏ ခန္ဓာကိုယ်အား ရေမန်းများ ပက်ဖြန်းပေးပါသည်။ ထိုအခါ သရဲမသည် ညင်သာစွာထွက်သွားပြီး အစ်မကြီးလည်း အကောင်းပကတိဖြစ်သွားပါသည်။ ရုံးမှ လူများလည်း အခုမှ အကြောင်းစုံပြောပြ ကြပါသည်။

"ဂျာကြီးတို့ ရောက်တဲ့နေ့ ကတည်းက ပြောပြလိုက်ရင် လန့်နေကြ မှာစိုးလို့ မပြောပြကြတာ။ မယုံကြည်မှာ လည်း စိုးလို့လေ။ လူလည်းများတော့ ဒီသရဲမ သောင်းကျန်းရဲလိမ့်မယ် မထင် လို့။ ကျွန်တော်နဲ့ မောင်မြင့် ၂ ယောက် သား အလုပ်တွေ မပြတ်လို့ ညဘက်အိမ် မပြန်ဘဲ အိုဟတိုင်ဆင်းကြတာ။ ညဘက် စာရင်းတွေ ထိုင်လုပ်နေတုန်း မုန့်ညင်းဆီ နဲ့တွေ့ရလာပြီး ဆာရီလိုလိုဘာလိုလိုနဲ့ ရိုးတိုးရိတ်တိတ် မြင်လိုက်ရသေးတယ်။ အဲဒါနဲ့ ကျွန်တော်တို့ ၂ ယောက်ဘဏ္ဍုး

စာကြတယ်။ ချိတ်တောင်ချိတ်ထားလိုက် ကြသေးတယ်။ ငါ့ကိုလည်း နင်တို့ ဘုရားစာတွေရွတ်ပြီး နင်ထုတ်တယ်။ နင်တို့ကို မကျွန်ုပ်တူး" ဟု ပြောပါသည်။ အမေလုပ်းထားသော ဝက်အူချောင်းတွဲ များကို ပြောနေခြင်းဖြစ်ပါသည်။ အဖေက ဆက်ပြီး -

"ဒါနင့်ပိုင်နက်လို့ နင်ထင် နေသလား။ ဒါတို့ဘုန်ပိုင်ရုံးဖြစ်သွားပြီ။ နင်ဒီရုံးမှာ မနေနဲ့တော့။ ငါတို့ကိုလည်း ထပ်ပြီး မနောင့်ယှက်နဲ့တော့။ နင်အခု ဝင်ပူးပြီးပြောနေပြီး ပြောနေတဲ့ ခန္ဓာပိုင်ရှင် တို့ရုံးက ဝန်ထမ်းကိုလည်း နင်မနောင့် ယှက်နဲ့တော့။ နင်ဘာလိုချင်သလဲပြော။ ဒီနေရာမှာ တစ်ခါတည်းပြော။ ထပ်မလာ နဲ့တော့"

"ငါအမဲသားစားချင်တယ်။ နင်တို့ရုံးကလူတွေ ချိုင့်ထဲမှာ အမဲသား ထည့်ယူလာပြီး သူတို့ပဲ စားကြတယ်။ ငါ့ကို မကျွေးကြဘူး"

"နင်အမဲသားစားရရင် ကျေနပ် မှာလား။ ထပ်နောင့်ယှက်ခြောက်လှန့် ဦးမှာလား"

"ငါ့ကို အမဲသားထစ်အိုး ချက် ကျွေးပါ။ ငါ့ကို ဒီမှာ မနေစေချင်ရင် ငါ့ ကို နေစရာရှာပေးပါ။ ငါလည်း ဒီမှာ မနေချင်တော့ဘူး။ ယာခင်းစပ်က သစ်ပင် ကြီးဆီကို ငါသွားနေသေးတယ်။ အဲဒီက သဘက်ကြီးက ငါ့ကို မောင်းထုတ်တယ်။ ငါ့ကို နေစရာပေးပြီးရင် နင်တို့ကို ထပ်ပြီး မနောင့်ယှက်တော့ပါဘူး"

"အေး . . . ငါကတိပေးတယ်။ မနက်ဖြန်ခါ အမဲသားလည်း ချက်ကျွေး မယ်။ နင်နေဖို့လည်း ရှာပြီး စီစဉ်ပေး

www.burmeseclassic.com

စာရွက်ပြီး အိပ်လိုက်တော့ ခြေထောက်ကို လာဆွဲသေးတယ်"

"ဟုတ်တယ်။ ဒီရုံးနားကလူတွေလည်း ညဘက် ရုံးအပေါ်ပြတင်းပေါက်မှာ ဆာရီဝတ်နဲ့ ရပ်နေတာကို တွေ့တဲ့သူက တွေ့ကြသလို ရုံးဝင်းထဲမှာ လမ်းလျှောက်နေတာ မြင်တဲ့သူက မြင်တယ် ပြောနေကြတာပေါ့။ နေ့ခင်းဘက်တော့ ကျွန်တော်တို့ကို ခြောက်လှန့်ခြင်း မပြုတော့ ကျွန်တော်တို့လည်း ဒီအတိုင်းပဲ နေနေကြတယ်"

"အရင်က ဒီရုံးက အရေးပိုင်မင်း မိသားစုနေသွားတဲ့အိမ်။ ဟိုးမှာမြင်ရတဲ့ ယာခင်းကတဲက အဘိုးအိုက အရေးပိုင်မင်းဆီမှာ မင်းစေလုပ်ဖူးတော့ ဒီကုလားမရဲ့ ရာဇဝင်ကို အဘိုးကပြောပြလို့ ကျွန်တော်တို့ သိကြရတာ။ ဒီကုလားမက အရေးပိုင်မင်းရဲ့ အိမ်မှာ ကလေးထိန်း ထမင်းချက်၊ လခစားလာလုပ်နေတာ။ တော်လည်းတော်၊ စိတ်ထားလည်းကောင်းတော့ အရေးပိုင်မင်း ကတော်ကဆို သူ့ကိုချစ်ပြီး အရေးလည်းပေးတယ်လေ။ အရေးပိုင်မင်းအိမ်မှာ ဒရိုင်ဘာလုပ်နေတဲ့ သူက အရေးပိုင်မင်းရဲ့ တူဝမ်းကွဲတော်တယ်။ ဒီကုလားမနဲ့ ဒရိုင်ဘာနဲ့ ချစ်ကြိုက်ကြတော့ အရေးပိုင်မင်းသိသွားပြီး သူတို့ကို ရွာပြန်ပို့လိုက်တယ်။ လူမျိုးဘာသာမတူလို့ အရေးပိုင်မင်းကြီးက သဘောမတူဘူးလေ။ ကုလားမကိုလည်း အရေးပိုင်မင်းရုံးက ရုံးစောင့်ကုလားလူမျိုးနဲ့ပဲ ပေးစားလိုက်ကြတယ်။ မင်္ဂလာဆောင်တဲ့ညမှာပဲ ကုလားမက

ဆွဲကြိုးချိုး သတ်သေသွားတယ်။ ပြီးတော့ စာရေးထားခဲ့တယ်။ ဒီအိမ်ကပဲ သူချစ်သူပြန်အလာကို စောင့်မယ်ဆိုတဲ့အကြောင်း၊ ကိုယ်ဝန်လည်း သုံးလရှိပြီဆိုတဲ့အကြောင်း စာထဲမှာ ရေးထားတယ်။ ဒီစွဲလမ်းစိတ်နဲ့ပဲ ခုချိန်ထိ မကျွတ်လွတ်နိုင်သေးတာ သနားစရာပါ"

အဖေလည်း ဒီဇာတ်လမ်းကို ခေါင်းတညိတ်ညိတ်နဲ့ စိတ်ဝင်တစား နားထောင်အပြီး "ဒါဆို တို့သူ့ကို ကတိပေးထားတဲ့အတိုင်းပဲ အမဲသားတစ်အိုးချက်ကျွေးလိုက်ကြတာပေါ့ကွာ။ တို့ကတော့ အမဲသားမစားလို့ ခင်ခင်မြင့၁ ဒီတာဝန်ယူလိုက်။ ညနေဘက် သူ့ကိုခေါ်ပြီး ချက်ကျွေးလိုက်ပေါ့" ငါလည်း ဆရာတော်ကြီးဆီ သွားလျှောက်ထားရဦးမယ်။ ဒီရုံးမှာပဲ သံယောဇဉ်ပါးပင့်ဖိတ်ပြီး ဆွမ်းကပ်မယ်။ ကမ္မဝါဖတ်၊ ပရိတ်ပဌာန်းရွတ်ပြီး သူ့ကို အမျှဝေပေးကြတာပေါ့ကွာ။ ပြီးတော့ သူ့ကို နေစရာပေးဖို့ ဆရာတော်ကို လျှောက်ကြည့်မယ်"

နောက်တစ်နေ့ညနေမှာတော့

www.burmeseclassic.com

www.burmeseclassic.com

အဖေဦးဆောင်သော ရုံးမှ ဝန်ထမ်းအဖွဲ့ များသည် မဆလာနဲ့သင်းပွဲနေသော အမဲ သားအိုးကိုချလျက် သရဲမကို ခေါ်ပြီး ကျွေးကြပါသည်။ သရဲမကိုလည်း -

"တို့ကတိထည်ပြီ။ နင့်ကတိ လည်းတည်တော့။ နင်လည်း မနွေညက တို့မိသားစုကို မနောင့်ယှက်တော့ဘာ တို့သိတယ်။ နင့်ကို နေစရာစီစဉ်ပေးပါ့ မယ်" ဟု အဖေက ပြောပြခဲ့သည်နှင့်ညီ ရောက်တော့ အိမ်ပေါ်မှနေ၍ သူ့ကို ချကျွေးခဲ့သော ကျွန်မတို့ ရုံးဝင်း၏ အနောက်ဘက် ထောင့်နေရာကို လှမ်း ကြည့်လိုက်တော့ ရုံးဝင်းထဲတွင် ခွေး တစ်ကောင်မှ မရှိခဲ့ပါလျက်နဲ့ ခင်းကျွေး ထားသော ဖက်ပေါ်ရိုဟင်းများ တစ်တုံးမျှ မရှိတော့ပါ။ အံ့သြစရာ အလွန်ကောင်း ပါသည်။ ပရလာကာ၏ အံ့သြစရာ စိတ် ဝင်စားစရာဖြစ်ရပ်ဖြစ်ပါသည်။

အဖေမှ ထိုပြဿနာ တစ်ပြိုင်လုံး က ကြည့်ညှိုကိုးကွယ်ကြသော ဝိတော်ရ ဘရာတော်ကြီးဝဲ သွားရောက်လျှောက် ထားပြီး ရုံးမှဝန်ထမ်းများ၊ စုပေါင်း ကုသိုလ်ပြုကြကာ ရုံးပေါ်မှာ ဆရာတော် ကြီးအပါအဝင် သံဃာငါးပါးအား ဆွမ်း ကပ်ပြီး အလှူဒါနပြုကြပါသည်။ ဆရာ တော်ကြီးနှင့် သံဃာများက ကမ္မဝါဖတ် ကြကာ ပရိတ်ပဝတ္တာန်းများ ရွတ်ဖတ် သရဇ္ဈာယ်ကြပါသည်။ ရေစက်ချတရားနာ ချိန်တွင် ဆရာတော်ကြီးမှ သရဲမ၏ လိပ်ပြာအား ခေါ်ယူနေရာပေးပြီး ယာခင်း စပ်ရှိ လက်ပံပင်ကြီးတွင် သွားရောက် နေထိုင်ရန် အမိန့်ပေးရိုက်ပါသည်။ ထိုနေ့ မှစ၍ ကျွန်မတို့ ထိုပြိုမှ ပြောင်းလာသည့် အချိန်အထိ ရုံးထဲတွင် မည်သည့်အရိပ် မယောင်မျှ မတွေ့ရတော့ပါ။ ခြောက်လှန့် နောက်ယှက်ခြင်းများလည်း မကြုံရတော့ ပါ။

အထက်ပါ အဖြစ်အပျက်မှာ ကျွန်မငယ်စဉ်က ကြုံတွေ့ခဲ့ရသော ပရ လောကသားတို့၏ ခြောက်လှန့်မှုအဖြစ် အပျက်တစ်ရပ်ဖြစ်ပါသည်။ ချစ်ခဲ့ရသူ ချစ်သူအား တစ်နေ့နေ့တစ်ချိန်ချိန်ပြန် လာနိုး ပြန်ဆုံရနိုးနှင့် သေသည့်တိုင် အောင် မကျွတ်ဘဲ ဝိညာဉ်ဘဝနှင့် ပြန် လာမည့်လမ်းကို မျှော်နေရသူ ပရလောက သူမိန်းကလေးတစ်ဦး၏ သနားစရာ ဇာတ် လမ်းလေးတစ်ပုဒ်ပင်ဖြစ်ပါသည်။ ယခု အချိန်မှာတော့ ကျွတ်လွတ်သွားပြီး အလွမ်းဇာတ်ပဲ သိမ်းခဲ့ပြီလား။ အိမ့မဟုတ် လက်ပံပင်ကြီးပေါ်မှာနေပြီး ချစ်တဲ့သူ လည်မည့်လမ်းကို ရမ်းငေးကြည့်ကာ ဆက်လက်မျှော်နေဆဲပဲလားဆိုတာ ကျွန်မ တို့ မသိနိုင်တော့ပါ။

အင်ကြင်းပြု (ယုဇန)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဧရိယာခွဲဝေခြင်း

နိုင်ငံတော်အကြီးအကဲ၏ မှတ်ချက်အရ ကော်မူးရော စခန်းသိမ်းတိုက်ပွဲကြီးကို ဆင်နွှဲရန် စစ်ရုံးတွင် အစည်းအဝေးများ ပြုလုပ်ခဲ့လေသည်။ အပြီးအပြတ်ရအောင် တိုက်ရမည်ဖြစ်၍ လူ၊ လက်နက်စုဖွဲ့မှုများကို အသေအချာ စီစဉ်ရတော့သည်။ ကွပ်ကဲမှုကိုလည်း စစ်ရုံးမှ လူကြီးများ ကိုယ်တိုင် ဆင်းကွပ်ကဲရန် ဖြစ်သည်။ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် ကွပ်ကဲသွားမည်။ ကျန်တပ်မှူးကြီးများလည်း ရွှေတန်းကျကျ လိုက်ပါကြရမည်။ သဃ်နဲ့ညီနောင်တွင် ကစထ (၂) မှူး ဒုဗိုလ်ချုပ်ကြီး မောင်လှ ရှိမည်။

တိုင်းမှူး၊ တပ်မမှူးများ၊ ကစထမှူး စသည့် တပ်မှူးကြီးများ အားလုံး ရွှေတန်းစစ်မြေပြင်ထိ လိုက်ပါကြမည်။ ပြီးခဲ့သည့် ဒီဇင်ဘာလ တိုက်ပွဲတုန်းက ဗျူဟာမှူး အဆင့်နှင့် လွှတ်ပေးခဲ့ရာ မလိုလားအပ်ဘဲ မိမိဘက်မှ အထိအခိုက် အကျအဆုံးများခဲ့ရသည်ဟု စစ်ရုံးမှ သုံးသပ်ခဲ့လေသည်။

တပ်ရင်း ၂ ရင်းသာ ထုတ်သုံးခဲ့ရာ ထိုတပ်ရင်း ၂ ရင်း အနားပေးရသည်နှင့် နောက်ထပ် အရန်တပ်မရှိသလောက်ဖြစ်ခဲ့ရ၍ တိုက်စစ်အဟုန် ရပ်တန့်သွားခဲ့သည်။ ယခု တိုက်စစ်ကတော့ ရည်မှန်းချက် မရ၊ ရအောင် တိုက်ရမည်ဖြစ်၍ အနားပေးထားသည့် တပ်မများကို အသင့်ပြင်ခိုင်းထားသည်။

တကယ်တိုက်ရမည့်ကတပ်မ (၄၄)

အရန်တပ်မများက တပ်မ (၁၁) နှင့် တပ်မ (၇၇)

ပစ်ကူပေးရမည့် တပ်က အမြောက်နှင့် သံချပ်ကာ ယန္တရားကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးလွန်းသိကွပ်ကဲသော အမြောက်တပ်ရင်း သုံးရင်းမှ ၁၂၀ မီလီမီတာ စိန်းပြောင်းကြီး ၂၂ လက်။ ၁၀၅ မီလီမီတာ ဟောင်စစ်ဇာ အမြောက်ကြီး ၆ လက်၊ ၁၀၆ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်ကြီး ၄ လက်၊ ပွိုင့်ဖိုက် စက်သေနတ်ကြီး ၁၀ လက်တို့ ပါဝင်ပါသည်။

တိုက်ပွဲဝင်တပ်မှူးများတွေ့ဆုံပေါင်းစပ် ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ဖေဖော်ဝါရီလဆန်းမှာပင် တိုက်ပွဲဝင်မည့်တပ်တွေကို ကော်မူးရာစခန်းနှင့် လက်နက်ကြီးတစ်ကမ်းတွင် စုဖွဲ့နေရာချထားခဲ့တ၏။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ယအနုတ် ၂ ရက်နေ့တွင် တိုက်ပွဲဝင်မည့် တပ်မှူးကြီးအားလုံး မိမိ အခြေပြုကြရမည့်နေရာများကို ရောက်ရှိကြပြီဖြစ်တ၏။

ရတခတိုင်းမှူး

တပ်မ (၁၁) တပ်မမှူး

တပ်မ (၄၄) တပ်မမှူး

တပ်မ (၇၇) တပ်မမှူး

www.burmeseclassic.com

www.burmeseclassic.com

ဂင်းတို့၏ ဒုတပ်မမှူး များသည် ပွိုင့် ၁၂၈၉ တွင် အခြေပြုခဲ့ပါသည်။

ပွိုင့် ၁၄၅၀ တွင်မူ တပ်မ (၄၄) ဒုတပ်မမှူးနှင့် အဖွဲ့မှ အုပ်ချုပ်မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၏။

ယရက် D Day မှာ ဖေဖော်ဝါရီ ၈ ရက် ဖြစ်သည်။

ပထမအကြိမ်တိုက်စစ်ဆောင်ရွက်ခြင်း

ယရက် D Day တွင် မိမိတပ်မ (၄၄) ကွပ်ကဲမှု အောက်မှ တပ်များက အမြောက်လက်နက်ကြီးများ အကူအညီဖြင့် ကော်မူးရာစခန်းကြီးကို ဝင်ရောက်တိုက်ခိုက်မည် ဖြစ်ပါသည်။

ကွပ်ကဲမှုကို ရတခ တိုင်းမှူး ကိုယ်တိုင် အနီးကပ် ကြီးကြပ်ကွပ်ကဲသွားမည် ဖြစ်လေသည်။

ပထမအကြိမ် တိုက်စစ် အတွက် တပ်များကို အောက်ပါတိုင်း စုဖွဲ့ခဲ့သည်။

(က) ချေမှုန်းရေးတပ်။ ရန်သူ ဗူးဝရွေတည့်တည့်မှ ရင်ဆိုင် တိုက်ခိုက်ရန် အောက်ပါ စစ်ကြောင်း ၂ ကြောင်း ကို စုဖွဲ့ခဲ့ပါသည်။

(၁) ညာဘက်စစ်ကြောင်း

(ကက) ရေ.တန်း အမှတ် (၁၁၈) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲ။

(ခခ) ရေ.တန်း အမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲ။

(ဂဂ) ရေ.တန်း အမှတ် (၂) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁/၂) နှင့် တပ်ခွဲ ၅ ခွဲ။

(ဃဃ) အမှတ် (၄၄၁) နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့။

(၂) ဘယ်တက်စစ်ကြောင်း

(ကက) ရေ.တန်း အမှတ် (၁၁၈) ခြေမြန်တပ်ရင်း စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲ။

(ခခ) ရေ.တန်း အမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲ။

(ဂဂ) အမှတ် (၄၄၂) နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့။

(ခ) ပစ်ကူတပ်။ အောက်ပါ အတိုင်းဖြစ်ပါသည်။

(၁) ရေတန်းအမှတ် (၁၆) အမြောက်တပ်ရင်းမှ တပ်ခွဲ ၂ ခွဲ။

(ကက) ၁၂၀ မီလီမီတာ (အမ်အေ-၆) စိန်ပြောင်းကြီး ၈ လက်။

(ခခ) ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာ

www.burmeseclassic.com

အမြောက် ၄ လက်။

(၂) အမှတ် (၃၁၄) အမြောက်တပ်ခွဲ

(က က) ၁ ၂ ၀ မိလီမီတာ (ယူကို) စိန်ပြောင်းကြိုး ၄ လက်။

(ခခ) ၁ ၂ ၀ မိလီမီတာ (က က-၆) စိန်ပြောင်းကြိုး ၂ လက်။

(ဂဂ) ၁ ၀ ၆ မိလီမီတာ နောက်ပွင့်ရိုင်ဖယ် ၄ လက်။

(၃) အမှတ် (၃၁၉) အမြောက်တပ်ခွဲ။ ၁၂၀ မိလီမီတာ (အမ်အေ-၆) စိန်ပြောင်းကြိုး ၈ လက်။

(၄) အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်။ လက်နက်ကြီးတပ်စု ပွိုင့်ဖိုက် ၁၀ လက်။

ညာဘက်စစ်ကြောင်း

(က) ရှေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်ရင်းမှ ယာယီတပ်ရင်းမှူး ဗိုလ်မှူး သန်းဆွေ ဦးစီးစစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲသည် ရန်သူ ဗူးဝရှေ့ ကိုက် ၃၀၀ ခန့် ကွာဝေးသောနေရာတွင် ရန်သူနှင့် စတင် ရင်ဆိုင် ထား ရှိ ခဲ့ ပြီး ၎င်း၏ နောက်တွင် ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) တပ်ခွဲ ၃ ခွဲ အစီအစဉ်အတိုင်း တပ်ဖြန့်ထား ရှိခဲ့ပါသည်။

(ခ) ပစ်ခတ်မှုစိမ်ချက်အတိုင်း ဝရ၁၆ နာရီမှ ဝရ၂၀ နာရီအထိ ရန်သို့ ဗူး၀ ဘန်ကာများအား လည်းကောင်း။ ဝရ၂၁ နာရီမှ ဝရ၂၄ နာရီအထိ ရန်သူ ခြံစည်းရိုးနှင့် မိုင်းကွင်းအား လည်းကောင်း။ ဝရ၂၄ နာရီမှ ဝရ၃၀ နာရီအထိ ရန်သူ့ဘန်ကာ များအပေါ် လည်းကောင်း၊ လက်နက်

www.burmeseclassic.com

ကြီးများ ပစ်ခတ်နေပြီး မိမိ ချေမှုန်းရေးတပ်များ ရန်သူ ပူးဝင်သို့ ချဉ်းကပ်ခဲ့သည်။

(ဂ) ဝဂး၃၀ နာရီတွင် မိမိတပ်များ ရန်သူ့ခြံစည်း ၂၀ အစပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းနေရာများမှ တစ်ဆင့် မိမိခြေမြန်တပ်ရင်း အကူလက်နက်များ ဖြစ်သည့် ၈၄ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်၊ ၄၀ မီလီမီတာ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်၍ ချဉ်းကပ်ခဲ့ရာ ဝဂး၄၀ နာရီတွင် ရန်သူ့ပူးဝင်သို့ မိမိရှေ့တန်း(အမှတ် (၁၁၈) ခြေမြန်တပ်ရင်း ရှေ့ပြေးတပ်ခွဲ၊ ရှေ့ပြေးတပ်စုမှ စစ်သည်များ ရောက်ရှိခဲ့ပါသည်။ ၎င်းတပ်စု၏ နောက်တွင် တပ်ခွဲမှူး ဗိုလ်မှူး ကြည်ဝင်းနှင့် ရုံးအဖွဲ့၏ နောက်တွင် ယာယီတပ်ရင်းမှူး ဗိုလ်မှူး သန်းဆွေတို့ ရှေ့တန်းကျကျ လိုက်လာခဲ့ကြသည်။

(ဃ) ရန်သူ၏ပစ်ခတ်မှုကြောင့် တိုက်ပွဲစပြီး မကြာမီမှာပင် တပ်ရင်းမှူး ဗိုလ်မှူး သန်းဆွေ၏ တင်ပါးတွင် လက်နက်ကြီး ထိမှန်ပြီး ဒဏ်ရာရရှိထားပါသည်။ သို့ရာတွင် ဗိုလ်မှူးသန်းဆွေသည် ရှေ့ပြေး တပ်ခွဲနှင့် ချဉ်းကပ်ခဲ့ပါသည်။ မိမိရှေ့ပြေးတပ်ဖွဲ့နှင့် ကပ်လျက် လိုက်ပါလာပါသည်။ မိမိရှေ့ပြေး တပ်ခွဲ၏ ပစ်အားဖြင့် ရှေ့ပြေးတပ်ခွဲမှ တပ်စု ၂ စုသည် ခြံစည်းရိုး ၅ ထပ် အကြားထိရောက်ရှိခဲ့ပြီး ဝဂး၀၀ နာရီတွင် ရှေ့ပြေး တပ်စု ပူးဝရှိ အလယ် ဘန်ကာသို့ ရောက်ရှိပြီး တပ်ရင်းမှူး ဗိုလ်မှူး သန်းဆွေ ရောက်ရှိလာ၍ ဘန်ကာကို လက်ဖြင့် ပုတ်ပြီး "ငါ ဘန်ကာပြီ ခဲ့ဘော်တို့ ဆက်တက်"ဟု အမိန့်ပေးပါသည်။ ထို့အပြင် အိုင်ကွန် စကားပြောစက် ဖြင့် တပ်မမှူးထံ "အဘ အတွက် ဘန်ကာတစ်ခု လက်ဆောင်ပေးနိုင်ပါပြီ" ဟု ပြောဆိုကာ ဆက်တက်ခဲ့ပါသည်။

(င) ဝဂး၃၀ နာရီတွင် တပ်ရင်းမှူးမှ ဘယ်လက်ဖြင့် အိုင်ကွန်စကားပြောစက်ကို ကိုင်၍ ညာလက်ဖြင့် လက်ပစ်ဗုံး ပစ်ပေါက်ရန် လက်မြှောက်စဉ် ညာလက်သို့ ရန်သူ့လက်နက်ငယ်စ ထိမှန်ခဲ့ပြီး အိုင်ကွန်စကား

www.burmeseclassic.com

(၁) ခြေမြန်တပ်ရင်း၊ ရွေ့တန်းအမှတ် (၂) ခြေမြန်တပ်ရင်းတို့အား ပိုင်းဖြတ်ပစ်ခတ်ခဲ့ရာ ရွေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်းနှင့် ရွေ့တန်း အမှတ် (၂) ခြေမြန်တပ်ရင်းတို့မှ စစ်သည်များ ထပ်မံထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြပါသည်။ ရန်သူသည် ဘယ်ဘက်ပူးဝ ဘန်ကာ၊ ညာဘက် ပူးဝ ဘန်ကာ၊ အလယ်ရှိ ခေါင်ကတုတ် ခုမှ ပွိုင့်ဖိုက်စက်သေနတ်

နံပါတ် (၃) ခြံစည်းရိုး အတွင်း ရောက်ရှိနေခဲ့ပြီး ရန်သူလက်နက်ကြီး ကျည်များ အဆက်မပြတ် ကျရောက်ပေါက်ကွဲနေမှုကြောင့် နောက်သို့ ဆုတ်ခွာခဲ့ရပါသည်။

(ဆ) ရန်သူသည် ရွေ့ပြောင်းတပ်ရင်းအား ချေမှုန်းပစ်ခတ်နေစဉ် ရွေ့တန်းအမှတ် (၁၁၈) ခြေမြန်တပ်ရင်း၏ နောက်မှ ကပ်လျက်လိုက်ပါလာသော ရွေ့တန်း အမှတ် ပြောစက်မှာလည်း အစထိမှန် ပျက်စီးခဲ့ပါသည်။ တပ်ရင်းမှူးသည် ၎င်း၏ နောက်မှ တပ်ခွဲမှူး ဗိုလ်ကြီး ဒိန်းအေးထံမှ အိုင်ကွန်စက် ဂိုယူပြီး ဆက်လက်အမိန့်ပေး ကွပ်ကဲခဲ့ပါသည်။ ထိုစဉ် တပ်ရင်းမှူး၏အနီးသို့ ရန်သူ ၆၀ မီလီမီတာ စိန်ပြောင်း ဗုံးကျရောက်ပေါက်ကွဲခဲ့ပြီး တပ်ရင်းမှူး ဗိုလ်မှူး သန်းဆွေ ကျဆုံးခဲ့ပါသည်။

(စ) ဗိုလ်ကြီးသိန်းအေးသည် တပ်ရင်းမှူးအား တက်ပြီး ဆွဲထုတ်လာရာ ၆၀ မီလီမီတာ စိန်ပြောင်း ထပ်မံကျရောက်ပေါက်ကွဲခဲ့ပြီး ဗိုလ်ကြီးသိန်းအေး ထပ်မံဒဏ်ရာရရှိခဲ့ပါသည်။ ဗိုလ်ကြီးလှိုင်ထွန်းဦး ဦးစီးရွေ့ပြောင်းတပ်ခွဲသည်

www.burmeseclassic.com

www.burmeseclassic.com

ကြီးများ၊ ၅၇ မိလီမီတာ နောက်ပွင့်ရိုင်ဖယ်လောင်ချာများတို့ဖြင့် စိတ်ကြိုက် ချေမှုန်းနိုင်ခဲ့သဖြင့် မိမိတပ်များရေ့နှင့် နောက်တပ် အဆက်ပြတ်သွားခဲ့ပါသည်။

(၈) ဝဓးဝဝ နာရီမှ မိမိရေ့ပြေး တပ်များ ရန်သူ့ဗူဟဝ ခေါင်းကတုတ်သို့ ရောက်ရှိနေစဉ် တပ်ကြပ်ကြီး နီစိုးအောင် ဦးစီး ရေ့ပြေးတပ်စုသည် ညာအစွန် ဘန်ကာသို့

လက်ပစ်ဗုံးများ ပစ်သွင်းပြီး တပ်သား ရှေ့ထွန်းလှမှ ရန်သူ့အား စက်လက်ဖြင့် နှိမ်နင်း ပစ်ခတ်နိုင်ခဲ့ပါသည်။ ထိုအချိန်တွင် ရန်သူ လက်နက်ကြီးများ ကျရောက်ခဲ့ပြီး တပ်ကြပ်ကြီး နီစိုးအောင် အပါအဝင် ၄ ဦး ကျဆုံးကာ ကျန် စစ်သည်များ ဒဏ်ရာရရှိခဲ့ပါသည်။

(၈) ထိုအချိန်တွင် တပ်ကြပ်ကြီးနီစိုးအောင်၏အနီးမှ ကပ်၍ လိုက်ပါလာသော ရှေ့ပြေးတပ်ခွဲမှူး ဗိုလ်မှူးကြည်ဝင်းအပါအဝင် စစ်သည် ၇ ဦး လက်နက်ကြီး ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ ဗိုလ်မှူးကြည်ဝင်း၏ ရှေ့ပြေးတပ်ခွဲ၏ နောက်မှ ထုနှင့်တိုက်စစ်ဆင်ရန် ကပ်ပါလာသော ဗိုလ်ကြီးလှိုင်ထွန်းဦး အပါအဝင် စစ်သည်များ ခါးပြတ်၍ သတ်ကွင်းအတွင်း ရန်သူ့မှ ဖိ၍ပစ်ခတ်ခြင်း။ လက်နက်ကြီးများ အဆက်မပြတ် အပစ်ခံရခြင်းတို့ကြောင့် ကျဆုံး ဒဏ်ရာရရှိခဲ့ပြီး ထပ်မံ၍ တပ်အဆက်ပြတ် သွားခဲ့ပါသည်။

(၉) ရှေ့ပြေးစစ်ကြောင်း (၁) သည် ရှေ့တန်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com

(၁၁၈) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) တပ်ခွဲများ အနက် တပ်ရင်းမှူး ကျဆုံးခြင်း၊ တပ်ခွဲမှူးများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ စစ်သည်များ ကျဆုံး ဒဏ်ရာရရှိခြင်းတို့ကြောင့် တိုက်စစ်အရှိန်အဟုန် ရပ်တန့်ခဲ့ပြီး ရှေ့တန်းအမှတ် (၁) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) တပ်ခွဲ ၃ ခွဲသည် ရှေ့ဆုံး ရန်သူ ခြံစည်းရိုး ၁၀ ကိုက်အကွာ သို့ ရောက်ရှိနေပြီး ရန်သူ၏ ပိုင်းဖြတ်ပစ်ခတ်မှုကြောင့် အရာရှိစစ်သည်များ ထပ်မံ ကျဆုံး ဒဏ်ရာရရှိခဲ့ပါသည်။

(၄) ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်း တပ်ရင်းမှူး သည် ရှေ့ဆုံးရှိ တပ်ခွဲ ၃ ခွဲသို့ ၎င်း၏ တပ်ခွဲ (၅) အား ထပ်မံအင်အားဖြည့်ပြီး တပ် အဆက်မပြတ်ရန် ဆောင် ရွက်ခဲ့ပါသည်။ ထို့နောက် ရန်သူမှ ပို့ဂုံ့ဖို့က်စက် သေနတ်ကြီး ၅၅ မိလီမီတာ ဒုံးပစ်လောင်ချာတို့ဖြင့် ပုံသေပစ်ကြောင်းဖြင့် ပစ်ခတ်နေသည့် ရန်သူ့ဗူဟ အလယ်နှင့် ညာဘက် ဘန်ကာကို ချေမှုန်းခဲ့ပါ သည်။ တပ်ခွဲ (၃) တပ်ခွဲမှူး ဗိုလ်ကြီး ဝင်းကျော်သည် ကန့်လန့်ဖြတ် လဲကျနေ သည့် သစ်တုံးကို အကာ အကွယ်ယူပြီး ၄၀ မိလီမီတာ ဒုံးပစ်လောင်ချာ စက် သေနတ်တို့ဖြင့် ကာပစ်ကို ထိရောက်စွာ ပစ်ခတ်ပေးနိုင် ခဲ့ပါသည်။ ထိုအချိန်တွင် ဗိုလ်ကြီးဝင်းကျော်ထံသို့ ၅၅ မိလီမီတာ နောက်ပွတ်ရိုင်ဖယ် ပစ်ခတ်မှုကြောင့် တပ်သား ခင်မောင်မောင်၊ တပ်သား မျိုးမြင့်တို့ ကျဆုံးပြီး စစ်သည်များ ဒဏ်ရာရရှိ ခဲ့ပါသည်။

(၅) ရှေ့တန်းအမှတ် (၁) ခြေမြန် တပ်ရင်း တပ်ရင်းမှူးသည် တပ်ခွဲ (၅) ၏ ရှေ့ဆုံးထိ တက်ပြီး တပ်ခွဲ (၅) အား တပ်ခွဲ (၃) ကို ကျော်ဖြတ်ပြီး ရန်သူကို ချေမှုန်းရန် တာဝန် ပေးခဲ့ရာ တပ်ကြပ်ကြီး ထွန်းဝေ ဦးစီး ၄ စိတ် ရှေ့သို့ ချီတက်စဉ် ရန်သူ့ပုံသေ ပစ်ကြောင်းအတွင်း ကျ ရောက်ပြီး စစ်သည်များ ထပ်မံ ကျဆုံး၊ ဒဏ်ရာ ရရှိခဲ့ပါသည်။ ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်း မှ တပ်ခွဲ (၃)သည် တပ်ခွဲ (၅) ရပ်တန့်နေစဉ် ၎င်းတပ်ခွဲ ၂ ခွဲ သတ်ကွင်းအတွင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ကျော်နိုင်ရန်အတွက် တပ်ရင်းမှူးမှ ဗိုလ်ကြီး ခင်ဇော် ဦးစီးတပ်ခွဲအား တပ်ခွဲ (၅) ၏ ညာဘက်မှ ဖြတ်ကျော်တိုက်ခိုက်ရန် (၃) ဝဓ္ဓး၄၀ နာရီတွင် အမိန့်ပေး ခဲ့ပါသည်။ တပ်ခွဲ (၁) မှ ညာဘက်မှ ဖြတ်ကျော်ရန် ကြိုးပမ်းစဉ် စစ်သည်အချို့ ကျဆုံးပြီး တပ်ကြပ်မောင် မောင်မြင့်၊ ဒုတပ်ကြပ် သန်းမင်းတို့ ပွိုင့်ဖိုက်စက် သေနတ်ကြီး ထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။ ရှေ့တန်း အမှတ် (၁) ခြေမြန်တပ်ရင်း တပ်ရင်းမှူး၏ ဝဲဘက်ပခုံး တွင်လည်း ပွိုင့်ဖိုက် ထိမှန် ဒဏ်ရာရရှိခဲ့ပါသည်။

၁၀း၃၀ နာရီတွင် တပ်ရင်း မှူးမှ ခွဲ (၅) အား သတ် ကွင်းအတွင်းမှ ဖြတ်ကျော်၍ ရှေ့တပ်စုနှင့် တပ်ဆက်ရန် ညွှန်ကြားရာ အင်အားနည်း နေကြောင်း သတင်းပို့ချက် အရ ဗိုလ်ခင်ဇော်ဦးစီး တပ်ခွဲ (၁) အား ညာဘက်မှပတ်၍ ကိုက် ၈၀ ခန့်အထိ အတင်း ဖြတ်ကျော် ရှင်းခိုင်းခဲ့ပါ သည်။ တပ်ခွဲမှူး ဗိုလ်ကြီး ခင်ဇော်သည် တပ်ခွဲ၏ရှေ့မှ အမိန့်ပေးချီတက်စဉ် ၁၀ ကိုက်အတွင်း ရန်သူ ပွိုင့်ဖိုက် စက်သေနတ်ကြီးကျည်ဆန် ဦးခေါင်းထိမှန် ကျဆုံးသွား ခဲ့ပါသည်။ အမှတ် (၁) ခြေမြန်တပ်ရင်း၏ တပ်ခွဲ (၁၊ ၃၊ ၅) တို့မှ ကျန်စစ်သည် များနောက်မှ တစ်ဆက် တည်း ချဉ်းကပ်စဉ် စစ်သည် အများအပြား ဒဏ်ရာရရှိခဲ့ ပြန်ပါသည်။

(၈) ၁၂း၀၀ နာရီခန့်တွင် ရှေ့တန်းအမှတ် (၁) ခြေမြန် တပ်ရင်းမှူးသည် တပ်ရင်းရှိ ၄၀ မိလီမီတာ ဒုံးပစ် လောင်ချာ၊ ၁၀၃ မိလီမီတာ ဒုံးပစ်လောင်ချာတို့ဖြင့် ရန်သူဘန်ကာများအား ပစ်ခတ်ရန် တာဝန်ပေး ခဲ့ရာ ရန်သူမှ တန်ပြန်ပစ်



www.burmeseclassic.com

ခတ်မှုကြောင့် ခွဲ (၁) မှ
ခွဲတပ်ကြပ်ကြီး လွန်အွမ်ကီး
ထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။
နည်းပျူဟာမှူးသည် အခြေ
အနေ အရပ်ရပ်ကို လေ့လာ
ပြီး နောက်ချန်တပ်ဖြစ်သည့်
ရှေ့တန်းအမှတ် (၂) ခြေမြန်
တပ်ရင်း စစ်ကြောင်း (၁)
တပ်ခွဲ (၃) အား အမှတ်
(၁) ခြေမြန်တပ်ရင်း
စစ်ကြောင်း (၁) အား ဖြတ်
ကျော်တက်ရန် ညွှန်ကြား
ခဲ့ပါသည်။ ၁၂း၃၀ နာရီတွင်
ရှေ့တန်း အမှတ် (၂)
ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်း
မှူး၊ ဗိုလ်မှူးညီညီ ဦးစီးစစ်
ကြောင်း (၂) သည် ရှေ့တန်း
အမှတ် (၁) ခြေမြန်တပ်ရင်း
မှူးထံ ပူးပေါင်းပြီး တပ်ရင်း
မှူးနှင့် အခြေအနေ ညှိနှိုင်း
ကာ တပ်ရင်း နှစ်ရင်းရှိ (တ)
အင်အားများ စုပေါင်းပြီး

အမြောက်ပစ်ကူနှင့်အတူ
ဘန်ကာများအား အတင်း
တက်ရောက်ချေမှုန်းရန်
စီစဉ်ခဲ့သည်။ ထိုစဉ် ၎င်း
အနီးသို့ ၅၅ မီလီမီတာကျည်
ပေါက်ကွဲခဲ့၏။ ၅၅ မီလီ
မီတာ နောက်ပွင့်ရိုင်ဖယ်
ကျည် ကျရောက်ပေါက်
ကွဲ၍ ဒုတပ်ကြပ်တင်ဝင်း
မြင့်နှင့် ရှေ့တန်းအမှတ် (၂)
ခြေမြန်တပ်ရင်းမှ စစ်သည်
အများအပြား ဒဏ်ရာရရှိ
သွားခဲ့သည်။ နည်းပျူဟာမှူး
သည် ရှေ့တန်းအမှတ် (၁)
ခြေမြန် တပ်ရင်းအား ဖြတ်
ကျော်ပြီး ရှေ့တန်း အမှတ်
(၁၁၈) ခြေမြန်တပ်ရင်းကို
တပ်အဆက် မပြတ် ရန်
ဆောင်ရွက်ခဲ့သည်။

၁၃း၀၀ နာရီတွင် နယ်လှည့်
အမှတ် (၄၄) ခြေမြန်

တပ်မဌာနချုပ်နှင့် တိုက်ရိုက်
ဆက်သွယ်မှုရရှိပြီး ပူးလယ်
ညာအစွန်နှင့် နောက်ပိုင်း
ကိုက် ၁၀၀ ရှိ ပစ်မှတ်များ
အား အမြောက်ပစ်ကူ
တောင်းခံ၍ အတင်းတက်
ရောက်ချေမှုန်းရန် တင်ပြ
ခဲ့သည်။ ရှေ့တန်းအမှတ်
(၂) ခြေမြန်တပ်ရင်းမှ
ထပ်ဖြည့် တပ်ခွဲမရောက်
သေးသဖြင့် စောင့်ဆိုင်းနေ
စဉ် ၁၄း၃၀ နာရီ ရှေ့တန်း
အမှတ် (၂) ခြေမြန်တပ်ရင်း
ခွဲ (၄) မှ တပ်ခွဲမှူးဒဏ်ရာ
ရရှိခဲ့သဖြင့် ခွဲတပ်ကြပ်ကြီး
နှင့် တစ်စိတ်သာ ရောက်ရှိ
ပူးပေါင်းနိုင်ခဲ့သည်။ အမှတ်
(၂) ခြေမြန်တပ်ရင်းသည်
လည်း ရှေ့တန်း အမှတ် (၁)
ခြေမြန်တပ်ရင်းအား ဖြတ်
ကျော်စဉ် ရန်သူ၏ပုံသေ
ပစ်ကြောင်းအတွင်း ကျ

www.burmeseclassic.com

ရောက်ပြီး စစ်သည်အများ
အပြားထိခိုက် ကျဆုံးဒဏ်
ရာရရှိခဲ့သည်။ အမှတ် (၄၄)
နည်းဗျူဟာစစ်ဆင်ရေး
ကွပ်ကဲမှုဖွဲ့မှ တပ်မမှူးထံ
ရန်သူ့ပစ်မှတ်များအား
ထပ်မံပစ်ခတ်ပေးရန်
ပစ်ကူတောင်းခံခဲ့ရာ ၁၄၄၀
နာရီမှ ၁၄၅၀ နာရီ အထိ
၁၀၅ မိလီမီတာ ဟောင်စ်
ဇာအမြောက်များဖြင့်
ပစ်ကူပေးခဲ့သည်။

(ထ) ထိုအချိန်တွင် ရွှေ့တန်း
အမှတ် (၁) ခြေမြန်တပ်ရင်း
နှင့် ရွှေ့တန်းအမှတ် (၂)
ခြေမြန်တပ်ရင်းတို့ ပူးပေါင်း
ပြီး ဆက်လက်ချီတက်ခဲ့
သည်။ ၁၄၄၀ နာရီမှ
၁၄၅၀ နာရီအထိ တောင့်ခံ
ထားသော ရန်သူ့ပစ်မှတ်
များအား ဟောင်စ်ဇာ
အမြောက်များဖြင့် ပစ်ကူပေး
စဉ် ရွှေ့တန်းအမှတ် (၁)
ခြေမြန်တပ်ရင်း တပ်ရင်းမှူး
ကိုယ်တိုင် ဒဏ်ရာရသွား
သော ဒုတပ်ကြပ် ကျော်
သောင်း၏ ပို့ဆောင်ရေး
ကားတိုင်သေနတ်နှင့် ကျည်
အား ယူ၍ သတ်ကွင်းအား
အတင်းပြေးတက်ဖြတ်
ကျော်သွားရာ ရန်သူ အနီးရှိ
ဘန်ကာသို့ တပ်ရင်းမှူး
ကိုယ်တိုင် ထိုးဖောက်
ရောက်ရှိ သွားသည်။
တပ်ရင်းမှူးသည် လက်နက်
ကြီးကျည် ကျရောက်ထား
သည့် ကျင်း တစ်ခုအတွင်း
သို့ တိုးဝင်နေရာယူနေစဉ်
ထောက်လှမ်းရေးအရာရှိ
ဗိုလ်သောင်းဟန်မှ တပ်ရင်း
မှူး နောက် ပြေးလိုက်လေ
ရာ သတ်ကွင်းအစပ်အတွင်း
၁၀၅ မိလီမီတာ လက်နက်
ကြီး ထိမှန်သွားခဲ့ပြီး ကျန်
နောက်မှပါလာသူ တပ်ဖွဲ့ဝင်
များမှာလည်း ပို့ဆို့ဖိုက်
ထိမှန်၍ အချို့ဒဏ်ရာရကာ
အချို့ကျဆုံးခဲ့ရပါသည်။
ထို့ကြောင့် သတ်ကွင်းအစပ်
သို့ ပြန်ဆုတ်ခဲ့ကြရ၏။ မိမိ
စစ်သည်များမှာ ရန်သူ၏
၅၅ မိလီမီတာနှင့် ပို့ဆို့ဖိုက်
စက်သေနတ်ကြီးတို့ကြောင့်
အထိနာခဲ့ရပါသည်။
တပ်ရင်းမှူးတစ်ဦးသာ
ခြစည်းရိုးအတွင်း ရောက်
ရှိနေခဲ့ပြီး ရန်သူမှ
ဘရောင်နင်ဖြင့် ဖိပစ်နေ
သည်ကို ကာတိုင်ဖြင့် ခံပစ်၍
ည ၂၃း၀၀ ချိန်ရောက်မှ
အမှောင်ထုကို အကာ
အကွယ်ယူကာ မိမိတပ်ရင်း
နှင့် ပြန်လည် ပူးပေါင်းနိုင်
ခဲ့ပါသည်။ ရွှေ့တန်း (၁၁၈)
ခြေမြန် တပ်မှူး ကျဆုံးသွား

www.burmeseclassic.com

ခြင်း။ ခမရ (၁) တပ်ရင်းမှူး ဒဏ်ရာရခြင်း။ တပ်ခွဲမှူးနှင့် တပ်ခွဲအရာရှိများ ကျဆုံး ခြင်း။ စစ်သည်အများအပြား လည်း ကျဆုံးဒဏ်ရာရ လျက်ရှိခြင်းတို့ကြောင့် ထိုနေ့က တိုက်စစ်အဟုန်မှာ ရပ်တန့်သွားခဲ့ရပါသည်။

(ဒ) ၎င်းအချိန်တွင် ခမရ (၁) တပ်ရင်းမှူးမှာ ဒဏ်ရာ ရနေခြင်း၊ စစ်သည်များ ဒဏ်ရာရရှိမှုများပြားနေခြင်း တို့ကြောင့် ခမရ (၂) တပ်ရင်းတစ်ရင်းလုံးမှ တာဝန်ယူကာ ရန်သူအား ဆက်လက်ချေမှုန်းသွားရန် နည်းဗျူဟာမှုးမှ ညွှန်ကြား ခဲ့ပါသည်။ ခမရ (၂) မှ ဒုတပ်ရင်းမှူး မှူးညီညီ ဦးစီးစစ်ကြောင်း (၂) ဌာနချုပ်နှင့် ခွဲ ၂/၄ တို့သည် ရှေ့တွင်ရှိသော ရတ ခမရ (၂) တပ်ရင်းအဖွဲ့ကို ကျော် ကာ ခမရ (၁) ရင်းမှူးထံ ၁၂း၃၀ ချိန်၌ ရောက်ရှိ ပူးပေါင်းနိုင်ခဲ့ပါသည်။ ခမရ (၁) ရင်းမှူးနှင့် အသေးစိတ် ညှိနှိုင်းပြီး အမြောက်ပစ်ကူ များရယူပြီး ရန်သူ ဘန်ကာ များကို အတင်းဝင်လုံးရန် စီစဉ်၍ ခမရ (၁) မှ ကျန် စစ်သည်များနှင့် အတူ အတင်းဝင် ရောက်တိုက်ခိုက် ခဲ့ပါသည်။ ရတခမရ (၂) မှ ခွဲ ၄ မှူး ဗကမျိုးညွှန့် ဦးစီး တပ်ခွဲအား ၁၃း၃၀ ချိန်ခန့် တွင် ရန်သူမှ ၅၅ မိလီ မီတာ၊ ၆၀ မိုလီမီတာဖြင့် စုပြုံပစ်ခတ်မှုကြောင့် ဗက မျိုးညွှန့်၊ တပ်ကြပ်ကြီး စံအော်း တပ်ကြပ် ဇော်ဝင်း၊ တပ်ကြပ် တင်ဇော်၊ တပ်ကြပ်မျိုးဝင်း၊ တပ်သား ခင်ဇော်တို့ ကျဆုံးပြီး စစ်သည်အချို့ ဒဏ်ရာရခဲ့ပါ သည်။ ခွဲ (၄) မှ ဗိုလ်မင်း ကြည်စိုးနှင့် တပ်ခွဲတပ်ကြပ် ကြီး အိုက်ထွန်းစံ ဦးစီးတပ် စိတ် တစ်စိတ်၊ စစ်ကြောင်း (၂) မှ တပ်ကြပ် တီးရယ် ဦးစီး ဒုံးပစ်လောင်ချာ

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့များသာ ကျန်ရှိရာ
စစ်ကြောင်း (၂) မှူးအဖွဲ့
နှင့် သွားရောက်ပူးပေါင်း (ခ)
ခဲ့ရပါသည်။ ၎င်းအဖွဲ့သည်
မိမိတို့ရှေ့ ကိုက် ၅၀ အကွာ
ခန့်ရှိ ဘန်ကာများအား
၁၀၃ မီလီမီတာ ဒုံးပစ်
လောင်ချာ၊ အမဲ ၄၀ ဒုံးပစ်
လောင်ချာများဖြင့် အနီးကပ်
ဝင်ရောက် ပစ်ခတ်ကြရာ
ရန်သူမှ ပွိုင့်ဖိုက် စက်
သေနတ်ကြီးများ၊ ၅၅
မီလီမီတာ နောက်ပွင့်များ၊
RPG များဖြင့် စုပြုံပစ်ခတ်
ရာ မိမိတပ်ဖွဲ့မှ တပ်ကြပ်
ထီးရယ်၊ တပ်ကြပ်ဇော်ဝင်း
တပ်သားကျော်စွာတို့
ပွိုင့်ဖိုက် တိုက်ရိုက်ထိမှန်
ကျဆုံးခဲ့ရပါသည်။ ဗိုလ်
မင်းကြည်စိုးနှင့် တပ်သား
စိုးမင်းတို့ ၈၂ မီလီမီတာ
စိန်ပြောင်းဗုံးစများ ထိမှန်

ဒဏ်ရာရခဲ့ပါသည်။

ရန် သူ ပစ် ခတ် နေစဉ်
နယ်လှည့် တပ်မ (၄၄) မှ
နည်းဗျူဟာ (၄၄၁) နှင့်
Lcom ဖြင့် အဆက်အသွယ်
တိုက်ရိုက်ရရှိခဲ့ရာ ခမရ (၂)
တပ်ရင်းမှူး နှင့် ညှိနှိုင်းပြီး
ပူးလယ်ညာအစွန် နောက်
ပိုင်း ကိုက် ၁၀၀ ပစ်မှတ်
အား အမြောက်ပစ်ကူဖြင့်
အတင်းဝင်ရောက်ချေမှုန်းရန်
တင်ပြခဲ့ရာ ရှေ့တွင်
စစ်ကြောင်း (၂) နှင့် တပ်ခွဲ
တပ်ကြပ်ကြီး အိုက်ထွန်းစံ
တစ်ခွဲလုံးအား လာရောက်
ပူးပေါင်းစေခဲ့ပါသည်။
တပ်ရင်းမှူးနှင့် ဗိုလ်ကြီး
မိုးဟိန်းထွန်းတို့ တပ်ခွဲ
ရဲဘောင်ထန်ချီတက်လာစဉ်
ရန်သူမှ ၈၂ မီလီမီတာ၊ ၅၅
မီလီမီတာ နောက်ပွင့်များဖြင့်

စုပြုံပစ်ခတ်မှုတို့ကြောင့်
တပ်ခွဲ (၂) မှ တပ်ကြပ်ကြီး
ထွန်းဝင်း၊ တပ်သား
ကျော်မြင့် အောင်တို့
ကျဆုံးပြီး ရှေ့တွင်ရှိ ခမရ
(၁) တပ်ရင်းမှူးအဖွဲ့နှင့်
ကွဲသွားခဲ့ပါသည်။ ခွဲ (၂) မှူး
ဗိုလ်ကြီးမိုးဟိန်းထွန်း
ဒဏ်ရာရခဲ့ပါသည်။ ဗိုလ်ကြီး
မိုးဟိန်းထွန်းနှင့် တပ်စိတ်
စစ်ကြောင်း (၂) မှူးနှင့်
ပူးပေါင်းမိ၍ ရှေ့တွင်ရောက်
နေသည့် စစ်သည်များနှင့်ပါ
ပူးပေါင်းပြီး ဘန်ကာများ
အား အတင်းဝင်တိုက်ရာ
ရန်သူမှလည်း အပြင်း
အထန် ပြန်လည်ပစ်ခတ်
သဖြင့် မိမိတပ်မှ စစ်
ကြောင်း (၂) မှူးနှင့်
ဗိုလ်ကြီး မိုးဟိန်းထွန်း
တပ်ခွဲတပ်ကြပ်ကြီး အိုက်
ထွန်းစံတို့သည် ရှေ့တက်ပြီး

www.burmeseclassic.com

စစ်ကြောင်း ဌာနချုပ်အဖွဲ့
များနှင့် ဆက်သွယ်မှု
ပြတ်တောက်သွားခဲ့ပါသည်။
ထိုခိုက်ဒဏ်ရာရမှုလည်း
များလာသဖြင့် ကျဆုံး
ဒဏ်ရာရ စစ်သည်များကို
သယ်ဆောင်ကာ ၁၈၀၀
ချိန်တွင် နောက်သို့ ပြန်လည်
ဆုတ်ခွာ၍ ခြေကုပ်ယူခဲ့ရ
ပါသည်။

အယ်ဘက်စစ်ကြောင်း

(က) ရတာ ခမရ (၁၁၈) ဒုရင်းမှူး
မှူး မောင်မောင်ထွန်း ဦးစီး
သည်။ စစ်ကြောင်း (၁)၊ (၂)
ပူးပေါင်း အဖွဲ့များ ထပ်မံ
ကျားထိုး၍ ထွေးလုံးရစ်ပတ်
တိုက်ခိုက်ရန် ပြင်ဆင်နေဆဲ
မှာပင် ရန်သူ၏ လက်နက်
ကြီးများ ထပ်မံပစ်ခတ်ခံရ၍
စစ်ကြောင်း (၁) မှ တပ်သား
ကြည်လွင်နှင့် ကျော်ကျော်ဦး
တို့ ကျဆုံးပြီး စစ်သည်အချို့
ထပ်မံဒဏ်ရာ ရရှိပြန်ပါ
သည်။

(ပ) ညနေစောင်းချိန် ၁၃း၃၀
ခန့်တွင်မူ ခမရ (၂) ရင်းမှူး
နှင့်အဖွဲ့သည် ခမရ (၁)
နေရာယူကာ ရန်သူပစ်ခတ်
မှုမှ လွတ်မြောက်ခဲ့ပါသည်။
ကျန်စစ်သည်အချို့မှာ
ဒဏ်ရာရရှိကြပါသည်။

(ဈ) ၎င်းအဖွဲ့များအားလုံးနှင့် ခွဲ
၂/၄ မှ ကျန်စစ်သည်များ
ပူးပေါင်းပြီး ခမရ (၂)
ရင်းမှူး ဦးစီးအဖွဲ့များပါ
ပူးပေါင်း၍ အနီးကပ်
ထွေးလုံး ရစ်ပတ်တိုက်ခိုက်
ရန် ကြိုးစားခဲ့ပါသည်။
ရန်သူမှ မိမိချဉ်းကပ်
လာသည့် တပ်ဖွဲ့များအား
လက်နက်ကြီးများနှင့်
ပြင်းပြင်းထန်ထန် ပစ်ခတ်
ပြန်ရာ တပ်သားထွေးအောင်
ကျဆုံး၍ စစ်သည်အချို့
ဒဏ်ရာရရှိပြန်ပါသည်။
တပ်ရင်းမှူးနှင့် တပ်ကြပ်ကြီး
မြင့်ဦး ဦးစီး လက်ဖြောင့်
တပ်စိတ်သည် စစ်ကြောင်း
(၂) နှင့် ပူးပေါင်းနိုင်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲအား ရတ ခမရ (၁) ဒုရင်းမှူး မှူးစံရွှေအောင် ဦးစီး စက (၂) နှင့် ခွဲ ၂ ခွဲ လိုက်ပါစေလျက် ချီတက်သွားကြရာ ယရက် ဝဂုဝဝ နာရီ မတိုင်မီ ရန်သူ၏ ရှေ့ကိုက် ၅၀ အကွာ ဆက်သွယ်ရေးမြောင်းတွင် နေရာယူနိုင်ခဲ့ပါသည်။

(ခ) မိမိ လက်နက်ကြီးပစ်ကူ အဖွဲ့ပျက် စီမံချက်အတိုင်း ဝဂုဒ၆ မှ ဝဂု၂၀ နာရီအား ရန်သူ့ဗူဟ ဘန်ကာများသို့ ဝဂု၂၁ မှ ဝဂု၂၄ ထိ ရန်သူ ခြံစည်းရိုးများနှင့် မိုင်းကွင်းများအား ဝဂု၂၄ မှ ဝဂုဒဝ ထိ ရန်သူ့တန်းလျက် ဘန်ကာကြီးများအားလည်း ကောင်း ပစ်ခတ်ချေမှုန်းနေစဉ် မိမိချေမှုန်းရေး တပ်များ ရန်သူ့စခန်းဂူးဝသို့ ချဉ်းကပ်နီင်ခဲ့ပါသည်။ ဝဂုဒဝ နာရီတွင် ရတ ခမရ (၁၁၈) စစ်ကြောင်း (၂) မှ မှူးတင်မောင်ဆွေ ဦးစီး ခွဲ ၂ သည် ရန်သူ၏ အစွန် ဘန်ကာကို ချဉ်းကပ်နိုင်ခဲ့ပြီး ရှေ့ပြေးတပ်ခွဲသည် ရန်သူ ခြံစည်းရိုးအား သံကြိုးဖြတ်ကတ်ကြေးဖြင့် ဖြတ်တာက် ကာ ရန်သူဘန်ကာသို့ ရောက်ရှိခဲ့ပါသည်။ ရှေ့ပြေး တပ်ခွဲမှသည် ဘယ်အစွန် ဘန်ကာနှင့် ရှေ့ခံစစ် စည်းရိုးရှိ ဘန်ကာများအား လက်ပစ်ဗုံးများဖြင့် ပစ်သွင်း၍ ဘန်ဂလိုတိုဝိဒိုများကို ဖောက်ခွဲကာ အမ် ၇၉ လောင်ချာများဖြင့် ရန်သူ ဘန်ကာ ပစ်ပေါက်များကို ပစ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

(ဃ) ရန်သူသည် မိမိမှာ အမြောက်များ ပစ်နေစဉ် အတွင်း ရှေ့ဗူးဝမှ နောက်သို့ ဆုတ်နေရာယူပြီး မိမိဘက်မှ လက်နက်ကြီး အပစ်ရပ်သွားချိန်တွင် ဒရှ့ဗူးဝ ဘန်ကာများကို ပြန်လည် နေရာယူကာ ပွိုင့်ဖိုက်၊ ၅၇ မီလီမီတာ နောက်ပွင့် ဘရောင်နီ စက်သေနတ်၊ အမ် ၇၉ ခေါက်မော်တာများ ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ပါသည်။ စခန်းအတွင်းပိုင်းမှာလည်း ၈၂ မီလီမီတာ စိန်ပြောင်းများဖြင့် ပစ်ကူပေးခဲ့ပါသည်။

(င) ရှေ့ပြေးတပ်ခွဲ (၂) မှ စစ်သည်များ ရန်သူ့ဘန်ကာသို့ ရောက်သွားကြ၍ ဘန်ကာတွင်းသို့ လက်ဗုံး

www.burmeseclassic.com

များ ပစ်သွင်းနိုင်ခဲ့ကြပါသည်။ တပ်ကြပ်ကြီးသိန်းထွန်းသည် ရန်သူဘန်ကာတွင်း လက်ပစ်ဗုံးပစ်သွင်းစဉ် ညာမျက်စေ့ ရန်သူလက်နက်ငယ် ထိမှန်ဒဏ်ရာရသွားခဲ့ပါသည်။ တပ်ကြပ်သန်းငွေမှာလည်း ရန်သူ့ဘန်ကာအတွင်းသို့ အမ် ၇၉ ဖြင့် အနီးကပ်ပစ်ခတ်စဉ် ရန်သူပစ်လိုက်သည့် ပွိုင့်ဖိုက် ထိမှန်ဒဏ်ရာ ရခဲ့ပြန်ပါသည်။

(စ) တစ်ချိန်တည်းမှာပင် ရန်သူသည် ဘန်ကာပေါက်များ အတွင်းမှနေ၍ ပြန်လည် ပစ်ခတ်နေကြ၏။ မိမိစစ်သည် ၅ ဦးမှာ ပွိုင့်ဖိုက် ထိမှန်ကျဆုံးသွားပြန်သည်။ ကျန် အများအပြားမှာ ဒဏ်ရာရရှိခဲ့ကြ၏။ နောက်သို့ ၂၅ ကိုက်အကွာသို့ ဆုတ်ခွာခဲ့ရပါသည်။ မိမိကျည်ကျနေရာတွင်ဖြစ်ပေါ်ခဲ့သော ပစ်ကျင်းနေရာများတွင် နေရာယူပြီး အခြေအနေကို စောင့်ကြည့်နေခဲ့ရပါသည်။ ရန်သူပစ်ခတ်မှု အနည်းငယ် ရပ်ဆိုင်းသွားချိန်တွင် ဗိုလ်ကြီး ကိုကို ကျော် ဦးစီး ၁၀ ယောက်အား ရှေ့တွင်ရှိသည့် ကျန်းပင်ကြီးများခြေရင်းသို့ ချဉ်းကပ်နေရာ ယူစေခဲ့ပါသည်။

(ဆ) ဘန်ကာအတွင်းမှ ရန်သူသည် ကျွန်းပင်ခြေရင်း၌ နေရာယူထားသည့် မိမိစစ်သည်များကို ထပ်မံပစ်ခတ်ခဲ့ရာ ဒုတပ်ကြပ်ဉာဏ်ထွန်း၊ တပ်သား ထွန်းထွန်းဦး၊ တပ်သား ကြေးမုံတို့ ကျဆုံးပြီး စစ်သည် ၄ ဦး ထိမှန်ဒဏ်ရာရခဲ့ပါသည်။ မိမိတပ်ဖွဲ့များမှာ ရှေ့မတိုးနိုင်ဖြစ်ခဲ့ရပါသည်။ ထို အခြေအနေတွင် ရန်သူသတ်ကွင်းအတွင်း ရောက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com

မှူးတင်မောင်ဆွေ၏ တပ်ခွဲ
မှာလည်း ရန်သူ၏ပစ်ခတ်
မှုကို ခံနေခဲ့ရပါသည်။
ငှင်းတပ်ခွဲမှ ရန်သူဘန်ကာ
ရှေ့ ၂၅ ကိုက်အကွာတွင်
နေရာယူထားခဲ့သည့်
တပ်သား မျိုးဇော်ဇော်ချို၊
တပ်သား မောင်မဲတို့ ရန်သူ
၅၇ နောက်ပွင့်ရိုင်ဖယ် တိုက်
ရိုက်ထိမှန်ပြီး ကျဆုံးသွား
ခဲ့ရပါသည်။

(ဇ) မှူးတင်မောင်ဆွေမှ
စစ်ကြောင်း (၂) မှူးထံ
အကူအဆုံမှာပြားနေကြောင်း
သတင်းပို့ရာ စစ်ကြောင်း
မှူးမှ လက်ရှိနေရာမှ လုံးဝ
ပြန်မဆုတ်ရန် ပြောပြီး သူ
ကိုယ်တိုင် စစ်သည် ၄ ဦးနှင့်
အတူ မှူးတင်မောင်ဆွေထံ
သတ်ကွင်းကိုဖြတ်ပြီး သွား
ပူးပေါင်းရာ တပ်သားဇော်ဦး

တပ်သားကျော်ထွန်း ဦးတို့
၂ ယောက် ရန်သူပွိုင့်ဖိုက်
ထိမှန်၍ ထပ်မံ ကျဆုံးပြန်
ပါသည်။ မိမိတပ်များ
ရှေ့မတိုးနိုင် ဖြစ်ခဲ့ရပါသည်။

(စျ) စစ်ကြောင်း (၂) မှူးသည်
ညနေ ၁၆း၀၀ နာရီတွင်
လူစစ်ရာ စစ်သည် ၃ ဦးသာ
အကောင်းကျန်ပြီး ကျည်
မျှားလည်း လုံးဝကုန်
သလောက်ဖြစ်နေသဖြင့်
ကျဆုံးဒဏ်ရာရစစ်သည်များ
ကို သယ်ဆောင်ကာ ၁၈း၃၀
ချိန်၌ ပူးတရှိ ဆက်သွယ်ရေး
ပြောင်းသို့ ပြန်လည်ဆုတ်ခွာ
လာခဲ့ရပါသည်။

(ည) ရတ ခမရ (၁) စက (၂)
မှူး ဒုရင်းမှူး မှူး စံရွှေသာ
ဦးစီးသောစစ်ကြောင်း (၂)
နှင့် တပ်ခွဲ (၂) သည် ရတ
ခမရ (၁၁၈) စက (၂)

နောက်မှ လိုက်ပါလာခဲ့ပါ
သည်။ ရတ ခမရ (၁၁၈)
ရှေ့ပြေးတပ်ခွဲသည် ဝဂၤ၃၀
နာရီတွင် ရန်သူနှင့် လက်
တစ်ကမ်းထိတွေ့မှုဖြစ်ပြီး
၀၈း၄၅ ချိန်၌ တိုက်စစ်
အဟုန် ရပ်တန့်သွားခဲ့ပါ
သည်။ ရှေ့သို့ ခမရ (၁)
စက်မှ အကျိုးအကြောင်း
လှမ်းမေးရာ ခမရ (၁၁၈)
စက်နှင့် တပ်ဆက်မိသည်ဟု
ပြန်သတင်းပို့သဖြင့် တပ်
ဆက်မိသည်ဟု ယူဆပြီး
နေခဲ့ပါသည်။ ထို့ကြောင့်
ခမရ (၁) စစ်ကြောင်းမှူး
သည် ရှေ့သို့ ဆက်မသွားဘဲ
ရောက်သည့်နေရာတွင်ပင်
နေရာယူပြီး နေခဲ့ပါသည်။
သို့ရာတွင် ၀၉း၀၀ ချိန်၌
ဆက်သွယ်မှုရရာ ရှေ့နှင့်
တပ်ဆက်ပြတ်နေကြောင်း
လိုက်ဆက်ရန် ပြောကြား

www.burmeseclassic.com

ဃ်ဘန်ကာကို တိုက်
ခိုက်ချေမှုန်းရန် ဆုံးဖြတ်ခဲ့
လေ၏။ ထိုသို့ဆုံးဖြတ်ပြီး
ခမရ (၁) စစ်ကြောင်းမှူး
မှူးစံရွှေသာသည် မိမိ
စစ်ကြောင်းမှ ခွဲ ၂ ခွဲ (၂/၄)
သည် ရောက်ရှိနေရာမှ
ကိုကို ၄၀ အကွာအဝေးရှိ
ဗူးဝအလယ်ရှိ ၂ ထပ်
ဘန်ကာကို သိမ်းပိုက်ရရှိရေး
ဆောင်ရွက်ခဲ့ပါသည်။
၁၈၀၀ နာရီတွင် စစ်ကြောင်း
မှူးသည် မိမိခွဲ ၂ ခွဲမှ

သည်။ ထိုအခါ ဘယ်အစွန်
ဘန်ကာသည် သတ်ကွင်း
အတွင်းရှိ မိမိစစ်သည်
များအား ဘယ်အစွန်နှင့်
ဗူးလယ် ဘန်ကာတို့မှ
ပြုံ့ဝိုက်၊ ဘရောင်နင်စက်
သေနတ်များဖြင့် ပုံသေ
ပစ်ကြောင်းများထားကာ
စိတ်ကြိုက် ချေမှုန်းပစ်ခတ်
နေကြောင်းကို တွေ့ရှိရ
ပါသည်။ စစ်ကြောင်းမှူး ၂
ဦး တိုင်ပင်ညှိနှိုင်းပြီး ခမရ
(၁) မှ ၂ ခွဲသည် ဗူးဝ

ချက်အရ အားလုံးတပ်ဆက်
ရန် ဆောင်ရွက်ခဲ့ကြပါသည်။
သို့ရာတွင် ရှေ့မှသွားနေ
သည့် ခမရ (၁၈၈) မှ တပ်ခွဲ
မှ ထိခိုက်ဒဏ်ရာရသူများ
အား သယ်သူက သယ်၊
ရှေ့သို့တင်သူက တင်ဖြင့်
ရွှေ့ပြောင်းယူဆောင်လာခဲ့
ကြသည်။ ခမရ (၁) စစ်
ကြောင်းမှူးသည် ရှေ့သို့
မိမိအစီအစဉ်ဖြင့် မိမိ
တက်သွားခဲ့ပါသည်။ ရန်သူ
သတ်ကွင်းထိပ် ရန်သူခြံ
စည်းရိုးရှေ့ ကိုက် ၁၀၀ ခန့်
ဆက်သွယ်ရေးမြောင်းဟောင်း
ကွေ့တွင် ရတခမရ (၁၁၈)
စစ်ကြောင်းမှူးနှင့် စစ်သည်
၃ ဦးအား သွားရောက်တွေ့
ဆုံပါသည်။

(၄) ထိုအခါကျမှ စစ်ကြောင်းမှူး
၂ ဦး ပူးပေါင်းပြီး ရန်သူ၏
အခြေအနေကို လေ့လာပါ



www.burmeseclassic.com

www.burmeseclassic.com

(၈) ၁၃း၃၀ နာရီတွင် နှယ်လှည့် တပ်မ (၄၄) နှင့် နည်း ဗျူဟာ (၄၄၁) တို့အား တိုက်ပွဲအခြေအနေကို တင်ပြရာ ရန်သူပစ်ခတ်မှု အခြေအနေအား မေးမြန်း ပြီး အံမြောက်ပစ်ကူပေးခဲ့ပါ သည်။ အမြောက် ပစ်ကူ များရသဖြင့် ၁၄း၄၀ နာရီ အခြေအနေ ပစ်ခတ်မှု ရပ်ဆိုင်းသွားပြီးချိန်တွင် မှူးစံရွှေသာနှင့် ခွဲ ၂ ခွဲမှ စစ်သည်များ စုစည်းကာ ခရာမှုတ်၍ ရင်ဘောင်တန်း တပ်ဖြန့်ပြီး အော်ဟစ်ပစ် ခတ်အော်ခဲ့ရာ ဘန်ကာများ ရှေ့ ကိုက် ၂၀ အကွာ အထိ ရောက်ခဲ့ပါသည်။ ခြံစည်း ရိုးများအတွင်းသို့ ရောက် သွားရာ ရန်သူမှ ဘယ်အစွန် ဘူးလယ်ရှေ့ တည့်တည့်မှ ပွိုင့်ဖိုက်၊ ၈၂ မီလီမီတာ ဘရေ

အောင်နိုင်ထွန်းတို့ သုံးဦး ကျဆုံးပြီး စစ်သည် အများအပြား ဒဏ်ရာရ သဖြင့် ပြန်လည်ဆုတ်ခွာခဲ့ ရပါသည်။

(၁၂) ၁၀း၃၅ ချိန်တွင် ၄၀ မီလီမီတာ လောင်ချာများ ပစ်အားသုံးပြီး ဒုတိယ အကြိမ် ထပ်မံကြိုးစားခဲ့ သော်လည်း စစ်သည်များ ထပ်မံဒဏ်ရာရခဲ့ပြန်ပါ သည်။ ၁၂း၀၀ နာရီတွင် ဒုတပ်ကြပ် ဇော်လတ်သည် ရဲဝံ့စွန့်စားစွာဖြင့် ဆက် သွယ်ရေးမြောင်းပေါ်သို့ ခုန်တက်ပြီး ရန်သူဘန်ကာ အတွင်း ၄၀ မီလီမီတာ ဝှံးပစ်လောင်ချာကို ပစ်သွင်း ရာ ရန်သူ၏ ပွိုင့်ဖိုက်ထိမှန် ကျဆုံးသွားခဲ့ရပါသည်။

စက်လတ် ၄၀ မီလီမီတာ လောင်ချာများကို စုစည်း၍ ရည်မှန်းချက်ဘန်ကာအား ပစ်ခတ်တိုက်ခိုက်စေပါသည်။ ရန်သူမှ ပွိုင့်ဖိုက်ဖြင့် ပြန်လည်ပစ်ခတ်ရာ မိမိမှ လောင်ချာကိုင် ဒုတက မောင်ဝင်း ထိမှန်ဒဏ်ရာရခဲ့ ပါသည်။

(၁၅) ၁၀း၀၅ နာရီတွင် မှူးစံရွှေ သာ ကိုယ်တိုင်ရွှေ့မှ လိုက်ပါ လျက် ခွဲ ၄ မှ ပွိုင့်တပ်စုကို ရင်ဘောင်တန်း တပ်ဖြန့်၍ ဗူးဝလယ်ဘန်ကာသို့ ကိုက် ၅၀ ကွင်းပြောင်အား ဖြတ် ပြီး အတင်းပစ်၍ တက်ပြီး တိုက်ခိုက်ခဲ့ပါသည်။ ဘေး ဘန်ကာများမှ ဝိုင်းပစ်ကြ သဖြင့် မိမိဘက်မှ တပ်သား သက်လွင်ဦး၊ တပ်သား တင်ထွန်း၊ တပ်သား

www.burmeseclassic.com

ကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ တိုက်ခဲ့သည့် တိုက်ပွဲဖြစ်၏။ သို့ရာတွင် မိမိဘက်မှ တပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအတော်များများ ကျဆုံးခဲ့ရသော်လည်း စခန်းကြီးအား မသိမ်းနိုင်ဘဲ ပူးပေါင်းနောက်ပြန်ဆုတ် နေရာယူ၍ ရန်သူအား ရင်ဆိုင်ထိန်းချုပ်ထားခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ တိုက်စစ်ကား ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသော်လည်း အောင်မြင်မှုမရဘဲ မိမိဘက်မှ တပ်ရင်းမှူး တစ်ဦး ကျဆုံး၍ အခြားကျဆုံး ဒဏ်ရာရရှိမှု အများအပြားဖြင့် အသက်သေးချေးများ များစွာပေးဆပ်ခဲ့ပြီး နိဂုံးချုပ်ခဲ့ရလေတော့သည်။

ရွှေလဆက်ရန်
သောင်းဝေဦး

၂၀၆၅ အချိန် ပြန်လည် ရောက်ရှိ ခြေကုပ်ယူနိုင်ခဲ့ပါ၏။

မိမိစစ်ကြောင်းများမှာ အမြောက်နှင့် အခြားလက်နက်ကြီး ပစ်ကူများရရှိခဲ့သော်လည်း တကယ်တမ်း အနီးကပ် တိုက်ပွဲဝင်ကြသောအခါ တပ်ဖြန့်ရန်မြေနေရာ ကျဉ်းလွန်းခြင်း၊ ရန်သူမှ သတ်ကွင်းအပြောင်ရှင်းပြီး ပိုင်းခင်းကာ သံဆူးကြိုးများ အထပ်ထပ်ချထားခြင်း၊ အဝင်ပူးဝကို ၎င်းတို့၏ ၂ ထပ်ဘန်ကာများမှ လက်နက်ကြီး၊ လက်နက်ငယ် ပုံသေပစ်ကြောင်းများ ချထားပြီး အပိုင်ပစ်ခတ်နိုင်ခြင်းတို့ကြောင့် မိမိတို့တိုက်ပွဲဝင်တပ်များမှာ ရလဒ်မကောင်းခဲ့ဘဲ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရလေသည်။

ဖေဖော်ဝါရီ ၈ ရက်နေ့ တိုက်စစ်သည် စခန်းသိမ်းနိုင်ရန် အပြင်းအထန် ကြိုးစားပြီး လူကြီးတွေ မိလိမိတာများဖြင့် အပြင်းအထန် ပစ်ခတ်ခဲ့ရာ မိမိမှ အများအပြား ထိခိုက် ဒဏ်ရာရခဲ့ပါသည်။ ထိခိုက် ဒဏ်ရာရသူများအား ပစ်အားဖြင့် စစ်ကစားပြီး ပြန်လည် ဆွဲထုတ်ကာ နောက်သို့ ပြန်ပို့ခဲ့ရပါသည်။ ဤသို့ဖြင့် မိမိတပ်များ ဘူးဝတွင် ဝိတ်ဆို ရပ်တန့်နေခဲ့ပါသည်။

(ဃ) ၁၉၃၃ နာရီခွဲနိုးတွင် အလင်းရောင်ပျောက်သွားသဖြင့် ဝိုလ်ကြီးအောင်ကျော်ညွှန်ကြားခဲ့သည့် (၄) မှ စုတစ်စုအား နောက်ချန်ထားခဲ့၍ ကျန်စစ်ကြောင်း (၂) နှင့် ခွဲ ၂/၄ အင်အားစုများ ဆုတ်ခွာလာခဲ့ကြရာ ကိုက် ၁၅၀ အကွာရှိ ဆက်သွယ်ရေးမြောင်းသို့

www.burmeseclassic.com



ဖိုးချိုင့်နယ်မှ လက်စသုတ်ရေးမဲ့ဖြစ်

ခင်ခင်လှ (အငြိမ်းစဉ်)

www.burmeseclassic.com

www.burmeseclassic.com

မဇာဆိုလျှင် ယေဘုယျကပင် နားရောင်ခဲ့သည်။ အပြစ်တစ်ခုလုပ်ထား၍ အမေဆူလျှင် နင်တို့ စကားများမထောင်ဘူး။ မလိမ္မာရင် မဇာပို့မယ်ဟု ပြောဆိုကြိမ်းမောင်းခဲ့သည်။ မဇာဆိုလျှင် အလွန်ကြောက်ခဲ့သည်။ ဘာမှန်းတော့ မသိခဲ့ပါ။ အမေ့ကိုမေးလျှင် အမေကတော့ ဆိုးရင် မဇာပို့မယ်သာ ပြောခဲ့ပြီး အဲဒီမဇာကြီးဟာ ဘာကြီးလဲဆိုတာကို ဝေခွဲမရခဲ့ပါ။ ကလေးဘဝမှ မသိခဲ့ရသော မဇာမြေသည် လက်ဝဲသုန္ဒရအား ပြုစုဒဏ်ပေး၍ အပို့ခံရသည်နယ်မြေဆိုသည်ကို အရွယ်ရောက်မှ သိခဲ့ရသည်။

ယခုအခါ မဇာမြေသည် လူသူအရောက်အပေါက်များလာပြီး လေ့လာမှုနှင့် ဘုရားဖူးများဖြင့် စည်ကားနေပါသည်။ ကျွန်မရွှေတို့မှ မီးရထားဖြင့် နဘား ဘူတာမှ ကသာကို ရထား၊ ကားစီးရသည်။ ဗရွှတိုမှတစ်ဆင့် ဘူတာများကို ကျော်ဖြတ်လာစဉ် လမ်းတွင် မဇာဘူတာကို တွေ့ခဲ့ရပြီး ခရီးသည်များ ဆင်းကြတက်ကြဖြင့် တွေ့ရသည်။ စိတ်ထဲတွင် လက်ဝဲသုန္ဒရ အပို့ခံခဲ့ရသော မဇာဟု ထင်ခဲ့ပါသည်။ ၎င်းမဇာမှာ မဇာကြီးဖြစ်ပြီး လက်ဝဲသုန္ဒရ အပို့ခံခဲ့ရသော မဇာမှာ ကသာခရိုင် ထီးချိုင့်မှ (၉) မိုင်အကွာ ရွှေလီမဇာဟုခေါ်သော မဇာရွာလေး သို့မဟုတ် လက်ဝဲသုန္ဒရအပို့ခံခဲ့ရသည့် ရွာဆိုသည်ကို သိရှိခဲ့ရသည်။ မဇာနှစ်ရွာရှိကြောင်းနှင့် မဇာကြီးမှာ မန္တလေးမြစ်ကြီးနားလမ်းပေါ်မှ မဇာတူတာရွာမြစ်ပြီး အိမ်ခြေငါးရာကျော်ရှိ၍ မဇာမြစ်ဝန်းကျင်တွင် နေကြောင်း၊ ပဲခင်း စသော စတောင်ယာလုပ်ငန်း ဖွံ့ဖြိုးအောင်မြင်သော ရွာဖြစ်ပြီး စီးပွားရေး လူမှုရေး အဆင့်အတန်းမြင့်မားကာ ပညာရေးမှာ အထက်တန်းကျောင်းအထိသာရှိသည်။ ၎င်းမဇာအား ဘုံချောင်းမဇာဟု ခေါ်ကြသည်။ မဇာခုနစ်ရွာမှာလည်း အလုပ်းကွာဝေးပြီး တည်ရှိရကြောင်း သိခဲ့ရပြန်သည်။

ကသာမြို့ဆိုရောက်ခိုက် မဇေးလှသော လက်ဝဲသုန္ဒရမဇာကို သွားချင်စိတ်၊ ရောက်ချင်စိတ်နှင့် စိတ်ဝင်စားဖွယ်ကောင်းသော မဇာမြေသို့ ခြေဦးတည့်လှမ်းခဲ့ပါတော့သည်။ ကသာမြို့မှ တပ်ဖွဲ့ဝင် မိသားစုများနှင့်အတူ နံနက် (၇) နာရီတွင် စတင်ထွက်ခဲ့ပါသည်။ ယခင်က လမ်းခရီးကြမ်းတမ်းသော်လည်း ယခုအခါ လမ်းများပြုပြင်ထား၍ မန္တလေး - ကသာ၊ ကသာ - ထီးချိုင့်၊ ကသာ - အင်းတော်၊ ကသာ - ဗန်းမော်၊ ကသာ - ဝန်းသို့၊ ကသာ - ကောလင်း စသော မြို့များသို့ ကားကြီး ကားငယ်၊ ဆိုင်ကယ်များဖြင့် ခရီးပေါက်နေပါသည်။

အင်းတော်မြို့သို့ နံနက် (၉) နာရီတွင် ရောက်ရှိပြီး အင်းတော်မှတစ်ဆင့် ထီးချိုင့်မြို့နယ်သို့ ရောက်ရှိလာပြီး မိုးတွင်းကာလဖြစ်၍ မိုးလေးက ဖွဲဖွဲရွာလိုက် ရပ်လိုက်နှင့် မြွေလိမ် မြွေကောက်လမ်းကလေးများ တစ်ဆစ်ချိုးအကွေ့များ များလှသည်။ နတ်မဟုတ်ရွာမှတစ်ဆင့် မန်လည်လမ်းခွဲ ခွန်နိုင်းချောင်းတံတားရှည်ကြီးကို ဖြတ်ကျော်ခဲ့ရသည်။ မဇာကြီးနယ်မြေကို ဖြတ်ကျော်ပြီး ကြိမ်ချောင်းရွာမှ တောင်တက်တောင်ဆင်း မြေပြေလေးကို ဆင်းလာရာ ကားလေးမှာ လမ်းမှ၊

www.burmeseclassic.com

အနိမ့်အမြင့်ကိုလိုက်၍ မောင်းနှင်နေရသည်။

ထီးချိုင့်လမ်းခွဲသို့ ရောက်ရှိစဉ် သင်္ကြန်ဦးစားသောက်ဆိုင်မှ နံနက်စာစားကြပြီး ထီးချိုင့်နယ်သို့ ခရီးဆက်ရန် စားသောက်ဆိုင်အစ်မကြီး၏ လမ်းညွှန်မှုဖြင့် ဆက်လက်ထွက်ခွာလာခဲ့သည်။

မရောက်ဖူးသေးသော မဲဇာမြေ မမြင်မတွေ့ဖူးသေးသော လက်ဝဲသုန္ဒရနေထိုင်ခဲ့သော မဲဇာမြေကို အမှန်တကယ်ရောက်ရတော့မည်ကိုတွေး၍ ပင်ပန်းမှုကို အလေးမထား စိတ်ထဲတွင် ပျော်နေမိသည်။ ထီးချိုင့်ပြိုနှင့် ပတ်သက်သော အကြောင်းအရာများကို သိရှိသမျှ ရေးသားရပါသည်။ လက်ဝဲသုန္ဒရ မဲဇာမြေသည် ထီးချိုင့်မြေနှင့် ဆက်စပ်နေသဖြင့် ထီးချိုင့်ပြို၏ စိတ်ဝင်စားဖွယ်ကောင်းသော အချက်အလက်များကို စုစည်းရပါတော့သည်။ ထီးချိုင့်နှင့် ပတ်သက်၍ ခေါင်းပံ့များကိုလည်း ဖဟုသုတရခဲ့ပါသည်။ ပထမထီးကျိုင်း၊ ဒုတိယ ထီးကျိုင်း၊ တတိယ



လက်ဝဲသုန္ဒရတည်ခဲ့သော ဘုရားများ

www.burmeseclassic.com

ထီးချိုင့်ဖြစ်ပြီးအဆင့်ဆင်က ပြောင်းလဲ
ခေါ်ဝေါ်ခဲ့ကြသည်။ စစ်ကိုင်တိုင်းဒေသကြီး
ကသာခရိုင်အတွင်း ထင်ရှားသော တောင်
တန်းကြီးသုံးသွယ် ရှိလေသည်။ (၁) မင်းဝံ
တောင်တန်း။ (၂) ကံကော (ဂုံဂေါ်)
တောင်တန်း။ (၃) မုန်ကင်းတောင်တန်း
များ ဖြစ်သည်။ ထိုတောင်တန်းကြီး
သုံးသွယ်တို့သည် ရောဝတီမြစ်၊ မဲကမြစ်
နှင့် မူးမြစ်တို့၏ အကြားဌာန တည်ရှိသည်။
မင်းဝံတောင်တန်း၏ အရှေ့ဘက်ဌာန မဲတ
မြစ် စီးဆင်းလျက်ရှိသည်။ ကံကော
တောင်တန်းသည် ကချင်ပြည်နယ်၊ ခန္တီး
တောင်မှ အစပြု၍ မြောက်မှတောင်သို့
သွယ်တန်းလျက်ရှိရာ ထီးချိုင့်မြို့နှင့် မြသိန်း
တန်တောင်ဌာန အဆုံးသတ်လေသည်။

တောင်ငယ်ကလေးများလည်း
တွေ့ရသည်။ ချောက္ကတောင်၊ မင်္ဂလာတောင်၊
ရန်ကင်းတောင်၊ ကျောင်းစေတီတောင်၊
ဝိုးသာအေးတောင်၊ မြသိန်းတန်တောင်
များမှာလည်း သွယ်တန်းလျက်ရှိသည်။
မဲဘမြစ်အနီးတွင်ကပ်၍ စီးဆင်းနေသော
တောင်ကို အစွဲပြု၍ မဲတတောင်ဟု ခေါ်



ထက်ဝဲသူနှရတည်ခဲ့သော ဘုရားများ



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝဲသုန္ဒရရုပ်ထု

ကြသည်။ တောင်ကလပ်ကြီးမှာလည်း မြင့်မားလှပါသည်။ မင်းဝံတောင်နှင့် ပတ်သက်၍ ဘုရားလောင်း ဝံမင်းဘဝက လည်း လှည့်လည်ကျက်စားရာတောင်ဟု ခေါ်ပြီး ဝံမင်းဘဝက ရေသောက်ဆင်း သောချောင်းကို နန့်မီးချောင်း လေထန် ချောင်းတို့သည် မဇ္ဈိမအတွင်း စီးဆင်း သော ချောင်းများဖြစ်ကြသည်။ မင်းဝံ တောင်ကို ရှေးအခါက မလယ်တောင်ဟု လည်းခေါ်ကြသည်။ ဧရာဝတီမြစ်ရေသည် တကောင်းမြို့ကို ဦးတိုက်ပြီးစား၍ မဇ္ဈိမ မြစ်နှင့် ပေါင်းခဲ့သည်။ ရွှေလီမဲဇရွာကို ရောနှောကာ တံတားတည်၍ ရွှေလီမဲဇ ဟုလည်း ခေါ်ဝေါ်ကြသည်။ မဇ္ဈိမရွာမှာ အလုပ်းကွာဝေးပြီး ယခုရွှေလီမဲဇရွာ သည် မဇ္ဈိမမှ မဇ္ဈိမြစ်၏ အထက် တံတောင်ဆစ်သဏ္ဌာန်ကွေးနေသော မြစ်ကွေ့အထက်နားတွင် တည်ရှိသည်။ အလောင်းစည်သူမင်းလက်ထက်မှ သီပေါ မင်းလက်ထက်တိုင် မဇ္ဈိမကို အသုံးပြု သည်ဟု ဆိုကြသည်။ ယခုမဇ္ဈိမကို ဖြတ်ကျော်သည့် ကြိုးတံတားသည်

www.burmeseclassic.com

ဝိနည်းကုန်းရွာအထက်မှ ကင်းငယ်တောင်၊ ငှက်တောင်ကုန်းတို့ စီးဆင်းသော ကင်းကြီးချောင်းတို့မှာ မကျယ်ဝန်းသဖြင့် စိမ့်စမ်းဟု ခေါ်ကြသောကြောင့် ကင်းစမ်းတောင်ဟု ခေါ်ကြသည်။ ကင်းကြီးတောင်ကြောကို မဲဇာတောင်ရိုးဟု ခေါ်ကြပြန်သည်။

မဲဇာသို့ မရောက်မီ ပတ်သက်သော မဲဇာရွာတည်နေရာ ပြည်ပ ဗဟုသုတ မဲဇာတောင် ခြေရင်းတွင် စီးသွင်းညီရစ် မဲဇာမြစ်ဟု ခွဲခေါ်ဟန်ရှိသည်။ မလယ်မြစ်ဟု ခေါ်ဆိုခြင်းမှာလည်း နေရင်း မလယ်ရွာနှင့် ရောတီမြစ် ပေါင်းဆုံသည့် နေရာဖြစ်ပြီး ပန္ထစောထီးမင်း၏ ဇာတိသည်လည်း မလယ်ရွာဖြစ်သည်ဟုလည်း မှတ်သားခဲ့သည်။ မဲဇာမြစ်အထက်ပိုင်း သစ်ပန်းညိုနှင့် ငှင်းအနီး ကင်းကြီးတောင်၊ မလယ်ရွာမှ ခုနှစ်မိုင်ခန့်တွင် လက်ထဲသူနှင့် မဲဇာသို့ ရောက်သည်ကို သိခဲ့ရသည်။ မဲဇာချောင်းသည် မည်းနက်သော ဇလာရေကြောင့် မဲဇာဟုခေါ်ကြောင်းနှင့် မဲဇာချောင်းသည်လည်း ထီးချိုင့်အောက် ညောင်ပင်သာရွာအနီး ထွက်ပေါ်ပြီး မလယ်မြစ်ဟုလည်းခေါ်ကြောင်း ထပ်မံသိခဲ့ရပါသည်။



မဲဇာမြေမှ ဂန္ဓကုဋီကျောင်း

www.burmeseclassic.com

www.burmeseclassic.com

များကို လေ့လာရေးသားရင်း မကြာမီ လမ်းခွဲမှ သွားရင်လည်းရောက်ပြီး လှမ်းနေရတော့သည်။ မိုးရွာထား၍ လမ်း ကျောက်အိုက်ရွာတံတားကို ကျော်ဖြတ် အလယ်ရွာမှ ဆားတွင်းလမ်းသို့ ဆက်သွား များပျက်နေကြသည်။ တောင်သာကုန်း ကာ တံတားထိပ်တွင် စေတီငယ်တစ်ဆူ ၍ မဇာသို့ လမ်းခွဲဖြင့် သွားနိုင်သည်ဟု လေသာရွာတို့ကို တပြည်ပြည်ဖြတ်ကျော် ကို လှမ်းဖူးရပြီး ကားလမ်းမှာ ကတ္တရာ သိရှိခဲ့ရပြီး အလယ်လမ်းခွဲကို ရွေးချယ်၍ လာခဲ့သည်။ လမ်းတွင် ကျွဲကျောင်းသား လမ်းဖြစ်၍ ဒီဇယ်ကျဉ်းရွာ၊ အင်းတိန်ရွာ အလယ်ရွာမှ ဆက်လက်၍ မောင်းနင် လေးတစ်ယောက်အား တွေ့၍ မေးကြည့် တို့ကို တွေ့ရပြီး မဇာနှင့်နီးလာပြီဟု ထင် လာရာ လမ်းများမှာ ရွာတန်းရှည် ရာ မဇာရွာရှိရာသို့ လက်ညှိုးထွန်ပြသဖြင့် ရသည်။ လမ်းညွှန်လိုက်သော သင်္ကြန်ဦး တစ်လျှောက် ရှုမှု၊ ချိုင့်များ၊ နွားလှည်း ကိုင်းတောများ၊ ကျွဲလူးအိုင်များဖြင့် ထမင်းဆိုင်မှ အစ်မကြီးက အလယ်ရွာ လမ်းများဖြင့် လမ်းကြမ်းကြီးကို လျှောက် ကားကို ဂရုတစိုက်မောင်းရတော့သည်။

မဇာကျောင်းမှ ဦးအာသောကဆရာတော်

www.burmeseclassic.com

စိမ်းလန်းစိုပြေသော လယ်ကွင်းများ ပတ်လည်တွင် စိမ်းလန်းသော သစ်ပင်နှင့် ရွာတန်ရာညာကြီး ထုံးဖြူဖြူစေတီများနှင့် သွပ်မိုးထားသော ဘုန်းတော်ကြီးကျောင်းကို အဝေးမှပင် မြင်နေရသည်။ လမ်းရွေးမှားခဲ့ပြီလား။ ဆိုးလိုက်သည့်လမ်း ရောက်ချင်သည့်မဲတာ၊ ရောက်ရပါတော့မည်။ ကျောင်းကြီးအတွင်း ဆရာတော် တစ်ပါး။ ကိုရင်လေးတစ်ပါးနှင့် ဆောက်လက်စ အဆောက်အဦးအတွက် လုပ်နေကြသော လက်သမားများကို တွေ့ရသည်။ တိတ်ဆိတ်ငြိမ်သက်၍ ပင်ပန်းခဲ့သော အမောကို ပြေစေခဲ့သည်။

"အရှင်ဘုရား . . . ဒါမဲတရွာ ဘုန်းတော်ကြီးကျောင်းပါလားဘုရား"

"ဟုတ်ပါတယ်"

တံတားဖြုတ်လေးဘက် ကိုလက်ညှိုးညွှန်၍ ဘုန်းကြီးကျောင်းနှင့် တစ်ဆက်တည်းရွာလေးမှာ မဲတရွာဖြစ်ကြောင်း ဆရာတော်မှတစ်ဆင့် သိရပြီး ခရီးဦးကြိုဆိုပါသည်။

"ဒကာမတို့ အဝေးကလာကြတာလား"

"ဟုတ်ပါတယ်။ မဲတကို အရင်းရောက်ချင်လို့ မရောက်ရောက်အောင် လာခဲ့တာပါဘုရား။ လမ်းခရီးက ကြမ်းလိုက်တာဘုရား"

"ဒီလမ်းက မကောင်းဘူး။ ဆားကွင်းလမ်းခွဲမှလာရင် လမ်းကောင်းပါတယ်"

လမ်းရွေးမှားခဲ့သည်မှာ အမှန်ဖြစ်ပါတော့သည်။

ဆရာတော် ဦးခံကွေးမွေးသော စားစရာများ စားသောက်ပြီး ဆရာတော်ကြီးအား မိတ်ဆက်ရင်း ဆရာတော်၏ ဘွဲ့တော်မှာ ဦးအာလောကဖြစ်ပြီး သက်တော် (၄၇)၊ ဝါတော် (၂၇) ဝါဖြစ်သည်။ ခမည်းတော် ဦးဘမိန့် မယ်တော် ဒေါ်လှမိမ မွေးဖွားတော်မူခဲ့ပြီး မွေးချင်းမောင်နမ ငါးယောက်တွင် အငယ်ဆုံးဖြစ်ပြီး ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ထန်လုံးတပ်ရွာတွင် မွေးဖွားခဲ့သည်။ (၁၁) နှစ်သားအရွယ်မှ ကိုရင်ဘဝ တစ်နှစ်နေပြီး ပြိုစာသင်တိုက် ဦးတိက္ခထံ အပ်နှံ၍ ပြီးကျောင်းသို့ရောက်ရှိခဲ့ပြီး ရဟန်းဘဝဖြင့် စာသင်တိုက်များတွင် စာပါများ လိုက်ခဲ့သည်။ မဏ္ဍိုမဂ္ဂဝဏ္ဏနာသင်တိုက်၊ မစိန်ရိပ်တိုက်သစ်မှတစ်ဆင့် အကြီးတန်းအောင် မြင်ခဲ့ပြီး လေသာရွာကျောင်းတွင် သီတင်းသုံးတော်မူခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မဲတသို့ ရောက်ခဲ့သည်။

ကျောင်းထိုင်ဆရာတော်မရှိ၍ ဆရာတော်အား ရွာသားများ၏ ပင့်ဆောင်မှု၊ သူတို့သဘောကျသည့် ဆရာတော်ကို သာ ရွာတွင် သီတင်းသုံးခွင့်ပေးကြသည်က ဧလေ့တစ်ခုဖြစ်ကြောင်း သိရသည်။ ယခု မဲတကျောင်းမှာလည်း ကျောင်းထိုင်မရှိ၊ လူထွက်သူ၊ ပို့လွှန်တော်မူသူ၊ ဆရာတော် မရှိ၍ သူငယ်ချင်းနှင့် လေသာရွာတွင် ရှိနေစဉ် သံဂီဏအပ်နှံ၍ ဤမဲတကို ရောက်ရှိရကြောင်း ရှင်းပြခဲ့သည်။ ထိုစဉ်က မဲတရွာမှာ လူဦးရေ (၂၀၀) ကျော်သာ ရှိ၍ (၄၆) အိမ်သာရှိပြီး ရွာသားသုံးသာ ရှိသည်။ ယခုအခါ မဲတရွာတွင် အိမ်ပေါင်း (၇၆) အိမ်နှင့် လူဦးရေ (၄၀၀) ကျော် အထိ ရှိလာခဲ့သည်။ များစွာတိုးတက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကနုးလူမျိုး၊ ရှမ်းလူမျိုးများ နေထိုင်ကြောင်း သိခဲ့ရသည်။

"အရှင်ဘုရား ဒီစေတီတော်တွေက အရင်ကပင် ရှိနေတာလားဘုရား။ တပည့်တော်ကို မိန့်တော်မူပါဘုရား။ နောက်ပြီး လက်ဝဲသုန္ဒရမဲဇာဆိုတာ ဆရာတော်သိရှိတာများလည်း ပြောပြတော်မူပါဘုရား"

"ဒီမဲဇာကတော့ လက်ဝဲသုန္ဒရာ မဲဇာအစစ်အစစ်ပါ ဒကာ။ မဲဇာလေးလို့ ခေါ်ပါတယ်။ စေတီပေါင်း (၁၃) ဆူရှိပြီး ပြုပြင်ထားတာပါ။ ယခင်ကပင် လက်ဝဲသုန္ဒရ မဲဇာမြေမှ တည်ခဲ့တဲ့ ဘုရားတွေပါ။ စေတီတော်တွေဟာ နှစ်တွေကြာပြီး ရာသီဥတုဒဏ် ရေတိုက်စားမှုကြောင့် ဘုရားစေတီတို့မှာ ကိုင်းတော်၊ ခုံမှုတ်နှင့် ဒုက္ခစရိယသဘောရောက်နေကြတယ်။

အချို့ကပေးလာပြန်တော့ ကချင်ပြည်နယ်၊ ဟိုပင်မြို့ မြသီတာဆေးတိုက်ဝိုင်ရှင် ဦးကံဆက်၊ ဒေါ်စောခင်မိသားစုတို့မှ နိုင်ငံတော် ဩဝါဒစရိယ မြန်မာစာဩဝါဒစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထီးချိုင့်



မဲဇာဘုန်းတော်ကြီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com

မြို့ တည်တောဆရာတော်ဘုရားကြီးအား (၁၃၅၁) ခုနှစ်၊ ဒုတိယဝါဆိုလတွင် တူဖြစ်သူ မန်နေဂျာဦးအောင်ဆင်းမှ တစ်ဆင့် ၎င်းဘုရားများကို မတည်ငွေ တစ်သိန်းကို လှူဒါန်းတော်မူပြီး တည်တောဆရာတော်(ဦးမုတစ်ဆင့် လေသာကုန်းဆရာတော် ဦးရာဇိန္ဒ သာသနာအကျိုးဆောင် ဦးဘထီတို့အား ဘုရားဖြစ်မြောက်အောင် ဆောင်ရွက်ရန် တာဝန်ပေးသဖြင့် လေသာကုန်းဆရာတော် ဦးရာဇိန္ဒနှင့် ဦးဘထီ ဦးဆောင်၍ ရပ်ဝေးရပ်နီးမှ ကျွန်ုပ်ဒါယကာ ဒါယိကာမများ ကောင်းမှုဖြင့် ယခုတွေ့ရတဲ့ စေတီ (၁၃) ဆူကို ပြုပြင်ခဲ့ကြတယ်။

ယခုအခါ ဒီကျွန်ုပ်ရဲ့ ကျောင်းထိုင်ဆရာတော်ကစ်ပါးအနေနဲ့ ပြုပြင်စောင့်ရှောက်နေပါတယ်။ ဘုန်းတော်ကြီးကျောင်းတွေနဲ့ လက်ဝဲသုန္ဒရတည်ထားခဲ့သော ဂန္ဓကုဋိကျောင်းဆောင်ကြီးကိုလည်း လက်ရာမပျက် ပြုပြင်ထားပါတယ်။

"အရင်ဘုရားတည်ဆောက်နေတဲ့ အဆောက်အဦးက ကျောင်းဆောင်လား ဂန္ဓကုဋိတိုက်လားဘုရား"

သိမ်တော်

www.burmeseclassic.com

www.burmeseclassic.com

ထက်ဝဲသုန္ဒရနေခဲ့သော မဇာမြေ

"ဂန္ဓကုဋိတိုက်ပါ။ ဦးပဉ္စင်္ဂမှာရှိ တဲ့ ဝတ္ထုဒွေနဲ့ မပြီးပြောက်ပါဘူး။ ရဟန္တာ နှင့် အခြားအလှူရှင်များ လိုအပ်ပါတယ်။ ဦးပဉ္စင်းကတော့ ဒီဂန္ဓကုဋိတိုက်ကြီးပြီး ရင် လက်ဝဲသုန္ဒရ ဆေးရေးပန်းချီကား များ။ ဗုဒ္ဓဝင်ခန်း။ ကောသလအိပ်မက် (၁၆) ချက် စတဲ့ ပန်းချီကားတွေ၊ ပုဂံ ခေတ်လက်ရာ၊ ပန်းချီတွေကို ရေးခွဲပြီး ဒီဂန္ဓကုဋိတိုက်မှာ ချိတ်ဆွဲမယ် စိတ်ကူး ပါတယ်"

"မဇာမြေကို လွှမ်းစရာ၊ ဆွေး စရာ၊ အပါယ်ခံနယ်မြေလို့ အမျိုးမျိုး သတ်မှတ်ကြတယ် ဘုရား။ လက်ဝဲသုန္ဒရ လက်ထက်ကပင် သူအပိုခံရပြီး နေပြည် တော်ကို သတိရလွမ်းဆွတ်ပြီး မဇာ နယ်မြေရဲ့ ရာသီဥတု၊ တောတောင်စိမ့်စမ်း တွေကို ရတုပိုဒ်စုံ၊ လင်္ကာတွေ စပ်ခဲ့ပါ တယ်။ မရောက်ဖူးတဲ့သူတွေကတော့ မဇာဟာ စာကယ်လွမ်းဆွေးစရာနယ်မြေ ပဲဆိုပြီး ထင်ကြမှာပါပဲနော် ဘုရား"

"ဟုတ်ပါတယ် ဒကာမကြီး။ အရင်က မဇာကတော့ လက်ဝဲသုန္ဒရ

www.burmeseclassic.com

ရတုတွေမှာ တောကောင်တွေ၊ သားရဲ တိရစ္ဆာန်တွေ၊ ရာသီဥတုရဲ့ အေးမြတဲ့ ဒဏ်တွေ၊ မြစ်ရေတွေတက်လို့ အဆိုးမိုး ရတုပိုဒ်ခံတွေကို အရှင်ဘုရင် သနားတော်မူ အောင် စပ်ဆိုခဲ့တယ်။ ဟုတ်ရင်လည်း ဟုတ်မယ်။ အခုတော့ မဇာမြေဟာ များစွာ တိုးတက်ပြောင်းလဲနေပါပြီ။ လယ်ယာတွေ ဖြစ်ထွန်းပြီး ကောက်ပဲသီးနှံတွေ စိုက်ပျိုးရေးတွေ အောင်မြင်နေပါပြီ။ လမ်းသွား လမ်းလာ ခရီးလမ်းများလည်း ကောင်းမွန်ပြီး စီးပွားရေး အဆင်ပြေနေကြတယ်"

ဆရာတော် ပြောပြသည့် အတိုင်း မဇာရွာနှင့် လက်ဝဲသုန္ဒရလွမ်းချင်းတေးများမှာ ပိဒ်စုံရတုများ ပြောင်းလဲသွားပြီလားလို့ပင် စိတ်တွင် ထင်မိခဲ့သည်။

"မဇာရွာရှိ လူနေအိမ်ခြေတွေ အရင်က နည်းခဲ့တာတွေ၊ ဘယ်လိုလူမျိုးတွေ နေထိုင်ခဲ့လဲ ဘုရား။ ဦးပဉ္စင်းသိသလောက် မိန့်တော်မူပါဦး ဘုရား။

"အရင်က မဇာရွာဟာ လူနေအိမ်ခြေနည်းခဲ့တာတော့ စီးပွားရေးကို



မဇာကျောင်း မွှာရံ



မဇာကျောင်း မွှာရံ

www.burmeseclassic.com

www.burmeseclassic.com

လေ့လာမိုသလောက်ကတော့ လက်ဝဲသုန္ဒရရောက်ရှိစဉ်ကပင် ဒီလူမျိုးတွေရှိကြတယ်။ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာမရှိတဲ့သူတွေလို့ သိရတယ်"

"ဒီလူမျိုးတွေအကြောင်း နည်းနည်းမိန့်ပါဦး ဘုရား"

"ပြောရရင် မန်လည်ဟူသော မြန်မာရွာဖြစ်လာပုံက စရပါမယ်။ မန်လည်ဝါရပ်ရှိတယ်။ အရှေ့ဘက်မှာ ရှမ်းဖြစ်ပြီး အနောက်ဘက်မှာ ကဒူးနယ်မြေဖြစ်ပေါ်ခဲ့တယ်။ ကဒူးကို ကံတူးဟူ၍လည်းကောင်း။ ကန်တူးဟူ၍ လည်းကောင်း ခေါ်ကြပြန်တယ်။

တရုတ်ရာဇဝင်အဆို အရရှေးအခါက တကောင်းနန်းစိုးမင်းမျိုးတို့သည် ကန္ဒူတို့ မခုခံနိုင်ဘဲ မဲဇာမြစ်သို့ဆန်တက်ထွက်ပြေးသွားကြတယ်။ ကဒူးရာဇဝင် ကန်တူးမဟုတ်ဘဲ ကံတူးဟူလည်း သိခဲ့ရပြန်တယ်"

"ကံတူးခေါ်ပုံ ပြောပါဦး ဘုရား"

"ကံတူးဟု ခေါ်ဝေါ်ခဲ့ခြင်း

အတွက် ဆားတွင်းရွာလို့ ယခုတိုင် ခေါ်ဝေါ်နေကြပါတယ်။ ဒါကတော့ မဲဇာနဲ့ အနီးဆုံးရွာမြစ်လို့ ဗဟုသုတ ပြောပြတာပါ။

ဒီမဲဇာရွာလေးကို မြတောင်မင်းသမီးအိုင်ဖြစ်တော့ သွားရေးလာရေး လွယ်ကူပြီး စီးပွားရေး အဆင်ပြေခဲ့တယ်။ နောက်ပိုင်း မြတောင်မင်းသမီးဟာ မဲဇာရွာအထိ လမ်းခရီးများပိတ်ပင်ခဲ့ပြီး ရွာနေသူများ စီးပွားရေးပျက်ပြားလာပြီး လူနေနည်းသွားကာ ပြောင်းရွှေ့သွားကြတယ်"

"ဒီရွာမှာ နေထိုင်တဲ့သူတွေက ဘာလူမျိုးအများဆုံး နေထိုင်ပါသလဲ ဘုရား"

"ရှမ်းနဲ့ ကဒူးလူမျိုးတွေ များပါတယ်"

"ဒီလူမျိုးတွေ အကြောင်းကို ထည့် သိချင်ပါတယ်တုရား။ လက်ဝဲသုန္ဒရလက်ထက်ထဲက ရှိနေကြတာလား။ ဘယ်ဘာသာကို ကိုးကွယ်ခဲ့ကြပါသလဲ။ ဘုန်းဘုန်းသိသလောက် ပြောပြတော်မူပါ ဘုရား"

"ဦးပဉ္စင်းသိသလောက် အစဆောင်းရွာကြီး မြန်မာနိုင်ငံတော်ဟာ ရွှေတောင်တည်သောနှစ်ပြီးပြီး ပတ္တမြားမင်းသမီးအား မြတောင်ပြိုစားခန့်သော (၁၁၄၂) ခုနှစ်မှာ မဲဇာခုနစ်ရွာသမီးတော်အိုင်ဖြစ်ပြီးနောက် ရွာခုနစ်ရွာအလယ်ကျသော ကွင်းချောင်းရွာ၌ ရွှေတော်တုရားတည်စေခဲ့တယ်။ မဲဇာခုနစ်ရွာကတော့ (၁) တံခွန်တိုင်ရွာ၊ (၂) နွယ်ချိုရွာ၊ (၃) ကွမ်းချောင်းရွာ၊ (၄) ခွန်နန်းရွာ၊ (၅) အောင်သာကုန်းရွာ၊ (၆) တဲကြီးကုန်းရွာ၊ (၇) ကျောင်းကုန်းရွာတို့ဖြစ်တယ်။ ရွာများကို လက်ဖွဲ့သော သတ္တရာဝင်မှာ (၁၁၄၆) ခုနှစ်ဖြစ်တယ်။ ယခုထောင်ရွာကဘော့ မဲဇာလေးနဲ့ အနီးဆုံးပါ။ မြတောင်မင်းသမီးကိုယ်စား ဗိုလ်မြဲခွဲက အုပ်ချုပ်ခဲ့ပြီး ၎င်းနယ်မြေအတွင်း နယ်သူနယ်သားများ ဆားအလွယ်တကူရရှိစေရန် ဆားကျင်းလည်း တူးဖော်ခဲ့ကြတဲ့

www.burmeseclassic.com

အကြောင်းက မြန်မာအစ တကောင်းက ဟု ဆိုရသော တကောင်းပြုအဘိရာဇာ မင်းကြီး နေတော်သည် မင်းမျိုးမင်းနွယ် ဖြစ်သော စစ်သူကြီးမိဖုရားဖြစ်ပြီး သားတော် (၉) ဦးမွေးရှိ နောက်ဆုံးမှ သမီးတော်ကို ဖွားမြင်သည်။ သမီးငယ်က အဆင်းငါးဖြာနှင့် ပြည့်စုံပြီး ပဉ္စာလ မင်းသမီးဟု ခေါ်ကြသည်။ အဘိရာဇာ မင်းကြီး၏ သားတော်ကဲ့ရာဇာငယ် ထီးနန်း အုပ်စိုးသောအခါ ပဉ္စာလမင်းသမီးကို မိဖုရားမြောက်သဖြင့် သားယောကျ်ား (၁၀) ယောက် ဖွားမြင်သဖြင့် ကံထူးသည်ဟု ဆိုကြရာမှ ကံတူးလူမျိုးဟု ခေါ်ဝေါ်ခဲ့ ကြတယ်လို့ သိရတယ်။

ပဉ္စာလမင်းသမီးလက်ထက် မြို့ (၅) မြို့ကို တည်ခဲ့ပြီး ကံတူးမင်္ကိုယ် တိုင်တည်သောမြို့ကဒူးမရွာဟု ခေါ် ကြောင်း၊ ကဒူးရာဇဝင်မှာ တွေ့ရပြန်သည်"

"အရှင်ဘုရား လက်ဝဲသူနှရာ မဇ္ဈရာမြေကိုရောက်တော့ ဒီကဒူးလူမျိုးတွေ ရှိနေဟောပေါ့နော်"

"ဟုတ်ပါတယ်။ ဒီကဒူးလူမျိုး တွေက နန်းဦးသာကီဝင်မင်းမျိုး အဆက် အနွယ်တွေဖြစ်ကြတယ်။ ပဉ္စာလူမျိုး အစ ပြုခဲ့ ပဉ္စာလတို့ကဲ့သို့ပင် ပဉ္စာဦးများဖြင့် အရိုးပြာများကို မြှုပ်တတ်ကြတယ်။ အချို့ သော ကဒူးနယ်မြေတွေမှာ ယနေ့ထိ ပဉ္စာဦးများကို တွေ့ကြရတယ်"

"ဩော်...စကားမစပ် တပည့် တော် မုံရွာခရိုင်၊ ဘုတလင်မြို့နှယ် ဆရာတော်ကြီး ဦးဗုဒ္ဓရွာဖြစ်တဲ့ ညောင် ကန်ရွာအနီးမှာ ပဉ္စခေတ်ကအတိုင်း လူ တွေရဲ့ အသုံးအဆောင်ပစ္စည်းများနှင့် မိသားစုလိုက်မြှုပ်နှံထားတဲ့ ရုပ်ကလာပ် အရိုးစုပုံသဏ္ဌာန်တွေ၊ မြေအိုးတွေကို နိုင်ငံတော်အကြီးအကဲတို့ရဲ့ လမ်းညွှန်မှု ဖြင့် တူးဖော်ပြီး ကောင်းမွန်စွာ အဆေးက် အဦးများဖြင့် အရိုးအကာများပြုလုပ်ပြီး ပြသထားတာ တွေ့ခဲ့ရတယ် ဘုရား"

"အဲဒါလည်း သာကီဝင်တွေ ထွက်ပြေးပြီး ရောက်သွားကြတာဖြစ်မှာပေါ့။

မဇ္ဈရာက ကဒူးလူမျိုးတွေက မဇ္ဈတစ်လျှောက် မင်းဝံတောင်ရိုးမှ ယခု မဲဇလွှာသို့ ရောက်ရှိခဲ့ပုံပါပဲ။ ပါမိုင်းသူကြီး တွေ အဲဒီအချိန် အုပ်ချုပ်ခဲ့တယ်။

လက်ဝဲသူနှရာ မဇ္ဈရောက်ရှိစဉ်က ဒီနယ်မြေက ဘာသာရေးမရှိသေး တဲ့ သူတွေ များတယ်။ ဗုဒ္ဓဘာသာမတွန်းကား ဘဲ အယူဝါဒတွေ ကွဲပြားနေခဲ့တယ်။ လက်ဝဲသူနှရန့် လူအချို့ မဇ္ဈရောက်လာ တော့ စေတီဘုရားများမရှိတဲ့အတွက် ဘုရားတည်ရန် ပါမိုင်းသူကြီးတွေကိုပြော တော့ သူကြီးတွေက ခွင့်မပြုဘဲ လက်ဝဲ သူနှရန့် ပါလာတဲ့သူတစ်ယောက်ကို သတ် ပစ်လိုက်ကြတယ်။

လက်ဝဲသူနှရကလည်း ဒီပါမိုင်း သူကြီးတွေနဲ့ အတိုက်အခံပြုလုပ်ပြီး ဘုရားတည်ခွင့်မရသည့်အပြင် လူပါ အသတ်ခံရသည့်အတွက် ဗိမိမာပါလာ သောသူများနှင့် ပါမိုင်းသူကြီးတွေကို ကာစင်တင်ပြီး သတ်ပစ်လိုက်ကြတယ်။ အဲဒီကာစင်တင်သတ်တဲ့ နေရာကတော့ မဇ္ဈရာအလယ်လောက်မှာ အခုထိ အမှတ်အသားအဖြစ် ထားရှိကြတယ်။

နောက် လက်ဝဲသူနှရာဇဝင်များ

www.burmeseclassic.com

www.burmeseclassic.com



မဲတပြေမှ ဂန္ဓကုဋီကျောင်းတော်သစ် ဆောက်မည့်နေရာ

မဲတရွာအဝင်တံတား

တွေတည်တာကတော့ ယခုမြင်တွေ့နေ ပြော်နေရတဲ့ ဘုရားတွေပါပဲ"

"ဒီဘုရား (၁၃) ဆူပါလား ဘုရား"

"ဟုတ်ပါတယ်။ အရင်သိုက် ဆရာတွေ သိုက်တူးကြသေးတယ်။

ရွှေဂူဘုရားဟာ မဲတရွာရဲ့ မြောက်ဘက်မှာရှိတယ်။ အဲဒီဘုရားကို လည်း လူမသမာများ ဌာပနာတိုက်ဖောက် ယူဖျက်ဆီးသွားပြီး အလားတူ လက်ငဲ့ သုန္ဒရတည်ခဲ့တဲ့ ဒီဘုရားတွေဟာလည်း မဲတရေတိုက်စား၍ ပြိုပျက်ခဲ့ကြတယ်လို့ သိခဲ့ရပါတယ်"

ကျွန်မလည်း လက်ငဲသုန္ဒရ တည်ခဲ့သော ဘုရား (၁၃) ဆူကို လေ့ လာရာ ၎င်းဘုရားစေတီများမှာ ဆင်ဖြူ ရှင်မင်းလက်ထက်ဟု သိခဲ့ရသည်။ ဂန္ဓကုဋီကျောင်းတော်ကြီး တစ်ဖက်တစ် ခြမ်းတွင် စေတီများကို တည်ထားပြီး ဘွဲ့တော်များကိုလည်း မှုမြော်ရင်း ရေးသား ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁) တန်ဆောင်ဘုရား
(၂) တစ်စည်းရှင်ဘုရား
(၃) ပန်းလဲကြီးဘုရား
(၄) ပန်းလဲသေးဘုရား
(၅) စည်းခုံကြီးဘုရား
(၆) ရွှေဂူဘုရား
(၇) နံတော်သင့်ဘုရား
(၈) မာရဝိဇယဘုရား
(၉) ရွှေလေးဘုရား
(၁၀) စည်းခုံငယ်ဘုရား
(၁၁) ရွှေလင်းပင်ဘုရား
(၁၂) ရွှေစေတီဘုရား
(၁၃) ရွှေခြေသံဘုရား တို့ဖြစ်သည်။

လက်ဝဲသုန္ဒရီ အမတ်ကြီး ရောက်စဉ်က မမွဲ့ပြီး။ မတိုးတက်ဘဲ သားရဲတိရစ္ဆာန်များ ပေါများခြင်း၊ အအေးဒဏ်ကို ခံစားရခြင်း ရာသီဥတုမှာ တောရိပ်တောင်ရိပ်၊ မဲတောချောင်းရေတို့ကြောင့် ချမ်းအေးလှသည်ဟု ဖွဲ့ဆိုခဲ့သော မဲတမြေသည် ယခုအခါ လယ်ယာမြေများဖြင့် စိမ်းလန်းစိုပြေလျက်ရှိပြီး လှပတဲ့မဲတမြေသာယာအေးချမ်းပြီး လူသူအများရဲ့ မျော်ရွှင်ဖွယ်ရာ နယ်မြေလေး ဖြစ်နေပါတော့သည်။

လက်ဝဲသုန္ဒရီ မဲတမြေသို့ ရောက်ရှိခဲ့ပုံကိုလည်း ဗဟုသုတအဖြစ် ဆက်လက်၍ လေ့လာမှတ်သားတင်ပြရပါဦးမည်။

လက်ဝဲသုန္ဒရီ မဲတသို့ မည်သည့်ပြစ်ဒဏ်ကြောင့် အပို့ခံရသည်ကို လေ့လာသိရှိသူများ ရှိသလို မသိသူများလည်း ဝေဝေဖြိုခြိုနေတတ်ကြသည်။

စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မန်ကျည်းတုံးရွာသည် လက်ဝဲသုန္ဒရီအမတ်ကြီး ဦးမြတ်စံ မွေးဖွားရာ ဇာတိဖြစ်ပြီး ကောဇာသက္ကရာဇ် (၁၀၈၈) ခုနှစ်၊ (အဘ) မင်းသီဟာဘွဲ့ဦးရေး အဓိ ဒေါ်မြမ်းတို့မှ ဖွားမြင်တော်မူသည်။ ငယ်နာမည် ဦးမြတ်စံဖြစ်သည်။ စာရေးဆရာကြီး ရွှေဥဒေါင်း မွေးဖွားရာ စံပြရွာကြီးဖြစ်သည်။ လက်ဝဲသုန္ဒရီမြတ်စံသည် ခေတ်အဆက်ဆက် ကျော်ကြားခဲ့ပြီး ဆင်ဖြူရှင်မင်းလက်ထက်တွင် ပေါ်ပေါက်လာသော မင်းတိုင်းပင်အမတ်ကြီး လက်ဝဲသုန္ဒရီဦးမြတ်စံသည် လေးကိလေသကုတ္တရာ နှစ်ဖြာသောအကို့တို့ကို တိုးပွားစေနိုင်သည့် ပညာရှိမင်းတိုင်းပင်အမတ်ဖြစ်ပြီး လက်ဝဲသုန္ဒရာတွဲ့အပြင် ဘယန္တမိတ်သရေသခံတွဲနှင့် လက်ဝဲဘိန်းသူရာတွဲများလည်း ရရှိသေးကြောင်း ဝိနိစ္ဆယ ပကာသနီ မမွေသတ်နိုင်းလင်္ကာနှင့် သေနင်္ဂဗျူဟာတို့မှ သိခဲ့ရသည်။

ဆင်ဖြူရှင်မင်း (၁၁၂၅ - ၁၁၃၈) လက်ထက်တော်တွင် ဆင်ဖြူရှင်မင်း၏ ညီတော်အဖြင့်မင်းသား (သုသီရိမွေရာဇာ) ၏ အကြီးတော်အဖြစ် အမှုထမ်းရွက်ရလေသည်။

ထိုအချိန်က လက်ဝဲသုန္ဒရဟူသော ဘွဲ့အမည်ဖြင့် ခေတ်ပြိုင်ပုဂ္ဂိုလ်ထူးနှစ်ဦး ပေါ်ထွန်းခဲ့ပါသည်။ တစ်ဦးမှာ ကောဇာသက္ကရာဇ် (၁၀၇၉) တွင် မွေးဖွားသော မုံရွေးတတိ၊ ငယ်နာမည်မှာ ဦးမြတ်သာနေ ဖြစ်ပါသည်။ ဦးမြတ်စံသည် ဦးမြတ်သာနေထက် (၃) နှစ်ငယ်သည်။ ဦးမြတ်သာနေသည် အသက် (၂၀)

www.burmeseclassic.com

ကျခံစေရာမှ ဘုရင့်မယ်တော်ကြီးသိ၍ မေတ္တာရပ်ခံသောကြောင့် မဟာသို့ အပို့ခံရခြင်းဖြစ်သည်။

လက်ဝဲသူနာရဲ မဟာသို့ အပို့ခံရသောအခါ စိတ်မချမ်းမြေ့မှုတွင် မဟာအရပ်၏ ပကတိအနေအထားသည် အမတ်ကြီး၏ စိတ်ကို ချမ်းသာမှုမရှိ။ ရွှေပြည်တော်နှင့် ယှဉ်တွဲမိလျှင် အမတ်ကြီးသည် မမျော်ပိုက်တဲ့ နေပြည်တော်ကိုသာ လွမ်းဆွတ်မိခဲ့သည်။ ရာသီဥတုနှင့် မဟာဌာနေများကို ပိုမိုစုံစမ်းတုများဖွဲ့ခဲ့သည်။ တောကြီးတောင်ကြီးများ ဝန်းရံလျက် မိမိတတိအရပ်နှင့် ရာသီဥတုချင်း မတူညီသော မဟာတွင် အအေးဒဏ်ကို ခံရပြီး ရာဇတ်သေးကြောင့် နေရသောဘဝကို ကဗျာအလင်္ကာဖွဲ့၍ ဘုရင်ကို ရည်မှန်း၍ ရတုပိုဒ်နှံကို ရေးခဲ့ပြီး မယားမယ်ခွဲထံသို့ စေလွှတ်စနစ်ဟုပိုဒ်စုံရတုများကို ပေးပို့ခဲ့သည်။

မဟာတောင်ခြေရတုပိုဒ်စုံကို မရေမီ ယခုတွေ့ရှိရသော စေတီများ အားလုံးတည်ပြီးသည် မဟုတ်ပေ။ (၇) ဆူသာ တည်ပြီးဖြစ်သည်။ လွမ်းချောက်ဟုဆို သောအခါ စိတ်မချမ်းမြေ့မှုတွင် မဟာအရပ်၏ ပကတိအနေအထားသည် အမတ်ကြီး၏ စိတ်ကို ချမ်းသာမှုမရှိ။ ရွှေပြည်တော်နှင့် ယှဉ်တွဲမိလျှင် အမတ်ကြီးသည် မမျော်ပိုက်တဲ့ နေပြည်တော်ကိုသာ လွမ်းဆွတ်မိခဲ့သည်။ ရာသီဥတုနှင့် မဟာဌာနေများကို ပိုမိုစုံစမ်းတုများဖွဲ့ခဲ့သည်။ တောကြီးတောင်ကြီးများ ဝန်းရံလျက် မိမိတတိအရပ်နှင့် ရာသီဥတုချင်း မတူညီသော မဟာတွင် အအေးဒဏ်ကို ခံရပြီး ရာဇတ်သေးကြောင့် နေရသောဘဝကို ကဗျာအလင်္ကာဖွဲ့၍ ဘုရင်ကို ရည်မှန်း၍ ရတုပိုဒ်နှံကို ရေးခဲ့ပြီး မယားမယ်ခွဲထံသို့ စေလွှတ်စနစ်ဟုပိုဒ်စုံရတုများကို ပေးပို့ခဲ့သည်။

မဟာတောင်ခြေရတုပိုဒ်စုံကို မရေမီ ယခုတွေ့ရှိရသော စေတီများ အားလုံးတည်ပြီးသည် မဟုတ်ပေ။ (၇) ဆူသာ တည်ပြီးဖြစ်သည်။ လွမ်းချောက်ဟုဆို သောအခါ စိတ်မချမ်းမြေ့မှုတွင် မဟာအရပ်၏ ပကတိအနေအထားသည် အမတ်ကြီး၏ စိတ်ကို ချမ်းသာမှုမရှိ။ ရွှေပြည်တော်နှင့် ယှဉ်တွဲမိလျှင် အမတ်ကြီးသည် မမျော်ပိုက်တဲ့ နေပြည်တော်ကိုသာ လွမ်းဆွတ်မိခဲ့သည်။ ရာသီဥတုနှင့် မဟာဌာနေများကို ပိုမိုစုံစမ်းတုများဖွဲ့ခဲ့သည်။ တောကြီးတောင်ကြီးများ ဝန်းရံလျက် မိမိတတိအရပ်နှင့် ရာသီဥတုချင်း မတူညီသော မဟာတွင် အအေးဒဏ်ကို ခံရပြီး ရာဇတ်သေးကြောင့် နေရသောဘဝကို ကဗျာအလင်္ကာဖွဲ့၍ ဘုရင်ကို ရည်မှန်း၍ ရတုပိုဒ်နှံကို ရေးခဲ့ပြီး မယားမယ်ခွဲထံသို့ စေလွှတ်စနစ်ဟုပိုဒ်စုံရတုများကို ပေးပို့ခဲ့သည်။

အရွယ်ကပင် ဟံသာဝတီရောက် (မဟာရာဇာဓိပတိ) မင်းက သားတော်စစ်ကိုင်းမင်းသိရိမဟာ သုမေဓရာဇာ၏ အကြီးတော်အဖြစ် ခန့်အပ်ခြင်းခံရသည်။ သားတော်ကြီးရှိစဉ် ရန်ကျော်စွာတွင်ကို ရခဲ့လေသည်။

(၁၁၁၃) ခုနှစ် အင်းဝပျက်၍ မြန်မာမင်း ဟံသာဝတီသို့ပါစဉ် မုဒွေသို့ ပြန်လာခဲ့သည်။ ထိုစဉ် အလောင်းတော်ဘုရားက ခေါ်ယူ၍ လက်ဝဲသူနာရဲတွင်ဖြင့် အမတ်ရာထူးခန့်အပ်ခြင်း ခံရလေသည်။ အတွင်းဝန်မင်း၊ လက်ဝဲအနော်ရထာတွဲ့ စည်သူကျော်ထင်တွဲ့၊ နေမျိုးသိရိဒေယျကျော်ထင်တွဲ့များဖြင့် ခီးမြောက်တော်မူခဲ့သည်။

ထိုကဲ့သို့ လက်ဝဲသူနာရဲ ပုဂ္ဂိုလ်နှစ်ဦးအား အပြိုင်ပေါ်ခဲ့သည်ကို သိရှိလိုကြောင်း ရေးသားရပါသည်။

လက်ဝဲသူနာရဲဦးမြတ်စံသည် ဆင်ဖြူရှင်မင်း၏ ညီတော်အငြင့်မင်းသား၏ အကြီးတော်အဖြစ် အမှုထမ်းစဉ် အငြင့်မင်းသား၏ လူပျိုတော် မောင်ထင်ကျော်သည် မိမိတ်ဆိုသူနှင့် လူငယ်သဘာဝ ရည်ငန်းကြစဉ် မိမိတ်အား ဆင်ဖြူရှင်မင်းတရားက မောင်းမယ်အဖြစ် ကောက်တော်မူသည်။ မိမိတ်သည် ဘုရင်က ကောက်တော်မူ၍ မောင်းမယ်ဖြစ်သွားသော်လည်း ငယ်ချစ်ဖြစ်သော မောင်ထင်ကျော်ကို မမေ့၍ တိတ်တဆိတ် ချိန်းတွေ့နေကြရာ အနောက်တော်ဝန်က သိသဖြင့် ဝိုင်းဝန်းဖမ်းဆီးသောကြောင့် မိမိတ်ကို မိသည်။ မောင်ထင်ကျော်ထွက်ပြေးသွားသောကြောင့် မမေ့။ မိမိတ်ကို စစ်ဆေးသောအခါ အငြင့်မင်းသား၏ လူပျိုတော်နှင့် ချိန်းတွေ့ကြောင်း သိသဖြင့် အငြင့်မင်းသားထံ မောင်ထင်ကျော်ကို တောင်းရာ မောင်ထင်ကျော်ထွက်ပြေးသွားသောကြောင့် မမိလိုက်၍ ကိုယ်လုပ်တော်ကို ပြစ်မှားကျူးလွန်ခြင်းတို့ကြောင့် ဖမ်းမိပါက သေဒဏ်ကျခံရမည်ဖြစ်၍ ထွက်ပြေးခြင်းဖြစ်သည်။

အိမ်ရှေ့မင်း၏ကျွန် ထွက်ပြေးသောအခါ အိမ်ရှေ့မင်းအိမ်ဦး ကြီးကြပ်ရသူ လက်ဝဲသူနာအမတ်ကြီးအပေါ် တာဝန်ကျရောက်လာ၍ ထင်ကျော်အစား သေမိန့်

www.burmeseclassic.com

ရွှေဘိုနှင့်မဇ အလှမ်းမဝေးလုပါ။ ထီးခိုင့်လမ်းခွဲမှတစ်ဆင့် အလယ်တောရွာလမ်းမကြီးမှာ ကတ္တရာဖြောင့်ပြူးသော လမ်းဖြစ်၍ ဆားတွင်းကြီးသို့ရောက်ပြီး ကားလမ်း ဆိုင်ကယ်လမ်း နွားလှည်းလမ်းများဖြင့် မဇရွာလေးသို့ သွားရောက်နိုင်ပါသည်။ လက်ဝဲသုန္ဒရ မဇမြေကို အမှန်တကယ် ရောက်ရှိခဲ့၍ ဝမ်းမြောက်မိပါသည်။

ပို့ဆောင်ပေးသော ကသာမြို့နယ်၊ မိုးတားလေးစခန်းမှ ရဲအုပ်ကော်ထွန်းနှင့် ကသာစခန်းမှ ရဲအုပ်သန်းအောင်၊ (ဇနီး) ဒေါ်ခင်အုန်းရီ၊ ကသာစခန်းမှ တပ်ကြပ်ကြီးနေဝင်းဇနီး ဒေါ်သီသီခိုင် တို့အား များစွာကျေးဇူးတင်ရှိ၍ မဇရွာကျောင်းဆရာတော် ဦးအာလောကနှင့် မဇရွာ လက်ဝဲသုန္ဒရအကြောင်းအရာများကို ရှာဖွေစုဆောင်းပေးသော မဇရွာရပ်မိရပ်ဖမိတ်ဆွေများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ခင်ခင်ထု (အင်းစိန်)

ဖတ်ပြီး ငိုကြွေးပြီးနောက် ပိန်စုံပုရပိုဒ်ကို ဆောင်၍ ဘုရင့်မိဖုရားကြီး လက်တော်သို့ ဆက်သသောကြောင့် အရှင်မင်းကြီးထံ အကြောင်းကြားမေတ္တာရပ်ခံသောကြောင့် နေပြည်တော်သို့ ပြန်ခေါ်ခဲ့သည်။

လက်ဝဲသုန္ဒရ မဇာအပို့ခံရသောနှစ်မှာ (၁၁၂၅) ခုနှစ်ဖြစ်ပြီး ပြန်ခေါ်သောနှစ်မှာ (၁၁၂၆) ခုနှစ်ဖြစ်သည်။ မဇာအရပ်၌ တစ်နှစ်မျှ နေထိုင်ခဲ့ပြီး စေတီတော်ပေါင်း (၁၃) ဆူကို မဇာမြေ မဇာအရပ်၌ တည်ခဲ့သည်။

မဇာမြေကို တစ်ကျွန်းလောက်ပင် ထင်ခဲ့သော်လည်း ယခုအခါ မဇာမြေသို့ ရောက်ရှိရာ မဝေးကွာသော နေရာဒေသလေးဖြစ်သည်။ လှပ၍ စိမ်းလန်းကိုပြည်သော လယ်ကွင်းများ၊ စီးဆင်းရေသော ချောင်းငယ်များ၊ ဝေးကွာသော နေရာမှ ညိုမှိုင်းသော တောင်တန်းကြီးများကို အဝေးမှ မြင်ရသည်။ ယခင်မဇာသည် တောကြီးတောင်ကြီး မှောင်မည်းကြောက်စရာအတွင် ဗိုလ်ဖြတ်ရာသို့ လက်ဝဲသုန္ဒရ အပို့ခံရလေသလားဟု ထင်မိခဲ့သည်။

များကိုရေးရင်း ကျွန် (၆) ဆူကို ဆက်လက်တည်ခဲ့ဟန်ရှိသည်။

မဇာတောင်ခြေရတုတွင် မဇာတောင်ခြေစီးထွေထွေတည့် မြစ်ရေဝန်းလည် ကာဆီက၊ ရွှေပြည်ကိုသာ၊ တရာ ၁၀၀၊ မိုးရို ရိုလျွင်၊ သီရိကျက်သရေ၊ တက်ပြီးလေသာ၊ အောင်မြေကျော့ကျော့ ကုန်းမော့မော့၌၊ ဘိုးတော်ကောင်းမှု၊ တည်ထားပြုသည်၊ ဇမ္ဗူဆီမီးခြောက်ရောင်ပြီးမျှ ဂူကြီးသခင်၊ ရွှေလင်းပင်နှင့် ရွှေခြေသုံးပွေ့၊ စၦရသော်၊ ရွှေစေတီကြီး အသီးသီးတည့်၊ ဝိတ်ဆီးယုက်သန်း လွှမ်းရောင်ပန်းမျှ ရွှေနန်းရွှေဘုံ၊ အလုံးစုံကို အာရုံမွှက်မြင်၊ ဖူးမြော်ချင်၍၊ သည်တွင်ရွှေပြီး သည်တို့စေတီ၊ သည်ဆီရွှေနန်း ဖြောင့်တန်းတော့မည်၊ စိတ်ကရည်လည်း ရွှေပြည်ဘုန်းသော ကြောင့်။

အရှင်သခင်ဘုရင်ကို ရည်မှန်း၍ ရေးစပ်ပြီး အိမ်သူသက်ထား မယားမယ်ရွှဲကိုလည်း ပိန်ခံရတုပေးပို့ခဲ့ရာ မိမိ၏ခံစားချက်များကို ရေးသားထား၍ ပိန်စုံ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက သားတို့မောင်နှမ အားလုံး လောကီဘွဲ့အမွေကိုယ်စီ ပေးနိုင်ခဲ့တာ ဂုဏ်ယူမဆုံးဖြစ်ခဲ့ရတယ်။ သားတွေ သမီးတွေ လောကီဘွဲ့ကိုယ်စီနဲ့ လောကအတွက်ဆိုင်ရာဆိုင်ရာ ကဏ္ဍာတွေမှာ တာဝန်ကိုယ်စီ ဆောင်ရွက်နေကြတာ မြင်ရတော့ မိဘတာဝန်ကျေပွန်ခဲ့သူ တစ်ယောက်အဖြစ် ဂုဏ်ယူနေမိတာ အမှန်။

ဒါပေမဲ့ ဖေဖေပင်စင်ယူပြီး ဘာသာရေးစာပေတွေ လောကီစာပေတွေ ဖတ်ရှုလေ့လာမှုတွေ အားကောင်းလာတော့ အတွေးအခေါ်တွေ ပြောင်းလဲသွားခဲ့တယ်။ ဩော်...လောကမှာ အသက်ရှင်ရပ်တည်ဖို့အတွက် စားဝတ်နေရေး ဖူလုံရုံမျှနဲ့ လူတာဝန်မကျေသေးကြောင်း၊ အသက်မွေးအတတ်ပညာကို ဦးစီးဦးဆောင်ပြုမည့်သူသည် အသိတရားများ ပြည့်ဝဖို့ လိုအပ်နေသေးကြောင်း၊ လောကီကိစ္စဟူသမျှ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး အစရှိသဖြင့် လေ့လာစရာတွေ၊ သိစရာအများကြီး လိုသေးကြောင်း (ကြာလေ၊ ကြာလေ) ပို၍ သဘောပေါက်လာလေဖြစ်ခဲ့တယ်။

ဆရာတော်ဦးဇောတိက မိန့်မှာတဲ့စကား "**လောကမှာ သိတာတစ်ခု ရှိထားလျှင် မသိတာက အခု တစ်ဆောင်ရှိတယ်**" တဲ့။ တကယ်တမ်း ကြတော့ ရှာဖွေလေ တွေ့ရှိလေဆိုတဲ့ စကားလို စာတွေပေတွေ ဖတ်မှတ်မှုများလာလေလေ၊ လေ့လာစရာဆည်းပူးစရာတွေ မကုန်နိုင်မခန်းနိုင် ရှိနေပါလားဆိုတာ သဘော...ပေါက်လေလေပဲ။

သားတို့အတွက် စားဝတ်နေမှုအတွက် လောကီအသက်မွေးပညာရပ်တွေအပေါ် အသိပညာတွေ ထပ်ပေါင်းပြီး စေတနာဆိုတဲ့ စိတ်ကို နှီးနှောတဲ့ လုံ့ဆော်တဲ့ ကောင်းတဲ့စိတ် စေတသိတ်တွေနဲ့ ကြံစည်စိတ်ကူး ပြောဆို လုပ်ကိုင်ကြမယ်ဆိုရင် လုပ်ငန်းအဝဝအောင်မြင်လာမယ်၊ သူ့အကျိုး၊ ကိုယ့်အကျိုး၊ အများအကျိုး၊ တိုင်းပြည်အကျိုးတွေ ပိုရှိလာလိမ့်မယ်။ မြတ်စွာဘုရား၏ စရိယာသုံးပါးကို လေ့လာမယ်ဆိုရင် လောကဏ္ဍရာစရိယာ - လောကအကျိုး၊ ဉာတတ္ထစရိယာ - ဆွေမျိုးအကျိုး၊ တိုင်းပြည်အကျိုး၊ အတ္တတ္ထစရိယာ - မိမိအကျိုးဖြစ်ထွန်းစေမည့် လုပ်ကိုင်ပြောဆိုကြံစည်နေကြမယ်ဆိုရင် လောကကြီးတစ်ခုလုံး သာယာဝပြောလာမှာဖြစ်ပါတယ်။ လောကပါလတရားများ ထွန်းကားရာ သာယာဝပြောသော နိုင်ငံတစ်ခုဖြစ်လာမှာ မလွဲပါ။

ဘဝတစ်ခုကို လျှောက်လှမ်းတဲ့အခါ ပြီးပြည့်စုံအောင်သိမြင်ဖို့ အင်မတန်ခက်ခဲပါလားဆိုတာ ပိုပြီးသိလာရတယ်။ ဒီလိုသိလာလေ လေ့လာဆည်းပူးစရာတွေက သိရဲမျှမက လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ဖို့ ကြိုးစားလေ့ကျင့်ရဦးမှာပါလားဆိုတာ သိလာရတယ် သား။ ခေတ်နှင့်လျော်ညီသော အသိပညာတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ နိုင်ငံခြားရေးစသည့် အရေးအရာအားလုံးကို ခြုံငုံသဘောပေါက်လိုလည်း လိုအပ်တယ်မဟုတ်လား။

ဒါကြောင့် လူလောကမှာ

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှင်နေသမျှ မိမိအကျိုး မိသားစုအကျိုးသာမက အများအကျိုး တိုင်းပြည်အကျိုး လောကအကျိုးတွေ ဆောင်ရွက်ဖို့ အချိန်က သိပ်မှမကျန်တော့တာ ဖေဖေတာဝန်နောက်ဆုံးအချိန်အထိ သတိနဲ့သိအောင် ကြိုးစားလေ့ကျင့်နေရပေဦးမယ်။ မိမိသိသရို သားသမီးတွေလည်း သိစေတတ်စေနားလည်စေဖို့ လမ်းညွှန်ပြသပေးရမယ့် တာဝန်တွေ ကျန်နေသေးတယ်လို့ မှတ်ယူထားတယ်။

မိန္ဒဂိုးစဉ်ဆက် လက်ဆင့်ကမ်းကောင်းမွေတွေပေးရမယ်။ မိတ်တွေက တာဝန်ကျမှသာ မိမိမိုးဆက် သားသမီးများ အသိပညာ ဉီးဆောင်သော အတတ်ပညာတွေနဲ့ လောကကို ဉီးဆောင်နိုင်မယ်မဟုတ်ပါလား။

ဖေဖေ လုပ်နိုင်တာက အနာဂတ်တာဝန်တွက် ဘဝအတူကောင်းဖို့ ဗုဒ္ဓမြတ်စွာ၏ တရားတော်တွေကို သိရုံမျှမက လက်တွေ့ထဲမှာ ကိန်းတည်နေရအောင် ခန္ဓာရဲ့အပြင်ဘက်မြေပြင်မှာ ဘုရားမတည်နိုင်သည့်တိုင် ရင်ထဲအသည်းထဲနှလုံးသားထဲမှာ တရားရတနာတည်နိုင်အောင် ကြိုးစားနေရတယ်။ တရားရင်မှာ တည်လာတဲ့အခါ မတရားမှုတွေ မဟုတ်မမှန်သည့် ကြံစည်၊ ပြောဆို၊ လုပ်ကိုင်မှုတွေ လျော့ပါးလာတာကို သိရတယ်သား။ **"မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ကြူးအောင်စိတ်ကိုထား။ ဓုထည်း ချမ်းသာ နောင်ချမ်းသာ ဗုဒ္ဓမိန့်ဟောကြား"** ဆိုသည့် မဟာစည်ဆရာတော်၏ စာပိုဒ်ကလေးကို ရလည်းရအောင်ရွတ်၊ ရင်ထဲမှာလည်း ဒီတရားမျိုးများ ကိန်းတည်လာအောင် ကျင့်ကြံကြိုးစားမှုများများ အားထုတ်နေရတယ် သား။

မိမိကိုယ်တိုင် လက်တွေ့ကျင့်ကြံကိုးကုပ် အားထုတ်ပြီးရလာတဲ့ တကယ့်လက်တွေ့ခံစားရတဲ့ တရားတွေကို ဖေဖေ အသက်ရှိနေသမျှ သားတို့ကို ပြန်လည်ပြောပြချင်သေးတယ်။ မိမိရင်ထဲမှာ တကယ်ရှိလာမှ ပြောဆိုဆုံးမဟောပြောရတာ အရသာပိုရှိမှာ။ ရင်ထဲမှာ တရားမရှိဘဲ ကိုယ်တိုင် မကျင့်သုံးဘဲ ပြောရတာ၊ ဆုံးမရတာ ဘယ်မှာအရသာရှိမှာလဲ။ မရှိကို အရှိလုပ်ပြီး ပြောပြရင် ဘယ်မှာနှလုံးသားက လာတဲ့စကားဖြစ်လာလေမလဲ။ နှစ်ဦးနှစ်ဖက် ဘယ်မှာအကျိုးရှိမှာလဲ။

လူတိုင်းမှာ အစွမ်းကိုယ်စီရှိကြတယ်။ ကိုယ်စွမ်းရာကမစဘဲ သူများပါးစပ်နဲ့ လမ်းဆုံးနေကြလို့သာ အစွမ်းမပြနိုင်ကြတာပါ။

လောကီပညာရပ်တွေ သင်ကြားရာမှာလည်း နှစ်ပေါင်းကြာမြင့်စွာ ကြိုးစားရတယ်။ အစွမ်းကုန်လည်း ပြုလုပ်ရတယ်။ စဉ်ဆက်မပြတ်လည်း ပြုလုပ်ရတယ်။ လေးလေးစားစား တန်ဖိုးထားပြီး ရိုးရိုးသားသားလည်း ပြုလုပ်ရတယ်။ တက်တက်ကြွကြွလည်း ဆောင်ရွက်ရတယ်။ ဒီအချက် ငါးချက်နဲ့ ပြီးပြည့်စုံခဲ့လို့သာ တို့လောကီပညာဘွဲ့တွေ ရခဲ့ကြတာသားအသိ။

အလားတူပဲ လောကမှ လွန်မြောက်တဲ့ လောကုတ္တရာ တရားကြဲတော့လည်း ဒီစံငါးချက်နဲ့ပဲ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရတာပါပဲ။ ဒါအပြင်

www.burmeseclassic.com

ယုံကြည်မှု သဒ္ဓါတရား၊ အမှတ်ရမှု အသိတရား၊ သိအောင် ကြိုးစားပြည့်ဆည်းကျင့်ကြံမှု ဝိရိယတရား၊ စူးစူးစိုက်စိုက် ရှုမှတ်မှားများမှု သမာဓိတရားနဲ့ အမြင်မှန် သမာဓိငို့ ဉာဏ်ရှိမှုတွေ စုပေါင်းညီညွတ်စွာ လက်တွေ့ကျင့်သုံးကြမယ်ဆိုရင် အသိဉာဏ်ပြည့်ဝလာပြီး ဟိရိသြတ္တပ္ပတရား နှစ်ပါးရင်ထဲမှာ ကိန်းတည်လာပေလိမ့်မယ်။ ကိုယ်ကျင့်သိက္ခာတွေလည်း ပြည့်စုံလာပေလိမ့်မည်။ ဒီလို အသိပညာတွေ ရင်ထဲ ကိန်းတည်လာမှသာ သားတို့ ပြုလုပ်၊ ပြောဆိုကြံစည်မှုတွေ တရားမျှတမှုကန်ပေလိမ့်မယ်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုတဲ့ အဂတိတရား (၄) ပါး ကင်းစင်လာပေလိမ့်မယ်။ ဌာနဆိုင်ရာ ဆုံးဖြတ်ချက်တွေ မှန်ကန်လာပေလိမ့်မည်။

ဌာနဆိုင်ရာတစ်ခုမှာ တာဝန်ယူ ဆောင်ရွက်နေရပြီဖြစ်တဲ့ သားအဖို့ ကိုယ်ကျင့်သီလပြည့်စုံလာမယ်။ ဟိရိ ဩတ္တပ္ပတရားဆိုတဲ့ လောကပါလ တရားနှစ်ပါး ပြည့်စုံလာမယ်။ အဂတိလေးပါးကင်းစင် လာမယ်ဆိုရင် မိမိသူတစ်ပါးအား နှစ်ဦးသား စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်လာကြပြီး တာဝန်ကျသော ဝန်ထမ်းကောင်း တစ်ယောက် လောကကို အလှဆင်သူ တစ်ယောက်ဖြစ်လာမှာ ကျိန်းသေပါတယ်။

ဒါ့ကြောင့် အတတ်ပညာရှိဂုဏ်မျှ နှင့် လောကတာဝန်မကျေပွန်သေးတဲ့ သားသမီးတွေကို လောကတာဝန်ကျေပွန်အောင် ဆောင်ရွက်မယ့် သားကောင်းရတနာဖြစ်လာအောင် ဒီတာဝန်ကျေပွန်ဖို့ တာဝန် ဖေဖေ့မှာ ကျန်နေသေးလို့ စိတ်မအေးရသေးဘူးလို့ ဆိုလိုတာပါ။

သားသမီးဘဝ အစစရှုပစေ



www.burmeseclassic.com

www.burmeseclassic.com

လိုတဲ့ မိဘတိုင်း ငွေကြေးချမ်းသာဖို့ အဓိကမဟုတ်။ စိတ်ရင်းစေတနာပြုစင်ပြီး ကိုယ်ရောစိတ်ပါ ချမ်းသာအောင် နေတတ်ထိုင်တတ် အများစုအပေါ် အကျိုးပြုတတ်သူဖြစ်လာစေဖို့ တာဝန်တွေ ကျေပွန်စေချင်တာ အဓိကဖြစ်ပါတယ်။

သားကိုယ်တိုင်က အိမ်ထောင်ဦးစီး ဌာနဦးစီးဖြစ်နေပြီး မိမိအိမ်ထောင်ရေးကို သာယာချမ်းမြေ့အောင် ဘယ်လို စိတ်ထားစေတနာတွေ ဘယ်လိုစိမ်ချက်တွေနဲ့ အကောင်အထည်ဖော်မှာလဲ။

ကိုယ်ကျင့်သိက္ခာဟာ အဓိက။ သိက္ခာဆိုတာ သီလကိုခေါ်တာ။ သီလမှာ (ဆောင်ရမည့် သီလ)၊ (ရှောင်ရမည့် သီလ) စာရိတ္တသီလ၊ ဝါရိတ္တသီလဖြစ်တယ်။ လက်ဖမိုးနဲ့ လက်ဖဝါးနှစ်ခုပေါင်းမှ လက်ဝါးလို့ခေါ်လို့ရသလို စာရိတ္တနဲ့ ဝါရိတ္တပေါင်းမှ တကယ်စစ်မှန်တဲ့ သီလ သိက္ခာ ပြည့်ဝသူဖြစ်မှာ။

ဒီတော့ သား…တို့ပုဒ္ဓတရားတော်မှာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်၊ ဂုဏ်ဒြပ်တွေ ရှိပြီးသား။ ဒီသိက္ခာမျှဝတ်တန်ဆာကို ဝတ်ဆင်နိုင်မှ သားဘဝ၊ မိသားစုတာဝန်ကျေပွန်မှု အောင်မြင်မှု ပြည့်စုံမှာ။ ခုံကြောင့် အခြေခံကိုယ်ကျင့်တရားသီလ ပြည့်စုံပါစေ။ ဆုံးဖြတ်ချက်မှန်သမျှ လောကီစည်းကမ်း ဗုဒ္ဓစည်းကမ်းအတိုင်း မိမိအလိုဆန္ဒအရ ချစ်လို့လည်း ဘက်မလိုက်လေနဲ့။ မသိမှုကြောင့်လည်း ဆုံးဖြတ်ချက်မမှားလေနဲ့။ ကြောက်လို့လည်း ဆုံးဖြတ်ချက်မမှားလေနဲ့။ မုန်းလို့လည်း အပြစ်မပေးမိစေနဲ့။ ဘယ်သူ့မျက်နှာမှ မထောက်နဲ့။ တရားမျှတမှုမျက်နှာကိုထောက်။ လောကကို စောင့်ရှောက်တဲ့ လောကပါလ တရားနှစ်ပါးဖြစ်တဲ့ မကောင်းဘာကို ပြုခြင်းမှ ရှက်ခြင်း။ ကြောက်ခြင်းတရားကိုသာ အသက်ထက်ဆုံးစောင့်ရှောက်ပြီး တန်ဖိုးရှိသောဘဝကို အရယူပါလို့ သားကို မှာပါရစေ။

ချမ်းသာခြင်းကလည်း မမြဲ၊ ဆင်းရဲခြင်းကလည်း မမြဲ။ မမြဲတဲ့တရားတွေကို ဘာလို့တပ်မက်နေရမှာလဲ။ ဗုဒ္ဓကလည်း သီလပြည့်စုံသူဟာ အရာရာပြည့်စုံတယ်လို့ ဆိုမိန့်ထားခဲ့သေးတယ်။ မတော်လောဘကို ရှောင်နိုင်ရင် မတရားမှုကို ရှောင်နိုင်လျှင် ဘေးအန္တရာယ် အသွယ်သွယ်ကင်းမှာ သေချာပါတယ်။

အိမ်ထောင်ဦးစီးတစ်ယောက်၊ ဌာနဦးစီးတစ်ယောက် သိက္ခာကျသွားရင် ကျန်တဲ့သူတွေပါ သိက္ခာကျသွားတယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံး မဟပါစေနဲ့။ ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံလာခဲ့တဲ့ သီလ သိက္ခာတွေ ဆက်လက်ထိန်းသိမ်းဖို့ တာဝန်တွေကို ဆက်ပူသွားကြရအောင်။

ဖေဖေတို့ ဘိုးဘွားတွေထာ သားသမီးစဉ်ဆက်တွေအတွက် အမှတ်နှာ

www.burmeseclassic.com

www.burmeseclassic.com

စကား အသိတရားနဲ့ မမေ့မလျော့နေဖို့ "သီထဝတော ကိန်နာမကမ္ဗံ နသိဗ္ဗတိ၊ သီထနဲ့ပြည့်စုံတဲ့ သူသည် ထိုရာဆန္ဒပြည့်ဝလာမယ်" ဆိုတဲ့အတိုင်း သီလပြုစင်လာလျှင် မလိုချင်ပေမဲ့ ရနိုင်ကယ်ဆိုတာ ယုံကြည်သဒ္ဓါထားပါဖို့ မှာကြားလိုက်ပါတယ် သား။

သားကလည်း ဖေဖေတို့ဘက်က တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့သလို မိမိတို့ မျိုးဆက်များဖြစ်တဲ့ သားသား မီးမီးများကိုလည်း လက်ဆင့်ကမ်း ကောင်းမွေတွေ ဆက်ပေးရလိမ့်မယ်။ မိမိနဲ့ သူတစ်ပါးအကျိုးရှိမယ့် တရားမျှတမှုတွေ ဖြစ်ပေါ်လာအောင် မွန်မြတ်တဲ့စိတ်ထားတွေနဲ့ ကြိုးစားဖြည့်ဆည်းပေးပါလို့ မှာကြားလိုက်ရပါတယ်။

(သားငယ်ရဲ့ မီသားစုဘဝ အစစထုပယ်စေး)

ကျော်မြင့်မြတ်

အလွဿာဝကား ရဟန္တာ အမိ၊ အဖ ဆရာ မိမိအားကျွေးမွေးပြုစုသူ၊ ကိုယ့်ထက်သီလသမာဓိ ပညာဂုဏ် ကြီးမြတ်သူ၊ တရားဟောပြပေးသူများကို မပြစ်မှားရာ။ ပြစ်မှားမိခဲ့လျှင် အပြန်ဆုံးအပြစ်မှ ခွင့်လွှတ်ရန်တောင်းပန်ကန်တော့ရမယ်။ အကယ်၍ ပြစ်မှားမိခဲ့ပါက ထောက်ဒီဗီးပွားရေး၊ ပညာရေး ထိုအင်ဆန္ဒမှန်သမျှ ပြည့်စုံအောင် မဆောင်ရွက်နိုင်ဘူး။ တရားအားထုတ်လျှင်ထည်း တရားမရနိုင်ဘူးလို့ ဆိုထားကယ်။

ပညာဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ သားကလည်း ပြစ်မှားမိမှာ မဟုတ်ဘူးလို့ သိနေပါတယ်။ အကယ်၍များ ပြစ်မှားမိခဲ့သော် အပြန်ဆုံးတောင်းပန်ကန်တော့ပြီး ကျေအေးမှုယူပါ။ ဒါမှ သား မိမိအပြစ် မိမိသိသူသာ သူတော်ကောင်းလူကောင်းတစ်ယောက်ဖြစ်မှာမို့ပါ။

နောက်ဆုံးမှာချင်တာက -

"တရားမမေ့နဲ့။ တရားမေ့ရင် သေးတွေသိမ့်မယ်" ဆိုတဲ့ ဘုရား

ခံခဲ့တယ်။ ပညာအမွေတွေ၊ ယဉ်ကျေးမှုအမွေတွေ၊ ဘာသာတရားအမွေတွေ၊ မိဘဝတ္တရားတွေ ကျေပွန်ခဲ့ကြတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကို မည်စွန်မီးစေချင်ဘူး။ မိမိကြောင့် ပတ်ဝန်းကျင် သာယာလှပစေခဲ့တယ်။

မိဘနှစ်ပါးစလုံးက သားသမီးတွေကို မိမိတို့ထက်သာတဲ့ အတိတာတသားတွေဖြစ်ဖို့ အပင်ပန်းခံ၊ အနစ်နာခံခဲ့ကြတာ သူတို့စေတနာကို တန်ပိုးထားရမယ်။

မိမိတို့ လက်ထက်မှာလည်း သားသမီးတွေတာဝ ကိုယ့်ထက်သာအောင် ကိုယ်မရမူးသေးတဲ့ ဘဝ သူတို့ကြဖို့၊ ကိုယ်မရောက်ဖူးသေးတဲ့ ဒေသတွေ ရောက်ကြဖို့၊ ကိုယ်မရသေးတဲ့ စည်းစိမ်ချမ်းသာတွေ ရကြဖို့၊ ကိုယ်မသိသေးတဲ့ အသိတရားတွေ ရကြဖို့ မိဘတိုင်းမှာ တာဝန်ရှိတယ်။ ဒီတာဝန်ကျေဖို့ လိုအပ်တယ်။ နောက် သိစရာ ကျန်သေးတယ်။

လောကမှာ ခင်ပွန်းကြီး ဆယ်ပါးရှိတယ်။ ဘုရား။ ပစ္စေက ဗုဒ္ဓ၊

www.burmeseclassic.com

www.burmeseclassic.com

ပြဒါးတိုင်ဒေါ် ရဲဒေါ်ဆွေပေါ် ကောဒီယာ

ချောင်းဆိုးသွေးပါ ပျောက်ဆေး

ဒေါက်တာမုန်းမြင့်(ကခဏဒေါ်)



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးသွေးပါပျောက်ဆေး

လောက်သေရွက်၊ ရောက်ရွက်ကြမ်း သက်ရင်းကြီးရွက်၊ ပွေးကိုင်းရွက် ယင်းအရွက်လေးပါးကို နေလုံးကြေမွအောင် ကြိတ် ပို့မစွဲအောင် သိမ်းဆည်းထားပါ စဉ် ရေနွေးဆူဆူတွင် ရေနွေးကြမ်းခတ်သောက်သကဲ့သို့ ခတ်သောက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါရောဂါ ပျောက်စေနိုင်သည်။ ဇော်ဂျီတောင်ဝေး အနီပင် အမြစ်၊ အကိုင်း၊ အရွက်၊ အညွှန့် အပွင့် ပဉ္စင်းပါးတစ်ပင်လုံးကို ပြုတ်သောက်ပေးပါက ချောင်းဆိုးသွေးပါရောဂါ ကင်းစေနိုင်သည်။ စွန်သိုက်ရွက်ညှစ်ရည်ထဲ ကျောက်သွေးနှင့် စပါးကြီးသည်းခြေသင်္ရဲထည့်ပြီး ထမင်းစားပွန်းနှင့် တစ်ပွန်းစာ တစ်ဇနဲ့တစ်ကြိမ်သောက်ပေးလျှင် နာတာရှည် ချောင်းဆိုးသွေးပါ ဝေဒနာ ပျောက်စေနိုင်သည်။ ကောရင်ပင်၏ ရုက္ခမူဆားကို ပျားရည်နှင့် စားသုံးပေးက ချောင်းဆိုးသွေးပါ ကင်းစေနိုင်သည်။

ဒန္တသုခပင်၏ ပဉ္စင်းပါးကို ရေစင်စင်ဆေးပြီး ရေသုံးခွက်တစ်ခွက် တင်ကျိုး၍ ပျားရည်သင့်ရုံထည့်သောက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါ ကင်း ပျောက်စေနိုင်သည်။ မပျောက်မချင်း တစ်နေ့ အကြိမ်းပန်းကန်တစ်လုံးစာ သောက်ပေးနိုင်သည်။ မုရာကြီးရွက်စိမ်းကို ရေသုံးခွက်တစ်ခွက်တင်ကျိုပြီး ပျားရည်စပ်သောက်ပေးသော် ချောင်းဆိုးသွေးပါ ပျောက်စေနိုင်သည်။

တစ်နည်း - ဆင်တုံးမန္ထယ်သုံးလက်မခန့်ကို ပါးပါးလှီး ရေသန့်သန့်နှင့် စိမ်ထားပြီး နံနက်၊ နေ့လယ်၊ ည တစ်နေ့သုံးကြိမ်သောက်သုံးပေးလျှင် ချောင်းဆိုးသွေးပါ ကင်းစေနိုင်သည်။

တစ်နည်း - မုရာကြီးရွက်ညှစ်ရည်ကို ဆားမီးဖုတ်အနည်းငယ်နှင့် တစ်နေ့သုံးကြိမ်သောက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါ ပျောက်ကင်းစေနိုင်သည်။

တစ်နည်း - တောင်မရိုးပင်ခေါ် လက်ပံခါးပင်၏ အခေါက်ကို သွေးသောက်ပေးလျှင် ချောင်းဆိုးသွေးပါ ကင်းပစေနိုင်သည်။ ကြက်သွန်ဖြူရင့်ရင့် ငါးကျပ်သားကို ကျေအောင်ထောင်းပြီး ပွက်ပွက်ဆူနေသည့် ရေနွေးခွက်ထဲထည့်ပါ။ ထည့်ပြီးပြီးချင်း အဝတ်ပါးတစ်စကို ရေဆွတ်ပြီး ရေနွေးခွက်အဝကို လုံအောင် အုပ်ထားပါ။ အဝတ်ပေါ်မှာ အငွေ့ထွက်စေနိုင်ရန် အငွေ့လမ်းဖောက်ပေးပြီး ထွက်လာသည့် ကြက်သွန်ဖြူအငွေ့ကို တစ်ဝကြီး ရှူရှိုက်ပေးပါ။ တစ်နေ့လျှင် နှစ်ကြိမ်သုံးကြိမ် ရှူရှိုက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါနှင့် နာစေးချောင်းဆိုးမှန်သမျှ ပျောက်ကင်းစေနိုင်ပါသည်။

ချောင်းဆိုးရင်ကျပ်ပျောက်ဆေး

ပင်စိမ်းနက်ပင်၏ သတ္တုရည်တွင် ဆားသင့်ရုံခတ်သောက်ပေးသော် ချောင်းဆိုးရင်ကျပ်ပျောက်စေနိုင်သည်။ ဆီးပြူသီး ဖန်ခါးသီး နွယ်ချို ယင်းဆေးလေးပါးအမျှကို အမှုန့်ပြု၍ သိန္ဓောဆားရည်နှင့် သောက်သုံးပေးပါသော် ချောင်းဆိုးရင်ကျပ်ကင်းစေနိုင်သည်။ ပျားရည်တစ်ကျပ်သား၊ ရောက်ရည်တစ်ကျပ်သား၊ ဇဝက်သာရွှစ်ပဲသား ယင်းဆေးသုံးပါးကို

www.burmeseclassic.com

www.burmeseclassic.com

ရောသောက်ပေးပါ။ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ပျောက်ကင်းစေနိုင်ပါသည်။

ချင်းစိမ်း ထန်းလျက်၊ ငရုတ်ကောင်း လေညှင်း ယင်းလေးပါးကိုဆွဲ၍ ကျိုသောက်ပေးပါမူ ချောင်းဆိုးရင်ကျပ် အရှင်းပျောက်စေနိုင်သည်။ ပင်စိမ်းပွင့်၊ ချင်းခြောက်၊ ကြက်သွန်ဖြူ ဆေးသုံးပါးကို ထုထောင်းပြီး ပျားရည်နှင်က စားပေးသော် ချောင်းဆိုးရင်ကျပ် သက်သာကောင်းစေနိုင်၏။ ခံတက်မြစ်အတွင်းသားကို ဆားသင့်ရုံဖြင့် သွေးယူ၍ ရသောဆေးရည်ကို ကလေးငွန်းငယ်၊ လူကြီးငွန်းကြီးတစ်ဖွန်းစာ တစ်နေ့သုံးကြိမ် သောက်ပေးခြင်းဖြင့် ချောင်းဆိုးရင်ကျပ် ပျောက်ကင်းစေနိုင်သည်။ ဆင်တုံးမန္ထယ်ဆားသင့်ရုံနှင့် ပြုတ်သောက်လျှင် အဆုတ်ပွရင်ကျပ်ချောင်းဆိုးရောဂါပျောက်စေနိုင်သည်။

ချောင်းခြောက်ပျောက်ဆေး

မန်ကျည်းမှည့်၊ နွယ်ချိုမှုန့်၊ သိန္ဓောဆား နယ်စားပေးပါက ချောင်းခြောက်ဆိုးခြင်းကို ပျောက်စေနိုင်သည်။

တစ်နည်း နွယ်ချိုသံပရာမြစ် ဆားရောထောင်းပြီး စားပေးသော် ချောင်းခြောက်ကင်းပစေနိုင်သည်။ ဒီးကြမ်းငုတ်ပျောသီးပျော်ပျော်ကို သကြားနှင့်မွှေပြီး ထမင်းလွတ်အဝစားပေးက ချောင်းခြောက်ကင်းပျောက်စေနိုင်သည်။

တစ်နည်း - မန်ကျည်းမှည့်၊ ပိတ်ချင်းသီး၊ ဆီမီးတောက်ဥ၊ ဆား ယင်းလေးပါးရောကြိတ်စားပေးပါက သလိပ်မရခြင်း၊ ချောင်းခြောက်ဆိုးခြင်းများကို ပျောက်စေနိုင်သည်။ ကြံရည်သောက်ပေးပါသော် ချောင်းခြောက်ရောဂါ ကောင်းစေနိုင်သည်။ ကညွတ်၊ မုရာကြီးရွက်၊ သကြားခဲရောစားပေးသည်ရှိသော် ချောင်းခြောက် ကင်းပျောက်စေနိုင်သည်။ ရှဉ့်မတက်ဥ၊ မုရာကြီးရွက်၊ သကြားခဲ ယင်းသုံးပါးကို ရောကျိုပြီး သောက်သုံးပေးခြင်းဖြင့် နာတာရှည်ချောင်းခြောက်ကို ပျောက်ကင်းစေနိုင်ပါသည်။

ကြက်ညှာချောင်းဆိုးဆေး

ပျားရည်စစ်စစ် ရှောက်ရည်သန့်သန့် ရေကျက်အေးနှင့် အနေတော်ဖျော်သောက်ပေးသည်ရှိပါက သာမန်ကြက်ညှာချောင်းဆိုးရောဂါကို ပျောက်ကင်းစေနိုင်သည်။

တစ်နည်း - ဟင်းနှွယ်ရွက်ဆူပေါက်နှင့် ထန်းနို့ ပြာချ၍ ရေစိမ်ထား၍ ရေအကြည်ရေကို ခပ်ယူပြီး ရေခန်းဆားဖြစ်အောင် ချက်ယူထားသော ထန်းနို့ပြာ၊ ဂုက္ခမူဆားချက် ယင်းနှစ်မျိုးကို ထန်းလျက်နှင့် ဆတူရောရ၍ ဆီးကင်းလုံးခန့် စားပေခြင်းဖြင့် နာတာရှည် ကြက်ညှာချောင်းဆိုးရောဂါ သက်သာပျောက်ကင်းစေနိုင်သည်။ ကြောင်လျှာမြစ်အမှုန့်ကို ချင်းသတ္တုရည် (ချင်းညှစ်ရည်) နှင့်ဖြစ်စေ (သို့) ပျားဟောင်းရည်စစ်စစ်နှင့်ဖြစ်စေ ရောစပ်၍ စားပေး လျက်ပေးသည်ရှိသော် ရက်ကြာပန်းနာရင်ကျပ်ရောဂါ ပျောက်စေနိုင်ပြီး နာတာရှည်ချောင်းဆိုးရောဂါကိုပါ ကင်းပျောက်ချမ်းသာရစေနိုင်ပါသည်။

www.burmeseclassic.com

အအေးမိချောင်းဆိုးပျောက်ဆေး

ကြောင်ရိုးသေပင်၏ အရွက်စိမ်းကို ဟင်းရွက်ကြော်သလို ဆီနည်းနည်းနှင့် ကြော်စားပေးပါ။ တစ်ပတ်လျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် ကြော်စားပေးခြင်းဖြင့် မကြာခဏ အအေးမိတတ်သူများနှင့် အအေးမိ ချောင်းဆိုးရင်ကျပ်ရောဂါရှိသူများကို သက်သာကောင်းစေနိုင်သည်။ ဝမ်းမခိုင်သူများဖြစ်က သင့်ရုံချင့်ချိန်စားသင့်သည်။ များများစားလျှင် ဝမ်းသွားဝမ်းလွယ်တတ်သည်။ ဝမ်းနှင့်အတူ မကောင်းသော ခွဲသလိပ်များ စင်သွားစေနိုင်သည်။

ကြက်သွန်ပြုပြင်ကြီးတစ်မြှားကို ကြည်ကင်သွားအောင်ထောင်းပြီး အုန်ဆီရောဖျော်ပါ။ ယင်းအဆီဖြင့် မေးအောက်မှစ၍ ချက်သို့ရောက်သည်အထိ ဆွဲချပြီး လိမ်းနယ်ပေးပါ။ ရင်ဘတ်နှင့် နောက်ကျောကိုပါ မကျန် လိမ်းကျံပေးပါ။ ပြီးလျှင် အနွေးထည်ထူထူ ဝတ်ထားပြီး နွေးနွေးထွေးထွေးနေပါ။ ဖြစ်နိုင်လျှင် အအေးမိအကိုက်အခဲပျောက်ဆေး တစ်မျိုးမျိုးကို စားပေးပြီး ခွေးထွက်လဲသည်ထိ ရေနွေးရှူပေးပါ။ အအေးမိချောင်းဆိုး ပျောက်ကင်းစေနိုင်ပါသည်။

နာစေးချောင်းဆိုး

ကျည်းသီးအဆန်ကို သွေးယူ၍ နည်းနည်းချင်း သောက်ပေးလျှင် နာစေးချောင်းဆိုး ဆေးနာ ပျောက်ကင်းစေနိုင်သည်။ တစ်နည်း - ချင်းမြုတ်ရည် ပူပူနွေးနွေးကို ပျားရည်နှင့် ဖျော်သောက်ပေးပါက နာစေးချောင်းဆိုး ကင်းပစေနိုင်သည်။ တစ်နည်း - ချင်းစိမ်းအရင့်လတ်လတ်ဆတ်ဆတ်ကို အရည်ညှစ်ယူပြီး ပျားဟောင်းရည်စစ်စစ်နှင့်ရောစပ်သောက်ပေးခြင်းဖြင့် နာစေးချောင်းဆိုးကို ကင်းဝေးစေနိုင်သည်။ ချဉ်ပေါင်ခါးအရွက်ကို ရာလပတ်ဖျော်ရည်လုပ်သောက်ပေးပါက နာစေးချောင်းဆိုးမှန်သမျှ ကင်းပျောက်စေနိုင်ပါသည်။

ချောင်းဆိုးသလိပ်နာဆေး

ချင်းခြောက်တစ်ကျပ်သား၊ ဖာလာနစ်ကျပ်သား၊ ဖာလာကြီးလေးကျပ်သား၊ ကျောက်ချဉ်တစ်ကျပ်သား၊ ဇဝက်သာ ကိုးကျပ်သား၊ မက်လင်ချဉ်တစ်ဆယ်သား၊ သိန္ဓောဆေယ်ခြောက်ကျပ်သား၊ စမုန်မိုး ငါးပါးတစ်ပဲသားစီ၊ ငရုတ်ကောင်းတစ်မတ်သား၊ ပိတ်ချင်းသီးငါးသား ယင်းဆယ်ပါးကို အမှုန့်ပြုလုပ်၍ မိုဝဲပေးသည့် ရှိသော် ချောင်းဆိုးရောဂါမှန်သမျှနှင့် ချောင်းဆိုးသလိပ်နာရောဂါကိုပါ ပျောက်ကင်းစေနိုင်သည်။

ချောင်းဆိုးပျောက်နည်း

ယောက်ျားချောင်းဆိုလျှင် သဘောအမှေပင်ရွက် လက်တစ်ဆုပ်စာကို ဘယ်လက်ဖြင့် ခူးယူပါ။ မိန်းမချောင်းဆိုးပါက သဘောအပိုပင်ရွက် လက်တစ်ဆုပ်စာကို ညာလက်ဖြင့် ဆွတ်ခူးယူရမည်ပြီးလျှင် အသက်အောင့်ထားပြီး သဘောရွက် အရင်းအဖျားကိုပယ်၍ ထန်းလျက်သုံးလုံး ရေသင့်ရုံနှင့်ကျိုပါ။ ယင်းဆေးကို တစ်နေ့သုံးကြိမ်ချင့်ချိန်သောက်သုံးပေးခြင်းဖြင့် ချောင်းဆိုးရောဂါ သက်သာ

www.burmeseclassic.com

www.burmeseclassic.com

ကင်းဝေးစေနိုင်ပါသည်။

တစ်နည်း - ကုက္ကိုးခေါက်အစို ကို အနည်းငယ်ထုဆေးကြော်ပြီး မြေအိုး သစ်ထဲတွင် ဆန်ဆေးရည်နှင့် တစ်ညစိမ် ထားပြီး ရေစစ်နှင့်စစ်ယူ၍ သကြား အနည်းငယ်နှင့် သောက်သုံးပေးလျှင် (သို့) ဆင်သမန္တယီ၊ စမုန်နက်၊ သိန္ဓောဆား ယင်းသုံးပါးအမျှကို နေစဉ်ရောစားပေးပါက ချောင်းဆိုးဝေဒနာကို ကောင်းစေနိုင်ပါသည်။

တစ်နည်း - သံပရာသီး တစ်လုံးညစ်ရည်၊ ထန်းလျက်တစ်လုံး ယင်းနှစ်မျိုးကို ရောကြိတ်၍ လျက်ပေး လျှင် (သို့) ပင်စိမ်းရွက်ကို ခေါ်ပြီးသား နှင့်နယ်၍ ဝါးစားပေးလျှင် (သို့) နွယ်ခို အမှုန့်၊ သိန္ဓောဆားအမှုန့်၊ မန်ကျည်းမှည့် အနှစ် ယင်းဆေးသုံးပါးကို အမျှတေပြီး ကွမ်းသီးလုံးခန့်လုံး နံနက်ညစားပေးလျှင် ချောင်းဆိုးရောဂါပျောက်ကင်းစေနိုင်သည်။

တစ်နည်း - ဆိတ်သားနှင့် ပင်စိမ်းရွက်ချက်စားပေးလျှင် (သို့) ငါး နှင့် ပင်စိမ်းရွက်ချက်စားလျှင် (သို့) ပင်စိမ်း ပွင့်၊ ချင်းခြောက်၊ ကြက်သွန်ပြု၊ ယင်း သုံးပါးကို ထုထောင်း၍ ပျားရည်စစ်စစ် နှင့် ရောလျက်ပေးလျှင် (သို့) ထိကရုံး ဆူးပေါက်အမြစ်ကို ထုထောင်းအရည် ညှစ်ယူ၍ လည်ပင်းတွင် လိမ်းကျံပေး လျှင် ချောင်းဆိုးရောဂါပျောက်ကင်း စေနိုင်သည်။

တစ်နည်း - ငှက်ပျောမူးကို သံပရာရည်ညှစ်ထည့်၍ သုပ်စားပေးလျှင် (သို့) ကြက်သွန်ပြုကို အရည်ညှစ်ယူ၍ သောက်သုံးပေးလျှင် (သို့) ခွေးသေးပန်း ရွက်၊ ကွမ်းရွက်၊ ဇီယာ ယင်းဆေးသုံးပါး ကို ရောကြိတ်အရည်ညှစ်ယူပြီး ဆား အနည်းငယ်ခတ်သောက်ပေးလျှင် (သို့) စပျစ်သီးခြောက်ကို ဖြည်းဖြည်းချင်း ဝါးစား ပေးလျှင် ချောင်းဆိုးရောဂါပျောက်နိုင် သည်။

တစ်နည်း - ဆီးပြုသီးနှင့် ဖန်ခါးသီးကို နေရိပ်တွင် လေသလပ် အခြောက်ခံပြီး အစေ့ကို ဖယ်ထုတ်၍ အမှုန့်ထောင်း ရောက်ရည်နှင့် ဆေးလုံး ဖြစ်အောင် လုံးထားပါ။ တစ်နေ့တစ်လုံး စားသုံးခြင်းဖြင့် ချောင်းဆိုးဝေဒနာသက် သာပျောက်ကင်းစေနိုင်သည်။ မီးကွင်း ကမုန်းကို အတို့အဖြုပ်လုပ်၍ စားပေးပါက ချောင်းဆိုးရောဂါ ကင်းစေနိုင်သည်။

တစ်နည်း - ကျောက်ဖရဲ အမြစ်ကို နေလုံးအမှုန့်ပြုလုပ်ထားပါ။ အိမ်သုံးဆားပါးကျယ်သားကို ငှက်ပျောရွက် နှင့်ထုပ်၊ ကျက်အောင်မီးဖုတ်ပြီး ကျောက် ဖရဲမြစ်အမှုန့်နှင့် ဆတူရောရှိ တစ်နေ့ သုံးကြိမ်သောက်ပေးခြင်းဖြင့် ချောင်းဆိုး ရောဂါ ပျောက်စေနိုင်သည်။ ငပြုကြီးရွက် သတ္တုရည် (ညစ်ရည်) ကို ဆားသင့်ရုံ ခတ်သောက်ပေးပါက ချောင်းဆိုးရောဂါ ကို အရှင်းပျောက်ကင်းစေနိုင်သည့်ပြင် ရင်ကျပ်ပန်းနာ သလိပ်နာ ဝမ်းဗိုက် ရောင်တင်းနာများကိုပါ သက်သာပျောက် ကင်း ချမ်းသာရစေနိုင်ပါသည်။

ပန်းထိုး စင်းထိုး ထမင်းထိုး
သာယာချမ်းမြေ့ကြပါစေး
အောင်ဘုန်းမြင့် (ကချင်ခြေ)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများအတွက်

- မိမိဦးစီးဆောင်ရွက်သော လုပ်ငန်းများ အောင်မြင်မည့်အချိန်အခါ ဖြစ်ပါသည်။
- ထီပေါက်ကိန်းရှိပါသည်။ အကျိုးပေးဂဏန်း (အပူး)
- အတိုက်အခံ အပြိုင်အဆိုင်ရှိသော်လည်း ထိုးဖောက်အောင်မြင်မည့် ကာလဖြစ်ပါသည်။
- အိမ်ထောင်ရေးဖောက်ပြန်မှုများ သတိပြုပါ။
- ညအိပ်ခရီးမထွက်သင့်ပါ။
- မွေးနေ့တိုင်း မိတ်ဆွေများကို ထမင်းဖိတ်ကျွေးပါ။

တနင်္လာသားသမီးများအတွက်

- စိတ်လိုက်မာန်ပါ ကိစ္စများ သတိပြုဆင်ခြင်ပါ။
- အချစ်ရေး အိမ်ထောင်ရေးတို့တွင် ခလုတ်ကလေးများရှိမည်။
- မိဘများ၏ ကျန်းမာရေးဂရုစိုက်ပါ။
- အိုးအိမ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ပါသည်။
- ဝမ်းရောဂါ ဂရုစိုက်ပါ။
- ညီအစ်ကို မောင်နမများအတွင်းမှ နွမ်းပါးသူကို ထောက်ပံ့ပေးပါ။

အင်္ဂါသားသမီးများအတွက်

- ဒူးလောက်တင်မှ ရင်လောက်ကျမည်။
- ဘာမဆို ဘာသာရေးအသိနှင့် ယှဉ်တွဲလုပ်ဆောင်သော အောင်မြင်မှု လမ်းစပေါ်မည်။
- ရန်ကိုရန်ချင်း မတုံနှင်းသင့်ပါ။
- မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းဖြင့် အရာရာကို အောင်မြင်ကျော်လွှားနိုင်ပါသည်။
- အချစ်ရေး သင့်တော်သော်လည်း အိမ်ထောင်သည်များ အနောင့်အယှက်ရှိမည်။
- မွေးနေ့တိုင်း သတ်သတ်လွတ်စားပါ။

ဗုဒ္ဓဟူးသားသမီးများအတွက်

- ထီပေါက်ကိန်းရှိပါသည်။ အကျိုးပေးဂဏန်း (၇,၁)
- အဆိုးထဲမှ အကောင်းကို ရွေးချယ်ပါ။
- အိုးအိမ်နှင့် ပတ်သက်သော ကိစ္စများကောင်းပါသည်။
- စက်ပစ္စည်းအသစ် အဝင်မတော်ပါ။
- စာအောင်သံယောတော်တစ်ပါးအား ရဟန်းဒါယကာခံယူပါ

ကြာသပတေးသားသမီးများအတွက်

- အကြင်နာကို ရင်မှာ မြိုသိပ်ထားသင့်သော အချိန်ဖြစ်သည်။
- မတော်တဆထိခိုက်ဒဏ်ရာဂရုစိုက်ပါ။
- မိဘနှစ်ပါးကြား ဝင်မပါ,ပါနှင့်။
- မိတ်ဆွေ၏ ပြဿနာမှခံရမည်။
- တရားစခန်းဝင်ပါ။

သောကြာသားသမီးများအတွက်

- ကျန်းမာရေးဂရုစိုက်ပါ။

www.burmeseclassic.com

- မြို့ဉာဏ်က သင့်အပေါ်သဘော ထားပြောင်းလဲလာမည်။
- မိတ်ဆွေမှ ရန်သူဖြစ်နိုင်ပါသည်။
- စက်ပစ္စည်းသင့်ပါသည်။
- အဝါရောင်ဝတ်ဆင်ခြင်းဖြင့် ကံကောင်းနိုင်ပါသည်။
- အိမ်ဘုရားအား ထန်းလျက် ဆွမ်း ကပ်လှူပါ။

စနေသားသမီးများအတွက်

- ထီပေါက်ကိန်းရှိပါသည်။ အကျိုး ပေးကဏန်း (၇,၈)
- အကောင်းအဆိုးချင့်ချိန်လုပ်ကိုင် သင့်ပါသည်။
- ခရီးထွက်ရန် မသင့်လျော်ပါ။
- ငွေရေး ကြေးရေး အခိုက်အတန့် အခက်အခဲရှိမည်။
- လူချစ်လူခင်ပေါများနိုင်ပါသည်။
- မွေးနံဘုရားတွင် ဘုရားပန်းကပ်လှူ ပါ။

ဟူးလွာသာယာမဟိန္ဒဝေ
ပေသေတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ခန်းကြမ်း

အားလုံးပေါ်ဝေချင်ပါသည်

ကျော်ဝင်းဆွေကျော်



www.burmeseclassic.com

www.burmeseclassic.com

နံနက်ငါးနာရီထိုးတော့ ဗိုလ်တစ်ထောင်ဘုရားကို ရောက်နေပြီ။ လျှပ်စစ်မီးရောင်အောက်တွင် ဗိုလ်တစ်ထောင်စေတီတော်မြတ်ကြီးကို ရွှေရောင်တဝင်းဝင်း ဖူးတွေ့လိုက်ရသည်။ မတွင်အောင်မြေနေရာမှ စေတီတော်ကြီးကို ဦးသုံးကြိမ်ချလိုက်သည်။ ပြီးတော့ ဘုရားရှိခိုးပြီး ငါးပါးသီလခံယူလိုက်သည်။ သရဏဂုံသုံးပါးကို သက်စေ့ပုတီးထိုင်စိပ်လိုက်၏။ ပုတီးစိပ်ပြီးတော့ စေတီတော်ကြီးကို ဦးသုံးကြိမ်ချလိုက်သည်။ စိတ်ထဲမှာတော့ ကြည်နူးမှုအပြည့်။ သည်နှစ် ရန်ကုန်ဆောင်းက သိပ်မအေးလှ။ အနွေးထည်တစ်ဖို့ မလိုသော ဆောင်းမို့ ကိုစံဟိန်းတစ်ယောက် တီရှပ်ကလေးတစ်ပြီး ဗိုလ်တစ်ထောင်ဘုရားသို့ ထွက်လာခဲ့ခြင်းဖြစ်လေသည်။ ဘုရားဖူးပြီးပြီဆို ဗိုလ်တစ်ထောင်ကမ်းနားသို့ လမ်းလျှောက်ထွက်လာသူများကို တွေ့လိုက်ရသည်။ တချို့က ကိုယ်ပိုင်ကားနှင့် တချို့က ခြေကျင်...။

ဗိုလ်တစ်ထောင်ကမ်းနားရောက်တော့ အမှောင်ထုက လွှမ်းမိုးဆဲ။ ကမ်းနားလမ်းရှိ လမ်းမီးတိုင်များက အလင်းရောင်ကို ဖြန့်ဝေပေးနေဆဲ။ လမ်းလျှောက်သူက လျှောက်၊ လေ့ကျင့်ခန်းလုပ်သူက လုပ်နေကြသည်။ တချို့က တစ်ယောက်တည်။ တချို့က နှစ်ယောက်တွဲ၊ သုံးယောက်တွဲ အုပ်စုလိုက်စသည်ဖြင့် ကျန်းမာရေးအတွက် လမ်းလျှောက်နေကြသည်။ ကိုစံဟိန်းလည်း အများနည်းတူ အနောက်ထိပ်မှ အရှေ့ထိပ်သို့ အလွှားအပြန် နာရီဝက်ခန့် လမ်းလျှောက်လိုက်သည်။ နှုမှု့ မို့ထွက်လာပေး ရွေးများကို လက်ကိုင်ပုဝါဖြင့် ပွတ်တိုက်ရင်း ဆိပ်ခံတံတားပေါ်သို့ တက်လာခဲ့သည်။ ဘောတံတားပေါ်တွင်လည်း ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေသူများတွေ့လိုက်ရသည်။ အထူးသဖြင့် တရုတ်နှင့်တရုတ်နွယ်ဖွားများကို အများဆုံးတွေ့ရလေသည်။ ကိုစံဟိန်းတစ်ယောက် နေရာလွတ်တစ်ခုတွင် နေရာယူလိုက်ပြီး ဆယ့်ငါးမိနစ်ခန့် အကြောလျော့ လေ့ကျင့်ခန်းလုပ်လိုက်သည်။ မြန်မာမိန်းကလေးများကို ဘောင်းဘီတိုလေးများနှင့် လမ်းလျှောက်ရင်း ဟန်ရေပြနေသည်ကို တွေ့နေရပေသည်။

ကိုစံဟိန်းတစ်ယောက် ဗိုလ်တစ်ထောင်ကမ်းနားက ပြန်လာတော့ နံနက် (၇) နာရီထိုးတော့မည်။ ဗိုလ်တစ်ထောင်ဘုရားရှေ့ရောက်တော့ ကိုယ်ပိုင်ကားနဲ့ ဘုရားဖူးလာသူများ၊ အစ်မတော်မြန်မြန်နွယ်ဆိုသို့ ပွဲလာဆော်သူများ၊ သမ္မတကမ်းခြောက်မှ ရန်ကုန်ဘက်သို့ အလုပ်ဆင်းလာသူများ၊ ဆိုက်ကား၊ စက်ဘီးတို့ဖြင့် စည်ကားလှုပ်နေသည်ကို တွေ့လိုက်ရသည်။ ဘုရားပန်း အုန်းဂုက်ပျော်ရောင်းသော ဆိုင်များမှာလည်း ဈေးဝယ်သူတို့နှင့် ပြည့်နေသည်။ ဗိုလ်တစ်ထောင်ဘုရားလမ်းမှာ ကျဉ်းရသည့်အတွက် အုန်းဂုက်ပျော်ရောင်းသော ဆိုင်များမှာ လမ်းမပေါ်သို့ အဖြွေးပြီး ဆိုင်ဖွင့်ထားရုံမကသေး ဆိုင်ရှေ့တွင် အုန်း ဂုက်ပျော်ပွဲများ တင်ထားသော စားပွဲခုံများချကာ ရောင်းနေသည့်အတွက် လမ်းမှာပို၍ ကျဉ်းသွားရလေသည်။ ထိုဆိုင်များနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်မှာတော့ ကိုယ်ပိုင်

www.burmeseclassic.com

ကားများရပ်ထားသလို အုန်းသီးများ၊ ငှက်ပျောခိုင်များကို စုပုံထားသဖြင့် လမ်းသွားလမ်းလာဘုရားဖူးများမှာ လမ်းကျဉ်းကျဉ်းတွင် ကားကြောက်ရ၊ စက်တီးဆိုက်ကား အကုန်ကြောက်နေရတော့သည်။ ဗိုလ်တစ်ထောင်ဘုရားရှေ့မှ လမ်းမှာ ကားနှစ်စီးရောင်သာရုံ ကျန်တော့သည်။ အုန်းငှက်ပျောပွဲရောင်းသူများ၏ ဒေါ်ဟစ်ပြေးလွှားရောင်းနေသည်ကိုလည်း ရောင်ရသေးသည်။ ထိုစဉ် ဘုရားဖူးလာသော ကိုယ်ပိုင်ကားတစ်စီး ဝင်လာလေသည်။

"ဟေး . . . ဒါတို့ဆိုင်က ဖောက်သည် . . . ၊ ဝယ်နေကျ ဖောက်သည်ပေ့ါ"

ဟု အော်သံနှင့်အတူ ပြေးထွက်လာသော အုန်းငှက်ပျောပွဲရောင်းသော အမျိုးသမီးတစ်ယောက်က ကိုစံဟိန်းကို ဝင်တိုက်သွားလေတော့သည်။

ဩော . . . မိမိထမင်းတစ်လုတ်စားရဖို့ အရေး ဘာကိုမှ ဂရုမစိုက်တော့ပါလား ဟု ကိုစံဟိန်းတွေးလိုက်မိသည်။ လမ်းက ကျဉ်းရသည့်အထဲ ဆိုင်ရှေ့တွင် ပလပ်စတစ်ထိုင်ခုံများပါ ချထားပြီး အများပိုင်လမ်းပေါ်မှာ ကိုယ့်အိမ်ကိုယ်ယာလို ထင်တိုင်းလုပ်နေသော ဈေးသည်များကို ကြည့်၍ စိတ်ပျက်စွာ ခေါင်းရမ်းလိုက်သည်က ကိုစံဟိန်း။ မည်ကဲ့သို့သော ခွင့်ပြုချက်များဖြင့် လမ်း၏ သုံးပုံတစ်ပုံခန့်ခန့် နေရာယူထားပြီး လွတ်လွတ်လပ်လပ် ဈေးရောင်းခွင့်ရနေသည်ကိုတော့ ကိုစံဟိန်းမတွေးတတ်တော့ချေ။ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အဆိုးဆုံးဖြစ်လေသည်။ ကိုစံဟိန်းတစ်ယောက် ဗိုလ်တစ်ထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းဆုံရာတွင် လမ်းဖြတ်ကူးရန် မီးပွိုင့်ကို လှမ်းကြည့်လိုက်သည်။ မီးနီပြ၍ ကားများရပ်သွားမှ စိတ်ချလက်ချ လမ်းဖြတ်ကူးလိုက်သည်။ စိတ်ထဲမှာတော့ မရှင်ပျံတော့၊ ဘုရားဖူးရာမှ ရလာသော ကြည်နူးမှုများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည်။ "ဩော် . . . သူတို့လည်း သူတို့ပိသုးစု စားတတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရတာပါလား" ဟု တွေးကာ စိတ်ကို လျော့ပစ်လိုက်သည်။

"ယောက်ျားရေ . . . ဒီနေ့ အဂါနေ့။ ယောက်ျားမွေးနေ့နော်။ ဘုရားက အပြန် ခိုစာကျွေးခဲ့ဦးနော်"

ဗိုလ်တစ်ထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်မီးပွိုင့်ရောက်တော့မှ ချစ်ဇနီးအေါင်တင်မြင့်မှာလိုက်သော စကားကို သတိရလာသည်။ တော်သေးသည်။ မီးပွိုင့်နားတွင် အသက်ဆယ်နှစ်ကျော်လောက်ရှိမည်ဖြစ်သော ကောင်မလေးတစ်ယောက် ခိုစာရောင်းနေသည်ကို တွေ့လိုက်ရသည်။ သူ့ဘေးပတ်ဝန်းကျင်မှာတော့ ခိုတစ်ဇုံပုံက ပိုင်းကြီးပတ်ပတ်ဒူဝေဝေ။ အသက်သုံးဆယ်ဝန်းကျင်ခန့် ဇနီးမောင်နှံနှစ်ယောက်က ခိုစာထယ်ကျွေးနေသည်။ ရေစိမ်ထားသော ပဲစေ့လေးများကို ခိုအုပ်ကြားထဲသို့ ဖာ်ကြဲလိုက်သည်။ သူ့အရင်ရောက်ကာ ခိုစာကျွေးနေသော စုံတွဲကိုကြည့်နေရာမှ ကိုစံဟိန်း၏ မျက်လုံးအစုံက အမှောင်ကြီးတစ်ယောက်ထံရောက်သွားသည်။ ခိုစာရောင်းနေသော ကောင်မလေးနှင့် မရင်

www.burmeseclassic.com

မကမ်းနေရာ ပလက်ဖောင်းနံဘေးနားတွင် ယောဂီရောင်ဝတ်စုံလေးဝတ်ပြီး ကျွဲကျဲ့လေးထိုင်ကာ လမ်းသွားလမ်းလာခရီးသည်များထံမှ ပိန်ပိန်နဲနေသော လက်ကလေးနှစ်ဖက်ကို ဖြန့်ပြီး အလှူခံနေသော အသက် ခုနှစ်ဆယ်နီးပါးအမေအိုကြီး တစ်ယောက်ကို စိတ်ဝင်စားစွာ ကြည့်လိုက်သည်။

ဒီအသက်၊ ဒီအရွယ်မှာ ဒီလို ပုံစံနှင့် တွေ့လိုက်ရတော့ ကိုစံဟိန်းရင်ထဲမှာ ကျင်ခနဲခံစားလိုက်ရသည်။ ကျောထောက်နောက်ခံ သားသမီးမရှိလို့လား။ အိမ်မဟုတ် ရိုလျက်သားနှင့် အမေအိုကြီးကို မကျွေးမွေးနိုင်တာလား။ ကိုစံဟိန်း တစ်ယောက် အတွေးပင် လယ်လေသွားသလို သနားကြင်နာစိတ်တွေ ဖြစ်လာသည်။ ခိုစာရောင်းသည့် ကောင်မလေးကို ဖြတ်ကျော်လိုက်ပြီး ယောဂီဝတ်စုံနှင့် အမေအိုကြီးဆီသို့ အရောက်သွားလိုက်သည်။ ပြီးတော့ အိတ်ထဲမှ တစ်ထောင်ကျပ်တန်သုံးရွက်ကို ထုတ်လိုက်ပြီး အမေအိုကြီး၏ လက်ထဲသို့ တရိုတသေထည့်လိုက်သည်။

"အမေ့သားကြီး...ဘုန်ကြီးလို့ သက်ရည်ပါစေ။ ကျန်းမာပါစေ။ ချမ်းသာပါစေ။ လိုတိုင်းတလို့ ရတဲ့တဝကို ပိုင်ဆိုင်နိုင်ပါစေကွယ်"

အမေအိုကြီး၏ ဆုတောင်းသံကို ကြည်နူးစွာ နားထောင်ရင်း ခိုစာရောင်းသည့် ကောင်မလေးကို လှမ်းကြည့်လိုက်တော့ ခိုစာရောင်းချင်သည့် မျက်နှာလေးကို တွေ့ရလေသည်။

"သူလည်း သူ့ဘ်သားစု စားတတ်နေရေးအတွက် တစ်ဖက်တစ်လမ်းကူညီနေတာပါလား"

ဟု အတွေးဝင်လာပြီး ကိုစံဟိန်းတစ်ယောက် ခိုစာရောင်းသည့် ကောင်မလေးအနားသို့ ကပ်သွားပြီး -

"သမီးလေး...ခိုစာ ငါးရာဖိုးပေးနော်"

ပြောပြောဆိုဆို ခိုစာခွက်လေးကို ယူပြီး ပက်ကျဲလိုက်တော့ အစာကို မျှော်နေတဲ့ ခိုကလေးတွေဟာ တစ်ကောင်နဲ့တစ်ကောင် ပဲစေ့လေးတွေကို အလု အယက် ကောက်စားနေတာကိုကြည့်ပြီး ကိုစံဟိန်းတစ်ယောက် ကျေနပ်စွာ ပြုံးလိုက်မိသည်။

ပြီးတော့ ယောဂီအမေအိုကြီးကို ကြည့်လိုက်တော့လည်း ပြုံးလို့...။

ခိုစာရောင်းတဲ့ ကောင်မလေးလည်း ပြုံးလို့...။ ခိုလေးတွေလည်း ပြုံးလို့နေမှာပါ။

ပြီးတော့ သူကိုယ်တိုင်လည်း ပြုံးလို့...။

ဩော်...ထမင်းစားဖို့ လူတိုင်း ရှန်းကန်နေရတာပါတကား။

ကျော်ဝဏ္ဏကျော်

www.burmeseclassic.com

ရုပ်မြင်သံကြား တိတ္ထိသို့

www.burmeseclassic.com

www.burmeseclassic.com

ဂျွန်ထောကျီဘင်(ခ်)

ဂျွန်လောကျီဘင်(ခ်) ကို (၁၈၀၀) ခုနှစ်တွင် ဟယ်လင်ဘာ့ဂ်မြို့နယ်တွင် မွေးဖွားခဲ့သည်။ ထိုမြို့က "ဂလက်စဂို" မြို့နားတွင်ရှိသည်။ သူတို့မိသားစုတွင် သူက အငယ်ဆုံးသားဖြစ်သည်။ သူတို့သည် မွေးဆရာတစ်ယောက်၏ အိမ်မှာ နေထိုင်ကြသည်။

ဂျွန်သည် ကျန်းမာကြံခိုင်သူတစ်ယောက် မဟုတ်ချေ။ သူသည် အမြဲတမ်း အအေးမိရောဂါစွဲကပ်ပြီး အိပ်ရာထဲမှာသာနေရလေ့ရှိသည်။ သူ၏ ပညာသင်ကြားသော ကာလများတွင် မျှော်ရွင်မှု သိပ်မရှိခဲ့ချေ။ သို့သော် စာတံုအသင်းမှာ သင်ကြားရသည့်ကာလမှာတော့ သူမှာ မျော်ရွင်မှုရခဲ့သည်။

သူသည် စာတံုပညာရပ်ကို စိတ်ပါဝင်စားသည်။ သူငယ်ချင်းတွေ စာတံုအသင်းမှာ ဆုံတွေ့ပြီး စာတံုတွေကို ရွေးချယ်ကြည့်ရှုလေ့လာရသည်ကို မျော်ရွင်သည်။ တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်ခြင်းကိုလည်း သူက နှစ်သက်သည်။ သူသည် ငွေကြေးကို စုဆောင်းပြီး သူ၏ စာတံုတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများကို ဝယ်ယူလေ့ရှိသည်။

နောက်ပစ္စည်းတစ်ခုကိုလည်း သူသည် အလွန်ပင် စိတ်ဝင်စားခဲ့ပြန်သည်။ ဤကား တယ်လီဖုံးဖြစ်သည်။ တယ်လီဖုံးကို ဘယ်လိုတပ်ဆင်ဆောင်ရွက်ထားသနည်း။ သူငယ်ချင်းတစ်ယောက်၏ အိမ်မှ သူ၏ အိမ်သို့ ဘယ်သို့သောနည်းဖြင့် တယ်လီဖုံးကြိုးဖြင့် ဆက်သွယ်ဆောင်ရွက်ထားသနည်း စသည်တို့ကို သူသည် စိတ်ဝင်တစားလေ့လာခဲ့သည်။

ဂျွန်အရွယ်ရောက်လာသော အခါ လျှပ်စစ်ဓာတ်ရောနည်းပညာတစ်ရပ်ကို အလွန်ပင် စိတ်ဝင်စားခဲ့ပြန်သည်။ စမ်းသပ်ကြည့်လိုသော ဆန္ဒတွေလည်း သူမှာ ရှိနေသည်။ သူသည် "ကလေးဘယ်လီ" လျှပ်စစ်စွမ်းအင် ကုမ္ပဏီတွင် ဦးစွာဝင်ရောက်လုပ်ကိုင်ရင်း အချိန်ရှိသရွေ့ စမ်းသပ်မှုလုပ်ငန်းကိုသာ လုပ်ကိုင်နေတတ်သည်။ တစ်ကြိမ်သောအခါတွင် စိန်တပ်တုံးကို ပြုလုပ်ရန် ကြိုးစားဆောင်ရွက်နေစဉ် ကြီးမားသော ပေါက်ကွဲမှုကြီး တစ်ရပ်ဖြစ်ပေါ်လာတော့သည်။

ထို့ကြောင့် သူသည် ဤပညာရပ်ကို သူ၏ဘဝ လူပ်ရှားရှင်သန်မှုများတွင် မလုပ်ကိုင်တော့ရန် အပြီးပိုင်စွန့်လွှတ်သင့်ကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ချလိုက်ရတော့သည်။

BURMESE CLASSIC

အလွန်တရာ ချမ်းအေးလှသော နေ့ရက်များတွင် သူ၏ခြေထောက်တွေ နွေးထွေးနေစေရန် စက္ကူနှင့် ရစ်ပါတ်ထားလိုက်သည်။ ထိုအခါ သူ၏ ခြေထောက်တွေ နွေးထွေးလာတော့သည်။ သူသည် စက္ကူတွေအစား ခြေအိတ်အတိုများကို အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူသည် ဈေးနှုန်းသက်သာသော ခြေအိတ်များ ဝယ်ယူလာသည်။ ထိုခြေအိတ်များကို ဆိုးဆေးရည်ထဲတွင် နှစ်၍ အရောင်ဆိုးသည်။ ပြီးနောက် ဂလပ်စကိုပြွန်ဝန်းကျင်ရှိ ဆိုင်တွေမှာ လိုက်ရောင်းကြည့်ရာ အားလုံးကနှစ်သက်၍ ဝယ်ယူကြသည်။ အရောင်း

www.burmeseclassic.com

www.burmeseclassic.com

တွင် သူ၏ ယိုစုံလုပ်ငန်းအတွေ့အကြုံကို ပြောပြပြီး ရယ်မောကြရတော့သည်။

သူ၏ ဘဝရပ်တည်ရှင်သန်ရေး အတွက် နည်းလမ်းပေါင်းစုံကို ကြံစည် လုပ်ကိုင်လေ့ရှိသည်။ သူသည် ဩစတေးလျ ပျားရည်နှင့် ဆပ်ပြာလိုက် ပြီး ရောင်းချပြန်သည်။ နှင်းတွေ အမြဲကျ ပြီး အေးလေ့ရှိသော လန်ဒန်မှာ သူ၏ ရောဂါနှင့် မတည့်ဆေ့။ ထို့ကြောင့် ဆရာဝန် က ပင်လယ်ကမ်းခြေမှာ သွားရောက် နေထိုင်ရန် အကြံပေးလေသည်။ ထို့ကြောင့် သူသည် "ဟက်စတင်း (နှ်)" ဒေသကို ထွက်ခွာခဲ့ရပြန်သည်။

ထိုဒေသရောက်တော့မှ သူ၏ ရုပ်မြင်သံကြားလုပ်ငန်းကို စတင်ဆောင် ရွက်နိုင်တော့သည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး ပြောကိုက်စေရန် ပိုင်ယာလက်နှင့် ခြေယိုတို့ကို တီထွင်ခဲ့ကြသည်။ "မာကိုနီ" သည် အသံလွှင့်လုပ်ငန်းကို လေထဲမှာ လွှင့် ထုတ်နိုင်ရန် စတင်စမ်းသပ်တွေ့ရှိခဲ့သည်။ ထို့ကြောင့်လည်း လူတို့သည် အိမ်သံမှ

ထိုပစ္စည်းတွေကို အခြေခံပြီး သစ်သီး ယိုစုံလုပ်ငန်းတစ်ခုလုပ်ရန် အလုပ်ရုံတစ်ခု တည်ထိုက်သည်။ သူ၏ သူငယ်ချင်း တစ်ယောက်က ဝါဖြင့် ထိုအလုပ်ရုံကို ဆောက်လုပ်ပေးသည်။ မြေကြီးကို အပေါက်ဖောက်ပြီး မီးဖိုကြီးတစ်ခုလုပ် သည်။ ကြေနီအိုးကြီးထဲသို့ သစ်သီးရည် တွေ လောင်းထည့်ပြီး ယိုလုပ်ငန်းလုပ် တော့သည်။ သူသတိမထားမိသော အရာ တစ်ခုမှာ ထိုနယ်မြေတွင် ပိုးမွှားများ အလွန်ပေါများခြင်းပင်ဖြစ်သည်။ ယိုစုံထဲ သို့ ထိုပိုးမွှားများ ဝင်ရောက်လာကြရာ ယိုစုံများလည်း ပျက်စီးခြင်းဖြင့် ကြုံရလေ တော့သည်။

နောက်တစ်ခါ ထပ်၍ အဖျား ဝင်လာပြန်ရာ လန်ဒန်ပြန်သို့ ပြန်လာခဲ့ရ တော့သည်။ သူငယ်ချင်းများ ဆုံတွေ့ရာ



တွင်ကျယ်လာသောအခါ သူက ရုံးခန်း တစ်ခုဖွင့်သည်။ နယ်လှည့်ရောင်းချရန် အလုပ်သမားတစ်ယောက် ခန့်ထားသည်။ လုပ်ငန်းအောင်မြင်မှုက ခိုင်မာ လာသည်။ သို့သော် သူ၏ အအေးမိ ရောဂါက ပြန်ထလာပြန်တော့သည်။ ဆရာဝန်က သူ့ကို နွေးသောရာသီဥတု ရှိရာသို့ ခရီးထွက်ရန် အကြံပေးလာသည်။ ထို့ကြောင့် သူသည် သေတ္တာထဲတွင် သူ၏ ခြေအိတ်များကို ထည့်သည်။ "ထရီနီဒက်" ဒေသရှိ လူနီအိန္ဒိယလူမျိုးတို့သည် ထို ခြေအိတ်မျိုးကို နှစ်သက်ဝယ်ယူကြလိမ့် မည်ဟုယုံကြည်ခဲ့ကြောင်းမိသည်။

ထိုဒေသသို့ ရောက်သွားသော အခါ သူမှာ လွန်စွာစိတ်ပျက်မိတော့ သည်။ သူ၏ ခြေအိတ်တွေကို မည်သူက မျှ စိတ်မဝင်စားကြချေ။

သူသည် ထိုဒေသဝန်းကျင်ကို လေ့လာကြည့်ပြီး အကြံဉာဏ်ကောင်း တစ်ခု ရရှိလိုက်သည်။ ထိုဒေသမှာ ကြံ ပင်များ၊ လိမ္မော်သီးများ၊ သံပုရာသီးများ အလွန်ပေါများစွာ ပေါက်နေကြလေသည်။

www.burmeseclassic.com

ပင်နေ၍ ရေဒီယိုဖွင့်လိုက်စဉ် တေးဂီတသံ၊ စကားပြောသံ၊ ပြဇာတ်တို့ကို ကြားရသည်။ ထိုအသံတို့ကို လန့်ဒန်စတူဒီယို ထဲမှ လွှင့်ပေးနေခြင်းဖြစ်သည်။

တစ်နေ့တွင် ဂျွန် သည် ကျောက်ဆောင်အနီးသို့ လျှောက်သွားသည်။ ပင်လယ်ရှုမျှော်ခင်းတစ်ခု၏ အလှက သူ့ကို စွဲမက်စေသည်။ ထိုရှုခင်းအလှကို အသံကဲ့သို့ပင် လေထဲမှ လွှင့်ထုတ်ခြင်း မပြုနိုင်ဘူးလားဟု သူတွေးမိသည်။ သူသည် ငယ်စဉ်ကပင် အတွေးတစ်ခုကို ရလိုက်လျှင် ထိုအတွေးတို့ကို အကောင်အထည်ဖော်နိုင်ရန် စမ်းသပ်မှု ပြုလုပ်လေ့ရှိသည်။

ထို့ကြောင့်လည်း ယခုသူ၏ အတွေးကို လက်တွေ့စမ်းသပ်ရန် ပြုလုပ်ပေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူ့ဆောင်းသော ပစ္စည်းများမှာ ဦးထုပ်ထည့်သော ပုံးဟောင်းတစ်ခု၊ ချုပ်အပ်များ၊ လက်ဖက်ခြောက်သေတ္တာ၊ ဘီစကွက်မုန့်ပုံးတစ်ပုံး၊ လျှပ်စစ်မော်တာ ဟောင်းတစ်ခုဖြစ်သည်။ အခြားပစ္စည်းများမှာ ဘိုင်စကယ်ဗီးသုံးမုန့်ဘီလူးတစ်ခု၊ ဘက်ထရီခဲ့၊ ဝိုင်ယာလက်ကြိုးမဲ့ကိရိယာ၊ ဖယောင်းတုံးများနှင့် ကော်များပါဝင်သည်။ အလုပ်ခန်းမှာ သူ၏ အိပ်ခန်းနှင့် ရေချိုးခန်းဖြစ်သည်။

အချို့သော နေ့ရက်များက သူသည် ရုပ်ပုံများကို ကိုက်အနည်းငယ် ကွာဝေးသော နေရာမှနေ၍ မှန်သားပြင်မှာ ပုံရိပ်ထင်စေနိုင်သည်။ ဤကားသူ၏ ရုပ်မြင်သံကြား လွှင့်ထုတ်ခြင်း၏ အောင်မြင်မှုအစပင်ဖြစ်သည်။ သူသည် တစ်နေ့မပြတ် ဤလုပ်ငန်းကိုသာလျှင် အာရုံစိုက်၍ လုပ်နေတတ်သည်။

တစ်နေ့တွင် သူသည် လျှပ်စစ်စွမ်းအင်အား များပြားစွာ ထုတ်လုပ်ပြီး တစ်ထောင်အားရှိသော ဘက်ထရီသုံးဗီးလုံးများကို ဆက်သွယ်လုပ်ကိုင်သည်။

ဤတွင် မတော်မဆ ဝိုင်ယာများလောင်ကျွမ်းပြီး သူပါမြေကြီးပေါ် ပြုတ်ကျတော့သည်။

မီးရောင်တွေကလည်း လင်းထိန်တောက်ပလာရာ လမ်းထဲရှိလူတွေက သူ၏ အိမ်ကို ဂရုတစိုက်ဝိုင်းအုံကြည့်ကြသည်။ တစ်စ တစ်စ လူတွေက ပို၍များလာတော့သည်။ ထိုစဉ် အိမ်ရှင်က အေးသထွက်ပြီး သူ့အိမ်မှ နှင်ချလိုက်တော့သည်။ သူ၏ သက်ဘမကင်းဖွယ်ရာ လုပ်ရပ်ကြောင့် သူသည် လန်ဒန်သို့ ပြန်လာရတော့သည်။ သူ၏ အလုပ်ကို "ဆိုပို" အရပ်ရှိ ဖစ်(ခ်) လမ်းတွင် ဆက်လက်ပြုနိုင်သည်။

သူ၏ ပထမစမ်းသပ်ချက်မှာ စာများရေးသားထားသော စာရွက်၏ ပုံရိပ်ကို မှန်သားပြင်မှာ ထင်စေခြင်းဖြစ်သည်။ တစ်နေ့တွင် သူသည် လန်ဒန်မြို့ရှိ ဘက်(စ်)ရစ်(ဒ်) ဆိုင်ကြီးသို့ သွားရောက်ပြီး သူ၏ လုပ်ငန်းကို ရှင်းပြပြောဆိုသည်။ သူအတွက် သုံးပါတ်စာ နေထိုင်စားသောက်ရန် ငွေကြေးအနည်းငယ်ရခဲ့၏။ သူ့

www.burmeseclassic.com

"ရုပ်မြင်သံကြားကို ဘာ(ခ)လုပ်တာ" ဟု တအံ့တသြပြောလာကြတော့သည်။ သိပ္ပံပညာရှင်များ၊ သတင်းစာဆရာများ ရောက်လာကြပြီး သူနှင့် တွေ့ဆုံဆွေးနွေးကြသည်။ ရုပ်မြင်သံကြားကို စတင်ပြုလုပ်သူတစ်ယောက် အကြောင်းကို သတင်းစာများ ဆောင်းပါးများရေးသားလာကြတော့သည်။

(၁၉၃၀) ခုနှစ်တွင် လူတွေ သိချင်အိုကြုံ၊ ကကြုံ၊ စကားပြောနေပုံကို ရုပ်မြင်သံကြား ထုတ်လွှင့်နိုင်ခဲ့သည်။ လူတွေ မျက်နှာတွေကတော့ မှုန်ဝါးဝါး သာလျှင် ထင်နေသေးသည်။ သိပ်ပြီး ကြည်လင်ပြတ်သားခြင်း မရှိလှသေးချေ။

(၁၉၃၁) ခုနှစ်တွင် ကျော်ကြား လှသော မြင်းပြိုင်ပွဲကြီး တစ်ခုကို လွှင့်ထုတ်နိုင်ရန် စီစဉ်ကြသည်။ မြင်းစီးကျော်ကီများကို မြင်းများပေါ်မှာ စီသွားကြပုံ၊ အောင်ပွဲရ ပန်းဝင်လာသော ကျော်ကီကို လူတွေ အာရုံစိုက်ပြီး စောင့်ကြည့်နေကြသည်။

လူအပေါင်းက ရုပ်မြင်သံကြား လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

မကြာမီ သူမှာ ငွေကြေးပြတ်သွားပြန်သည်။ ထို့ကြောင့် စကော့တလန်ရှိ သူ၏ အမျိုးများထံသို့ ထောက်ပံ့ကြေးငွေ တောင်းပြန်သည်။ သူတို့ကလည်း ထောက်ပံ့ကြသည်။ ယခုတစ်ခါ သူက ကြိုးစားအားထုတ်သည်မှာ တစ်နေရာမှ လူတစ်ယောက်၏ အသံကို အခြားတစ်နေရာသို့ လွှင့်ပို့ခြင်းဖြစ်သည်။ ဘီ(လ်)ဆိုသော လူကို အကူအညီတောင်းရသည်။

(၁၉၂၅) ခုနှစ်တွင်ဖြစ်သည်။ ဘီလ်၏ မျက်နှာကို မှုန်သားပြင်မှာ ပုံရိပ်ထင်ခဲ့လေပြီ။ သူသိသွားလေပြီ။ သက်ရှိထင်ရှား လူတစ်ယောက်၏ အသံကိုလည်း သူထုတ်လွှင့်နိုင်လေပြီ။ ရုံးခန်းထဲမှ ကလေးတစ်ယောက်ကို သွားခေါ်ပြီး ဘီလ်၏ နေရာမှာ အစားထိုး လုပ်နိုင်သည်။

ကလေးငယ်က ကြောက်ရွံ့နေသည်။ သူ၏ မျက်နှာရေမှာ အလင်းရောင် တွေ့လင်းပြီး အပြားငယ်က လွှင့်ပြန်စွာ လည်ပတ်နေသည်။ ကလေး၏ မျက်နှာပေါ်မှာ အလင်းတွေ မကျရောက်ချေ။ ပွန်သည် အခြားအခန်းတစ်ခုမှ မှုန်သားပြင်ပေါ်မှာ ကြည့်နေသည်။ မည်သည့်ရုပ်ပုံမျှ မထင်ချေ။ သူက ကလေးငယ်ကို နောက်ဆုတ်ခိုင်းသည်။ ခေါင်းပိုင်းကို သာ အမိမှန်းလိုက်သည်။ ပွန်က အခြားအခန်းမှ မှုန်သားပြင်ကို သွားကြည့်သည်။ ကလေး၏ ခေါင်းပိုင်းက ထင်ရှားစွာ ပေါ်လွင်နေတော့သည်။

ပွန်သိသွားလေပြီ။ လူရုပ်ပုံတစ်ခုကို အခန်းတစ်ခုမှ အခြားအခန်းတစ်ခုသို့ ပို့လွှတ်နိုင်လေပြီ။ မကြာမီ အချိန်တွင် သိပ္ပံပညာရှင်များကို ဖိတ်ခေါ်ပြီး သူ၏ လုပ်ငန်းကို လေ့လာစေသည်။ သူ၏ စမ်းသပ်လုပ်ကိုင်မှုကို ချီးကျူးဂုဏ်ပြုစကားများ ပြောကြသည်။

www.burmeseclassic.com

သူသည် သူ၏လုပ်ငန်းအတွက် ဆုတံဆိပ်များ ကျော်ကြားမှုများကို မျှော်မှန်းသော လူတစ်ယောက်မဟုတ်ချေ။ သူ၏ အလုပ်ကို သူဆက်လုပ်ခဲ့သည်။ ယနေ့အခါ လူတိုင်းသည် အိမ်ထဲမှာနေ၍ ကြီးမားသော ဖြစ်ပျက်မှုတွေ၊ စိတ်ထင်စား ဖွယ်ရာအကြောင်းတွေကို ကြည့်ခွင့်ရနေကြလေပြီ။ မြေပြင်မှာသာမဟုတ်၊ ပင်လယ်ရေပြင်မှာပါ ဖြစ်ပျက်ပုံတွေကို အကန့်အသတ်မရှိ အံ့သြဖွယ်ရာ တိုက်ရိုက်မြင်တွေ့နေကြရလေပြီ။

(၁၉၄၆) ခုနှစ်တွင် သူ၏ ကျန်းမာရေးက ချို့ယွင်းစပြုလာပေပြီ။ သူ၏ မိသားစုများရှိရာ "ဘက်စဟီး" သို့ ပြန်လည်သွားရောက်နေထိုင်နေရသည်။ ထိုဒေသမှာပင် သူဆုံးပါးခဲ့ရချေသည်။

ဘာသာပြန်

မြင့်ဦး

နှင့် အာရပ်ဦးထုပ်လေး ဆောင်းပေးထားသည်။

သူ၏ အလုပ်ရုံနေရာသည် လေကြောင်းတိုက်ပွဲ၏ အလယ်မှာ ရောက်ရှိနေသည်။ သတင်းစာဆရာအဖွဲ့ လာကြည့်သောအခါ လေယာဉ်ပုံးဒဏ်ကြောင့် သူ၏အလုပ်ရုံမှာ ပျက်စီးနေသည်။ မှန်ကွဲတွေက နေရာအနှံ့တွေ့နေရသည်။ သူတို့၏ ရောင်စုံရုပ်ပုံများနှင့် ရုပ်မြင်သံကြားလွှင့်ကိရိယာပစ္စည်းများကို မြင်တွေ့ကြရသည်။

သူသည် လေကြောင်းအန္တရာယ်ကို မမှုချေ။ စိမ်းသပ်ခန်းထဲတွင် သူနှင့်အတူ ကြောင်လေးတစ်ကောင် အဖော်အဖြစ်ရှိနေသည်။ သူသည် ရဲစွမ်းသတ္တိမွေးရှင် သူ၏ အလုပ်ကို လုပ်ကိုင်ခဲ့သည်။

လွှင့်ထုတ်မှုကို တောင်းဆိုနေကြသည်။ သူနှင့် သူ၏ ဝန်ထမ်းတွေကလည်း အခက်အခဲပေါင်းစုံကြားမှ ကြိုးစားလုပ်ကိုင်နေကြသည်။ သူကိုယ်တိုင်က (၁၉၃၉) ခုနှစ် ဩဂုတ်လတွင် သူ၏ လုပ်ငန်းတိုးတက်ပြီး ရေဒီယိုအသံလွှင့်သကဲ့သို့ ရုပ်မြင်သံကြား အစီအစဉ်လည်း လွှင့်ထုတ်နိုင်မည်ဟု မျှော်လင့်ထားသည်။

သို့သော် ဖြစ်မလာခဲ့ချေ။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာရာ "အလက်ဇန္ဒား" ရှိသူ၏ ရုပ်မြင်သံကြားလုပ်ငန်းဌာနကြီးကို ပိတ်ထားလိုက်ရတော့သည်။ သူ၏ မျှော်လင့်ချက်တို့လည်း ပျောက်ဆုံးခဲ့ရချေပြီ။

သူသည် "ဆိုင်ဓမ်ဟမ်" အရပ်ကို ခြောင်းချွေလုပ်ကိုင်ခဲ့သည်။ သူ၏ စိမ်းသပ်မှုကို စတင်ဆောင်ရွက်သည်။ ယခုတော့ သူသည် ရောင်စုံလွှင့်ထုတ်နိုင်ရေးကို ကြံစည်ဆောင်ရွက်နေချေပြီ။

သူသည် "အုစကာ" အမည်ရှိ ယမင်းရုပ်လေးကို ပြုလုပ်ထားသည်။ ဦးထုပ်က ပန်းရောင်၊ ဘောင်ဘီက အပြာ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၁)

ညနေစောင်း၌ (၆) နာရီထိုး ပြီဆိုတာနဲ့ ကျွန်တော်တို့၏ ရုံးဆင်းချိန် ပင်ဖြစ်သည်။ အဆောင်ပြန်ရေမိုးချိုး စားသောက်ပြီးလျှင်ပြီးချင်း ဘသိန်းဇံဟု ကျွန်တော်တို့ခေါ်သော ဒုအရာခံဗိုလ် သိန်းဇံအိမ်သို့ ကျွန်တော်တို့ သူငယ်ချင်း တစ်သိုက် အပြေးအလွှားချီတက်ကြ သည်။

ကျွန်တော်တို့ဆိုသည်မှာ ရုံး စာရေးများဖြစ်ကြသော ကျွန်တော်တပ် ကြပ်ကြီးစာရေး ဝေမင်း၊ တပ်ကြပ်ကြီး စာရေး ထွန်းနိုင်နှင့် တပ်ကြပ်ကြီး (ထောက်) မင်းအောင်တို့ ဖြစ်သည်။ ထိုသုံးတို့ စိတ်တူ၊ ကိုယ်တူ သူငယ်ချင်း ၃ ယောက်၏ ကျက်စားမြေပါးရာ နေရာက ဘသိန်းဇံ၏ ၂ ခန်းတွဲ တိုက်ခန်း နေအိမ်ဖြစ်သည်။

ဘသိန်းဇံကား ပင်စင်ယူကာနီး ဝမ်နင်ခေါင်းဖြစ်သော ဒုအရာခံဗိုလ် တစ်ယောက်ဖြစ်သည်။ ဇနီးသည်က ကရင်အမျိုးသမီးဖြစ်၍ ကျွန်တော်တို့ အားလုံးက အမိုးဟု ခေါ်ကြသည်။ ဘသိန်းဇံမှာ ရဲဘော်ဘဝမှ တစ်ရစ်ချင်း တက်လာကာ ယခုပင်စင်ယူသောအခါ ဒုအရာခံဗိုလ်ရာထူးနှင့် ပင်စင်ယူရသူ ဖြစ်သည်။ သူမွေးလျှော်ရာ အလုပ်များ ကား တိုင်းရင်းဆေးကုသခြင်း၊ ဗေဒင် တွက်ခြင်းနှင့် ပယောဂကုသခြင်းတို့ဖြစ် ပေသည်။ ယင်းအလုပ်များ၌ ကျွမ်းကျင် လိမ္မာလေရာ ရောက်ရာဒေသတိုင်းတွင် လူအများ၏ လေးစားကြည်ညိုမှုကို ခံရ သူဖြစ်သည်။ ဖွေးဖွေးမြူနေသော သူ၏ ဦးခေါင်းထက်မှ ဆံပင်များထက် သူတွေ့ ကြုံခဲ့သော လျှို့ဝှက်ဆန်းကြယ်သည့် လူဘောင်အတွေ့အကြုံများက ပိုမိုများပြား လှသဖြင့် ညနေတိုင်း သူ့ထံသို့ အရောက် သွားကာ သူပြောပြသော သူ၏ ကိုယ်တွေ့ ဇာတ်လမ်းများကို နားထောင်ဖြစ်ကြသည်။

ကျွန်တော်သည် တစ်နေ့တွင် စာရေးဆရာတစ်ယောက်ဖြစ်လာရန် ရည်ရွယ်ချက်ရှိသူဖြစ်သဖြင့် သူပြောပြ သော ဇာတ်လမ်းများအား ပြန်လည်မှတ် တမ်းတင်ခြင်းကို အမြဲတမ်းပြုလုပ်ခဲ့သည်။ ယခုတင်ပြသည့် သူယောင်မယ်ဇာတ်လမ်း သည် ဘသိန်းဇံ ခုတင်ကြော်ဘဝက တွေ့ ကြုံခဲ့သော ၎င်း၏ ကိုယ်တွေ့ဇာတ်လမ်း ဖြစ်ပါသည်။

(၂)

"ဟာ…ဆရာသိန်းဇံ လာဗျာ။ အတော်ပဲ။ ကျွန်တော်တို့လည်း ခင်ဗျား ကို မျှော်နေတာ"

ခရီးရောက်မဆိုက်ဘဲ ကိုအောင် နိုင်ဦး၏ ဝမ်းပန်းတသာ ကြိုဆိုမှုကို ခံရသည်။ အကြောင်းထူးတစ်ခုခုတော့ ရှိပြီဟု ဆရာသိန်းဇံတွက်လိုက်မိသည်။

"ဘာကိစ္စနဲ့ မျှော်နေတာလဲ ကိုအောင်နိုင်ဦး၊ ကျုပ်ခွင့်ယူပြီး နားမလို့ ပြန်လာတာနော…"

"နားလည်းနားပေါ့ဗျာ။ ရောက် တုန်းရောက်ခိုက် ကျွန်တော်တို့ အခက် အခဲလေးလည်း ကူညီပေးခဲ့ပါဦး။ ခင်ဗျား က အတွေ့အကြုံရတဲ့ သူဆိုတော့ ကျွန်တော့်ညီကိစ္စကို ခင်ဗျားပဲ ကူညီနိုင် မှာ"

www.burmeseclassic.com

www.burmeseclassic.com

"ရဲလွင်ဦး ဘာဖြစ်လို့လဲဗျ။ မိန်းမမူဆေးနေလို့လား။ ဘာလဲ ကျွဲပီယာဆေးဖော်ပေးရမှာလား"

ရဲလွင်ဦးမှာ ကိုအောင်နိုင်ဦး၏ တစ်ဦးတည်းသော ညီဖြစ်သည်။ ဒဿနိကပေဒနှင့် ကျောင်းပြီးထားသူ ဖြစ်၏။

"ပြောချင်၊ တိုင်ပင်ချင်လို့ လျှောက်နေတာပဲ ဆရာသိန်းဇံ။ အေးအေးဆေးဆေးပေါ့။ ဒီမှာ မသန်း သယ်လာတဲ့ မြေပဲ၊ ကြံသကား၊ ရေနွေးကြမ်းနဲ့ မြည်းဦးဗျာ"

"မြေပဲယို၊ ကြံသကာ ကြိုက်သဗျာ။ ကဲ···မောင်ရဲနိုင်ဦးဘာဖြစ်လို့လဲ။ ဆိုစမ်းပါဦးဗျာ"

ကိုအောင်နိုင်ဦး၊ ခပ်တွေတွေလေးဖြစ်သွားသည်။ ဘယ်က စပြောရမည်ကို အချိန်အတန်ကြာစဉ်းစားနေဟန် ရှိသည်။ ပြီးမှ -

"ဒီလို ဆရာသိန်းဇံရေ။ ညီလေးရယ် သူ့သူငယ်ချင်းတွေနဲ့ အပျော်ခရီးထွက်ကြတယ်။ လေ့လာရေးသဘောပေါ့ဗျာ။ အဲဒီခရီးက ပြန်ကတည်းက ဒီကောင် တစ်မျိုးဖြစ်လာတာဗျာ။ အစကတော့ ကျွန်တော်လည်း မသိဘူး။ မသန်းက သတိထားမိတာပဲ"

"ဘယ်လိုဖြစ်လာလို့လဲ"

"ညတက်ညတက် တစ်ယောက်တည်း လိုင်းဘေးက တောစပ်ကို ဆင်းဆင်းသွားတယ်ဗျာ။ ကျွန်တဲ့အချိန်တွေတော့ သာမန်ပဲ"

"အိပ်မက်မက်ပြီး ယောင်တာမျိုးလား။ အရင်ကရော ဒီလိုအကျင့်ရှိလား"

"လုံးဝမရှိဘူး။ နောက်ပြီး ယောင်တယ်ပြောရအောင်လည်း လမိုက်ညမျိုးတွေ လုံးဝမဆင်းဘဲ လသာညမျိုး တစ်ယောက်ယောက်နဲ့ ချိန်းထားသလိုမျိုး ဆင်းသွားတာ"

"ရည်းစားနဲ့များ ချိန်းတွေ့လားဗျာ။ လူငယ်သဘာဝလည်း မေ့မထားနဲ့လေ"

"မဟုတ်ဘူး ဆရာသိန်းဇံ။ ကျွန်တော် သူ့နောက်ကလိုက်ပြီး ချောင်းကြည့်တယ်။ သူတစ်ယောက်တည်း တစ်ယောက်ယောက်နဲ့ စကားပြောနေသလိုပဲဗျ။ ဒါပေမဲ့ သူတစ်ယောက်တည်း ပြောပြောနေတာ"

"ဆန်းတော့ အဆန်းသားပဲ။ တစ်ယောက်တည်း စကားပြောနေတာတော့ သေချာပါတယ်နော်"

"သေချာပါတယ်။ ကျွန်တော် သူ့နောက်က အခေါက်ခေါက်အခါခါ လိုက်ချောင်းခဲ့တာပါ။ တစ်ခါတော့ သူ့အနားထိသွားထိုင်တာ။ ဒီတော့ အစ်ကို ဘာလို့ လိုက်လာတာလဲလို့ မေးတယ်။ ကျွန်တော်လည်း မထူးဘူးဆိုပြီး မင်း ဘယ်သူမှမရှိတဲ့ ဘယ်သူနဲ့ စကားပြောနေတာလဲ။ ဘာလဲ ညာလဲ ဖွင့်မေးလိုက်တယ်။ သူက တချို့ကိစ္စတွေကို မဆိုင်သလိုနေပေးပါတဲ့။ သူကိစ္စကို မစပ်စုပါနဲ့လို့ ပြန်ပြောပြီး ကျွန်တော့်ကို အတင်းပြန်လွှတ်လို့ ပြန်ခဲ့ရတယ်"

ဆရာသိန်းဇံသက်ပြင်းချလိုက်မိသည်။ ဘာရယ်လို့ အတိအကျမပြောနိုင်သော်လည်း ရဲလွင်ဦးတွင် အနှောင့်

www.burmeseclassic.com

အသက် (၃၀) ပြည့်ပြီးအချိန်မှစ၍ တာဝန်အရ လုပ်ရသည်များမှအပ ကံငါးပါးအား အတတ်နိုင်ဆုံး လုံခြုံအောင် ထိန်းသိမ်းခဲ့ပါသည်။ ယနေ့ထက်တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မလိုမုန်း ထားခြင်း၊ ထိခိုက်လိုစိတ်ထားခြင်းမရှိဘဲ သတ္တဝါအပေါင်းတို့ကို မေတ္တာစိတ်ဖြင့်သာ ဆက်ဆံခဲ့ပါသည်။ ရတနာသုံးပါးအား လည်း ယုံကြည်စွာ ဆည်းကပ်ခဲ့ပါသည်။ ဤသစ္စာစကားမှန်ကန်ပါက ဤပရိတ်ရေ ဖြင့် အမောင့်ပယောဂအား လုံး၊ ကင်းစင် ပျောက်ကင်းပါစေသတည်း"

ဟု သစ္စာဆိုကာ ပရိတ်ရေကို ရဲလွင်ဦးအား တိုက်လိုက်သည်။ ရဲလွင်ဦး လည်း ပရိတ်ရေကို အသာတကြည်ပင် မော့၍သောက်ချသည်။ ဆရာသိန်းဇံသည် ပရိတ်ရေသောက်ပြီးသော ရဲလွင်ဦးကို သေချာစွာကြည့်၍ -

"ညီလေး ကိုရဲ့...မင်းအစ်ကို တွေ၊ အစ်မတွေက ပြောတယ်။ ညည တစ်ယောက်တည်း စကားတွေ ထထ ပြောနေတယ်ဆို။ အဲဒါ မင်းသိရဲ့လား"

ခေါ်ကာ ဘုရားကန်တော့ခိုင်းလိုက်သည်။ သူလည်း ဘုရားကန်တော့ပြီး -

"ကဲ...ကိုအောင်နိုင်ဦးနဲ့ မသန်နောက်ကို နည်းနည်းဆုတ်ပေးစမ်း။ ညီလေးကိုရဲ့...လာရှေ့ကို"

ဆရာသိန်းဇံခေါ်တော့ ရဲလွင်ဦး ရှေ့သို့ တိုးလာသည်။ ဆရာသိန်းဇံ ဆေးလွယ်အိတ်အတွင်းမှ ပရိတ်ရေလင်း ကို ထုတ်လိုက်သည်။ ထို့နောက် ဖန်ခွက် အတွင်းသို့ အပြည့်ထည့်ကာ ဗုဒ္ဓရုပ်ပွား တော်အား လက်အုပ်ချီကာ -

"ဘုရားတပည့်တော်သည် ပယောဂတစ်ခုခု ကပ်ညှိပြီဟုတော့ မှတ်ချက်ချမိသည်။

"ကဲ...ကိုအောင်နိုင်ဦး ကျွန်တော်အတတ်နိုင်ဆုံးကူညီပါမယ်။ အရှမ်းလည်း စိတ်ပူမနေပါနဲ့။ နောက်နေ့ ရဲလွင်ဦးဘယ်မှ မသွားစေနဲ့။ ခုတော့ ကျွန်တော်ပြန်ဦးမယ်"

(၃)

နောက်တစ်နေ့နံနက်စောစော တွင် ဆရာသိန်းဇံ ပြုဖွယ်ကိစ္စများကို ခပ်စောစောပင် ပြုလုပ်သည်။ အိပ်ရာထ ပြီးကတည်းက ဘုရားဝတ်ပြုခြင်းများဖြစ် သော ပန်း ဆီမီး အမွှေးတိုင်၊ ရေချမ်း ကပ်လှူကြွေခြင်း သီလဆောက်တည် ခြင်းများ ပြုလုပ်၏။ ပြီးလျှင် ဆေးလွယ် အိတ်လွယ်ကာ ကိုအောင်နိုင်ဦး အိမ်သို့ ထွက်ခဲ့လေသည်။ ကိုအောင်နိုင်ဦး အိမ် ရောက်တော့ မှာထားသည့်အတိုင်း ရဲလွင်ဦးအပါအဝင် မိသားစုသုံးယောက် စလုံးကို အခန့်သင့်ပင် တွေ့ရ၏။ သုံး ယောက်စလုံးအား ဘုရားစင်ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

ရဲလွင်ဦး မမြြပါ။ အပြင်ဘက်သို့ ခပ်ငေးငေးကြည့်နေသည်။ ထို့နောက် သက်ပြင်းခပ်လေးလေးချကာ ခေါင်းခါရမ်းရင်း -

"အစ်ကိုနဲ့အစ်မက ကျွန်တော့်ကို စိတ်ပူနေကြတာပါ။ ကျွန်တော် ဘာမှ မဖြစ်ပါဘူး။ ရူးလည်း မရူးဘူး။ ပယောဂလည်း မကပ်ဘူး။ အမှန်ကို ပြောရရင် ကျွန်တော့်ကိစ္စ ဘယ်သူမှ ဝင်စွက်တာ မကြိုက်ဘူး။ ကျွန်တော့်မှာ ကျွန်တော့်လွတ်လပ်ခွင့်နဲ့ ကျွန်တော်ရှိတယ်လေ"

ဟု ဆိုသည်။ ရဲလွင်ဦးပုံစံမှာ ပကတိတည်ငြိမ်သည့်ပုံစံ ရှိနေသဖြင့် ဆရာသိန်းဇံ အံ့သြသွားသည်။ ထို့နောက် ခေါင်းကိုညိတ်ကာ -

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ။ ဒါပေမဲ့..."

"ဘာမှ ပြောမနေပါနဲ့တော့ အစ်ကိုသိန်းဇံရာ။ အစ်ကိုဘာပြောပြော ကျွန်တော်ဘာမှ ပြန်မပြောနိုင်ဘူး။ ပြောလည်း နားလည်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော့်ကိစ္စ ကျွန်တော်ပဲသိတယ်။ ဘာမှ စိတ်မပူကြပါနဲ့လို့ပဲ ပြောချင်တယ်"

ပြောပြောဆိုဆို ရဲလွင်ဦး ထထွက်သွားသည်။ ဆရာသိန်းဇံ အတန်ကြာအောင် စဉ်းစားလိုက်သည်။ ရဲလွင်ဦးပုံစံမှာ ပယောဂသည်နှင့် မတူ။ ရူးသည်ဆိုရအောင်လည်း သူကိုယ်သူ သေချာစွာသိနေရုံမျှမက ဖြစ်ပျက်မှုကိုပင် ပကတိတည်ငြိမ်စွာ ဆန်းစစ်ပြနေသဖြင့် စဉ်းစားရကျပ်နေသည်။ ထို့ကြောင့် ကိုအောင်နိုင်ဦးဘက်လှည့်ကာ -

"ကိုအောင်နိုင်ဦးရေ ကျွန်တော်တော့ တွေ့ခဲ့ရခက်နေတယ်ဗျာ။ ခင်ဗျားတို့ အမြင်ကော"

"ဆရာ တွေ့နေရတဲ့ အတိုင်းပဲလေ။ ဘာဖြစ်မှန်းလည်း မသိဘူး။ မေးလို့လည်း မရဘူး။ အဲဒါကြောင့် ဆရာ့ကို အားကိုးတာပေါ့ဗျာ"

ဆရာသိန်းဇံသည် ရဲလွင်ဦး၏ အခြေအနေအရပ်ရပ်ကို သုံးသပ်စဉ်းစားရင်းနှင့် ဘုရားကျောင်းဆောင်၏ ဘယ်ဘက်ထောင့်တွင် အနည်းငယ်နှိမ့်ကာ နံရံနှင့်ကပ်ရိုက်ထားသည့် စင်ငယ်လေး ဆီသို့ မျက်စိရောက်သွားသည်။ မသန်းကိုးကွယ်တင်မြောက်ထားသည့် ၎င်းတို့ ရိုးရာနတ်စင်ဖြစ်မည်။ နတ်စင်မှ နတ်ရုပ်လေးများကို ကြည့်ရင်း အတွေးတစ်ခု ဖျတ်ခနဲပေါ်လာသည်။

"နေဦးဗျ။ သူတို့သွားခဲ့တဲ့ ခရီးမှာ ဘာတွေဖြစ်ခဲ့တယ် ကြားမိလဲ။ နောက်ပြီး အပြန် ထူးထူးဆန်းဆန်း ဘာပစ္စည်းတွေ ပါလာကာတွေမှိလဲ"

"သူတို့ သူငယ်ချင်းတွေရဲ့ ဇာတိရွာတွေ အကုန်သွားတယ်ပြောတာပဲ။ မကွေးဘက်ပေါ့။ ဘာမှ မထွေထွေထူးထူးဖြစ်တယ်လို့ မကြားပါဘူး။ ဟို ထူးထူးဆန်းဆန်းပစ္စည်းဆိုတာ ဘယ်လို ဟာမျိုးပြောတာလဲ ဆရာ"

"ဒီလိုဗျာ...ရှေးဟောင်းပစ္စည်းတို့ ဂမုန်းပင်တို့လိုဟာမျိုးတွေ ပြောတာ"

"ဟင်...ဒါဆို သူ့အခန်းထဲက ဟို...ဟို နတ်သမီးရုပ်၊ အဲ...အဲဒါများလား"

ရုတ်တရက် အထစ်ထစ် အငေါ့ငေါ့နှင့် ပြောလာသော မသန်း

www.burmeseclassic.com

ဆရာသိန်းဇံ အခြေအနေကို ရိပ်မိလိုက်ပြီး အနာသိပေပြီ။ အနာသိက ဆေးရိုရမယ်တော့မည်။ ဘာလုပ်သင့်သည် ကို အလျှင်အမြန်စဉ်းစားပြီးနောက် -

"ညီလေး ကိုရဲ"

"ကျွန်တော့်ကို ဘာမှမပြောနဲ့၊ အစ်ကိုပြန်ပါ"

"အေးပါ။ အစ်ကိုပြန်မှာပါ။ ညီလေးကိစ္စကိုလည်း ဘယ်သူမှ မရှုပ်ရအောင် အစ်ကို တာဝန်ယူတယ်။ အကောင်းဆုံးဖြစ်စေရမယ်။ ဟုတ်ပြီလား"

ရဲလွင်ဦး ငြိမ်သက်စွာ စဉ်းစား ပြီးမှ -

"အစ်ကိုတို့၊ အစ်မတို့ကို စော်ကားသလို ဖြစ်ရင် ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်မှာလည်း ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပိုပါ။ ဒါကို နားလည်ပေးပါ"

"ဟုတ်ပြီ...အစ်ကို နားလည်ပြီ။ ကဲ...ကိုအောင်နိုင်ဦး ညီလေး ရဲလွင်ဦးအတွက် ခင်ဗျားတို့ ဘာမှမပူနဲ့။ သူဘာသာသူ လွတ်လွတ်လပ်လပ်နေ

တစ်ချက်တီးကာ မတ်တတ်ထလိုက်သည်။ ကိုအောင်နိုင်ဦးနှင့်မသန်းတို့လည်း နောက်မှ ထလိုက်လာကြသည်။ ရဲလွင်ဦး၏ အိပ်ခန်းရှေ့ရောက်သောအခါ စားလွတ်တစ်ချောင်းကိုကိုင်လျက် အပေါက်ဝတွင် ပိတ်ရပ်နေသော ရဲလွင်ဦးကို အံ့သြစွာ တွေ့ကြရသည်။

"တစ်ယောက်မှ အခန်းထဲဝင်ဖို့ မကြိုးစားကြနဲ့နော်။ ကျွန်တော့်လွတ်လပ်ခွင့်ကို ပိတ်ပင်တာ ကျွန်တော် မကြိုက်ဘူး။ ကျွန်တော့်ကိစ္စဘယ်သူမှ ဝင်မရှုပ်နဲ့။ အစ်ကိုသိန်းဇံ ခင်ဗျားပြန်တော့။ ဒီထက်ပိုကဲလာရင် တော့ ကျွန်တော့်အဆိုးအဝိုနဲ့"

"ညီလေး စိတ်ထိန်းလေ။ ဘာတွေလျှောက်လုပ်နေတာလဲ။ အစ်ကိုတို့လေ"

"ဘာမှ ပြောမနေနဲ့။ ကျွန်တော် အကုန်သိတယ်။ အစ်ကိုတို့သာ ဘာမှမသိတဲ့ ကျွန်တော့်ကိစ္စ ဝင်ရှုပ်နေကြတာ။ ကျွန်တော့်အခန်းထဲ တစ်ယောက်မှ မဝင်ကြနဲ့။ ဒါပဲ"

စကားကို ဆရာသိန်းဇံက အမြန်ပင် စကားထောက်ပေးလိုက်သည်။

"ဘာနတ်သမီးရုပ်လဲ မသန်း။ ပွင့်ပွင့်လင်းလင်းပြောစမ်းပါဗျာ။ ဒါမှ ကျွန်တော်အကြံရှာလို့ရမှာ"

"ဒီ...ဒီလိုပါ အစ်ကိုသိန်းဇံ။ သူပြန်လာတော့ အဝတ်နဲ့ ပါတ်ထားတဲ့ အရုပ်တစ်ခုပါလာတယ်။ မင်းသမီးရုပ်တုလား၊ နတ်သမီးရုပ်တုလားတော့ မသိဘူး။ လုတာတော့ အတော်လုတယ်။ ဒါပေမဲ့ အဲဒီအရုပ်ကြည့်ရတာ ဟစ်ပျိုးကြီးစဲ"

"တစ်ပျိုးကြီးပဲ ဆိုတာက ဘာကိုပြောတာလဲ"

"ဟိုလေ...အရုပ်က အသက်ဝင်နေသလိုမျိုးပဲ။ ရုပ်တုဆိုပေမဲ့ သူ့ကို သေချာကြည့်ရင် စကားပြောတော့မလား တောင် ထင်ရတယ်။ ဒါကြောင့် ကြက်သီးထတာနဲ့ အဝတ်ပတ်ပြီး သူထားတဲ့ သူ့အိမ်ရာဘေးက စင်မော်မှာ ပြန်ထားခဲ့တယ်"

"ဟုတ်ပြီ...။ လာ...အဲဒီ အရုပ်ကို သွားကြည့်ရအောင်"

ဆရာသိန်းဇံ လက်ဖျောက်

www.burmeseclassic.com

ပစေး သူတာမှ မဖြစ်ဘူး သူ့အတွက် ကျွန်တော် အကောင်းဆုံးစီစဉ်ပေးပြီးပြီ။ ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး"

ဆရာသိန်းဇံသည် ဆေးလွယ်အိတ်ကိုယူကာ ကိုအောင်နိုင်ဦးတို့လိုင်းခန်းမှ ထွက်ခဲ့သည်။ ကိုအောင်နိုင်ဦးက ခြံဝအထိ လိုက်ပို့သည်။ ခြံဝအရောက်တွင် ကိုအောင်နိုင်ဦးအား လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို တိုးတိုးတိတ်တိတ် စနစ်တကျမှာကြား၍ အိမ်သို့ ပြန်ခဲ့တော့သည်။

(၄)

ထိုနေ့က သူတို့၏ အလည်အပတ်ခရီး နောက်ဆုံးနေ့ရာအဖြစ် သတ်မှတ်ထားသော သူငယ်ချင်းဝိုးတော်တို့ရွာမှာဖြစ်သည်။ ဝိုးတော်တို့၏ ရွာသည် ရောဝတီမြစ်ကမ်းနဖူးတွင် တည်ရှိနေသောရွာငယ်တစ်ရွာဖြစ်သည်။ ရွာအမည်ကား မင်းပျဉ်ဟု သိရသည်။ ၎င်းရွာတွင် နောက်ဆုံးအပြန်ခရီးမို့ ၂ ရက်ခန့်အနားယူလည်ပတ်ရန် အစီအစဉ်ဆွဲဖြစ်ကြခြင်းဖြစ်သည်။

တိုက်ဆိုင်ချင်တော့ ဝိုးတော်၏ အစ်ကိုဝမ်းကွဲတော်သူတစ်ယောက်၏ မင်္ဂလာဆောင်နှင့် သွားကြုံသည်။ ဝိုးတော်အပါအဝင် သူတို့သူငယ်ချင်းတစ်သိုက် မင်္ဂလာဆောင်ကိစ္စအလုပ်များကို ညရောနံနက်ပါ ဝိုင်းဝန်းလုပ်ဆောင်ကြရသဖြင့် အားလုံးအလုပ်များနေကြသည်။ ရဲလွင်ဦးသည် ညက အိပ်ရေးမဝသည်ကတစ်ကြောင်း။ စိတ်တွင် အလိုလိုနေရင်း နောက်ကျိကျိဖြစ်သလို ခံစားနေရသည်က တစ်ကြောင်းကြောင့် ရေချိုးချင်စိတ်ပေါက်ကာ ကျေးရွာစရိုက်ရေချိုးရန် မြစ်ဆိပ်သို့ တစ်ဦးတည်း ထွက်လာခဲ့သည်။

နံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သော လေကို တစ်ဝကြီးရှူရှိုက်ကာ မြစ်မင်းရောင်၏ အလှကို ဟိုအဝေးထိ ငေးမောကြည့်ရှုမိသည်။ တစ်ဖက်ကမ်းဆီမှ စိမ်းညိုညိုတောင်တန်းများနှင့် ထုံးဖြူဖြူဖွေးနေသော စေတီလေးများကို လှမ်း၍ ပူးမြင်ရသည်။ အမည်မသိသော ခံစားချက်တစ်မျိုး ခံစားမိသည်။ ဘယ်ဝယ်ဘယ်ဆီ မှန်းဆကာ တမ်းတကာ လွမ်းရပါမည်ဟူသော ရောကမ်းလုပန်းချီသီချင်းကို သတိရမိသည်။ အလွမ်းအွေးဆိုတာ ဒါပဲလားမသိ။

ကမ်းစပ်သဲသောင်ပြင်ကို ဖြတ်ကျော်ကာ ရေစပ်ဆီသို့ လှမ်းခဲ့သည်။ ပါးလဲ့သည့် ပုဆိုးရေလဲနှင့် ဆပ်ပြာခွက်ကို ရေစပ်ရှိ ကျောက်ပြားလေးတစ်ခုပေါ် တင်ကာ ရေထဲသို့ တစ်လှမ်းချင်း ဆင်းခဲ့သည်။ ထုံထိုင်းထိုင်းဖြစ်နေသော ဦးနောက်ကြည်လင်သွားစေရန် ခေါင်း

www.burmeseclassic.com

ရေနှစ်၍ ချိုးမည်ဟူသော အတွေးနှင့် ရေရင်ခေါင်းလောက်အနက်ထိ ဆင်းကာ ဒူးကွေးထိုင်ချလိုက်သည်။

"ဝုန်း...ဗွမ်း...ဗွမ်း"

ရေထဲ၌ ခေါင်းနှစ်၍ ဆဲဖက်များကို လက်နှင့်ပုတ်ကိုက်နေစဉ် -

"အဟင့်...အဟင့်"

ဟိုက်...ခေါင်းနှစ်ရချိုးနေရာမှ ကပျာကယာမတ်တတ်ထကာ ရေပေါ်သို့ ခေါင်းဖော်လိုက်သည်။ ရယ်သံလေလား။ ငိုသံလေလား ဝေခွဲမရသော အသံ။ သေချာတာက မိန်းကလေးသံ။ ရေထဲကလား။ ကုန်းပေါ်ကလား ရေပြင်ကို လှည့်လည်၍ ကြည့်ရှုတော့ ရေပြင်အတိ။ ဘာမှမရှိ။ ရေစပ်ကုန်းပေါ်သို့ ဟိုဟိုဒီဒီကြည့်ပြန်တော့လည်း သဲသောင်ပေါ်တွင် သက်ရှိသတ္တဝါဟူ၍ ဘာမှမတွေ့။ ကိုယ့်နားကိုယ် မယုံချင်။

အသံကတော့ သေသေချာချာ ကိုပင် ကြားမိသည်။ ရေစီးသံတော့ မဖြစ်နိုင်။ ခရီးပန်း အိပ်ရေးပျက်ခြင်းကြောင့် အူကြောင်ကြောင်နဲ့ နာကြားမှား လွဲလေသလား။ စိတ်မှာ ဇဝေဇဝါဖြစ်ခြင်း ပေလားတွေးကာ ရေထဲသို့ ကိုယ်ခန္ဓာအား ပြန်နှစ်ကာ ရေထပ်ငုပ်လိုက်သည်။

အလိုလေး...မြတ်စွာဘုရား။ ဒီတစ်ခါတော့ သူ့ခြေထောက်ကို အလွန်တရာ နူးညံ့သော လက်တစ်ခုလာရောက် ဆွဲကိုင်သည့် အထိအတွေ့မျိုး ခံစားလိုက်ရသည်။ ဖြန်းခနဲ ကြက်သီးမွေးညင်းထသွားသည်။ ဒါပေမဲ့ ကြောက်လန့်ခြင်းတော့မရှိ။ လာရောက်ဆွဲသော လက်ကို ရေထဲမှာပင် ဖမ်းကိုင်လိုက်သည် သေချာဖမ်းကိုင်လိုက်တော့မှ ငိုအားထက် ရယ်အားသန်အဖြစ်မျိုး ကြုံရတော့သည်။

သူ့ခြေထောက်ကို လက်နှင့် ဆွဲသည်ဟု သူထင်နေသောအရာကို မိမိရရ ဆုပ်ကိုင်မိတော့မှ လက်မဟုတ်တဲ့ နူးညံ့သော အဝတ်စတစ်ခု ရေစီးနှင့် လွှင့်ရွာကာ သူ့ခြေထောက်ကို လာရောက် ရစ်ပတ်ခြင်းပင်ဖြစ်သည်။ သူတာဝီဇတည်း ပြုံးမိသေးသည်။ ၎င်းအဝတ်စကို ရေထဲမှ ဆွဲငင်ဖော်ယူလိုက်သောအခါ အဝတ်စတစ်ဖက်တွင် ရှည်မျောမျောအရာတစ်ခုကို ရစ်ပတ်တုတ်ချိတ်ထားသည်ကို တွေ့ရသည်။ ၎င်တုတ်ချိတ်ထားသည်များကို တစ်ပတ်ချင်း ဖြည်လိုက်ရာ အလွန်တရာလှပသည့် မိန်းမချောလေး၏ ရုပ်တုလေးဖြစ်ကြောင်း အံ့သြဖွယ်ရာ တွေ့ရှိလိုက်လေသည်။ ရုပ်တုလေးတွင် ကပ်ငြိနေသော ရွှံ့ညွန်များကို ရေနှင့်စင်ကြယ်အောင် ဆေးကြောလိုက်ရာတွင် ဇာတ်မင်းသမီးလိုလို၊ နတ်သမီးလိုလို အဆင်တန်ဆာများ ဆင်မြန်းထားကာ စကားပင်ပြောတော့မယောင် လက်ရာမြောက်လှသော ရုပ်တုကလေးအဖြစ် တောက်ပြောင်ချောမွေ့လာတော့သည်။ ပုဂံခေတ်မင်းသမီးလေး ရုပ်တုပေလားမသိ။

ရေမိုးချိုးပြီးသောအခါ ရုပ်တုကလေးယခင်ပတ်ထားသော အဝတ်နီစလေးနှင့်ပင် ပြန်ပတ်ကာ မည်သူမှ မသိအောင် ခရီးဆောင်အိတ်ထဲသို့ ထည့်သိမ်းထားလိုက်သည်။ တစ်ယောက်ယောက်အား ဖွင့်ပြောရန် တွေးမိသော်လည်း ပြောပြချင်စိတ်မရှိသဖြင့် မည်သူ့ကိုမှ ပြောမပြဖြစ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

မင်းပျဉ်မှ ပြန်သည့်တိုင် ရဲလွင်ဦး၏ ရုပ်တုကလေးအား မည်သူမှ မသိဘဲ ခရီးဆောင်အိတ်အတွင်းဝယ် တိတ်ဆိတ်အေးချမ်းစွာ ပါလာတော့သည်။ အပြန်ခရီးကား ချောမောအောင်မြင်ခဲ့ပေသည်။

(၅)

"မောင်မောင်...မောင်မောင်။ ထတော့ကွယ်။ ထပါဦး"

ရုတ်တရက်တစ်စုံတစ်ယောက် လာနှိုးသဖြင့် ရဲလွင်ဦး လန့်နိုးသွားသည်။ ခရီးပန်းလာသဖြင့် မျက်စိအစုံမှာ ကျိန်းစပ်နေသေးသည်။ မိမိအား လာနှိုးသူကို ကြည့်မိသောအခါ ရဲလွင်ဦး လွန်စွာမှ အံ့သြသွားသည်။ ထိုင်မသိမ်းအက်ျီ၊ ချိတ်ထဘီနှင့် ရှေခေတ်အဝတ်အစားများနှင့် တအားလှပသည့် မိန်းမပျိုတစ်ဦး ဖြစ်ပေသည်။

"ခင်ဗျား ဘယ်သူလဲ။ ဘယ်လို ကြောင့် ကျွန်တော့်အခန်းထဲရောက်နေတာလဲ"

ရဲလွင်ဦး အသံခပ်တိုးတိုးဖြင့် ကြိတ်မေးလိုက်သည်။ မိမိ မသိသော မိန်းမပျိုတစ်ယောက်အခန်းထဲရောက်နေသည်ကိုလည်း နားမလည်အောင်ဖြစ်နေသည်။

"ရက်စက်ပါပေ့ မောင်မောင်ရယ်။ ဥဿောကိုတောင် မမှတ်မိတော့ဘူးလားဟင်။ အင်းလေ...မောင်မောင် အပြစ်လည်း မဆိုသာပါဘူး။ မောင်မောင် ဘယ်မှတ်မိနိုင်မှာလဲ။ ဥဿောနောက်တော့ အေးအေးဆေးဆေးရှင်းပြပါမယ်လေ"

"ဥဿော...ဘယ်ကဥဿောလဲ။ ခင်ဗျားကို ကျွန်တော်ခါမှ မသိဖူးပါဘူး။ ကျွန်တော့်အခန်းထဲ ခင်ဗျားရောက်နေတာ မကောင်းဘူး။ တော်ကြာ ကျွန်တော့်အစ်ကိုနဲ့ အစ်မ ကျွန်တော့်ကို တလွဲထင်လိမ့်မယ်"

"ဒါဆိုလည်း မောင်မောင်ရယ် ခြံထဲဆင်းပြီး ဟိုးတောစပ်ကလေးမှာ သွားထိုင်ကြရအောင်နော်။ ဒီနေ့ လမင်းကြီးသာနေတယ်။ ဥဿောက လရောင်ကို ချစ်ဘယ်။ လရောင်ရိပ် ဥဿော မောင်မောင် ဆီလာနိုင်တာ။ သိလား...။ လာပါ မောင်မောင်ရယ်။ လရောင်အားကောင်း တဲ့ ဟိုတောစပ်လေးမှာ သွားစကားပြော ကြရအောင်"

မရည်ရွယ်ပါဘဲနှင့် သူမနှင့် အတူ ခြံထဲဆင်းကာ တောစပ်ကလေး ဆီသို့ ဦးတည်လျှောက်လှမ်းမိသည်။ လရောင်အောက်တွင် အတူတွဲလျှောက်ရင်းမှ မိန်းမပျိုကို သေချာစူးစမ်းကြည့်ဖြင့် ကြည့်ဖြစ်သည်။ အတော်လေးကို ချောမောလှပသည့် မျက်နှာလေး။ အဝတ်အစားတွေကသာ ဇာတ်မင်းသမီးလိုလို၊ နတ်သမီးလိုလိုနဲ့ပို့။ ဟာ...ဟိုရုပ်တုလေး။ ဟုတ်တယ်...ရုပ်တုလေး အသက်ဝင်ပြီး လူဖြစ်လာတာ။ ကြက်ဝံမွေးညင်းထက ခေါင်းနပန်းကြီးသွားသည်။ ကြောက်စိတ်တော့ မဝင်။ အံ့သြဝမ်းသာသလိုမျိုးသာ ခံစားရသည်။

"မောင်မောင်ရယ်...မောင်မောင်ကသာ ဥဿောကို မသိသလို မမှတ်မိသလို ရက်စက်ပြနေတာ။ ဥဿောကလေ မောင်မောင့်ကို အချိန်တွေ အကြာကြီး လွမ်းနေခဲ့ရသူပါကွယ်"

သူမသည် ငိုတော့မယောင်

www.burmeseclassic.com

ဘဝအဆက်ဆက် စောင့်မျှော်နေခဲ့ရသော ချစ်သောဥဒြာလေးအတွက် မည်သည့် အခက်အခဲကိုမဆို ရင်ဆိုင်ဖြေရှင်း၍ နှစ်ဦး သားပေါင်းဆုံရေး ကြိုးစားမည်ဟု ဆုံးဖြတ် ချက်ခိုင်မာစွာချ၍ ဥဒြာကို ရင်ခွင်တွင် ထွေးပွေ့တားလိုစိတ်သာ ပေါ်ပေါက်နေမိ တော့သည်။

(၆)

အပြူရောင်လွင်ပြင်။ အရပ် မျက်နှာအားလုံး မြူနှင်းများ လွှမ်းခြုံနေ သည့်အလား မည်သည့်အရပ် မည်သည့် နယ်ပယ်ရောက်နေမှန်းမသိ။ သတိထား မိသည်က မိမိသည် နေရာတစ်ခုဆီသို့ တရွေ့ရွေ့ခရီးနှင်နေသည်။ ဘယ်ဆီသို့လဲ။

"မောင်မောင်...မောင်မောင့်"

ခေါ်သံသဲ့သဲ့ကြားမိသည်။ ဥဒြာ ဥဒြာ၊ ဟုတ်တယ်။ ဒါဥဒြာအသံပဲ"

"ဥဒြာ"

အသံကုန်ဟစ်ခေါ်လိုက်မိ သည်။ အသံကား ထိထိရောက်ရောက် ထွက်မလာ၊ ဟိုရေ့ဝီမှာ မှုန်ဝါးဝါး ဖြူမှုန် လှုပ်သော ပုံပြင်လေး၏ ဇာတ်သိမ်းကား ရင်နှင့်ဖွယ်ဖြစ်၏ လွန်စွာ ကြီးမားနက်ရှိုင်းသော ရေတံခွန်ကြီး အတွင်းသို့ ချစ်သူနှစ်ဦး လက်ချင်းတွဲကာ ခုန်ချ၍ အချစ်အတွက် ဘဝပေးဆပ် လိုက်ကြသည်။

"မောင်မောင်ရယ်...ဟိုတုန်း က မောင်မောင်ပြောခဲ့တာတွေလေ ဥဒြာ တို့ နောက်ဘဝတွေမှာ အမြဲပေါင်းဖက် စေရမယ်ဆို ခုချိန်ထိ မောင်မောင်နဲ့ ဥဒြာ မပေါင်းရသေးတာ ဘယ်ဝင့်ကြွေးလဲဟင်။ ပြောပါဦး မောင်မောင်ရယ်"

ငိုရှိုက်ရင်းနှင့် သနားစဖွယ် ပြောနေသော ချောဥဒြာကိုကြည့်ကာ ရဲလွင်ဦး ရင်မှာ ဆို့နင့်စွာ ခံစားလိုက်ရ သည်။

"ဒီဘဝမှာ နီရမယ်။ ဒီဘဝမှာ မခွဲစေရဘူး ဥဒြာရယ်"

ဟု နှုတ်မှ အလိုလိုပြောမိသွား တော့သည်။ စိတ်တွင်လည်း မိမိကိုမိမိ ရဲမက်ကလေး မောင်မောင်ဟုပင် တထစ်ချယုံကြည်သွားမိသည်။ ထို့ကြောင့် မျက်ရည်ဝဲဝဲလေးဖြင့် ရဲလွင်ဦးကို ရီဝေ စွာကြည့်ရင်း ပြောနေသည်။ ရဲလွင်ဦး သနားစိတ်၊ ကြည်နူးစိတ်များ ခံစားလာရ သည်။ သူမကိုလည်း အရင်ကတည်းက ရင်နှီးကျွမ်းဝင်ခဲ့ဖူးသလို ထင်မြင်လာ သည်။ သူမက သူမနှင့် ရဲလွင်ဦး တစ်ဦး ကိုတစ်ဦး အတန်ကြာအကြည့်ချင်းဆုံ နေမိကြသည်။ ခဏကြာမှ သူမက သူမ၏ ဖြစ်စဉ်အကြောင်းများကို ရဲလွင်ဦးအား ပြောပြနေတော့သည်။ ချောဥဒြာခေါ် နန်တွင်းသူမလေး။ သူမ၏ချစ်သူ ရဲမက် ကလေး မောင်မောင်၊ ပုံပြင်ဇာတ်ကာရီလေး တစ်ပုဒ်သဖွယ် စိတ်ဝင်စားဖွယ်ကောင်း လှသလို ကြေကွဲစရာလည်း ကောင်းလှ သည်။

"နောက်ဆုံး ဥဒြာတို့လည်း ကြံရာမရတဲ့အဆုံး မောင်မောင်ရဲ့ မွေးရပ် ဌာနေကို အတူပြေးမယ်ဆိုပြီး ပြေးကြ တယ်။ ဒါပေမဲ့ ဥဒြာတို့ ကံမကောင်းခဲ့ ဘူး မောင်မောင်ရယ်။ နဂိုထဲက ရိပ်မိနေ တဲ့ မင်းကြီးက သူ့ရဲမက်တွေကို လွှတ် ပြီး လိုက်ခိုင်းတယ်။ အဲဒီမှာပဲ..."

www.burmeseclassic.com

www.burmeseclassic.com

ကြားမှာ ဥဒြာ။ တဖြည်းဖြည်းနှင့် ချစ်သော ဥဒြာ၏ ပုံရိပ်ကလေး ပီပြင်စွာ တွေ့ရှိလာရသည်။ ဝမ်းသာအားရနှင့် ဥဒြာရှိရာအပြေးသွားသည်။ ပြေးသလောက် ခရီးမပေါက်။

"ဥဒြာ"

ဒုတိယအကြိမ် သူလှမ်းခေါ်လိုက်သည်။ ဥဒြာလည်း သူရှိရာသို့ တဖြေးဖြေးနှင့် လာနေသည်ပဲ။ ဟင်... ဝမ်းသာအားရရှိရမဲ့ ဥဒြာရဲ့ မျက်နှာလေး မကျေနပ်မှုအရိပ်၊ ဝမ်းနည်းမှုအရိပ်တွေနဲ့ ပြည့်နှက်နေပါလား။ ဘာကြောင့်လဲ။

"ဥဒြာ...ချစ်...ဥဒြာလေးရယ်"

"မောင်မောင် မတရားဘူး။ ဥဒြာကို ထပ်ပြီး ရက်စက်တယ်"

ဥဒြာကို နားမလည်စွာ ကြည့်မိသည်။

"ဘာဖြစ်လို့လဲ ဥဒြာ။ မောင် မောင်ဘာလုပ်မိလို့လဲ"

"မောင်မောင်နဲ့ ဥဒြာ ခွဲရမယ့် အဖြစ် ဖန်တီးနေသူတွေကို မောင်မောင် ဘာလို့ မတားတာလဲ။ သူတို့ ဥဒြာနဲ့ မောင်မောင် ဝေးသွားအောင် ဖန်တီးနေကြပြီ မောင်မောင်"

"ဘာပြောတယ် ဥဒြာ။ မောင် မောင်တို့ကို ဘယ်သူခွဲမှာလဲ။ မောင်မောင် အသက်ပေးပြီးတားမယ်"

"မဖြစ်ဘူး မောင်မောင်။ ဥဒြာတို့ နီဘဝေးရဦးမယ် ထင်တယ်။ သူတို့ ဥဒြာကို ပြန်ပို့ဖို့ စီစဉ်နေကြပြီ။ ဥဒြာမှာခဲ့မယ်။ ဘဝ...ဘဝတွေ ရှိနေသေးသမျှ မောင်မောင်ကို ဥဒြာစောင့်နေမယ်။ မောင်မောင်လာခဲ့နော်။ ဥဒြာမျှော်နေမယ်။ ခုဘဝတော့ သွားရတော့မယ် မောင်မောင်ရယ်...။ အဟင့်...အဟင့်"

ဥဒြာကား ရှိုက်ကြီးတငင် ငိုကွေးရင်း တဖြည်းဖြည်း လှမ်းထွက်သွားသည်။ သူ့နောက် အပြေးလိုက်ရန် တွေးသည်။ သူ့ခြေလှမ်းများ ရွေ့မရ။

"ဥဒြာ...ဥဒြာ...ဥဒြာ"

သူ အကြိမ်ကြိမ် ခေါ်သော်လည်း ဥဒြာလှည့်မလာတော့ပါ။ တရွေ့ရွေ့နှင့်သာ ဝေးကွာ၍ သွားပါတော့သည်။ ရဲလွင်ဦး၏ စိတ်အစဉ်ကား ဥဒြာနောက် သို့ အပြေးလိုက်နေသည်။ မိုင်ပေါင်းများစွာ၊ အချိန်ပေါင်းများစွာ လိုက်ရင်း နောက်ဆုံးအဖော်ဆိုကာ ထဲကျသွားသည်။ သူ၏ ခန္ဓာကိုယ်သည် အမောင်တိုက်တစ်ခုအတွင်းသို့ ထိုးကျသွားသည်ထင်ရသည်။ နောက်မှန်ပျဉ်အလင်းရောင်၊ မဝိဒိုးတဝါးအသံများ ဖျတ်ခနဲမျက်စိဖွင့်ကြည့်ရန် ကြိုးစားသည်။ ဝိုးတဝါးအရိပ်...။

"ညီလေး...ရဲလွင်ဦး...ညီလေး"

မဝိဒိုးတဝါးမြင်ကွင်းတွင် စိုးရိမ်တကြီးနှင့် ခေါ်နေသော အစ်ကိုဖြစ်သူနှင့် မရီး ပြီးတော့ ဆရာသိန်းဇံတို့၊ ခဏသာတွေ့ပြီး ပြန်လည်ဝေဝါးသွားကာ မှောင်ကျသွားပြန်သည်။ ဒီတစ်ခါတော့ ဘာမှမတွေ့ရ။ ဘာမှ မကြားရတော့ပေ။

(၇)

"ဒါဆို ဘသိန်းဇံတို့က သူများ ချစ်ခြင်းခွဲတာပေါ့နော်"

www.burmeseclassic.com

အန့် နည်းမျိုးစုံနဲ့ရှာတာ ဘယ်မှာမှ မတွေ့ကြဘူး။ အဲ···(၃) နှစ်လောက်ကြာမှ ပြည်က နိဗ္ဗိန်တောရာဂက်မှာ ပြန်တွေ့ရတယ်။ ဒါပေမဲ့ ရဲလွင်ဦးအနေနဲ့ မဟုတ်တော့ဘူး"

"ဘယ်သူအနေနဲ့ တွေ့တာလဲ။ ဟို ရဲမက်ကလေး မောင်မောင်အနေနဲ့လား"

ထွန်းနိုင်က နားမလည်သလို မေးလိုက်သည် ကျွန်တော်တို့လည်း ထို အဖြေကို စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။ ဘသိန်းဇံထံမှ ထွက်ပေါ်လာသည့်အဖြေကား -

"မဟုတ်ဘူးကွ။ ရှင်ရာမည်သိမ်ဖို့ဆိုတဲ့ဘွဲ့နဲ့ တောရဆောက်တည်ရဟန်းဝတ်နဲ့ တွေ့တာ"

ဟူ၍ ဖြစ်ပါလေတော့သည်။

ကို ချက်ခြင်းမပြော။ ခေါင်းကို ခပ်လေးလေး ခါရမ်းရင်း -

"အစပိုင်းတော့ မစားနိုင်၊ မသောက်နိုင် တမိုင်မိုင် တတွေတွေနဲ့ပေါ့။ လေးငါးခြောက်လကြာမှ ပုံမှန်ပြန်ဖြစ်လာတယ်"

ဘသိန်းဇံ၏ မတင်မကျစကား သံဆုံးသည်နှင့် မင်းအောင်၏ အလောတကြီးမေးသံထွက်ပေါ်လာသည်။

"နောက်တော့ ကောင်းသွားတယ်လား"

"ကောင်းသွားတာလား။ ဆိုးသွားတာလားတော့ မင်းတို့ တွေးကြည့်ပေတော့။ တစ်နှစ်လောက်အကြာလပြည့်ညတစ်ညမှာ ရဲလွင်ဦး အိမ်ကပျောက်သွားတော့တယ်"

"ဗျာ···ပျောက်သွားတယ်"

ကျွန်တော် အံ့သြစွာ မေးလိုက်မိသည်။

"ဟုတ်တယ်။ ပျောက်တာမှ သတင်းအစအနမရအောင်ကို ပျောက်သွားတာ။ သူ့အစ်ကိုတွေလည်း နေရာ

ထွန်းနိုင်၏ အားမလို အားမရ မကျေနပ်သံ ထွက်လာသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်လည်း ဘဝင်မကျလှ။ ဘာကို မကျေနပ်မှန်း မသိ။ ဘသိန်းဇံက ရေနွေးခွက်ကို မော့သောက်လိုက်သည်။ ပြီးမှ -

"တစ်ယောက်က မနဿလူသားစစ်စစ်၊ တစ်ယောက်က အစွဲမကျွတ်လို့ ပဋိသန္ဓေတောင် မနေနိုင်သေးတဲ့ သူယောင်မယ်။ ငါတို့ မရှင်းပေးလည်း သူတို့ပေါင်းလို့မှ မရတာ။ ရဲလွင်ဦး ရူးသွားဖို့ပဲရှိတယ်။ အဲဒါကြောင့် ရဲလွင်ဦးကို အိပ်ဆေးခတ်၊ မထနိုင်တဲ့အခြေအနေရှိမှ သူရှုပ်တုလေးကိုယူပြီး ငါကိုယ်တိုင် မြစ်ထဲ ပြန်စွန့်ပစ်လိုက်ရတယ်"

ငြိမ်၍ နားထောင်နေသော မင်းအောင်က -

"ဘသိန်းဇံက အရှုပ်ကလေးကို မြစ်ထဲ ပြန်ပစ်လိုက်တာနဲ့ ရဲလွင်ဦးဆိုတဲ့ သူ ကောင်းသွားရောလား"

ဘသိန်းဇံ မင်းအောင်၏ အမေး

www.burmeseclassic.com

www.burmeseclassic.com

ဟူည် ဝင်ိ သာညည (၁)

ဘာကိုမိုင်းဘုရားနှင့်ဒဂုံစေတီတော်

ကိုရင်သူည

www.burmeseclassic.com

www.burmeseclassic.com

ကျောင်း၊ ငှက်ပစ်တောင်အတက်လှေကား တို့ လွန်သည်နှင့် ဖုန်တသောသော ဖုန်လမ်းကို ဖြတ်ရသည်။ သရက်ခြံ ဇီးတော်ခြံစသည့် စီးပွားဖြစ် စိုက်ပျိုးခြံကြီးများနှင့် ဆက်၍ ပုန်းရည်ကြီးစက်ရုံတွေ့ရသည်။ အညာပုန်းရည်ကြီးကို ခေတ်မီတာရည်ခံ အရည်ပျော်၊ အမှုန်ခြောက်တို့ ဖန်တီးကာ ပြည်ပသို့ ပို့နိုင်နေပြီဖြစ်သည်။

သမီးဝုက်ဂုရေ့အရောက်

ဆင်းလေ့လာကြသည်။ လှည်းပေါ်ပြန်ရောက်တော့ လှည်းဆရာက သူသိသမျှ ရှင်းပြသည်။ "ကျွဲတို့ "ဘ" တွေအပြောတော့ စောထီး ဘုရင်မဖြစ်မီ သိကြားပေးတဲ့ လေးနင့်များ (သမိုင်းတွင်မူ သိကြားမင်းက ပန္ထေထီး ပဋိသန္ဓေတည်စဉ် နောင် ဘုန်းကံရှင်ဖြစ်မည်သိ၍ ၎င်း၏ ဖခင် သတိုးအာဒိစ္စကို ဆက်သည့် လေးနင့် များဟု ပါရှိသည်) နဲ့ ငှက်ကြီးကျားကြီး ရှူးပျံကြီးတွေ လိုက်သတ်ရင်း ဒီနေရာရောက်တယ်။ အဲဒီမှာ ငှက်စာဆော်သူ (ငှက်အစာကျွေးရန် စီစဉ်သူ) ခေါ်လာတဲ့ သမီးကညာခုနစ်ယောက်

ငှက်ပစ်တောင်အဝင်လမ်း

အဝတွင် သံတဲပုံတယ် (၂) ဖွင့်ထားသည်။ ပြည်တွင်းဘုရားဖူးများအနေနှင့် တည်းခိုနှုန်းမြင့်၍ တော်တန်ရုံ မတည်းနိုင်ကြ။ နိုင်ငံခြားခရီးသွားများအတွက်မူ ဈေးသင့်ပါသည်။ စာရေးသူ အိုးရအလုပ်ဝင်စ ပုဂံသို့ ရုံးကိစ္စနှင့်လာတိုင်းလိုပင် ပုဂံပေါ်စောပလွင်ဘုရားအနီး ရောမြစ်ကမ်းပါးမှ သံတဲ၌ တည်းခဲ့သည်များကို အမှတ်ရမိသည်။ ထိုစဉ် တည်းခိုးက တစ်နေ့ ၂/ (နှစ်ကျပ်) ကို မနက်စောစော အစောင့်ကလားလေးမိသားစုက တံခါးခေါက်၍ ကော်ဖီပူပူတစ်ခွက်တိုက်သေးသည်။ လွန်ခဲ့သော နှစ် ၅၀ ခန့်ကြာခဲ့ပါပြီ။ ပုဂံတစ်ပြိုလုံး အခြားတည်းစရာမရှိ။ မိတ်ဆွေအိမ်တည်းလိုကတည်း။ သူတို့ ရွာခံတွေ စီစဉ်ပေးလျှင် ယင်းသံတဲ (Circuit House) သာဖြစ်သည်။ ယခုတော့ သံတဲ (၁) မွန်းမံအဆင့်မြင့် တည်းခိုဆောင် တိုးချဲ့များနှင့် ဝန်ထမ်းယဉ်/လတ်များ အနားမကပ်နိုင်ပါ။

စင်းလုံးထား လှည်းကြီး ဆပွတေါ်

စာရေးသူမိသားစုသည် ယမန်နှစ် ကဆုန်လအတွင်း ပုဂံစွယ်တော်လေးဆူဘုရားဖူးထွက်ခဲ့ကြသည်။ မိမိ ၁၉၉၀ ဝန်းကျင်တွင် ပုဂံပြိုဟောင်း၌ တာဝန်ဖြင့် နှစ်ချီနေခဲ့သော်လည်း စွယ်တော်လေးဆူ တစ်နန်းတည်းမူး ဖြစ်ခဲ့ပါ။ ထိုအကြောင်းဆပ်ရန် ယခုမှ မိသားစုဘုရားဖူးထွက်ဖြစ်ပါသည်။

စွယ်တော်ရှင်များ ဖူးပြီး နောက်နေ့တွင် သမီးကြီးအား ပုဂံညောင်ဦး တစ်ဝိုက် သမိုင်းဝင်နေရာအချို့ လိုက်ပို့မည်ဟု မြင်းလှည်းနေ့ဝက်စင်းလုံး ငှားသည်။ ညောင်ဦးဈေးကြီးမှ ငှက်ပစ်တောင်မှာ မဝေးလှပါ။ လှည်းဆရာက ဆွေသည်များမှန်သို့၍ လမ်းကြမ်းသည်။ ပေါ်တော်မူကြီး သမီးဝုက်ဂုများပါ ပို့ပေးမည်ဆိုပြီး ၅၀၀၀/ တောင်းသည်။ စာရေးသူက "ကျွမ်းဒီသေကျွမ်းပြီသား။ စင်းလုံးငှားပို့လို့ ၃၀၀၀/ ပေးမည်" ဟု အတည်ပေါက်ပြောရာ ဈေးတည့်သွားသည်။ တကယ်တော့ သူပြောသည့်ဂူ၊ ပေါ်တော်မူစသည်ကို စာရေးသူ မရောက်ဖူးပါ။

www.burmeseclassic.com

ရွှင်ဂေါတမဘုရား (ငှက်ပစ်တောင်)

တစ်နေ့တစ်ယောက်ကျွေးဖို့ တစ်ပတ်စာ ဖမ်းလာတာ တွေ့ကြရော စောထီးက "ဟဲ့ နေကြဦးဆို ဖမ်းထား။ ငှက်စာဆော်သူ ဆီက သမီးကညာတွေကိုသိမ်း။ ဒီဥမင်ထဲ ငှက်ထားတယ်ဆိုတာပဲဗျာ" တဲ့။

သမီးငှက်ဥမင်အတွင်းကရတဲ့ ရှေးဟောင်းကျောက်စာတစ်ချပ်မှာတော့ "ဝဲပဲကျဥမင်" ဟူသော ဝေါဟာရတွေ့ရ၍ ရှေးက ဝမ်းဘဲကျဥမင်ဟု ခေါ်ဟန်ရှိ ကြောင်း။ နောင်းလူတို့ ပျူစောထီးနှင့် နှယ်၍ သမီးငှက်ဥမင်ဟု ခေါ်ဟသလော တွေးစရာရှိကြောင်း ဘု ရာစုလက်ရာ အဖြစ်ခန့်မှန်းရ၍ ပျူစောထီးမှာမူ ငှင်း၏ ဆရာရသေ့ (ရသေ့ကြောင်မင်း) ပြီးမှ ၁၆၇ - ၂၄၂ AD ၌ နန်းတက်သဖြင့် စောလွန်းနေသည်။ အနော်ရထာ လှူခဲ့ သည့် ဥမင်များနေကိုင်း နရပတီစည်သူ (၁၁၇၄ - ၁၂၁၁ AD) ထပ်မံလှူခဲ့ သော ဂူဥမင် ၁၀၄၀ အနက် တစ်ခု ဖြစ်နိုင်သည်ဟု ရှေးဟောင်းသုတေသန ပညာရှင်များ ယူဆခဲ့ကြသည်။

ပေါ်တော်မူဘုရားများတွေ့ရှိရာ ဂူကြီးသည် သမီးငှက်ဥမင်နှင့် မဝေးလှ ပါ။ ဂူတန်းကြီးအရှေ့ဘက်စွန်းတွင်

www.burmeseclassic.com

ပေါ်တော်မူ (လျောင်းတော်မူဘုရားကြီး) ကို ကြာသက်နန်းကပ်လျက် သပ္တာယ်စွာ ဖူးတွေ့ရသည်။ ဂူကြီးသည် အရှေ့အနောက်တန်းနေပြီး လျောင်းတော်မူ ခြေတော်ရင်းမှ ဆက်သွားသည့်အခါ အနောက်သို့နှိမ့်ဆင်းသွားပြီး ဆုတောင်းပြည့်ဘုရား၊ အဓိဋ္ဌာန်အောင်ဘုရားများ ဖူးရသည်။ ထိုမှ ထွက်ပေါက်နှင့် ဂူပြင် လျှောက်လမ်းတစ်ဖက်ထိပ်တွင် နဂါးရဲဘုရားနှင့် နတ်နဂါးညီအစ်မနှစ်ဖော် (အစ်မတော်ဝဏ္ဏဒေဝီ၊ ညီမတော် ဝဏ္ဏသိရီ) အဆောင်များ ဆက်လျက်တွေ့ရသည်။ ပုဂံခေတ်ဦး၌ နဂါးကိုးကွယ်မှုရှိခဲ့ကြောင်း၊ သတိုးအာဒိစ္စ (ပျူစောထီး၏ ဖခင်) ခိုအောင်းခဲ့သော ဥယျာဉ်ခြံအတွင်း နဂါးတွင်းတစ်တွင်းရှိကြောင်း မဟာဂုက် ပစ်တောင်သမိုင်း (ဆရာတော် ဦးဥတ္တမသာရ/ညောင်ဦး) စာအုပ်တွင် ပါရှိသည်။

ဘုရားဝင်းအတွင်းမှ မထွက်မီ ဂေါပကရုံးခန်း၌ သွားရောက်အလှူထည့်သည်။ မြင်းလှည်းပေါ်တက်မည်အပြုတွင် ဂေါပကလူကြီးတစ်ဦးက လာရောက်



ပေါ်တော်မူ (ဆုတောင်းပြည့်)

www.burmeseclassic.com

www.burmeseclassic.com

ဝေျာင္းေတာ္မူရပ္ပူးေတာ္ကြီး (ပေါ်ေတာ္မူ)

နွတ်ဆက်ရင်း ပေါ်တော်မူဘုရားတွေရှိ ပုဂံရှင်းပြနေဦး ခေတ္တနားရင်း အကြောင်း စုံသိခဲ့ရသည်။

"ဒီဂူကြီးရှိနေတာကို ရှေးပေစာ မှတ်တမ်းတွေအရ ငှက်ပစ်တောင်ဆရာ တော်ကြီး ဦးနန္ဒိယက သိခဲ့ပါတယ်။ ဆရာတော်က သက်တော်ရည်ဆရာတော် ကြီးတစ်ပါးပေါ့။ ဒီနယ်တစ်ဝိုက်မှာ ထင်ရှားပြီး ကြည်ညိုသူများတယ်။ သက် တော် ၉၉ (၁၉၉၇) မှာ ပျံလွန်တော်မူ သည်။ ဆရာတော် မကွယ်လွန်မီ ပိန် ကြားခဲ့လို့ တပည့်ဒကာ ဒကာမတွေ စုပေါင်းပြီး ဒီကုန်းကို တူးဖော်တာ ဦးဆုံး ဝေျာင်းတော်မူ ကိုယ်တော်ကြီးက စပေါ် လာတယ်။ ဆက်တိုက်ဘုရားတွေပေါ် လာတာ အစအဆုံး ၅ လလောက်တူးခဲ့ ရတယ်"

"ဆရာတော်ကြီး အမိန့်ရှိခဲ့ တာတော့ ရှင်အရဟံနဲ့ သံဃာတော် ၅၀၀ သီတင်းသုံးခဲ့တာ ဒီနားတစ်ဝိုက် ၇ ၉၉ လုံးရှိသတဲ့။ ခုပေါ်တော်မူဘုရားတွေရှိတဲ့ ဂူလည်း အဲဒီ ၉၉ လုံးထဲ ပါမယ်လို့ အမိန့်ရှိပါတယ်" ရှင်းပြသူသည် ၈၉၉ နှင့် ၉၉ အမှတ်လွဲတာဖြစ်နိုင်ပါသည်။

ငှက်ပစ်တောင်သမိုင်းစာအုပ် တွင် ပါရှိသည်မှာ သာသနာ့ ဒါယိကာ အနော်ရထာမင်း (၁၀၄၄ - ၁၀၇၇ AD)

www.burmeseclassic.com

သည် သထုံနွယ် သံယာတော်များ စိတ်လက်ချမ်းသာစွာ သီတင်းသုံးနိုင်ရန် မဟာဂုက်ပစ်တောင်အနီး မြေညမင် ၁၉၉၉ ခု တူးဖော်ဖောက်လုပ်လျှုဒါန်းခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

မြင်းလှည်းနှင့် အပြန်လမ်း၌ ပေါ်တော်မူဘုရားဝင်းအတွင်းမှ နဂါးညီအစ်မတော်ကြောင်းကို သိလိုသိငြား လှည်းဆရာအား မေးကြည့်ရာ ဒေသခံဖြစ်၍ ပြောချင်သည်နှင့် အံကိုက်ပင်။

"ဆရာကြီးနယ်' မနှစ် (၂၀၁၂) ကပေါ့များ ရှင်ဂေါတမဘုရားပွဲမှာ ဇာတ်ပွဲသွင်းတော့ ညကြီးပွဲကတုန်း ပွဲလာကြည့်တဲ့ အရပ်သူနှစ်ဦး နဂါးမယ်တွေ ဝင်စီးလို့ ဟိုးလေးကို ကျော်ရော့ပဲ" စာရေးသူက "ရှင်းစမ်းပါဦးဗျာ၊ ဘယ်လိုအကြောင်းနဲ့ ဝင်လာတာတဲ့တုန်း" ဆိုထောက်လိုက်တော့ -

"ဒီလိုတဲ့ဗို့ နဂါးနတ်ညီအစ်မက နင်တို့ဘုရားပွဲတော့လုပ်ပြီး သူတို့အတွက်တော့ စီဇင်မပေးရကောင်းလားပေါ့။ နင်တို့ချည်း ပျော်နေကြတာ တို့



ရှင်ဂေါတမဘုရား (ဂုက်ပစ်တောင်)

www.burmeseclassic.com



အဓိဋ္ဌာန်အောင်ဘုရား (ပေါ်တော်မူ)

လည်း ပျော်ချင်တာပေါ့တဲ့။ ဒါနဲ့ ဇာတ်သမားတွေက ဟာဟာသလဲ ပွဲစီစဉ်သူတွေနဲ့ တိုင်ပင်၊ ကြောက်လည်းကြောက်၊ ပျော်လည်းပျော်၊ တစ်ယောက်စကား တစ်ယောက်ကြား ရောက်လာတဲ့ လူတွေက အုန်းအုန်းထလို့။ ဇာငါကတာ ချက်ချင်းရပ်၊ ဇာတ်စင်ပေါ် တာလပတ်နဲ့ ရောကန်ငယ်လိုလုပ် ရေထည့်၊ နဂိုမဝင်သည်နှစ်ဦး စင်ပေါ်တင်မြှူးခိုင်းတယ်။ နဂိုရောသတ္တပါက ရေတွေ့တော့ မြူးတာပေါ့။ ဆိုင်းကလည်း နှတ်ဒိုးနဲ့ မြှင်ပို့။ မပြတ်တမ်းတီးပေး။ တော်နေကြာမှ ၂ ၄ ကသား မောပြီး တို့ကျနပ်ပြီဆို၊ နဂိုညီအစ်မ ပြန်ထွက်သွားတယ်"

ပုဂံညောင်ဦးဒေသ ဆန်ကြယ်သော ဖြစ်ရပ်မှန် ဖြစ်ရပ်ထူးများအဖြစ် မှတ်သားရပါမည်။ ပြောလက်စနှင့် လှည်းဆရာက သူ့စကားဆက်ပြန်ပါသည်။ "ခုနက ဆရာကြီးတို့ကို ဂေါပက-ကြီးပြောတဲ့ ပေါ်တော်မူ ကုန်းတန်းအကြောင်းက "ဇာတ်လမ်းအစ" မဟုတ်သေးဘူးဗျာ။ ကျွမ်းသိတဲ့ဖြစ်ကြောင်းစပုံက ဒီလို အခုပေါ်တော်မူလျောင်းတော်မူကြီးနေရာ ကုန်းဝိုမို့ကို သံတဲဟိုတယ်ဆောက်ဖို့

www.burmeseclassic.com

မြေရှင်း အဆောက်အဦတွေ ဆောက်ဖို့ လုပ်ငန်းသုံးရေအတွက် အဝီစိတွင်းတူးကြတယ်။ စက်ရေတွင်းဆိုတော့ သံပိုက်လုံးတွေကို မြေကြီးထဲ စက်နဲ့ရိုက်သွင်းတဲ့အခါ သံပိုက်ကို ရိုက်ချ ရိုက်ချ နောက်တစ်ချောင်းဆက်ဖို့ ကြည့်လိုက်ရင် မြေထဲဝင်တဲ့ ပိုက်မတွေ့တော့ဘူး။ နောက်တစ်ပိုက်ရိုက်ချပြန်၊ ဆက်မယ်ကြည့် မြေထဲမြုပ်အစကို ရာမတွေ့တော့ပြန်ဘူး။ ဒီလိုနဲ့ ၄/၅ ကြိမ်လောက်ရောက်တော့ တွင်းတူးအင်ဂျင်နီယာတွေ ကြောက်လာတယ်။ ခေါင်းဆောင်လုပ်တဲ့လူက ဒီနေရာ သာမန်မဟုတ်ဘူး။ အားလုံးအန္တရာယ် ရှိနိုင်တယ်။ ရပ်လိုက်တော့ဆိုပြီး ဆရာတို့တွေ့ခဲ့တဲ့ လမ်းမဘက်ခြေ။ သံတဲ (၂) အဲဒီကမှ ဆောက်ပြစ်တယ် ဆရာတို့ရေ"

"အဲဒီကိစ္စပြီးမှ ဆရာတော်ကြီး ဦးနန္ဒိယကို အိပ်မက်ပေး။ ဆရာတော်က ဒကာတွေခေါ် ဒီကုန်းတန်းကြီး တူးကြ ဖော်ကြတာ၊ မွေဆော်ဦး လျောင်းတော် မူကြီးပေါ်လာတာ"ဲ။ ဆရာကြီးနယ် ဒီနေရာ ကျုပ်တို့ဒေသတစ်ဝိုက်က နယ်နယ်ရရမှ မဟုတ်တာ။ ဆရာကြီးလည်း ပညာတတ် သိမှာပေါ့။ (သူ့အပြောနဲ့ နည်းနည်း ဘင်ခိုက်သွားရသည်) ပုဂံမင်းအဆက်ဆက် သာသနာ့မြေတွေ သတ်မှတ်ခဲ့ကြတာ။ တော်တန်ရုံနဲ့ တခြားကိစ္စ ဘယ်လုပ် ဖြစ်ပါ့မတုန်း" ထောက်ခံရပါမည်။

မြင်းလှည်းဆရာ ပြောစကားများ ယုတ္တိတန်ပါသည်။ သူပြောသည့် ဂေါတမဘုရားပွဲဆိုသည်ကလည်း အစဉ် အလာသမိုင်းဝင်ဖြစ်သည်။ အနော်ရထာ မင်းကြီးသည် ရှင်အရဟံ လမ်းညွှန်မှုနှင့် သထုံမှ ပင့်ဆောင်ခဲ့သော ရဟန်းတော် အပေါင်း (၃၀၀၀) အား တာမဏီ မြင်းကပါ တူရွှင်းတောင် (တံစဉ်တောင်) တို့တွင် အပေါင်း ၅၀၀ စီ၊ ငှက်ပစ်တောင်သာသနာ့ မြေတွင် အပေါင်း ၁၅၀၀ အသီးသီးနေရာ ချထား သီတင်းသုံးစေခဲ့သည်။ ၎င်းပြင် မင်းကြီးသည် တိုင်းသူပြည်သားတို့ အစဉ် ဦးခိုက်ကြည်ညိုနိုင်မည့် ရုပ်ပွားတော် တစ်ဆူရှိလျှင် ကောင်းပေမည်ဟု အကြံ ဖြစ်ကာ ရှင်အရဟံအား မိမိအပါအဝင် ပြည်သူအပေါင်းဘုဂေါ်နိုင်ရန် အရှင်ဆရာ ပုံတော်ကို ရုပ်တုအဖြစ် ပူဇော်လိုပါ ကြောင်း လျှောက်ထားတောင်းပန်ခဲ့သည်။

ရှင်အရဟံက မင်းကြီးအား သာဒုခေါ်လျက် နောင်သာသနာ့ အရည်တည်တဲ့စေရန် စောထီးဘုရင်ငှက်ကြီးအား လေးနှင့်ခွင်းကာ အောင်မြင်ခဲ့သော အောင်မြေနေရာမြတ်၌ ရှင်ဂေါတမတွဲ့ တော်ဖြင့် ရုပ်ပွား၊ စေတီတည်ထားကိုး ကွယ်ခွင့်ပြုခဲ့သည်။ ယင်းကာလမှစ၍ ရှင်ဂေါတမဘုရားပွဲမှာ နှစ်စဉ်မပျက်ကျင်းပသည့် အထင်ကရပွဲတစ်ခုခုဖြစ်ပါတော့သည်။

မြန်မာတို့၏ သာသနိက အဆောက်အဦများသည် ထေရဝါဒ ဂုန္ဓာသာဝင်များနှင့် သက်ဝင်လုပ်ရှားလျက်ရှိသဖြင့် စာရေးသူ၏ မိတ်ဆွေကြီး ဦးကျော်ညိမ်း (U Kyaw Nyein, Conserator Dept. of Archeology) (ကွယ်လွန်) က "ကျွန်တော်တို့ရဲ့ ရှေးဟောင်းအမွေ စေတီပုထိုးဘုရား ကျောင်းကန်တွေဟာ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com

Living Monument သက်ဝင်ထင်ရှား ရှေးဟောင်းအမှတ်တရတွေပါဗျာ" ဟု Pagan Symposium (ဆွေးနွေး/စာတမ်းဖတ်ပွဲ) တစ်ခုတွင် စာရေးသူအား ပြောခဲ့ဖူးသည်။ သူဂုဏ်ယူပြောမည်ဆိုလည်း ပြောလောက်ပါသည်။ အချို့နိုင်ငံများမှ ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရ ရှေးဟောင်းအဆောက်အဦတို့သည် ကိုးကွယ်သူမဲ့ ရုပ်ပြသက်သက်ဖြစ်နေကြောင်း တွေ့ကြရမည်။ စာရေးသူမိတ်ဆွေတို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရောက်လို့ ဘုရားရိပ် စာရားရိပ် ခိုကြည့်လိုက်ပါ။ တမာနဲ့သင်းသင်း။ ဘုရားတစ်ဆူနှင့် တစ်ဆူအကူး မြေနီလမ်း ဝဲယာမှ တောစပယ်ရိုင်း ခြံနွယ်များ ကန္တာရကြောခေါ် ပင်စည်က ဆူးများအစေးများနှင့် အကျည်းတန်လှသော်လည်း အပွင့်ကမူ ကြာပန်းမှသဖွယ် စွင့်ဆွင့်ကားကား အပွင့်များနှင့် လှုခွင်တိုင်းလှုနေသော ဆယ်စည်းသည် ပုဂံအငွေ့အသက်များကို နွေးနွေးထွေးထွေးခံစားရနိုင်မည်ဟု ရဲရဲကြီးအာမခံလိုက်ရပါကြောင်း။

ရည်ညွှန်း - ရှင်ဥတ္တရသာရ၊ ငှက်ပစ်တောင်သမိုင်း။

ကိုရင်သုည

နဂါးမဟာညီအစ်မ

www.burmeseclassic.com

www.burmeseclassic.com



လူသိဝင်ရိုးသာညွှန်ကြား (၂)

ဂုဏ်ကြီးရှစ်ပါးတော်ဖြစ်လေးရာ

အရှင်ဥတ္တရာသာဂရ(ဆောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် စာရေးသူထံသို့ တယ်လီဖုန်းဝင်လာသည်။ ဝင်လာသော တယ်လီဖုန်းကို ကောက်ကိုင်ပြီး နား ထောင်ကြည့်လိုက်သောအခါ -

"ဟဲလို ဆရာတော် အရှင် ဥတ္တရသာရပါလား ဘုရား"

"ဟုတ်ပါတယ်"

"တပည့်တော် လှိုက်ဆန်းကြယ် မဂ္ဂင်းတိုက်က ကျော်ကျော်ဆွေပါ ဘုရား"

"ဩော်...ဒကာဆွေ ဘာကိစ္စများ ရှိလို့လဲ"

"ကိစ္စကတော့ ထူးထူးထွေထွေ မရှိပါဘူး။ ယခု တပည့်တော်တို့ မိသားစု ပုဂံကို ရောက်နေကြတယ်။ အရှင်ဘုရားကို ဖူးတွေ့ချင်လို့ အရှင် ဘုရားကျောင်းကို ဘယ်လိုလာရမှန်းမသိ ဖြစ်နေတယ်"

"ဩော်...ဒါများ ဒကာဆွေ ရယ် ယခုဘယ်နေရာကို ရောက်နေကြလဲ"

"ပုဂံ မြို့သစ် က ကုဒ္ဒေအောင်ဟိုတယ်မှာပါ ဘုရား"

"ဒါဆို ညောင်ဦးဘက်ကို လာခဲ့ပြီး အရှင်ဥတ္တရသာရ ဂုက်ပစ် တောင်ကျောင်းတိုက်လို့ မေးလိုက်ရင် ရပါတယ်။ လာဖြစ်အောင် လာခဲ့နော် ဒကာဆွေ"

"ဒါဆို ခုပဲ တပည့်တော်တို့ ကားနဲ့ လာခဲ့ပါ့မယ် ဘုရား"

"မကောင်းပြီ...ကောင်းပြီ"

ထိုကဲ့သို့ လှိုက်ဆန်းကြယ် မဂ္ဂင်းတိုက်မှ (စီ-အီး-အို) ဦးကျော်ကျော်ဆွေ ဇနီး ဒေါ်ငင်မာသင်းနှင့် သမီးပို့သိမ့် ချစ်ကျော်၊ အိမြတ်ချစ်ကျော်တို့ လာကြမည်ဆိုသဖြင့် မိမိကျောင်းသို့ ရောက်ရှိ ခိုက် ဆွေတော်မျိုးစာစွာ ဆွေခံရန် ကျောင်းတွင် ရှိသော မောင်အောင်မိုးတော်အား ရေနွေးကြမ်းဝိုင်းလေး အပြင်ခိုင်းလိုက်သည်။

မကြာမီအချိန်ပိုင်းအတွင်းမှာပင် ဦးကျော်ကျော်ဆွေတို့ မိသားစု ကျောင်းသို့ ရောက်ရှိလာကြလေသည်။

"ဒကာဆွေ နေကောင်းတယ်နော်"

"ကောင်းပါတယ်ဘုရား"

"ခုလို မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာတယ်ဗျာ" ဟု စာရေးသူက ကျောင်းထဲသို့ ဝင်ရောက်လာသော ကိုကျော်ကျော်ဆွေတို့ မိသားစုကို အာလာပသလ္လာပစကားဆိုလိုက်သည်။

ထိုကဲ့ မိမိထံသို့ ရောက်ရှိလာသော ဧည့်သည်များကို လိုက်လဲ ပဏ္ဏာစွာ နှုတ်ခွန်းဆက်စကားဆိုခြင်းသည် ဘုရားရှင်ဂျင့်သုံးခဲ့သော လမ်းစဉ်ဖြစ်ပေသည်။ ယင်းသို့ ကျင့်သုံးခဲ့ပုံကို အနည်းငယ်တင်ပြပါမည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည့်ဇေတဝန်ရောင် မောင်းသူဌေးကျောင်းတွင် သီတင်းသုံးစဉ် အချိန်က ကောသလမင်းကြီး၏ တစ်ဖ သားချင်းများဖြစ်ကြတဲ့ ပါဝေယျတိုင်းသား သုံးကျိတ်မျှလောက်သော ရဟန်းတော်များဟာ ပါဝါမြို့မှ သာဝတ္ထိပြည့်ဇေတဝန် ကျောင်းကို ဘုရားဖူးရန် ကြွလာခဲ့ကြပါတယ်။ ဝါဆိုရန်ရက်ကလည်း နီးကပ်နေတာကြောင့် သာဝတ္ထိနဲ့ ခြောက်ယူဇနာ

www.burmeseclassic.com



ပျူစောထီးမင်း တည်ထားခဲ့သော မဟာဂုက်ပစ်တောင်ဘုရားနှင့် ရွှင်အရဟံမထေရ်မြတ်၏ မော်ကွန်းကျောက်စာ

မျှ ဝေးကွာသော သာကေတမြို့လေးမှာ ဝါဆိုတော်မူကြရပါတယ်။ သီတင်းဝါလကျွတ်သည်နှင့် ဘုရားရှင်ထံ ကြွတော်မူရာ ခရီးကပမ်း လမ်းကကြမ်းတာကြောင့် မိုးရေတွေလည်း တစ်ကိုယ်လုံး စိုရွှဲပြီး ရှဲညှဉ်တွေက သက်နှမ်းမှာ ပေကျံလျက် ဘုရားရှင်၏ ကျောင်းတော်ရောက်သည်နှင့် ဘုရားရှင်က -

"ချစ်သားတို့ ကျန်းမာကြပါရဲ့လား။ ဣရိယာပထမျှတကြပါရဲ့လား။ တစ်ပါးနှင့် ညီညီညွတ်ညွတ်ဝမ်းမြောက်ဝမ်းသာနေကြပါရဲ့လား။ ဆွမ်းများကော ပြည့်စုံကြပါရဲ့လား" စသည်ဖြင့် ခရီးဦးကြိုအလာပသလ္လာပ စကားဖိန့်ကြားတော်မူပါတယ်။ အလာပသလ္လာပဆိုတာ ရှေးဦးစွာ စကားလက်ဆုံပြောဆိုခြင်း တစ်နည်းအားဖြင့် ရှေးဦးစွာ ခရီးဦးကြိုစကားလှိုက်လဲစွာ ပြောဆိုခြင်းပါပဲ။ ဒေါ်

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဘုရားရှင်ကိုယ်တော်တိုင် မိမိထံသို့ ကြွရောက်လာသော ရဟန်းတော်များကို ယခုလို ခရီးဦးကြိုဧကားဆိုခဲ့ပါသည်။

စာရေးသူလည်း ဦးကျော်ကျော်ဆွေတို့ မိသားစုအား ဘုရားရှင်ကျင့်သုံးခဲ့သော လမ်းစဉ်အတိုင်း ထိုကဲ့သို့ စကားဆိုလိုက်ခြင်းဖြစ်သည်။ ဦးကျော်ကျော်ဆွေတို့ မိသားစုသည် ကျောင်းပေါ်သို့ ရောက်ရှိလာသည်နှင့် ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးကန်တော့ကြပြီး စာရေးသူအား အိုဇာတင်ဟောလစ်စသော လှူဒါန်းပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြလေသည်။

"ဘုရားဖူးသက်သက်ပဲ လာကြတာလား"

"မှန်ပါဘုရား။ တပည့်တော်တို့ မိသားစု စွယ်တော်လေးဆူကို ဖူးရင်း အရှင်ဘုရားကိုလည်း တွေ့ချင်တာနဲ့ ရောက်ရှိလာခြင်းပါပဲ"

"ဒါဆို မိသားစုလိုက် ပျော်ပျော်ပါးပါးမော်တော်ကားနဲ့ ဘုရားစုံလိုက်ဖူးမယ် ဆိုပါတော့" ဟု စာရေးသူက ရယ်သွဲ့သွဲ့စကားဆိုလိုက်သည်။

"မြင်းလှည်းလေးနဲ့တူမျော်မျော် ပုဂံဘုရားကို ဖူးစို့နော်ဆိုတဲ့ သီချင်းလို မဟုတ်တော့ဘဲ ကားကလေးနဲ့ တူမျော်မျော်ပုဂံဘုရားကို ဖူးစို့နော်လို့ ဆိုရတော့မှာပေါ့ဘုရား"

"ဟုတ်တာပေါ့ဗျား။ ဟုတ်တာပေါ့။ ဘုန်းကြီးလည်း ရန်ကုန်ကို မရောက်တာနဲ့ ဒကာဆွေတို့ အိမ်ကို မရောက်ဖြစ်တာအတော်ကြာပြီ။ ဘုန်းကြီးရဲ့ စာမူကိုလည်း မဂ္ဂဇင်းထဲမှာ ဖော်ပြပေးတာ ကျေးဇူးတင်ပါတယ်။

"အရှင်ဘုရားရဲ့ စာမူတွေက အရမ်းကောင်းတာပဲ။ ဆက်ပြီတော့လည်း ရေးသားပေးပို့ပါ။ အရှင်ဘုရားပို့ထားတဲ့ ဗုဒ္ဓဂယာခရီးစဉ်ဆောင်းပါးကိုလည်း နှစ်လပိုင်းမှာ ဖော်ပြပေးပါ့မယ်ဘုရား"

"ဒကာဆွေရဲ့ မဂ္ဂဇင်းစာအုပ်မျက်နှာဖုံးဒီဇိုင်းတွေလည်း အတော်ကောင်းလာတယ်။ စာဖတ်ဖရီသတ်တွေကလည်း ဒကာရဲ့ မဂ္ဂဇင်းကို အလွန်ကြိုက်ကြတယ် ဒကာရဲ့"

"မဂ္ဂဇင်းအရည်အသွေးကောင်းမွန်အောင် ကြိုးစားလျက်ပါပဲ ဘုရား"

"ကောင်းတာပေါ့ ဒကာဆွေရာ။ ဩော်...ဒါနဲ့ စွယ်တော်လေးဆူကို ဖူးကြမယ်ဆိုတော့ စွယ်တော်လေးဆူနဲ့ ပတ်သက်တဲ့ သမိုင်းကြောင်းတော့ သိဖို့လိုအပ်လိမ့်မယ်နော်"

"မှန်ပါဘုရား။ အဲဒီသမိုင်းကြောင်းကို ငယ်ငယ်ကတော့ လေ့လာဖူးတယ်။ ခုတော့ မေ့တေ့တေ့ဖြစ်နေပြီ။ အရှင်ဘုရားသိသလောက် တပည့်တော်တို့ကို ရှင်းပြပါလား"

"ဟုတ်တယ် ဘုန်းဘုန်းဘုရား ရှင်းပြပါလား"

အနီးတွင်, ထိုင်နေသော ဒေါ်ငင်မာသင်းက လျှောက်ထားလိုက်သည်။

"ကဲ . . . ဒါဆို မင်းမြတ်နော်ရထာ သစ္စာစကားဆိုထားသည်မှာ ငါတည်ထားကိုးကွယ်တော်မူအပ်သော ဤစွယ်တော်မြတ်လေးဆူကို အကျိုးသူသည် နောက်နေ့မကူးနေ့ချင်းဖူး၏။ ထို့သည် ကုသိုလ်မပိုတူ၏။ တောင်တို

www.burmeseclassic.com



ဗုဒ္ဓဂါယာရောက် စာရေးသူ

စကားမများတော့။ သီလင်းချက်မပျက်လုံ၏။ ထိုသည့်သူအား မကြာချက်ချင်း လက်ငင်းကောင်းကျိုးထူးစေသတည်း ဆိုတဲ့ အနော်ရထာမင်းကြီးရဲ့ သစ္စာဓိဋ္ဌာန်သီချင်းနဲ့ သမိုင်းကြောင်းကို စလိုက်ကြအောင်"

"အနော်ရထာမင်းရဲ့ သစ္စာဓိဋ္ဌာန်သီချင်းက ကောင်းတယ်နော် ဘုရား"

စာရေးသူ၏ စကားသံကို နားစွန်လွှက်ရှိနေသော ဝိုသိမ့်ချစ်ကျော်က ဝင်ပြောလိုက်သည်။

"ကောင်းတာပေါ့ဗျာ။ အနော်ရထာမင်းကြီးက သူတည်ထားကိုးကွယ်ခဲ့တဲ့ စွယ်တော်လေးဆူကို နောက်တစ်နေ့မကူး နေချင်းပြီးအောင် ဖူးမယ်ဆိုရင် လူနဲ့မိန်းတဲ့ လူစွယ်ဝတ္ထုပစ္စည်းကလည်း တူညီမှုရှိရမယ်။ ဥပမာ ပြောရရင် ရွှေစည်းခုံတုရားကိုစပြီး ဖူးမယ်ဆိုရင် အဲဒီဘုရားမှာ ပန်းသီးငါးလုံး၊ သြဇာသီးငါးလုံး၊ ရေချိမ်းငါးခွက်စသည်အားဖြင့် လူ့ဖူးယ်ဆိုရင် ကျွန်တဲ့ ဘုရားသုံးဆူမှာလည်း အဲဒီလိုပဲ လူ့ဒါန်းကြရမယ်။ တောင်းတဲ့ဆုကလည်း လေးဆူလုံးလို အပ်တဲ့ဆုဘစ်ဆုတည်းပဲ တောင်းရမယ်။ ငရဲက

www.burmeseclassic.com

www.burmeseclassic.com

ပြီး ငါးပါးသီလကို ဆောက်တည်လုံခြုံ
ပြီးမှ ဘုရားဖူးရမယ်။ အဲဒီ အဂါတွေနဲ့
ပြည့်စုံစွာနဲ့ စွယ်တော်လေးဆူကို ဖူးကြ
မယ်ဆိုရင် လက်ငင်းကောင်းကျိုးသုခနဲ့
ပြည့်စုံနိုင်တယ်လို့ ဆိုပါတယ်။ အဲဒါ
ကြောင့် ဒီသစ္စာဓိဋ္ဌာန်ချက်အတိုင်း ဖူးကြ
ရမယ်နော်"

"မှန်ပါဘုရား။ အရှင်ဘုရား
မိန့်ရှိတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ
မယ်ဘုရား" ဟု ဦးကျော်ကျော်ဆွေက
လျှောက်ထားလေသည်။

"စွယ်တော်မြတ် သမိုင်းနဲ့
ပတ်သက်ပြီး ပြောပြရဦးမယ်"

"အမိန့်ရှိပါဘုရား"

"စွယ်တော်မြတ်ကို မြန်မာ
သက္ကရာဇ် ၃၇၉ ခုနှစ်မှာ နန်းတက်
တော်မူတဲ့ အနော်ရထာမင်းကြီးက သီဟိုဠ်
ဘုရင်ဓာတုသေနမင်းကြီးထံမှ တောင်းခံ
ပြီး ရွှေနန်းတော်မှာ ပင့်ဆောင်မူထေထား
စဉ် ရှင်အရဟံမထေရ်မြတ်က သတ္တဝါ
များရဲ့ ကောင်းကျိုးကိုကြည့်ပြီး လမ်းညွှန်
မိန့်ကြားတော်မူပါတယ်" ဟု ပြောပြီး
စာရေးသူက အနီးတွင်ရှိသော ကွမ်းအစ်ကို
ဆွဲကိုင်ပြီး ကွမ်းတစ်ယာယာပြီး ငါးလိုက်
သည်။

"ဘယ်လိုများ လမ်းညွှန်မိန့်
ကြားခဲ့တာလဲ ဘုရား" ဟု ဦးကျော်ကျော်
ဆွေက သိလိုတော်ဖြင့် လျှောက်ထားလိုက်
ပြန်သည်။

"ဓကာတော်မင်းကြီးရဲ့ စွယ်
တော်မြတ်ကို နန်းတွင်းထားပြီး ကိုးကွယ်
နေတာထက် သာသနာငါးထောင်တိုင်
တိုင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ကို
ပူဇော်ခြင်းဟာ စေတီတည်ထားတော်မူ
လျှင် အကျိုးကျေးဇူးများစွာပြစ်လတ္တံ့" လို့
မိန့်တော်မူပါတယ်။

"မထေရ်မြတ်ရဲ့ လမ်းညွှန်မိန့်
ကြားချက်က ကောင်းလိုက်တာဘုရား"
ဟု ဒေါ်ခင်မာသင်းက လျှောက်ထားပြန်
သည်။

"မင်းကြီးကလည်း မထေရ်
မြတ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ "စွယ်တော်
မြတ်ကိန်းဝပ်လိုသော အရပ်မှာ ဆင်ပြု
တော်ဝပ်စေသတည်း" လို့ သစ္စာဓိဋ္ဌာန်
ပြုကာ ဆင်ပြုတော်ထက်ရှိ ရတနာ
ပြာသဒ်ပေါ်ကို စွယ်တော်ကြွတ်တင်ပြီး
ဆင်ပြုတော်ကို စေလွှတ်လိုက်ပါတယ်။
စေလွှတ်ပြီးတာနဲ့ ဆင်ပြုတော်က ပုဂံ
မြို့ရဲ့ အရှေ့မြောက်သဲစည်းခုံလို့ ခေါ်တဲ့
အရပ်မှာ ဆင်ပြုတော်ဝပ်ပါတယ်။ အဲဒီ
ဝပ်တဲ့နေရာမှာပဲ စွယ်တော်မြတ်ကို
ဌာပနာပြီး မင်းကြီးက ရွှေစည်းခုံစေတီ
တော်မြတ်ကြီးကို တည်ထားခဲ့ပါတယ်"

"အနော်ရထာမင်းကြီးက ဒီ
စေတီတည်လို့ မပြီခင်မှာ နတ်ရွာစံသဖြင့်
ကျန်စစ်သားမင်းက ဆက်လက်တည်
ထားခဲ့တယ်လို့ သိရပါတယ်။ အဲဒါ
ဟုတ်ပါသလားဘုရား"

"ဒါလည်း ဟုတ်သင့်
သလောက်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့
ဒီစေတီဟာ သေးငယ်လွန်းတယ်ဆိုပြီး
ကျန်စစ်သားမင်းက အပြင်ကနေ စေတီ
တစ်ထပ်တည်ခဲ့တယ်လို့ သမိုင်းပညာရှင်
တွေက ဆိုကြပါတယ်။ ဘုန်းကြီးအထင်
တော့ ဒါကပိုပြီး ယုတ္တိရှိမယ်လို့ ထင်
တယ်။ ဘာပြလို့လဲဆိုတော့ မင်းကြီး

www.burmeseclassic.com

ဒီစေတီမှမက အခြားသော တုရင်တောင် လောကနန္ဒာစေတီတော်တွေလည်း တည်ထားခဲ့သေးတာကိုး"

"အရှင်ဘုရားအဖိုရှိတာ မှန်ပါတယ်ဘုရား။ ဒါနဲ့ ရွှေစည်းခုံဘုရားက ဘယ်ခုနစ်လောက်မှာ တည်ထားခဲ့တာလဲဘုရား" ဟု ဒေါင်မာသင်းက ဆွဲကာ ထားပြန်သည်။

"ရွှေစည်းခုံဘုရားက "ရွှေကြာအိုးပုထိုးစည်းခုံတည်" လို့ ဆိုစကားရှိတယ်။ ဒီဆိုစကားအရဆိုရင် မြန်မာသက္ကရာဇ် ၄၂၁ ခုနစ်မှာ တည်ထားခဲ့တာပါ။ ကျန်စစ်သားမင်းက စေတီကို ငယ်တယ်လို့ ယူဆပြီး သက္ကရာဇ် ၄၅၁ ခုနစ်တန်ဆောင်မုန်းလဆန်း (၁၃) ရက် ဗုဒ္ဓဟူးနေ့နံနက်မှာ စတင်ပြင်ဆင်ပြီး သက္ကရာဇ် ၄၅၂ ခု ကဆုတ်လပြည့်နေ့မှာ ရွှေထီးတော်ကို တင်လှူပူဇော်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်"

"တုရင်းတောင်ဘုရားကိုလည်း အနော်ရထာမင်းပဲ တည်ခဲ့တာပေါ့နော် ဘုရား"

"ဟုတ်တယ် ဒကာမကြီးရဲ့ အနော်ရထာမင်းကြီးက သီဟိုဠ်ဘုရင် ဓာတုဝေနမင်းထံက ရရှိခဲ့တဲ့ စွယ်တော်ကို ပွားပြီး ဆင်ဖြူတော်ထက်ရှိ ရတနာပြာသာဒ်ပေါ်တွင် တင်လျက်စွယ်တော်ကိန်းဝပ်သောအရပ်မှာ ဆင်ဖြူတော်ဝပ်စေသတည်းလို့ အဓိဋ္ဌာန်ပြုစေလျှက် လိုက်သတဲ့။ အဲဒီလို စေလွှတ်လိုက်တာနဲ့ တောင်ပေါ်ကိုရောက်တော့ ဆင်ဖြူတော်က တုပ်ဝပ်လိုက်ပါတယ်။ အဲဒီလို ဆင်ဖြူတော်တုပ်ဝပ်တာကို အခွဲပြုပြီး တုပ်ဝပ်တောင်လို့လည်း ခေါ်ကြသေးတယ်။ ဆင်ဖြူတော်ဝပ်တဲ့နေရာမှာပဲ မင်းကြီးက တုရင်းတောင်ဘုရားကို တည်ထားခဲ့ပါတယ်။ ကဲ···စကားပြောလို့ ကောင်းနေလိုက်ကြတာနဲ့ ဒကာတို့လည်း ဘာမှမစားကြသေးဘူး။ ရေနွေးကြမ်းကို သောက်၊ လက်ဖက်သုပ်ကလေးကိုစား လိုက်ကြပါဦး"

"အရှင်ဘုရားလည်း တပည့်တော်မတို့မေးသမျှ ပြေနေရတာနဲ့ မောရော့ပေါ့" အိမြတ်ချစ်ကျော်က ဝင်နှောလိုက်သည်။

"မောတော့ မောတာပေါ့။ ဒါပေမဲ့ မမောဘူး ဆိုတဲ့ သီချင်းလိုပေါ့။ ဘုန်းဘုန်းက ပုဂံသမိုင်းကြောင်းတွေကို ပြောနေရရင် မမောတဲ့အပြင် ပျော်တော်ပျော်နေသေးတယ် အိမြတ်ချစ်ကျော်ရဲ့"

"ဘုန်းဘုန်းက 'ပျော်ပျော်နေတတ်တယ်နော်" ဟု ဝိုလိမ့်ချစ်ကျော်ကပြောလိုက်ပြန်သည်။

"လောကမှာ ပျော်ပျော်နေခြင်းဟာ အသက်ရည်နိုင်ခြင်းရဲ့ အကြောင်းတရားပဲ။ သောကမီးကို ရင်မှာပိုက်ပြီး စိုးရိမ်ပူဆွေးနေမယ်ဆိုရင် အသက်လည်းတို ရုပ်လည်းအိုမှာပဲ ဒကာမလေးရဲ့။ ဘုန်းဘုန်းပြောတာ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ ဘုန်းဘုန်းရယ်"

"ကဲ···အဲဒီ ဟုတ်တာတွေ မဟုတ်တာတွေ အသာထား။ သမိုင်းကြောင်းကို ပြန်ဆက်ကြဦးစို့"

"မှန်ပါ။ အဖိန့်ရှိပါဘုရား"

"လောကနန္ဒာစွယ်တော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း အနော်ရထာမင်းပဲ တည်ခဲ့တာပဲ။ ဘယ်နှစ်ခုနှစ်လောက်မှာ တည်ခဲ့တာလဲ ဘုရား" ဒကာဆွေက မေးလိုက်ပြန်သည်။

"လောကနန္ဒာတုရားကို အနော်ရထာမင်းကြီးက ခရစ်သက္ကရာဇ် ၁၀၅၉ ခုနှစ်မှာ မင်းကြီးက တတိယမြောက် ဆင်ဖြူတော်ဝပ်တဲ့နေရာမှာ တည်တော်မူခဲ့တယ်။ လောကနန္ဒာတုရာရဲ့ အရေးတော်မှာ အလောင်းစည်သူမင်းကိုယ်တိုင် စိုက်ခဲ့တဲ့ သစ်ကနက်ပင်လည်းရှိတယ်။ လောကနန္ဒာတုရာနဲ့ ပတ်သက်တဲ့ သမိုင်းကို ဒီလောက်နဲ့ပဲ ထားခဲ့ရအောင် တန်ကြည့်တောင်သမိုင်းကို သွားကြရအောင်"

"တန်ကြည့်တောင်သမိုင်းနဲ့ ပတ်သက်ပြီး တပည့်တောင်သိသမျှ လျှောက်ထားပါရစေ"

"ကဲ...ဒကာဆွေ သိသမျှကို လျှောက်ထားစမ်းပါဦးဗျာ"

"သာသနာနှစ် ၂၁၀ ခုနှစ်မှာ အိန္ဒိယနိုင်ငံကို အုပ်ချုပ်တဲ့ သီရိမွာသောကမင်းက စေတီပေါင်းရှစ်သောင်း လေးထောင် တည်ထားခဲ့ကြောင်းကို တပည့်တော်လေ့လာရှုမြင်ပါတယ်။ အဲဒီမင်းတည်ထားခဲ့တဲ့ စေတီများတွင် တစ်ဆူအပါအဝင်ဖြစ်တဲ့ တန်ကြည့်တောင်ထိပ်မှာ မဒွေစေတီတစ်ဆူ တည်ထားခဲ့တယ်လို့ သိရပါတယ်။ ဟုတ်ပါရဲ့လား ဘုရား"

"ဟုတ်တယ် ဒကာဆွေရဲ့။ အဲဒီမင်းကြီးတည်ထားခဲ့တဲ့ စေတီဟောင်း အုတ်ရုံးရှိရာကို အနော်ရထာမင်းကြီး စေလွှတ်ထိုက်တဲ့ ဆင်ဖြူတော်က သွားဝပ်ပါတယ်။ အဲဒီ ဝပ်တဲ့စေတီဟောင်း နေရာမှာပဲ အနော်ရထာမင်းက စွယ်တော်ကို ဌာပနာပြီး ပြန်လည်တည်ထားခဲ့ကြောင်းလေ့လာမှတ်သားရှုမြင်တယ်"

"အဲဒီစေတီတော်ကို သားတော် ကျန်စစ်သားမင်းကလည်း ခိုင်မြဲစေရန် ခဲပြီး ထပ်မံပြုပြင်ခဲ့သေးတယ် မဟုတ်လားဘုရား" ဟု ဒေါ်ဇင်မာသင်းက လျှောက်ထားပြန်လေသည်။

"အံမယ် ဒကာမကြီးကလည်း မခေါ်လား။ ဘုရားသမိုင်းတွေ သိသားပဲ"

"ဩော်...ဦးကျော်ကျော်ဆွေရဲ့ ဇနီးပဲဘုရား။ ဒီလောက်တော့ ရှိရမှာပေါ့" ဟု ဒကာမကြီးက ရယ်သွဲ့သွဲ့နှင့် ပြောလေသည်။

"တန်ကြည့်တောင်ဘုရားကို ထပ်မံပြုပြင်ခဲ့ကြတာ ကျန်စစ်သားမင်းတွင်မကဘူး။ အလောင်းစည်သူမင်း။ နရပတိစည်သူမင်း။ အင်းဝဘုရင်၊ ငေယျသခမ်းမင်း။ မင်းကြီးစွာစော်ကဲ၊ မိုးညှင်းမင်း စတဲ့မင်းတွေလည်း ပြုပြင်ခဲ့ကြပါတယ်။

"တပည့်တော်မတို့ ဒီတစ်ခေါက် ပုဂံကို လာရတာ လာရကျိုးနပ်တယ် ဘုရား"

"ဘာကြောင့်လဲ ဒကာမကြီးရဲ့"

"စွယ်တော်လေးဆူသမိုင်းနှင့် ပတ်သက်တာမှန်သမျှကို အရှင်ဘုရား အမိန့်ရှိလို့ သိရှိခွင့်ရတာကြောင့်ရယ်၊ နောက်ပြီး စွယ်တော်လေးဆူကို သစ်သီးဆွမ်းစတာတွေကို လှူတတ်သွားတာကြောင့်ရယ် အရှင်ဘုရားကို ကျေးဇူးအထူးတင်ပါတယ်ဘုရား"

www.burmeseclassic.com

ရွှင်အေးဆုတ်ကျောင်းနှင့် စာရေးသူ

"ယခုလို ရခဲတဲ့ လူဘဝကို ရရှိခိုက် ကြုံခဲတဲ့ သာသနာကြီးနဲ့တွေ့ ကြုံခိုက်ကလေးမှာ မြတ်ဗုဒ္ဓရဲ့ စွယ်တော်များကို ဌာပနာထားတဲ့ စွယ်တော်ရှင် ဘုရားမျိုးကို မူးရတွေ့ရ ပူတော်ခွင့်ရရှိကြတယ်ဆိုတာ မင်္ဂလာတစ်ပါးပါပဲဗျာ"

"တပည့်တော်တို့ မိသားစုနှစ်စဉ်နှစ်တိုင်း ကျန်းမာချမ်းသာစွာနဲ့ ပုဂံဘုရားတွေကို လာရောက်မူးမျှော်နိုင်ပါရစေလို့ ဆုတောင်းပါတယ် ဘုရား" ဟု ဦးကျော်ကျော်ဆွေက လျှောက်ထားကာ ကျောင်းဘုရားကို ဦးတင်ပါရပြန်ကြပြီး -

"တပည့်တော်တို့ မိသားစု အရှင်ဘုရားအပေါ်မှာ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်တော်မူပါဘုရား" ဟု ဦးကျော်ကျော်ဆွေက လျှောက်ထားကာ စာရေးသူအား ရိုရိုကန်တော့ကြလေသည်။

"ခွင့်လွှတ်ပါတယ်ဗျား။ ယနေ့မှ စပြီး မိမိတို့ အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြလျက် မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အတူတကွ လက်တွဲပြီး စွယ်တော်မြတ်လေးဆူကို မူးမျှော်နိုင်ကြပါစေလို့ အကိုး

ဆုတောင်းမေတ္တာပို့သပါတယ်ဗျာ"

"အရှင်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလိုဇ ဘုရား" ဟုဆိုပြီး ဦးကျော်ကျော်ဆွေတို့ မိသားစုတည်ခိုရာ ဟိုတယ်သို့ ပြန်သွားကြလေတော့သည်။

ပုဂံရွှေပြည်နှင့် မြတ်စွယ်တော်လေးဆူ၊ ဒွိ-စီ-နီ၊ တိတ်ခွေး စာရေးသူ၏ ပုဂံရှိသမိုင်းဝင် တန်ခိုးကြီးဘုရားများစာမူး

အရှင်ဥတ္တရသာရ

www.burmeseclassic.com

www.burmeseclassic.com

ဘဝခြိုခဲကောင်းကို

ဒေးဒွင့်ပန်(သင်ထုံး)

www.burmeseclassic.com

www.burmeseclassic.com

နံနက်အစော အိပ်ရာမှထ မျက်နှာသစ်ပြီးနောက် ဘုရားစင်မှာ ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကို မီးထွန်းညှို ပူဇော်ကာ ဘုရားရိုခိုးခြင်းသည် နေ့စဉ်နှုန်းတိုင်း ပြုလုပ်နေကျ အမှုကိစ္စဖြစ်ပါသည်။ အနန္တငါးပါးကို ရှိခိုးပြီး ငါးပါးသီလခံယူဆောက်တည်ခြင်း အရပ်ဆယ်မျက်နှာသို့ အာရုံညွှတ်လျက် မေတ္တာဘာဝနာပွားများခြင်းတို့မှာ အစဉ်တွင် အလေ့အကျင့်ရစေခြင်းလောက်သာ ဖြစ်စေပါသည်။ ဂုဏ်လနှစ်တို့ ကြိမ်ဖန်များလာသောအခါတွင် တစ်စထက်တစ်စ အာရုံစူးနစ်ရှင်းကျက်ခြင်းတို့ ရှိလာပါသည်။

ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းခြင်း၊ သက်ရှိအားလုံးတို့အပေါ် မေတ္တာပွားခြင်းတို့သည် ကာယကံရှင်၏ နလုံးစိတ်ဝမ်းကို ငြိမ်းချမ်းတည်ငြိမ်သိမ်မွေ့စေပါသည်။ ယင်းသို့ တည်ငြိမ်သိမ်မွေ့မှုတို့ကြောင့် ဝန်းကျင်၏ တုံ့ပြန်မှုတွင်လည်း ထာဝစဉ်ကြည်လင်အေးချမ်းလန်းဆန်းမှုကို ခံစားရရှိလာစေပါသည်။ တရားဘာဝနာ ရှုမှတ်ပွားများသည့် ပုဂ္ဂိုလ်အဖို့ မနောအာရုံတွင် ကြည်လင်လာလေလေ ခန္ဓာတွင် ဉာဏ်စိုက်ရှုမှတ်သတိချပ်နိုင်ခြင်း အားကောင်းလာလေလေဖြစ်ပါသည်။

အရပ်ဆယ်မျက်နှာမေတ္တာပွားပြီးသော မိမိ၏ ခန္ဓာတွင်း ဝင်လေထွက်လေတို့၏ တစ်ဆက်တစ်စပ်တည်း ဖြစ်နေကြပုံ ပျက်နေကြပုံများကို ဉာဏ်စဉ်လိုက်၍ မှတ်ကြည့်ရာတွင် မိအောင်မလိုက်နိုင်ပါချေ။ လူပ်ရှားထိတွေ့ဖြစ်ပျက်မှုတို့သည် အလွန်မြန်ဆန်လွန်းလှပါသည်။ အသက်ရှူလိုက်စဉ် ဝင်လေတို့က နှာသီးဖျားသို့ တိုးလာသည်မှ အစပြုလျက် ဝင်လေ၏ ထိတွေ့ပုံဖြစ်ပြီး ပျက်သွားပုံတို့အား ဉာဏ်စဉ်ကလိုက်၍ ရှုမှတ်၍ မဆုံးသေးမီ ဝင်လေမှ ပြန်၍ ထွက်လာသော ထွက်လေ၏ တိုးထိလှုပ်ရှားခြင်းတို့ဆီ ရောက်သွားကြပါသည်။ ပထမ ဝင်လေသည် အေးပြီး၊ ခန္ဓာအတွင်းမှ ပြန်၍ထွက်လာသော ထွက်သက်လေသည် နွေးထွေးမှုရှိ၏။ ဤတွင် ထွက်လေတိုးထိတယ်၊ နွေးတယ်၊ ဖြစ်တယ်၊ ပျက်တယ်ဟု အာရုံက မှတ်၍မှမပြီးဆုံးခင်တွင် နောက်တစ်ကြိမ်ဝင်လေ၏ ထိတွေ့လှုပ်ရှားမှုတို့က ဖြစ်လာကြပြန်ပြီး ချက်ခြင်းပျက်သွားကြပြန်ပါသည်။ ထိုသို့ ဉာဏ်စဉ်က မိအောင်မလိုက်နိုင်ခြင်းကြောင့် အစဉ်း ရက်၊ လ၊ နှစ်တို့တွင် အားမလိုအားမရဖြစ်ခဲ့ရပါသည်။ ဇွဲ လုံ့လ ဝီရိယတို့ဖြင့် ရက်လအတန်အတန် ကြိမ်ဖန်များလာသောအခါ အသက်ရှူလိုက်သောအခါ ဝင်လေ၏ လှုပ်ရှားတိုးထိခြင်းမှအစ ဝင်လေ၏ အေးသော အထိအတွေ့ကိုလည်းကောင်း၊ တစ်ခဏချင်း ဖြစ်ပြီး တစ်ခဏချင်းပျက်သွားသည်ကိုလည်းကောင်း ဉာဏ်မီအောင်လိုက်ဖြစ်သည့် အလေ့အကျင့်တို့ ရရှိလာပါသည်။ ဝင်လေ၊ ရပ်၊ အေး သိတာသည် နာမ်။ ဖြစ်ပျက်၊ ထိမှတစ်ဖန် ထွက်လေ၊ ရပ်၊ နွေး သိတာသည် နာမ်။ ဖြစ်ပျက် ဟူ၍ ကြိုးစားပြီး လိုက်၍ မှတ်နိုင်လာပါသည်။

တစ်နေ့ တစ်ရက်မှာ နံနက်အစော အိပ်ရာမှထစဉ် နာရီပိုင်းအချိန် ခေတ္တလေးမျှသာ တရားအလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

အားထုတ်ဖြစ်ခြင်းဖြစ်ပါသည်။ ကျွန်သော အချိန်များစွာတို့တွင် လူ့ရွာလောကီ ထိုထို ဌာဌာအကြောင်းအရာများစွာတို့အတွက် မနေမနားလှုပ်ရှားသွားလာ ကျင်လည်ကာ နေဖြစ်ကြသည်ချည်းဖြစ်ပါသည်။

ထို့အတွက် ဘုရားစင်ရေမှာ ထိုင်ဖြစ်လိုက်ချိန်တွင် အာရုံတို့ကို မိမိ၏ ခန္ဓာမှတစ်ပါး အခြားသို့ မရောက်အောင် ထိန်းလျက် စိတ်အာရုံကို တည်ငြိမ်စွာစိုက်လေ့ကျင့်ရခြင်း၏ အကျိုးရလဒ်အဖြစ် အစဉ်း အချိန်များက အားမလို အားမရ ဖြစ်ခဲ့ရသည်များကို ကျော်လွန် ပယ်ဖျောက်ပစ်လိုက်နိုင်ခဲ့ပါသည်။

အလေ့အကျင့်ကောင်းဖြစ်၍ ညဉ်းနာ မည်သည့်အချိန်မှာပင် အိပ် အိပ် နံနက် ၃း၀၀ နာရီထိုးလျှင် အိပ်ရာမှနိုး နေကျ အကျင့်ဖြစ်လာပါသည်။ ဤအချိန် သည် ဝန်းကျင်တွင် လွန်စွာ တိတ်ဆိတ် ငြိမ်သက်နေလေ့ရှိပါသည်။ ထို့ကြောင့် ဘုရားရှိခိုးခြင်း တရားဘာဝနာရှုမှတ်မှုများ ခြင်းအတွက် ခရီးရောက်အကျိုးရှိလှ ပါသည်။ တရားဟောပုဂ္ဂိုလ်များနှင့် ကိုယ်တိုင်ကြားနာခြင်း၊ စက်မှုပစ္စည်း ကိရိယာတို့မှ တစ်ဆင့်ကြားနာခြင်း စာအုပ်စာပေတို့အား ဖတ်ရှုမှတ်သားလျက် လေ့လာသိရှိရခြင်း စသည်တို့ဖြင့် အကြောင်းကြောင်းရှိရုံစွာ တရားဘာဝနာ တို့ကို ကျင့်ကြံပွားများကြီးစား အားထုတ် နိုင်ကြပါသည်။

ကျွန်တော် ကိုယ်တိုင်လည်း ကြီးစားအားထုတ်ကျင့်ကြံနေပါသည်။ ကြိမ်ဖန်များစွာသော အလေ့အကျင့်တို့ ဖြင့် ရရှိလာသော အသိအမြင် ဉာဏ်စဉ် တို့သည် သုံးဆယ့်တစ်ဘုံမည်သော သံသရာကြီးထဲက ရုန်းထွက်လွတ်မြောက် စေနိုင်သော အခြေခံအကြောင်းရင်းများ ဖြစ်ပါသည်။

အေးခွင့်ပန် (သင်ထုံး)

Dear Marry

Online Shopping Myanmar

No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt

http://www.facebook.com/Dear Marry Myanmar

Contact-09 5136230/ 09 5036602/ 09 5172150

www.burmeseclassic.com



ဒဂဇပဒုန်ဝဋ္ဋဇာတ်တော်စီးပျက်

နတ်မျက်စိဆရာအောင်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

- လူအများ ကြည်ညိုလေးစား ခြင်းခံရတတ်၏။
- အလှူအတန်းတိုသနာပါသော လည်း ပကာသနမဖက်ပါ။
- သူများလှူလို့ ရောယောင်လှူ တာတို့ မရှိတတ်။ စိတ်ထဲ သဒ္ဓါရှိရင် ပြတ်ပြတ်သားသား လှူလေ့ရှိပြီး ဆေတနာ မရှိရင် တစ်ကျပ်တောင် မစွန့်ကြဲတတ် တဲ့ လူမျိုးပါ။
- ဒါပေမဲ့ လက်ဖွာတတ်သော လည်း လှူတာ၊ ပေးကမ်းတာ၊ စွန့်ကြဲတာ က သတ်သတ်ဖြစ်နေပြီး ပစ္စည်းဥစ္စာ တွေကို စနစ်တကျ သိမ်းဆည်းတတ်ပါ၏။
- ဉာဏ်ကောင်းသူဖြစ်ပြီး အကြံ ပေးကောင်းသူများ ဖြစ်ကြ၏။
- မဟုတ်မခံ၊ မာန်မာနကြီး သည်။ သို့သော် တစ်ဖက်လူ အမြင်ကတ် စရာ နေမထိုင်မှိုမဟုတ်ဘဲ၊ သူ့ကောင်း ရင် ပိုကောင်းလေ့ရှိပါ၏။
- တစ်ခါတစ်ရံ ဒေါသကြီးကာ တစ်ချက်လွတ်ပေါက်ကွဲတတ်ကြပါတယ်။ ဒါပေမဲ့ ခဏအချိန်မှာတွင်း ဒေါသတွေ ပြေ၊ စိတ်ဆိုးပြေသူများဖြစ်ပြီး စိတ်ဆိုး ပြေ မြန်သူများဖြစ်ကြတယ်။
- အသန့်အရှင်း အလှအပ ကြိုက်မယ်။
- ဟင်းချက်ကောင်းသူအဖြစ် နာမည်ကျော်ကြားတတ်သည်။
- မိမိကိုယ်ကျင့်တရားကို အရေး ထားသူများ ဖြစ်ကြ၏။ အုတ်ရောရော ကျောက်ရောရော အုပ်စုများတွင် တွေ့ မြင်ရမည်မဟုတ်ပေ။
- အဖေနှင့်တူသော တနင်္ဂနွေ သမီးတို့မှာ အသက် ၄၅၊ ၄၀ ကြားမှာ ဘဝအလှည့်အပြောင်း ကြုံတတ်ပြီး (အောက်တန်းဖွားဖြစ်သော ပုတိ၊ ဘုဂ်၊ မရဏဖွားတို့မှာ ဘဝကို တစ်က ပြန်စ ရတတ်သည်။
- မိမိမွေးနံ့ (တနင်္ဂနွေနံ့)နောက် မှ မှည့်ခေါ်ခြင်းက သာယာသော အိမ်ထောင် ရေး မခံစားရသော်လည်း ထူးချွန်သော သားယောကျ်ားများ ရရှိတတ်သည်။
- ခိုး ပတ်လည်စပြီး ဒူးအပေါ် ပိုင်း မှည့် သို့မဟုတ် စာ၊ အမှတ်တစ်ခုခု ပါသူတို့မှာ မြင့်မားသောအိမ်ထောင်ဇာတ် ရရှိတတ်သည်။ အဖေနှင့်တူသော သမီး မိန်းကလေးများမှာ မိမိတို့မွေးရက်တို့မှာ ၁၊ ၃၊ ၅၊ ၇၊ ၈ (ဆယ်ရက်ကျော်ပါတ ဂဏန်း ၂၃ ပေါင်း၍ ခုဂဏန်းရအောင် ပေါင်းပါ) တို့မှာ သာယာသောဘဝကို ကြုံတွေ့ရပြီး ၎င်းတို့မှာ အသွေး။ အို သွေးဆိုပါက လင်ကောင်းအပြင် သား ကောင်း၊ သမီးကောင်း ရတတ်ချေသည်။ အများအားဖြင့် မိဘနှင့်ဝေး သော အရပ်မှာ နေထိုင်ရတတ်သည်။

မိသားစုထဲမှာ တနင်္ဂနွေတစ်ဦးသော သမီးအဖို့မှာ . . .

- အပေါင်းအသင်း ခင်မယ်။ အကောင်းချည်း မတွေ့ရ၊ ပေနိုင် ကွေး နိုင်သူမှ ကောင်းကြမယ့်မိတ်ဆွေတွေ ချည်း တွေ့ရတတ်။
- အတွေးများမယ်။ ဘုရား တရား အားကောင်းသူများ ဖြစ်ကြ၏။
- ချစ်ခင်သူများမယ်။ သို့သော် သနားတတ်ခြင်း၊ မိခင်စိတ်ရှိခြင်းကြောင့်

www.burmeseclassic.com

ပြင်ရန်ခက်သော အိမ်ထောင်ရေးကိစ္စ ပေါ်ပေါက်တတ်သည်။ (အထူးသဖြင့် တစ်ဖက်မှာ အငယ်ဆုံး သားထွေးနှင့် လက်မတွဲမိရန် အရေးကြီးသည်။ အိမ်ထောင်မကွဲသော်လည်း ဆူညံပွည် ခဏခဏ ဖြစ်တတ်၏။

- ပိုက်ဆံလည်း မမြဲတတ်ပါ။ အောင်မြင်မှုတွေ ထစ်ငေါ့ပြီးမှ ပိုင်ဆိုင်တတ်၏။

- ဘဝမှာ အနိမ့်အမြင့်၊ အတက်အကျတွေ ကြုံတွေ့ရမည်။ သို့သော် တည်ငြိမ်စွာနှင့် ဘဝကို ဖြတ်သန်းနိုင်သူများ ဖြစ်သည်။

- အိုတာတာကောင်းမယ်။

- မိတာကို တစ်ဦးတည်းပဲဝီ သမီး တစ်ကောင် နွားတစ်ထောင်သို့ ထိန်းသိမ်းရန် ခက်သူမဟုတ်ဘဲ အဖိုးတန်သူများ ဖြစ်ကြ၏။ မိမိသမီးထက် သားများကို အချစ်ပိုမိတတ်သည်။

- ဒုတိယအရွယ်တိုင် တင့်တယ်ကျက်သရေရှိသူများ ဖြစ်ကြ၏။ သိလ ကောင်းသောကြောင့် လူအများ စိတ်ဝင်စားခြင်းကို မတုန်လှုပ်ပါပေ။ တရား ထူးလည်း ရတတ်ပါသည်။

- တန်ခိုးကြီးဘုရားများသို့ လှည့်လည်ဖူးမြော်ခွင့်ရပေမည်။

မီသားစုထဲမှာ အဖေနှင့်တူသော တန်ဂိန္ဒေသားသမီးများမှာ နီညွှာနှင့် အထက်မှာဖြစ်ကြသော်...

- အေသစိတ်ရိုးပြီး အပြင် မထွက်တတ်။ စိတ်ထဲမှာ ကြိတ်မိုက်ထားတတ်၏။

- အဖေကို ပို့ချစ်တတ်သော်လည်း မိခင်စကားကိုသာ နာခံတတ်သည်။

- ပစ္စည်းများကို တန်ဖိုးထားတတ်ပြီး စည်းကမ်းရှိစွာ သုံးတတ်သော်လည်း ပစ္စည်းများကို မမက်မောတတ်။

- စိတ်လိုမှ ဟင်းကောင်းကောင်း ချက်တတ်သူဖြစ်ကြ၏။

- ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တတ်ဘူး။

- လူငယ်ဘဝမှာ လူချစ်လူခင်များမယ်။ သို့သော် အချစ်ရေး ကံခေမယ်။ ဆန်းပြားသော အချစ်ရေးကြုံမယ်။

- ချစ်သူကို မိဖိကျင်လည်ရာ အသိုင်းအဝိုင်းတွင်လည်းကောင်း၊ အောင်သွယ်ပေးပို့သော ချစ်သူရတတ်ပါတယ်။

- အရည်အချင်းရှိသော အမျိုးသားနှင့် ဖူစာဆုံတတ်သော်လည်း ရုပ်ရည်ကို မကြည့်ရန် တိုက်တွန်းရပေသည်။ သို့သော် မိမိအိမ်ထောင်ရှင်ကို တတ်နိုင်သရွေ့ ပုတီး၊ ဘင်္ဂါဖွား (မရဏဖွားမပါ) များကို ရှောင်ပါလေ။

- လွတ်လပ်မှုကို ခုံမင်မယ်။

www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီး၊ အစ်ကိုကြီးတို့ရဲ့ အချစ်ကို ရရှိကြမယ်။ အစ်ကိုတွေ အနိုင်ကျင့်မယ်။

- မောင်နှမနှင့် ကင်းကင်းနေသော်လည်း စိတ်က သူတို့တွက် တွေးပူနေမယ်။ စိတ်ထဲ တစ်ခုခုလေးနေရင် နောက်ဆို တစ်ခုခုဖြစ်သွားတယ်။

- စကားပြောထန်ပေမယ့် စိတ်က ပျော့ပျောင်းသူတွေပါ။

- သပ်သပ်ရပ်ရပ် ဝတ်ဆင်လေ့ရှိတယ်။

- အနုပညာမှာ ထူးချွန်သလို စာပေ၊ ပညာရေးမှာ နောက်ရောက်သူများ မဟုတ်ပေ။

- ပန်းစိုက်တာ၊ ပန်းချစ်သူ ဖြစ်ကြတယ်။

မိသားစုအသိုင်းအဝိုင်းမှာ တနှင်းနွေသမီးက အကြီးဆုံးဖြစ်လျှင်

- အတွေးအခေါ် မြင့်မားမယ်။ အနေအထိုင် ကျစ်လျစ်မယ်။ ကိုယ့်စကားပေါ် တာဝန်ယူရဲတယ်။ တာဝန်ခံရဲတယ်။ အပြုံးတွေတွေ့ရခဲပေမယ့် ဟန်ဆောင်ပြုံးတော့ မဟုတ်ပါဘူး။

- မိဘရဲ့မျိုးရိုးအလိုက် ရောဂါဖြစ်တတ်ပါတယ်။ ဥပမာ သွေးတိုး နှလုံးဆီးရောဂါမျိုး ရောဂါဖြစ်လွယ်၊ ပျောက်လွယ်ပါတယ်။

- စေတနာကောင်းလို့ မောင်လေးတွေ၊ ညီမလေးတွေရဲ့ မေတ္တာရိုလည်းကောင်း၊ မိခင်ရဲ့အားကိုးခံရတတ်ပါတယ်။

- ညီမတွေထက် မောင်လေးတွေပေါ် သံယောဇဉ်ပိုတတ်ပါတယ်။

မောင်နှမပေါ် ပါးစပ်ကြမ်းတတ်သော်လည်း နှလုံးသား နူးတတ်သူပါ။

- အများအားဖြင့် အိမ်သားနှင့် အယူအဆ မတူတာများတယ်။

- ဘဝမှာ ဖဲကွယ်လို့ရှိရင်ကရမယ့် ကိစ္စမျိုး မရှိတတ်ပါ။

- အလှအပကို ပုံမှန်ပဲ သဘောထားသလောက် ဝတ်လိုက်လျှင် ကျော့ရှင်းနေတတ်တယ်။

- အကျိုးမရှိဘဲ အမုန်းခံလုပ်တတ်ပြီ. နိမ့်တဲ့ဘက်က ရပ်တည်တတ်တယ်။

- အဖေ့ရဲ့ အရည်အချင်းမျိုး၊ ဝါသနာအကြိုက် အကုန်တူမယ်။ အဖေ့ခြေရာနင်းမယ့် အဖေတူသမီးလို့ ပြောဆိုကြမယ်။

- ကြည့်လိုက်လျှင် သတ္တိရှိသလိုလိုနှင့် မကောင်းတာဖြစ်မှာကို ဆုံးရှုံးသွားမှာကို ကြောက်တတ်သူပါ။

- အချိုသား သူငယ်ချင်းကောင်းရှိမယ်။ ကိုယ့်အပေါ် ဖြူစင်စွာ ဆက်ဆံကြမယ်။

www.burmeseclassic.com

- ဉာဏ်ကောင်းမယ်။ ဆရာလုပ်ရမယ့် အရည်အချင်းတွေ သူတို့မှာမွေးရာပါ။ ဘုရားပေးတဲ့လက်ဆောင်ပါ။ နည်းနည်းပြရင် များများမြင်တယ်။
- ပုဂ္ဂိုလ်တွေ စောင့်ရှောက်ခြင်း ခံရတတ်သူပါ။ ဂန္ဓိရပညာ၊ သိဒ္ဓိထူး အလိုလူးတွေရတတ်သူတွေပါ။
- မိခင်နှင့်တူသောမယား အိမ်မှီးအစားထဲကပေါ့။

ဒုချုပ်ဆိုရသော်...

အဖေနှင့်တူသော တနင်္ဂနွေသမီး (အကြီးဆုံး၊ ဒုတိယသမီး၊ တတိယသမီး၊ စတုတ္ထမြောက်သမီးမှ နိဿာနှင့် အထွေးဆုံး)တို့သည်...

- စိတ်ကောင်းရှိသူများ ဖြစ်ခြင်း။
- မယုံလွယ်သော်လည်း သနားတတ်ခံရှိသူများ ဖြစ်ခြင်း။
- မိဘအပေါ် တာဝန်ကျေတတ်ခြင်း။
- မောင်နမဒဏ်ကို ခံနိုင်ခြင်း။
- အိမ်ထောင်သည်တဝမှာ အေးအတူ ပူအမျှ စိတ်ဓာတ်ဖိုနိုင်ခြင်း။
- ဖြစ်သမျှအကြောင်း အကောင်းသဘောထားတတ်သူများဖြစ်ခြင်း။
- သူငယ်ချင်းအပေါ် အနှံတာခံတတ်ခြင်း (သူကောင်းရင် ကိုယ်ကပိုကောင်းတတ်ခြင်း)
- ခေါင်းဆောင်ကောင်း၊ မိခင်ကောင်း၊ သမီးကောင်း၊ သူငယ်ချင်းကောင်းတို့တွင် ရှိအပ်သော အရည်အချင်းတို့နှင့် ပြည့်စုံသူများဖြစ်၍

- တစ်ခါတစ်ရံ ကလေးဆန်သလိုလိုနေလိုက်၊ တစ်ခါတစ်ခါ တည်တည်ခန့်ခန့်ကြီး ပုံစံဖြင့် တွေ့မြင်ရတတ်သည်။

သို့ဖြင့်ကြောင့် အဖေနှင့်တူသော တနင်္ဂနွေသမီးတို့မှာ...

- စကားပြော မလောမဆေနှင့်၊
- ပူပန်မှုများ မများစေနှင့်၊
- မိမိကိုယ်ကိုယ် ယုံကြည်မှု မလွန်ကဲစေရန်နှင့်
- ဘဝခရီးမှာ ငါးပါးသီလကို လက်စွဲပိုင်ပိုင် ပြုကိုင်၍ မိဘကျေးဇူး၊ ဆရာကျေးဇူးကို ဆပ်ရင်း ဘဝရဲ့ နောက်နောင်းမှာ ဉာဏ်ဦးအောင် မိုးကုတ် ဝိပဿနာနည်းနာတို့ဖြင့် ဘာသာရေးတွင် မွန်ထိုက်ပြီး လူငယ်များအနေနှင့် ပဌာန်းတရား၊ ပရိတ်ကြီး ၁၁ သုတ်ကို ရွတ်ဖတ် ကျင့်ကြံသင့်ကြောင်း တင်ပြရင်း ယခုစာစုကို အဆုံးသတ်ခွင့်ပြုပါ။

နတ်မောက်စိ ဆရာဆောင်စိုး

www.burmeseclassic.com

www.burmeseclassic.com

ဦး အရဟံ မေတ္တာ လာဘ်

နတ်ဗျာကိစ္စ

သုတဉီးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး လူမှုရေး ပညာရေး အိမ်ပထောင်ရေး စီးပွားရေး ကိစ္စရပ်များ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဖိတ်ခေါ်ခဲ့ပါ ပုဂ္ဂိုလ်ရေး ဝင်စားနေသက်သို့ ဖုန်းကနဦးသော တောရက်များ တိုးရောက်ခသော ယတြာရာဖြုန် (၂၅) နှစ်တိုင်တိုင် ကျည်ဆောင်ရွက်ပေးလျက်ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောနေ့ဟာညနေရာ ➡ အမှတ်-၁၃၁ အောင်တံခွန် သ/ဗ ပရိဝုဏ် ၁၀-ဖိုင်း မြည်လမ်း ရုံကုန်ကြီး

လမ်ညွှန် ➡ အစိတ် (အကြာ) တိုက်ကြီး-ထူးလေး (၅၁)၊ (၂၃၀)၊ (၅၃)၊ (၇၉)၊ (၂၈၂) ကားမြို့ ထယ်ဝိုင်ကုန်းစေတီတိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➡ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ။

ဆက်သွယ်ရန် ဖုန်း ➡ တောနေ - ၀၉-၇၃၁၁၀၉၅၅၊ အိမ် - ၀၉-၇၃၂၂၄၄၀၇။

မှတ်ချက် ➡ နှစ်ပြင် ကြိုတင်ဆိုတင်ထူထိမ် ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

အရာရောက်ကြီးကဲ့သို့ဝတ္ထု

စောကြိုတ

ကော်ကေသာဇ္ဈ

www.burmeseclassic.com

www.burmeseclassic.com

"သူရာရည်တွေတမြှား × × × ရည်းစားနဲ့ ကွဲတဲ့ညည × × ×"

"အရက်ကိုကြိုက်လို့ သောက်တဲ့သူ × × × စိတ်ပျော်တတ်လို့ သောက်တဲ့သူ × × ×"

"သောက်လိုက်ရင်ချို × × × ပြုလိုက်ရင်ခါး × × ×"

မူယစ်ရီဝေစေတတ်တဲ့ အရက်ကို ဖွဲ့ဆိုခဲ့တဲ့ သီချင်းတွေပါ။ အဲ . . . အကယ်ဒမီရပ်ရှင်မင်းသားကြီး စာရေးဆရာဦးမြတ်လေး သီဆိုခဲ့တဲ့ ဝီစကီသီချင်းလည်း ရှိပါသေးတယ်။ အဲဒီလို သီချင်းနဲ့ ဖော်ကျူးခဲ့တဲ့ အရက်ဟာ ပေါ်စကနေ ယနေ့အထိ လူသားမျိုးနွယ်စုတွေကို ဒုက္ခပေးနေပါတယ်။ လူစွမ်းအားအရင်းအမြစ်တွေ လိုအပ်နေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖောခြင်းသောခြင်း အတားအဆီးမဲ့ ထုတ်လုပ်နေတဲ့ အရက်တွေက လူသားအရင်းအမြစ်တွေကို ပျက်စီးစေခဲ့ပါတယ်။ တခြား မကြည့်ပါနဲ့ ဒီကနေ့ ထုတ်ဝေနေတဲ့ နေ့စဉ်ထုတ်သတင်းစာနဲ့ ဂျာနယ်တွေကို ကြည့်လိုက်ပါ။ အရက်နဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ မှုခင်းသတင်းတွေ နေ့တိုင်း ပါနေပါတယ်။ အရက်ဟာ သောက်တတ်ရင် ဆေးတဲ့။ မသောက်တတ်ရင် ဘေးတဲ့။ အခုတော့ ဆေးမဖြစ်တဲ့ ဘေးဖြစ်အောင် သောက်နေကြပါတယ်။ မြန်မာနိုင်ငံရဲ့ လိုအပ်နေတဲ့ လူစွမ်းအားအရင်းအမြစ်တွေ ပြည့်ဝစွာ အသုံးမချနိုင်တာဟာ အလုပ်အကိုင်ရှားပါးမှုနဲ့ အလွယ်တကူဝယ်ယူလို့ရနေတဲ့ အရက်တွေကြောင့်ဆိုရင် မမှားနိုင်ပါဘူး ခင်ဗျ။

အရက်မူးလာပြီဆိုရင် အမှားအမှန်မခွဲခြားတတ်တော့ပါ။ အရက်တရား အကြောက်တရားကင်းမဲ့လာပြီး လူသတ်ရန်လည်း ဝန်မလေးတော့။ ဘယ်ခွေးမှ လူမထင်ဘူးဆိုပြီးမြစ်လာပါတော့သည်။ အရက်ဟာ စွဲလမ်းမိပြီဆိုလျှင် အင်မတန် ဖြတ်ရန် ခက်ခဲသွားပါတော့သည်။ ပြီးတော့ မသောက်ရမနေနိုင်ဖြစ်လာပါတော့တယ်။ အဲဒီလို ဘာတစ်ခုမှ ကောင်းကျိုးမပေးတဲ့ အရက် နှစ်ခြိုက်စွာသောက်ရင်း လူ့လောကကို အကျိုးမပြုခဲ့ အသက်ကို အရက်နဲ့ လဲသွားတဲ့သူတွေ များလှပါပြီ။ အဲဒီအထဲမှာ ကျွန်တော်ရဲ့ ဆွေမျိုးသားချင်းတွေ ပါသလို လုပ်ဖော်ကိုင်ဘက်များ၊ မိတ်ဆွေသူငယ်ချင်းများလည်း ပါပါတယ်။ အရက်ကို မက်မောလို့ သက်တမ်းတိုတို နဲ့ မအိုခင် သေသွားကြရှာပါတယ် ခင်ဗျာ။ ကျွန်တော်ရဲ့ ဦးလေးဝီလီသိန်းဆိုရင် ပခုက္ကူမြို့မှာ စစ်ကြီးခေတ်က ပုလိပ်အဖွဲ့မှာ အတော်ဆုံး လက်ဝဲ့သမားတစ်ယောက်ပါ။ အရက်ကို စွဲလမ်းမိရာက အရက်သမားဘဝလုံးလုံးရောက်သွားပါတယ်။ အရက်အမူးလွန်ပြီး ခံတောသမိုင်းနှားမှာ လဲနေလို့ မြင်းလှည်းနဲ့ သွားခေါ်ပြီး ဆေးရုံတင်လိုက်ရပါတယ်။ အဲဒီအချိန်တုန်းက မိုးတွေက ရွာနေတော့ အအေးမိပြီး သတိလစ်နေပါပြီ။ ဆေးရုံရောက်တော့ ပုလင်းကြီးချိတ် (အားဆေးသွင်းပေးတာပါ) ပေးရတဲ့အဆင့် ရောက်သွားပါပြီ။ တစ်နာရီလောက်ကြာတော့ သတိတစ်ချက်ဝင်လာပြီး ခုတင်ဘေးမှာ ချိတ်ထားတဲ့ အားဆေးပုလင်းကို အရက်ပုလင်းအထင်နဲ့ လှမ်းဆွဲတော့တာပါပဲဗျာ။

www.burmeseclassic.com

အဲဒါသာ ကြည့်ပါတော့။ အရက်ကို ဘယ်လောက်စွဲလမ်းသလဲဆိုတာ။ မကြာပါဘူး…မနက်မိုးလင်းတော့ ဆုံးပါးသွားပါတယ်။

ဒါက အရက်ကြိုက်တဲ့ ဦးလေး အကြောင်းပါ။ နောက်တစ်ယောက်က အရက်ကြိုက်တဲ့ ကျွန်တော်သိပ်ချစ်ရတဲ့ တူလေး အောင်နိုတွန်းအကြောင်းပါ။ သူ့ မျက်စိရှေ့မှာပဲ သူ့အဖေနဲ့ သူ့အစ်ကိုတို့ ဟာ အရက်ကြောင့် အသက်ပေးသွားရ တာ သိသိကြီးနဲ့ အရက်ကို စွဲလမ်းနေတဲ့ သူပါ။ ဖြတ်လို့ မရတာလည်း ပါတာပေါ့ ဗျာ။ မိုးလင်းတာနဲ့ သောက်တာပဲ။ ကျွန်တော်က ဖြတ်မရတော့မှန်းသိနေ တော့ အရက်သောက်ရင် အစာများများ စားပေးဖို့ သတိပေးပါတယ်။ မရတော့ပါ။ အရက်က လူကိုနိုင်သွားပြီဆို အစာမစား တော့ပါ။ ဝိုက်ကလေးလူလာပြီး ခြေထောက် တွေ ဖောရောင်လာပါပြီ။ အမေဖြစ်သူက အရေပြင်း ဆေးရုံတင်လိုက်ရပါတယ်။ ဆေးရုံမှာ ဆယ်ရက်လောက်ကြာတော့ အခြေအနေကောင်းလာလို့ ဆေးရုံက ဆင်းခွင့်ပေးလိုက်ပါတယ်။ ဆရာဝန်ကြီးက အရက်လုံးဝမသောက်ဖို့နဲ့ အရက်သောက် ရင် သေဖို့ပဲရှိတော့တယ်လို့ သတိပေးပါ တယ်။ သေမှာကြောက်လို့လား မသိပါ။ နေတာက သုံးထပ်တိုက်အပေါ်ဆုံးထပ်၊ အောက်ကို လုံးဝမဆင်းတော့ပါ။ အသား အရည်က ဖိပြေပြီး ထထပါပြီ။ ညိုအင်္ကျီ မောင်နှမများက သူ့ကိုကြည့်၍ ဝမ်းသာနေ ကြပါတယ်။ ဒါပေမဲ့ ကြာကြာဝမ်းမသာ လိုက်ရပါ။ တိုက်ပေါ်ကဆင်းပြီး လက်ဖက် ရည်တွက်သောက်ရာမှ အရက်သမား အပေါင်းအသင်းများနဲ့ ပြန်ဆုံပြီး အရက် ဆိုင်ပြန်ရောက်သွားတာပါပဲ။ လက်ဖက် ရည်ဆိုင်နဲ့ အရက်ဆိုင် (ရွှေစင်ဦး) က ကပ်နေတာကို။ အရက်ပြန်သောက်ရင် သေမယ်မှန်သိလျက်နဲ့ တွင်းတူးပြီး မိုက် လိုက်တာပါ။

"ကိုယ်ရောင်နေတာတွေ ပြန် ကျသွားတာနဲ့ သေမှာပါဟာ"

ကျွန်တော့်တူ အောင်နိုတွန်းက သူနှမထွေးသီဂီကျော်ကို ပြောလိုက်တာ ပါ။ အရက်ပြန်သောက်သဖြင့် ကိုယ်တွေ ရောင်နေပြီပြီ၊ အရက်ကို လျှော့မသောက် တော့၊ သောက်ရင် သေမယ်ဆိုတာ သိသိ ကြီးနဲ့ မဖြစ်နိုင်တဲ့ စွဲစွဲလန်းလန်းသောက် ပြီး အရက်ကို အသက်နဲ့လဲသွားပါတော့ တယ် ခင်ဗျား။ နောက်တစ်ယောက်ရှိပါ သေးတယ်။ သူကတော့ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ရုံးက နေ့စားအလုပ် သမားတစ်ယောက်ပါ။ သူနာမည်က ကိုဝတုတ်ပါ။ မြောက်ဥက္ကလာပမှာ နေ တာပါ။ နာမည်က ဝတုတ်ဆိုပေမဲ့ လူက

www.burmeseclassic.com

www.burmeseclassic.com

ဝိန်ဝိန်ပါးပါးပဲပုပဲ။ သူလည်း အရက်ကြိုက်တဲ့ မောင်ပါပဲ။ ကိုဝတုတ်မှာ ချစ်စရာကောင်းတဲ့အချက်ကလေးတစ်ခုရှိပါတယ်။ တာဝန်ချိန်မှာ ဘယ်တော့မှ အရက်မသောက်ပါဘူး။ အလုပ်ပြီးလို့ အိမ်ပြန်ရောက်တာနဲ့ အရက်ဆိုင်ကို အရင်ဆုံးပြေးတာပါပဲ။

"အဖေ...လမ်းထိပ်က အရက်ဆိုင်မှာ သွားမသောက်နဲ့နော်"

အလုပ်က ပြန်လာတဲ့ ကိုဝတုတ်ကို သမီးဖြစ်သူ ညီညီမြင့်က ဆီးပြောလိုက်သည်။

"ဟုတ်တယ်...ကိုဝတုတ်ရေ။ အဲဒီဆိုင်က အရက်ကို သောက်တဲ့သူတွေ ဆေးရဲရောက်တဲ့သူ၊ သေတဲ့သူတွေ သောက်နှုန်းပြီတဲ့နော်"

ဝိန်းမဖြစ်သူ ဒေါ်သန်းကပါ ဝင်ပြောလိုက်တယ်။ အဲဒီအချိန်တုန်းက အရက်ကို အခုလို ဖောခြင်းသောခြင်း ဝယ်လို့မရ၊ ကုန်သွယ်ရေး ၄ က ရောင်းသော ဘီအီးဒီစီလို့ခေါ်တဲ့ အရက်ပြားကို တန်းစီဝယ်ရသော ကာလ။ ကုန်သွယ်ရေး ၄ ကထုတ်တဲ့ အရက်က သန့်သည်။ သို့သော် ဝယ်ရတာ ခက်ခဲသည့်အတွက် မှောင်ခိုချက်အရက်များပါ ရောင်းအား ကောင်းခဲ့သည်။ ကျပန်ဖိနပ်ဟောင်းများ၊ ဖာပြုတ်ချောက်၊ တတ်မြေညြောများကို ချက်လုပ်သော အရက်များ ထွက်လာသည်။ ပြီးတော့ ထွေညှိလို့ခေါ်တဲ့ စောအရက်များကို သောက်လာကြသည်။ အရက်ကြိုက်တဲ့သူတွေကတော့ ချက်အရက်ရဲ့ ဘေးထွက်ဆိုးကျိုးများကို ရရှိက်မနေ။ ချဉ်ချဉ်တူးတူး မူးလျှင် ပြီးရော။

"အဖေ...တခြားဆိုင်မှာ သွားသောက်နော်"

ရုပ်အင်္ကျီကို အပြင်ထုတ်ဝတ်ပြီး အင်္ကျီအောက် ခါးကြားထဲသို့ ပုလင်းလွတ်တစ်လုံးကို ထိုးထည့်နေသော ကိုဝတုတ်ကို သမီးဖြစ်သူက ပြောလိုက်သည်။

"အေးပါဟာ...။ ဆိုင်မှာ မသောက်ပါဘူး။ ဝယ်ပြီး ပြန်လာမှာပါ"

ကိုဝတုတ်တစ်ယောက် လေ ချွန်ရင်း အိမ်က ထွက်ထားပါတယ်။ ညီညီမြင့်က ကိုဝတုတ်၏ နောက်ကျောကို ကြည့်ရင်း -

"အမေ...အဖေ့ကို အရက်ဖြတ်ခိုင်းလိုက်ပါ အမေရယ်"

"ဟဲ့...ငါလောက်ပြောတာ ငါပဲရှိတယ်။ အရက်တော့ ဖြတ်မှာ မဟုတ်ဘူး။ ငါ့ကို ဖြတ်သွားမှာဟဲ့။ ဒီလောက် အရက်ကြိုက်တဲ့သူမို့ မတွေ့ဖူး မကြုံဖူးပါဘူးတော်"

သားအမိနှစ်ယောက် စကားတပြောပြောနှင့် ကိုဝတုတ်ပြန်အလာကို စောင့်နေကြပါတယ်။ သို့သော် ကိုဝတုတ်က ပြန်မရောက်လာဘဲ -

"ဒေါ်သန်းရေ...ခင်ဗျားယောကျ်ား ကိုဝတုတ်တစ်ယောက် ကျွန်တော်တို့ ပိုင်းတားနေတဲ့ကြားက လမ်းထိပ်အရက်ဆိုင်မှာ အရက်ဝင်သောက်လို့ ဆေးရုံရောက်သွားပြီဗျို့။ ကျွန်တော်တို့က ဒီဆိုင်က အရက်တွေ မသန့်ဘူး အဆိပ်သင့်နေတယ်။ သေတဲ့သူတွေသေ၊ ဆေးရုံရောက်တဲ့သူတွေ

www.burmeseclassic.com

ရောက်ကုန်ပြီ။ တခြားဆိုပါမှာ သွားသောက်လို့ ပြောတာ မရဘူးဗျ။ ဆိုင်ထဲ တန်းဝင်သွားတာပဲ။ အရက်ရောင်းတဲ့ အဒေါ်ကြီးကလည်း သူ့ဆိုင်က အရက်ကောင်းတယ်။ အဆိပ်သင့်နေတာ မဟုတ်ဘူး။ မယုံကြည်ရင်ဆိုပြီး သူကိုယ်တိုင်သောက်ပြတာ အရက်ရောင်းတဲ့အဒေါ်ကြီးပါ ဆေးရုံ ပို့လိုက်ရတယ်"

လမ်းထိပ်ဆိုက်ကားဂိတ်မှ ဆိုက်ကားသမားတစ်ယောက် ရောက်လာပြီး ရှင်းပြလို့ မြောက်ဥက္ကလာပဆေးရုံကို လိုက်သွားကြတယ်။ ဆေးရုံရောက်တော့ ကိုဝတုတ်တစ်ယောက်ကို အသက်ရှင်လျက် မတွေ့ရတော့။ ဇနီးမယားသမီးသားတို့က အတန်တန်မှာငိုက်တဲ့ ကြားက အဆိပ်သင့်နေသော အရက်ကို သောက်ဖြစ်အောင် သောက်လိုက်သော ကိုဝတုတ်ကို အရက်နဲ့အသက် လဲသွားသူလို့ ပြောရလေမလား။ အသက်ထုတ် အရက်ကို ပို့ပြီး ခုံမင်သူလို့ ပြောရလေမလား။ အဲဒီအချိန်က ဒီင်္ဂဒိုင်သတင်းစာကြီးတွေမှာ မြောက်ဥက္ကလာပက အရက်အဆိပ်သင့်လို့ သောက်သုံးသူတွေ သေဆုံးကြောင်း ဖော်ပြတဲ့သတင်း ပါလာပါတယ်။

တကယ်တော့ အရက်ကို အစလုပ်ပြီး မပြည်းစပ်းသင့်ကြောင်း၊ အင်မတန်မှ စွဲလမ်းစေတတ်ပြီး ဖြတ်ရန် အလွန်ခက်ခဲကြောင်း သိထားသင့်ပါတယ်ခင်ဗျား။ ပျော်လွန်းလို့ အရက်သောက်တာ၊ မဖြစ်သင့်သလို အပေါင်းအသင်းတွေ ဆွဲဆောင်လို့ မသောက်လိုက်ပါနဲ့။ မသောက်လို့ အပေါင်းအသင်းစာရင်းက ပယ်ဖျက်မယ်ဆိုရင်လည်း ပျော်ပျော်ကြီး အပယ်ဖျက်ခံလိုက်ပါ။ အားနာစရာ အကြောင်းမရှိပါ။ ဒီကနေ့ လက်ညှိုးထိုးမလွဲ ပေါနေတဲ့ စားသောက်ဆိုင်၊ ဘီယာဆိုင်နဲ့ အရက်ဆိုင်တွေမှာ အချိန်မရွေး လွတ်လွတ်လပ်လပ် ဝယ်လို့ရနေတာဟာ လူငယ်တွေအတွက် အန္တရာယ်တစ်ခုလို ဖြစ်နေသလို ပြည်တွင်းဖြစ် အရက်တွေက အဖုံးတွင်း ကုစမ်းမဲနဲ့ ရောင်းအားမြင့်ပြီး တချို့သော ဂျာနယ်တွေမှာ စာမျက်နှာပြည့် ရောင်စုံနဲ့ ကြော်ငြာတွေ လွတ်လပ်စွာ ခွင့်ပြုထားကို လည်း ထိန်းချုပ်သင့်ပြီဖြစ်ပါကြောင်း...။

ကျွန်တော်ရဲ့ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ အရက်နဲ့မှာ နစ်သွားခဲ့သလို ယနေ့လူငယ်လေးများ မဖြစ်စေချင်တဲ့ ဆန္ဒအမှန်ဖြင့် တင်ပြလိုက်ရပါသည် ခင်ဗျား။

(လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်လျက်)

ကျော်အေးလွင်

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်တာရာ ရေးသားသည်

အောင်အောင်မိန်
အာသင်္ကလုပ်

www.burmeseclassic.com

www.burmeseclassic.com

ရွာအမည်က ခပ်ဆန်းဆန်း ရယ်။ "ဖိုလ်တစ်လုံးရွာ"၊ ဖိုလ်တစ်လုံး ရွာက ဂိုးမတောင်ခြေနှင့် နီးသည်။ ရွာနှင့် ဂိုးမတောင်ခြေစပ်က အနီးဆုံး လေးမိုင် ပျော့ပျော့လောက်ရှိသည်။ ဖိုလ်တစ်လုံး ရွာအနီးပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်တွင် လယ်ယာမြေများ တပြန့်တပြောကျယ် ဝန်းသည်။ မိုးလေဝသ မှန်ကန်သော ကြောင့်လည်း စိုက်ရေး ပျိုးရေးကိစ္စ ရပ်များက ဖြစ်ထွန်းအောင်မြင်သည်။ လယ်ယာကိစ္စရပ်နှားချိန်တန်လျှင် ဂိုးမ တောင်၌ ယုန်ထောင် ကြောင်လိုက် အမဲရာမွေရေး ကိစ္စလည်း လက်မနေ ကြ။ လူနေရွာနီးချုပ်ပြီး၍ အမဲကောင်၊ သားကောင်ကြီးများ တောင်ခြေဆင်းလေ့ မရှိသောကြောင့် သားကောင်ကြီးများ အန္တရာယ်မှ ကင်းဝေးသည်။ သားကောင် တို့၏ သဘာဝမှာ လူကိုကြောက်သော စိတ်အပြိုရှိသည်။ လူနှင့် ပက်ပင်းရင်ဆိုင် တိုးလျှင် လက်ဦးမှုပ္ပုက ကြမ်းတမ်းစွာ တုံ့ပြန်တိုက်ခိုက်လေ့ရှိသည်။ သို့မဟုတ် ပါက လူနှင့်ဝေးရာသို့ ရောင်ရှားနေတတ် ကြသည်။ ထို့ကြောင့်လည်း တောခြေ တောင်ခြေတွင် အန္တရာယ်ရှိသော သားကောင်ကြီးများရန်မှ စိတ်ချရသည်။

လယ်လုပ်ငန်းနှားချိန်မျိုးတွင် တောလယ်ရင်း မျှစ်ခို၊ ပိန္နဲတ်၊ သေးယ သော အကောင်ပလောင်များကိုသာ ရှာဖွေ ကြသည်။ ကျော့ကွင်း၊ ညွှတ်ကွင်း၊ သုတ်ကိုင်း ထောင်ချောက်တို့ကို သုံး၍ ဖမ်းဆီးကြသည်။ အကြီးဆုံးအကောင်ဆို လျှင် ဂျီ ဆတ်၊ ဒရယ် အဆင့်သာရှိ သည်။ ထို့ထက်ပိုကြီးသော သားကောင် များ မတွေ့ရတော်ပေ။ တောကောင်ကြီး များနှင့် ရင်ဆိုင်တိုး၍ ခက္ခရောက်ရသူ မရှိသေးပေ။ ထို့ကြောင့် ဖိုလ်တစ်လုံး ရွာသားများ တောခြေတောင်ခြေဝင်၍ မျှစ်ခို၊ ပိန္နဲတ်၊ ငါးခုတ်၊ ထင်းတိုက် အလုပ်ကို စိတ်အေးလက်အေးလုပ်ကိုင် ကြသည်။ အမဲကောင်ပယ်ဖြစ်သော ယုန်၊ ဖွတ်၊ ပုတတ်ဖမ်းသည်။ ခို၊ ခါ၊ ငုက်၊ ဂေါက်ထောင်ဖမ်းကြသည်။

ဖိုလ်တစ်လုံးရွာလူကြီး ဦးခေါင်း ရိုန်က သူ့ရွာအပေါ် သြဇာညောင်းသူ ဖြစ်သည်။ ရွာကိစ္စ မှန်သမျှ ဖေးမကူညီ စောင့်ရောက်သည်။ ရွာအကျိုးကို ရှေ့ဆုံး က ပါဝင်ဦးဆောင်ဦးရွက်ပြုပေးသည်။ ထို့ကြောင့်လည်း ရွာသူရွာသားများက ဦးခေါင်းရိုန်ကို ရိုသေလေးစားကြသည်။ ယခု ဦးခေါင်းရိုန် စိတ်ညစ်ရာတစ်ခုနှင့် ကြုံနေရသည်။ သူနှင့် ဆွေမျိုးတော်စပ် သော ရွာသားကျာအေးစိန်တစ်ယောက် ပျောက်နေသည်။ တောင်ခြေဘက် ထင်း ခုတ်သွားရင်း အိမ်ပြန်မရောက်သည်မှာ သုံးလေးရက်စွန်းနေပြီ။ ရွာသားများစုပေါင်း ပြီး တောနှင်းရာမွေကြရာ ဓားမတိုတစ် ချောင်းနှင့် ခုတ်ပြီး စုပုံထားသော ထင်း ကိုင်းများသာ တွေ့ရသည်။ ကျာအေးစိန်ကို အရိပ်အရောင်မျှ မတွေ့ရ။ နောက်ဆုံး ဦးခေါင်းရိုန်က သူ့ရွာသားများကို တောင် တောထွက်ကိစ္စ ဆင်ခြင်ရန်နှင့် သွားလို လျှင် လူစုလူဝေးနှင့်သွားရန် တစ်ယောက် တည်း အရဲကိုးစွန့်စားခြင်း မပြုရန် သတိ ပေး တားမြစ်ထားရသည်။ တောပြန် လူအုပ်စုကို သတင်းမေးကြည့်လျှင်လည်း ကျာအေးစိန်ကို မတွေ့ကြောင်း ထူးခြားမှု

www.burmeseclassic.com

www.burmeseclassic.com

မတွေ့ကြောင်းကိုသာ ပြောဆိုကြသည်။ ကျာအေးစိန်ကား အမှန်တကယ်ပျောက်ချက်သား ကောင်းနေသည်။ ဦးခေါင်းရှိန် ဘာလုပ်ရမှန်းမသိတော့။

တစ်နေ့သော ညနေပိုင်းတွင် ကရင်ကြီးတစ်ဦး ခရီးဆောင်အိတ်ရည်ကြီးလွယ်လျက် ဖိုလ်တစ်လုံးရွာသို့ ပေါက်ချလာသည်။ မည်သူမည်ဝါကိုမျှ မေးစမ်းခေါ်ပြော နှုတ်ဆက်ခြင်းမရှိ။ ဦးခေါင်းရှိန်အိမ်သို့သာ တိုက်ရိုက်ရောက်ရှိလာသည်။

"ဖိုးခေါင်းရှိလားဟေ့"

"ရှိတယ် ဖထီးရေ။ လာ···လာ"

ဦးခေါင်းရှိန်က သူ့အိမ်ရှေ့သို့ ရောက်ရှိလာသော ကရင်ကြီးကို ဆီးကြို ပွေ့ဖက်နှုတ်ဆက်သည်။ ကရင်ကြီးကတော အတွေ့အကြုံရင့်ကျက်သော မုဆိုးကြီးဖြစ်သည်။ ဦးခေါင်းရှိန်က လူကြုံနှင့် အမှာစာပို့လွှတ်ခေါ်ပို့ကိုင်၍ ရောက်လာခြင်းဖြစ်သည်။ မုဆိုးကြီးအမည်က စောဘာနီ။ ဦးခေါင်းရှိန်နှင့် ရင်းနှီးကျွမ်းဝင်ချစ်ခင်သော ငယ်သူငယ်ချင်းလည်း ဖြစ်သည်။

အိမ်ပေါ်ရောက်လျှင် ဦးခေါင်းရှိန် မိသားစုနှင့် တရင်းတနှီး စကားပြောကြသည်။ ဖထီးစောဘာနီက ဦးခေါင်းရှိန်အိမ်သို့ ယခင်က မကြာမကြာ ရောက်ခဲ့ဖူးသူဖြစ်၍ အားလုံးနှင့် ရင်းနှီးပြီးသားလည်း ဖြစ်သည်။

"ကဲ···ဆိုစမ်း ဖိုးခေါင်။ နင် ငါ့ကို ခေါ်ကပို့လိုက်တာ အကြောင်းထူးရှိမယ်လို့ ငါတွက်ပြီးသား"

"မှန်ပါတယ် ဖထီးရယ်။ ငါ့မှာ အခက်အခဲတစ်ခု ကြုံနေတယ်။ ငါလည်း စဉ်းစားလို့ မရအောင် ခေါင်းခဲနေတယ်"

"ဘယ်လိုကိစ္စမျိုးလဲ ဖိုးခေါင်းရ"

"ငါ့ရွာသားတစ်ယောက်ကွာ ကျာအေးစိန်ဆိုတဲ့ကောင်ပေါ့။ ငါနဲ့လည်း ဆွေမျိုးတော်တယ်"

ဦးခေါင်းရှိန်က ကျာအေးစိန် အကြောင်း လုံးစေ့ပတ်စေ့ပြောပြသည်။ မုဆိုးကြီး စောဘာနီက သေသေချာချာ နားထောင်ရင်း ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေသည်။

"သူ့ထင်းပုံနားမှာ ဓားမတို တွေ့တယ်ဆိုတော့ တခြားသွေးကွက်၊ သွေးစက်တွေကော တွေ့ပိသေးလား"

"ငါကိုယ်တိုင်ပါတာပဲ ဖထီးရ။ သွေးကွက်၊ သွေးစက်တော့ လုံးဝ မတွေ့မိဘူး"

"ဒီလိုရှိတယ် ဖိုးခေါင်းရ။ နင် ပြောတာတွေကို ခြုံပြီးစဉ်းစားလိုက်ရင် ဘာဖြစ်နိုင်တယ်ဆိုတာ အဖြေထုတ်လို့ ရတယ်။ သို့သော်ငြားလည်း အိမ်ပေါ်ထိုင်ပြီး အဖြေထုတ်မယ့်အစား တောရိပ်တောင်ရိပ်အခြေအနေလေ့လာအကဲခတ်ပြီးမှ ဆုံးဖြတ်ရတာ ပိုသေချာတယ်"

"ဘာဖြစ်နိုင်လဲ ဖထီး"

"နင့်ကိုပြောဖို့ စောသေးတယ်

www.burmeseclassic.com

နင်ကိုယ်တိုင်တွေ့မှယုံ"

"တို့တစ်တွေ မနက်စောစော တောဝင်ကြမယ်"

"မြန်လေ ကောင်းလေပေါ့ ဖိုးခေါင်ရော"

မုဆိုးကြီး စောဘာနီက သူ့ခရီးဆောင်အိတ်ရည်ကြီးအတွင်းမှ ပစ္စည်းများကို တရိတသေထုတ်ယူလိုက်သည်။ အနီးတွင် ဦးခေါင်ရှိန်နှင့် သူ့သားထူးအောင်ရှိန်က ထိုင်ကြည့်နေကြသည်။ မုဆိုးကြီး ထုတ်ယူသော ပစ္စည်းများမှာ လက်နက်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သည်။ ထို အစိတ်အပိုင်းများကို တတ်ဆင်လိုက်ရာတွင် စိတ်ဝင်စားဖွယ် ဒူးလေးတစ်လက်ဖြစ်လွှားသည်။

"ဟာ . . . ဖထီး ဒူးလေးက ဟစ်ခုချင်း ဖြုတ်လို့ တတ်လို့ရတာပေါ့ နော်။ တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်"

မုဆိုးကြီး ဒူးလေးတတ်ဆင်ပုံကို အနားတွင်ထိုင်လျက်၊ မျက်တောင်မခတ်ကြည့်နေသော ထူးအောင်ရှိန်က မှတ်ချက်ပြုလိုက်သည်။

"ဒီလိုပေါ့ လူလေးရာ။ ခရီးဆောင်ယူသွားတဲ့အခါ သယ်ရလိုရလွယ်ကူတာပေါ့။ ကျစ်ကျစ်လစ်လစ်လည်း ရှိတယ်။ ဒီဒူးလေးက ဖထီးကိုယ်တိုင် စဉ်းစားပြီး အကောင်းဆုံးဖြစ်အောင် တီထွင်ထားတာကွဲ့"

မုဆိုးကြီးက အိတ်အတွင်းမှ ဝါးကျဉ်တောက်တစ်ခု ဆွဲထုတ်ယူလိုက်ပြီး ဘူးအဖုံးကို ဖွင့်ပြရာ -

"ဟာ . . . မြားတံတွေလည်း အများကြီးပဲ"

မုဆိုးကြီးက မြားတံသုံးချောင်းထုတ်ပြသည်။ တစ်ချောင်းက ရိုးရိုးဝါးချွန်မြား။ တစ်ချောင်းက ထိပ်တွင် သုံးမြွှောင့်သံဒလက်ချွန်တတ်ဆင်ထားပြီး အပြီးပိုင်းတွင် ငှက်မွေးတောင်များပါသော မြားတံ



နှင့် ကျန်တစ်ချောင်းက ခုတိယမြားတံနှင့် ဆင်တူသော်လည်း အပြီးပိုင်းငှက်တောင်ကို အနီရောင်ဆေးခြယ်ထားသည်က ထူးခြားနေသည်။

"ဒီမြားတံတွေက ဘယ်လိုကွာခြားလည်း ဖထီး"

"ကွာခြားတယ်လူလေး။ ဒီရိုးရိုးမြားတံတွေက အကောင်သေး အကောင်ငယ်တွေကို ပစ်ရင်ထိရောက်မှုရှိတယ်။ ဒီသံခေါင်းတတ် မြားတံက အကောင်ကြီးတွေကို ပစ်တာ။ ဂျီ ဒရယ်ဆတ်၊ တောဝက်စတဲ့ အကောင်မျိုးတွေအတွက် အသုံးဝင်တယ်။ ငှက်တောင်ကို ဆေးနီသုတ်ထားတဲ့ မြားတံက အထူးကရိုက်ရတဲ့ အဆိပ်လူမြားကွဲ့။ ဒါကြောင့် ဆေးနီနဲ့ အမှတ်အသားလုပ်ထားရတယ်။ တောကောင်ကြီးတွေကြတော့ သူနဲ့မှ အဆင်ပြေတယ်။ ထိတာနဲ့ တုံးခနဲလဲတာပဲ။ တစ်ဆွေခွန်အဆိပ်လို့လည်း ခေါ်တယ်"

"တစ်ဆွေခွန်ဆိုတာ ဘာကို ပြောတာလဲ ဖထီး"

www.burmeseclassic.com

www.burmeseclassic.com

"မြေးတဲ့စူးမိတာနဲ့ တစ်ပြိုင်နက် ဆွေ့ခနဲ တစ်ချက်သာ ခုန်ဝင်ပြီး ကိစ္စ ချောတော့တာပဲ"

"ကြောက်စရာကောင်းတယ် နော်"

"အင်းပေါ့။ ရင်ဆိုင်ရတဲ့ တော ကောင်ကြီးတွေဆိုတာကလည်း အလွန် ကြောက်စရာကောင်းတယ်ကွဲ့"

"ဖထီး...တို့မနက်ပိုင်းအလင်း ရောင်မြင်တာနဲ့ တောဝင်ကြမယ်"

"ကောင်းတယ်။ လူများများ လိုက်လို့တော့ မဖြစ်ဘူး။ ခြေရှုပ်လက်ရှုပ် တယ်"

"ဖထီးနဲ့ တို့သားအဖပဲ လိုက်မှာပါ"

"အေး...အဲဒါပဲ ကောင်းတယ်"

× × ×

မနက်အလင်းရောင်ပျို့လာသည်နှင့် မုဆိုးကြီးစောဘာနီ၊ ဦးခေါင်းရှိန်နှင့် ထူးအောင်ရှိန်တို့ လိုအပ်သော အစားအသောက်၊ ရောဂါများ ထုပ်ပိုးလွယ်သိုင်း၍ အိမ်မှ ထွက်ကြသည်။ မုဆိုးကြီးက ခါးတွင် လက်စွဲတော် အမဲလိုက်ဓားမြှောင်ကြီး ချိတ်၊ နူလေးထမ်းလျက် ဦးခေါင်းရှိန်သားအဖက ဓားလွတ်ကိုယ်စီဖြင့် အိမ်မှ ထွက်လာကြသည်။

"ဦးလေးရှိန် . . . ဦးလေးရှိန် ခဏလေးနေပါဦး"

အမျိုးသမီးတစ်ဦးက အဝတ် အစားဗိုသီဖတ်သီဖြင့် ဦးခေါင်းရှိန်တို့ ရှိရာသို့ အပြေးရောက်လာသည်။ ရွာသား ကိုတိုတောင်ဆိုသူ၏ ဖိန်းမ မခင်ပုဖြစ် သည်။

"ဟဲ့...ခင်ပု ဘာကိစ္စဖြစ်လာ ရပြန်တာတုန်း"

"ဟို...ဟို...လေ ကိုတို တောက်ရယ်၊ မနက်က အစောကြီး တောဝင်ထင်းခုတ်မယ်ဆိုပြီး ထွက်သွား တယ် ဦးခေါင်းရှိန်ရယ်"

"ဟာ...လာပြန်ပြီတစ်ယောက်၊ ဂျာအေးစိန်လည်း ထင်းခုတ်သွားရင်း ပျောက်နေလို့ တို့အရှာထွက်နေရပြီ။ အဖော်နဲ့စုပြီး သွားဖို့ပြောထားတာ နား မထောင်ကြဘူး။ ခက်ပါတယ်ဟာ။ နို့... နင်က မတားဘူးလား"

"တားပါတယ် ဦးလေးရှိန်ရယ်။ ကျွန်စကားကို နားမထောင်ဘဲ၊ ငွတ်အတင်း ထွက်သွားတယ်။ အဲဒါ ဦးလေးရှိန်တို့ သူ့ကိုတွေ့ရင် ဖျောင်းဖျပြီး ခေါ်ခဲ့ပေးပါ။ ကျွန်ုပ်ရင်တွေ တုန်လွန်းလို့ပါတော်"

"ကဲပါ...နင်လည်း သိပ်ပြီး စိတ်ပူမနေနဲ့၊ ဒီကောင် အန္တရာယ်နဲ့ မကြုံခင် တို့နဲ့အရင်တွေ့ဖြစ်ဖို့ပဲ အရေးကြီး တယ်။ ကဲ တို့သွားကြမယ်"

ဂိုမအစ်တောထဲ တဖြည်းဖြည်း ဝင်လာကြသည်။ အလင်းရောင်အားကောင်း သောကြောင့် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင် ကို ကောင်းစွာမြင်နေရသည်။ စောဘာနီက ဝါရင့်တောကျွမ်းမုဆိုးကြီးပီပီ မုဆိုး မျက်လုံး၊ မုဆိုးအကြည့်၊ မုဆိုးနား၊ မုဆို



www.burmeseclassic.com

ခြေလုပ်။ မုဆိုးလူပ်ရှားမှုများဖြင့် သတိမလပ် ပတ်ဝန်းကျင်ကို အကဲခတ်သည်။

"ဒီနေရာပဲ ဖထီး"

ဦးဒေါင်းရိန်က တောတစ်နေရာကိုလက်ညှိုးထိုးပြသည်။ ခုတ်ပြီးပုံထားသော ထင်ပုံဖြစ်သည်။ မုဆိုးကြီးက ထင်းပုံနှင့်တကွ ပတ်ဝန်းကျင်နေရာအနှံ့ကို လှည့်ပတ်ကြည့်ရှုရင်း စေ့စေ့စပ်စပ် လေ့လာသည်။ လူသွားလမ်းဖြစ်နေသော မြေနေရာကိုလည်း လေ့လာသည်။

"ဖိုးဒေါင်းရေ . . . မနက်က ထွက်သွားတဲ့လူ တို့များအရေမှာ ရှိနေလောက်တယ်။ အန္တရာယ်ကလည်း ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာပဲ နေရာပြနေတယ်။ ဒီမှာ သူ့ခြေရာ လတ်လတ်ဆတ်ဆတ်ကြီးရှိသေးတယ်။ နောက်ပြီး အန္တရာယ်ကောင်ကလည်း ဒီအနားတစ်ဝိုက်မှာပဲ ဝဲလည်နေတယ်"

မုဆိုးကြီးက အနီးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ သွက်လက်စွာ တက်သွားသည်။ ထိပ်ဖျားပိုင်းရောက်လျှင် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ပြီး ပြန်ဆင်းလာခဲ့သည်။

"လာကြပေ့ အခြိန်မရှိဘူး။ နောက်ကျသွားရင် ကိုယ်ကိန်းနည်းစရာတွေ့နေရလိမ့်မယ်။ ခြေသံလုံလုံနဲ့ ငှဲ့နောက်က လိုက်ခဲ့ကြ"

မုဆိုးကြီးက မြေတစ်ဆုပ်ကောက်ယူပြီး လေထဲလွှင့်ကြည့်သည်။ မြေမှုန်များက လေတိုက်ရာအရပ်သို့ လွှင့်ပါသွားသည်။

"မြန်မြန်လာပေ့။ လေတင်ကသွားလို့ မဖြစ်ဘူး။ လေအောက်ကသွားကြမယ်။ ခြေသံလုံကြနော်"

လေအောက်အရပ်မှ ကွေ့ဝိုက်၍ သွားကြသည်။ တစ်နေရာသို့ရောက်လျှင် ဦးဒေါင်းရိန်တို့ သားအဖကို ခြံ့ယူတတ်တစ်ခုအတွင်း ခွဲသွင်းပြီး -

"စိတ်ကို ငြိမ်ငြိမ်ထား။ မလန့်ကြနဲ့။ အသံတွက်လို့ မဖြစ်ဘူး။ ပါးစပ်ကို လက်နဲ့ပိတ်ပြီး ငါပြတဲ့ နေရာကိုကြည့်။ သိပ်ပြီး မစိုးရိမ်နဲ့။ ဒီအန္တရာယ်ကို ငါရှင်းပစ်မယ်"



မုဆိုးကြီးပြသော နေရာသို့ ဦးဒေါင်းရိန်တို့ သားအဖ ချောင်းကြည့်လိုက်ရာ အလွန်အမင်း တုန်လှုပ်ချောက်ချားသွားသည်။ ကြောက်မက်ဖွယ်ရာ မြွေကွင်းကြီးဖြစ်နေသည်။ လူတစ်ယောက်က မတုတ်မလှုပ်မတ်တတ်ရပ်နေသည်။ ထိုလူက ရွာသားကိုဘိုတောက်။ သူ့ရှေ့တွင် လူတစ်ယောက် ပေါင်လုံးထက်ကြီးသော နှစ်ချို့ စပါးကြီးမြွေကြီးတစ်ကောင်။ ကိုဘိုတောက်ကို ညှို့ယူဖမ်းထားသောကြောင့် လုံးဝလှုပ်ရှားမှုမရှိ။ သတိကင်းလွတ်နေသော လူသားကို အစာအဖြစ် ဝါးမျိုရန် အနီးသို့ ချဉ်းကပ်လာနေသည်။ တောကောင်တို့ သဘာဝကလည်း အစာမစားမီ ပတ်ဝန်းကျင်အနှောင့်အယှက်ကို အရင်လေ့လာသုံးသပ်ပြီးမှ စားလေ့ရှိသည်။ မြွေကြီးက မြေပြင်ကို အကဲခတ်၊ လေပြင်ကို အနံ့ခံလေ့လာ

www.burmeseclassic.com

www.burmeseclassic.com

နေပုံရသည်။ ချက်ချင်းကြီး အနားမကပ်။

"နင်တို့ ဒီမှာ ပြိမ်ပြိမ်လေးနေ။ လုံးဝအသံမထွက်နဲ့"

မုဆိုးကြီးက သူတို့အနားမှ ခွာသွားပြီး လေအောက်အရပ်ကို ရွေ့လျက် တဖြည်းဖြည်းချင်း အနီးဆုံးနေရာ ရောက်အောင် ကပ်သွားသည်။ သုံးယောင်္ကျင့်သဲလင်္ကန်ခြေးတပ်ထားသော မြားတံကို ရွေးထုတ်၍ လေးညှိုတင်ထားသော ဒူးလေးမြားပြေးလမ်းပေါ်တင်ထားလိုက်သည်။

မြွေကြီးက အစာကို အာရုံစိုက်ပြီး ကိုဘိတောက်အနီးသို့ ချဉ်းကပ်လာသည်။ ပါးစပ်ကို ဟထားသည်။ ခွဲပြစ်သော အရည်များက ပါးစပ်တွင်းမြည့်သိပ်နေသည်။ မြွေတို့၏ အကျင့်က အစာကို မျိုချိန်မှ မိမိအစာကို ကိုယ်လုံးနှင့် ရစ်ပတ်ညှစ်သတ်၊ ဆွဲဆမ်းပြီး ဦးခေါင်းဝိုင်းမှ စတင်မျိုလေ့ရှိကြောင်း မုဆိုးကြီးက သိပြီသား။

"ဝုစ်"

"ဒေါက်"

လေညှင်းမှ အရိုန်နှင့် မြေထွက်သွားသော မြားတံက မြွေကြီး၏ ဦးခေါင်းပိုင်း ဦးနှောက်ရှိရာ နားထင်သို့ ထိုးဖောက်စိုက်ဝင်သွားသည်။ ဒူးလေးမစ်ခတ်မှုတွင် တစ်ချက်တည်းနှင့် ထိုင်ကျသွားနိုင်သော ချက်ကောင်းနေရာကို မုဆိုးကြီးက သိပြီသား။ သူ့လက်ရည်လက်သွေးကိုလည်း ယုံသည်။ မြားတံကလည်း သူချိန်ရွယ်ပစ်ခတ်သည့် နေရာကို စိုက်ဝင်လျက် တစ်ဖက်သို့ ဖောက်ထွက်ပြီး တန်းလန်းကြီးဖြစ်နေသည်။

မြွေကြီး၏ ဦးခေါင်းက သိတံနှင့် တံစို့ထိုးထားသလိုဖြစ်နေသည်။ တိရစ္ဆာန်တို့၏ အထာကို သိထားသော မုဆိုးကြီးက မတုန်မလှုပ် ငုတ်ကြီးရပ်နေသော ဘိတောက်ရှိရာသို့ အပြေးအလွှား သွားရောက်တွန်းလှဲပြီး ဦးခေါင်းရှိန်တို့သားအဖရှိရာ ခြံတွင်းသို့ ဆွဲသွင်းရသည်။



မုဆိုးကြီးတွက်ထားသည့်အတိုင်းပင် မြားမှန်ထားသော မြွေကြီးက ပတ်ဝန်းကျင် နေရာအနံ့ သူ့ကိုယ်လုံးကြီးဖြင့် ကြမ်းတမ်းစွာ ပွေ့ရစ်ပုတ်ခတ်တော့သည်။ အပင်ငယ် အပင်သေးများ တဖြောင်းဖြောင်း ကိုနပြတ်ကုန်သည်။ ခြံပတ်နွယ်ပင်များမှာလည်း ရစရာမရှိအောင် ကြေမွကုန်သည်။

"တော်တော်ကြောက်စရာကောင်းတဲ့ အကောင်ကြီးပါလား ဖထီးရာ"

"အေး . . . နင်တို့ ပြောတဲ့ စကားနဲ့ မြေပြင်အခြေအနေကို လေ့လာကြည့်လိုက်ကတည်းက ဒီလိုအကောင်ရှည်ကြီးမျိုးဖြစ်ပြီး ဒီအနီးအနားတစ်ဝိုက်မှာ ကျက်စားနေမယ်ဆိုတာ သိပြီးသား။ သူသွားလာထားတဲ့ စွတ်ကြောင်းတွေက ဒီနားတစ်ဝိုက်မှာပဲ အထင်းသားဖြစ်နေတယ်။ နင်တို့ကို ပြောရင် သွေးလန့်မှာစိုးလို့မပြောတာ"

သတိပြန်ရလာသော ကိုဘိတောက်က မုဆိုးကြီး စောဘာနီနှင့် ဦးခေါင်းရှိန်ကို ထိုင်ကန်တော့လေသည်။

"ကျွပ်မှာ အမေမွေးက

www.burmeseclassic.com

www.burmeseclassic.com

အသက်မရှိတော့ပါဘူး။ ဖထီးနဲ့ဦးဒေါင်ရှိန်တို့ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်။ ကျွန်အသက်ကို ကယ်တင်တဲ့အတွက်လည်း တစ်သက်လုံးမေ့လို့ရတော့မှာ မဟုတ်ပါဘူး။ အမြဲတမ်းသတိရပြီး ကျေးဇူးတင်နေမှာပါဗျာ"

"မင်းရဲ့ အဖြစ်အပျက်ကို မြင်လိုက်ရတာ ဖထီးပြောသလို ငါတို့တောင် သွေးပျက်ချင်တယ်။ တကယ့်မြင်ကွင်းဆိုးကြီးကို မြင်ရတော့မလို့။ မင်းကလည်း ကံသီလို့ မုဆိုးကြီးကလည်း တောကောင်တွေ အထာကို သိထားတာမို့လို့ မင်းအသက်နဲ့ကိုယ် ပြန်နေတာ ဘိုတောက်ရေ"

လူပ်ရှားမှုအားပျော့၍ တဖြည်းဖြည်းငြိမ်ပြီး အသက်ပျောက်သွားသော မြွေကြီးရှိရာသို့ လေဦးသားလျှောက်လာကြသည်။

"ကျွန်တော်လည်း ဒီအကောင်ကြီးဗိုက်ထဲ ရောက်သွားတာဖြစ်မယ် ဖထီး"

"ဟေ့ကောင်ပဲ့ ဖိုးဒေါင်းရာ။ ထင်းပုံနားမှာ ဒီကောင်ကြီးတွားသွားထားတဲ့ စွတ်ကြောင်းကြီးတွေက မပျောက်သေးဘူး။ နောက်ပြီး ဘိုတောက်ခြေရာနောက်ကို ဒီကောင်ကြီး လိုက်ထားတဲ့ စွတ်ကြောင်းကလည်း လတ်လတ်ဆတ်ဆတ် အထင်းသားကြီး"

ကြီးမားတောင့်တင်းသော ငါးလုံးရှည်ကြီးတစ်လုံး ခုတ်ဖြတ်လျက် မြွေသေကြီးကို ငါးလုံးနှင့်ပူးတွဲချီနောင်ပြီး ရေနှစ်ယောက် နောက်နှစ်ယောက်ထမ်းလျက် ရွာဘက်ဆီသို့ ပြန်လာကြသည်။

"ဟေ့...ဖိုးဒေါင်း ဒီကောင်ကြီး သည်းခြေနဲ့ ညှို့ကြော ငါ့ကိုပေးဟာ...။ ဖြစ်ပါတယ်နော်"

"ယူပါ သူငယ်ချင်းရာ။ တို့ရွာသားတွေကို ဒုက္ခပေးတဲ့ ဒီအကောင်ကြီးကို ရှင်းပေးတာပဲ ကျေးဇူးတင်လှပါပြီ။ ဘိုတောက်ဆိုရင် မင်းပေးတဲ့ အသက်ပဲရှိပါတော့တယ်"

လေးယောက်သား မြွေကြီးကို ထမ်းရင်း စကားတပြောပြောနှင့် ပြန်လာကြရာ ရွာနှင့် တဖြည်းဖြည်းနီးကပ်လာသည်။

(သုခံဟောတု၊ ဒုက္ခာမုဒ္ဓန္တု)

မောင်အင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒေါက်တာမေတန်ခူးသည် မိမိ တာဝန်ကျရာ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ရန်ကုန်)၏ ဆေးရုံဝင်းထဲသို့ ကားကလေးကို ချီးကွေ့ဝင်လိုက်သည်။ နံနက်ခင်း နေရောင်ခြည်နုနုအောက်တွင် ဆေးရုံအဆောက်အဦကြီးသည် မားမားမတ်မတ် ပုံထည်နေလေသည်။ မေတန်ခူး၏ ကားလေးသည် ဆေးရုံအဝင်လမ်း ညောင်ပင်ကြီးတစ်ပင် ရှေ့တွင် ရုတ်တရက် စက်ရပ်သွား၏။ မေတန်ခူးက လမ်းနံဘေးရှိ ညောင်ပင်ကြီးကို ကြည့်လိုက်ရာ...

"အိုး...လှလိုက်တဲ့ ညောင်မှတ်ဆိတ်ပင်ကြီးပါလား"

အရွက်တွေ ကလည်း စိမ်းညို့နေပြီး ပင်လုံးကြီးကလည်း လူ ၅ ယောက်ဖက်လောက် ကြီးမား၏။ အလှဆုံးမှာ ညောင်ပင်ကြီးပေါ်မှ တွဲလောင်းကျနေသော ညောင်မြစ်များဖြစ်၏။ ညောင်မြစ်ကလေးများသည် မိန်းကလေးတစ်ဦး၏ နွဲ့ပျောင်းသော ဆံနွယ်လေးများလို လေအတွေ့တွင် ယိမ်းနွဲ့နေကြ၏။ ညောင်မြစ်ကလေးများကို မြေပြင်နှင့် ၁ ပေ ခန့်အကွာတွင် တညီတည်းဖြစ်အောင် ဖြတ်ထား၏။ ညောင်မြစ်များသည် လှပစွာ တွဲလောင်းကျနေပြီး ညောင်ထောက်မြစ်များကလည်း ညောင်ပင်ကြီးကို မတင်ထားသကဲ့သို့ ညောင်ပင်ပတ်ပတ်လည်မှ ညောင်ကိုင်းများနှင့် မြေပြင်ကို ဆက်သွယ်ထားကြ၏။

ညောင်မှတ်ဆိတ်ပင်ကြီး၏ ပင်စည်အရှေ့ဘက်တွင် ဆေးဖြူသုတ်ထားသော အင်္ဂတေဖြင့် နန်းကလေးတည်ဆောက်ထားပြီး ၎က်ပျော်ပွဲတစ်ပွဲထိုးထား၏။ အုန်းသီး၊ ၎က်ပျောသီးများသည် စိမ်းစိုလတ်ဆတ်နေပြီး ပွဲထဲရှိ တံခွန်၊ ကုက္ကားများမှာလည်း တောက်ပနေ၏။ ညောင်မှတ်ဆိတ်ပင်ကြီး၊ နန်းကလေးနှင့် ၎က်ပျောပွဲတို့၏ မြင်ကွင်းသည် မေတန်ခူး၏ ရင်ထဲအတိ စူးဝင်သွားပြီး အမည်ဖော်ပြမရသော လွမ်းမောမှုကို ခံစားလိုက်ရ၏။ မေတန်ခူးသည် ညောင်ပင်ကြီးကို ချစ်မြတ်နိုးစွာ ကြည့်လိုက်ပြီး ဆေးရုံကြီးရှိရာသို့ ကားမောင်းလာခဲ့သည်။

မေတန်ခူးသည် ဆေးတက္ကသိုလ် (၂)မှ ကျောင်းပြီးချိန် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးတွင် တစ်နှစ် အလုပ်သင်ဆင်းခဲ့ပြီး ကျန်းမာရေးဦးစီးဌာနသို့ အလုပ်ဝင်ခဲ့၏။ ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်းတွင် သုံးလ သင်တန်းတက်ပြီးချိန် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ တာဝန်ကျခဲ့သည်။ မေတန်ခူးနှင့်အတူ ဆရာဝန်သစ် ၃ ဦး ဤဆေးရုံသို့ တာဝန်ကျလေသည်။

(၂)

ဆေးရုံအုပ်ကြီးရုံးခန်းတွင် Duty Report တင်ပြီး မိမတာဝန်ကျသည့် ဆေးရုံ၏ ဒုတိယထပ်ရှိ ခွဲစိတ်ကုသဆောင်သို့ လာခဲ့၏။ ခွဲစိတ်ကုသဆောင်တွင် ပါမောက္ခကြီးက ဆရာဝန်၊ ဆရာမများနှင့် မိတ်ဆက်ပေးပြီး နွေးနွေးထွေးထွေး ကြိုဆိုလေသည်။ ဆရာဝန်များ၏ နားနေခန်းတွင် ထိုင်ရင်း အခန်း

www.burmeseclassic.com

www.burmeseclassic.com

ပြတင်းပေါက်မှ မြင်နေရသော ညောင်မုတ်ဆိတ်ပင်ကြီးကို မေတန်ခူးကြည့်နေမိသည်။ ညောင်မုတ်ဆိတ်ပင်ကြီးကို ဘယ်လိုမှ ကြည့်မဝ ရှုမဆုံးဖြစ်နေပြီး ရင်ထဲတွင်လည်း လွမ်းတမြည့်မြည့် ဖြစ်နေ၏။

အခန်းထဲသို့ ဝင်လာသော သူနာပြုဆရာမကြီးသည် ညောင်မုတ်ဆိတ်ပင်ကြီးကို ငေးမောနေသော မေတန်ခူးအား ပြုံးကြည့်ရင်း ပြောလိုက်၏။

"ဒေါက်တာမေလည်း ညောင်မုတ်ဆိတ်ကြီးရဲ့ အညှိုခံရပြီထင်တယ်။ ဒီအပင်ကြီးကလည်း ရာဝင်နဲ့လေ။ အချိန်ရမှ သေသေချာချာ ပြောပြရဦးမယ်။ အခုတော့ မအားသေးဘူးနော်"

ဆရာမကြီး၏စကားကြောင့် မေတန်ခူးသည် ညောင်မုတ်ဆိတ်ပင်ကြီးကို ပို၍ စိတ်ဝင်စားသွားမိလေသည်။

မေတန်ခူးသည် ဖြူဖြူသွယ်သွယ် မြင့်မြင့်လေးဖြစ်ပြီး မည်းနက်ထူထဲသော ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းထူထူ၊ မျက်လုံးဝိုင်းဝိုင်း၊ မျက်ခုံးထူထူလေးဖြင့် ချစ်စဖွယ်လေးဖြစ်၏။ စကားနည်းပြီး အေးဆေးတည်ငြိမ်၏။ ဆေးရုံ၌ အလုပ်ဝင်ပြီး တစ်လအတွင်း ခွဲစိတ်ကုသဆောင်မှု ဝန်ထမ်းများ၊ လူနာများ၏အချစ်တော်ဒေါက်တာမေ ဖြစ်သွားလေသည်။

မေတန်ခူး ညနေစောင်း ဆေးရုံမှ အပြန်တွင် ညောင်မုတ်ဆိတ်ပင်ကြီး၏ နန်းကလေးဌာ အမွှေးတိုင်၊ ဖယောင်းတိုင်များ ကပ်လှူနေသော အဓေါကြီးတစ်ဦးကို တွေ့၍ ကားရပ်ပြီး ကြည့်လိုက်ရာ ဆေးရုံတွင်နေသော ဝန်ထမ်း ဒေါ်မြင့်ဖြစ်နေ၏။

"အန်တီမြင့် ဘာလုပ်နေတာလဲ"

မေတန်ခူးက လှမ်းအော်လိုက်ရာ ဒေါ်မြင့်သည် ကားအနားသို့ ကပ်လာပြီး...

"အဘရက္ခစိုးကို ပူဇော်နေတာလေ။ အင်မတန် ဆုတောင်းပြည့်ပါတယ်။ တန်ခိုးလည်း ကြီးတယ်။ ဒေါက်တာလည်း ဆုတောင်းကြည့်ပါ"

"ဟုတ်ပါပြီ...ဟုတ်ပါပြီ"

မေတန်ခူးသည် အိတ်ထဲမှ ငွေ ၁၀၀၀/-တန်တစ်ရွက် ထုတ်ပြီး...

"အမွှေးတိုင်ဝယ်နော်" ဟု ပေးပြီး ကားမောင်းထွက်ခဲ့၏။ ဒေါ်မြင့်ကတော့ တတွတ်တွတ်ဖြင့် ဆုတွေ ပေးနေလေသည်။

(၃)

မေတန်ခူး ည Duty ကျသော နေ့တွင် ထူးခြားဖြစ်စဉ်လေး ကြုံတွေ့ခဲ့ရလေသည်။ ည ၁၂ နာရီခန့်တွင် အသည်းအသန် လူနာတစ်ဦးကို ကြည့်ရှုကုသပြီး နားနေခန်းထဲအဝင် ညောင်မုတ်ဆိတ်ပင်ကြီးကို လှမ်းကြည့်လိုက်မိသည်။ ရောင်စုံလျှပ်စစ်မီးများ ပူဇော်ထား၍ ညောင်မုတ်ဆိတ်ပင်ကြီး၏ နန်းလေးတစ်ဝိုက် လင်းထိန်နေ၏။ လမ်းမပေါ်မှ လမ်းမီးများကြောင့် ညောင်မုတ်ဆိတ်ပင်ကြီး၏ အနောက်ဘက်မှာလည်း လင်းလင်းချင်းချင်း ရှိနေသည်။ ညောင်မုတ်ဆိတ်ပင်၏ အနောက်ဘက်မှ ယောကျ်ားကြီးတစ်ဦးသည် ညောင်

www.burmeseclassic.com

ပင်ရှေ့ရှိ လျှောက်လာပြီး နန်းရှေ့တည့်တည့်၌ ရပ်နေ၏။ ထိုလူ ဘာလုပ်နေတာလဲ၊ လူနာစောင့်လား။ မေတန်ခူးက စဉ်းစားရင်း ပြတင်းပေါက်နား ကပ်ကာ ကြည့်လိုက်မိသည်။ ထောင်ထောင်မောင်းမောင်း မြင့်မြင့်မားမားဖြင့် ထိုလူသည် အံ့သြစဖွယ် နန်းကလေးထဲသို့ ဝင်သွားလေသည်။ မေတန်ခူးသည် မယုံနိုင်သလို ဆက်ပြီး ကြည့်နေရာ ထိုသူ ပြန်ထွက်မလာတော့ချေ။

မေတန်ခူးသည် ထိုသူ ဘယ်ရောက်သွားသလဲ ဟု ညောင်ပင်ပတ်ပတ်လည်ကို ရှာဖွေကြည့်၏။ အတန်ကြာမှ အခန်းထဲမှ ထွက်ခဲ့ပြီး ဂျူတီအတူတူကျသည့် သူနာပြုဆရာမကြီး ထိုင်နေသည့် အခန်းထဲသို့ လာခဲ့ရာ ဆရာမကြီးက-

"လာ-ဒေါက်တာမေ ကော်ဖီသောက်ရအောင်"

"ကျေးဇူးပါ။ ဆရာမကြီးနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာပါ။ ညောင်မှတ်ဆိတ်ပင်ကြီးရဲ့ ရာဇဝင်ကို ပြောပြမယ်ဆို။ ပြောပြပါနော်"

"ပြောပြမယ်-ပြောပြမယ်။ အံ့ဖွယ်သုတတွေ။ ထိုင်-ဒေါက်တာမေသောက်ရင်း နားထောင်ပါရင်။

ကျွန်မ ဒီဆေးရုံမှာ တာဝန်ကျတာ ကြာပြီ ဒေါက်တာ။ ရောက်စက ဒီညောင်မှတ်ဆိတ်ပင်ကြီးဟာ ဒီလောက်လည်း မကြီးသေးဘူး။ နန်းကလေးလည်း မရှိသေးဘူး။ ဆေးရုံကြီးရဲ့ အနောက်တက် ဆေးရုံအုပ်ကြီးရဲ့ အိမ်နားမှာလည်း ညောင်ပင်မြမြကြီး တစ်ပင် ရှိသေးတယ်။ အဲဒီညောင်နှစ်ပင်မှာ အစောင့်ရှိတယ်လို့ ပြောကြတယ်။

ထူးထူးခြားခြား ဖြစ်ခဲ့တာကတော့ ကျွန်မတို့ ဆေးရုံမှာ ပထမဦးဆုံး အသည်းအစားထိုးခဲ့တုန်းကပေါ့။

အသည်း အစားထိုးခံရမယ့် လူနာကတော့ ဆေးရုံတက်နေမယ်။ အသည်းအလှူရှင်ကို စောင့်နေရတာပေါ့လေ။ ကံကောင်းစွာနဲ့ပဲ ဦးနောက်သေသွားတဲ့ accident လူနာအမျိုးသမီး ရောက်လာတယ်။ လူနာရှင်တွေက အသည်းလှူဖို့ သဘောတူကြတယ်"

ဆရာမကြီးသည် စကားပြောနေရာမှ လေသံကို မြှင့်၊ မျက်လုံးကို ပြူးလိုက်ပြီး-

"အဲဒီညကျတော့ ကျွန်းမာရေးဝန်ကြီး --- နဲ့ ဆေးရုံအုပ်ကြီး -- ကို အိပ်မက်ပေးပါလေရော။ အိပ်မက်ထဲမှာ အဝတ်ပြူ ဝမ်းဆက်နဲ့ အညိုဝမ်းဆက် ဝတ်ထားတဲ့ ထောင်ထောင်မောင်းမောင်း လူ ၂ ယောက်က ပြောသတဲ့-

"အဘတို့ ၂ ဦးဟာ ဆေးရုံဂင်းထဲမှာရှိတဲ့ ရုက္ခစိုးညီနောင်ပါ။ မနက်ဖြန် အသည်းအစားထိုးတာ အောင်မြင်ချင်ရင် အဘတို့ကို ရုက္ခစိုးနန်းပေးပါ။ ပွဲထိုးပါ။ ဆေးရုံအုပ်ကြီးရဲ့ ရုံးခန်းမှာ ငှက်ပျောပွဲ ၁၀ ပွဲတင်ပြီး ဘုရားကို လှူပါ" တဲ့။

မနက်မိုးလင်းတော့ အဘဝန်ကြီးက ဆေးရုံအုပ်အိပ်မက်ကို အစောကြီး လာပြောတယ်လေ။ ဆေးရုံအုပ်ကလည်း အံ့တသြတကြီးနဲ့ သူလည်း အိပ်မက် အကြောင်းပြောတာပေါ့။ ကျွန်မတို့ ဝန်ကြီးကလည်း ယုံယုံကြည်ကြည်နဲ့

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အတိုင်း လုပ်တယ်။ အချိန်ပိုအောင် သစ်သားနန်း ၂ နန်းကို ဆေးသုတ်ပြီး လှူ ပွဲဖာင်တယ်။

ကျွန်မတို့ အောင်မြင်သွားတယ်လေ။ အဲဒီကတည်းက ညောင်ပင်နှစ်ပင်မှာ ရုက္ခစိုးတွေ ရှိနေခဲ့တာပါ။ ညောင်မုတ်ဆိတ်ပင်မှာက အညိုရုတ်နဲ့ ညိုတော် ရုက္ခစိုးတဲ့။ ညောင်ပင်ဖြူကြီးမှာက အဖြူရုတ်နဲ့ နောင်တော် ရုက္ခစိုးတဲ့။ အားလုံး ယုံကြည်ကြပါတယ်။ လူနာတွေကလည်းရောဂါပျောက်အောင် ဆုတောင်းလေ့ရှိကြတယ်လေ"

(၄)

ဆရာမကြီး၏ စကားအဆုံးတွင် မေတန်ခူး၏ရင်ထဲတွင် နှင့်နှင့်နဲနဲကြီး ခံစားလိုက်ရပြီး "နောင်တော်ရုက္ခဖိုးနဲ့ ညိုတော်ရုက္ခစိုးတဲ့လား" ဟု ရေရွတ်မိလေသည်။ မေတန်ခူးသည် ဆေးရုံအလာနှင့် အပြန်တိုင်း ညောင်မုတ်ဆိတ်ပင်ကြီးရှေ့တွင် ကားကို Slow down လုပ်ပြီး အဘရုက္ခစိုးကို နှုတ်ဆက်၏။ အေမြင့်ကြီးကို မကြာ မကြာ မုန့်ဖိုးပေး၏။ အေမြင့်ကြီးကလည်း မေတန်ခူးပေးသော မုန့်ဖိုးထဲမှ အမွှေးတိုင်များ အမြဲဝယ်လှူ၏။

အလုပ်တွေကို ပျော်ပျော် ပါးပါး လုပ်ရင်းကိုင်ရင်း မေတန်ခူးတွင် ပြိုင်ဘက် ပေါ်လာ၏။ မေတန်ခူးက တည်ငြိမ်အေးဆေးပြီး ယှဉ်ပြိုင်မှုမရှိခဲ့သော်လည်း အေါက်တာ နှင်းရည်စက်က မေတန်ခူးကို ပြိုင်ဘက်အဖြစ် သတ်မှတ်ပြီး အလေထိုးဖို့ ကြိုးစားလေသည်။ မေတန်ခူးနှင့် နှင်းရည်စက်သည် ပညာ၊ ရာထူး၊ ပစ္စည်း ဥစ္စာ တန်ဘူးဖြစ်၏။ ရုပ်ရည် ရူပကာတွင် မေတန်ခူးက သာ၏။ နှင်းရည်စက်သည် ညည်းညူ ဖွဖွမြွှင့် ဝတ်စားဆင်ယင်မှုမှာ မေတန်ခူးကို မမီပေ။ နှင်းရည်စက်မေတန်ခူးကို ပြိုင်ဘက်အဖြစ် သတ်မှတ်ခြင်းမှာ ခွဲစိတ်ဆရာဝန် အေါက်တာ မြင့်မိုရ်နှင့် ပတ်သက်၏။

အေါက်တာမြင့်မိုရ်သည် မေတန်ခူးတို့၏ စီနီယာဖြစ်ပြီး ပြုံးပြုံးမြဲမြဲ ပိန်းကလေးတို့ ရင်ခုန်စရာရုပ်မျိုးရှိ၏။ အတူလက်တွဲလုပ်ကိုင်ကြရင်း မြင့်မိုရ်က မေတန်ခူးကို စိတ်ဝင်စားသလို နှင်းရည်စက်ကလဲညည်း မြင့်မိုရ်ကို စိတ်ဝင်စား၏။ နှင်းရည်စက်အတွက် မေတန်ခူးသည် အလိုလိုပြိုင်ဘက် ဖြစ်လာလေသည်။

ဝန်ထမ်းများကလည်း မြင့်မိုရ်နှင့် မေတန်ခူးကို ဖြစ်စေချင်ကြ၏။ နှင်းရည်စက်ကိုမူ မာကျောကျော မာန ရှင်အဖြစ် သတ်မှတ်ထားကြသည်။ နှင်းရည်စက်သည် ဝန်ထမ်းများ ယုံကြည်သော ရုက္ခစိုးညီနောင်ကိုလည်း အယုံအကြည်ကင်းပြီး ဖျက်ရယ်ပြုလေ့ ရှိသည်။ တစ်နေ့တွင် သူနာပြုဆရာမလေး တစ်ဦးက စိတ်ပါဝင်စားစွာဖြင့် ဝန်ထမ်းတွေကို ပြောပြနေ၏။

"ခုတင်နံပါတ် ၁၂ က လူနာကလေ ဒီနေ့ ခွဲစိတ်ခါနီးမှ အလုံးကလည်း စင်းလို့မရတော့ဘူး။ အောင့်လည်း မအောင့်တော့ဘူးဆိုတာနဲ့ လူနာကို အာထရာဆောင်း ရိုက်ခိုင်းတာပေါ့။ တကယ်ပဲ တွေ့ထားတဲ့အလုံးက ဖူ

www.burmeseclassic.com

ဘဲ ညောင်မုတ်ဆိတ်ပင်ကြီးကိုသာ ငေးကြည့်နေလေသည်။

(၅)

ညဈေးတိုက္ကသော ညတစ်ည တွင် မေတန်ခူးတို့သည် ည Round လည်၍ လူနာများကို စစ်ဆေးကြည့်ရှုပြီး အနားယူခဲ့ကြသည်။ ဆရာဝန် နားနေခန်းတွင် မေတန်ခူးသည် ခုတင်ပေါ်တွင် အညောင်ဖြေရင်း မေးခဲ့ အိပ်ပျော်သွားလေသည်။

"သမီးလေး···ထ···ထစမ်း။ ခုတင်နံပါတ် ၄ က လူနာကို မြန်မြန် သွားကြည့်စမ်း"

မိမိ၏လက်မောင်းကို တဖျပ် ဖျပ်ရိုက်ပြီး နိုးနေ၍ မေတန်ခူး မျက်စိပွင့် သွားပြီး ခုတင်နံပါတ် ၄ ကို ပြေးခဲ့လေသည်။ ခုတင်နံပါတ် ၄ မှ လူနာသည် တဂစ်ဂစ်ဖြင့် ခြေလက်များ ကုတ်ကွေးပြီး တက်နေ၏။ လူနာစောင့်မှာလည်း အနားမှာ မရှိ။ မေတန်ခူးသည် သူနာပြုကို လှမ်းခေါ်ပြီး လူနာကို အရေးပေါ်

တည်းက မရှိလို့ပဲ"

အားလုံး နှင်းရည်စက်ကို ဝိုင်းကြည့်လိုက်ကြ၏။ ဇာတ်လမ်းစပြောသော သူနာပြုဆရာမလေးသည် မျက်လုံးလေးပြူးပြီး···

"အင်း···ဓေါက်တာ့က ဗုဒ္ဓဘာသာ မဟုတ်လား"

"ဟုတ်တယ်လေ။ ဗုဒ္ဓဘာသာ စစ်စစ်။ ဘုရားကလွဲလို့ ဘာမှမယုံဘူး"

စကားဝိုင်းဘေးတွင် ရှိနေသော မေတန်ခူးသည် ဘာမှဝင်မပြော တော့ဘူး သိလား။ လူနာက ပြောတယ်။ ညက ခွဲရမှာ ကြောက်လွန်းလို့ အိပ် မပျော်ဘူးတဲ့။ မေးမေးနဲ့ အိပ်မပျော်ခင်မှာ လူတစ်ယောက် ဝင်လာပြီး ဆေးတစ်လုံးလောက်တိုက်တယ်တဲ့။ လူနာက လည်း သူနာပြုလည်း မဟုတ်တဲ့ အသက် ခပ်ကြီးကြီးနဲ့ ပုဆိုးအည်၊ အင်္ကျီအညီနဲ့ မို့ သေသေချာချာကြည့်လိုက်တယ်တဲ့။ ဆေးတိုက်ပြီး "ကောင်းသွားမှာ···ကောင်းသွားမှာ" လို့ ပြောပြီး ပြန်ထွက်သွားရောတဲ့။ လူနာကတော့ ညီတော် ရုက္ခစိုးလို့ ပြောတယ်လေ"

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြစဉ် အနားမှာ ထိုင်နေသော နှင်းရည်စက်သည် အသံထွက် အောင် ရယ်လိုက်၏။

"ဟား···ဟား···ဟား··· ရယ်ရတယ်ပေ့။ ဘာညီတော်ရုက္ခစိုးက ဆေးလာတိုက်တာလဲ။ လူနာ ဂယောင်ချောက်ချားပြောတာကို ပုံကြီးချဲ့နေကြတာ။ အခုခေတ်မှာ ဘာရုက္ခစိုးမှ မရှိဘူး။ အလုံးပျောက်သွားတာလည်း အစ

www.burmeseclassic.com

(၆)

နံနက်ခင်း ဆေးရုံဝင်းထဲရှိ ဆရာဝန်များ၏ Car Parking တွင် ကားရပ်ပြီး ဆင်းလိုက်သော မေတန်ခူးထံသို့ ဒေါက်တာမြင့်မိုရ်သည် လှပသော နှင်းဆီအပြူ အပွင့်ကြီးများဖြင့် စည်းထားသော ပန်းစည်းကြီးကို လှမ်းပေးလိုက်လေသည်။

"ဒေါက်တာမေအတွက်ပါ"

"Thank you ပါ စိန်ယား။ လှလိုက်တဲ့ နှင်းဆီတွေပါလား။ ဘုရားလည်း တင်မယ်နော်"

"သတော်...သတောအတိုင်းပါပဲ"

ရယ်ရယ်မောမော စကားပြောနေကြသော မေတန်ခူးနှင့် မြင့်မိုရ်ကို Car Parking မှာ ကားရပ်စဉ်ကတည်းက မြင်လိုက်ရသော နှင်းရည်စက်သည် မျက်နှာကျောတင်းတင်းဖြင့် ဆေးရုံထဲဝင်သွားလေသည်။ ဖြစ်ချင်တော့ ဓာတ်လှေကားထဲတွင် သုံးယောက်သား ဆုံသွားကြသည်။ မြင့်မိုရ်သည် မျက်နှာကျောတင်းတင်းဖြင့် ရပ်နေသော နှင်းရည်စက်ကို ကြည့်၍ မျက်ခုံးတစ်ဖက်ပင့်လိုက်ပြီး...

"Morning" ဟု နှုတ်ဆက်လိုက်ရာ နှင်းရည်စက်က ခပ်တည်တည်ဖြင့် "Morning" ဟု ပြောလိုက်သည်။ မေတန်ခူးကတော့ ပြုံးပြုံးလေး တစ်ချက်ကြည့်ပြီး နှင်းဆီဖူးကြီးများကို လက်ညှိုးထိပ်လေးဖြင့် တို့နေလေသည်။

မေတန်ခူးသည် နှင်းဆီဖူးကြီးများကို ဘုရားအိုးတွင် ဝေနေအောင်ထိုးလိုက်ပြီး နှင်းဆီဖူးကြီး ၅ ဖူးကို နားနေခန်းရှိ ဖန်ခွက်ရည်တစ်လုံးတွင် ထည့်ပြီး ပြတင်းပေါက်ဘေးရှိ ခုံပေါ်တင်လိုက်သည်။ ထို့နောက် ညောင်မတ်ဆိတ်ပင်ကြီးကိုကြည့်၍...

"အဘရကွဲ့ရေ...နှင်းဆီပန်းတွေကို အဘ ဘုရားကပ်လှူဖို့ မြင်ထားပေးပါတယ်။ အဘ လှူလိုက်ပါနော်" ဟု တိုးတိုးဖွဖွလေး ရေရွတ်လိုက်သည်။ ထိုအချိန်တွင် တစ်ခန်းလုံး နှင်းဆီပန်းနံ့များ သင်းပျံ့မွှေကြိုင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နင်းရည်စက်၏ မထိခလုတ်ထိခလုတ်စကားတွေ၊ ရန်လိုသောအကြည့်တွေကို မေတန်ခူးက လုံးဝ ဂရုမစိုက်ပါ။ မိမိလုပ်စရာရှိတာတွေ လုပ်ကိုင်ရင်း အေးဆေးတည်ငြိမ်စွာ နေလေသည်။ မြင့်မိုရ်ကိုလည်း ယခုအထိ သံယောဇဉ်မရှိသေးပါ။ တစ်မိုးအောက်ထဲမှာ အလုပ်အတူလုပ်ကြသူများအဆင့်သာ သတ်မှတ်သည်။

(၇)

ယနေ့နံနက်ခင်းတွင် မေတန်ခူးအတွက် ရင်တုန်ချောက်ချားစရာအဖြစ်နှင့် ကြုံရပြီး ကံကောင်းထောက်မစွာ အသက်မသေခဲ့ခြင်းဖြစ်၏။ ဖြစ်ချင်တော့လည်း နံနက် ဆေးရုံသို့အလာ ခွဲစိတ်ဆောင်သို့ သွားရန် ဓာတ်လှေကားထဲအဝင် နင်းရည်စက်ကလည်း ရောက်လာပြီး နှစ်ယောက်အတူ ဓာတ်လှေကားဖြင့် တက်ကြသည်။ မေတန်ခူးသည် ဆံပင်အရည်ကြီးကို ငယ်ထိပ်မှစ၍ အမြောင်းလေးများဖော်ပြီး ကျစ်ဆံပြီး တစ်ချောင်းတည်း ကျစ်ကာ ချထား၏။ နှုးလေးပြောင်ဝင်းပြီး တစ်မျက်နှာလုံး ရှင်းသန့်နေ၏။ ကြက်ဥနှစ်ရောင် ဝတ်စုံလေးဖြင့် ကြက်ပေါက်စလေးသဏ္ဌာန် ချစ်စရာကောင်းနေရာ နင်းရည်စက်သည် ကြည့်ပြီး မုန်းတီးခြင်းဖြင့် အသည်းတွေယားလာလေသည်။

တတိယထပ်အရောက် ဓာတ်လှေကားရပ်ပြီး တံခါးအပွင့်တွင် မေတန်ခူး လှမ်းထွက်လိုက်စဉ် နင်းရည်စက်သည် မေတန်ခူး၏ကျစ်ဆံပြီးကို လှမ်းဆွဲ၍ တစ်ပြိုင်တည်း ဓာတ်လှေကားခလုတ်ကို စတုတ္ထထပ်တက်ရန် လှမ်းနှိပ်လိုက်လေသည်။ ဓာတ်လှေခါးတံခါးသည် ရွှတ်ခနဲပိတ်လာရာ ဆံကျစ်ကို ဆွဲထား၍ အပြင်မရောက်သေးသော မေတန်ခူး၏ ကိုယ်အလယ်ပိုင်းကို ညှပ်မိသွားပြီး ဓာတ်လှေကားမှာလည်း အပေါ်သို့ စတက်လေရာ မေတန်ခူးမှာ ဓာတ်လှေကားတံခါးတွင် ညှပ်လျက်တန်းလန်းဖြစ်နေရာ ကြောက်လန့်တကြား အော်ဟစ်တော့သည်။

ထိုအချိန်တွင် မေတန်ခူးကို တစ်စုံတစ်ယောက်က ဆွဲထုတ်လိုက်သကဲ့သို့ ဓာတ်လှေကားအတွင်းမှ အရိုန်ဖြင့် ထွက်လာပြီး ကြောက်လန့်နကျင်၍ မေ့မျောသွားလေသည်။

မေတန်ခူး သတိရလာသော အခါ ရွှေရောင်လင်းလက်နေသော အခန်းကြီးထဲမှ ရွှေသလွန်တစ်ခုပေါ် ရောက်နေ၏။ အနာတွင် အညှိရောင် ဝတ်စုံဖြင့် လူတစ်ယောက် မတ်တတ်ရပ်ပြီး ကြည့်နေ၏။ မေတန်ခူးသည် လဲနေရာမှ ချက်ချင်းထထိုင်ပြီး လက်အုပ်ကလေးချီ၍...

"အဘရကွစိုး" ဟု ခေါ်လိုက်လေသည်။

ထိုအခါ အနားလာရပ်သူသည်...

"နေကောင်းသွားပြီလား သမီး။ ဘာမှမဖြစ်ဘူးနော်။ မကြောက်နဲ့။ အဘရှိတယ်။ ခါးက ဒဏ်ရာလည်း ကောင်းသွားလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အဘ

www.burmeseclassic.com

www.burmeseclassic.com

ရယ်"

မေတန်ခူးသည် သလွန်ဘေးတွင် ရပ်နေသော အဘရကွမိုးကို မော့ပြီး စေ့စေ့ကြည့်နေလေသည်။ ကုပ်ထိရှည်၍ နက်မြောင်နေသော ဆံပင်များကို အနောက်လှန်ဖီးထား၍ မဟာနဖူးမှာ ရှင်းလင်းနေသည်။ ထူထဲသော မျက်ခုံး၀ဲလက်သော မျက်လုံး၊ ပေါ်လွင်သော နှာတံ၊ မျဉ်းတစ်ကြောင်းတည်းကဲ့သို့ တန်းနေသော နှုတ်ခမ်း မြင့်မားတင်တယ်သော အရပ်အမောင်း ရွှေအဆင်းကဲ့သို့သော အသားအရေတို့ဖြင့် တင့်တယ် ခန့်ညားလှပေသည်။ အဘ ရကွမိုးသည် မေတန်ခူးကို ညှာသာစွာ တစ်လုံးချင်း ပြောလေသည်။

"သမီးတော် . . . အဘကညီတော် ရကွမိုးပါ။ သမီးနဲ့အဘဟာ သံသရာတစ်လျှောမှာ သားအဖတော်စပ်ခဲ့ကြတယ်။ အခုလည်း ဌာနေတစ်ခုတည်းမှာ လာဆုံဆည်းကြပြန်ပြီ။ နိဗ္ဗာန်ကို မရသေးမီမှာတော့ ဒီလိုပဲ သံသရာ ၀ဲဂယက်မှာ ဆုံကြရမှာပါ။ ဘုရား၊ တရား ကို မမေ့ပါနဲ့။ သမီးမှာ ရန်သူရှိနေပြီ။ သတိရှိပါစေး၊ ကဲ . . . ကဲ . . သမီး ပြန်ပေတော့"

(၈)

မေတန်ခူး သတိရရချိန် ခုတင်ဘေးတွင် စိုးရိမ်ပူပန်မှုအပြည့်ဖြင့် ရပ်ကြည့်နေသော ဌာနမှူးဆရာကြီးနှင့် မြင့်မိရုံကို ဆတ္တလိုက်ရသည်။ မျက်ရည်ဝဲနေသော မျက်လုံးအစုံဖြင့် မေတန်ခူးသည် ဌာနမှူးကို "ဆရာကြီး" ဟု ခေါ်

လိုက်ရာ . . .

"လုံခြုံနေ . . . သမီး။ ဘာမှမဖြစ်တော့ဘူး"

ဌာနမှူးသည် သူထပည့် ဤသို့ ဖြစ်ရခြင်းအတွက် ဒေါသတွေ ဖြစ်ကာ . . .

"ဓာတ်လှေကားထဲမှာ နစ်ယောက်ပဲပါတယ်။ တစ်ယောက်က ဖြစ်တယ်။ ကဲ . . . ဟိုတစ်ယောက်ဆိုက ဖြစ်စဉ်ကို ရှင်းစမ်းပါဦး"

နှင်းရည်စက်သည် တုန်လှုပ်မှုကို ဖုံးကွယ်ပြီး မှင်သေသေဖြင့် ရှင်းပြလိုက်၏။

"သမီးတို့နစ်ယောက် တတိယထပ်ကို အတူတက်လာကြပါတယ်။ တတိယထပ်ရောက်တော့ ဓာတ်လှေကား ရပ်တယ်။ တံခါးအပွင့်မှာ မေတန်ခူး လှမ်းထွက်တဲ့အချိန်မှာပဲ ဓာတ်လှေကား တံခါး ပိတ်လာပြီး မေတန်ခူးကို ညှပ်မိသွားပါတယ်။ ဓာတ်လှေကားက အလိုလို တံခါးပိတ်ပြီး တက်သွားတာပါ"

"ခလုတ်မနှိပ်ဘဲနဲ့ ဆက်တာ

www.burmeseclassic.com

ဘုံမှာနေသူကို ရဂ္ဂစိုးလို့ခေါ်တယ်"

"ရဂ္ဂစိုးတွေအားလုံးက သစ်ပင်ကြီးတွေမှာ နေရတာလား အဘ"

"အဲဒါလည်း မမှားပါဘူး။ အဘတို့ ရဂ္ဂစိုးဆိုတာ သစ်ပင်များမှာ ဗိမာန်တည် တယ်။ အဘတို့ရဲ့ နတ်နန်းတွေကို သစ်ပင်ကြီးတွေမှာ အဓိဌာန်းတယ်။ လူတွေက သစ်ပင်ကြီးရင် ရဂ္ဂစိုး ရှိတယ်လို့ ပြောကြတယ် မဟုတ်လား"

"အဘ . . . ရုပ်ရှင်ဇာတ်လမ်းတွေ၊ ကြော်ငြာတွေထဲက ရဂ္ဂစိုးတွေရဲ့ နတ်ဝတ်နတ်စားတွေက တစ်မျိုးကြီးပဲ။ အဲဒါ နတ်ဝတ်တန်ဆာ အမှန်ပဲလား ဟင်"

"မဟုတ်ပါဘူး သမီး။ ရဂ္ဂစိုးတွေရဲ့ နတ်ဝတ်တန်ဆာဟာ နတ်မြဟွာတွေနဲ့ အတူတူပါပဲ။ အင်မတန် ကျက်သရေ ရှိပါတယ်"

"အဘကို နတ်ဝတ်ဆင်တာနဲ့ တစ်ခါမှ မမြင်ရဘူးနော်"

"နတ်ဝတ်နတ်စားနဲ့ မြင်လိုက်ရင် လူတွေ ဘယ်လိုဖြစ်ကုန်မလဲ။ အဘ တယ်၊ တံခါးပိတ်တယ်ဆိုတော့ ပုံမှန် မဟုတ်ဘူး။ ဆေးရုံအုပ်ကြီးဆီ စာတင်ပြီး ဓာတ်လှေကားကို စစ်ဆေးပါ"

မေတန်ခူးကတော့ အေးဆေး တည်ငြိမ်စွာဖြင့် ဌာနမှူးနှင့် မြင့်မိုရ်ကို ရှင်းပြလေသည်။

"တတိယထပ်ရောက်တော့ တံခါးပွင့်တာနဲ့ သမီးထွက်လိုက်ပါတယ်။ အနောက်က ဆွဲလိုက်သလို ခံစားရပြီး တံခါးက လာညှပ်တယ်။ နောက် အမြင်ကို လွှင့်ထွက်သွားတယ်။ ဒီလောက်ပါပဲ။ ဒေါက်တာ နင်းရည်စက် မဖြစ်တာတော်ပါသေးရဲ့"

ဆေးရုံအုပ်ကြီး၏ အဓိန့်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဓာတ်လှေကားကို စစ်ဆေးခဲ့ရာ ချို့ယွင်းချက် မရှိကြောင်း အဖြေရပြီး ဆေးရုံအုပ်ကြီးက ဓာတ်လှေကားမောင်းသူတစ်ဦးကို တာဝန်ချထားလိုက်လေသည်။

မေတန်ခူးသည် နေ့တစ်ဝက်ခန့် နားနေရပြီး ခါးမှ တံခါးညှပ်သည့် ဒဏ်ရာကလည်း နာကျင်ခြင်း မရှိတော့ ချေ။ မြင့်မိုရ်၏ စိုးရိမ်တကြီး ပူပူသလဲ သတ္တာန်ကို ကြည့်ပြီး နင်းရည်စက် ရင်ထဲတွင် မနာလိုခြင်းဆူးက ပို၍နစ်ဝင် သွားလေသည်။

(၉)

ရဂ္ဂစိုးနှင့် မေတန်ခူး သည်လည်း ပိုမိုရင်းနှီးလာလေသည်။ မေတန်ခူး ညဂျူတီကျတိုင်း အလုပ်တာဝန်နားချိန်များတွင် အဘရဂ္ဂစိုးက နန်းထဲခေါ်သွားပြီး စကားပြောလေသည်။

"သမီး . . . အဘတို့ ရဂ္ဂစိုးဆိုတာ စတုမဟာရာဇ် နတ်မျိုးပါပဲ။ နတ်မင်း။ မြဟွာမင်း။ ရဂ္ဂစိုးမင်းဆိုတာ ကြားဖူးတယ် မဟုတ်လား။ တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ အဘတို့ ရဂ္ဂစိုးတွေဟာ ဘုမ္မဒေဝလို့ ခေါ်တဲ့ ဘုမ္မဝိုးနတ်နွယ်တွေပေါ့။ ဘုမ္မဌာက မြေနှင့် ဆက်သွယ်သော ဗိမာန်ဌဲနေသူကို ဘုမ္မစိုး။ အဘကသနင်း (ကောင်းကင်ဌဲ တည်သော ဗိမာန်)မှာ နေသူကို အာကာသစိုး။ အဘတို့လို သစ်ပင်မှာ တည်တဲ့

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ဆေးရုံကြီး၏ ခွဲစိတ်ကုသဆောင်၊ ဆရာဝန်၊ ဆရာမ ဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာ အလုပ်ကို ကြိုးစားလုပ်ဆောင်နေကြ၏။ ဒေါက်တာမေတန်ခူး၏ လုပ်ဆောင်ချက်များသည် ထူးချွန်ထက်မြက်နေ၏။ ခွဲစိတ်ခန်းထဲတွင် ခွဲစိတ်ကုသရာတွင်လည်းကောင်း၊ လူနာများအား ဂေဝေးပေးကုသရာတွင်လည်းကောင်း၊ ထူးချွန်နေ၍ ပါမောက္ခဌာနမှူးကြီးသည် အားရကျေနပ်နေ၏။ တစ်နေ့တွင် ထူးချွန်သော ခွဲစိတ်ပါရဂူဖြစ်စေချင်သည်ဟု ပြော၏။

မေတန်ခူး၏ရင်ထဲတွင် မြင့်မိုရ်လည်း မရှိ၊ နင်းရည်စက်လည်း မရှိ၊ ရင်ထဲမှာ ရှင်းသန့်နေပြီး အေးဆေးနေ၏။ အဘရက္ခိုး၏ လမ်းညွှန်ချက်အရ ဘုရားတရားကို ပိုမိုကြည်ညိုလာ၏။

ယနေ့ ဆေးရုံတွင် ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့၏။ ဆီးနှင့်ကျောက်ကပ် ကုသဆောင်သို့ နယ်မှ လာရောက်ဆေးကုနေသော အဘွား

"အဘာက တန်ခိုးရှင်ပဲနော်"

"အဘတို့လည်း နတ်ပြဟ္မာတွေလိုပဲ တန်ခိုးကျေးဇူးတော် ရှိတယ်။ နတ်သုဒ္ဓါကဲ့သို့ စားဖွယ်နဲ့ နေစရာ ဒိဗ္ဗာန် ရှိတယ်။ ကိုယ်ထင်ပြန်ဦးတယ်။ ကိုယ် ပျောက်နိုင်တယ်။ အိပ်မက်ပေးနိုင်တယ်။ တရိစ္ဆာန်စိုးတွေဟာ တန်ခိုးအာနုဘော် ကြီးမားပြီး တရိစ္ဆာန် သေးနပ်ကြတယ်"

"မကောင်းလိုက်တာ...အဘာရယ်။ အဘာက သူတော်ကောင်းပဲ"

"အဘာက ရက္ခိုးဘဝနဲ့ နိဗ္ဗာန်ထဲမှိုအောင် ကြိုးစားအားထုတ်နေပါတယ်"

ကယောကိုဝတ်စုံကို ဆင်မြန်းတယ်"

"အဘရဲ့ဘဝန်က ဒီဆေးရုံဝင်းထဲမှာလား"

"ဟုတ်ပါတယ်။ အဘနဲ့ နောင်တော်ဟာ ဒီမှာနေရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းကပဲ။ ဒီဆေးရုံကြီး မဆောက်မီကတည်းကပေါ့။ အစက ဒီနေရာဟာ ရန်ကုန်ထောင်ကြီးပေါ့"

"အဘရဲ့ တာဝန်တွေမှာ ဘာတွေပါလဲ"

"မကျွတ်မလွတ် သေးတဲ့ သတ္တဝါတွေကို ဒုက္ခမရောက်အောင် ထိန်းသိမ်းပေးတယ်။ ဒုက္ခနဲ့ကြုံနေတဲ့ သက်ရှိလူသားတွေကို ကယ်တင်တယ်။ အထူးသဖြင့် ရောဂါဘေးဒုက္ခ ခံစားနေရသူတွေကို ကူညီကယ်တင်ပေးတယ်။ အဘနေထိုင်တဲ့ ပတ်ဝန်းကျင်မှာ ဘေးအန္တရာယ် မရှိအောင် ကာကွယ်တားဆီးပေးတယ်။ မြေဘုတ်ဘီလူး၊ အစိမ်းသရဲ၊ တစ္ဆေတွေ မဟောင်းကျန်နိုင်အောင် ထိန်းပေးတယ်ကွယ့်"

www.burmeseclassic.com

လွှတ်...လွှတ်"

ဟု ကယောင်ကတမ်း ပြောဆိုနေပြီး လုံခြုံရေးတို့ ဆွဲခေါ်ရာသို့ ပါလာလေသည်။

ဒေါ်ချိုချိုဦးသည် နန်းရှေ့တွင် လက်အုပ်ချီလိုက်ပြီး...

"ကျေးဇူးတင်လှပါစာယ် အဘ။ အဘရဲ့ တန်ခိုးတော်ကြောင့် သမီးတို့ ဆေးရုံ နာမည်မဟုတ်တော့ပါဘူး။ လူနာလည်း ဒုက္ခမရောက်တော့ပါဘူး။ အဘရဲ့ကျေးဇူး ကြီးလှပါတယ်" ဟု တိုင်တည်လေသည်။

ထိုဖြစ်စဉ်ကြောင့် ဆေးရုံတစ်ရုံလုံး "ညီတော် ရဟန်း၊ အဘရဟန်း" အကြောင်း ပြောမဆုံးရှိလေ၏။

(၁၁)

အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသည် ပုဒ္ဓဘာသာဝင်များ၏ နေ့ထူး နေ့မြတ်များတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဦးစီး၍ လူနာနှင့်လေ့ရှိ၏။ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ကထိန်ခင်းခြင်း၊

လူနာ၏ လူနာစောင့်ထဲမှ "အမြန်ဆုံး ခွဲစိတ်ကုသပေးရန် ငွေ ၁၀ သိန်း ဆရာဝန်ကြီးအား ပေးရမယ်။ သူက ဒီဆေးရုံအုပ်ချုပ်ရေးဌာနမှူး" ဟု ယုံကြည်အောင် ဆိုပြီး လိမ်လည်မှု ဖြစ်ပွားလေသည်။

ငွေ ၁၀ သိန်း ပေးလိုက်ပြီးမှ လူနာစောင့်သည် စိတ်ထဲတွင် တစ်ဖျိုးတစ်မည်ဖြစ်လာကာ ဆေးရုံအုပ်ချုပ်ရေးဌာနသို့သွားပြီး လူနာများကို အပြတ်းကူညီပေးတတ်သော ဒေါ်ချိုချိုဦးနှင့် တွေ့လေသည်။ ဖြစ်စဉ်ကို သိရပြီး ဒေါ်ချိုချိုဦးသည် မြေညီထပ်ရှိ ရဲနှင့်လုံခြုံရေးအား အကျိုအပြု အောင်းဘီရည် အနက်၊ ခေါင်းတုံးကောင့် လူရွယ်တစ်ယောက် ကို ဒုတ်ပြင်ပေးမထွက်ရန်၊ တားဆီးထားရန် ညွှန်ကြားလိုက်လေသည်။

ထိုအချိန်တွင် လူလိမ်သည် ဆေးရုံအဆောက်အဦထဲမှ အပြင် ရောက်နေပြီး ဆေးရုံဝင်းအတွင်းမှ ထွက်ရန် ခပ်သုတ်သုတ် လျှောက်သွားနေ၏။ ညောင်မုတ်ဆိတ်ပင်ကြီးအနားမှ အပြတ်တွင် သူအလိုလို လူလိမ်သည် ရုက္ခစိုး နန်းရှေ့တွင် ဒူးထောက်လိုက်ပြီး ငွေ ၁၀ သိန်းထုပ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ နမူးတွင် ကပ်ထားလေသည်။ ဝင်းတံခါးမှ လုံခြုံရေးသည်လည်း ဒေါ်ချိုချိုဦး၏ ညွှန်ကြားချက်အတိုင်း စောင့်ကြည့်နေရာ ညောင်ပင်အောက်တွင် ဒူးထောက်ပြီးနေသော လူ၏ ထုခြောချက်ကို အကြောင်းကြားလေသည်။

လူနာစောင့်နှင့် ဒေါ်ချိုချိုဦးတို့ အဖွဲ့ ညောင်မုတ်ဆိတ်ပင်သို့ ရောက်လာသောအခါ လူနာစောင့်သည် လက်ညှိုးတထိုးထိုးဖြင့်...

"ဒီလူပဲ...ဒီလူပဲ။ ကျွန်တော့် ဆီက ငွေ ၁၀ သိန်း ယူသွားတာ သူပဲ"

လူလိမ်သည် မလှုပ်မယှက်ဘဲ ဒူးထောက် လက်နှစ်ဖက်ကို နမူးမှာ ကပ်ပြီးနေနေဆဲပင်။ လုံခြုံရေးနှစ်ယောက်က ဆွဲထူလိုက်မှ မတ်တတ်ရပ်ပြီး ပြေးမည်ပြုရာ ချုပ်ထားရ၏။

"ဘာဖြစ်တာလဲ...ဟိုအညိုရောင်အတိုင်းကြီး ငိုကိုဆွဲထားတာ။ အခု

www.burmeseclassic.com

သီတင်းကျွတ်လှူနိုင်ခြင်း သင်္ကြန် ကွေး
မွေးခြင်းတို့အပြင် ခရစ္စမတ်ပွဲ၊ နှစ်သစ်
New Year ကြိုဆိုပွဲများ ကျင်းပလေ
သည်။

ဆေးရုံမှ ထိုသိတက်နှင့် ကထိန်
သင်္ကန်းများ ကပ်လှူရာတွင် မေတ္တာနှင်း
သည် အဘရကွဝိုးအတွက် သင်္ကန်း
တစ်စုံအား ပြင်ဆင်ထားပေးပြီး အဘ
ကိုယ်တိုင် ကပ်လှူရန် ဖဲ့ဖိတ်မှုပြုခဲ့
အဘရကွဝိုးသည် ဆေးရုံဝင်း
အတွင်းရှိ မကွတ်မတ္တတ်သေးသူများနှင့်
တွယ်ရာမဲ့ ဧည့်ခံများကိုပါ ထိန်းသိမ်း
စောင့်ရောက်ပြီး ဒုန်စရာပေးခြင်း ဆေးကုန်
ခန်းကိုလည်း အိုင်ပက်ပေးခဲ့ရှိ ဆိုးမ ဒုတ်မ
ညွှန်ကြားခြင်းမရှိသည့် မကြာမီ
ကာလအတွင်း နိုင်ငံခြားသို့ ပညာတော်
သင်ယူသွားရတော့မည်ဖြစ်၍ မေတ္တာနှင်း
အားအမြဲတောင်းတောင်းခဲ့ရသော မေတ္တာနှင်း
သည်ဖြစ် ရက်စက်စိုးခြင်း မျက်လွှာလေးချိုးပြီး
"စိန်ယာ...ပြန်လာတဲ့အခါမှာ
ထိ မေ့ကို မေတ္တာရှိနေသေးရင် မေ
အဖြေပေးပါနဲ့နော်" အခုတော့ လွတ်လွတ်
လပ်လပ်နဲ့ ပညာသင်ပါ" ဟု ပြောလေ
သည်။

နှင်းရည်စက်သည်ထည်း ပြီး
နေ၏။ မေတ္တာနှင်းကို မနားလိုမှန်းတိုး
သော်လည်း တိုက်ရိုက်မတိုက်ခိုက်တော့
ဘဲ စောင့်ကြည့်နေ၏။ ရကွဝိုးနှင့်ပတ်
သက်လျှင် ဟာသထုပ်ပစ်လိုက်၏။ ဟ
"ရကွဝိုးဆိုတာ ဘာလွန်း သလဲ
ဟာ။ ပုပ္ပါ ဝတတုတ်တုတ် ဖြိုက်ပြုတ်နဲ့
အကျိမပါ။ ပုဆိုးကဗောင်းကျိုက်နဲ့
ခေါင်းစဉ်နတ်ဦးထုပ်ရုတ်ကလေး ဆောင်း
ထားတယ်လေး နင်တို့တတ်ထဲမှာ မပြောင်
ဖူးသလား ရကွဝိုးကို ကိုးကွယ်ပူဇော်
တယ်ဆိုတာ "ဖိုးကြောင်ဝတ်ပဲ"
နှင်းရည်စက်ပြသည် နာတော်ကို
ကိုက်သိုးလေးပြင့် တဆတ်ဆတ်ပြီး
ပြီး ပြောလေသည်။

သူအနုပညာရှိနေသော မိခင်မှ
များသည် တစ်ခဲတည်းဖြင့် နှင်းရည်စက်
ကို ကြည့်ရှုခဲ့ကြ၏။ ထိုနေ့တွင် အနုပ
ကြီးသော ရှေ့နေတစ်ဦးတွေ့ခင် နှင်းရည်
စက် အိမ်ပြန်ရောက်လျှင်ပင် ဖုန်း

တန်ခူးက ညကျူတီကျူး မေတ္တာနှင်း
ဆေးရုံအဝင် နှင်းရည်စက်အထိုက်တွင်
မေတ္တာနှင်းက ကားလေးရပ်၍ လက်အုပ်
လေးချီပြီး ညောင်မှတ်ဆိတ်ပင်ကြီးကို
ကြည့်နေပုံအား မြင်ပြီး နှင်းရည်စက်
သည် မျက်နှာကို မဲ့ပြီး တပ်ရေ အဝေး
ပြည့်အောင် လှုပ်လိုက်ပြီး အရူးဟု
ရေရွတ်ကာ ကားကို အပြင်းစားသွား
လေသည်။

ပြည်လမ်းတစ်လျှောက် မောင်း
လာရာ ပြည်သူ့ရင်ပြင်ရောတွင် ရပ်ထား
သော ကိုးတစ်စီးနည်း နှင်းရည်စက်၏
ကားနောက်မှ ကပ်လိုက်လာပြီး ကျော်
တက်၍ အရေး ပိတ်လေသည်။ နှင်း
ရည်စက်အား အကျအန ကြောက်ပြီး
လိုင်ကို ဝင်ရပ်ပေးခဲ့ရသည်။ အဖြူရောင်
မောင်းဆင်းအင်းသိန်းကန်ရည်ရွှိအရောက်
တွင် နှင်းရည်စက်၏ကားကို ဝင်ကြိုက်
ရင်း ဘေးချင်းတိုက်ပစ်လိုက်ရာ အဖြူရောင်
ကြွင်ဖောင်ကိုယ်သော နှင်းရည်စက်ကား
ဖြေးသွားသည်။ ထိုစဉ်အခါ နှင်းရည်
လိုင်သားတို့ဖြစ်၏ နှင်းရည်စက်

www.burmeseclassic.com

အစားဖြင့် အရပ်မြင့်မြင့် လူတစ်ဦးက မိမိကို ကြည့်နေကြောင်း တွေ့လိုက်ရာ နင်းရည်စက်သည် ထက်အုပ်လေးချီပြီး "အဘရုက္ခစိုး" ဟု အသံတိုးတိုးလေး ရေရွတ်လိုက်လေသည်။

စာဖတ်သူ

ဝိလ်ချမ်းအောင်ဆန်းလမ်းနှင့် ပြည်လမ်းထောင့်မှာ တည်ရှိသော အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၏ အရှေ့ဘက်တွင် ညောင်မုတ်ဆိတ်ပင်ကြီး ကို စိမ်းစိုညှိုမှိုင်းစွာ တွေ့ရပါမည်။ ထို ညောင်မုတ်ဆိတ်ပင်ကြီးတွင် ညီတော် ရုက္ခစိုးမင်း ရှိပါသည်။ ဆုတောင်းပြည့် သည်ဟု ပြောကြပါသည်။ စာဖတ်သူ လည်း ဆုတောင်းကြည့်ပါလား . . . ! ဆုတောင်းပြည့်ခြင်း။ မပြည့်ခြင်းသည် စာရေးသူ၏ တာဝန်မဟုတ်ဘဲ အဘ ညီတော် ရုက္ခစိုး၏ တာဝန်သာ ဖြစ်ပါ သည်။

စိမ့်စိမ့်ဆေး

မောက်သွားသည်နှင့် ထိုကားသည် တစ်ရှိန်ထိုး မောင်းသွားလေသည်။

(၁၂)

လူများ ပြေးလာပြီး နင်းရည်စက်ကို ဝိုင်းဝန်းဆွဲထုတ်ကြ၏။ ခါးပတ် ပတ်မထားသော နင်းရည်စက်သည် ရင်ဘတ်နှင့် ကားစတီယာတိုင် ပြင်းပြင်း ထန်ထန် ဆောင့်မိသွားပြီး ကားရှေ့မှန် နှင့် နဖူးဆောင့်မိ၍ နဖူးချိုင့်ဝင်သွား သည်။ နလုံးခုန်နေသော်လည်း သတိ မရှိတော့ချေ။ နင်းရည်စက်ကို သယ် ဆောင်သွားသော ကားလေးသည် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ဖြတ်ကျော်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး သို့ ဦးတည်သွားလေသည်။ အဘရုက္ခစိုး သည် ညောင်မုတ်ဆိတ်ပင်အောက်မှ ရပ်ပြီး နင်းရည်စက် ပါသွားသောကားကို ကြည့်နေ၏။

"အဘကို ဘယ်လိုပဲစော်ကား စော်ကား အဘက ခွင့်လွှတ်နိုင်သော်လည်း လောကပါလတရားကြီးက ခွင့် မလွှတ်တတ်တူ။ သမီး ကံကောင်းပါစေ"

နင်းရည်စက်သတင်းကြောင့် ဆေးရုံတစ်ခုလုံး စိတ်မကောင်း ဖြစ်ကြ ရသည်။ အသက်ဘေးမှ လွတ်ကင်းရန် ဆုတောင်းပေးကြသည်။ နင်းရည်စက် သည် မြင်းထန်သော ဒဏ်ရာများကို ခု လ ခန့် ကုသခဲ့ရသည်။ ပြည်သူ့ဆေးရုံ ကြီးမှ နင်းရည်စက် အလုပ်လုပ်သော အထွေထွေရောဂါကု ဆေးရုံကြီးသို့ လွှဲ ပြောင်းပြီး ကုသမှု ခံယူလေသည်။

မေတန်ခူးသည် အစွမ်းကုန် ပြုစုကုသပေး၏။ ညသန်းခေါင်ရောက် တိုင်း နင်းရည်စက်၏ ခုတင်နံဘေးသို့ အညှိုရောင်ဝတ်စုံဖြင့် လူတစ်ဦး ရောက် လာပြီး ဆေးတစ်ခွက် တိုက်လေသည်။ နင်းရည်စက်သည် ဆေးလာတိုက်သူကို အဘ ရုက္ခစိုးမှန်းလည်း မသိပါ။ အဘ ရုက္ခစိုးက နင်းရည်ကို ကယ်တင်ခဲ့ပါ သည်။ နင်းရည်စက် တဖြည်းဖြည်း ကျန်းမာလာ၍ ဆေးရုံမှဆင်းသောနေ့ တွင် ညောင်မုတ်ဆိတ်ပင်ကြီးမှ အဖြတ် နန်း ရှောင်ရပ်နေသော အညှိရောင် အဝတ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မည်သည့်သတ္တဝါမဆို စည်းကမ်း ဥပဒေရှိသင့်သည်မှန်သော်လည်း နေရာတကာတိုင်းတွင် စည်းကမ်းကြိုးလွန်းနေမိပါကထည်း အကျိုးတရား ယုတ်လျော့ပျက်ပြားသွားတတ်ရပြန်ပေ၏။

သာကီဇော

ပုထင်းနှင့် ငါးပစ္စာ

ကျွန်ုပ်သည် လရောင်ဖြင့် မြင်နေရသော သံချိုင်းမြေပုံအုတ်ဂူများကို ကြည့်၍ စိတ်မချမ်းမြေ့ဖွယ်ရာအတိတ် ဖြစ်ရပ်များကို တွေးကာ အိပ်မရဘဲဖြစ်နေစဉ် လူဝကြီးဦးပျော်ရွှင်ကမူ ဇရပ်အိုကြီး၏ ကြမ်းပြင်၌ တန်းနှင်း တဝေါဝေါ ဟောက်ချက်နှစ်ခြိုက်စွာ အိပ်မောကျနေပေ၏။

ကျွန်ုပ်သည် ဘုန်းကြော်အရွယ်မှ ဦးပျော်ရွှင်နှင့် တွေ့ဆုံသည်အထိ ၆ နှစ်ခန့်အခြေအနေမဲ့ဘဝဖြင့် မြို့ရွာအနှံသွားလာခဲ့ပြီး တစ်ခါတစ်ရံ ဖြစ်သလိုနေ၍ ဖြစ်သလိုအိပ်ခဲ့ရသော်လည်း မည်သည့်သင်္ချိုင်းဇရပ်တွင်မှာမှ မနေဘူး မအိပ်ခဲ့ဘူးခဲ့ပါပေ။ ထိုကြောင့်လည်း ဦးပျော်ရွှင်ကဲ့သို့ အိပ်မရခြင်းလည်း ဖြစ်ပါ၏။

ကျွန်ုပ်သည် ဦးပျော်ရွှင် နောက်သို့ လိုက်ပါခဲ့ခြင်းမှာ များလေပြီလား ဟူ၍ပင် တွေးမိပါ၏။ စိတ်ညစ် စိတ်ရှုပ်လွန်းနေသဖြင့်သာ လိုက်မိလိုက်ရာ ဦးပျော်ရွှင်နောက်သို့ လိုက်ပါခဲ့ခြင်း ဖြစ်ပေ၏။

ခပ်လှမ်းလှမ်းဆီမှ ကြက်တွန်သံများ ပေါ်ထွက်လာသောအခါ ဦးပျော်ရွှင်လည်း ငါးခနဲ သန်းကာ အိပ်ရာမှ နိုးလာလေ၏။ သူက ငုတ်တုတ်ထိုင်နေသော ကျွန်ုပ်ကို ကြည့်ကာ...

"မင်းက ငါ့အရင်တောင် နိုးနေပါလား" ဟု ဆိုပေ၏။

"နိုးနေတာ မဟုတ်ပါဘူး။ အခုထက်ထိ အိပ်လို့မရသေးတာပါ" ဟု ကျွန်ုပ်က ပြန်ပြောလိုက်သောအခါ ဦးပျော်ရွှင်သည် အံ့သြသွားပြီး...

"ဟော...မိုးပဲလင်းတော့မယ် ခုထက်ထိ အိပ်မရသေးဘူး ဟုတ်လား။ ဘာဖြစ်လို့လဲကွ" ဟု မေးပေ၏။

"ဒီလိုနေရာမျိုးမှာ တစ်ခါမှ ကျွန်တော် မအိပ်ဖူးလို့ပါ" ဟု ကျွန်ုပ်က ပြန်ပြောလိုက်သောအခါ ဦးပျော်ရွှင်သည် အားပါးတရ ရယ်၍...

"ဟား...ဟား...ဟား... ဟား...မင်းက တယ်ခက်တဲ့ကောင်ပဲ။ မအိပ်ဘူးတဲ့နေရာမျိုးမှာ အိပ်ရတာ၊ မနေဘူးတဲ့နေရာမျိုးမှာ နေရတာ ဘယ်လောက် ကောင်းတယ်မှတ်သလဲ။ အေးလေ...ဒါကို မင်း နားမလည်သေးလို့ပါ။ နောင် မင်းအသိကြွယ်လာတဲ့အခါမှ ဘယ်နေရာမျိုးကိုပဲရောက်ရောက် ခေါင်းချတာနဲ့ အိပ်ပျော်တဲ့ အလေ့အကျင့်မျိုးကို ရလာမှာပါ။ ပျော်ရွှင်ခြင်းကို လိုချင်ရင် ခေါင်းချတာနဲ့ အိပ်ပျော်အောင် ကျင့်ထားရတယ်ကွ။ မင်း အခုလို တစ်ယောက်တည်း တစ်ညလုံး ငုတ်တုတ်ထိုင်နေတော့ ဟိုကိစ္စ ဒီကိစ္စတွေးပြီး

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်အဝတ်အစားလျှော်ဖက်လုံးမှာ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေနဲ့ချည်းပဲ ကြုံခဲ့ရတာပါ" ဟု ပြောလိုက်လေ၏။

"ငါက ဘယ်သူ့အကြောင်းကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး။ သူများအပူကိုလည်း ကိုယ့်အပူလုပ်တတ်တာ မဟုတ်ဘူး။ အေး···ဒါပေမဲ့ မင်းကတော့ ဝိုးဆီမှာ တပည့်ခံပြီး ပျော်ရွှင်ခြင်းကို လိုချင်တဲ့ကောင်ဆိုတော့ မင်းကို ထွက်ပေါက်ပေးနိုင်ဖို့အတွက် မင်းအကြောင်းကိုတော့ ငါ နားထောင်မယ်။ ပြောပြစမ်းကွာ။ ညော်···မင်းမှာ ဆေးပြင်းလိပ်ရှိသေးသလား" ဟု ပြောလေရာ ကျွန်ုပ်ကလည်း ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ပေးလိုက်ပေ၏။ ဦးပျော်ရွှင်သည် ဆေးလိပ်ကို မီးညှိဖွာလိုက်ကာ··

"နေပါဦးကွ···မင်းက ဒီလိုပဲ ဆေးလိပ်ကို ဝယ်ပြီး ဆောင်ထားတတ်သလား" ဟု မေးလေ၏။ ကျွန်ုပ်က အသုဘအိမ်မှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပြောလိုက်သောအခါ ဦးပျော်ရွှင်လည်း

"နေပါဦးကွ။ မင်းအကြောင်းက ဒီလောက်တောင် စိတ်ညစ်စရာတွေများနေလို့လား" ဟု မေးလေ၏။

ကျွန်ုပ်လည်း အသုဘအိမ်မှ ယူခဲ့သော ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူကာ မီးညှိဖွာရှိုက်လိုက်ပြီး···

စဉ်းစားတော့မယ်။ စိတ်ညစ်စရာကောင်းတဲ့ကိစ္စတွေကို စဉ်းစားမိရင် မင်းအတွက် စိတ်ညစ်တာပဲ အဖတ်တင်တော့မှာပေါ့။ ဒါကို ပျော်ရွှင်ခြင်းကို လိုချင်တဲ့ မင်းအတွက် ဘယ်မှာ အဓိပ္ပာယ်ရှိတော့မာလဲ။ ကဲ···အခု တစ်ညလုံး မင်းစဉ်းစားနေတဲ့အကြောင်းအရာတွေထဲမှာ စိတ်ညစ်စရာ မပါဘူးလား" ဟု ဆိုလေ၏။

"ပျော်စရာဆိုလို့ မဖြစ်စလောက်ပဲ ပါတယ်။ စိတ်ညစ်စရာတွေချည်းပဲ" ဟု ကျွန်ုပ်လည်း ပြန်ပြောလိုက်လေ၏။

"မဟန်လိုက်တာကွာ။ ဒါဆို တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး မင်း စိတ်ညစ်နေခဲ့တာပေါ့။ ပျော်ရွှင်ခြင်းကို လိုချင်ရင် သူဘာသာသူ နေနေတဲ့ စိတ်ညစ်စရာကိစ္စတွေကို မင်းက ခေါ်တွေးလို့ ဘယ်ဖြစ်ပါ့မလဲ" ဟု ဦးပျော်ရွှင်က ဆိုလေ၏။

"ကျွန်တော့် အကြောင်းကို ကျွန်တော် တွေးနေတာပါ" ဟု ကျွန်ုပ်လည်း ပြောလိုက်လေ၏။ ထိုအခါ ဦးပျော်ရွှင်လည်း ကျွန်ုပ်နားတွင်လာထိုင်၍···

www.burmeseclassic.com

အားပါးတရရယ်ကာ...

"ဟား...ဟား...ဟား...ဟား...ဒါကိုတော့ မင်းကို သဘောကျသွားပြီကွ။ မရိုဆင်းရဲသားလုပ်တဲ့ အလုပ်မှ မဟုတ်ဘဲကွ။ သူဌေးကြီးဦးပေါ်ကြွယ်ရဲ့ အလှူပဲ။ စားစရာရှိ စား၊ ယူစရာရှိ ယူ၊ ကောင်းတယ်...ကောင်းတယ်။ ကဲကဲ...ဆိုစမ်းပါဦး မင်းအကြောင်း" ဟု ပြော၍ ဆေးပြင်းလိပ် ဖွာရှိုက်ရင်း နားထောင်နေလေရာ ကျွန်ုပ်လည်း ကျွန်ုပ်၏ ဘဝဇာတ်ကြောင်းကို ပြန်လည်ပြောပြလိုက်ပေတော့၏။

×××

ဦးပျော်ရွှင်သည် နားလည်သဘောမပေါက်သော အချက်အလက်အချို့ကို ရံဖန်ရံခါ ဝင်မေးရုံမှအပ ကျွန်ုပ်အကြောင်းကို အစမှ အဆုံးတိုင် နားထောင်လေ၏။ ကျွန်ုပ်စကားဆုံးသွားတော့မှ...

"ဒါဆို မင်းမှာ ချစ်စိန်တို့ မိသားစုကို လက်စားချေပြီး သူတို့လက်ထဲက ဥစ္စာပစ္စည်းတွေကို ပြန်ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိနေတယ်ပေါ့...ဟုတ်လား" ဟု မေးလေ၏။ ကျွန်ုပ်က လည်း ဟုတ်ကြောင်း ပြန်ပြောလိုက်ပေ၏။ ထိုအခါ ဦးပျော်ရွှင်က...

"နေပါဦးကွ...မင်းက ချစ်စိန်တို့ကို တွေ့ရင် လက်စားချေမယ်ဆိုတော့ ဘယ်လိုလက်စားချေမှာလဲ" ဟု မေးပေ၏။

"သူတို့ထုတ်မိသားစုလုံးကို သတ်မစ်မှာပေါ့။ ကိုချစ်စိန်ကိုလည်း သတ်မယ်။ သူမိန်းမ မမအုန်းရင်ကိုလည်း သတ်မယ်။ သူသား လူငွေကိုလည်း သတ်မယ်။ ကိုချစ်စိန် ရက်စက်လို့ ကျွန်တော့် အဖေနဲ့အမေ သေသွားတာ၊ ကျွန်တော့် တစ်သက် ဘယ်တော့မှ မကျေဘူး" ဟု ကျွန်ုပ်က ဒေါသတကြီးဖြင့် ပြောလိုက်လေ၏။

"တယ်ခက်ပါလား။ ပြောရင်းနဲ့ မင်းက ဒေါသကြီးလာပြန်တာကို။ စိတ်ညစ်တာတို့၊ ဒေါသတို့ဆိုတာဟာ ပျော်ရွှင်ခြင်းရဲ့ အဓိကရန်သူတွေဆိုတာ မှတ်ထားစမ်းပါကွာ။ ဒါတွေကို မင်းက အဝင်ခံနေမှတော့ ဘယ်မှာ မင်း စိတ်ချမ်းသာပါတော့မလဲ။ စိတ်ချမ်းသာမှု မရှိမှတော့ ပျော်ရွှင်ခြင်းနဲ့ ဝိုဝေးသွားတော့မှာပေါ့။ မင်းကို စိတ်ညစ်အောင်၊ စိတ်ရှုပ်အောင် လုပ်နေတာဟာ အတိတ်က ဖြစ်ရပ်တွေပဲ။ အကောင်းဆုံးက ပြီးသွားတဲ့ အတိတ်ကို ပြည့်ဖုံးကားချလိုက်။ မင်း ခေါင်းထဲက မှေလိုက်။ မေ့နိုင်ရင် ပျော်ရွှင်ခြင်းကို မင်း ရလာလိမ့်မယ်" ဟု ဦးပျော်ရွှင်က ပြောလေ၏။

"ကျွန်တော်က အလှူးအလဲ ခံထားရတဲ့ကောင်ဆိုတော့ ဘယ်လိုလုပ် မေ့နိုင်မှာလဲ ဆရာကြီးရယ်။ ကိုချစ်စိန်တို့ မိသားစု အကုန်လုံးကို သတ်ပြီး သူတို့ဆီက ကျွန်တော့်မိဘတွေရဲ့ ဥစ္စာပစ္စည်းတွေကို ပြန်ရမှပဲ အတိတ်ကို မေ့နိုင်တော့မယ်" ဟု ကျွန်ုပ်က ပြောလိုက်ပေ၏။

"မင်းက ပြန်ဖြစ်မလာတော့ဘဲ အတိတ်ကို တွေးပြီး မရေရာတဲ့ အနာဂတ်ကို တမ်းတနေတာကို။ မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို စိတ်မျိုးရှိနေသရွေ့ ကာလပတ်လုံး ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး။ လောကမှာ ဘာမှမမြဲပါဘူးကွ။ ဖြစ်လိုက် ပျက်လိုက်ပါပဲ။ ဒီမှာ ကြည့်စမ်းပေ့" ဟုဆိုကာ ဦးပျော်ရွှင်က ကြမ်းပြင်ကို ထက်နှင့် ခေါက်လိုက်ရာ ခေါက်ခနဲ ခေါက်ခနဲ မြည်သံပေါ်လာလေ၏။

"မင်းနားထဲမှာ ဘာသံကြားလိုက်သလဲကွ" ဟု ဦးပျော်ရွှင်က မေးရာ ကျွန်ုပ်က ခေါက်ခေါက်ဆိုသည့်အသံကြားလိုက်ရကြောင်း ပြန်ပြောလိုက်လေ၏။ ထိုအခါ ဦးပျော်ရွှင်က···

"အခုကော ခေါက်ခေါက်ဆိုတဲ့အသံကို မင်း ကြားရသေးသလား" ဟု မေးလေ၏။ ကျွန်ုပ်က မကြားရတော့ကြောင်း ပြန်ပြောလိုက်ပေ၏။

"အဲဒါပေါ့ကွ···ဖြစ်ပြီးရင် ပျက်တယ်ဆိုတာ။ ခုနက ခေါက်ခေါက်ဆိုတဲ့အသံဟာ ငါ့လက်နဲ့ ကြမ်းပြင်ကို ခေါက်လိုက်ချိန်တုန်းကတော့ ပေါ်လာတယ်။ အခုတော့ မရှိတော့ဘူး။ ပျောက်သွားပြီ။ မင်း ဘယ်မှာလိုက်ရှာလို့ရမလဲ။ အပင်ပန်းခံပြီး လိုက်ရှာနေလို့ကတော့ မင်း စိတ်ညစ်ရုံပဲ ရှိမှာပေါ့။ မင်းမှာ အတိတ်က မခံချင်စရာကောင်းတဲ့ဖြစ်ရပ်တွေကို တမြည်းမြည်းတွေးပြီး ချစ်စိန်တို့ကို လက်စားချေစိတ်ပဲ ကြီးစိုးနေတယ်။ စိတ်ဆင်းရဲ စိတ်ညစ်ခံပြီး ချစ်စိန်တို့ကို ရှာခဲ့တာ ၆ နှစ်ကျော်ရှိသွားပြီ။ သတင်း အစတောင် မရဘူး။ ဒါတောင် အဓိက်ခံပြီး မင်း ဆက်ရှာဦးမလို့လား။ ဒါဆိုရင် မင်းဟာ သူတို့ကို ရှာတာနဲ့မတူဘဲ မင်း ဒုက္ခ မင်းရှာတာနဲ့တူနေပြီ။ ဒုက္ခဟာ ပျော်ရွှင်ခြင်းရဲ့ ရန်သူပဲကွ" ဟု ဦးပျော်ရွှင်က ပြောပြန်လေ၏။

"ဒါဆို ကျွန်တော်က သူတို့ ရက်စက်ယုတ်မာခဲ့တာတွေကို မေ့လိုက်ရတော့မှာလား။ သူတို့ကို လက်စားမချေရတော့ဘူးလား" ဟု မေးလိုက်လေ၏။ ဦးပျော်ရွှင်က···

"တတ်နိုင်ရင်တော့ လက်စားချေတဲ့ အလုပ်မျိုးဟာ မလုပ်တာ အကောင်းဆုံးပဲ။ မင်းဖိတာတွေ ပိုင်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေဟာ ပျက်ချိန်တန်လို့ ပျက်ခဲ့တာပဲ သတောထားနိုင်ရမယ်။ ချစ်စိန်ကို့မိသားစုကို အပင်ပန်းခံပြီး ရှာမနေနဲ့။ ရှာတိုင်းလည်း တွေ့တတ်တာမှ မဟုတ်ဘဲ။ ၆ နှစ်လုံးလုံးလည်း မင်း ရှာခဲ့ပြီပဲ။ အေး···မရှာဘဲနဲ့လည်း တွေ့ချင် တွေ့တတ်တယ်ကွ။ တွေ့တော့လည်း တွေ့တဲ့အလျောက်ပေါ့ကွာ။ လောကမှာ ငွေချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့သာ အရေးကြီးတာကွ။ မိဘအမွေဆိုတာမျိုးက စံစားဝိုက်မှ စံစားရတာကွ။ မိဘ အမွေကို သားသမီးပဲ စံစားရမယ်လို့ တရားသေ မှတ်ထားလို့ ရတာမဟုတ်ဘူး။ အေး···မင်းနဲ့ထိုက်တော့လည်း မင်း ပြန်ရမှာပဲ။ ဒီလိုမျိုးစိတ်ထားတတ်ရင် မင်း စိတ်ချမ်းသာမှာပဲ" ဟု ပြောလေ၏။

"ဆရာကြီးပြောသလို စိတ်ထားနိုင်ရင်တော့ ကောင်းပါတယ်။ ဒါပေမဲ့ ဒါကိုပဲ ကျွန်တော် သတိရနေတာက ခက်တယ်" ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ဦးပျော်ရွှင်က···

"ဒါကို သတိရတိုင်း မင်းရဲ့

www.burmeseclassic.com

ငါးပိုင်ရှင်လည်း လုပ်တတ်တာပေါ့။ ပိုင်ရှင်ဖြစ်တဲ့လူ လိုချင်တာက ရွှေငါးကြီးကိုလည်း အသက်ရှင်လျက် လိုချင်တယ်။ အဘိုးတန်တဲ့ပုလင်းကြီးကိုလည်း မပျက်စီးစေချင်ဘူး။ ကဲ···ပုလင်းထဲက ငါးကို မင်း ဘယ်လိုထုတ်မလဲ" ဟု မေးပေ၏။

ထိုအခါ ကျွန်ုပ်လည်း မည်သို့မှ မစဉ်းစားတတ်သဖြင့် လွန်စွာ အကျပ်ရိုက်သွားမိပေ၏။ မည်သို့မှအဖြေ မပေးနိုင်ဘဲ နှုတ်ဆွံ့နေမိပေ၏။

"ဖြေလေကွာ။ ပုလင်းကြီးလည်း မပျက်စီးအောင်၊ ငါးကြီးလည်း မသေအောင် အပြင်ကို ဘယ်လိုထုတ်မလဲ" ဟု ဦးပျော်ရွှင်က ထပ်၍မေးပြန်လေ၏။ ကျွန်ုပ်လည်း မည်သို့မှ စဉ်းစား၍မရသဖြင့်···

"ကျွန်တော်တော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ ပုလင်းကြီးလည်း မပျက်စီးအောင်၊ ငါးကြီးလည်း မသေအောင် ၂ လက်မအပေါက်ဝကျဉ်းကျဉ်း ကလေးထဲက ဘယ်လိုလုပ်ထုတ်နိုင်မှာ

မင်းစိတ်အာရုံထဲမှာ ပုလင်းကြီးကော၊ ငါးပေါက်လေးကနေ ငါးကြီးဖြစ်လာတာကော မြင်နေတယ်နော်။ မြင်မှာပါလေ။ ဒါဟာ သဘာဝပဲကွ။ ကဲ···မင်းကို ငါမေးမယ်။ ပုလင်းကြီးကလည်း သိပ်တန်ဖိုးရှိပြီး ဘယ်မှာမှ ရှာဝယ်လို့မရတဲ့ ရှားပါးပုလင်းမျိုး။ ဒီလိုပဲ ရွှေငါးကြီးကလည်း သိပ်တန်ဖိုးရှိပြီး ဘယ်မှာမှရှာဝယ်လို့မရတဲ့ ရွှေငါးကြီးမျိုး။ ပိုင်ရှင်လုပ်တဲ့လူက ရွှေငါးကြီးကို ပုလင်းကြီးထဲက အသက်ရှင်လျက် ထုတ်ယူချင်တယ်။ ဒါပေမဲ့ ပုလင်းဝက နှစ်လက်မပဲကျယ်တော့ ရွှေငါးကြီးကို ပြန်ထုတ်လို့ မရဘူး။ ကဲ မင်း ဘယ်လိုထုတ်မလဲ"

"ပုလင်းကို ခွဲလိုက်ရင် ရွှေငါးကြီး ရပြီပေါ့ ဆရာကြီး" ဟု ကျွန်ုပ်က ချက်ချင်းပင် ပြန်ဖြေလိုက်ပေ၏။ ထိုအခါ ဦးပျော်ရွှင်က အားပါးတရရယ်၍···

"ဟား···ဟား···ဟား···ဟား···မင်းပြောသလိုတော့ ကလေးလည်း လုပ်တတ်တာပေါ့ကွ။ ပုလင်းနဲ့

အာရုံကို တခြား စိတ်ချမ်းသာစရာတစ်ခုခု၊ ဒါမှမဟုတ်တောင် တခြားစိတ်ဝင်စားနိုင်မယ့် အာရုံတစ်ခုခုကို ပြောင်းပစ်ပေါ့ကွာ။ လေ့ကျင့်စမ်းကြည့်စမ်းပါ။ ခက်ခဲလိမ့်မယ်။ နောက်ဆိုရင် သွယ်သွားလိမ့်မယ်။ ကဲ···မင်းကို ငါမေးမယ်" ဟု ဆိုလေရာ ကျွန်ုပ်က "မေးပါ" ဟု ပြောလိုက်ရပေ၏။

×××

ထို အခါ ဦးပျော်ရွှင်က အောက်ပါအတိုင်း ပြောလေ၏။

"အပေါက်ဝ ၂ လက်မလောက်ပဲ ရှိပြီး ပုလင်းလုံးက ၂ ပေ ပတ်လည်လောက်ရှိတဲ့ ပုလင်းကြီး တစ်လုံးရှိတယ်ကွ။ အဝက ၂လက်မ ပုလင်းလုံးက ၂ပေ ပတ်လည်နော်။ အဲဒီပုလင်းကြီးကို ရွှေငါးပေါက်ကလေး တစ်ကောင် ထည့်ပြီး မွေးထားလိုက်တယ်ကွာ။ ရက်တွေ၊ လတွေ၊ နှစ်တွေ ကြာလာတာနဲ့အမျှ ငါးပေါက်ကလေးဟာ တစ်ပိသာလောက် ရှိတဲ့ ငါးကြီးတစ်ကောင် ဖြစ်လာတယ်။

www.burmeseclassic.com

လဲ။ ဘယ်နည်း ဘယ်ဟန်နဲ့ ငါးကြီးကို ပုလင်းထဲက ထုတ်မယ်ဆိုတာ ပြောပြပါတော့ ဆရာကြီး" ဟု ပန်းပေးလိုက်ရာ ဦးပျော်ရွှင်သည် ခွက်ထိုးခွက်လန် ရယ်မောၗ...

"ဟား...ဟား...ဟား... ဟား...ငါလည်း ဘယ်သိပါ့မလဲကွ" ဟု ပြန်ပြောလေရာ ကျွန်ုပ်လည်း "ဗျာ" ခနဲ ဖြစ်သွားမိပေ။ ၎င်းလို အရာရာကို သိသော ပုဂ္ဂိုလ်တစ်ယောက်က ၎င်းကိုယ်တိုင်မသိသော ပုစ္ဆာတစ်ခုကို ကျွန်ုပ်အား မေးရပါမည်လောဟူသော အကြည့်ဖြင့် ကျွန်ုပ်သည် ဦးပျော်ရွှင်အား ကြည့်လိုက်မိပေ။

ထိုအချိန်တွင် နေရောင်ထွက် နေပြီဖြစ်၍ ကျွန်ုပ်နှင့် ဦးပျော်ရွှင်တို့သည် တစ်ဦးမျက်နှာကို တစ်ဦး ကောင်းစွာ မြင်နေကြရလေပြီ။ ဦးပျော်ရွှင်သည် ကျွန်ုပ်ကို ပြုံးပြုံးကြီးကြည့်၍...

"ကဲ...မင်းကို ငါမေးပါရစေဦး။ ငါက ငါးနဲ့ပုလင်းပုစ္ဆာကို မေးလိုက်တော့ မင်းရဲ့စိတ်အာရုံထဲမှာ မင်းရဲ့ အတိတ်အကြောင်းနဲ့ ချစ်စိန်တို့အကြောင်းကို စဉ်းစားမိသေးရဲ့လား" ဟု မေးလေရာ ကျွန်ုပ်သည် ၎င်းပြောမှ ကိုချစ်စိန်ကို သတိရမိလေ၏။ ၎င်း၏ပုလင်းနှင့် ငါးပုစ္ဆာကို စဉ်းစားနေစဉ်က လုံးလုံး သတိမရပါပေ။

"ငါမေးတာ ဖြေပါဦးကွ" ဟု ဦးပျော်ရွှင်က ပြုံးပြုံးကြီး ထပ်ပြောသော အခါ ကျွန်ုပ်လည်း ပုလင်းနှင့်ငါးပုစ္ဆာကို စဉ်းစားနေချိန်အချိန်၌ ကျွန်ုပ်၏အတိတ် တတ်ကြောင်းကိုလည်းကောင်း၊ ကိုချစ်စိန်ကိုလည်းကောင်း လုံးလုံး သတိမရ ပါကြောင်း ပြောလိုက်ပေ၏။ ထိုအခါ ဦးပျော်ရွှင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ အောက်ပါအတိုင်း ပြောပေ၏။

"အာရုံလွဲပြောင်းခြင်းဆိုတာ ဒါပဲပေါ့ကွ။ မင်းရဲ့အတိတ်အကြောင်း ချစ်စိန်ရဲ့အကြောင်းကို စဉ်းစားမိတော့ မယ်ဆိုတာနဲ့ မင်းရဲ့စိတ်အာရုံကို တစ်ခုခု ပေါ် ပေါင်းလိုက်။ ဒါဆို ချစ်စိန်အကြောင်းကို မင်း စဉ်းစားမိတော့မှာ မဟုတ်ဘူး။ ချစ်စိန်တို့ မိသားစုကို မင်းက လက်စား ချေပြီး မင်းမိဘတွေဆီက မတရား ယူထားတဲ့ ဥစ္စာပစ္စည်းတွေကို မင်းက ပြန် ယူချင်တယ်။ မင်းအနေနဲ့ လက်စားချေ ခွင့် ရလိမ့်မယ်။ မင်းလိုချင်တဲ့ဥစ္စာပစ္စည်း တွေကို ပြန်ရလိမ့်မယ်လို့ ကံသေ ကံမတွက်ထားလို့ ဘယ်ရပါ့မလဲကွ။ မရေရာပါဘူး။ အခုဆိုရင် ချစ်စိန်ဟာ သက်ရှိ ထင်ရှားရှိချင်မှလည်း ရှိမယ်။ ဆင်းရဲမွဲတေနေချင်လည်း နေလိမ့်မယ်။ ဘာမှ မမြဲပါဘူးကွ။ အားလုံးအနတ္တတွေပါ။ ငါပြောသလို ဖြစ်နေခဲ့ရင် မင်း ရည်မှန်းထားတဲ့အတိုင်း ဘယ်မှာဖြစ်လာတော့ မှာလဲ။ ဦးတော့ မင်းဥစ္စာက သူတို့ ဘယ်မှာနေမှန်းလဲ မသိဘူး၊ သူတို့ သတင်းကိုလည်း မကြားရဘူး။ မင်းသာ လက်စားချေလိုစိတ်နဲ့ ဆင်းရဲခက်ခဲရောက် နေခဲ့ရတယ်။ မင်းအဖြစ်က အခု ငါမေး တဲ့ ပုလင်းနဲ့ငါးပုစ္ဆာနဲ့ တူနေတယ်။ ပုလင်းကိုလည်း မဟုက်စီးစေချင်ဘူး၊ ငါး ကြီးကိုလည်း ပုလင်းထဲက အသက်ရှူ လျက် ထုတ်ချင်တယ်။ ဒါကို မင်းက လေးလေးနက်နက်ကြီး အဖြေရှာတာပဲ။

www.burmeseclassic.com

မဖြစ်နိုင်တာကို အဖြေရှာတော့ မင်း
အတွက် ခေါင်းနောက်ရုံပဲရှိတော့မှာပေါ့။
အေး···ငါက ဟုလင်းနဲ့ငါးပဒ္ဓာကို ဥပမာ
တစ်ခုအနေနဲ့ ပြောတာ။ မင်း မှတ်ထား
ဖို့က နောင် ဒီလိုဘယ်လိုမှ မဖြစ်နိုင်တဲ့
ကိစ္စမျိုးဆိုရင် ဘယ်တော့မှ ခေါင်းနောက်
ခံပြီး မစဉ်းစားလေနဲ့။ ခေါင်းနောက်ခြင်း
စိတ်ရှုပ်ခြင်းဆိုတာ ပျော်ရွှင်ခြင်းကို ဖျက်
ဆီးပစ်တဲ့ ရန်သူတွေစာရင်းထဲမှာ ပါ
တယ်ကွ။ ကဲ···နေတောင် အတော်
ထွက်လာပြီ။ ဝိုက်လည်း ဆာလာပြီ။ ဒီလို
ထိုင်စကားပြောနေရုံနဲ့ ဝိုက်ပြည့်လာမှာ
မဟုတ်ဘူး။ စားနိုင်ဖို့ သောက်နိုင်ဖို့
လှုပ်ရှားလိုက်ကြဦးစို့"

ဦးပျော်ရွှင်သည် စကားကို
အဆုံးသတ်ကာ ထရပ်လိုက်ကာ
လွယ်အိတ်ကြီးကို လွယ်၍ တောင်ဝှေး
ကို ယူလိုက်လေ၏။ ကျွန်ုပ်လည်း ယခု
မှ အိပ်ချင်စိတ်ပေါ်လာသော်လည်း ဤ
သဲမြိုင်းဇရပ်အကြီးထဲတွင် တစ်ယောက်
တည်း မနေခဲ့လိုသဖြင့် လွယ်အိတ်ကို
လွယ်ကာ ထရပ်လိုက်ရပေ၏။ ၎င်း
နောက် ကျွန်ုပ်နှင့် ဦးပျော်ရွှင်တို့သည်
သဲမြိုင်းကြီးဘက်မှ ထွက်ကာ မြို့ဘက်
ဆီသို့ လျှောက်လာခဲ့ကြလေတော့၏။

ရွှေလဆက်ရန်

အောင်မိုးကောင်း

ဆရာမကြီး

ဒေါ်ဘိန်းယဉ်

တံဆိပ်

ငှက်ဖျားဆေး

အမှတ်–၁၉/၂၁၊ဒေါ်ကြင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

ကိုင်ရင်းစေတပါယာဝီမှတ်ပုံတင်အမှတ် - 0610Y008484

www.burmeseclassic.com

www.burmeseclassic.com



ဓါးသိုးအမှတ်တရ

ကြည်နဲ့ဦး(ဂျင်း)

တာဝန်ကြေတယ် ဒိုးယဲလျှိုး

www.burmeseclassic.com

www.burmeseclassic.com

"ဘဝဆိုတာ ခရီးတစ်ခု" လို့ ပြောရင် ကျွန်တော့်ဘဝခရီးကို နောက်ပြန်ပြီး လျှောက်ချင်တယ်။ နည်းနည်း လေးပါ။ သူနှင့် ကျွန်တော် ရပ်ကွက်ထဲက ဆွမ်းလောင်းခမ္မာရုံလေးမှာ အတူတူ နေခဲ့တဲ့အချိန်ကလေးဆီကို ပြန်ရောက်တဲ့အထိပါပဲ။

ပျော်ခဲ့ရတဲ့ အမှတ်တရတွေ နဲ့လေ။

ဘယ်ကိုမှ ခရီးမဆောက်တော့ဘဲ အဲဒီမှာပဲ ရပ်နေလိုက်တော့မယ်။

×××

ကျွန်တော့်နာမည် "ပွကြီး"။

အရပ်ကပေးထားတာ။ ကျွန်တော့်ကို ချစ်တဲ့သူလည်း တစ်ယောက်မှ မရှိ။ မြင်တာနဲ့ ရောင်ကွင်းသွားကြလို့။ ကျွန်တော့်ဘဝမှာ အပြဲ ခက်ခဲကြမ်းတမ်းခဲ့ရတယ်။ ကျွန်တော် ဝိုင်ဆိုင်တာကလည်း ဒေါသပဲဆိုတော့လေ။

ရပ်ကွက်ခမ္မာရုံလေးဘေးမှာ လက်ဖက်ရည်ဆိုင် သေးသေးလေး တစ်ဆိုင်၊ ဆိုက်ကားဂိတ်တစ်ခုနှင့် ဒေါ်ပုတို့ မုန့်ဟင်းခါးဆိုင်လေး ရှိတယ်။ ညဘက် ဆို ဆိုင်ခုံလေးပေါ်မှာ အခန့်သား အိပ်နိုင်ပေမယ့် မိုးမလုံ လေမလုံနဲ့ မို့ လက်ဖက်ရည်ဆိုင်လေးပေါ်က ထိုင်ခုံအောက်မှာ တိုးဝင်ပြီး အိပ်လိုက်ပြန်တော့ နံနက်စောစော အဖျော်ဆရာမလာခင် ဆင်းပြေးထားမှ။ မဟုတ်လို့ကတော့ တုတ်နှင့်ရိုက်ပြီး နှင်ထုတ်ခံရပြီလေ။

ကျွန်တော်ကလည်း ကျွန်တော်။ ထိမိလိုက်တာနဲ့ ကိုက်လိုက်မယ်၊ ဟပ်လိုက်မယ်ချည်းပဲ။

ဆွမ်းလောင်းခမ္မာရုံလေးမှာ ဝါတွင်းကာလတစ်ခုလုံး စနေနေ့တိုင်း အရွယ်ဆွမ်းလောင်းလူပဲ့ ရှိတယ်။ သီတင်းကျွတ်ပြီဆိုတာနဲ့ အလှူမင်္ဂလာဆောင်ပွဲတွေက တစ်ခါတစ်ရံရှိတော့ ဝမ်းရေးအတွက် အဆင်ပြေတယ်ဆိုပေမယ့် ကြည်ဖြူစွာ စားရတယ်တော့ သိပ်မရှိပါဘူး။ ဆိုခဲ့သလို ကျွန်တော့်ဒေါသကြောင့် ချစ်ခင်တဲ့သူ ရှားလို့လေ။ ဆိုက်ကားသမားတွေကဆို သူတို့ စားပြီး သား အကြွင်းအကျန်ကျွေးဖို့ကို မသခ္ဓါ။ အဲလေ သူတို့စားကြွင်းစားကျန်ကလည်း မက်မောစရာတော့ သိပ်မရှိပါဘူး။ ဒေါ်ပုတို့ဆိုင် သွားပြန်တော့ ရေနွေးပူနှင့် ပက်လိုပက်၊ တုတ်နှင့် ကောက်ပစ်လိုပစ်နှင့် ကြုံသလိုခံရပြန်ရော။

သူဆိုင်နားမှာ ကျွန်တော် ဝဲနေရင် ဝယ်သူတွေ မလာတော့လို့တဲ့လေ။ သို့ပေမင့် စားကြွင်းစားကျန်လေးများအဝေးမှာ လာပြီး ပုံပေးလို့ ကျေးဇူးတင်ရတယ်။ ကျွန်တော့်ဒေါသကြောင့်ပါပဲ။ ဒေါ်ပုတုလည်း ကျွန်တော့်ကို ဝေးဝေးက ရောင်တာလေ။

×××

ကျွန်တော့်မှာ ရန်သူအတော်များတယ်။ ကျွန်တော့်လို အလေအလွင့် အားလုံး ကျွန်တော့်ရဲ့ ရန်သူတွေလေ။ အချို့လူတွေကလည်း ကျွန်တော့်ကို ရန်သူလို သဘောထားတယ်။ ဘာကြောင့်ဆို သူတို့လမ်းလျှောက်သွားနေရင်း အလစ်ဝင်ပြီး နောက်ကနေ ကိုက်ချွဲ

www.burmeseclassic.com

တတ်လို့လေ။ သူတို့အသား ဖျင်းခဲ့နာကျင်ပြီး လုံခြုံစုတ်ပြဲပြီး နောက်လှည့်ကြည့်ရင် ကျွန်တော် မဟုတ်သလို ထွက်သွားတတ်တဲ့ ကျွန်တော့်ကို ခဲနင့်ပစ်၊ တုတ်နဲ့ ကောက်ပြီး ပေါက်တော့တာပါပဲ။

ရပ်ကွက်ထဲမှာ လျှောက်သွားရင်း တစ်ကောင်ချင်းတွေ့ရင် မိုက်ကန်းကန်း ကျွန်တော့်ကို ရောင်ကွင်းသွားကြပေမယ့် အုပ်စုလိုက်တွေ့ရင်တော့ ကျွန်တော် ခံရပြီ။

"ထီမထင်တဲ့ ကျွန်တော်" ဘယ်ကောင်မှ ဂရုမစိုက်တဲ့ပုံမျိုး ခေါင်းမော့ ရင်ကော့ပြီး ရပ်ကွက်ထဲမှာ ဗိုလ်မထားဘဲ ကျွန်တော်နဲ့ မသက်ဆိုင်တဲ့ ရန်ပွဲဆိုလည်း ဝင်ပြန်ပွဲလိုက်ပြီးပြီ။ အချို့အိမ်ကြီးရှင်သူဌေးတွေက ကြေးပြီးပေးပြီး ဝယ်မွေးထားတဲ့ အလှမွေးခွေးတွေကို နံနက် အညောင်းပြေ လမ်းလျှောက်ထွက်ပြီး ထိန်းကျောင်းနေတဲ့အခါ ကျွန်တော်နဲ့ တွေ့လို့ကတော့ တမင် ရွှဲပြီး ဝင်ကိုက်ပစ်လိုက်တာ။

ကျွန်တော့်ရဲ့ ဂျစ်ကန်ကန် မိုက်ကန်းကန်း ခလေ့စရိုက်ကြောင့် အပေါင်းအသင်း မိတ်ဆွေတစ်ကောင်မှ မရှိတာပါ။

×××

တစ်ည မှာလေ...

ဒီးက သည်းသည်းမဲမဲ ရွာနေတယ်။ လက်ဖက်ရည်ဆိုင်ထဲက ခုံအောက်မှာ မှိန်နေရင်း တအီအီ ညည်းသံ ကြားလို့ မျက်လုံးအသာဖွင့်ကြည့်တော့ မိုးရေတွေ တစက်စက်ကျနေတဲ့

ဓမ္မာရုံလေးရဲ့ တံစက်မြိတ်အောက်မှာ တစ်ကိုယ်လုံး စိုရွှဲပြီး ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေတဲ့ ကျွန်တော့်လို အနက်ရောင် အလေအလွင့်လေး။ ခန္ဓာကိုယ် ပိန်ပိန်လှီလှီလေးက သူ ဘယ်လောက် အစားအစာပြတ်လပ်ခဲ့ရှိတဲ့နေ့သလဲလို့ ပြောပြနေရှာတယ်။ "အထဲဝင်ပြီး ခဏ မိုးခိုပါရစေ" ဆိုတဲ့ အနေအထားနဲ့ ရပ်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။

တစ်ဘဝလုံး ရက်စက်ကြမ်းကြုတ်ခဲ့ပေမယ့် ကျွန်တော်နဲ့ အရွယ်တူ၊ သွေးတူမွေးတူ၊ ချမ်းတုန်နေတဲ့ သူကို သနားစရာသတ္တဝါအဖြစ် လက်ခံတဲ့ သဘော သူခရီးအကြည့်ကို ခွာပြီး တစ်ဖက်လှည့်ပြီး အိပ်နေလိုက်တယ်။

သူ ခပ်ဖြည်းဖြည်းဝင်လာတယ်။ ချောင်ကျကျထိုင်ခုံအောက်ကို ဝင်သွားတာ သိနေတယ်။ သူခရီးက ချမ်းလို့တုန်နေတဲ့ လူပ်ရှားမှုကို နားထောင်ရင်း ကျွန်တော် အိပ်ပျော်သွားတယ်။

တစ်ရေးနိုးလာတော့ မိုးက လုံးဝတိတ်သွားပြီ။ အဝေးဆီမှ ဘွန်းတော်

www.burmeseclassic.com

www.burmeseclassic.com

အော်သံကြားနေရတယ်။ မကြာမီ မိုးလင်းတော့မှာလေ။ စေးကြီးကားစီးမည့် ကုန်စိမ်းသည်များရဲ့ ခြေသံပြင်းပြင်းနဲ့ ဆိုင်ကယ်သံတွေ၊ ကားသံတွေ အဆက်မပြတ်တော့။ ဒါဆို အဖော်ဆရာ လာတော့မှာပါလား။ သူ့ကို ကြည့်လိုက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့။ ဒီကောင့်ကို အဖော်ဆရာရဲ့လက်သံမြည်းစမ်းကြည့်စေချင်တဲ့ အကြံ ပေါ်လာတာနဲ့ ဆိုင်အောက်ကို ကျွန်တော် ဖြည်းဖြည်းဆင်းပြီး အသာဝပ်နေလိုက်တယ်။

အဖော်ဆရာရဲ့ ဖိနပ်သံ တဖျပ်ဖျပ်က ဆိုင်နှင့်နီးလာလေပြီ။ မကြာမီ ဒီကောင် အရိုက်ခံရတော့မယ်။ အမြည်းလေး၊ အမြည်းလေး။ ဝမ်းသာစွာ တွေးရင်း သူ့ဆီကို လှမ်းကြည့်တယ်။ သူ ခေါင်းထောင်ကြည့်ပြီး အဖော်ဆရာကို အပြေးကြီးတာလေ။ အန္တရာယ်ကို ဝမ်းသာစွာ မျှော်လင့်နေတဲ့ ကျွန်တော့်မျက်နှာမှာ အံ့သြလွန်းလို့ မျက်လုံးပြူးပြီး နားရွက်ထောင်ပြီး ပါးစပ်ဟောင်းလောင်းနဲ့ ကျွန်တော့်ရှေ့က မြင်ကွင်းကို ကြည့်မိတယ်။

အရောင်အဆင်းတူလို့ ကျွန်တော်လို့ ထင်လိုက်ပေမယ့် အကောင်သေးတဲ့ သူ့ကို အဖော်ဆရာက အသေအချာကြည့်ပြီလေ။

ကျွန်တော် မျှော်လင့်ထားတာတွေ အားလုံး ဇောက်ထိုးပြောင်းပြန်တွေ့ပါ။

ကျွန်တော့်အပေါ် ရက်စက်လွန်းတဲ့ အဖော်ဆရာ။ ဇရေနွေးကြီးရင်း ဆိုင်ခင်းရင်း ခုံအောက်မှာ ခွေနေတဲ့

ကိုဧည့်သည်ကို မကြာခဏကြည့်ပြီး လက်ခံတဲ့ အနေအထား။ ဒီကောင် လူလည်ကျလိုက်ပုံ။ အိုကြာကွေ။ နံပြားလာပို့တဲ့ အညာသားကို ပြေးပြီကြိုလို့ နံပြားတစ်ချပ် ကျွေးခဲ့တယ်။

ကြည့်ရင်း သူ့ကို အံ့သြမိတယ်။ သို့ပေမဲ့ လက်ဖက်ရည်ဆိုင်ကထိုင်ခုံတွေအောက်မှာ နေထိုင်ခွင့်ရသွားတာတော့ အမှန်တကယ်ပါပဲ။

×××

သူနာမည် "မဲလုံး"။

ကျောင်းသားလေးတွေ ပေးထားတာ။ ဒီကောင်ရောက်လာတာ ဘာကြာသေးလို့လဲ။ ကထိန်ပွဲတွေ ခြိမ့်ခြိမ့်သဲသဲနဲ့။ ပဒေသာပင်တွေ ရပ်ကွက်ထဲလည်တော့ သူနှင့်ကျွန်တော် ကလေးတွေနဲ့အတူ ပဒေသာပင်တွေနောက်ကလိုက်ရင်း ပျော်ခဲ့ကြတာလေ။ တစ်ကောင်တည်း အထီးကျန်ပြီး မိုက်တိမိုက်ကန်းနဲ့ အပေါင်းအသင်းမရှိခဲ့တဲ့ ကျွန်တော် ပျော်ရွှင်မှုရဲ့ အနှစ်သာရကို သူ့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ခံစားခဲ့ရပြီ။

သူကြောင့်ပါပဲ အစားတစ်လုတ် အတွက် အန္တရာယ်တွေကြားက လွှဲပြ ရှားရှန်းကန်ခဲ့ရတဲ့ဘဝက လွတ်ခဲ့ရပြီ။

သူကြောင့်ပါပဲ ကျွန်တော့် ကိုယ်ထဲမှာ မွေးရာပါ ဒေါသစိတ်တွေ လျော့နည်းခဲ့ရပြီ။ သို့ပေမင့် ကျွန်တော့် ဇီဇကြောင့် သူနင့် ခဏဝေးနေရင် ဆတ်ဆတ်ထိမခံတတ်တဲ့စိတ်က တစ်ခါ တစ်ခါ ပြန်ပေါ်လာခဲ့တာလေ။

သူမှာတော့ မွေးကတည်းက ဒေါသစိတ် ပါမလာတာလား မသိ။ ကျောင်းသားလေးတွေကို ကျောင်းသွား ကျောင်းပြန် အပို့အကြိုလုပ်ရင်း သူ နားရွက်တွေကို ခွဲပြီး ခေါ်သွားလည်း တရွတ်ခွဲပြီး ပါသွားတာ။

အောင်သပြေလမ်းထဲက အပ် ချုပ်သည် အန်တီလှ စွေးကအပြန် ဆီး ကြိုရတာလည်း သူရဲ့နေ့စဉ်ဝတ္တရားတစ်ခု ပါပဲ။ အန်တီလှ စွေးပြန်နောက်ကျရင် ဆိုက်ကားဂိတ်က စောင့်မျှော်ရတာလည်း အမောလေ။

သူနင့်ကျွန်တော် ကြာကြာ ပေါင်းမိလေ သူအကြောင်း သိလေပေါ့။ ညဘက်ဆို ရုပ်ကွက်ထဲက လမ်းတွေထဲ မှာ လျှောက်သွားရင်း မျက်နှစ်မြင်ရင် ထိုးဟောင်တတ်တာ သူအကျင့်လေ။ မည်းနက်နေတဲ့ အမွေးတွေဖုံးထားတဲ့ သူရဲ့ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း ကြောင့် မသိတဲ့လူတွေက လန့်ပြီး ပြေး ကြရော။

ကျွန်တော်တို့ကိုခင်တဲ့ စစ်ပြန် ဦးလေးကြီးတစ်ယောက်ဆို ညနေ အလုပ် က ပြန်လာတိုင်း ပေါင်မုန့်ဝယ်ကျွေးနေ ကျ။ မဲလုံးက အကင်းလည်းပါးတယ်။ ညနေဘက်ဆို အောင်သပြေလမ်းထဲက စတိုးဆိုင်လေးရှေ့မှာ ထိုင်နေရင်း စွေး ဝယ်သူတချို့က မုန့်ဝယ်ကျွေးသွားကြ တာလေ။

×××

"အဲဒီလူ"

ညနေတိုင်း စတိုးဆိုင်လေးရှေ့ သွားပြီး ဦးလေးကြီးကို စောင့်ရင်း အသား ညှီညှီ၊ ခပ်ပိန်ပိန်၊ အရပ်ပုပုလူတစ် ယောက်နဲ့ စပြီးတွေ့ခဲ့တာ။ သူ ဘာ အလုပ်လုပ်ပြီး ဘယ်ကိုပြန်တာလဲတော့ မသိ။ ညနေတိုင်း ပေါင်မုန့် ၂ ချပ်စီ ကျွေးနေက။

မည်းလုံးနဲ့ဆို အတော်ခင်မင် နေပြီ။ မကြာမီမှာပဲ မုတ်မုတ်ရရ နင်းဆီ ကုန်းရပ်ကွက်မှာ အိမ်နှစ်လုံး အဖောက် ခံရတယ်။ မဆိုင်ဘူးလို့တော့ ထင်ခဲ့တာ ပါပဲ။

×××

ညတစ်ညမှာလေ...

ကျွန်တော်တို့လျှောက်သွား ရင်း အဲဒီလူကို တွေ့တာ တစ်ရပ်ကွက် လုံး အိပ်မောကျနေတဲ့ သန်းခေါင်ကျော် အချိန်မှာလေ။ အဲဒီလူတစ်ယောက် တည်း အထုပ်တစ်ထုပ်ထမ်းလို့။

အကင်းပါးတဲ့ မဲလုံး အဲဒီလူ ရဲ့ ခြေသလုံးကို နောက်ကဝင်ပြီးခွဲတာ အသားနည်းနည်းစုတ်သွားတယ်။

အဲဒီလူက လှည့်ပြီး ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com

သို့ပေမယ့် သူထံမှ ကူးစက်ခံခဲ့ရတဲ့ သူရဲစိတ်က ကျွန်တော့်ကိုယ်ထဲမှာ ဆက်လက်ရှင်သန်ပြီး အမြစ်တွယ်နေမှာပါ။

"ကျွန်တော့်နာမည် ပွကြီး"

မှန်းတီးမူရလဒ်ရဲ့ အမှတ်အသားတစ်ခုအနေနဲ့ ပိုင်ဆိုင်လာခဲ့တဲ့ နာမည်။ ဒီနာမည်နဲ့ပဲ ဘဝကို ဆက်ပြီး လျှောက်နေရပေမင့် ကျွန်တော့်စိတ်တွေ ပြောင်းလဲခဲ့ပြီ။

"ပွကြီး" လို့ခေါ်သံကြားရတိုင်း သူတို့နဲ့ ပိုပြီးရင်းနှီးမှုရလာတဲ့ခံစားချက်။ ဘာကြောင့်မှန်းတော့ မသိပါ။

"ပွကြီး" လို့ခေါ်တိုင်း ကျွန်တော် အပြေးရောက်သွားပြီပဲလေ။

သူငယ်ချင်း . . . မင်း မြင်ရင်လည်း ဝမ်းသာနေမှာပါ။

(မဲလုံးသို့ အမှတ်တရ)

ကြည်နွဲ့ရည်(ခရမ်း)

သလိုပါပဲ။

စျေးသွားဖို့ ပြင်ဆင်နေတဲ့ အန်တီလှရွှေမှာ ခွေလဲကျသွားတယ်။ ပြန်မထနိုင်တော့။ လက်နှစ်ဖက်ပေါ်မှာ ခေါင်းကိုတင်ပြီး တိတ်ဆိတ်စွာ ထွက်ခွာသွားခဲ့ပြီ။

တစ်ကောင်တည်းကြီးပြင်းခဲ့တဲ့ ကျွန်တော့်တဝကို မိုက်မိုက်ကန်းကန်း ဖြတ်သန်းရင်း သူနဲ့တွေ့ပြီး အတူဆက်လျှောက်ခဲ့တဲ့ ပျော်စရာတဝအသစ်ကလေး ရုတ်တရက် ဆုံးရှုံးခဲ့ရပြီ။

တို့ကို တခဲ့တည်းနှင့် စူးစူးရဲရဲအကြည့်ကြောင့် ကျွန်တော် နောက်ဆုတ်လိုက်ပေမယ့် အဲဒီလူရဲ့ ခြေထောက်ကို မဲလုံးဝင်ပြီး ခဲလိုက်တာလေ။

အဲဒီလူက အထုပ်ကို ပစ်ချပြီး မြောက်သွားတဲ့ သူရဲ့လက်ပြန်အချမှာ မဲလုံးရဲ့လည်ကုပ်က သွေးတွေ ဖြာခနဲကျလာတယ်။ မဲလုံးအနီးကို ကျွန်တော် ကပ်သွားတော့ ကျွန်တော့်နားရွက် တစ်ဖက် ပူခနဲပြစ်ပြီး သွေးတွေ စီးကျလာတာလေ။

မဲလုံးရဲ့ ခေါင်းပိုင်းတစ်ခုလုံး သွေးတွေနဲ့ ရဲရဲနီနေတယ်။ သူ ကျွန်တော့်ကို ပြန်ချက်ကြည့်ပြီး ယိုင်ထိုးနေတဲ့ ကိုယ်ခန္ဓာနဲ့ ပြန်ထဖိုကြိုးစားနေရှာတယ်။ ကျွန်တော် သိလိုက်ပါပြီ။ သူရဲ့ မွေးစားသခင် အန်တီလှ စျေးသွားရင် ထိုက်ပို့ရမည့် အချိန်လေ။

သူနှင့် ကျွန်တော် အောင်သပြေ လမ်းထဲ ဖြည်းဖြည်းချင်း ဝင်လာတယ်။ စီးကျနေတဲ့ သွေးစက်တွေက ပန်းပွင့်နီနီရဲရဲတွေ စီပြီး ချခင်းသွား

www.burmeseclassic.com

www.burmeseclassic.com

ဒရိုးသူ၊ ဘတ္တ ဆောင်ပါ

မဇ္ဈိမပြင် ကျိုက်ထီးရိုး ရန်ကုန် မြစတိ
ဝဲဆောစီ ဘုရားပုံးခရိုးတစ်ခွင်

ကြည့်ကြည့်ကျော် (ဂုဏ်တော်ဆိုင်) ရေးသား

www.burmeseclassic.com

၂၃ . ၁ . ၀၆

တောင်ပေါ်နယ်စပ်ပြုံလေးမြေတီ

နံနက် (၃း၀၀) နာရီ အိပ်ရာထ ကိုယ်လက်သန့်စင်ပြီး (၄း၃၀) ခန့် ကြိုတင်စာရင်းပေးထားသည့် မြေတီတက်မည့်ကားမှ လာခေါ်မှာမို့ အိမ်ရှင်အမိုးကို နှုတ်ဆက်ခဲ့ပြီး လက်ဖက်ရည်ဆိုင်မှာ ခင်ပွန်းသည်က ထမင်းကြော်မှာစားရင်း မြေတီတက်မည့်ကားကို စောင့်နေပါတယ်။ နံနက် (၅း၀၀) ခန့် မြေတီသို့တက်မည့်ကား ရောက်လာပါပြီ။ အမိုးမပါ၊ ကားပက်လက်နဲ့ ဒီလောက် ခရီးရှည်ပါဆို ဖျာတောင် မခင်းပေး။ ရော်ဘာပြားအခင်းက ဇောင်းတွေနဲ့။ ဘုရား ... ဘုရား ကိုယ့်မှာ ဂျ်ခရီးစဉ်ကို မသိမကျွမ်း မမှန်းဆနိုင်တော့။ ခင်းစရာ ဘာမှမပါ။ သွားမှသွားနိုင်ပါ့မလား။ ကဲ... သားငယ်ရှိရာကို ရောက်အောင် သွားချင်၊ တွေ့ချင်တာပဲလေ။ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ဆိုပြီး ကားပေါ်တက်ပါသည့်စက္ကူလေးခင်းထိုင်ပြီး နံနက် (၅း၀၀) ထဲက ခရီးသည် မပြည့်မချင်း အနည်းဆုံး (၃) ပတ်ခန့် လှည့်လည် ခေါ်နေသည်။ မြန်မြန်ရောက်ချင်သည့်ခရီး ပါဆိုမှ ကားပေါ်မှာကို အချိန်ကုန် လူတွေက ပြည့်ကြပ်ပါတယ်ဆိုမှ ကြက်စာအိတ်တွေ တင်ပြန်သည်။ ဒီလောက် ခရီးရည်ကြီးကို ကိုယ်ချင်းမစာ အပြည့် အကျပ်တင်လည်း မပြောရဲပါ။

သူ့အရပ်နဲ့ သူ့တပ်ပဲလေ။ ကိုယ်က ဧည့်သည်၊ ခုကွတွေဖြစ် ကားပေါ်ပါခရီးသည်အချို့ ကိုယ်ချင်းမစာသူ၊ စရိုက်ကြမ်းသူတွေပါတော့ စိတ်ညစ်ပြီး ရင်း ညစ်၊ အိပ်ရေးပျက်သည့်ညတွေက များ။ ခရီးက ပန်း။ ကားက အမိုးမပါ၊ အောက်ခင်းက ကြမ်း ဆေးသောက်လည်း တောင်ပေါ်စတက်ကတည်းက မူးပြီး၊ မျက်စိမှိတ် ဘုရားစာရွတ်၊ ရှုဆေးရှူ အစာလေးရှိပါစေတော့ မုန့်လေး နည်း နည်းစားခဲ့ပါတယ်။ ကောက်ကရိတ်ရောက် တာနဲ့ အန်တော့တာပါပဲ။ နေက ပူ၊ ခရီးက ကြမ်း လူတွေက ငါးပိ၊ ငါးချဉ် သိပ် တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ကြီး ခုကွဲခဲသွားခဲ့ရသည့်ခရီး မရှိခဲ့ဘူးပါ။ ဂျ်ခရီးကြမ်းကို သားကို တွေ့ချင်တော၊ မြေးလေးကို မြင်ချင်တောနဲ့ အမူးခံ၊ အန်လိုက်သည်မှာ မချိမဆံ့၊ အန်လို့မှ ဖေးမမည့် ခင်ပွန်းသည် အနီးကပ်ရှိပါလျက် လက်ထုတ်လို့မရအောင် ကြပ်ညပ်လှသည့် အဖြစ်ဆိုးဝါးလုပါတယ်။ မြေတီမတက်ခင် ခရီးသည်ရရေး လှည့်ပတ်ရာသည်က (၃) နာရီခန့်၊ မြေတီရောက်အောင် မောင်းချိန်က (၅) နာရီ၊ စာရေးသူမှာ ကားပေါ်မှာ (၈) နာရီလုံးလုံး ခုကွတွေဖြစ်၊ ခရီးသွားရတာ နှစ်သက်ပေမယ့် ကားမူးတတ်လို့ ကားစီးရမည့်ခရီး သွားခဲသည့် စာရေးသူမှာ ခရီးရည်တောင်တက် ခရီးကြမ်းကို အံတုနိုင်သည်မှာ ကိုယ့်ကို ကိုယ် အံ့ဩလို့ ဟုတ်မဟုတ်ရဲလား။ အကယ်ဒမီများဆုရှင် အိရိုက်တာ ဦးသခင် အကယ်ဒမီဆုတွေရ ဂန္ဓဝင်ရုပ်ရှင်ကားကြီးဖြစ်တဲ့ "စကားပြောသောအသည်းနှလုံး" ဇာတ်ကားမှ ထပ်ဆင့် အကယ်ဒမီ ကြည့်ကြည့်ဌေးရဲ့ သားကို

www.burmeseclassic.com

www.burmeseclassic.com

ချစ်တဲ့ဇော်ဟေ့... သားကိုချစ်တဲ့ဇော်ဟေ့ ဆိုတဲ့ သီချင်းစာသားလေးနဲ့ ကုန်တင်ကားကြီးထဲမှ ကားလေးပေါ်မှာ သရုပ်ဆောင်ခဲ့တာကို သတိရမိပါတယ်။

ကားနောက်ခန်းမှ ကားခေါင်းကို မိုတိုင်ရသည်ဖို့ လမ်းကြမ်းကြမ်းမှာ ကျိန်းခန် ခိုင်းခန် ဆောင့်လိုက်တိုင်း ကျားခါး နာလိုက်သည်မှာ မတရားပါ။ အရေပြားတွေ ပွန်းနိုင်လောက်ပါတယ်။ အရမ်းနာသည့်အခါ နောက်ကျောကို မနည်းခွာထိုင်ရသည်။ ကံကောင်းထောက်မစွာနဲ့ ကြက်စာအိတ်ပေါ်ထိုင်ရသည်ဖို့ တင်ပါး အနာ သက်သာရာရလို့ တော်သေးတယ်။ ကြက်စာအိတ်တွေတင်တာကို အပြစ်တင်မိပေမယ့် ကျေးဇူးတင်သွားပါပြီး မြဝတီကို နေ့ (၁၀၀) နာရီမှာရောက်ရှိပြီး ဆိုက်ကားဝှာ။ ဆိုက်ကားက ကျယ်ပြန့်လို့ အဝတ်အိတ်တွေပေါ် ဖိပြီး လိုက်ခဲ့ရတယ်။ ကုန်းမြင့်ပေါ်ရှိ စာရင်းရုံးရှေ့ရောက်တာနဲ့ ခင်ပွန်းသည်က သားတို့ကို တက်ခေါ်ပါတယ်။ သားငယ်ရောသမီးပြိုင်းပါ

"ဟယ်... ဒီခရီးကို မမေမေပါလာတယ်"

နဲ့ အံ့သြတကြီး ဆင်းလာပါပြီး စာရေးသူကို တွဲခေါ်ကြိုပေးတယ်။ လာမယ်လို့ ကြိုတင်အကြောင်းကြားတာ အဆင်မပြေသော်လည်း သားငယ်တို့ရှိနေလို့ တန်ခဲ့တွေမြင်ရတော့ အားတွေရှိသွားပါတယ်။

အသားအရေ ပြုပြုပြေးပြေးနဲ့ ချစ်စရာကောင်းသည့် မြေးလေးကို တွေ့ရပါတယ်။ သားငယ် ငယ်ငယ်ကနှင့်တူပါ့။ ချစ်စဖွယ် မြေးလေးပါပဲ။ စာရေးသူရဲ့သားကြီး မြဝတီစည်ပင်သာယာရေးမှာ A.E တာဝန်နှင့် ရှိစဉ်တည်းက သား (J) ယောက် တာဝန်ကျရာ ကျွဲပြီးလေးကို ရောက်ပူးချင်တာ။ ကားကို လွန်စွာမှုးတတ်သူဖို့ စိတ်သာရှိတယ် ကိုယ်တိုင်ရောက်နိုင်မယ်လို့ မထင်ခဲ့ရတဲ့ မြဝတီဆိုတဲ့ အမည်လှလှလေးနဲ့ သာယာလှသည့် မြို့မှာ-ထိုင်း နယ်စပ် တောင်ပေါ်ပြိုလေးကို တယ်ရောက်ခဲ့ပေမယ့် အိပ်မက်အလား အိပ်မက်များလားနဲ့ ယုံပင်ယုံနိုင်စရာ မရှိပါ။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်၊ တန်ခိုးတော်တွေပါ။ သွားမယ်လို့ရည်ရွယ်တာက သမီးတို့ တကယ်ရောက်ခဲ့တာက စာရေးသူတို့ ကြံတိုင်းလည်း မအောင်၊ မရည်ရွယ်ပဲလည်း ဖြစ်ဆိုတဲ့အတိုင်းပါ။ ရောက်သည်နှင့် ကုတင်ပေါ် လဲနေရသည်။ သားငယ်က ကွတ်တီယို(ထိုင်းအစားအစာ) ဝယ်ကျွေးသော်လည်း မစားနိုင်တော့ပါ။ ခရီးရည် ခရီးကြမ်းကို မူးသည့်ဒဏ်ခံရ၊ အန်သည့်ဒုက္ခတွေ ခံတာခဲ့ရသည့်ဖို့ မူးလိုက်သည်မှာ ပြောမဖြစ်။ ကားခေါင်းပိုတိုင်ခဲ့ရတော့ ကျိန်းခန် ခိုင်းခန်ဒဏ်တွေနဲ့ နောက်ကျောရောင်နေပါပြီ။ ထွန်းရွှေဝါ လူး၊ ညဘက်မှာ မောရိယဆေးလူးနဲ့ သက်သာအောင် စီမံရပါတယ်။ သားငယ်တို့အခန်းက အအေးသက်သာပါတယ်။ ကိုယ်က စားရေသူဆိုတာ သိထားတဲ့ စာရင်းရုံး ဦးစီးမှူး ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်သန်းသန်းတင်တို့က ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီး လေးလေးစားစားနဲ့ လာနှုတ်ဆက်ပါတယ်။ စိုးသက်ကျော်က (စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

ဇာတိခြံအတုခင်းပြတဲ့ ဘုမိစဘာ ဇာတ်လမ်းတခုနဲ့ ပီတာကုလားကြီး ဒီနိုမင်္ဂလာ

ဇာသားငယ်) ...

"ကျွန်တော့်မေမေက စာရေးဆရာလို့ ပြောတယ်။ ရန်ကုန်အသွားလမ်းမှာဖတ်ဖို့ စာအုပ်တစ်အုပ်ဝယ်တော့ ဆရာမရေးတဲ့ဆောင်းပါး ဖတ်ရတယ်။ ကောင်းတယ် ဆရာမရယ်။ အခု မြဝတီရောက်ခိုက် ကုန်ကြမ်းလေးစဉ်းစားပြီး မြဝတီပြန်အကြောင်း ရေးပါနော် ဆရာမ။ မြဝတီဆိုတာနဲ့ ကျွန်မအကြောင်းပါ ထည့်ရေးပေးနော်"

ဆရာမရဲ့ လေးစာခြင်းခံရလို့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ စာပေနယ်မှာ အခုမှ ဝလုံးတန်းပဲ ဖြစ်ခွင့်ရတာကို ဂုဏ်ယူမဆုံးသလို မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ကိုယ့်စာမူလေးများ ပုံနှိပ်ဖော်ပြခံရသည့်အခါ စာရေးသူတစ်ယောက်အနေနဲ့ ဖော်မပြနိုင်တဲ့ ဝမ်းသာပီတိတွေ ရရှိပြီး ကျေနပ်မော်ရွှင်ရပါတယ်။

စာရေးစဖတ်တာကို ငယ်စဉ်တည်းက ဝါသနာကြီးလွန်းလို့ ယခုလို အသက်အရွယ် ကျန်းမာရေးလည်း မပြည့်စုံချိန်အထိ ငွေခတ်ပြီးရေးနေခဲ့မို့

www.burmeseclassic.com

www.burmeseclassic.com

စာပေအနုပညာကို မြတ်နိုးပါတယ်။ ကိုယ့်ရင်တွင်းပုံရိပ် ကိုယ့်နလုံးသားနဲ့ ဖန်တီးတည်ဆောက်ထားတဲ့ စာမူလေးများကို ထည့်သွင်းဖော်ပြပေးသော မဂ္ဂဇင်းတိုက်များ၊ အယ်ဒီတာကြီးများကိုလည်း တစ်သက်တာ ကျေးဇူးတင်ရှိပြီး ပေါ့ပို့သည့် မေတ္တာလက်ဆောင်စာအုပ်လေးများကိုလည်း အမုံးမုံးပြီး ကိုယ့်ရင်က သားသမီးများလို ချစ်မြတ်နိုးပြီး တယုတယ ထားပါတယ်။ တစ်သက်တာ အမှတ်တရတွေပါ။

၂၃ • ၁ • ၀၆

စာရေးသူတို့ရောက်ရှိသည့်နေ့က ချစ်မြေးလေး "ယုယ" (ယွန်းနဒီကျော်) (၃) လပြည့်မွေးနေ့မင်္ဂလာနေ့ဖို့ ဘုန်းတော်ကြီးကျောင်းကို မွေးနေ့ကုသိုလ်ဆွမ်းချိုင့်ပို့ပြီး အမှတ်တရ စာတံပုံရိုက်ကြတယ်တဲ့။ ညနေအချိန်မှာ သားငယ်တို့မိသားစု "ရွှေပြင်းဝန်" စေတီတော်ကို ဖူးမျှော်ဆုတောင်းကြပြီး မွေးနေ့အလှူငွေကပ်လှူကြပါတယ်။ မွေးနေ့ရှင်မြေးလေးနဲ့ မိသားစု ကိုယ်စိတ်နှစ်ပြာကျွန်းမာချမ်းသာပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒတွေနဲ့ ပြည့်စုံပြီး မွေးနေ့ နှစ်(၁၀၀)တိုင်ပါစေ ထာဝရအေးချမ်းပြီး ပြည့်စုံသည့်မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတွေ တောင်းပါတယ်။ ချစ်မြေးဦး "ရတီထင်လင်းကျော်" လေးကို သားကြီးက လာပြစဉ်ကလည်း မှတ်မှတ်ရရ (၃) လပြည့် သမီးလေးပါပဲ။ သားငယ်တို့စာရင်းဇယားက (၃) ထပ်ပါ။ အပေါ်ဆုံးထပ် (၃) ခန်းမြောက်မှာ စာရေးသူတို့ တည်းခိုရပါတယ်။ သားငယ်ကိုယ်တိုင် အိပ်ရာခင်းပေးပြီး လိုလေသေးမရှိ ပြာပြာသလဲ ပြုစုပေးလို့ ဝိတိတွေပြစ် ကျေးဇူးတွေ တင်ရပါတယ်။ ခရီးပင်းသည့်ဇော်နဲ့ အိပ်မပျော်ပါ။ နက်ပြန်ခါတော့ ဆေးခန်းပြရမှာပါ။ မြဝတီပြိုနဲ့ ထိုင်းနိုင်ငံကို အလွန်မကျယ်လှတဲ့ သောင်ရင်းမြစ်ပဲ ခြားထားတာပါ။ သားငယ်တို့စာရင်းရုံးနဲ့ သောင်ရင်းမြစ် အနီးလေးမို့ ညအခါ စာရေးသူတို့အခန်းမှ မှန်ပြတင်းတွေက လှမ်းကြည့်လိုက်ရင် သောင်ရင်းမြစ်တစ်ဖက်ကမ်းရှိ မဲဆောက်ပြိုမှ မီးရောင်တလက်လက်နဲ့ သပ္ပာယ်လှတဲ့ ထိုင်းစေတီကို ဖူးမျှော်ရပါတယ်။

၂၄ • ၁ • ၀၆

ကိုယ်လက်သန့်စင်ပြီး အစောစာကို သားငယ်က ထမင်းကြော်၊ အကြော်၊ ကော်ဖီ စီစဉ်ပေးပါတယ်။ ခရီးပန်း အိပ်ရေးပျက်တာမို့ ခံတွင်း မတွေ့ပါ။ ခေါင်းကို မထူချင်း ညနေ (၅း၀၀) ခန့် သားငယ်က Dr. သင်းသင်းနွယ်ထံ ပြပေးပါသည်။ Pressure ကျတာမို့ အကြောဆေးထိုး သောက်ဆေး ပေးပါတယ်။ သားငယ်က အားဆေးနဲ့ ပန်းသီးဝယ်ပေးပါတယ်။ ခရီးဝေးရောက် စာရေးသူတို့ကို သားသမီးတွေ စိတ်အေးရန် ညနေမှာ ဖုန်းဆက်တော့ သမီးကြီးက အေးအေးဆေးဆေး နေပါ။ ရောက်တုန်း ရောက်ခိုက် ဘုရားတွေ ဖူးပါ။ လည်ပတ်ခဲ့ပါ။ နောက်ပိုင်းကို စိတ်ချပါလို့ ပြောပါတယ်။ ညစာကို ကြာဆံသောက်ပြီး ည (၈း၀၀) ခန့်တွင် ထွက်လာသည့်ခရီးစဉ်

www.burmeseclassic.com

အကြမ်း ရေးမှတ်ပြီး ဆေးသောက် အိပ်ရာဝင်ပေမယ့် ခရီးပန်း အားနည်းပြီး အိပ်ပျော်ညတွေများတော့ ခေါင်းတွေ ပိုးနေပါသည်။

၂၅ · ၁ · ၀၆

အစောစာ သားငယ်ဝယ်လာတဲ့ အီကြာကွေးစာပြီး နံနက် (၉း၀၀) ခန့် စာရင်းရုံးဝန်ထမ်း မအေးသီတာတို့ အိမ်က ကုသိုလ်ပြု မုန့်ဟင်းခါးကို စာရင်းစစ်မှူး ဖေကြီနိုင်းက လာပို့ပေးပါတယ်။ စားကောင်းလို့ ကျေးဇူးတင်ပါသည်။ သားငယ်က စာရင်းစစ်ထွက် (Audit) အချိန်မို့ မအားပါ။ ညနေ (၃း၀၀) ခန့် သမီးငြိမ်းက ထိုင်းအစားအစာ ယိုးဒယားသဘော်သီးထောင်း ဝယ်ကျွေးပါတယ်။ ချိုချဉ်စပ်အရသာနဲ့ စားလို့ကောင်း၍ ကျေးဇူးတင်ပါတယ်။ ရေနွေးကြမ်းကြိုက်သည့် စာရေးသူတို့ခင်ပွန်းသည် ဝယ်လာသည့် လက်ဖက်ခြောက်မွှေးနှင့် သောက်လို့ကောင်းလွန်းလို့ ကျေးဇူးတင်ပါတယ်။ ခေါင်းနည်းနည်းကြည်ပြီး နေကောင်းစပြုပါပြီ။ စာရေးသူတို့ မြန်မာနိုင်ငံ မြန်မာလူမျိုးတွေရဲ့ စာပေဥယျောင် အထင်ကရ မြဝတီမင်းကြီးဦးစ အမည် အတိုင်း မြဝတီဆိုတဲ့ အမည်လှလှလေးနဲ့ ထင်ရှားတဲ့ နယ်စပ်မြို့လေး(မြဝတီ မင်းကြီးဦးစနှင့် ဆက်စပ်လား စာရေးသူ

သေချာမသိပါ) သွားမယ် သွားမယ်နဲ့ ထာစူတာက သမီးတို့။ ဦးစားပေးရောက်ခဲ့တာက စာရေးသူတို့။ သမီးတို့ကို သတိတွေရ ရောက်ဖူးစေချင်း၊ ကံတရားများအံ့ဩပြေစ။ သားတို့ကို လွမ်းလို့မှ၊ တွေ့ချင်လို့မှ ရောက်အောင်သွားနိုင်လိမ့်မည်ဟု ထင်မထားရဲပဲ ဘုရားတန်ခိုးတော်၊ ဂုဏ်ကျေးဇူးတော်နဲ့ ရောက်ခဲ့ရလို့ ပျော်ရပါတယ်။ သားငယ်၊ မြေးလေး၊ သမီး ခွေးမတို့နှင့် အတူနေရခိုက် ပျော်ရွှင်ချမ်းမြေ့ရသလို အိမ်မှာကျန်ခဲ့တဲ့ သား သမီးမြေးတွေကိုလည်း သတိတွေရ၊ လွမ်းရပါတယ်။ သားသမီးတို့ကို ချစ်ရ၊ သံယောဇဉ်ကြီးရတဲ့ မိခင်တို့ရဲ့ဝဒေနာပါပဲ။

ညနေ နေဝင်ချိန် တောက်ပသော ဆည်ဆောအလှနှင့်အတူ အိမ်တန်းတက်ချိန်မှာ ရေနွေးကြမ်းဝယ် ပုံသန်းနေတဲ့ ငှက်ကလေးတွေကိုကြည့်ပြီး ငှက်ကလေးတို့ရေ မြဝတီဆိုတဲ့ သားတို့ရှိရာ တောင်ပေါ်မြို့လေးကို ရောက်ချင်၊ သွားချင်လွန်းလို့ မင်းတို့ရဲ့တောင်ပံကို ဝှေးပါလို့ တိုင်တည်ခဲ့တဲ့ တို့လေ မင်းတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com

တောင်ပံကိုမထားခဲ့ရသော အခု မြတ်ဘုရား ရဲ့ တန်ခိုးတော်၊ ဂုဏ်ကျေးဇူးတော်၊ ဗိခင်တို့ရဲ့ ခွန်အားတွေနဲ့ ဟောဒီ မြတ်စွာ ဆိုတဲ့ တောင်ပေါ်မြို့လှလှလေးကို ရောက်ခဲ့ပါပြီကွယ်။ ကျန်းမာရေးမကောင်း သေးလို့ ဘုရားလည်း မဖူးရသေး။ ဘယ် မှလည်း မလည်ရသေးပါဘူးကွယ်လို့ ပြော မိပါတယ်။ (သားတို့ကိုလွမ်းဆွတ်ရတဲ့ ဗိခင်ဝေဒနာတွေ ရင်ဖွင့်ရေးသားတဲ့ "ရိုက်ခတ်နလုံးသားပျံလွင့်သံ" ဆိုတဲ့ ဆောင်းပါးကို ပျဉ်းမနားမဂ္ဂဇင်း အမှတ် (၃) အထူးထုတ်၊ ဇွန်လ ၂၀၀၆ မှာ ပါရှိပါတယ်။

၂၆.၁.၀၆

(မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်)

ခင်ပွန်းသည်နှင့် မြဝတီရောသို့ သွား။ ခံတွင်းမိန်စေရန် မုန့်ညှင်းစိမ်းချဉ် ဖတ်(ကြံမဆိုင်) ရှာဝယ်ပေမယ့် ကိုယ်မြို့ ကိုယ့်ဒေသမဟုတ်တော့ ချက်ချင်း ရှာ မတွေ့ဘူး။ အခါခါရှာမှ တွေ့တယ်။ ကံကောင်းစွာနဲ့ တစ်ခါချက်ပဲ ရတယ်။ ကြံမဆိုင်နဲ့ ကြက်ဂိုးတစ်ခွက်၊ ကြက်သား ဆီပြန်၊ ငရုတ်သီးထောင်းတို့နဲ့ စားလို့ကောင်းမကောင်း။ ဦးစီးမှူးကတော် "အသန်းကို" ဟင်းစားလေးလိုက်တာ ကောင်းလိုက်တာ ဆရာမရယ်တဲ့။ ကိုယ့်လက်ရာ စားကောင်းတယ်ဆိုတော့ ဝမ်းသာရတာပေါ့။ ယနေ့တစ်နေ့လုံး လေနအေးက တသုန်သုန်တိုက်၊ ရံဖန် တောင်ကုန်းလေးပေါ်မှာမို့ ပို၍ လေ ကြောင်းကျပြီး တစိမ့်စိမ့်ပိုအေးလို့ အေး တဲ့အရသာကို နှစ်သက်သူမို့ ပြဿနာ မရှိပါ။ မြဝတီမြို့ရောက်ကတည်းက ဘယ်မှမထွက်ဖြစ်သေး၍ ယနေ့ညနေ (၄း၀၀) ခန့် ခင်ပွန်းသည်နှင့် မြဝတီဇာ ကျက်သရေဆောင် တန်ခိုးကြီး "ရွှေမြင်း ဝန်" စေတီတော်သို့ ထွည့်ပတ်ဖူးမျှော် ကြည်ညိုအလှူငွေလှူပြီး မေတ္တာရံ စာတံပုံဆိုင်မှာ ဖလင်ဝယ်(ဖလင်ထည့် ကိုနီကာကင်မရာမို့) ထိုင်ပြန်မာနှစ်ခိုင်ဝ ခန်နယ်စပ် ချစ်ကြည်ရေတံတားသို့ သွား ရောက်လေ့လာပြီး အမှတ်တရ စာတံပုံ ရိုက်၊ သောင်းရင်းမြစ်ကို သွားခဲ့ပါတယ်။ မြစ်သာပြောတယ် ချောင်းသာသာပါပဲ။ ဟိုတက်ကမ်း သည်တက်ကမ်း စက်လှေ တွေ ကူးချည် သန်းချည်ပါ။ ဦးစီးမှူး ကတော် "အသန်း" က မိဘာန်အောင် စေတီတော်၊ ထိုင်းနိုင်ငံ မဲဆောက်မြို့ ဘက်မှ ထိုင်ဘုရားများအား ညအခါ ရံဖန် အပေါ်ထပ်က လှမ်းပြလို့ ပူတော်ထားတဲ့ ဒီးရောင်တွေ တလက်လက်နဲ့ ကြည်နူး စွာ ဖူးမျှော်ရပါတယ်။ ကျေးဇူးကင်ပါ တယ်။

၂၇.၁.၀၆

(မိဘာန်အောင် စေတီတော်)

နံနက်ခင်း ရှေးဝယ်၊ စာရေး သူအတွက် ဂျင်းလက်ကိုင်အိတ်၊ သမီး တို့အတွက် သားမွေးလက်ကိုင်အိတ်၊ ချစ်မြေးဘေဘီအတွက် သားမွေးကျောပိုး အိတ်တို့ဝယ်ပြီး ပြန်လာခဲ့ပါတယ်။ ရံဖန် အတက်နားမှာ သားငယ်နဲ့တွေ့တော့

"မေမေ ဘာစားချင်လဲ။ ကွတ် တီယိုအရည်ဖျော်(ထိုင်းအစားအစာ) ကောင်းတယ်။ စားကြည့်ပါ မေမေ"

www.burmeseclassic.com

နှင့် သက်ဆိုင်ရာဌာနတွင် ဝင်ပြ၊ ယာယီ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တွေ ကပ်ပေးပြီး လူဝင်မှုကြီးကြပ်ရေး (Immigradtion) တွင် ပြရပြီးမှ ချစ် ကြည်ရေးတံတားပေါ် ဖြတ်သန်းခွင့်ရတာ ပါ။ တံတားအလယ်တွင် အမှတ်တရ ဓာတ်ပုံရိုက်ပြီး "မဲဆောက်" ဘက်သို့ ကူးခဲ့ပါတယ်။ မဲဆောက်မရောက်ခင် မယ်တော်ရွာ ရှိပါတယ်။ ရွာလို့သာ ပြော ရတယ်။ ခေတ်မီတိုက်တာအဆောက်အဦ တွေ ကားမျိုးစုံတွေနဲ့ တဝီဝီနဲ့ တိုးတက် ပါတယ်။ မယ်တော်ရွာမှ Taxi ငှားပြီး မဲဆောက်မြို့သို့ သွားကြပါတယ်။ ဈေးကို အရင်ဝင်၊ ပစ္စည်းများ ထုတ်ပိုးခင်းကျင်း ထားသည်မှာ သပ်ရပ်လှပပြီး လိုချင် စရာတွေပါ။ ဘတ်နှင့်ရောင်းသည်ဖို့ ဈေး အနည်းအများ ချက်ချင်းမသိပါ။ ချင်းမိုင် အကျီလေးတွေ ချည်ထည်ဖို့ ပေါ့ပေါ့ ပါးပါး ဝတ်လို့နေလို့ကောင်းတာကြောင့် စာရေးသူအတွက်ဝယ်ပြီး မြေးလေး၊ သမီးတို့၊ ငြိမ်းတို့အတွက်လည်း လက် ဆောင်တွေဝယ်ပြီး ဈေးအနီးမှ ထိုင်းတော်

မောင်စမြူလွှင် ပုံထွက်သိပ်မကောင်းလို့ မိဘာန်အောင်စေတီတော်မှ ဓာတ်ပုံဆရာ ကိုတင့်ဝေ (သန်းတိုးအောင် အလှ ဓာတ်ပုံ)နှင့် အမှတ်တရ ရိုက်ပါတယ်။ ခဏနှင့် ရပါတယ်။ ဓာတ်ပုံကိုကို အသန်း က ငွေတောင်းလို့ အားနာကျေးဇူးတင်ရပါ တယ်။ မိဘာန်အောင်စေတီတော်မှအပြန် ရွှေမြင်းဝန်စေတီကိုလည်း ဝင်ဖူးခဲ့ပါတယ်။

၂၉ ၊ ၁ ၊ ၀၆

(ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ အထည် တစ်ခေါက်)

နံနက် (၈၃၀) ခန့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ အလည်သွားရန် သားငယ် ခင်ပွန်းသည်နှင့် ချစ်ကြည်ရေးတံတား သို့ ဆိုက်ကား စီးခဲ့ရပါတယ်။ မြဝတီမြို့ မှ ဆိုက်ကားနှင်းသူက နောက်ကပါ။ ရေ မှာ ပစ္စည်းလည်တင် လူ(၄) ယောက်ခန့် ထိုင်လို့ရတယ်။ အကျယ်ကြီးပဲ။ တစ်နေ့ တာ လည်ပတ်ရန် ပတ်စ်ပို့လုပ်ရန် ဓာတ်ပုံရိုက်ပြီးသည်နှင့် မြန်မာငွေနဲ့ ဘတ် ငွေ လဲရပါတယ်။ ပတ်စ်ပို့ပုံတွေရသည်

နဲ့ ဝယ်ကျွေးပါတယ်။ ပူပူနွေးနွေးနဲ့ စားလို့ကောင်းပါတယ်။ မိဘတွေ လာလည်ခိုက် စေတနာထား ဂရုတစိုက် ပြုစုခဲ့ သားငယ်၊ ငြိမ်းတို့ကို ကျေးဇူး တွေဝ ဆတွေ ပေးပါတယ်။ ရုံးချိန် ပြင်ပ အဝိုင်ငွေရရန် သောက်သုံးရေ ပိုက်နဲ့ လှည့်လည်ပေးရတဲ့ သားငယ်ကို သနားကရုဏာ ဖြစ်ရပါတယ်။ မေတ္တာ တွေ ပို့ ဆုတွေပေးရပါတယ်။ သားငယ် က အားသည့်အချိန် နည်းတာမို့ မပြန် ခင် ဦးစီးနှုန်းမောင်နှံ၊ စာရင်းရုံးအဖွဲ့ သမီး တို့နှင့် ညနေ (၃း၀၀) ခန့် သားငယ်၊ ငြိမ်းတို့ အမှတ်တရ ဝယ်ကန်တော့တဲ့ ထမီးခ မှတ်တရ ဓာတ်ပုံ ရိုက်ပြီး ဦးစီးတို့က "မိဘာန်အောင်" စေတီ ဖတ်သို့ လိုက်ပို့ပေးပါတယ်။ တောင်ကုန်း မြင့်ပေါ်က ရွှေရောင်တဝင်းဝင်းနဲ့ မိဘာန် အောင် စေတီတော်မြတ်ကြီးကား သပ္ပါယ် လှပါတယ်။ ဘုရားပရဝုဏ်ကို အုတ် တံတိုင်း ကာရံထားသည်မှာ ထုထည် ကြီးမား မြင့်မားလှသမို့ မြို့ရိုးကြီးအလား ပါပဲ။ စာရေးသူတို့ ကိုနီကာ ကင်မရာက

www.burmeseclassic.com

www.burmeseclassic.com

တော်ကို ဝင်ဖူးပါတယ်။ ထိုင်းရိုးရာ ယဉ်ကျေးမှုလက်ရာနှင့် တည်ထားလို့ တစ်မျိုးတစ်ဘာသာ ကြည့်ညှိုဖွယ်ရာ ကောင်းလှ၊ သပ္ပါယ်လှပါတယ်။ စေတီတော်အမည် ဘုရားသမိုင်းကြောင်း မေးမြန်းရာ မြန်မာစကား မကျွမ်းကျင်သူမို့ သူပြောပြတာတွေ နားမလည်ခဲ့ပါဘူး။ အမှတ်တရဓာတ်ပုံတွေ ရိုက်ခဲ့ပါတယ်။ ထိုင်းဘုရင်နှင့် မိဖုရား တွဲလျက်ပုံရချင်၍ ရှာကြည့်တာ မတွေ့ခဲ့ပါဘူး။ ယခုတော်ရွာအဝင်ဝမှာ တရုတ်နှစ်သစ်ကူးပွဲတော်ခင်းကျင်းပြသနေပါတယ်။ လိုချင်စရာတွေ အများကြီးပါ။ စာရေးသူရချင်သည့် ထိုင်းဘုရင်ကြီးနှင့် မိဖုရားပုံ တွေ့ပါပြီ။(အရွယ်အလတ်ပုံ) ပန်းကနုတ်ဘောင်လှလှတွေနှင့် ပုံက အကြီးကြီးပါ။ ဘတ်(၁၀၀) တဲ့။ ရချင်သော်လည်း သယ်ရမှာမလွယ်သလို စျေးလည်းကောင်းတော့ သားငယ်ကို အားနာပြီး မဝယ်ခဲ့ပါ။ ၎င်းဆိုင်တွင် ထိုင်းဘုရင်နှင့် မိဖုရားတို့၏ အရွယ်အဆင့်ဆင့်ပုံတွေ၊ မိသားစု ငယ်ငယ်မှ ကြီးပြင်းလာသည့် ဆင့်ထက်ကဲပုံတွေ ခန့်ပြောလှပလို့ သဘောကျရချင်ပါတယ်။ ကျောက်စိမ်းနဲ့ပြုလုပ်ထားတဲ့ အလှပစ္စည်းလေးတွေ ပန်းအိုးလေးတွေ လက်ရာသေသပ်လှပပြီး ဆွဲဆောင်မှုရှိပါတယ်။ လှလေ စျေးကောင်းလေမို့ ဘတ် (၂၀) ပေးရတဲ့ ကျောက်စိမ်းပန်းခက်နှင့် ကြွေ



အိုးစိမ်းနှစ်လေး လှမှလှို့ အမှတ်တရဝယ်ခဲ့ပါတယ်။ မဲဆောက်ပြီတွင်း ဘုရားဖူး စျေးဝယ်၊ လှည့်လည်ကြည့်ရှု အဆောပြေစားသောက်ပြီး မယ်တော်ရွာသို့ Taxi တွားလာပါတယ်။ ကြည်လင်အေးမြသောရေတာသွင်သွင်စီးပြီး လှပသော သောင်ရင်းမြစ်ကူး ချစ်ကြည်ရေးတံတားပေါ်မှ ဖြတ်သန်းကာ မြဝတီမြို့သို့ မြန်လည်ရောက်ရှိခဲ့ပါတယ်။ သားငယ်နှင့်မိသားစုကို တွေ့ချင်လွန်း၍ ခရီးဝေး၊ ခရီးကြမ်းကို ကြုံကြိုခိုင် ရောက်အောင်လာတဲ့ မိဘနှစ်ပါးကို ရောက်တုန်းရောက်ခိုက် ဝန်ထမ်းခွေးနည်းစာစစ်စစ်လေးနဲ့ ကျွေးမွေးပြုစုပေးပြီး ပြည်ပခရီး ထိုင်းနယ်မြေသို့လည်း ဘုရားဖူးပို့ပေး အမှတ်တရပစ္စည်းတွေ ဝယ်ပေးပို့ သားငယ်ကို ကျေးဇူးအထူးတင် သဒ္ဓခေါ်ပါတယ်။

၃၀ ၁ ၀၆

သမီးကြီး မှာသည့် ကရင်ဂါဝန်အဖြူ မြဝတီစျေးထဲရှာ သဘောကောင်း ဘားအံသူ ကရင်တိုင်းရင်းသူ

www.burmeseclassic.com

www.burmeseclassic.com

မွေးရပ်မြေကို ပြန်ကြတော့ မှာမို့ နံနက်(၈၀၀) ခန့် ခင်ပွန်းသည်နှင့် ဘုရားဖူးထွက်ခဲ့ပါတယ်။ မိဂျာန်အောင် ဘုရားအနီးမှ "ကျောက်လုံးကြီးဘုရား" ကို (၉း၀၀) ခန့် ရောက်ရှိပြီး ဖူးပါတယ်။ သာယာလှတဲ့နေရာလေးမှာ တည်ထားတာပါ။ အလှူရွေ ပါဝင်လှူဒါန်းပြီး (၁၀၀) ဆူ ဘုရားသို့ ဆက်ဖူးပါတယ်။ သပ္ပါယ်လှသော ဘုရားအဆူဆူများကို ဖူးမြော်မကြည်နူးပီတိဖြစ်ရပါတယ်။ အမှတ်တရ စာတ်ပုံ ရိုက်ခဲ့ပါတယ်။ (၂၀၀၃)ခန့်က ခင်ပွန်းသည်နှင့် သားငယ်လေးတို့ သားကြီး သားငယ်ရှိရာ မြဝတီပြည်သို့ အလည်ခရီး ရောက်ခဲ့စဉ်က ဤ(၁၀၀)ဆူ ဘုရားများတွင် ရိုက်ခဲ့သည့်ပုံများကို ကြည့်ပြီး ဖူးချင်နေတာ ယခု လက်တွေ့ကိုယ်တိုင် ဖူးရပြီပြီ ကျေးဇူးတော်အနန္တပါ ဘုရား။ (၁၀၀)ဆူဘုရားမှ ဓိဂျာန်အောင်စေတီတော်သို့ နံနက်(၁၀း၁၅) မှာ ရောက်ရှိပါတယ်။ ဘုရားဖူးပြီး စာတ်ပုံဆရာ ကို တင့်ဝေ(သန်းတိုးအောင် အလှစာတ်ပုံ) နှင့် မိတ်ဖြစ်ဆွေဖြစ် စကားစမြည်ပြော နေဆဲ သရုပ်ဆောင် ညီနန္ဒလည်း ဘုရားဖူးလာတာနဲ့ ကြုံကြိုက်ပါတယ်။ ဓိဂျာန်အောင်စေတီတော်မှ "မိကျောင်းကုန်း" ဘုရားသို့ ဝင်ဖူးပါတယ်။ ရေအိုင်ကြီး အလယ်မှာ ရောမမိကျောင်းရုပ်ကြွရှိ၍ မိကျောင်းခံတွင်းဝမှာ ဘုရားရှိပါတယ်။ (မဝင်ရလို့ စာရေးထားပါတယ်။) မိကျောင်းကြီးကိုယ်ပေါ်မှာ ဘုန်းကြီးကျောင်း ရှိပါတယ်။ ထူးထူးခြားခြား တည်ထားတာပါ။ ဖလင်ကုန်သွားပြီဖို့ မှတ်တမ်းမတင်ခဲ့ရပါ။ ဘုရားတွေ လှည့်လည်ဖူးမျှော်ပြီး မြဝတီရေးသို့ဝင်၊ သမီးကြီးအတွက် ကရင်ဂါဝန် ပြန် ရှာဝယ်၊ လုပါတယ်။ အကြိုက်တွေ့၍ ဝယ်ပြီး ကရင်လုံချည်၊ အသီးအနှံဝယ်ပြီး ပြန်လာပါတယ်။ ည(၇း၀၀)ခန့် သားငယ်နဲ့ပြီးက နေရပ်သို့ပြန်ကြတော့မည့် မိတာနှစ်ပါးကို ငွေ(၃၀၀၀ဝ/-) ကန်တော့ပါတယ်။ မိတာတွေ တစ်ခါတစ်ခေါက် လာလည်ခိုက် တတ်အားသမျှ ကျေးမွေးပြုစုဘုရားဖူးပို့ အိမ်ပြန်လက်ဆောင်ဝယ်ခြင်း ပေးနဲ့ အားတွေနှာ၊ ကျေးဇူးတွေ တင်မိ

မိုးမိုးခိုင်ခိုင်မှာ ကရင်ရိုးရာဂါဝန်တွေ ဒီဇိုင်း အမျိုးမျိုးရှိပါတယ်။ စွေးကတော့ မသေးပါ။ ဆိုဒ်ကြီးတွေပဲရှိလို့ သမီးကြီးနှင့် အဆင်မပြေပါ။ သားတို့အတွက် ကရင်ရိုးရာပုခိုးနဲ့ သမီးငယ်အတွက် ကရင်ရိုးရာလုံချည် နီစိမ်းရောင် အမှတ်တရ ဝယ်ပါတယ်။ အခြားလိုအပ်တာလေးတွေ လိုက်လံကြည့်ရှုပါတယ်။ မြဝတီစွေးက မြဝတီမြို့ပုံစံအတိုင်း မြေညီမဟုတ်ပါ။ နိမ့်လိုက် မြင့်လိုက် ဂရုစိုက်သွားရပါတယ်။ သူ့ပစ္စည်းတန်းနှင့် သူမဟုတ်။ ကိုယ်ကျွမ်းကျင်တဲ့ဒေသလည်း မဟုတ်တော့ ရှာရတာ မလွယ်ပါ။ ယိုးဒယားမှာခွဲပုံစံအမျိုးမျိုး ဆိုဒ်အမျိုးမျိုးရှိ ငွန်းလေးတွေလည်းပါ ဖူးကြည့်ကြည့်လေးတွေမို့ လိုချင်စရာတွေပါ။ ယိုးဒယားပစ္စည်းက စွေးသာများတာ အရည်အသွေးကောင်းလို့ ဝယ်ပါတယ်။ ပြန်ရခါနီးမို့ ညနေမှာ သားငယ်တို့မိသားစု၊ ရုံးအပေါ်သားများနဲ့ အမှတ်တရ စာတ်ပုံရိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ခရီးရည်ထွက်လာတဲ့ မိတန်ပါး အတွက် ကန်တော့ငွေကို မယူလို မယူရက်ပါ။ သားငယ်က မေမေတို့ ခရီး ဝေးပြန်ရမှာ လက်ခံပါ မေမေရယ်နဲ့ လက်ထဲရောက် ကန်တော့လိုသာ လက်ခံ ရတာ အားနာ၊ ဆုမွန်ကောင်းတွေ ပေး ရပါတယ်။

၂၊၂၊၀၆

ဆရာသက်ဦးဇင် (မြဝတီ) နှင့် တွေ့ဆုံခြင်း

ဤမြဝတီဆိုတဲ့ နယ်စပ်မြို့ လှလှလေးသို့ ရောက်ကတည်းက စာပေ ဝါသနာပါလှတဲ့ စာရေးသူကို မွေးဖွား ပေးခဲ့တဲ့ မိခင်မဂ္ဂင်း "ရုပ်ရှင်အောင်လံ" မှာ စာရေးခဲ့စဉ် စာပေမိတ်ဆွေ ဆရာ သက်ဦးနိုင်ကို သတိရသမို့ သူနယ်မြေ ကိုရောက်ခိုက် စာပေမိတ်ဆွေချင်း တွေ့ ဖူး စကားပြောဖူးချင်တာပါ။ မြဝတီကို ရောက်ခဲ့ ရက်(၂၀)သာရှိပြီး ခရီးပန်း နေမကောင်း၊ ဘုရားတွေဖူး၊ မဲဆောက် သွားနဲ့ မတွေ့ဖြစ်သေး။ နောက်ဖြန်ခါပဲ ပြန် ရတော့မယ်။ ဒီနေ့တော့ တွေ့ဖြစ်အောင် တွေ့မှပဲခရီးပြီး နေထည့်(၁၀၀)ခန့် ခင်ပွန်း သည်နှင့် ပြန်ဆက်နွှင့် စာနယ်ဇင်းသို့ သွားပြီး သက်ဦးနိုင်လိပ်စာ ခံစမ်းပါတယ်။ ပြန်ဆက်မှ ဒုဦးစီးမှူးက သဘောကောင်း စွာနဲ့ ကူညီပေးရုံသာမက လိပ်စာခံစမ်းပြီး

ပို့ပေးမည့် ဆိုက်ကားဆရာကို ထည့်ပေး လိုက်ပါတယ်။ ဒုဦးစီးမှူးကို ကျေးဇူးတင် ပါတယ်။ ဆိုက်ကားဆရာက သက်ဦးနိုင် နေသော ရပ်ကွက်ထဲ သုံးလေးနေရာ မေးပြန်ပြီး တွေ့ပါတယ်။ ဆရာသက်ဦး နိုင်က ရင်းနှီးခင်မင်မှုဖြင့် နွေးထွေးစွာ ကြိုဆိုလည်ခံပါတယ်။ ဆရာသက်ဦးနိုင်ကို အသက်(၃၀)ကျော်လို့ ထင်မိပေမယ့် (၄၅) နှစ် ရှိပြီတဲ့။ တကယ် အရွယ်တင် ပါတယ်။ သားနှင့် သမီးက ဘားအံ တက္ကသိုလ် တက်နေပြီပြောပါတယ်။ စီးပွားရေးသမားဖို့ အလုပ်များသည်နှင့် အမျှ တော်တော့်ကို အဆင်ပြေပုံပါ။ လက်ဖက်ရည်ဆိုင်မှာ ညှဉ်ခဲရင်း ကြုံတုန်း ဆုံခိုက် ကလောင်သမားတို့ရဲ့ဝါသနာ စကားလက်ဆုံပြောမကုန်ပါ။ မြဝတီဆိုတဲ့ မြို့လှလှလေးကို နောက်တစ်ခေါက် ရောက်ဖို့ လုံးဝမလွယ်တာမို့ တွေ့ဖူး စကားပြောခွင့်ရတာကို ကျေနပ်ရပါတယ်။ ကလောင်သက်ရတဲ့ စာရေးဆရာမို့ စကား ပြောလည်း ကောင်း၊ မြဝတီသို့ ရောက်လာ သမျှ အနုပညာရှင်တွေနဲ့ တွေ့ဖူး ဆုံဖူး

www.burmeseclassic.com

မို့ အမှတ်တရ ဓာတ်ပုံတွေလည်း ပြပါ တယ်။ စာရေးသူပါသနာနဲ့ အံကိုက်ပါ။ စာရေးသူချင်း စကားပြောရှင်ကောင်းပါ သော်လည်း ဆရာသက်ဦးနိုင်က ပါသနာ အရ စာရေးဆရာဆိုပေမယ့် တစ်ဖက်က စီးပွားရေးသမားမို့ အလိုက်သိစွာ နှုတ် ဆက်လိုက်ပါတယ်။ ဆိုက်ကားခေါ်ပေးရုံ သာမက ဆိုက်ကားခပါ အတင်းရှင်းပေး လိုက်၍ အားနာပါတယ်။ တစ်ခါမှ မတွေ့ဖူး မကြုံဖူးပဲ စာပေသမားချင်း မိတ်ဆက်ပြောရုံနဲ့ စာရေးသူတို့ကို ရင်းရင်း နှီးနှီး ဧည့်ခံ၊ စာပေစကားဝိုင်းလေး ရရှိ ခဲ့တာမို့ ဆရာသက်ဦးနိုင်ကို ကျေးဇူးတင် စွာနဲ့ တစ်သက်တာ အမှတ်တရပါပဲ။

ည (၇း၀၀) ခန့် သီရိရတနာ (သထုံကား) လက်မှတ် (၂) စောင် ဘားအံထိုးဖြတ်ပြီး ဦးစီးတို့ဝန်းမောင်နဲ့ကို နှုတ်ဆက်ရင်း မိဘဆွေမျိုးတို့ ဝေးကွာ တဲ့ဒေသမှာနေရသော သားငယ်တို့ မိသားစုကို စောင့်ရှောက်ပေးပါလို့ အပ်နှံ ရင်း မြဝတီဧကခိုက် ခင်မင်မှုထား ကူညီစောင့်ရှောက်၊ ဘုရားဖူးပို့ပေးတာ ကိုလည်း ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ဆက်ပါတယ်။ ယူရမည့်ပစ္စည်းတွေ ထည့်လို့ ခရီးသွားမည်ဆို အိပ်မပျော် တတ်သော စာရေးသူကို ခင်ပွန်းသည်က ခဏပဲဖြစ်ဖြစ် အိပ်ပျော်အောင် အိပ် ကြည့်ပါ။ သွားခါနီးလျှင် နှီးမည်။ စိတ်ချ လက်ချ အိပ်နော်ပြော၍ ကျေးဇူးတင်ရ ပါသည်။

၃၀-၂-၀၆

အလွမ်းရင်နှင့် အပြန်ခရီး

နံနက် (၄း၀၀) ခန့် အိပ်ရာထ၊ ခင်ပွန်းသည်က (၃း၀၀) ထဲက မအိပ် တော့ဘဲ အားကိုးရတဲ့ ခင်ပွန်းသည်ကို ကျေးဇူးတွေ တင်ပြီးရင်း တင်ရပါတယ်။ သမီးချွေးမ ငြိမ်းက ကွေကာနှင့် မုန့် ပြင်ဆင်ပေး၊ လမ်းမှာစားရန်ပါ ထည့်ပေး၊ ချစ်မြေးလေးကို နှုတ်ဆက်အနမ်းပေးပြီး သားငယ်တို့ကို နှုတ်ဆက်၊ သားငယ်က ပစ္စည်းတွေကို ဆိုက်ကားမှပါတင်ပေးပြီး ချစ်စရာမြေးလေးနဲ့ သားငယ်ပကို ခွဲရ ပြန်ပြီ။ မိဘနှစ်ပါးကို နားလည်မှုပေး စိတ်ချမ်းသာမှုပေး၊ သန့်သန့်စင်စင် ဝင်ငွေလေးနဲ့ တာဝန်ကျေသိတတ်သော သားငယ်ကို သနားကရုဏာ ဖြစ်ရပါ တယ်။ သံယောဇဉ်ကြီးရသည့် သားငယ် နဲ့ ခွဲရဦးတော့မည်။ တွေးရင်း ဝမ်းနည်း ကြေကွဲ မျက်ရည်တွေနဲ့ သားငယ်လက် ကို ဆွဲကိုင်ရင်း ရင်နင့်စွာနှုတ်ဆက်ခဲ့ပါ တယ်။ မြဝတီမြို့မှ စထွက်ကတည်းက သားငယ်နဲ့ ဝေးမြဲမြံခြင်အတွေးနဲ့ မျက်ရည် ပိုးနှင့် ရင်ထဲနာကျင်၊ အလွမ်းရင်နှင့် ခရီး နင်ရပါပြီ။ မြဝတီခရီးစဉ်အထွက်ဂိတ်မှ စ၍ အဆင့်ဆင့်စစ်ဆေးပြီးမှ ထွက်ခွာ ပါတယ်။ "သက်နှင်းညီနောင်" "ကော့ ကရိတ်" တို့မှာလည်း ခရီးသည်အားလုံး ဆင်းပေးရပြီး စစ်ဆေးပါသည်။ ဘားအံ အထိ လက်မှတ်ဖြတ်ခဲ့သော်လည်း သထုံ မှ ရထားဆက်စီးလျှင် အဆင်ပြေမှာမို့ သထုံအထိ လက်မှတ်ဆက်ဖြတ်ပါတယ်။ ရှည်လျားသည့် သံလွင်မြစ်ကြီးအား မြင်ရသည်နှင့် ပို၍လွမ်းရပါပြီ။ မြစ်ရယ်၊ တံတားရယ်ဖြတ်ချိန် ရင်ထဲမှာ တနင့်နင့် ပါ။ ဘားအံမြို့တွင်း ဝင်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့မြင်ပူးချင်သည့် ကရင်ပြည်နယ်ရဲ့ အထင်ကရ မဟာဇွဲကပင်တောင်ကြီးကို အသွားခရီးမှာ အလှမ်းဝေးပြီး ကားမူးနေ၍ ဇွဲကပင်အလှကို မခံစားနိုင်ဘဲ အခုတော့ မျက်ဝါးထင်ထင် မြင်တွေ့ရပါပြီ။ ရေခြားမြေခြား ဝေးခဲ့ရပြန်ပြီသားငယ်။ ဝေးလေလေ ပိုလို လွမ်းလေလေပါပဲ။

မြန်မာတိုင်းရင်းဆေးခန်းရှေ့မှ "ဇွဲကပင်တောင်ကြီး" ကို ပို၍ ဝိဝိပြင်ပြင် တွေ့ရ၊ အနီးကပ်မြင်ရသည့်အချိန်မှာ တောင်က ပိုကြီးသဖြင့် ဓာတ်ပုံ၊ ရုပ်ရှင်တွေထဲကလို မတူသလိုရှိပေမယ့် ဝေးလေလေ ဓာတ်ပုံ၊ ရုပ်ရှင်တွေထဲက မြင်ဖူးသည့်အတိုင်းပါပဲ ပြာရိုင်းနေသည့် ဇွဲကပင်တောင်ကြီးကို ကြည့်မဝသလို သားငယ်ကို လွမ်းလှ၊ မြဝတီနှင့် ဝေးလေလေ သားငယ်နဲ့ ပိုဝေးရလို့ ပိုလို့ လွမ်းလေလေပေါ့။ တကိမြေမှ သားသမီးတွေနဲ့တော့ ပိုနီးသာပြီပေါ့။ မအူပင်မြို့မှာ နေရတဲ့ သားကြီးမိသားစုက အလှမ်းမဝေးလှပေမယ့် မိဝေးဘဝေး မိသားစု နဲ့ ဝေးဝေးနေရသည့် ကရင်ပြည်နယ်မှ သားငယ်၊ မြေးလေး ငြိမ်းတို့ကို ထားခဲ့ရသည်ကို ရင်ထဲမှာ မကောင်းပါ။ သတို့ကား ဆီစော်မန်း၊ စက်သံ ညက်၊ အုံနှာရော စပယ်ရာပါ ခရီးသည်တွေကို ကောင်းမွန်စွာဆက်ဆံ၍ စိတ်ချမ်းသာ

ကျေးဇူးတင်၊ မြတ်ဘုရားတန်ခိုးတော်၊ ဂုဏ်ကျေးဇူးတော်တွေပါ။ ဘားအံမှ စထွက်ကတည်းက ခရီးသည်တွေ ဆင်းကုန်တွေချို့ ကားကဝိတ်လျော့သွားပြီး ခုန်လိုက်ပေါက်လိုက် ဖြစ်လာပါပြီ။ တောင်ပေါ်လမ်း စီးလာတာရယ်၊ ခရီးရှည်တာရယ် ကိုယ်ခံအားမကောင်းတဲ့ စာရေးသူ မူးပါပြီ။ သတို့ မြန်မြန်ရောက်ချင်နေပြီ။ ညနေ (၃း၀၀) ခန့် သတို့မြို့ကို ဝင်ပြီ။ ယခုလို မူးနေ နံးနေပြီး ကားဆက်မစီးနိုင်တော့။ ခရီးစဉ်တစ်လျှောက် စာရေးသူကိုပဲ ဂရုတစိုက်စောင့်ရှောက်ပြီး ပစ္စည်းတွေ အတင်အချ၊ ရထား ရှိ၊မရှိ ခရီးစဉ်ကိုပါ မေးမြန်းစုံစမ်းပေး အားကိုးရတဲ့ ခင်ပွန်းသည်ကို ခရီးသွားတိုင်း ကျေးဇူးအလွန်တင်ရပါတယ်။ ရထား ရှိသည်ဆိုတော့ စမ်းသပ်ကြတာ။ သတို့ဘူတာသို့ ဆိုက်ကားနှင့်လှမ်းပြီး ပါလာသည့်ပစ္စည်းတွေ နေရာချ၊ ရထားဆိုက်ချိန်မဟုတ်၍ ဘူတာအတွင်းလူရှင်းလို့ ခုံတန်းရှည်တစ်လုံးမှာ နားလိုက်မှ ညနေ (၄း၀၀) ခန့်မှာ အမူးသက်သာတော့

www.burmeseclassic.com

ဘူတာအနီး လက်ဖက်ရည်ဆိုင်မှ ခွင့်တောင်းမျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး လန်းဆန်းသွားပါတယ်။ မကြာမီ ရန်ကုန်သို့သွားမည့် ခရီးဖော်အမေတစ်ဦးနှင့် စကားလက်ဆုံ ပြောဖြစ်ပါတယ်။ လမ်းမှဝယ်လာသည့် မြေပဲပြုတ်၊ ရေနွေးကြမ်းနှင့် ခရီးဖော်အမေကို စားပါဦးလို့ လောကဝတ်ပြုတော့ စာရေးသူကဲ့သို့ မြေပဲပြုတ်ကြိုက်သော အမေက ယူစားရင်း ဝမ်းပန်းတသာ ကျေးဇူးတင်စကား ပြောလို့ ဂီတိဖြစ်ပါတယ်။ ရေစက်ပဲ ထင်ပါရဲ့။ ခရီးဖော်အမေ မြင်မြင်ချင်း ခင်မင်စိတ်ဖြစ်၍ စကားတွေပြောမဝလို့ ပတ္တာန်ဆက်ပဲ သမီးရယ်လို့ ပြောပါတယ်။ ခရီးဖော်အမေသည် မကြာခဏ အလှူပေး တရားထိုင်၊ ဘုရားဖူး မကြာခဏ လှည့်လည်ဖူးသည့်အမေ အသက်(၈၀) ရှိပြီဖြစ်ကြောင်း ယခုလည်း သထုံမြို့ မြသိတ်တောင်မှာ သာဖြစ်သူကို ရဟန်းခံပေးပြီးပြန်လာကြောင်း လှူဖို့ရည်ရွယ်လိုက်တာနဲ့ အလှူငွေတွေ ပေးမည့်သူတွေ ပေါ်လာကြောင်း ပြောပြပါတယ်။

အမေ၏ပါရမီနှင့် စာရေးသူတို့ အိုက်ကောင်းကြောင်း လှူချင်သည့်အလှူများ လှူရမည်၊ ဗုဒ္ဓဟူးသမီးမှ လှူပေးမည်။ သမီးကြီး ဓိဌာန်ပြီး ဆုတောင်းပါတဲ့။ စာရေးသူရဲ့သားကြီးကို ရဟန်းခံလှူပေးချင်သည်ဖို့ ဝမ်းသာရပါပြီ။ မင်္ဂလာသတင်း ဟောပြောပေးသည့် အမေ့ကို ကျေးဇူးတင်၊ အဖျော်တွေ ရရှိပါတယ်။ အမေကိုယ်တိုင် ဆုတွေ ထပ်တလဲလဲ ပေးပြီး ၉ အစ ၇ အပိတ် ထီးထိုးပါတဲ့။ ပေါက်ပါစေ ဆုတောင်းပါတယ်။ ထီ မပေါက်ခဲ့သော်လည်း ကျွန်ုပ်ဆရာ သားလတ်၏ခွေးနည်းစာစစ်စစ်ကို ကြိုးစား စုဆောင်းပြီး သားသမီးတို့၏ ပါဝင်လှူဒါန်း ငွေတို့နှင့် (၂၂-၃-၀၉) မှာ သားကြီးကို ရဟန်းခံအလှူကြီး အောင်မြင်ခဲ့လို့ ဝမ်းသာဝိတိတွေ ပြောမပြနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

ရထားလက်မှတ် အစောစီးထားလို့ ရပါသော်လည်း ထိုင်ခုံမသေချာတဲ့။ ညနေ (၃း၀၀) က သထုံဘူတာရောက် နေတာ ည (၁၀း၀၀) မှ ရထားဝင်း ဤမော်လမြိုင်ရထား ခရီးသည်တွေကများထိုင်ခုံမဲ့ (Without) တွေများ၍ လွန်စွာကျပ်ညပ်၍ အတက်အဆင်းလည်း ခက်၊ ထိုင်ခုံရရန် လက်မှတ် (၁) စောင် (၁၀၀၀/-) ပိုပေးခဲ့သည်ကို ဘဝင်မကျပေမယ့် ထိုင်ခုံမဲ့သာစီးခဲ့ရလျှင် မစဉ်းစားရဲပါ။

ခြေချဖို့ကို မလွယ်သည့်ခရီးမို့ ကြိုတင်မြင်တတ်လို့ အပိုပေးဝယ်ခဲ့သည့် (ထိုင်ခုံရရန်) ခင်ပွန်းသည်ကို ကျေးဇူးတွေ တင်ပြီးရင်း တင်ရပါတယ်။ တစ်တွဲလုံး ကျပ်သပ်၊ ထိုင်ခုံမဲ့စီးနိုင်သူတွေကို ချီးကျူးပါတယ်။ ပဲခူးဘူတာမရောက်ခင် နာရီဝက်ခန့်ကတည်းက တွဲပေါက်နားရောက်အောင် မနည်းတိုးဝှေ့ထွက်ခဲ့ရတာပါ။ ခရီးကပန်း၊ လူတွေက ကျပ်၊ လူပြီးစော်နံနဲ့ ခေါင်းပိုမူး၊ တွဲပေါက်နားရောက်မှ ထိုင်နေရပြီး ပဲခူးသို့ နံနက် (၅း၀၀) မှ ရောက်ရှိပါတယ်။ ပဲခူးမှာ ခရီးတစ်ထောက်နားပြီး ဖူးချင်လှသည်မှာ ကြာပြီဖြစ်တဲ့ ပဲခူးမြို့ခံကျောက်သရေဆောင် အထင်ကရ "ရွှေမောဓော" ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော် ပဉ္စင်းမနားမြို့ ဖြန့်ချိရေး သော်တာအုန်း စာပေ

မေတ္တာရည်၍
ကြည်ကြည်ကျော်(ရင်တွင်းပုံရိပ်)

စာတည်းချုပ် အယ်ဒီတာကြီးများ လစဉ်ဖတ်ရှုကြသော ကျေးဇူးရှင် စာဖတ်ပရိသတ်နှင့် စာရေးခြင်း ဝါသနာပါသည်ကို အားပေးခဲ့သည့် ကျေးဇူးရှင်ခင်ပွန်းသည်နှင့် သားသမီးများ မိတ်ဆွေများအားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း လှိုက်လှိုက်လဲလဲ ရင်တွင်းပိတိနှင့် ပြောကြားအပ်ပါသည်။

ကျန်းမာရေးမပြည့်စုံလို့ စာရေးရင်း မေ့တတ်လို့ ဖြည့်စွက်ရမှာသည့် စာရေးသူရဲ့စာမူကို စိတ်ရှည်သည်းခံစွာနဲ့ စာစီပေးတဲ့ "သမီးတော်" ကွန်ပျူတာမှ သား မောင်မင်းတော်ထွန်းနှင့် ယခင် ဇလင်နဲ့ရိုက်ထားပုံများကို လင်းပေး စာရိုက်ပေး စိတ်ရှည်စေတနာထားတဲ့ သမီး စုငယ်တို့ကို အားနာကျေးဇူးတင်ရှိပြီး စာရေးသူရဲ့စာမူလေးတွေကို ထည့်သွင်းဖော်ပြပေးခဲ့တဲ့ မဂ္ဂဇင်းတိုက်မှ "ရွှေသာလျောင်း"၊ "စိန်သာလျောင်း"၊ "မြသာလျောင်း"၊ "လေးမျက်နှာဘုရား" ဖူး ခရီးစဉ်ကို စာမူရည်သွားပြီဖို့ နောင်မှ သီးသန့် ပဲခူးဘုရားဖူးခရီးစဉ်ကို ရေးပါမည်။

(၂၀၀၆) မှာ ထွက်ခဲ့သည့် ဥဒ္ဓါဘုရားဖူးခရီးစဉ်ကို ရေးသားထားသော်လည်း နိုင်ယာဂရိထဲမှာပဲ သိမ်းထားခဲ့ပြီး ကျန်းမာရေးအရ အကြောင်းကြောင်းတွေနဲ့ စာမူဘဝသို့ မပို့ဆောင်နိုင်ဘဲ စာဖတ်ပရိသတ်များ၊ မိတ်ဆွေအပေါင်းအသင်းတို့ကို စာရေးသူတို့ ရောက်ခဲ့ရ၊ ဖူးခဲ့ရ မအူပေ၊ ကျိုက်ထီးရိ၊ သာမည၊ မဲဆောက် ဘုရားဖူးခရီးစဉ် မေတ္တာရည်၍ မျှဝေခဲ့စား ရေးသားရပေမယ့် ကျန်းမာရေးမပြည့်စုံသည့် စာရေးသူ (၂၀၁၄) မှ ရေဖြစ်သည့် (၈) နှစ် ကြာခဲ့သည့် ခရီးစဉ်ကို ဘုရားသမိုင်းစာအုပ်များ မရရှိခဲ့၍ လိုအပ်တာလေးတွေ မှတ်မိသမျှ ဖြည့်စွက်ကြိုးစားရေးသားထားသည်ဖို့ လိုအပ်ချက်များ ရှိခဲ့ပါလျှင် အယ်ဒီတာကြီးများ၊ မဂ္ဂဇင်းတာဝန်ခံများ၊ စာဖတ်ပရိသတ်များ နားလည်သည်းခံပေးမှာပါလို့ ယုံကြည်ပါတယ်။ ဥဒ္ဓါခရီးစဉ်ကို ဖြစ်အောင်ရေးပါဆရာမရယ်လို့ အားပေးတိုက်တွန်းခဲ့တဲ့ ဦးစီးမှူးမောင်နံတို့လည်း သဘောကျနှစ်ခြိုက်မယ်လို့ ခံစားရင်း စာဖတ်ပရိသတ် စာပေမိတ်ဆွေများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ စာရေးသူတို့ ရောက်ခဲ့ ဖူးခဲ့ရသည့် ဥဒ္ဓါဘုရားဖူးခရီးစဉ်ကို တစ်ဆေးတစ်ခါမက ဖူးနိုင်ကြပါစေလို့ တိုက်တွန်းအားပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အောက်လမ်းဆရာများပြုစားတော်မယ်ဆိုလျှင်

ဒေဂုဂင်း(သာကီနွယ်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဗေဒင်ဟောပေရင်း အောက်လမ်းဆရာများ ပြုစားခံရတဲ့ ဝေဒနာသည်များ တွေ့ရတတ်ပြီး ရောဂါ ပျောက်ကင်းအောင် ကုသတဲ့အခါ အောက်လမ်းနတ်များ အောက်လမ်း ဆရာများနဲ့ ပဋိပက္ခဖြစ်ရပါတယ်။ များသောအားဖြင့် အောက်လမ်းနတ် ကြီးတွေရဲ့ နောင့်ယှက်မှုခံနေရတာ တွေ့ ရပါတယ်။ စီးပွားပျက်အောင်၊ ဈေးရောင်း မကောင်းအောင်၊ ဝိဿာစုချွေး မညီညွတ် အောင် စသည်ဖြင့် နောင့်ယှက်တတ်ပါ တယ်။ အောက်လမ်းနတ်ကြီးများက ဈေးရောင်းမကောင်းအောင်၊ ဈေးဝယ် မလာအောင်၊ လာတဲ့ဈေးဝယ်ကိုလည်း မဝယ်ဖြစ်အောင် ဆိုင်ရှေ့မှာရပ်ပြီး နောင့် ယှက်တတ်ပါတယ်။ အိမ်ရောင်းမည် ဆိုလျှင်လည်း အိမ်ထဲ ဝင်းထဲ ဝင်နေပြီး နောင့်ယှက်တတ်ပါတယ်။ ကျွန်တော်က မနောင့်ယှက်ဖို့ မေတ္တာရပ်ခံတဲ့အခါ သူတို့က မလိုက်နာနိုင်တဲ့အကြောင်း အောက်လမ်းဆရာက ခိုင်းတဲ့အတိုင်းသာ လိုက်နာဆောင်ရွက်မည့်အကြောင်း ပြော ကြပါတယ်။ အားလုံးက မေတ္တာရပ်ခံတာ ကို မလိုက်နာကြပါဘူး။ အဲဒီအခါမှာ ကျွန်တော်က အောက်လမ်းနတ်တွေကို ကျွန်တော့်ညာဘက်လက်ဖဝါးပြပြီး ဓိဋ္ဌိ သတ်ပစ်လိုက်ရပါတယ်။ အဲဒီအခါကျမှ အရောင်းအဝယ်ပိတ်နေတဲ့ ဈေးဆိုင်၊ အိမ်ခြံမြေ စသည်ဖြင့် အဝယ်လိုက်လာ တာ တွေ့ရပါတယ်။

အောက်လမ်းဆရာများရဲ့ နောင့်ယှက်မှုကြောင့် ဝေဒနာခံစားရတဲ့ ပုဂ္ဂိုလ်ကို ကုသပေးခဲ့ရာ အဆင့်နိမ့် အဆင့်မြင့် ဘာသာပေါင်းစုံက အောက် လမ်းဆရာမျိုးစုံနဲ့ ရင်ဆိုင်တိုက်ခိုက်ရပါ တယ်။ ဟိန္ဒူဘာသာအောက်လမ်းဆရာ များနဲ့ တိုက်ခိုက်ရတဲ့အခါ တချို့က ခရင်းသုံးခွပါတဲ့ လုံနဲ့ တိုက်ခိုက်ပါတယ်။ တချို့ဆရာက လေးခြောနဲ့ ပစ်ခတ်တိုက် ခိုက်ပါတယ်။ အဲဒီလို တိုက်ခိုက်တဲ့အခါ ကျွန်တော်က အနိုင်ရတာများသော် လည်း ဘုန်းကြီးအောက်လမ်းဆရာ တစ်ပါးနဲ့ လူပုဂ္ဂိုလ်အောက်လမ်းဆရာ တစ်ပါးကိုတော့ ကျွန်တော် သူတို့ကို သေ အောင် မသတ်နိုင်ပါဘူး။ တကယ် အောက်လမ်းဆရာကိုယ်တိုင် သေတာ မဟုတ်ပါဘူး။ ပညာရပ်ဆိုင်ရာ ပျက်စီး ဆုံးရှုံးသွားတာကို ဆိုလိုတာပါ။ ကျွန်တော် သူတို့ ၂ ဦးနဲ့တိုက်ခိုက်တဲ့အခါ သရဲပွဲ နဲ့ အဆုံးသတ်ရတာလည်း ရှိပါတယ်။ ကျွန်တော် ယခုလို ဗေဒင်ဟောခင်က မြန်မာနိုင်ငံမှာ အောက်လမ်းဆရာတွေ ဒီလောက်ပေါများမှန်း မသိပါဘူး။ ဒီ လောက် စွမ်းတဲ့အောက်လမ်းဆရာတွေ လည်း ရှိမည် မထင်ပါဘူး။

အောက်လမ်းပညာက စာအုပ် စာတမ်းရယ်လို့ မရှိပါဘူး။ ဆရာနဲ့တပည့် လက်ထပ်သင်ယူရတဲ့ ပညာရပ်ဖြစ်ပါ တယ်။ ဆရာ အစဉ်အဆက် လက်ဆင့် ကမ်းသယ်ဆောင်ထိန်းသိမ်းလာကြတာ ဖြစ်ပါတယ်။

အောက်လမ်းပညာရပ်နဲ့ ပတ် သက်ပြီး ဝိုရှ် ကျယ်ကျယ်ပြန့်ပြန့် သိရှိ နိုင်ရန် ကျွန်တော့်ကို ဗေဒင်ကူညီ ဟောပေးနေတဲ့ မဟာတန်ခိုးရှင်ကြီး "ဦး ညေးယျ" ကို ပင့်ပြီး မေးလျှောက်ရ

www.burmeseclassic.com

တယ်။ တန်ခိုးရှင်ကြီးက အောက်လမ်း
ပညာမှာ အခြေခံအားဖြင့် ၄ မျိုး ရှိ
ကြောင်း . . .

၁။ လူသေအလောင်း၊ အသုဘ
ကိစ္စ၊ သုဿာန်သချိုင်းကို အခြေ
ခံ ထားပြီး ပြုစားတဲ့နည်း။

၂။ အဆင့်နိမ့် စတုမဟာရာဇ်
နတ်များ၊ သရဲသဘက်များ၊
တိရစ္ဆာန်က ဖြစ်တဲ့ နတ်များ၊
စုန်းပညာသည်တွေကို စေခိုင်း
ပြီး ပြုစားတဲ့နည်း။

၃။ အမျိုးသမီးတွေရဲ့ မိန်းမကိုယ်
ကို အခြေခံပြီး ပြုစားတဲ့နည်း။

၄။ မကောင်းတဲ့အင်း၊ ဂါထာ၊
လက်ဖွဲ့၊ မန္တန်၊ ဆေးရုပ်များ
ကို အခြေခံပြီး ပြုစားတဲ့နည်း။

များ ဖြစ်ပါတယ်။ အောက်လမ်းဆရာမှာ
လည်း ၅ မျိုး ရှိပါတယ်။

၁။ လူကိုသေအောင်အထိ ပြုစား
နိုင်တဲ့ အောက်လမ်းဆရာ။

၂။ လူတစ်ဦးကို ရူးအောင်၊ စီးပွား
ပျက်အောင် ပြုစားနိုင်တဲ့
အောက်လမ်းဆရာ။

၃။ ရောဂါဝေဒနာတစ်ခုခု ခံစားရ
အောင် ပြုစားနိုင်တဲ့ အောက်
လမ်းဆရာ။

၄။ မိသားစုချင်း၊ ဆွေမျိုးချင်း၊
လင်မယားချင်း မိတ်ဆွေချင်း
မတည့်အောင်ပြုစားနိုင်တဲ့
အောက်လမ်းဆရာ။

၅။ ထူးထူးခြားခြား အစွမ်းထက်
တဲ့ အောက်လမ်းဆရာ၊
ကံကောင်းနေတဲ့လူတစ်ဦးထံ
မှ ကုသိုလ်ကံကို မိမိရစေချင်
တဲ့လူပုဂ္ဂိုလ်ထံသို့ ကောင်းတဲ့
ကံကြမ္မာ ပြောင်းရောက်လာ
အောင် စွမ်းဆောင်နိုင်တဲ့

အောက်လမ်းဆရာ

ကံကောင်းနေသူရဲ့ အဝတ်
အစား လက်ဝတ်ရတနာ၊ အသုံးအဆောင်
ပစ္စည်းကို ရယူခြင်းဖြင့်လည်းကောင်း၊
အတူတူအိပ်ခြင်းဖြင့်လည်းကောင်း ကံ
ကောင်းနေသူရဲ့ စွမ်းအားဓာတ်ကို လွှဲ
ပြောင်း ရောက်ရှိလာအောင် စွမ်းဆောင်
နိုင်ပါတယ်။ ကံကောင်းနေသူများ သူရဲ့
ကံစွမ်းအားဓာတ်တွေ လွှဲပြောင်းယူတာ
ခံရတဲ့အတွက် ကံကောင်းနေရာက ရုတ်
တရက် ဆင်းရဲသွားနိုင်ပါတယ်။

အောက်လမ်းဆရာများရဲ့ ပြုစား
နောင့်ယှက်မှု မခံစားရအောင် အောက်
ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း
ဖြင့် ကာကွယ်နိုင်ပါတယ်။

၁။ မီးဖို ဖိုခနောက် သုံးလုံး
အလယ်က ပြာကို နဖူး၊
ရင်ဘတ်၊ ဝမ်းဗိုက်တို့တွင်
နှစ်လက်မအရှည် ရေးပြီး
ကာကွယ်နိုင်ပါတယ်။

၂။ သံပုရာသီး သုံးလုံးကို ကိုယ်နဲ့
မကွာ အတူဆောင်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ကာကွယ်နိုင်ပါတယ်။

ဦး ခန္ဓာကိုယ်တွင် မိချောင်းရပ်သုံးရပ်ကို လည်ကုပ်တွင် တစ်ရပ်၊ ကျောကုန်းအလယ်တွင် တစ်ရပ်၊ ကျောကုန်းဘက် အောက်ပိုင်းတွင် တရုတ်၊ ၄ဟူးနေ့မွန်းတည့် ၁၂ နာရီတွင် ထိုးပြီး ကာကွယ်နိုင်ပါတယ်။

ကျွန်တော် အောက်လမ်းဆရာများနဲ့ အောက်လမ်းနတ်တွေ အကြောင်း ဝိုင်းပြောပြည့်စုံစုံ သိရှိနိုင်ရန် ၂၀-၆-၂၀၁၄ ရက်နေ့ မနက် ၄း၁၅ နာရီတွင် ကမ္ဘာလုံးဆိုင်ရာ အောက်လမ်းနတ်အကြီးအကဲကို ပင့်လိုက်ပါတယ်။ ဘီလူးနဲ့ဝတ်စားဆင်ရင်ပုံတူတဲ့ အရပ် ၄ ပေ ခန့်ရှိတဲ့ နတ်ကြီးတစ်ပါး ကြွရောက်လာပါတယ်။

ကျွန်ုပ်။ ။ ကြွရောက်လာတဲ့ နတ်မင်းကြီး···ကျွန်တော် ပရလောကမှ အောက်လမ်းပညာ၊ အောက်လမ်းဆရာများအကြောင်း သိချင်ပါတယ်။ ကူညီတဲ့အနေနဲ့ ရှင်းပြစေချင်ပါတယ်။ အောက်လမ်းပညာပေါ်တာ နှစ်ပေါင်း ဘယ်လောက် ရှိပါပြီလဲ။

နတ်ကြီး။ ။ အောက်လမ်းပညာနဲ့ အောက်လမ်းဆရာ ပေါ်တာ နှစ်ပေါင်း ၁၆၀၀ လောက် ရှိပါပြီ။ အိန္ဒိယနိုင်ငံက ဟိန္ဒူဘာသာကို အခြေခံပြီး ပေါ်ပေါက်လာတာပါ။ သမထ ကျင့်စဉ်တွေကို ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေက စတင်တီထွင်ခဲ့တဲ့ ပညာရပ်ပါ။ နောက်ပိုင်းမှာ ပညာရပ်က တဖြည်းဖြည်းချင်း နည်းလမ်းအမျိုးမျိုးနဲ့ ကျယ်ပြန့်လာခဲ့ပါတယ်။ ဟိန္ဒူ ဗုဒ္ဓဘာသာ၊

မွတ်စလင်၊ ခရစ်ယာန်ဘာသာဝင်များမှာပါ မိမိတို့ရဲ့ ဘာသာကျင့်စဉ်တွေကို အခြေခံပြီး အောက်လမ်းပညာမျိုးစုံပေါ်ပေါက်လာပါတယ်။

ကျွန်ုပ်။ ။ ယခု အဆင့်အမြင့်ဆုံး အောက်လမ်းပညာရှင်က ဘယ်နိုင်ငံမှာ ရှိပါသလဲ။

နတ်ကြီး။ ။ အိန္ဒိယနိုင်ငံမှာ ရှိပါတယ်။ ဒုတိယအဆင့်အမြင့်ဆုံးပညာရှင်က မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ရှိပါတယ်။ တတိယအဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်ကလည်း ပဲခူးတိုင်းက မြို့နယ်တစ်ခုမှာ ရှိပါတယ်။

ကျွန်ုပ်။ ။ အရှေ့အလယ်ပိုင်းနိုင်ငံတွေမှာရော မရှိဘူးလား။

နတ်ကြီး။ ။ အရှေ့အလယ်ပိုင်းနိုင်ငံ တွေမှာလည်း ရှိပါတယ်။ နိုင်ငံတိုင်းမှာ ရှိပါတယ်။

ကျွန်ုပ်။ ။ အောက်လမ်းပညာက လူတွေကို ဘယ်လောက်အတိုခုကွေ့ရောက်အောင် လုပ်နိုင်ပါသလဲ။

နတ်ကြီး။ ။ အောက်လမ်းပညာက ထူးဆို

www.burmeseclassic.com

သေအောင်၊ ရူးအောင်၊ ရောဂါရ
အောင်၊ စီးပွားပျက်အောင်၊ မိသားစု
ချင်း၊ လင်မယားချင်း မတည့်
အောင် ပြုလုပ်နိုင်စွမ်းရှိပါတယ်။

ကျွန်ုပ်။ ။ အဲဒီလိုလုပ်တဲ့အခါ အောက်
လမ်းနတ်တွေကို စေခိုင်းပြီး လုပ်
တာမဟုတ်လား။

နတ်ကြီး။ ။ ဟုတ်ပါတယ်။ အောက်
လမ်းနတ်တွေအပြင် စုန်းပညာ
တွေ၊ အဆင့်နိမ့်နတ်တွေ၊ တိရစ္ဆာန်
က ဖြစ်လာတဲ့နတ်တွေ၊ ဘီလူး
တွေ စသည်ဖြင့် စေခိုင်းနိုင်ပါတယ်။
အင်းအိုင်လဲက်ပွဲများဖြင့်လည်း ပြု
လုပ်နိုင်ပါတယ်။

အောက်လမ်းဆရာက သူ့ရဲ့
ကိုယ်ပွားနာမရုပ်နဲ့ သူနှစ်သက်တဲ့ အမျိုး
သမီးကို အိပ်မက်ထဲမှာ ခဲစားရသလို
သွားရောက်ပျော်ပါးနိုင်ပါတယ်။ သူရဲ့
နာမရုပ်ကို လူပုဂ္ဂိုလ်အမျိုးမျိုးရဲရုပ်ကဲ့သို့
ဖန်ဆင်းပြီး ပျော်ပါးနိုင်ပါတယ်။

ကျွန်ုပ်။ ။ အောက်လမ်းဆရာများက
ကိုယ်ပွား နာမ်ရုပ် ဘယ်နှရုပ်
လောက်အထိ ပွားနိုင်ပါသလဲ။

နတ်ကြီး။ ။ ပညာတစ်မျိုးလျှင် ကိုယ်ပွား
တစ်ရုပ်ပွားနိုင်ပါတယ်။ ပညာ ၁၀
မျိုးတတ်လျှင် ကိုယ်ပွား ၁၀ ရုပ်
ပွားနိုင်ပါတယ်။ လူတစ်ယောက်
ကို ပညာတစ်မျိုးနဲ့ ခုကွပေးနိုင်ပါ
တယ်။ ဌာကဲ့သို့ ခုကွပေးဝဲ့အခါ
ကုသတဲ့ဆရာက အဲဒီပညာရပ်
ဆိုင်ရာ ကိုယ်ပွားနာမ်ရုပ်ကို သတ်
လို့ ရပါတယ်။ ကျွန်တဲ့ပညာရပ်
ဆိုင်ရာကိုယ်ပွားကို သတ်မရပါဘူး။
အဆင့်မြင့် အထက်လမ်းပညာ
ရှင်များမှသာ ကိုယ်ပွားအားလုံး
သတ်လို့ရပါတယ်။

ကျွန်ုပ်။ ။ အောက်လမ်းဆရာတစ်ဦး

လမ်းဆရာတွေ ရှိပါသလား။

နတ်ကြီး။ ။ အောက်လမ်းဆရာတွေကို
ကျွန်ုပ်က မနိုင်ပါဘူး။ အောက်
လမ်းဆရာ စေခိုင်းတဲ့အောက်လမ်း
နတ်တွေကိုသာ နိုင်တာပါ။ အောက်
လမ်းနတ် သုံးမျိုးရှိပါတယ်။ အစိမ်း
ရောင်နတ်၊ အနီရောင်နတ်၊ အနက်
ရောင်နတ် ဆိုပြီး ရှိပါတယ်။ တန်ခိုး
ပါပါမှာ အစိမ်းရောင်နတ်က အမြင့်
ဆုံးဖြစ်ပြီး အနက်ရောင်နက်က
အနိမ့်ဆုံးဖြစ်ပါတယ်။

ကျွန်ုပ်။ ။ အောက်လမ်းနတ်တွေက
အများကြီးရှိတာပါလား။ ကျွန်တော်
အောက်လမ်းနတ်တွေ သတ်ခဲ့ရ
တာ တော်တော်များနေပါပြီ။

နတ်ကြီး။ ။ အောက်လမ်းနတ်တွေက
မရေတွက်နိုင်အောင် ရှိပါတယ်။
အောက်လမ်းနတ်တွက အောက်
လမ်းဆရာ ခိုင်းတဲ့အတိုင်း အတိ
အကျ လိုက်နာဆောင်ရွက်ပါတယ်။
သူ့ကို အခြားပုဂ္ဂိုလ်ဝင်ပြီး အမိန့်
ပေးလို့ မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကက မေးရန်မရှိတော့တဲ့ အတွက် နတ်ကြီးလည်း ပြန်ကြွသွားပါ ပြီ။

၁၇-၅-၂၀၁၄ ရက်နေ့ မနက် ၁၀း၃၀ နာရီမှာ ညီအစ်မ သုံးဦး ကျွန်တော့်ဆီ ရောက်လာပါတယ်။ သူတို့က ကန်ထရိုက်တစ်ဦးနဲ့ အခန်းပေး အခန်းယူစနစ်နဲ့ တိုက်ဆောက်တဲ့အခါ အိမ်ရှင်က စပေါ်ငွေ သိန်း ၂၀ စရန်ယူ ထားပါတယ်။ အကြောင်းကြောင်းကြောင့် ကန်ထ'ရိုက်စာချုပ် ဖျက်ချင်လျှင် စပေါ် ငွေရဲ့ သုံးဆပြန်လျှော်ရမည်လို့ စာချုပ် မှာပါရှိပါတယ်။ ညီမသုံးဦးက ကန်ထရိုက် ကို သဘောမကျတဲ့အစွက် စာချုပ်ပါ အတိုင်း စရန်ငွေရဲ့ သုံးဆအပါအဝင် ငွေကျပ် သိန်း ၈၀ ကို ပြန်အမ်းပါတယ်။ ဒါကို ကန်ထရိုက်က သိန်း ၁၂၀ ပေး မှ လက်ခံနိုင်မည်ဆိုပြီး စာချုပ်ပါ သတ်မှတ်ချက်ထက် ငွေပိုတောင်းတယ်။ ဒါကို ညီအစ်မတွေက လက်မခံဘဲ ငုံ့ ရောက်တယ်။ အဲဒီအခါမှာ ညီမသုံး ယောက်မှာ အောက်လမ်းဆရာရဲ့ ပြစား

ပြစားလို့ ရပါတယ်။

ကျွန်ုပ် ။ ရှင်ရှင်တို့ ဝိဒိယိုတို့ သီချင်း ခွေတို့ထဲက ရုပ်နဲ့အသံကို ကြည့်ပြီး ပြစားလို့ရပါသလား။

နတ်ကြီး ။ မရပါဘူး။ အဲဒီဝိဒိယို ရုပ်ရှင် ထဲကပုံကို ဓာတ်ပုံအဖြစ် ကူးယူ ပြီး ပြစားလျှင် ရပါတယ်။

ကျွန်ုပ် ။ အောက်လမ်းဆရာ မပြစား နိုင်တဲ့ ပုဂ္ဂိုလ်ရှိပါသလား။

နတ်ကြီး ။ ရှိပါတယ်၊ အကျင့်သီလ သိက္ခာ သမာဓိနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် တွေ၊ အသက် ၁၂ နှစ်မပြည့်သေး တဲ့ ကလေးတွေကို အောက်လမ်း ဆရာများက ပြစားလို့ မရပါဘူး။

ကျွန်ုပ် ။ အောက်လမ်းဆရာများက နိမ့်ကျတဲ့ အသုတ၊ သင်္ချိုင်းမြေ ဝိန်းမကိုယ်ခိုင်ရာကို အသုံးချပြီး ပြစားတဲ့အခါ အောက်လမ်းနတ် ရဲ့ အကူအညီလိုပါသလား။

နတ်ကြီး ။ မလိုပါဘူး။ အဲဒီကိစ္စတွေမှာ အောက်လမ်းနတ်လည်း မပါပါဘူး။

ကျွန်ုပ် ။ အောက်လမ်းဆရာက လူ ကိုယ်တိုင်တွေ့ရမှ ပြစားလို့ ရတာ ပါလား။

နတ်ကြီး ။ မဟုတ်ပါဘူး။ အဆင့်မြင့် အောက်လမ်းဆရာက ဓာတ်ပုံနဲ့ လည်း ပြစားလို့ရပါတယ်။ လူ မမြင်ရသော်လည်း လူရဲ့အသံကို ကြားရုံမျှနဲ့ အသံကို ဖမ်းစားပြီး

www.burmeseclassic.com

ခြင်း ခံရပါတယ်။ နေထိုင်မကောင်းအောင် ရူးကြောင်ကြောင်ဖြစ်အောင် ပြုစားခံရပါတယ်။ ဒါနဲ့ ကျွန်တော့်ဆီ ရောက်လာပါတယ်။

ကျွန်တော် ဒီမှာ ပြုစားတဲ့ အောက်လမ်းဆရာ ဘုန်းကြီးနဲ့တွေ့ပြီး ယှဉ်ပြိုင်တိုက်ခိုက်ရတော့တာပါပဲ။ တိုတို ပြောရလျှင် ဘုန်းကြီးကလည်း ကျွန်တော့်ကို မသတ်နိုင်ပါဘူး။ ကျွန်တော်ကလည်း သူ့ကို မသတ်နိုင်ပါဘူး။ နောက်ဆုံးတော့ ညီမသုံးယောက်က ဖြစ်ပုံကို ရှင်းပြတော့ ဘုန်းကြီးက သူ့ကို အကူအညီတောင်းတဲ့ ကန်ထရိုက်က ညစ်မှန်းသိပြီး သူက ငွေလက်ခံဖို့ ပေးမည်ပြောပြီး ပွဲကိုအပြီးသတ်ရပါတယ်။

ကျွန်တော်က ဒီဆေးကုတာ၊ ဗေဒင်ဟောရတာ သိပ်မလုပ်ချင်ပါဘူး။ နဂိုကလည်း ရည်မှန်းချက်မရှိပါဘူး။ ဒီလိုသာ ကျွန်တော် မနိုင်လျှင် ကျွန်တော့်ကိုနိုင်တဲ့ပုဂ္ဂိုလ်တစ်ဦးဦး တစ်နေ့မှာ ပေါ်လာမှာပဲဆိုပြီး သူတို့ညီမတွေ ပြန်သွားတဲ့အချိန်ကစပြီး ကျွန်တော် စိတ်တွေတိုနေပါတယ်။ တော်တော်နဲ့ ဖြေမပျောက်လို့ မရပါဘူး။

အဲဒီနေ့ညနေ ၅ နာရီလောက်မှာ ရွှေရောင်နတ်ကြီး ၉ ပါးကြွရောက်လာပါတယ်။ ကျွန်တော် စိတ်ဓာတ်ကျနေတာ သူတို့ သိပုံရပါတယ်။ နတ်ကြီး ၉ ပါးက ကျွန်တော့်လက်ပါးရိုက်ပြီး သိမ့်သိမ့်တစ်မျိုးစီ ပေးသွားကြပါတယ်။ အောက်လမ်းဆရာတွေကို နိုင်စေတဲ့ သိန္ဒိတွေပါပဲ။ နတ်ကြီး ၉ ပါးက အောက်လမ်းပညာရှင်တွေကို စည်းကမ်းဖောက်ဖျက်လျှင် အရေးယူတဲ့နတ်ကြီးများ ဖြစ်ကြောင်း၊ သို့တို့အထက်က တန်ခိုးကြီးတဲ့နတ်ကြီးများပါတဲ့ အဖွဲ့နှစ်ဖွဲ့ ရှိသေးကြောင်း မိန့်ကြားပါတယ်။

အောက်လမ်းဆရာများ တစ်ခုတစ်ဦးကို ပြုစားတော့မည်ဆိုလျှင် သတိပြုရမည့်အချက်များကို မိန့်ကြားပါတယ်။

- တစ်ခုတစ်ဦးကို ပြုစားလျှင် ထိုပြစ်မှုအတွက် ဆန့်တစ်ပြည့်တွင် ပါရှိတဲ့ ဆန်စေ့ အရေအတွက်နဲ့ညီမျှတဲ့ နှစ်တွေအတိုင်း အဝီစိငရဲတွင် ကျခံရမည်။

- ငရဲမှ ကျွတ်လွတ်၍ လူဘဝပြန်ရောက်ခဲ့လျှင်လည်း အောက်လမ်းဆရာအမျိုးမျိုးရဲ့ ပြုစားခြင်းကို ၅ နှစ်ခံစားရမည်။

- အောက်လမ်းဆရာအမျိုးမျိုးရဲ့ ပြုစားခြင်းကို ခံရပြီးသည့်နောက် အရူးဘဝဖြင့် ၉ ဘဝ ကျရောက်မည်။ အဲဒီအချက်တွေကို အောက်လမ်းဆရာတွေ သိကြမည် မထင်ပါဘူး။ ငရဲကျမည် လောက်သာ သိကြပါတယ်။

အောက်လမ်းပညာကို တတ်မြောက်ထားသူများ၊ အောက်လမ်းနည်းကို သူပြောလူပြောဖြင့် သိရှိထားသူများ တစ်ဖက်သားကို ပြုစားတော့မည်ဆိုလျှင် သတိပြုဆင်ခြင်နိုင်ရန် တင်ပြ လိုက်ပါတယ်။

သတ္တပါများ ကျန်းမာချမ်းသာကြပါစေ

ဆရာဝင်းသာကီနွယ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဟာသစာတွေ ရေးသူတော့ မဟုတ်။ ဒါပေမဲ့ တစ်ခါတလေတော့လည်း ပတ်ဝန်းကျင်က ဟာသကိုလေးတွေက စာဖတ်သူတွေအတွက် ရေပြချင်စရာလေးတွေ ဖြစ်နေတော့ ရေးချင်မိလာတယ်။ အောင့်သက်သက်နဲ့ ရယ်ချင်စရာအဖြစ်လေးမို့ ကျွန်တော်ကိုယ်တိုင် လိုက်လိုက်လဲလဲ့ ရယ်ဖြစ်ခဲ့တဲ့ အဖြစ်ကတော့...

သိပ်မကြာသေးခင် လွန်ခဲ့တဲ့ ၁ နှစ်ကျော်ကျော်ကာလလောက်ကပေါ့။ အဲဒီအချိန်က ကျွန်တော်တို့ရပ်ကွက်စွန်မှာ အထပ်သားစက်ရုံ တည်ဆောက်ဖို့ အဆောက်အဦတွေ တည်ဆောက်ကြတယ်။ အဲဒီအဆောက်ဦတွေ တည်ဆောက်ဖို့ အစအဆုံး ကန်ထရိုက် ခွဲထားသူကတော့ ဦးသုတဆိုတဲ့ အသက် ၄၀ ကျော်ကျော်အရွယ် လူပျိုကြီးတစ်ဦးပါပဲ။

သူက လုပ်ငန်းလုပ်ကိုင်ရာမှာ အတော်တိုက္ခသောသလောက် လူပျိုကြီးပီပီ အတော်လည်း ဇီဇာကြောင်တဲ့ လူကြီးပါပဲ။ အသားဖြူဖြူ အရပ်ပုပုနဲ့ သူရဲ့ဇီဇာကြောင်တဲ့အကျင့်ကြောင့် ပိန်းမ မရတာလို့ သူ့ရဲ့တပည့်လေးတွေက သူ့ကွယ်ရာမှာ အတင်းပြောတတ်ကြတယ်။

ဒီလိုနဲ့ သူရဲ့ဆောက်လုပ်ရေးလုပ်ငန်းကြီး စတင်တဲ့အခါမှာတော့ ကျွန်တော်တို့ရပ်ကွက်ထဲက လူတွေကို အလုပ်ခေါ်ကြတယ်။ ဒီလို အလုပ်ခေါ်တဲ့နေရာမှာ ဆောက်လုပ်ရေးမန်နေဂျာနဲ့တင် အလုပ်ခန့်လို့ မရဘူး။ သူကိုယ်တိုင် အင်တာဗျူး မေးပြီးမှ အလုပ်ခန့်တတ်တယ်။

ဆောက်လုပ်ရေးလုပ်ငန်းမှာ သုံးမယ့်သူတွေကိုတော့ အလုပ်လာလျှောက်တိုင်း လွယ်လွယ်ကူကူ ခန့်ခဲ့တယ်။ ဒါပေမယ့် ဆောက်လုပ်ရေးဝန်ထမ်းတွေနဲ့ သူ့ကို ထမင်းချက်ကျွေးဖို့ စာဖိုမှူးရာထူးအတွက်ကိုတော့ အလုပ်ခေါ်စာကပ်ပြီး ခေါ်ယူတယ်။

ဦးသုတက လူပျိုကြီးပီပီ အသန့်အပြန့် အရမ်းကြိုက်တယ်။ ထမင်းစားရာမှာ ဟင်းလက်ရာရွေးတတ်တဲ့ အပြင် သန့်သန့်ပြန့်ပြန့်ရှိမှလည်း စားတတ်တယ်။ ဒါက သူ့ဘဝအတွက် အရေးကြီးဆုံးလို ဖြစ်နေတာပေါ့။ ဒါကြောင့် စားဖိုမှူးရာထူးကို သူ လစာကောင်းကောင်းပေးမယ်ဆိုပြီးတော့ အလုပ်ခေါ်စာကပ် ခေါ်ယူခဲ့လေရဲ့။

ဒီလိုခေါ်တဲ့နေရာမှာ စားဖိုမှူးရာထူးက အမျိုးသားဖြစ်ရမယ်ဆိုတဲ့ စည်းကမ်းချက်လည်း ပါတယ်။

ဒီလိုနဲ့ သူ့ဆီကို စားဖိုမှူး အလုပ် လာလျှောက်တာ (၅) ယောက် ရှိတယ်။ သူ အလုပ်ခန့်မှာက တစ်ယောက်တည်းပါ။

ပထမဆုံး လာလျှောက်တဲ့ တစ်ယောက်ကတော့ အဝတ်အစား ဖရိုဖရဲဝတ်လာလို့ ညစ်ပတ်တယ်ဆိုပြီး မခန့်ခဲ့ဘူး။ ဒုတိယနဲ့ တတိယနှစ်ယောက်ကိုတော့ ဟင်းချက်လက်ရာ မကောင်းလို့ မခန့်ခဲ့ပြန်ဘူး။ စတုတ္ထမြောက်တစ်ယောက် လာလျှောက်တဲ့ အခါမှာတော့ ဟင်းချက်၊ ထမင်းချက်ရာမှာ ညစ်ပတ်တယ်။ ထမင်းအိုး ဟင်း

www.burmeseclassic.com

www.burmeseclassic.com

အိုးနှင့် ပန်းကန်၊ ခွက်ယောက်တွေကို သေချာမဆေးဘူးဆိုပြီး စပ်းသပ်ခန့်ကာလ ၃ ရက်မပြည့်ခင်မှာပဲ အလုပ်ပြုတ်လိုက်ပြန်တယ်။

ဒီဇာကြောင်ပြီး ဂျူး(ကိုး) များလွန်းတာကြောင့် စားဖိုမှူးရာထူးခန့်ဖို့ သူလူအတော်နှင့်ရှာမရခဲ့ဘူး။ လာလျှောက်ချင်တဲ့လူကလည်း သိပ်မရှိတော့ဘူးပေါ့။

ဒီလိုနှင့် တစ်နေ့မှာတော့ ၅၅ ယောက်မြောက်တစ်ယောက် အလုပ်လာလျှောက်ပြန်တယ်။ သူနာမည်က ကိုစံဦးတဲ့။ ကိုစံဦးက လူပိန်ကြီး။ အသက် ၃၀ ကျော်အရွယ်ပါ။ သူက ရုပ်ရည်ရော ဝတ်စားဆင်ယင်မှုရော သန့်ပြန့်မှုရှိတယ်။ နောက် စပ်းသပ်ချက်ခိုင်းကြည့်တော့ လက်ရာကလည်း လျှာကျွမ်းပြန်မတတ် ကောင်းတာကြောင့် ဦးသုတတစ်ယောက် ကိုစံဦးကို လက်လွတ်မခံတော့ဘူး။

ဒါကြောင့် ဦးသုတ ကိုစံဦးကို လစာကောင်းကောင်းပေးပြီး စားဖိုမှူး ရာထူး ခန့်အပ်လိုက်တယ်။

ကိုစံဦးက အလုပ်စဝင်နေ့မှာပဲ စားဖိုဆောင်က ထမင်းစားခန်းနှင့် သူ ဟင်းချက်တဲ့ မီးဖိုဘေးမှာ အော်ရိုဂျိနယ် (Original) စာတမ်းပါတဲ့ ထင်သာမြင်သာ ရှိတဲ့ စတေကာစာလုံး အစိမ်းရောင် ဆိုင်းဘုတ်ကြီးကို သပ်သပ်ရပ်ရပ် ကပ်ထားလိုက်တယ်။

ဦးသုတကတော့ လက်ရာကောင်းလွန်းတဲ့ စားဖိုမှူးကိုစံဦးရဲ့လက်ရာကို စားရင်း သူလူရွေးမှန်သွားပြီဟု တပြုံးပြုံးနှင့် ကျေနပ်လို့ပါ။ ကိုစံဦးက ဟင်းသီးဟင်းရွက် အစ အသား၊ ငါး အဆုံး လျှာလည်အောင် ချက်တတ်တယ်။ တရုတ်ချက်၊ ယိုးဒယားချက်၊ ဗမာချက် အစုံရတယ်။

ကိုစံဦးကို သဘောကျလွန်းတဲ့ ဦးသုတတစ်ယောက် ကိုစံဦးကို လုပ်ခလစာတွေ တိုးမြှင့်ပေးခဲ့တယ်။ ဒါပေမဲ့ ဦးသုတ မရှင်းတာက စားဖိုမှူးကိုစံဦး စားဖိုဆောင်နှင့် မီးဖိုဆောင်မှာ ကပ်ထားတဲ့ Original ဆိုတဲ့ စာတန်းကြီးကိုပါ။ သူ အဲဒီစာတန်းကြီးက ဘာကိုဆိုလိုတယ်ဆိုတာ သိချင်ပေမယ့် သူ မမေးခဲ့ပါဘူး။

လူပိန်ကြီးပီပီ အောက်ကျခံပြီး မမေးချင်တဲ့ ဇီဇာကြောင်တဲ့စိတ်အတိုင်း ဦးသုတမှာ အပြည့်ရှိနေတာကိုး။ ဒါပေမဲ့ စိတ်ထဲမှာတော့ ကသိကအောင့်နှင့် အဲဒီ Original ဆိုတဲ့ စာတန်းကြီး ကပ်ထားခြင်းရဲ့ အဓိပ္ပာယ်ကို သိချင်နေမိခဲ့တယ်။

ဒီလိုနှင့် နှစ်နှစ်နီးပါးကြာတဲ့ အခါမှာ သူတို့ရဲ့ဆောက်လုပ်ရေးလုပ်ငန်းကြီး ပြီးစီးသွားခဲ့တယ်။ နောက်ဆုံးနေ့မှာ သူတို့အားလုံး ပျော်ပွဲစားဖို့အတွက် ဦးသုတတစ်ယောက် စားဖိုမှူးကိုစံဦးကို အသေအချာ စီမံချက်ပြုတ်ဖို့ မှာကြားထားတယ်။

ကိုစံဦးတစ်ယောက် ညပျော်ပွဲစားဖို့ စပယ်ရယ် ချက်ပြုတ်နေတုန်း ဦးသုတ မီးဖိုဆောင်ထဲ ဝင်လာတယ်။ အဲဒီအချိန်မှာတော့ သူ နှစ်နှစ်လုံးလုံး မမေးရဲ မြည်သံထားခဲ့တဲ့ Original ဆိုတဲ့ အင်္ဂလိပ်စာတန်းလေး ကပ်ရတဲ့အကြောင်းကို မေးဖို့ဆုံးဖြတ်လိုက်ပြီး ကိုစံဦးကို မေးလိုက်တယ်။

"စားဖိုမှူးကိုစံဦး ... ခင်ဗျား

www.burmeseclassic.com

ကို ဒေးမယ်၊ မေးမယ်နဲ့ မမေး
ဖြစ်တာ ၂ နှစ်တောင်ရှိပြီ။ ဒီတစ်ခါတော့
ကျုပ် မေးတော့မယ်ဗျာ"

"ဟုတ်ကဲ့ . . . မေးပါ ဆရာ။
ဆရာ ဘာသိချင်လို့လဲ"

"တခြားတော့ မဟုတ်ပါဘူး။
ခင်ဗျားကပ်ထားတဲ့ Original ဆိုတဲ့
စာတန်းကို ဘာအဓိပ္ပာယ်နဲ့ ကပ်ထား
တာလဲ ဆိုတာကိုပါ"

ဒီလိုမေးလိုက်တော့ ကိုစံဦး
တစ်ယောက် သူ့ဆရာ ဦးသုတကို
အားပါးတရ ပြုံးပြပြီး . . .

"ဟဲ . . . ဟဲ . . . ဒါလား
ဆရာ။ ဒါက ရှင်းပါတယ်။ ကျွန်တော်
ဟင်းချက်တဲ့သက်တမ်းတစ်လျှောက်လုံး
အသား။ ငါး ဟင်းသီးဟင်းရွက်အားလုံး
ကို ရေ လုံးဝမဆေးပဲ Original အတိုင်း
ချက်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြ
တာပါ ခင်ဗျာ"

"ဘာ . . ."

စားဖိုမှူး ကိုစံဦးရဲ့ စကားအဆုံး
မှာ ဦးသုတ တစ်ယောက် စကား
တစ်လုံးသာ ထွက်သွားနိုင်ခဲ့ပါတယ်။

နှစ်နှစ်ပတ်လုံး သတောကျ
နှစ်ခြိုက်စွာ စားလာခဲ့တဲ့ ကိုစံဦးရဲ့
ရေမဆေးပဲ ချက်ထားတဲ့ ဟင်းတွေ
အတွက် အသန့်အပြန့်ကြိုက်တဲ့ ကန်
ထရိုက်ဆရာကြီး ဦးသုတ တစ်ယောက်
မတင်မကျ ဖြစ်စိတ်တွေနှင့်အတူ မီးဖို
ဆောင်မှာကပ်ထားတဲ့ Original ဆိုတဲ့
စာတန်းကို တစ်ခါ စားဖိုမှူး ကိုစံဦးကို
တစ်လှည့် ဒေါသမျက်နှာမည်းကြီးနှင့်
ကြည့်နေမိပါတော့တယ်။

စားဖိုမှူး ကိုစံဦးကတော့
သတောကျကာ အားပါးတရ ပြုံးလျက်
ပါပေ။

ညီထေးယေ(ထယ်တော်)



www.burmeseclassic.com

www.burmeseclassic.com

ငွေငွေတကျေးဇူးရှင်သစ္စာတို့များ၏

လက်ဆန်းဇေဒင် နက္ခတ်(၃)သွယ်

နှစ်ပျက်ခြင်းဘေးရောင်ရှောင်နည်း

www.burmeseclassic.com

www.burmeseclassic.com

ရေးရေးဗေဒင်ဆရာကြီး ကျေးဇူးရှင်များက မြန်မာ့လက်ဆန်း ဗေဒင်တွင် နက္ခတ် ၃ သွယ်ကို ဖော်ထုတ်ခဲ့ကြပေသည်။ ထိုနက္ခတ်သုံးသွယ်မှာ -

၁။ နတ်နက္ခတ်

၂။ လူနက္ခတ်

၃။ ဘီလူးနက္ခတ် ဟူ၍ ခွဲခြားစိတ်ဖြာ၍ လူတစ်ဦးချင်း၏ စိတ်၊ အကျင့်နှင့် ဗီဇတို့ကို တင်ပြထားပါ၏။ မှန်ကန်လွန်းသော ဟောချက်များ တွေ့ရပါပေသည်။ ထိုနက္ခတ်သုံးသွယ်တွက်နည်းမှာ ဗိမိုရဲ့ မြန်မာမွေးသက္ကရာဇ် (ကောဇာသက္ကရာဇ်)ကိုသုံးဖြင့် စား၍ -

၁ ကြွင်းပါက နတ်နက္ခတ်

၂ ကြွင်းပါက လူနက္ခတ်

၀ ကြွင်းပါက ဘီလူးနက္ခတ် ဟူ၍ သိရှိရန်ဖြစ်ပါသည်။ စာဖတ်သူ ကျေးဇူးရှင်ပရိသတ်အပေါင်းတို့လည်း ဗိမိရဲ့ အဖွားနက္ခတ်ကို မှတ်ယူ၍ ဖော်ပြပါ။ ဗိမိမွေးရက်နှင့် နက္ခတ်အဖွားနှင့်တိုက်ပြီး ဟောစာတမ်းကို ဖတ်ရှုစေလိုပြီး သင့် ဘဝတွက် အောင်မြင်မှုပန်းတိုင်ကို ရရှိစေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရပါသည်။ ဟောစာတန်းရေးရန် နေရာပေးပါသော လှိုင်ဆွဲက်ဆန်ကြယ် စာတည်းမှူအားလည်းကောင်း ကျေးဇူးတင်ရပြီး ထိုဟောစာတမ်းကို မနောအမြင်ကို စွမ်းအားပေးကုန်သော ကျေးဇူးရှင်ပဂ္ဂိုလ်ကြီး အပေါင်းတို့ကိုလည်းကောင်း နှုမူးမြိုက်ဦးခိုက်ကန်တော့ပန်းဆင်ရင်း ဤနက္ခတ်သုံးသွယ်ဟောစာတန်းကို စတင်မိတ်ဖွဲ့တင်ဆက်အပ်ပါသည်။

သတ္တဝါအနန္တ ချစ်သောကြပါစေ
နတ်မွေးစိ ဆရာအောင်စိုး

ထနင်္ဂနေ့၊ နတ်နက္ခတ်ဖွား အတွက် ဟောကိန်း

- အကြောင်းမဲ့ တိုက်ခိုက်ခံရမယ်။
- အစာအိမ်ခက်နေပေမယ်။
- သူစိမ်းက ပိုကောင်းချိန်။
- ငွေဝေပေမယ့် ထွက်စရာ ပေါ်ပေါက်မယ်။
- မိသားစု ၂ထက် ပို သောနေအိမ် ရှိ နတ်နက္ခတ်ရင်းများမှာ မျက်နှာသာ မရရှိနေမယ်။
- အလုပ်နှင့်ပတ်သက်ပြီး အကြီးအကဲ ငြိုငြင်မယ်။
- ချစ်သူအပေါ် နောက်တစ်ဦးက မကောင်းသတင်းလွှင့်ခြင်း ကြားရမည်။
- ကျောင်းစာထဲမှာ စိတ်ကို နှစ်မြှုပ်ရမယ့်အချိန်ပါ။

ယဇ်ကြာ - ဘုရားရင်ပြင်သန့်ရှင်းရေးလုပ်ပါ။ ၃၁ ဘုံသားကို ၃၁ မိနစ်ခန့် မေတ္တာပို့ပါ။

ထနင်္ဂနေ့၊ လူနက္ခတ်တွက် ဟောကိန်း

- အပြောင်းအရွှေ့ကြုံမယ်။
- လုပ်သမျှ အောင်မြင်မယ်။
- ခြေချော်လက်ချော်၍ ဒဏ်ရာရတတ်တယ်။
- အဝယ်များတာ၊ ဈေးများသွားတာ၊ အတုဝယ်မိတာ ကြုံမယ်။
- ဝင်ငွေကောင်းမယ်။ အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ညှဉ်ကောင်းရောက်မယ်။

- ချစ်သူတို့ ချစ်ဖိမ္မာန်တည် ဆောက်ခွင့်ကြုံမယ်။
- စာဖတ်လိုက်၊ သီချင်းဆိုလိုက် အကျင့်ကို ဖျောက်ပါ။

ယတြာ - သမ္မုဒ္ဓေဂါထာတော်ကို မနက် ၉၊ ည၉ ခေါက် ရွတ်ပါ။

တနင်္ဂနွေ၊ ဘီလူးနက္ခတ်

- မမျော်လင့်တဲ့ ငွေဝင်မယ်။ အလုပ်မှာ ပင်ပန်းပေမယ့် စက်၊ ယာဉ်တို့ ဝင်မယ်။
- အစားကုန်စား၍ စကား အကုန် မပြောသင့်ချိန်။
- နာမည်ဂုဏ်သတင်း ကျော်ကြားမယ်။
- ချစ်စိတ်မွန်နေ၍ ကျောင်းစာ လစ်ဟင်းတတ်မယ်။

ယတြာ - ပဌာန်း ၂၇ ခေါက်ရွတ်ပါ။

တနင်္လာသားသမီးများအတွက်၊ နတ်နက္ခဟောကိန်း

- အလုပ်ကိစ္စ ကံကောင်းမယ်။
- အနာအဆာများ မကင်းရှိမယ်။
- ငွေပေးလို့ မိတ်ဖွဲ့ကိန်း ရှိနေတယ်။
- မိသားစုတွင်း ပျော်စရာတွေ ဖြစ်ပေါ်မယ်။
- ကပြားရုပ်ရည်ရှိသူနှင့် ချစ်ကြိုးသွယ်မိမယ်။
- စာအကြွေးမတင်မိစေရန် အိမ်စာကို ဖိလုပ်ပေးပါ။

ယတြာ - ဘုရားမှာ အမွှေးတိုင် သက်စေ့လှူပြီး ဂုဏ်တော် ၉ ပါးသက်စေ့ရွတ်ပါ။

တနင်္လာသားသမီးများအတွက် လူနက္ခတ်ဟောကိန်း

- ရန်ကြားမှာ ညှပ်မယ်။
- အလုပ်မှာ ဖိအားကြားမှ အောင်မြင်မယ်။
- အရောင်းအဝယ်သမားဖြစ်လျှင် အရောင်းပါးချိန် ကြုံမယ်။
- ရတော့မယ်လို့မထင်ထားသူ ထံမှ ငွေတွေ ဝင်မယ်။
- အဆက်အသွယ်ပြတ်သော အိမ်သားတစ်ဦးဦး (သို့) မိတ်ဆွေတစ်ဦးဦးနှင့် ပြန်ဆက်လာမိကိန်းရှိတယ်။
- သင်နှင့်သူအကြား သူငယ်ချင်းဆက်ဆံရေးအဆင့် ကျော်လာကိန်းရှိ။
- အဆုတ်အားနည်းတာ၊ အနေးပတ်တာ၊ အနေးမိတာ ဖြစ်တတ်တယ်။

ယတြာ - အောင်ခြင်းရှစ်ပါးဂါထာ သက်စေ့ရွတ်ပါ။

www.burmeseclassic.com

တနင်္သာသမီးများအတွက် ဘီလူးနက္ခတ်ဟောကိန်း

- အနုပညာသမား အောင်မြင်ကိန်ရှိနေ။
- ခရီးဝေးရိတယ်။
- သူများရဲ့ငွေတွေ ဝင်လာမယ်။ လက်မခံရ။
- အိမ်တွင်းသုံးပစ္စည်းတွေ ဝင်လာမယ်။
- အိမ်၊ မြေကွက် သောက ဝင်စရာပေါ်မယ်။
- အိမ်ထောင်ရှင်ရဲ့ ခင်ပွန်း ချူချာမယ်။
- အလုပ်မှာ ဝင်ခွဲကောင်းသော နေရာရောက်မယ်။
- တတိယ ဖုန်းသံရှင်ကြောင့် ချစ်သူတို့ တင်းမာကြမယ်။

ယတြာ - ဘုရားရေချမ်းလူပါ။ သရဏဂုံသုံးပါး သက်စေ့ပူတော်ပါ။

အင်္ဂါသားသမီးများအတွက် နတ်နက္ခတ်ဟောကိန်း

- အတတ်ပညာ အသစ်ရမယ်။
- အလုပ်မှာ အတိုက်ခံများမယ်။
- ဒေါသတရားကို ချိုးနှိမ်ထားရမယ့် အချိန်။
- အာမခံတာမျိုး ရောင်ပါ။
- အချိုးပြောင်းလာသော အိမ်ထောင်ရှင်ရဲ့ပုံစံကို ဂရုပြုပါ။
- မမျှော်လင့်ဘဲ ကြာသပတေးသားသမီးကြောင့် ငွေဝင်မယ်။

- ညအိပ်ညနေခရီးမျိုး ဒီအချိန် စာသင်သားတွေ အတတ်နိုင်ဆုံး ရှောင်ပါ။ စာဖတ်အရှိန်လျော့ပါးသွားမယ်။

ယတြာ - ဘုရားမှာပဲ ထမင်းလှူပါ။ မေတ္တာသုတ် ၉ ခေါက်ရွတ်ပါ။

အင်္ဂါသားသမီးများအတွက် လူနက္ခတ်ဟောကိန်း

- ၎ သမျှ အောင်မြင်မယ်။
- အိမ်ပြန် နောက်ကျတိုင်း စကားအတင်းဆိုသော ဇနီးမယားကို အပြစ်မမြင်ပါနဲ့။
- မိသားစုတွင်း မင်္ဂလာကိစ္စ ဆောင်ရွက်ရမယ်။
- အလုပ်ပြောင်း နေရာပြောင်း ကိန်း ကြုံမယ်။
- မိသားစုနှင့်အတူ ခရီးပေါ်တယ်။ ချစ်သူရှိသူအဖို့တော့ တူတူ ခရီးမသင့်ပါ။
- အကြောဆပ်၊ အကြောညှပ် ဝေဒနာ ကြုံတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

- လစစ်စာမေးပွဲတွေ အောင်မြင်ပါလိမ့်မယ်။

ယတြာ - ကြက်သွန်ကြော် ဘုရား လှူပါ။ "ဗုဒ္ဓေါအောင်ပြီ" ပုတီးစိပ်ပါ။

အင်္ဂါသားသမီးများအတွက် ဘီထူး နက္ခတ်ဟောကိန်း

- ဘာလုပ်လုပ် အပင်ပန်းခံပြီး ရလဒ်မကောင်းခြိန်။
- ငွေဝင်စရာတွေ ထစ်ငေါ့ပြီးမှ ဝင်မယ်။ မိသားစုတွင်း ပိုင်ဆိုင်မှုနှင့် အထူးသဖြင့် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် အခြေအတင်စကားများကိန်းရှိမယ်။
- အရောင်းအဝယ် ပုံမှန်ဖြစ်မယ်။
- အိမ်ထောင်သည်များ ငယ်က အကြောင်းပြောကြရင်း ကြည်နူးနေကြမယ်။
- ပညာရေး မှတ်ဉာဏ်အားကောင်းလာပါပြီ။

ယတြာ - တရားခွေများ ဓမ္မဒါနပြုပေးပါ။ ဘိုးဘိုးအောင်ဂါထာရွတ်ပါ။

ဗုဒ္ဓဟူးသားသမီးများအတွက် နတ် နက္ခတ်ဟောကိန်း

- မထင်မှတ်ခရီးရှိမယ်။
- လက်ဆောင်ရမယ်။
- ဝန်ထမ်းအဖို့ ရာထူးတက်စရာကြုံမယ်။
- ချစ်သူရဲ့ခရီးသွားဖို့ တိုင်ပင်လာမယ်။
- အိမ်ပြုပြင်စရာကို စိတ်မပါ ဖြစ်နေမယ်။
- အိမ်ခြံမြေကို မထိခိုက်စေသော အကျင့်ကို ပို့ဆောင်ပါ။

- ကျောင်းသားတွေအဖို့ စာကြိုးစားလိုစိတ် ပြင်းထန်လာမယ်။

ယတြာ - ဘုရားရှင်ကို လက်ဖက်လှူပါ။ "ဝေဒါသာကု" အစချီဂါထာရွတ်ပါ။

ဗုဒ္ဓဟူးသားသမီးများအတွက် လူ နက္ခတ်ဟောကိန်း

- မိတ်ဆွေသစ်တွေ ရမယ်။
- အလုပ်မှာနာ၊ ဂုဏ်ရ ဖြစ်နေမယ်။
- အချိန်ကို တန်ဖိုးထားရမယ့် အချိန်။
- အစားတစ်လုတ်ကြောင့် ဆေးခန်း ရောက်ရမယ်။
- ငွေထုပ်ပိုက်ရကိန်းတော့ မြင်တယ်။
- ချစ်သူတို့ ရေရေးတွက် ဗျာများရကိန်းရှိပြီ။
- စာသင်သားတို့မှာ ကျောင်းမှာ မေ့ပြီးလာဖြစ်မယ်။

ယတြာ - ဘုရားမှာ ပန်း ဆွမ်းလှူပါ။ "ဗုဒ္ဓေါ" ပုတီးစိပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသားသမီးများအတွက် ဘီလူးနက္ခတ်ဟောကိန်း

- စက်တွေ ဝင်ထွေးမယ်။
- တပည့်တော် ပူနှံကန်မယ်။
- သားသမီးနှင့် စိတ်တိုင်းမကျလို့ ထီးထီးနေဖြစ်မယ်။
- အိမ်ထောင်ဖက်အားမရ ဖြစ်နေမယ်။
- မမျှော်လင့်ဘဲ စီးပွားတက်မယ်။ ငွေဝင်မယ်။
- အချစ်ရေးမှာ နှတ်လေးလို့ အဝေးနေရာရောက်မယ်။
- စာဖတ်အားကောင်းလာမယ်။ သချိုကို ပြန်လေ့ကျင့်ပါ။

ယတြာ - နမောဗုဒ္ဓါယသိစွဲ ဂါထာကို ပုတီးသုံးပတ်စီပါ။

ကြာသပတေးဟူးသားသမီးများအတွက် နတ်နက္ခတ်ဟောကိန်း

- ရီးကျူးခြင်းခံရမယ်။
- ခေါင်းရွှပ်စရာ တန်းစီနေမယ်။
- အိမ်မွမ်းမံပြင်ဆင်စရာ ပေါ်မယ်။
- ညည့်ကောင်း ရောက်မယ်။ အကိုးပြုမယ်။
- ငွေကံကောင်းမယ်။ အလှူအတန်း လုပ်ဖြစ်မယ်။
- အိမ်မှာ မပျော်။ ထွက်ပေါက် ရှာဖိနေမယ်။
- ချစ်သူတို့ မိုးလေမမြင် ဖြစ်ခဲ့ချိန်။
- ပညာရေးမှာ စိတ်ထွေနေမယ်။ ရေရှိုးဆင်ခြင်ပါ။

ယတြာ - သမ္မန္ဒေဂါထာတော်ကို နေ့စဉ် သက်စေ့ ပူဇော်ပါ။

ကြာသပတေးသားသမီးများအတွက် လူနက္ခတ်ဟောကိန်း

- လေးစားခြင်းခံရမယ်။
- စီးပွားရေး အားမရဖြစ်မယ်။
- ရွှေဝင်ကိန်းရှိမယ်။
- အိမ်မှာ ကြာကြာရှိနေ၊ တည်းနေ ညည့်သည်ကြောင့် စိတ်မရွှင်မလန်း ဖြစ်နေမယ်။
- လူမှုရေးနှင့် အချိန်ကုန်နေမယ်။
- လူမျိုးခြား အကျိုးပြုမယ်။
- ချစ်သူကို လေးလေးနက်နက် တန်ဖိုးထားဆက်ဆံပါ။
- ပညာရေးမှာ အဝိုကိစ္စ၊ အဝိုစကားတွေ ဖောင်ပွဲပြီး ဖုန်းနှင့် အင်တာနက်တို့မှ အချိန်ဖြုန်းခြင်းကို ရပ်တန့်ပါ။

ယတြာ - ဥ အရပ် သိဒ္ဓိ ပုတီး ၉ပတ် စီပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများအတွက် ဘီလူးနက္ခတ်ဟောကိန်း

- မိမိမှာ မပျော်ပိုက်ဖြစ်နေမယ်။
- အလုပ်မှာ ဖိအားနှင့် ကြုံမယ်။
- သီခြားနေလိုစိတ် ပြင်းထန်မယ်။
- စန်းပွင့်ချိန်ဖြစ်နေမယ်။
- ငွေဝင်အားကောင်းနေမယ်။
- အစားအသောက်များမယ်။
- အပေါင်းအသင်းကြောင့် ချစ်သူရဲ့ အထင်မြင်သေးလိမ့်မယ်။
- ရူပဗေဒဘာသာရပ်ကို မပေါ့မိပါစေနဲ့။

ယတြာ - ကဲပွင့်ဂါထာကို သက်စေ့ရွတ်ပါ။

သောကြာသားသမီးများအတွက် နတ်နက္ခတ်ဟောကိန်း

- ခရီးရှိမယ်။
- ပီးလန့်မယ်။
- ငွေကုန်ကြေးကျဖြစ်တယ်။ အလုပ်မှာ လေးနက်စွာ လုပ်ပါ။
- အောက်လူနှင့် နောက်ကရောက်တဲ့လူ ကျော်သွားမယ်။
- ခက်မယ်ထင်တဲ့ကိစ္စ လွယ်နေပြီး လွယ်တဲ့သင်ခန်းစာတွေ ခက်နေမယ်။
- အိမ်ထောင်စုထဲမှာ မိသားစုဝင်တိုးကိန်းမြင်တယ်။
- ခေါင်းရောဂါ၊ ယားနာ၊ အနာတရ ဖြစ်တတ်တယ်။

ထုတြာ - "သုဂတော" ဂုဏ်တော်ပုတီး ၃ ပတ်စီပါ။

သောကြာသားသမီးများအတွက် လူနက္ခတ်ဟောကိန်း

- ပျော်ရွှင်ရသော ခရီးရှိမယ်။
- ပစ္စည်းပျောက်ရှကိန်း မြင်တယ်။
- စက်သစ်တွေ ဝင်မယ်။ စပ်တူလုပ်သူတို့ရဲ့ ညစ်ပတ်ခြင်း ခံရမယ်။
- မိဘကျန်းမာရေး ဂရုစိုက်ပါ။
- အိမ်တွင်းရေးရာမှာ မောင်နမဆွေမျိုးတွေ ထိခိုက်သော စကားတစ်ခွန်းကြောင့် အမုန်းတရားပေါ်ပေါက်မယ်။
- ချစ်သူများ အပြစ်ကင်းစွာ ချစ်မိချိန်ပါ။
- ကျောင်းမှ သင်ကြားချက်ကို လေးလေးနက်နက် မှတ်သားပါ။

ယတြာ - ဝင်လေမှာ အရပ်ရွတ်ပြီး ထွက်လေမှာ ဗုဒ္ဓေါ် ရွတ်ပါ။

သောကြာသားသမီးများအတွက် ဘီလူးနက္ခတ်ဟောကိန်း

- စိတ်လှုပ်ရှားစရာတွေ ကြုံမယ်။
- အလုပ်ကိုင်မှားဖြစ်မယ်။

www.burmeseclassic.com

- သဘော်သားများတွက် ဆန္ဒ ပြည့်ဝခြင်း။
- အိမ်မှာ လူနာပေါ်ပေါက်တတ် တယ်။
- အိမ်ထောင်ရေးမှာ သဝန်တို ခြင်းကြောင့် ပျော်ရွှင်မှုတွေ ပျက်သုဉ်း ရတော့မယ်။
- စာဖတ်ချိန်မှာ ဝိသိချင်းမဖွင့်ရ။

ယတြာ - "ဗုဒ္ဓါ" ကို ၉ ပတ်စိပ်ပါ။

စနေသားသမီးများအတွက် နတ် နက္ခတ် ဟောကိန်း

- အိမ်သစ်နေရာသစ်ရမယ်။
- ထင်ထားသလို ငွေမဝင်ပါ။ ငွေမရပါ။
- ခရီးနှစ်ဆင့်သွားရကိန်း ရှိပြီး အိမ်တွင်းရေးမှာ အပြစ်မမြင်၊ အမုန်း မဝင်ရမယ့်အချိန်။
- ဘုရားပုံတော်တွေ ကြွလာ မယ်။
- အိမ်တွင်းရေးမှာ သမီးငယ် ကြောင့် သောကရောက်မယ်။
- ကိုယ်မြတ်နိုးတဲ့သူဆီက ရင်ခုန် စရာစကား ကြားခွင့်ရမယ်။
- စာဖတ်ချိန်မှာ ဖုန်ပိတ်ထား တာ အကောင်းချိန်ပါ။

ယတြာ - "ဒီဝါတာပတိ" ဂါထာတော် ကို သက်စေ့ပူဇော်ပါ။

စနေသားသမီးများအတွက် ထူနက္ခတ် ဟောကိန်း

- ချစ်စကို ရှည်စေ၊ မုန်းစကို တိုရမယ့်အချိန်။
- နေ့စဉ်ကိုင်ဆွယ်နေတဲ့ပစ္စည်း တွေ ပျက်တတ်မယ်။
- ပျောက်ပြီးသား ဝေဒနာတွေ ပြန်ပေါ်မယ်။
- လုပ်ငန်းမှာ နာမည်တက်ချိန်။
- ကိုယ့်အပေါ် စာနှင့်ပတ်သက် ပြီး မသိမသာပြိုင်နေတယ်။
- ချစ်သူပေါ် အနိုင်ယူလွန်းက တန်ပြန် မိမိခံစားရမယ့် ပေးဆပ်ရမယ့် အရင်းအနှီးက ကြီးမားတတ်ကြောင်း သိရှိပါ။

ယတြာ - ဥ၂ ပု-ဒိ-ဒီး ကို ပုတီး ၃ ပတ်စိပ်ပါ။

စနေသားသမီးများအတွက် ဘီထူး နက္ခတ် ဟောကိန်း

- မသုံးသောပညာရပ်များ ပြန် အသုံးတည့်လာမယ်။
- ခရီးရှိမယ်။
- နေရာပြောင်းပေါ်မယ်။
- သူခိုးကိန်းရှိတယ်။
- သွားခဲကွဲပေးမယ်။ မိသားစု တွင် သာယာမှုရှိချိန်။
- ချစ်သူချင်း အနိုင်ယူချင်စိတ် ကြောင့် ဝေးရမယ့်ကိန်း ဆိုက်မယ်။
- အိပ်မက်ထဲမှာ စာဖတ်နေတဲ့ ထိ စာဖတ်အားကောင်းမယ်။

ယတြာ - နံနက်နှင့်ညမှာ ဂုဏ်တော် ၉ ပါးကို သက်စေ့ ရွတ်ပါ။

နတ်မျက်စိ ဆရာအောင်စိုး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

ယခု ကျွန်တော်တို့ရောက်နေသော နေရာသည် ရွာသားတွေအခေါ် မုရင်းအင်း (သို့မဟုတ်) ဝက်လူအင်းဟု ခေါ်ကြသည်။ မုရင်းစပါးတွေ စိုက်ပျိုးကြသည်က အမှန်ပင်။ စပါးစိုက်ရာသီ မဟုတ်လည်း တောဝက်တွေအတွက် ကတော့ ဆောင်းနှင်နွေမှာ အမြဲရေလူးကြသည်သာ။

ဤနေရာသည်ကား တောမကြီးနှင့် ဆက်နေသော ကျွန်းစွယ်ပမာ ချွန်ထွက်လာပြီး မုရင်းစပါးခင်း မုရင်းအင်းထဲသို့ တိုးဝင်လာလေသော တောင်စွယ်လေး။ ထိုတောင်စွယ်ဘေးနှစ်ဖက်မှာကား ပြေပြစ်သောအနေအထားမရှိပါ။ ဆင်ကျောကုန်းသဏ္ဌာန်မို့ နှစ်ဖက်စလုံး မတ်စောက်နေသည့်အတွက်ကြောင့်လည်း သားကောင် အဓိက တောဝက်တွေ ဤအစွယ်လေးမှသာ ဆင်းကြ၏။

မန်ပါရွာသားတွေမှာ ထိုအစွယ်အဆုံးတွင် ပေါက်ရောက်နေလေသော ညောင်မုတ်ဆိတ်ပင်ကြီးပေါ်တွင် တောဝက်တွေ ခြောက်လှန့်ရန် အတွက် ကင်းတဲ၊ လင့်စင်ထိုးထား၏။ အမြင့်မှာ ဆယ်တောင်ခန့်တော့ ရှိမည်။ ညောင်မုတ်ဆိတ်ပင်ကြီး၏ အခက်အလက်တွေနှင့် ရောနှောရှင်း ခိုင်ခိုင်မာမာ သစ်ဝါးတို့ကို သုံးရှင်း ကြိမ်မြှင့်တည်ဆောက်သည့်အပြင် အမိုးအကာပါ ပါရှိ၏။ သက်ငယ်မိုးရှင်း ဝါးအလုံးတွေ ပေါက်ကာ ကာရံထားသည့်အတွက် ကျားသစ်ရန်ကို လည်း ကောင်းကောင်းကာကွယ်နိုင်၏။ တစ်ဖန် တံခါးပေါက်မှာလည်း ဝါးဖြင့် အခိုင်အမာ လုပ်ထားသည်။ တဲသဏ္ဌာန်လင့်ပေါ်ဝယ် မီးမွှေးရန် မြေသားမီးဖို တစ်ခုလည်း ရှိ၏။ တော်တော်ကျယ်၍ ထိုလင့်စင်တဲပေါ်မှ သားကောင်တွေအား လောက်လေဖြင့် ပစ်ခတ်ခြင်းအပြင် သံပုံးစုတ်တစ်လုံးမှာလည်း ဝိန်လီလျက် ရိုက်နှက်ခြောက်လှန့်ရလေသော်လည်းနှက် တစ်ခုလည်း ဖြစ်၏။

"ကိုလောလီတို့ ဒီလင့်စင်မှာ အမြဲလိုလိုရှိကြတာပဲ"

"ရော်...အမြဲမရှိပေးဘူး။ အလှည့်ကျစောင့်တာပနော့"

"ကိုတင်မြတ်ဆိုး အမြဲသာ စောင့်ရင် လောကီမိန်းမ ကျွန်တော်ရမှာ ပအေး...ဟား...ဟား...ဟား...ဟား"

"ရော်...ကြားတာပနော့။ ကျားမက အလစ်ချောင်းတာပ။ ဒါကြောင့်လည်း ကျားပလို့အမည်တွင်တာပနော့။ ကျားဆိုတာ သားကောင်ကိုက်တော့မယ် ဆိုရင် ပုန်းအောင် ချောင်တာပအေး။ ဒီအကောင့်ပ။ ကျွန်တော့်မိန်းမကို အမြဲချောင်းတာ။ ဆေးချတာတာ့ ကောင်းကောင်း မချ။ ကျွန်တော့်မိန်းမကို ပြောတာပနော့။ ဖတ်ခါးတောင်းလိုက်၊ ညှိတ်တောင်းလိုက်ပအေး။ မကောင်းပ"

"ရော်...ဆရာကိုတင်မြတ်ဆိုး ကျွန်တော့်ရည်းစားကို ဒီအကောင် အလစ်သုတ်သွားတာပအေး။ ဒီအကောင် မကောင်းပနော့"

ကိုလောလီနှင့် ကိုကျားပုတို့မှာ သိရသလောက် ဤမန်ပါရွာတွင် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဖြစ်၏။ ဘယ်တော့ စိတ်မဆိုးကြ။ သူတို့၏ဇနီး

www.burmeseclassic.com

တွေ့ရိုလည်း သားပြောမယားပြော ပြော၍ စိတ်မဆိုးကြ။ ခေးချသည်ဆိုရာဝယ် ဘိန်းရှူခြင်းဖြစ်သလို မတ်ခါးဆိုသည်မှာကား ရေနွေးခါးခါးဖြစ်၏။ ဘိန်းရှူလိုက် ရေနွေးခါးခါးသောက်လိုက်၊ တစ်ဖန် ညှိတံဆိုသည်မှာ ဘိန်းပြောင်းထဲသို့ ကွမ်းပုံဆိုသည့် ချက်ပြီးသား ဘိန်းအလုံးလေး ထည့်ပြီးနောက် မီးဖိုထဲမှ ထင်းမီးခဲရဲရဲကို တို့ယူရသော သစ်သားစသေးသေးလေး မီးခြစ်ဆံသာသာ။ ထိုညှိတံသည် မီးလေ မလွှားပါ။ ညှိတံကို သီးသန့်ထားကြသည်။

"ဆရာကိုဝိုးကျော်ပ"

"ပြော အစိုင်း"

"ဒီနစ်ကောင် မလွယ်ပနော့။ တစ်ခါတလေ အောက်က ခြောက်တဲ့သရဲ တောင် ထွက်ပြေးတာပ"

"ဘယ်လိုဗျ အစိုင်း။ သရဲ ထွက်ပြေးတယ်"

"ဟုတ်ပနော့။ ဒီအောက်မှာ သရဲကလည်း ခြောက်မခြောက်တာပ"

"ဘယ်လိုခြောက်လဲ"

"ရော်...ဆရာတို့မသိနော့။ ဟောဟိုတောစပ်က ဆင်းလာတော့ တောကြောင်လိုလိုပ အနားရောက်တော့ တောဝက်လိုလို၊ ကျွဲလိုလိုပ။ တစ်ခါ တစ်ခါ မျောက်။ အနားရောက်တော့ လူ မည်းကြီးပနော့။ သူတို့နစ်ယောက် စကား သံကြားတော့ သရဲတောထဲ ပြန်ဝင်ပြေး တာပအေး။ ကျားပုပြောတာပ။ သရဲကို လေနဲ့ပမ်းတာပလို့ ပြောတာပ ဟား... ဟား...ဟား...ဟား"

"ခင်ဗျားတို့ သရဲမကြောက် ဘူးလား"

"ရော်...ဒီအပေါ်မှာ သုံးကောင်ရှိတာပ။ မကြောက်။ လောက်လေးခွနဲ့ ဆော်တာပအေး"

"တောဝက်တို့ ကျားတို့က သရဲမကြောက်ဘူးလား"

"ရော်...ဒီတောကောင်တွေနဲ့ သရဲကောင်က မိတ်ဆွေတွေထင်တာပအေး။ ကျားပုနဲ့လောသီလိုထင်တာပ"

"ရော်...အစိုးက တို့ကို သရဲနဲ့ နှိုင်းတာပ"

"ဟုတ်တာပအေး။ နင်တို့ နှစ်ကောင်နဲ့ တောဝက်၊ သရဲ အတူတူပအေး။ အတူတူပနော့"

"ဆရာကြီးနဲ့ ကိုဝိုးကျော်တို့ပအေး။ အစိုင်းစကားမယုံရတာပ။ သူက မယားတရူးပ...ဟား...ဟား...ဟား ဟား"

"ရော်...ကျားပုပနော့ နင့် ညီမ နန်းခမ်းကော ငုံကြိုက်တာပ။ ငါက မကြိုက်ခက်တာပအေး။ မယားတရူး မဟတ်ပ"

တစ်ယောက်တစ်ယောက် စကြ၊ နောက်ကြ၊ ပြောင်ကြနှင့် သူငယ်ချင်း ရွာသားသုံးယောက်အား ကြည့်ပြီး ကျွန်တော် ကျေနပ်ပါသည်။ အကြောင်းမှာ ညီညီညွတ်ညွတ်၊ စိတ်တူသဘောတူဖြင့် ၎င်းတို့၏ မုရင်းစပါးခင်းတွေ၊ ပဲခင်းတွေအား ဖျက်ဆီးမယ့် တောဝက်၊ ချေဒရယ်နှင့်အတူ ကျား၊ ကျားသစ်အန္တရာယ်အား ကာကွယ်ခဲ့ကြသည်မှာ နှစ်စဉ် မပျက်ကြာညောင်းခဲ့ရှိလည်း မုရင်းစပါး မြေပဲခင်းကို နေဘက်မှာ လှပ်ကြရသလို ညဉ့်အချိန် ထိုအကောင်တွေ စောင့်ရှ

www.burmeseclassic.com

စကားပြောကြ၊ အရက်သောက်ကြနှင့် အချိန်တွေ ကုန်လွန်စေခဲ့သည်သာ။ သို့ အတွက်ကြောင့်လည်း သားကောင် ကြီး ငယ်ဘွေးလည်း သိပ်အလေးမထားသည့် အပြင် ခြောင်လှန်လေသော သရဲ တစ္ဆေကိုလည်း မကြောက်မရွံ့ကြတော့ပါ။

(နှစ်)

မောင်ရီသန်းသည်နှင့် တောတန်းမှာ ပုရစ်နှင့် ပုစဉ်းရင်ကွဲသံတွေ ညံလာပါပြီ။ တစ်ဖန် ဒီးကွဲကဲတွေ၏ တကွက်ကွက်အသံ၊ တောင်တန်းတောမကြီးဘက်မှ တောမုဆိုးကျားကြီးတွေ၏ ဟိန်းဟောက်သံတွေက နှုတ်ဆက်ပါပြီ။ ထိုအသံတွေ ကြားရပါသော်လည်း ရွာသားသုံးယောက်သည်ကား အလေးမထားကြပါ။ ကြားနေကျ၊ ကြုံနေကျဖြစ်၍ သတိမမူ၊ အထင်မကြီးသည့်သဘောရှိကြသော်လည်း မုဆိုးပါသနာပါသည့် ကျွန်တော်တို့ သုံးယောက်မှာတော့ သားကောင်အသံကို နားစွင့်ကြ၏။

"ဆရာကျော် ချေလည်းပေါ်တယ်ဗျ"

"အေး···ဒီချေဟောက်သံက မဝေးလှဘူး"

"ရော့···ဆရာကြီးဆို ချေလည်း ပစ်ချင်ပစ်တာပနော့။ အဓိကတော့ကတော့ ကောင်းကောင်းပစ်ပေးတာပအေး"

"စိတ်ချပါ···ပစ်ပေးမှာပေါ့ဗျာ"

"ဆရာကျော်···ဒါဆို ချေထွက်ရင်"

"အခြေအနေကြည့်ပြီး လွှတ်သင့်ရင် လွှတ်လိုက်တာပေါ့။ ငေါ့ဝက်သေချာပေါက်ထွက်မယ်ထင်ပါရဲ့"

"ရော့···သေချာတာပနော့ ထွက်ကိုထွက်တာပ။ ထွက်ရင် အုပ်လိုက်ထွက်တာပအေး"

"မပူနဲ့ပအေး။ တောဝက်ထွက်ရင် အပေါင်းနဲ့အသင်းနဲ့ပ။ ဝက်လည်း ထွက် သရဲလည်းထွက်တာပ··· ဟား ဟား···ဟား···ဟား"

"ဒီအကောင်ဆိုး ဆရာကြီးကို နောက်တာပ"

"ရော့···မနောက်။ နင်တို့အသိပ ကျားပု"

အစိုင်းသည် မီးမှိုင်း၍ မီးခဲတွေ ရဲနေသည်တွင် အမဲခြောက်ဖုတ်ပါပြီ။ အမဲခြောက်နှင့် ကချင်အရက်မီးတောက်လိုက်ဖက်လှ၏။ တစ်ညဉ့်တာအတွက် နားခိုရာဟု သူတို့ယူဆကြပါသော်လည်း ကျွန်တော်တို့က အလုပ်လုပ်ကြမည်သား။ မုဆိုး၏အလုပ်သည် သားကောင်ပစ်ရန်ဖြစ်၏။ သားကောင်ပစ်ရမည်မှာ အလုပ်ပင် ဖြစ်၏။

"အစိုင်း ဆတ်ကောထွက်လား"

"တစ်ခါတစ်ခါတော့ ထွက်တာပ။ ထွက်ရင် ချိုတွေလှုပ်လှုပနော့။ အခက်တွေ ဝေနေတာပအေး"

"ဟုတ်တာပ။ အစိုင်း ပြောသလို အထီးကြီးတွေ တချို့လည်ဆံမွေးကရှည်ရှည်နဲ့ ကြည့်ကောင်းတာပ။ မိန်းမပျိုလေးတွေ လည်ပင်းမှာ ပုဝါချထားသလို ကြည့်ကောင်းမကောင်းပဆို"

www.burmeseclassic.com

"ဆရာကျော် သားကောင်က တော့ တော်တော်စုံတာပဲ"

"ဟုတ်တယ် ဆရာကျော်။ ဆတ်သာထွက်လို့ကတော့ ဟန်ကျတာပဲ"

"အင်း...အဓိက တောဝက် ဆိုတာလည်း သတိထားရမှာပဲ"

"ဟုတ်ကဲ့ပါ"

ကျွန်တော်တို့ အမဲခြောက်ဖုတ်နဲ့က နာခေါင်းထဲသို့ ကလိနေပါပြီ။ မွှေးပျံ့လာသလို အဆီတွေ မီးခဲပေါ် တရဲရဲ ကျသွားသို့ ထိုအဆီတွေ မီးလောင်၍ မီးကလေးတွေ တောက်လာ၏။ လေ၏ မွှေးရမ်းမှုကြောင့် အမဲခြောက်ဖုတ်နဲ့ ပိုရနေပါပြီ။ ကိုလောလီ အမဲခြောက်ဖုတ်အား ထုနေသည်တွင် မိုးကျော်အောင်သည် ထိုထုပြီးသော အမဲခြောက်ဖုတ်တွေ ကျွန်းချွတ်ပေါ်သို့ ဖဲ့ချနေပြီး

"ဆရာကြီး စားကြတာပအေး"

"ဟုတ်ကဲ့"

ကျွန်တော်လည်း ဟန်မဆောင်ပါ။ အမဲခြောက်ဖုတ် အသေးလေးနှစ်ခု ယူ၍လိုက်သည်တွင် အသားက ကောင်းလတ်ဆတ်မှုတို့ကြောင့် ချိုနေသည်။ အရသာ အလွန်ရှိ၏။ ကျွန်တော် မေ့ပြီ့တွင် တပ်သားသစ်တာ၊ ၁၉၆၂ ခုနှစ်ခရီသို့ ပြန်သတိရမိသည်။ လူသစ်တွေအား အသားစား,မစား စာရင်းကောက်၏။ အမဲသား ဝက်သား မစားသူအား ဘဲဥ ကျွေး၏။ ထိုအထဲတွင် ရဲဘော်ကျည်ဆန် ဆိုသည့် ကုလားတစ်ယောက်ပါလာ၏။

"မင်းနာမည် ဘယ်သူလဲ"

"ကျည်ဆန်"

"ဘာကွ၊ နောက်နေတာလား"

"မနောက်ပါဘူး ဆရာလေး"

"ဟေ့ကောင်...ဆရာလေး ဆိုတာ သီလရှင်ကွ၊ ဒါ စစ်တပ်"

"မသိဘူး ဆရာလေး... အယ် ဆရာ၊ ဟိုဆရာကိုတော့ ဆရာကြီးလို့ ခေါ်တော့ ဆရာလေး...အို ဆရာကို ဘယ်လိုခေါ်ရမှန်း မသိလို့ပါ"

"တော်တော်စကားရှည်တဲ့ အကောင်၊ နာမည်"

"ကျည်ဆန်"

"ဘာ"

"ကျွန်တော့်နာမည် ကျည်ဆံ အစစ်ပါ"

"ကဲ...ထား၊ ဘာကုလားမျိုးလဲ"

"မသိဘူး၊ ကုလားတော့ ကုလားပဲ"

"တောက်...အမဲ၊ ဝက်၊ မစားတဲ့ အသားပြော"

"ကျွန်တော် အကုန်စားပါ"

www.burmeseclassic.com

တယ်"

"ဟေ"

"ဟုတ်ကဲ့။ ကျွန်တော့် ငယ်ငယ်ကတည်းက ခေါက်ဆွဲဆိုင်ရှင် တရုတ်ကြီး အဘွားကြီးက မွေးစားထား တာဆိုတော့ အကုန်စားပါတယ်။ ကုလား စကားမတတ်ပေမယ့် တရုတ်စကားတော့ ကောင်းကောင်းတတ်ပါတယ်။ ဆရာလေး အယ်···ဆရာ"

ကျွန်တော့်သူငယ်ချင်း ကျည်ဆန်အား ကျွန်တော် သတိရမိပါသည်။ ကျောင်းဆင်းသောအခါ တပ်သား ကျည်ဆန်မှာ ရုပ်ပြည်တက်သို့ ရောက်သွားရာမှ ခြေထောက်တွေ ဒဏ်ရာရရ၍ အပြီးစားပူသွားသော ကျည်ဆန်အား သတိရမိပါသည်။ ဒီအကောင် အမဲသားလည်း ကြိုက်၊ ဝက်သားလည်း ကြိုက်၊ ယခု ကျွန်တော်လည်း အမဲခြောက်ကို တော်တော် စားကောင်းနေ၏။

"ရော်···ဆရာကြီးဆိုး"

"ဘာလဲ ကိုကျားပု"

"အောက်မှာလေ အမဲခြောက်တောင်းနေပြီပအေး"

"ဗျာ"

ကျွန်တော်နှင့် မိုးကျွန်အောင်သည် ကိုကျားပု၏စကားကြောင့် လင့်အောက်သို့ ငုံ့ကြည့်လိုက်တော့ တောကြောင်လို ခွေးငယ်လေးတစ်ကောင် အလား အပြီးတော့်မတွေ့။ အမဲခြောက် ဖုတ်နံ့ကြောင့် သားကောင်ငယ်လေး တစ်ကောင်ကို တွေ့ရပါသည်။ အပေါ်သို့ မော့ကြည့်နေပုံမှာ မျှော်လင့်ချက်အပြည့်နှင့် စောင့်မျှော်နေပါသော်လည်း တစ်ချက် တစ်ချက် ထိုအကောင်လေးထံမှလား မသိ။ ပုပ်အက်အက်အနံ့ကို ရှုရှိုက်မိသည်တွင်း

"ကိုကျားပု ဘာကောင်လဲ။ ခါတိုင်းကော လာတောင်းသလား"

"ရော်···တောင်းတာပအေး"

"ဘာကောင်လဲဗျ။ တော ကြောင် လား။ ခွေးလား"

"မဟုတ်ပ။ တစ္ဆေကောင်ပ။ အစားတော့တောင်းတာပ။ တောဝက် တွေတော့ မောင်းမပေးတဲ့ သရဲကောင်ပအေး"

ကိုလောလိမ် ပြောလာ၏။ သူတို့ အမြဲတွေ့နေရသောအကောင်တစ်ကောင်သည်ကား မှင်စာလေးများလားဟု တွေးနေခိုက် ကိုကျားပုမှ အမဲခြောက် အစိမ်း ခပ်လတ်လတ်ပစ်ချပေးလိုက်၏။ ထိုအကောင်သည်လျှင် မြန်ဖြတ်လတ်စွာ ကောက်ယူစားသောက်နေလေပြီ။

"မြင်တာပနော့"

"ဟုတ်ကဲ့"

"ကြည့်···ကျွန်တော် လောက်လေးနဲ့ ပစ်တာပ"

ပြောပြောဆိုဆို ကျားပုသည် လောက်လေးခွ ကောက်ယူကာ ထိုအကောင်ငယ်အား ချိန်ရွယ်ပစ်ခတ်လိုက်ပါသည်။ လောက်လေးသံနှင့်ထပ်တူ ထပ်မျှ လောက်စာလုံးတစ်လုံး မြေကြီးကို ထိသံတို့နှင့်တစ်ဆက်တည်း···

"ဝုန်း"

"ဝူး···ဝူး···ဝူး···ဝူး"

ပထမမှင်စာလေးဟု ထင်ရပါသော်လည်း လေးဖြင့် ပစ်ခတ်မှု နောက်

www.burmeseclassic.com

ထပ် ဝက်ပံကြီးတစ်ကောင်ထက် ပိုကြီးလာပြီး ထခုန်ရင်း တောစပ်ဘက် ပြေးရင်း တောစပ်ပင်မရောက်သေးပါ။ မီးခိုးတွေကို ဖြူဖြူအငွေ့အသက်တွေ ဖြစ်ရင်း ပျောက်ကွယ်သွားလေပြီ။

"ဟာ...သရဲ ဟုတ်တယ်နော် မိုးကျော်"

"ဆရာကြီးတို့ပဲ တောဝက်တွေ ထွက်တော့မှာပအေ"

"ဗျာ...ဟုတ်လား"

နားအလွန်ပါးသော မိုးကျော်အောင်ပင် အသံမကြားရတဲ့ အစိုင်းမှ ပြောလာသည်။ အဘယ့်အတွက် တပ်အပ်ပြောနိုင်ပါသနည်းဟု မသိသော်လည်း ကျွန်တော်တို့ မမေးမိပါ။ အကြောင်းမှာ သူပြောသည့် အတိုင်း တောစပ်မှ အကောင် သုံးလေးကောင် ထွက်လာကြပါပြီ။ ထိုအကောင်တွေမှာ တောစပ်မှ အမြဲထွက်ကြောင်း သူတို့ ပြောခဲ့တော်ဝက်ပင် ဖြစ်ရမယ်ဟု တွေးကာ အစိုင်းစကား ထောက်ခံလိုက်၏။

တောဝက်ကြီးတွေကား ပတ်ဝန်းကျင်ကို ကြည့်ကြ၏။ လင့်စင်ပေါ်သို့လည်း ကြည့်၏။ ကိုလောလီနှင့် ကိုကျားပုတို့၏ လျှင်မြန်မှုကြောင့် မီးဖို၏ မီးအလင်းရောင် လုံးဝမမြင်ရတော့။ အကြောင်းမှာ သူတို့၏ မီးဖိုကို ကာဖုံးထားသည့် သစ်ခက်၊ သစ်ရွက်တွေဖြင့် ပြုလုပ်ထားသော ကြက်အုပ်ဆောင်းသဖွယ် အုပ်ဆောင်းဖြင့် မီးဖိုအား အုပ်ထားလိုက်၏။

"တောဝက်တွေ"

"သရဲကော်ပါလာဦးမှာပနော်"

"သေချာလား"

"ရော်...သေချာတာပ"

"ခင်ဗျားတို့ ဘယ်လိုမောင်းရဲ"

"သံပုံးတီးတာပ။ လောက်လေးနဲ့လည်း တီးတာပအေ"

"ဒီတစ်ခါ မတီးနဲ့။ ကျွန်တော်တို့ ပစ်မယ်"

"ကောင်းတာပ။ ဆရာတို့အတွက် ဆတ်လည်း ထွက်ချင်ထွက်မှာပအေ"

"မိုးကျော်နဲ့တင်မြတ်တို့ သုံးယောက်လုံး ပစ်ကြမယ်"

"ကောင်းတယ်"

တောဝက်အုပ်ထွက်လာပါပြီ။ အကောင်ကြီးတွေ ဆယ်ကောင်ထက် မနည်း။ ဝက်မနှင့် ဝက်ပေါက်ကလေးတွေလည်း ထွက်လာကြပါ၏။ ထိုဝက်အုပ်နှင့် ထက်ကြပ်မကွာ ကိုကျားပုတို့ ပြောသည့်အတိုင်း စောစောကအကောင်လား မသိ။ မည်းမည်းအကောင်ကြီးမှာ မျောက်ပံကြီးတစ်ကောင်ပမာ ခြေနှစ်ဖက် ခပ်ကွေးကွေး ကုတ ကုတဖြင့် လိုက်ပါလာ၏။ ဦးခေါင်းနှင့် ခန္ဓာမှာ လုံးထွေးနေဘိအလား သေသေချာချာ ခွဲမရသော်လည်း သားကောင်တစ်ကောင် မဟုတ်ကြောင်းကိုဖြင့် မြင်ရုံဖြင့်သိလိုက်ပါပြီ။

"တို့သုံးယောက် မုဆိုးထိုင်ထိုင်ပစ်မယ်"

"ရော်...နောက်မှာ ဒရယ်အုပ်ထင်တာပ"

"ဟုတ်တယ် ဆရာကျော်"

"အေး...ဩော်...ကိုကျားပု သရဲကောင်က ခင်ဗျားတို့ကို ဘာလုပ်

www.burmeseclassic.com

သင်္ဘောမှာ ကြောက်အောင် ခြောက်လှန့်သလား"

"မလုပ်ပ။ သူက ဒီအစကောင်တွေ ခေါ်ခဲ့တာပ။ လူတော့ ရန်မမူပအော"

"ဟုတ်တာပ။ လူဘဝထဲက သူများစပါးပဲ ခိုးတာပအော"

"ဗျာ···လူဘဝကတည်းက ဟုတ်လား"

"မိုးကျော်···နောက်မှ ဆက်မေးမယ်။ အဲဒီအကောင် ငါ ပစ်မယ်။ ဝက်တစ်ကောင်ကို တင်မြတ် ပစ်။ မိုးကျော်က ဒရယ် အထီးတွေ ရွေးပစ်ကြမယ်နော်"

"စိတ်ချ ဆရာကျော်"

"အသင့်နော်။ အထိုင်ပြောင်း ပြီးပြီနော်"

"ဟုတ်ကဲ့"

ကျွန်တော်တို့သုံးယောက် ညဉ့်အခါဖြစ်သည့်အပြင် ယခုလို တောကခြောက်တတ်ပါက မုဆိုးထိုင် ထိုင်ပစ်ကြစမ်းမှင်။ ယခုတောကြမ်းသည်တော့ မဟုတ်ပါ။ သို့ပါသော်လည်း အပေကောင်၏ ဝိညာဉ်က တောဝက်၊ ခွေး ဒရယ်နှင့် ဆတ်တို့အား မည်သို့ မည်ပုံ အမြင်ထင်ထင်ရှားရှားပြ၍ ဦးဆောင်နေသည်လဲ။ သို့မဟုတ် တောကောင်တွေ မတွေ့အောင်ရောယောင်လိုက်ပါလာသည်လား မသိ။ လူတွေအား မခြောက်ပါဆိုသော်လည်း ခြောက်လှန့်နေမှတော့ တစ်ခါတည်း အဝေးကို ကျူးဆန်ထိပ်ဖူးနှင့် တစ်ပါတည်း ပြေးတော့ဟု တိုးတိုးဆိတ်တိတ် ပြောရင်း···

"ဆရာကျော် ပစ်ကြစို့"

"အေး···အသင့်ပြင်။ တစ်၊ နှစ်၊ သုံး···ပစ်"

"ခိုင်း···ခိုင်း"

"ခိုင်း···ခိုင်း"

"ခိုင်း···ခိုင်း"

"ဝုန်း"

"ဝေါ···ဝေါ···ဝေါ···ဝေါ"

"ဗုန်း"

"အီး···ဝူး···ဝူး···ဝူး"

"အီး···အီး"

"ရှီ···ရှီ···ရှီ···ဝုန်း···ဖြောက်···ဖြောက်···ဖြောက်···ဖြောက်"

ကျွန်တော် နှစ်ချက်ပစ်သကဲ့သို့ မိုးကျော်အောင်နှင့် တင်မြတ်ပါ နှစ်ချက်စီ ပစ်ခတ်ကြ၏။ ကျွန်တော် ပစ်သည်မှာ ပထမအချက်သည် ဝိညာဉ်အကောင် နောက်တစ်ချက်မှာ ဒရယ်ပေါက်တစ်ကောင်၊ မိုးကျော်အောင်သည်လည်း တစ်ဆွေသရဲ အလွန်မှန်းသူ့ဖို့ ပထမ ဒရယ်၊ နောက် ထခုန်လိုက်သော ထိုဝိညာဉ် တစ္ဆေကောင်အား ထပ်ပစ်၏။ တင်မြတ်သည်ကား အေးအေးဆေးဆေး တောဝက် နှစ်ကောင်ကို ပစ်လဲလိုက်သည်သာ။

တောသည် တော်လဲသံကြီးများ ပမာ တုန်ဟည်းသွားလေပြီ။ ကျူးဆန်ခြောက်တောင့်၏ အသံတွေမှာ စက္ကန့်ပိုင်းမျှသာ မြည်ဟည်းပေါက်ကွဲကြပါသော်လည်း တစ္ဆေကောင်ကြီး ထခုန်မှု၊ တောဝက်တွေ သွေးရူးသွေးတန်းမြင့် ပြေး၍ ပက်လိုက်ကြသည့်အပင်တွေနှင့် ထိသံ၊ ဒရယ်တွေ လန့်အော်ရင်း ပြေးလွှားသံ၊ လဲပြိုသံတွေကြောင့် နာရီဝက်ခန့်

www.burmeseclassic.com

ဆူညံရာဝယ် ထိုဆူညံမှုကို ရောနှောစပ်ယှက်နေသော အပကောင်ကြီး ဝိညာဉ်ကောင်ကြီးသည် ကျွန်တော်၏ ကုန်ဆေးနှင့်ထပ်တူထပ်မျှ ကုန်ပျံဆင်ခွေခေါ်ရာသို့ ပါသွားလေပြီလား မသိ။ တောနက်တောင်စောင်းထဲသို့ နိဂံးရဲရဲ မီးလုံးကြီး ပါသွားသည်ကိုဖြင့် အားလုံးမြင်လိုက်ရပါပြီ။

"ရော်...ရော်...မီးတန်းကြီး ပနေ့။ စုန်းတောက်တာလိုပအေ"

"ဟုတ်တာပ။ ဆရာကြီး ဘယ်လို ပစ်တာပ"

"ဟုတ်ကဲ့...ပြောပါမယ်။ ဒါထက် စောစောကပြောတဲ့ မသေခင်ကတည်းက စပါးတို့ ပဲတို့ ခိုးတယ်...တာ ဆက်ပါဦး"

(သုံး)

မန်ပါရွာသား လောလိမ်သည် ဘိန်းစားတစ်ယောက်။ သူများ စပါးခိုးယူ၏။ ပဲခိုး၏။ ရသောငွေဖြင့် ဘိန်းဂျုံ၏ တစ်နေ့ ယခု လင့်စင်ပေါ်ဝယ် တစ်ယောက်တည်း ဘိန်းလာရှူရင်းမှ လိမ့်ကျ သေဆုံးသွားခဲ့သည်။ သူ သေဆုံးသွားမှုကို ဘယ်သူမှ မသိကြ။ အခင်းတွေ့ပြီး၍ လူမရှိခိုက်မို့ မသိလိုက်သော်လည်း ဘိန်းစားလောလိမ်သည် သူ၏ ညီမထံ ဝင်ပူးပြောခဲ့သဖြင့် အားလုံး သိကြရပြီးနောက် ဆွမ်းသွတ်ကြပါသော်လည်း လောလိမ်တစ်ယောက် မကျွတ်ထွတ်ဘဲ ဝိညာဉ်အဖြစ်ကို တောစပ်၌ တဝဲလည်လည်နေထိုင်၏။

ရွာသားတွေ ရာသီရောက်၍ တောဝက်ခြောက်ရန် ရောက်လာသည့် အခါ ားစရာ တောင်းစားပါသော်လည်း ားပ၊ ကိုလောလိမ်နှင့် အစိုင်း တို့ ပြောသလို ကူညီပံ့ပိုးသူမရှိဘဲ သားကောင်တွေနှင့် ရောနှောပါဝင်နေသည်က အမှန်ပင်။ သို့အတွက်ကြောင့် ဝိညာဉ်သရဲဖြစ်နေသော ဘိန်းစားလောလိမ်အား ရွာသားတွေ မကြောက်ကြ။ တောသူတောင်သားတွေပင်ပဲ ရွာသားအချင်းချင်းမို့ သရဲဟုပင် မထင်။ ကျွေးမွေးနေကြ၍လည်း မကျွတ်မလွတ် ဖြစ်နေသည်လား မသိတော့ပါ။

"အင်း...ကိုလောလိမ်တို့ရေ ခင်ဗျားတို့ သူငယ်ချင်း မကျွတ်မလွတ်တဲ့ လောလိမ်တစ်ယောက် ကျွတ်လွတ်သွားပါပြီ။ ခင်ဗျားတို့ မှတ်ထားကြ။ တရွေ့သရဲမှန်းသိလျက်နဲ့ မကျွေးမွေးကြနဲ့။ အဲဒီလို ကျွေးမွေးထားတော့ သက်ဆိုးရှည်တာပဲ။ မကျွေးမွေးနိုင်ရင် လူကို ခုကွပေးလာတော့မှာ ဆိုတာ မှတ်ထားကြပေတော့။ ခင်ဗျားတို့လုပ်ပုံက လျှိုဝှက်ဆန်းကြယ်တဲ့ တရွေ့သရဲ မွေးနည်းဖြစ်နေပြီဗျ"

"ရော်...ဟုတ်ကာပနေ့။ မှားတာပအေ။ ဆရာကြီးပြောမှ သတိထားမိတာပ။ ကျွန်တော်တို့က သရဲမှန်းသိလျက်နဲ့ အစာကျွေးနေတာဆိုတော့ လျှိုဝှက်ပြီး တရွေ့သရဲမွေးနေမိတာပအေး"

"ကဲ...သရဲကောင်လည်း မရှိတော့ပါဘူး။ နောက်နောင်မှာ တရွေ့သရဲမွေးနည်းကို ရောင်ကြပေတော့ဗျို့"

မင်းခဲတောင့်

www.burmeseclassic.com

ဒုဒ္ဒဂါတော်ဟောဝန်ဖေဆီး



ဓိဿာဂက်များ ပုံစံဝေဘာတည်း

စောဝဲဘုန်းဝိုင်းအင်

www.burmeseclassic.com

www.burmeseclassic.com

ကုလားနာဂရီယော ထေရော ရွှေအတိတ်ကာလက ဗာရာဏသီပြည် နာဂမြို့ ကိတဲ့ မည်သော မင်း၏ သားတော်သည် ဥယျာဉ်တော်၌ ပျော်ပါးကစားပြီး၍ ပြန်လှည့်လာသော် ဆွမ်းအလို့ဟု လှည့်လည်တော်မူလာသော သုနေတ္တ အမည်ရှိသည့် ပစ္စေကဗုဒ္ဓါကို မြင်၍ အစိုးရခြင်း ဂုဏ်သိရ် စည်းစိမ်ယစ်မှုးခြင်းဖြင် မာန်တင်းယစ်မှုးသည်ဖြစ်၍...

"အဘယ်ကြောင့် ဤဦးပြည်းခေါင်းတုံးသည် ငါ့အား လက်အုပ်ခိုခြင်းကို မပြုမူ၍ သွားရလေသနည်း"

ဟု ပစ်မှားသောစိတ်ရှိသည်ဖြစ်၍ ဆင်၏ ကျောကုန်းပေါ်မှ ဆင်းသက်ပြီးကာ...

"အဘယ်သို့နည်း။ သင်သည် ဆွမ်းကို ရအပ်ပါသလော"

ဟုပြောဆိုလျက် ပစ္စေက ဗုဒ္ဓါ၏ လက်မှ သပိတ်ကို ယူ၍ မြေ၌ချကာ ပေါက်ခွဲနင်းခြေလိုက်လေ၏။

ထိုအခါ အလုံးစုံသော အရာတို့၌ သည်းခြေင်းသို့ ရောက်သဖြင့် ဖောက်ပြန်ခြင်း မရှိ၍ ကနုဏာဖြင့် ပြည့်စုံသော သောမနဿ၌ ကုန်ဆုတ်ဆင်ဝင်း၊ ကြည်လင်သောစိတ်ရှိသည်ဖြစ်၍ ကြည့်ရှုလျက်နေသော ထိုပစ္စေကဗုဒ္ဓါကို လက်ဖျစ်တီးလျက်၊ ပျက်စီးသောစိတ်ရှိသည်ဖြစ်၍...

"ငါ ကိတဝမင်း၏သားဖြစ်သည်ကို သင်းသည် မသိသလော။ သင်သည် ငါ့ကို စူးစိုက်၍ ကြည့်ရှုသော်လည်း ငါ့အား မည်သို့မြို့လုပ်နိုင်လတ္တံ့နည်း"

ဟုပြောဆို၍ ပျက်ရယ်ပြုကာ ရောင်ခွာထွက်သွားလေသည်။

ပစ္စေကဗုဒ္ဓါကို ရောင်ခွာသွားကာမျှလျှင်ဖြစ်သော ထိုကိတဝမင်း၏ သားတော်ဖြစ်သော အိမ်ရှေ့မင်းသားအား ထိုခဏ၌ပင်လျှင် ငရဲဝီးအပူတမျှ အားကြီးလှစွာသော အပူသည် ကိုယ်၌ ဖြစ်ပေါ်လာလေ၏။

ထိုမင်းသားသည် ပစ္စေကဗုဒ္ဓါအား ပစ်မှားလွန်ကျူးသော ဒုဋ္ဌဒေါသ၊ ပါပညစ်ကျူး မကောင်းမှု အကုသိုလ်ကြောင့် ပြင်းစွာပူလောင်သော ကိုယ်ရှိသည်ဖြစ်၍ အလွန်ပြင်းပြသော ဒုက္ခဝေဒနာသည် နာကျင်ကိုက်ခဲ အပြည်ပြည်စုံစေခြင်း နိုင်ငံသည်ဖြစ်၍ သေဆွံ့ခဲ့ထေရာ ထောအစိုးရခြင်း ဖြစ်ပေ၏။

ထိုင်းသားသည် ထိုအစိုးရခြင်း ကြီးဖွဲ့ ထကွန်းပါခြင်းထည်းကောင်း၊ လက်ဝဲနံပါခြင်းထည်းကောင်း၊ ဟက်ထက်လည်းကောင်း၊ မောက်ခဲ့ထည်းကောင်း ဤသို့သော အခြင်းအရာတို့ဖြင့် မြောင်းလဲ၍ နစ်ခပါင်း ရှစ်သောင်းလေးထောင်ကာလပတ်လုံး ငရဲကျွက်ကြီးလျှင် ထိုငရဲမှ စုတေလေသော် ပြိတ္တာဘုံတို့၌ အတိုင်းအရှည်မရှိသော ကာလပတ်လုံး ငတ်မွတ်ခေါင်းပါးခြင်း အစရှိသည့် ဆင်းရဲဒုက္ခကို အစဉ်ခံစားပြီး၍ ထိုတဝမ စုတေပြန်သော် ဂေါတမဖြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ကုလားလီမြို့၏အနီး တံငါသည်တို့၏ရွာ၌ ဖြစ်လေသည်။

ထိုသူအား ဘဝဟောင်းကို သတိရ၍ သိတတ်သော "ဇာတိဿရဉာဏ်" သည် ဖြစ်ပေါ်လာ၏။

www.burmeseclassic.com

ထို့ကြောင့် ထိုသူသည် ရှေး ဘဝက မိမိခံစားခဲ့ရဖူးသော ဆင်းရဲဒုက္ခ တို့ကို အဖန်တလဲလဲ အောက်မေ့ရသကဲ့သို့ လူလားပြောက်၍ အရွယ်သို့ ရောက်သော်လည်း ကောင်းမှု အကုသိုလ်မှ ကောက်သောကြောင့် တစ်စုံတစ်ယောက်သော ဆွေမျိုးနှင့်သော်လည်းကောင်း အတူတကွ အမှုကိစ္စကို ဆောင်ရွက်ပြုလုပ်၍ ငါးဖမ်းခြင်းအကျိုးတူ မသွားမရောက်။ ဆွေမျိုးဖြစ်သူတို့ ငါးဖမ်းရန် သွားကုန်သည်ရှိသော် ငါးတို့ကို ယတ်ပြတ်ခြင်းငှာ အလိုမရှိသည်ဖြစ်၍ ပုန်းအောင်းကာ နေလေ၏။ သွားရသောအခါ၌လည်း ကွန်ရက်တို့ကို ဖောက်ဖျက်၍ ပစ်၏။ အသက်ရှင်ကုန်သော ငါးတို့ကို ဖမ်း၍ ရွေ့ လွှင့်ပစ်လေ၏။

ထိုသူငယ်၏ အပြုအမူကို မနှစ်သက်ကုန်သော ဆွေမျိုးတို့သည် ထိုသူငယ်ကို အိမ်မှ နှင်ထုတ်ကြကုန်၏။ ထိုသူငယ်၏ တစ်ယောက်သော အစ်ကိုဖြစ်သူသည်သာ ထိုသူငယ်၌ ချစ်ခြင်းဖြင့်ပွဲ့အပ်သော စိတ်နလုံးရှိသည် ဖြစ်၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် ကုဏ္ဍလီပြိုင်ကို အမှီပြု၍ သာနတောင်၌ နေတော်မူ၏။ ထိုအခါတွင် ထိုတံငါသည်၏ သားသည် ဆွေမျိုးတို့က စွန့်ပစ်အပ်သည်ဖြစ်၍ ထိုမှ ဤမှ လှည့်လည်သည်ရှိသော် ထိုအရပ်သို့ရောက်သည်ဖြစ်၍ ဆွမ်းစားချိန်အခါ၌ မထေရ်၏အနီးသို့ ချဉ်းကပ်လေ၏။

မထရ်သည် ထိုလူငယ်ကို ပေး၍ ဘောဇဉ်ဖြင့် အလိုရှိသည်၏အဖြစ်ကို သိ၍ ထိုသူငယ်အား ဆွမ်းကို ပေး၍ ပြုအပ်သော ထမင်းစားခြင်းကိစ္စရှိသည်ဖြစ်၍ အလုံးစုံသော ထိုအကြောင်းကို သိမြဲ တရားစကားဆို ကြည်ညိုဖွယ်သော စိတ်ရှိသည်ကို သိ၍ ...

"ငါ့ရှင် သင်သည် ရှင်သာမဏေပြုလတ္တံ့လော"

ဟုမေး၏။

"မှန်လှပါ အရှင်ဘုရား။ ရှင်သာမဏေပြုပါမည်ဘုရား" ဟု လျှောက်၏။

မထေရ်သည် ထိုသူငယ်ကို ရှင်သာမဏေပြု၍ ထိုသာမဏေနှင့်တကွ မြတ်စွာဘုရားအထံတော်သို့ သွားလေ၏။

ထိုအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာကို...

"ချစ်သား...အာနန္ဒာ... ဤသာမဏေကို ကောင်းစွာစောင့်ရှောက်ရာ၏" ဟု မိန့်တော်မူ၏။ ထိုသာမဏေသည် ပြု၍ခဲ့ပြီးသော ကောင်းမှုမရှိသည်၏အဖြစ်ကြောင့် နည်းသောလဲ့ဘ်ရှိသည်ဖြစ်၏။

ထိုအခါ ဘုရားရှင်သည် ထိုသာမဏေကို ချီးမြှောက်လိုသည်ဖြစ်၍ ရဟန်းတို့သုံးဆောင်ရန်အလို့ငှာ သောက်ရေအိုးတို့ကို ပြည့်အောင် သွန်းလောင်းခပ်ထည့်ခြင်းကိစ္စ၌ တိုက်တွန်းချထားတော်မူ၏။ ထိုရေခပ်ရာရသော သာမဏေကို မြင်၍ ကြည်လင်သာစိတ်ရှိကုန်ကြသည့် ဥပါသကာတို့သည် ထိုသာမဏေအား များစွာသော နိစ္စဘတ်ဆွမ်းတို့ကို လှူဒါန်းတည်ထား ဖြစ်ပွားစေကုန်၏။

ထိုသာမဏေသည် တစ်ရံနေ့

www.burmeseclassic.com

www.burmeseclassic.com

အခါ၌ ပဉ္စင်းအဖြစ်သို့ ရဂိုအပ်သည်ဖြစ်၍ အရဟာတ္တဖိုလ်သို့ ရောက်၍ မထေရ်ကြီး ဖြစ်ပြီလျှင် တစ်ကိုယ် နစ်ပါးသော ရဟန်းတို့နှင့်တကွ သုနတောင်၌ သီတင်းသုံးနေတော်မူလေ၏။

ထိုမထေရ်၏ ငါးရာမျှသော ဆွေမျိုးတို့သည် ဆည်းပူးပြုလုပ်အပ်သော ကုသိုလ်ကောင်းမှု မရှိကုန်သည်ဖြစ်၍ ဆည်းပူးပြုလုပ်အားထုတ်အပ်သော မဇ္ဈေရအစရှိသော မကောင်းမှုအကုသိုလ်သည်သာ ရှိကုန်သည်ဖြစ်၍ သေလွန်သောအခါ၌ ပြိတ္တာဘုံတို့၌ ဖြစ်ကြကုန်၏။

အမိ အဖဖြစ်သူတို့သည်...

"ဤသားရဟန်းကို ငါတို့သည် ရှေးအခါက အိမ်မှ နှင်ထုတ်အပ်ခဲ့ပြီးပေပြီ" ဟု ရွံရှာသောစိတ်ရှိကုန်သည် ဖြစ်၍ ထိုမထေရ်ထံသို့ မချဉ်းကပ်ဝံ့ကုန်မှု၌ ထိုသားဘွဲ့ဖွဲ့အပ်သော ချစ်ခြင်းရှိသည့် အစ်ကိုတော်ကို စေလွှတ်ကြလေ၏။

ထိုအစ်ကိုတော်သူသည် မထေရ်အား ရွာသို့ ဆွမ်းခံဝင်သောအခါ၌ ထာဂုဏ်ပုဆစ်ခုနန်းကို မြွေ တည်စေ၍ ပြုအပ်သော ထက်အုပ်ခြင်းရှိသည်ဖြစ်၍ ပိဏ်ကိုယ်ကို ထင်ရှားပြလျက်...

"မဟာဝီတာစ တေ ဘန္တေ" အစရှိသော ဂါထာတို့ကို လျှောက်တင်ထေသည်။

* မဟော ဝီတာစ တေ ဘန္တေ
  နဂ္ဂတော ထုမတောဂိဂေါ။
  ဝါသိမဂေါ် ကရီတွာန၊ ပေတ
  ထောကံ ဥပတော ဂတော။
* တေ နဂ္ဂတော သုစီကဋ္ဌေ၊
  ကီဒဿာ နဂ္ဂိ နောဂိသော၊
  ဆြတ္တပတ္တော ပဟတ္တာသော၊ နာ
  ဒဿန် ကုဇ္ဈိနော။
* အနုဂတမဿု၊ ကဉ်ဂတိ
  ကော၊ ဧတော အဇ္ဇာ ဒိသာဟိနော၊
  တဝ ဒိန္နေန ဇီနေန၊ ယာ
  ပေဒဿန် ကုဇ္ဈိနော။

ဘန္တေ - အရှင်ဘုရား...

သနားခြင်း ကရုဏာရှိတော်မူသော အရှင်ဘုရားသည် သနားစေ့ရောက်တော်မူပါလော့။ ထမင်း အဖျော် အစရှိသည်တို့ကို ပေးလှူ၍ တပည့်တော်တို့အား ရည်ညွှန်းတော်မူပါလော့။ အရှင်ဘုရား ပေးလှူအပ်သော အလှူဒါန၌ဖြင့် ကြမ်းကြုတ်သော၊ မကောင်းမှုရှိသော မိဘ၊ အစ်ကို ဖြစ်ကြသည့် ပြိတ္တာတို့သည် လိုရာရ၍ မျှတကြပါကုန်လတ္တံ့။

ထိုစကားကိုကြား၍ သာဏဝါသီမထေရ်သည် အကြင်သို့သော အခြင်းအရာဖြင့် လိုက်နာပျောက်၏။

ထိုအခြင်းအရာကို သင်္ဃာယနာတင်မထေရ်တို့က အောက်ပါဂါထာဖြင့် ပိန့်ဆိုတော်မူကြလေသည်။

* ထေရော စရိတ္တာ ပိဏ္ဍာယ၊
  ဘိက္ခူ အညေ စ ဓွိဒေသေ။
  ကေဠိ သန္ဒိ ပတိသု၊ ဘတ္တ
  ဝိဿဂ္ဂ ကာရဏာ။
* ထေရော သဗ္ဗေဝ တေ
  အာဟ၊ ယဒါဒါ ဒေါဒမေ
  သံဃ ဘတ္တံ ကရိဿမိ၊
  အနုကမ္ပာယ ဥဂတိန်။

သာဏဝါသီ မထေရ်မြတ်သည်လည်းကောင်း၊ တစ်ကိုယ် နှစ်ပါး

www.burmeseclassic.com

ကုန်သောရဟန်းတို့သည်လည်းကောင်း ဆွမ်းအလို့ငှာ လှည့်လည်ကြကုန်၍ ဆွမ်းစားခြင်းအမှုကိစ္စအကြောင်းကြောင့် အပေါင်းတည်း စည်းဝေးပေါင်းဆုံကြလေ၏။

သာဏဝါသီမထေရ်သည် အလုံးစုံသော ရဟန်းတို့ကို မိန့်ဆိုတော်မူ၏။

"အရှင်ဘုရားတို့ တပည့်တော်သည် အကြင်ကြောင့် ဆွေမျိုးတို့အား ဆွေမျိုးဖြစ်ပူးသော ပြိတ္တာတို့အား အစဉ်သနားသဖြင့် သံယာတော်တို့အား ဆွမ်းကျွေးခြင်းအမှုကို ပြုပါအံ့။ ထို့ကြောင့် ရအပ်တိုင်းသော ဆွမ်းကို တပည့်တော်အား ပေးကြပါကုန်လော့"

ထိုအခါ ရဟန်းများက ရရှိခဲ့သောဆွမ်းများကို မထေရ်အား ပေးအပ်ဆောက်နှင်းကြကုန်၏။ မထေရ်သည် သံယာတော်တို့အား ပင့်ဖိတ် လှူခဲ့ပြီးလျှင် အမိ၊ အဖ၊ အစ်ကိုတို့အား ရည်ညွှန်းလေ၏။

ရည်ညွှန်းပြီးသည်နှင့်တစ်ပြိုင်

နက် များစွာ အရသာရှိသော ဟင်းလျာနှင့်တကွသော စင်ကြယ်ကောင်းမြတ်သည့် ဘောဇဉ်၊ အစာ၊ အာဟာရသည် တစ်ခဏချင်း ဖြစ်ပေါ်၍လာလေသည်။

သာဏဝါသီမထေရ်သည် ရဟန်းအပေါင်းတို့ကို ပင့်ဖိတ်၍ ဆွမ်းပေးလှူပြီး၍ အဖအားလည်းကောင်း။ အမိအားလည်းကောင်း။ အစ်ကိုအားလည်းကောင်း ရည်ညွှန်း၍ အမျှပေးဝေလေသည်။

"ဤဆွမ်းအလှူသည် ငါ၏ ဆွေမျိုးတို့အား သုံးဆောင်ခံစားခြင်းဟာ ဖြစ်စေသတည်း။ ဖြစ်ပါစေသော။ ဆွေမျိုးတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကုန်သည် ဖြစ်စေသတည်း"

ဟု ရည်ညွှန်းခြင်းပြုလေသည်။

ရည်ညွှန်းအပ်ပြီးသည်၏ ကောင်းစွာအခြားမဲ့၌ စင်ကြယ်မွန်မြတ်ပြည့်စုံသည့် များစွာအရသာရှိသော ဟင်းလျာ၊ ဘောဇဉ်တို့ ဖြစ်ပေါ်၍လာလေသည်။

ထိုဘောဇဉ်ကို ရရှိသည်မှနောက်၌ အစ်ကိုတော်ဖူးသော ပြိတ္တာသည် အဆင်းရှိသည်၊ ခွန်အားရှိသည်၊ ချမ်းသာခြင်း ရှိသည်ဖြစ်၍ မိမိကိုယ်ကို အထင်အရှားပြလေသည်။

ထို့နောက် တစ်ဖန် အစ်ကို ပြိတ္တာဖြစ်သူသည် လိုအပ်သော အဝတ်၊ ပုဆိုးရရန် တောင်းပန်လိုသည်ဖြစ်၍...

ဗဟုတံ ဘောဇနံ ဘန္တေ၊
ဟဿ နဂ္ဃမသေ မယံ၊
တထာဘန္တေ ပရိက္ကမ၊
ယထာ ဝတ္ထံ ထဘာ မသေ။

ဟူသောဂါထာကို လျှောက်တင်ပြန်လေသည်။

ဘန္တေ - အရှင်ဘုရား တပည့်တော်တို့သည် များစွာသော ဘောဇဉ်ကို ရအပ်ပါပြီ။ ရှုတော်မူပါလော့။ တပည့်

www.burmeseclassic.com

www.burmeseclassic.com

တော်တို့သည် အဝတ်မပါ အချည်းအနီး ဖြစ်ကြပါကုန်၏။

ဘန္တေ - အရှင်ဘုရား အကြင်သို့သော အခြင်းအရာဖြင့် လုံလပြုအပ်သည်ရှိသော် တပည့်တော်တို့သည် အဝတ် ပုဆိုးကို ရရာကုန်၏။ ထိုသို့သော အခြင်းအရာအားဖြင့် လုံလပြုတော်မူပါလော့။

အစ်ကို ပြိတ္တာက ထိုသို့လျှောက်ထား တောင်းပန်သည့်အတွက် သာဏဝါသီမထေရ်သည် တံမြက်ခေရုမှ အမှိုက်ပုံမှ အစွန်း အဖျား အနား မရှိ စုတ်ပြတ်တိသော အဝတ်တို့ကို ရွေးနှုတ်ကောက်ယူ၍ ပုဆိုးကြမ်းကို ပြုလုပ်ပြီး အရပ်လေးမျက်နှာ၌ရှိသော သံဃာတော်တို့အား ပေးလှူလေသည်။

မထေရ်သည် ပေးလှူပြီး၍ အဖိုအားလည်းကောင်း၊ အဘအားလည်းကောင်း၊ အစ်ကိုအားလည်းကောင်း ရည်ညွှန်းလေသည်။

"ဤအဝတ်သင်္ကန်း ပုဆိုးကြမ်းအလှူသည် ငါ့ခမည်းတော်မိုးတို့အား ချမ်းသာခြင်း ရှိကုန်သည်။ ချမ်းသာခြင်းသို့ ရောက်ကုန်သည်ဖြစ်စေသတည်း..."

မထေရ် - ရည်ညွှန်းလှူဒါန်းပြီးသည်နှင့်တစ်ပြိုင်နက် အဝတ်ပုဆိုးတို့ဖြစ်ပေါ်လာကြကုန်လေသည်။ ထိုအဝတ်ဖြစ်လာသည်မှန်သော်ကား ထိုအစ်ကိုပြိတ္တာသည် ကောင်းစွာဝတ်အပ်သော အဝတ်၊ ပုဆိုး ရှိသည်ဖြစ်၍ ညီ တော်ဖူးသော မထေရ်အား မိမိကိုယ်ကို ပြလေသည်။

BURMESE CLASSIC

"ဘန္တေ - အရှင်ဘုရား နန္ဒမင်း၏ နိုင်ငံတော်၌ အကြင်မျှလောက်ကုန်သော အဝတ်၊ ပုဆိုးတို့သည် ရှိကုန်၏။ အကျွန်ုပ်တို့၏ ခါးဝတ်ပုဆိုးသည်လည်းကောင်း၊ အပေါ်ရုံပုဆိုးသည်လည်းကောင်း ထိုနန္ဒမင်း၏နိုင်ငံရှိ အဝတ်၊ ပုဆိုးတို့ထက် မျှားပါကုန်၏။

ပိုချည်မျှင်ဖြင့် ရက်အပ်သော၊ သားမွေးဖြင့်ရက်အပ်သော အဝတ်တို့သည်လည်းကောင်း၊ ပါချည်ဖြင့်ရက်အပ်သော အဝတ်ပုဆိုးသည်လည်းကောင်း၊ ခေါမချည်ဖြင့် ရက်အပ်သော အဝတ်ပုဆိုးတို့သည်လည်းကောင်း များလည်းမျှားပါကုန်၏။ ထိုအဝတ် ပုဆိုးတို့သည်လည်း အာကာသကောင်းကင်ထဲ၌ တွဲရွဲ့ဆွဲကြကုန်၏။

ထို့နောက် မိမိတို့လိုရာ အိမ်ဂေဟာရရှိရန် တောင်းပန်ခြင်း ပြုပြန်လေသည်။

တေ မယံ ပရိဟောမ၊ ယံ ယံ ဟိ မနသော ဝိယံ၊

တထာ ဘန္တေ ပရက္ကမ၊ ယထာ ဂေဟော ထဘာမသေ။

ဘန္တေ - အရှင်ဘုရား အကြင်အဝတ်ကို စိတ်ဖြင့် ချစ်ခင်အပ်၏။ ထိုထို အဝတ်ကို အကျွန်ုပ်တို့သည် ဝတ်ဆင်ကြရပါကုန်၏။ ဘန္တေ - အရှင်ဘုရား အကြင်သို့သော လုံလဖြင့် တပည့်တော်တို့သည် အိမ်ဂေဟာတို့ကို ရရာကုန်၏။ ထိုကဲ့သို့သော လုံလကို ကြောင့်ကြတစ်ခု၊ လုံလပြုတော်မူပါဦးလော့။ နေစရာအိမ်တို့ကို တင်းတိမ်လုံလောက်စွာ ချီးမြှင့်တော်မူပါဦး ဘုရား။

ထိုအခါ မထေရ်ရှင်မြတ်သည် ရည်ညွှန်းလှူဒါန်းအပ်ပြီးသည်၏ အခြား

www.burmeseclassic.com

www.burmeseclassic.com

မဲ့၌

နတ်ကုန်သော၊ လေးခုသော ထောင့်ရှိကုန်သော၊ အေးမြသော ရေရှိကုန်သော၊ သံဖြူခံသဖြင့် ဖြူသော ရေရှိကုန်သော၊ ကောင်းသောဆိပ်ခံလည်း ရှိကုန်သော၊ အေးမြ၍ သင်းပျံ့ကြိုင်လှိုင်မွှေးပျံ့သည့် ရနံ့ရှိသည့် ပဒုမ္မာကြာတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်ကုန်သော ရေအထက်ဝယ် ဖြန့်သွယ်လွှမ်းခြုံသော ကြာတော်မှုန်တို့ဖြင့် ပြည့်ကုန်သာ ရောက်တို့ကို ကောင်းစွာဖန်ဆင်းအပ်ပါကုန်၏။

အရှင်ဘုရား ရောက်ရ၍သောက်၊ ချိုးရေ ရပါပေပြီ။ သွားလာရာ ဌာန၌ ဒုက္ခဆင်းရဲ၊ ခြေကွဲ နာကျင်၊ ကျောက်စရစ် ဆူးတို့ဖြင့် အထူးမညီညွတ်သော မြေအပြင်၌ ခွင်ကာ ခွင်ကာ သွားကြရပါကုန်၏။

သို့ကြောင့် ယာဉ်ကို အလိုရှိပါသည်။ ယာဉ်ရအောင် တန်ခိုးအာဖြင့် ကြီးစားတော်မူပါဦး ဘုရား ဟု လျှောက်ထားပန်လေသည်။

ဤသို့လျှောက်ထားကြသော အခါ သာဏဝါသီမထေရ်မြတ်သည် တစ်ထပ် တစ်လွှာသော ဖိနပ်ကိုရ၍ အရပ်လေးမျက်နှာမှလာသော သံဃာတော်အား ပေးလှူလေသည်။

မထေရ်သည် ပေးလှူပြီး၍ အဘအားလည်းကောင်း၊ အမိအား လည်းကောင်း၊ အစ်ကိုအားလည်းကောင်း ငါ၏ ဖိနပ်အလှူသည် ငါ့ဆွေမျိုးတို့အား သုံးဆောင်ခံစားရအံ့သောတာ ဖြစ်ပါစေသတည်း။

BURMESE CLASSIC

ငါ၏မိဘ အစ်ကို သုံးဝသော ဆွေမျိုးတို့သည် ဆင်းရဲကင်းပျောက် ချမ်းသာခြင်းသို့ ရောက်ကုန်သည် ဖြစ်စေကုန်သတည်း။

ဤပါဠိတော်ကို ထောက်ရှု၍ လေ၊ လှည်း၊ ရထား၊ ကား၊ လေယာဉ်၊ ရေယာဉ်တို့ကို အစဉ်ခံစားရရှိလိုသော အမျိုးသား၊ အမျိုးသမီးတို့သည် ဝေနိုးများစွာ မြတ်သံဃာတော်များ လွှာအထပ်ထပ် စီးနင်းရန် ဖိနပ်ကို လှူဒါန်းအပ်ကြရာသတည်း။

ယင်းသို့ ဖိနပ်ကို ရည်ညွှန်း လှူဒါန်းအပ်ပြီးသည်နှင့် တစ်ပြိုင်နက် တောင့်တချက်ပြည့်စုံသဖြင့် အလုံးစုံသော မိဘ အစ်ကိုတို့သည် ရှိခိုးကန်တော့လိုသည့် ဆန္ဒဖြင့် ရထားနှင့် လာကြလေကုန်သည်။

*** သမန္တရာ အနန္တိ ဌေ၊**
ပေတာ ရထေန မာဂရုံ၊
အနုကမ္ပိတမှာ ဘဒ္ဒန္တေ၊
ဘဝတ္ထေ နတ္ထ ဒေနေန၊
*** ယရေန ပါနီယ စိဒေနေန၊**
ယာန စိဒေနေန ရုဘယံ၊

မုနိ ကာရုဏိက် လောကေ၊
ဘန္တေ ဝန်္ဒတု မာဂတာ။

မထေရ်ရှင်မြတ် ရည်ညွှန်းအပ်ပြီးသည်၏ အခြားမဲ့၌ အစ်ကို၊ မိ၊ ဘ သုံးဝသော ပြိတ္တာတို့သည် ရထားဖြင့် လာကြကုန်လေပြီဖြစ်၏။

ထိုသို့လာကြကုန်ပြီး၍

"ဘန္တေ - အရှင်ဘုရား···
အရှင်ဘုရားအား ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။ ဖြစ်ပါစေလော့။

www.burmeseclassic.com

www.burmeseclassic.com

အရှင်ဘုရားသည် ဆွမ်းအလှူ ဖြင့်လည်းကောင်း၊ အဝတ်အလှူဖြင့် လည်းကောင်း၊ ကျောင်းအလှူဖြင့်လည်း ကောင်း၊ ရေအလှူဖြင့်လည်းကောင်း၊ ဖိနပ်ဟုခေါ်တွင် ယာဉ်အလှူဖြင့်လည်း ကောင်း၊ ပစ္စည်းလေးဝ ယာဉ်ဒါန ဟူသော နှစ်ပါးစုံဖြင့် အစဉ်စောင့်ရောက် သနားခြိုးမြောက်အပ်ကုန်သည် ဖြစ်ပါကုန်၏။

ဘန္တေ - အရှင်ဘုရား တပည့်တော်တို့သည် သနားခြင်းနှင့် ယုဉ်တော်မူသော အရှင်မြတ်ကို သုံးသီ မာန်လျှော့ ရိုသိုးကန်တော့ကြခြင်းဟု အရှင့်ထံမှောက်ခြေတော်အောက်ကို လာရောက်ကြပါကုန်၏ ဘုရား။

ဤသို့လျှင် မိ၊ ဘ၊ အစ်ကို သုံးဝသော ပြိတ္တာတို့သည် သား တော်ဖူးသည်၊ ညီ တော်ဖူးကြသည့် သာဏဝါသီမထေရ်ဟူသော ရဟန္တာအရှင်မြတ်ကို ဝိုင်းမြိန်းရရှိကြသဖြင့် လိုသမျှ ရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကို ပြည့်စုံစွာ ရကြလျက် မိမိတို့၏ နေရာဌာနသို့ ပြန်သွားကြလေသတည်း။

(ဤဝတ္ထုကို ထောက်ရှုခြင်း အားဖြင့် မမဲ့ဦ အာနန္ဒ ကလျာဏ မိတ္တ စသော မဟာဝဂ္ဂသံယုတ် ပါဠိသာကေ ဖြင့်လည်းကောင်း၊ လောက သံသရာ နှစ်ဖြာသော စီးပွား၊ နှစ်ခုသောအလား တို့၌ သပ္ပုရိသူ ပနိဿယံ - သပ္ပုရိသ သံဝေဟ်သော၊ ကလျာဏမိတ္တအင်္ဂါကို ကြဉ်ထား၍ ကြီးပွားချမ်းသာခြင်း မဖြစ်နိုင်၊ နိဗ္ဗာန်တိုင် ကိုးပလကြီးပွားခြင်း ဟူသမျှသည် မိတ်ဆွေကောင်းဟူသော ကလျာဏမိတ္တကို ရရှိကြမှသာ ဖြစ်နိုင်ကြောင်းသည်ဟူသော အချက်ကို သိရှိကြစေလိုပါ၏။)

သာဏဝါသီမထေရ်သည် ထို အကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထား၏။

မြတ်စွာဘုရားရှင်သည် ထို အကြောင်းကို အတ္ထုပ္ပတ္တိပြု၍...

"အမိ၊ အဘ၊ အစ်ကို ဟူသော သူတို့သည် ယခုအခါ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားကြရကုန်သကဲ့သို့ တို့အတူ သင်သည်လည်း အခြားမဲ့ဘဝ ဟူသော လွန်ခဲ့သော အတ္တဘောဒို့ ပြိတ္တာ ဖြစ်ခဲ့ရ၍ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရလေပြီ။

ဟု ဟောတော်မူ၍ မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ "သုတ္တပေတဝတ္ထု"ကို ဟောတော်မူပြီးလျှင် ရောက်လာသော ပရိသတ်အား တရားဟောတော်မူ၏။ ထိုတရားဒေသနာတော်ကို နာကြား၍ များလှစွာသော လူအပေါင်းသည် ဖြစ်မြားလာသော သံဝေဂဓမ္မ၊ ထိတ်လန့်ကြလျက် ဒါန-သီလစသည် ကောင်းမှု ကုသိုလ်စုဝှေ့ ရွှင်ပျော်မွေ့လျော်သောစိတ် ရှိကြလေသတည်း။

ဝေယ်ဘုန်းဓိုင်အောင်

ဝိုင်မြိန်းကိုးကား

စူဠတ်

သာဏဝါသီထေရပေတဝတ္ထု

(သာဏဝါသီမထေရ်ဆွေမျိုး တံငါသည် ပြိတ္တာတို့၏အကြောင်း)

မဟာပေတ

www.burmeseclassic.com

ဗုဒ္ဓဘာသာရည်စားပန်းသီ

အဂ်ီဗမဇ္ဈိမပဉ္စကာရပုံးပြောင်းမိုးလွှင်

ပဌမာဖြူ(ဇလွန်)

www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ အစရှိသော သံဃာပရိသတ် ၈၀ မိစ္ဆာတော် ဂေါတမီအစရှိသော ပရိသတ် ၅၀၀ အားလုံးပေါင်း ပရိသတ် ၅၈၀ တို့ကို ဂေါတမဘုရားရှင်၏ သာသနာကွယ်ပြီးနောက်ကာလမှာ ပါရမီရင့်မာနေတဲ့ ဘုရားလောင်းတစ်ကိုယ်ကို ဟောပြောပြပြီး ဗျာဒိတ်ပေးတော်မူခဲ့ပါ၏။

(၁) အရိမေတ္တေယျဘုရားလောင်း
(၂) ရာမမင်း
(၃) ကောသလမင်း
(၄) အဘိဘူနတ်
(၅) ဒီယသောဏိအသူရိန်
(၆) စက္ကနီပုဏ္ဏား
(၇) သုဘလုလင်
(၈) တောဒေယျပုဏ္ဏား
(၉) နာဠကဂိရိဆင်
(၁၀) ပလလေဆင်

အထက်ပါဘုရားလောင်း ၁၀ ဦးဟာ အစဉ်အတိုင်း ဘုရားဖြစ်လိမ့်မယ်လို့ ဂေါတမမြတ်စွာဘုရားမှ ဗျာဒိတ်စကား ဟောကြားခဲ့တာ ဖြစ်ပါတယ်။ ယခုလက်ရှိ လူဘဝရောက်နေတဲ့ ကျွန်မတို့ လူသားတွေအနေနဲ့ အနီးစပ်ဆုံး ဖြစ်တဲ့ အရိမေတ္တေယျဘုရားလောင်းနဲ့ ပတ်သက်ပြီး အဓိကသိသင့်ပါတယ်။

အရိမေတ္တေယျဘုရားလောင်းဟာ ဘုရားဖြစ်တဲ့အချိန်ကစပြီး ကုဋေ့ခုနစ်ရာ ပရိသတ်တွေကို ခြွေခွာတော်မူပြီး အနှစ်ရှစ်သောင်းပြည့်တဲ့အချိန်မှာ ပရိနိဗ္ဗာန်စံမှာ ဖြစ်ပါတယ်။ (အနှစ်တစ်သိန်းသက်တမ်းကာလ)ထားခဲ့မယ့် သာသနာတော်က အနှစ်သုံးသိန်း ခြောက်သောင်းဖြစ်ပြီး သာသနာကုန်ဆုံးတဲ့အခါ ဒီဘဒ္ဒကမ္ဘာကြီးက အချိန်တန်ရင် သာသနာပျက်ပြီး ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရားမပွင့်တော့ပါဘူး။

ဘုရားမပွင့်တဲ့ ကမ္ဘာတစ်သိန်းကို ကျော်လွန်ပြီးတဲ့အခါ မဏ္ဍကမ္ဘာ ဖြစ်ပြီး ဥတ္တရာမမင်းက "ရာမသမ္မုဒ္ဓ ဘုရား" ဖြစ်လိမ့်မယ်။ ပသေနဒီ ကောသလမင်းက "ဓမ္မရာဇာဘုရား" ဖြစ်လိမ့်မယ်။ မဏ္ဍကမ္ဘာမှာ ဘုရားနှစ်ဆူပွင့်မှာ ဖြစ်ပါတယ်။ ဘုရားနှစ်ဆူပွင့်ပြီး မဏ္ဍကမ္ဘာပျက်မှာ ဖြစ်တယ်။ မဏ္ဍကမ္ဘာပျက်သွားတဲ့နောက် သာရကမ္ဘာ ဖြစ်ပေါ်လာမှာပါ။ သာရကမ္ဘာမှာ "အဘိဘူ ဘုရား" တစ်ဆူပဲ ပွင့်မှာ ဖြစ်ပါတယ်။ သာရကမ္ဘာပျက်ပြီးရင် ကမ္ဘာတစ်သိန်း ဘုရားမပွင့်ဘဲ နေပြီးတော့ ကမ္ဘာ တစ်သိန်း ကျော်လွန်ပြီးတဲ့အခါ ဖြစ်ပေါ်လာမယ့် ကမ္ဘာတွေမှာ ဒီယသောဏိ အသူရိန် "နဝ်သား။ စက္ကနီပုဏ္ဏား။ သုဘလုလင်၊ တောဒေယျပုဏ္ဏား။ နာဠကဂိရိဆင်၊ ပလလေယဆင်မင်း တို့ အစဉ် အတိုင်း ဘုရားဖြစ်ကြပါမယ်။

နောင်အနာဂတ်ကာလ သက်တမ်း တစ်သိန်းတမ်းခေတ်မှာ ပွင့်ထွန်းတော်မူမယ့် အရိမေတ္တေယျဘုရားကို မှီးချင်ကြပါတယ်။ တရားတော်တွေ နာကြားပြီး ကျွတ်တမ်းဝင်ချင်ကြပါတယ် ဆိုရင် ဆုတောင်းနေရုံနဲ့ မရနိုင်ပါဘူး။ ပြုလုပ်ရမယ့် ကုသိုလ်တွေကိုပါ ဂေါတမမြတ်စွာဘုရားက ဟောကြားထားခဲ့ပါတယ်။

www.burmeseclassic.com

အရိမေတ္တယျဘုရားဖူးရန် ပြုရမည့်ကုသိုလ်များ

၁။ ယခုကြုံတွေ့နေရတဲ့ (ဂေါတမ မြတ်စွာဘုရားထားခဲ့တဲ့) သာသနာတွင်းမှာ ကိုယ်တိုင် ဂုဟန်းသာမဏေ၊ သီလရှင် စသည့် ဝတ်ပြုံး ပရိယတ်၊ ပဋိပတ်တို့ကို ဖြည့်ဆည်းကျင့်ကြံအားထုတ် သာသနာပြုနေတဲ့ ကုသိုလ်ရှင်များ။

၂။ မိမိရင်မှဖြစ်တဲ့သား၊ သူတစ်ပါးရင်မှ ဖြစ်တဲ့သားတွေကို ရဟန်းခံပေးခြင်း၊ ရှင်ပြုပေးခြင်း ပြုတဲ့ ကုသိုလ်ရှင်များ။

၃။ မိခင်၊ ဖခင်တို့ကို ဝတ်ကျေတန်းကျေမဟုတ်ဘဲ စိတ်ပါလက်ပါ ရှိသေစွာ ပြုစုလုပ်ကျွေးတဲ့ ကုသိုလ်ရှင်များ။

၄။ သရဏဂုံနှင့် သီလကို မပြတ် ဆောက်တည်နေတဲ့ ကုသိုလ်ရှင်များ။

၅။ ဘုရားသာသနာတည်တဲ့စိမ့်သောဂင်္ဂာ စေတီ၊ ပုထိုး စည်းခုံး ဥမင်လိုဏ်ခေါင်း သိမ်၊ ဇရပ် စတာတွေကို အပြောင်းပြုပြင်တဲ့ ကုသိုလ်ရှင်များ။ အသစ်ဆောက်လုပ်၍ လှူဒါန်းတဲ့ ကုသိုလ်ရှင်များ။

၆။ ဟောဓိညောင်ပင်စိုက်ပျိုးတဲ့ ကုသိုလ်ရှင်များနဲ့ ညောင်ရေသွန်းလောင်းတဲ့ ကုသိုလ်ရှင်များ။

၇။ ရေတွင်း၊ ရေကန်၊ ရေအိမ်၊ စတုဒီသာ၊ ကျောင်းရေး၊ တံတား ပြုပြင်တဲ့ ကုသိုလ်ရှင်များ။ အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူတဲ့ ကုသိုလ်ရှင်များ။

၈။ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့တဲ့ ကုသိုလ်ရှင်များ။

BURMESE CLASSIC

၉။ ကမ္ဘာတန်းဘာဝနာ ပွားများအားထုတ်နေတဲ့ ကုသိုလ်ရှင်များ။

၁၀။ အရဏ်ဆွမ်း၊ နေ့ဆွမ်း အစဉ်လောင်းလှူလျက်ရှိသည့် ကုသိုလ်ရှင်များ။

အဲဒီကုသိုလ်ရှင် ပုဂ္ဂိုလ်များ အားလုံး ကေန်မုချ အရိမေတ္တယျ ဘုရားရှင်ကို ဖူးမြော်တရားတွေနာကြားရပြီး နိဗ္ဗာန်ကို ရမယ်။ အခုပြောခဲ့တဲ့ ကုသိုလ်တွေထဲမှာ မိမိတို့ ဘာကုသိုလ်တွေ ပြုလုပ်ထားပြီးပြီလဲ။ အဲဒီကုသိုလ်တွေ ရအောင် လုပ်ထားကြရင် စိတ်ချရပါပြီ။ ဒါက ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် ဟောပြထားခဲ့တဲ့ ကုသိုလ်တွေ ဖြစ်ပါတယ်။

အရိမေတ္တယျဘုရားလောင်း နတ်သားကိုယ်တိုင် ပြောပြထားခဲ့ ကုသိုလ်တွေလည်း ရှိပါသေးတယ်။

သီဟိုဠ်ကျွန်း ရောဟဏပုဒ်၊ ကမ္ဘောဇနရွာ၁ သီတင်းသုံးနေတဲ့ "ရှင်မာလဝမထေရ်" ဆွမ်းခံကြွစဉ် နေ့တစ်နေ့မှာ ဆင်းရဲသားတစ်ဦးက လှူလိုက်တဲ့ ကြာပန်းရွှစ်ပွင့်ကို တာဝတိံသာနတ်ပြည်မှာရှိတဲ့ "စူဠာမဏိစေတီ" ကို သွားပြီး ကပ်လှူပူဇော်ပါတယ်။

(စူဠာမဏိစေတီနဲ့ပတ်သက်လို့ ဗဟုသုတအနေနဲ့ ပြောပြချင်ပါတယ်။

ဂေါတမမြတ်စွာဘုရား လောင်းဖြစ်ခဲ့တဲ့ သိဒ္ဓတ္ထမင်းသား တောထွက်စဉ် အနော်မာမြစ်ကမ်းအောမှာ ဆံတော်ကို လက်နှစ်သစ်ပမာဏ အကြွင်းထားပြီး လက်ယာလက်နဲ့ သန်လျက်ကို ကိုင်၊ လက်ဝဲလက်နဲ့ မကိုင်တော်နဲ့ ဆံထုံးကို

www.burmeseclassic.com

www.burmeseclassic.com

ကိုင်ဖြတ်ပြီး "ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မယ့်သူမှန်လျှင် ကောင်းကင်၌ တည်ပါစေသတည်း။ ဘုရားဖြစ်မယ့်သူ မဟုတ်ခြားအံ့။ မြေ၌ ကျပါစေသတည်း" လို့ အဓိဋ္ဌာန်ပြုပြီး ကောင်းကင်ကို ပစ်လိုက်တဲ့အခါ ကောင်းကင်မှာ ပန်းဆိုင်းဆွဲထားသလို တည်ရှိနေတာကို သိကြားမင်းက ဆံတော်ကို ရတနာပန်းတောင်းနဲ့ ခံယူပြီး တာဝတိံသာနတ်ပြည်မှာ သုံးဆယ့်နှစ်ပျဉ်နော ဉာဏ်တော်မြင့်တဲ့ "စူဠာမဏိ" စေတီအမည်နဲ့ စေတီတည်ပြီး ဆံတော်တွေကို ဌာပနာထားရှိပါတယ်။)

ရှင်မာလဝိမထေရ်က ကြာပန်းရုံပွင့်နဲ့ စူဠာမဏိစေတီကို သွားလှူခဲ့ပြီး သိကြားမင်းနဲ့ ခေတ္တခဏ စကားပြောနေတဲ့အချိန်မှာ အရိမေတ္တေယျဘုရားလောင်းနတ်သားကလည်း ဘုရားဖူးလာတာနဲ့ ကြုံတွေ့ကြပါတယ်။ အဲဒီအခါ အရိမေတ္တေယျဘုရားလောင်း နတ်သားက ရှင်မာလဝိမထေရ်ကို...

"အရှင်ဘုရား...ဇမ္ဗူဒီပါကျွန်းမှာ နေထိုင်ကြတဲ့လူတွေဟာ ကုသိုလ်ကောင်းမှုတွေ ပြုကြတဲ့အခါ ဘယ်လို ဆုတောင်းကြပါသလဲ ..." လို့ မေးလျှောက်ပါတယ်။ ရှင်မာလဝိမထေရ်က...

"အလောင်းတော်နတ်သား...ဇမ္ဗူဒီပါကျွန်းက လူသားတွေ ကုသိုလ်ကောင်းမှုပြုကြတဲ့အခါ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ပြုလုပ်တိုင်း ပြုလုပ်တိုင်းမှာ "အရိမေတ္တေယျဘုရား ပွင့်တော်မူတဲ့အခါ မချွတ်မလွဲ လက်ဦးစွာ ဖူးမြော်ကြရပြီး နိဗ္ဗာန်ကို ရရပါလို၏" လို့ ဆုတောင်း ကြပါတယ်လို့ဆိုတော့ အလောင်းတော်နတ်သားက...

"အရှင်ဘုရား လူပြည်ကို ပြန်ရောက်တဲ့အခါ တပည့်တော်မှာလိုက်တာလေးတွေ ပြန်ပြီး ဟောပြောပေး

www.burmeseclassic.com

ဒါကြောင့် ဂေါတမမြတ်စွာဘုရား ဗုဒ္ဓရဲ့ ဘုရားသာသနာတွင်းသား ကျွန်မတို့တွေ ဂေါတမမြတ်စွာဘုရား ဟောကြားခဲ့တဲ့ ကုသိုလ်တွေ ၁၀ မျိုး ပြုလုပ်ကြမယ်ဆိုရင် အံ့မဟုတ် အရိမေတ္တေယျ အလောင်းတော် နတ်သား ကြားလိုက်တဲ့ ပူတော်သမ္ဘကိစ္စတွေ ဆောင်ရွက်ကြမယ်ဆိုရင် ယခုဘဝမှာလည်း ပါရမီအလျောက် တရားထူး တရားမြတ်တွေ ရရှိနိုင်ကြပြီး အရိမေတ္တေယျဘုရားလက်ထက်မှာ ဘုရားရှင်ကို ဖူးမြော်ခွင့်ရပြီး နိဗ္ဗာန်စခန်းတက်လှမ်းနိုင်ပါကြောင်း အကျိုးမျှော်၍ နိဂုံးဆော်လိုက်ပါတယ်။

သတ္တပါမုန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိကြပါစေ။

မနောပြု (ဇလွန်)

မှီငြမ်း

ပဲခူးတိုင်း ကြီးပွင့်ကောက်ပြု ဗောဓိရိပ်သာကျောင်းတိုက် "ဆရာတော် ဘဒ္ဒန္တဥတ္တမမောင်ဒိ" ၏ "ပန်ချင်သူများ ခေါင်းဖီးထား" တရားတော်။

ဘုရား အရိမေတ္တေယျဘုရားမပွင့်မီ လူသားတွေဟာ စိတ်နဲ့ကိုယ်ကို အစိုးရပြီး အပါယ်မလားစေဘဲ အရိမေတ္တေယျဘုရား ပွင့်တဲ့အခါ ရှေးဦးစွာ ဖူးမြော်ချင်ကြပါတယ်ဆိုရင် အောက်ပါအချက်တွေကို လိုက်နာကျင့်ဆောင်ကြပါ။

၁။ ဆီမီးတစ်ထောင်

၂။ ကြာပြူး၊ ကြာနီ၊ ကြာညို၊ ကြာပန္ဓမ္မား၊ ကြာတံဆိပ်တို့ဖြင့် တစ်ထောင်

၃။ ခတောက်ပန်းတစ်ထောင်

၄။ တံခွန်တစ်ထောင်

၅။ ဆွမ်းအုပ်တစ်ထောင်

ဤ ၆ ပါးတို့ကို တစ်ထောင်စီ ပူတော်၌ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော မဟာဝေဿန္တရာဇာတ်တော်ကြီးကို နေ့ချင်းကုန်အောင် ရွတ်ဖတ်ကြ နားကြားကြသောသူတို့သည် ကျွန်ုပ်ဘုရားမဖြစ်မီ အကြား သံသရာမှာ ကျင်လည်လေသမျှလည်း စိတ်နှင့်ကိုယ်ကို အစိုးရ၍ လူကောင်း နတ်ကောင်း စည်းစိမ်ကို ခံစားရပြီး သုဂတိဘုံတွေမှာသာ ကျင်လည်နေကြ ရလိမ့်မယ်။ ကျွန်ုပ် ဘုရားဖြစ်တဲ့အခါ ရှေးဦးစွာ ဖူးတွေ့ကြရပြီး ပဋိသမ္ဘဒါ ပညာလေးပါးနဲ့တကွ ရဟန္တာအဖြစ်ကို မချွတ်မလွဲရနိုင်ပါလိမ့်မယ်" လို့ ရှင်မာလဲမထေရ်ကိုယ်တော်ကို အရိမေတ္တေယျဘုရားလောင်းကိုယ်တိုင် ပြောပြလိုက်ပါတယ်။

ရှင်မာလဲမထေရ် သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ)ကို ပြန်ရောက်တော့ အရိမေတ္တေယျဘုရားလောင်း နတ်သား မှာကြားလိုက်တဲ့အတိုင်း ပြန်ပြောပြတဲ့အခါ သီဟိုဠ်ကျွန်းသားတွေ ဝေဿန္တရာဇာတ်တော်ကြီးကို နေ့ချင်းကုန်အောင် ရွတ်ကြ ဖတ်ကြ နာကြားကြတယ်။ ဘုရားလောင်းနတ်သားပြောကြားတဲ့ ပူတော်မှကုသိုလ်ကောင်းမှုတွေ ပြန်ကြဆုတောင်းကြနဲ့ သေတဲ့အခါ နတ်ပြည် ရောက်ကုန်ကြတယ်။ လူပြည် နတ်ပြည် သုဂတိဘုံတွေမှာ အစုန်အဆန် ကူးပြီး နေကြထောက်မှာဖို့ အရိမေတ္တေယျဘုရား ပွင့်တဲ့အခါ ဦးစွာဖူးကြတွေ့ကြုံကြရမှာ သေချာပါတယ်။